ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋ္ဌာန်းသမ္ဘပ္ပါဒိတာရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဘေတိုဘစဉ်

အမရပူရမြို့၊ မဟီလာတိုက်ဟောင်း၊ ဒိုးကုတ်ဆရာတော် ဦးဝိမလစ်
ပဋ္ဌာန်းသမ္ဘပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊


ဝိပါကဝဋ်(၈)ပါး
ကိလေသ ဝဋ်(၃)
ကမ္မဝဋ်(၂)ပါး
ဝေဒနာ-ဖဿ-သဠာယတန-နာမ-ရူပ-ဝိညာဏ-သင်္ခါရ-အဝိဇ္ဇာ
ဘဝ-ဥပါဒါန်-တဏှာ-ဝေဒနာ-ဖဿ-အဝိဇ္ဇာ
ဇာတိ-ဘဝ-ဥပါဒါန်-တဏှာ-ဝေဒနာ-ဖဿ-အဝိဇ္ဇာ
ဇရာ-မရဏ-

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြား-ဆုံးမတော်မူသော

(၀ပသဿနာလုပ်ငန်းစဉ်)

ခွန်အားလုပ်ပေး-တရားတော်

အမှတ်စဉ် (၁၀)

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား-ထုတ်ဝေဖြန့်ချိသူ
ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင် (၀၁၂၅)
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစ်လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပဌမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀
(၂၆ - ၁၀ - ၆၆)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ဒီဋ္ဌပြုတ်ရေး (၁) နေ့အလုပ်ပေး တရားတော်	၁
၂။	။ (၂) ။	၅၀
၃။	နိဗ္ဗာန်လိုချင် အလုပ်နှစ်လုပ်ဘဲလုပ်ပါ ။	၁၀၃
၄။	ရန်သူနှစ်ယောက်ကို အသေသတ်နည်း ။	၁၅၀
၅။	ခန္ဓာတွေ ပြန်ပြန်ရနေခြင်းအကြောင်း ။	၂၀၅
၆။	အလုပ်စဉ်ဝိပဿနာတရား ။	၂၅၂
၇။	အားထုတ်နည်းသုံးမျိုးအကြောင်း ။	၃၀၁
၈။	ဥာဏ်သုံးပါးခွဲပြပုံ ။	၃၅၁
၉။	လုပ်ငန်းအစနှင့်အဆုံးပြသည့် ။	၃၉၈
၁၀။	ကိုယ့်ကိုယ် ကိုယ်သုံးသပ်နည်း ။	၄၄၆
၁၁။	ပုဂ္ဂိုလ်လေးမျိုး ခွဲပြခြင်း ။	၄၉၉
၁၂။	မဘဝဏ္ဍိပရိုင်ဝတ္ထု (၁) ။	၅၄၈
၁၃။	။ (၂) ။	၅၆၃

စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

အပြင်ရှေ့သည် ၅ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောကြံစည်စိတ်

အတွင်းရှေ့သည် ၆ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

အိမ်သည်စိတ် ၂ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဤ (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။

ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင် ရှေ့သည်၊အတွင်းရှေ့သည်
ပေါ်ရာကို ရှုပါ၊
ရှေ့သည်မရှိပါက အိမ်သည်ကို အမြဲရှုပါ၊

နိဒါန်း

နမော ဗုဒ္ဓါယ သဒ္ဓမ္မ

ဘုရားရှင်တို့၏ အဆုံးအမတော်ကို 'သာသနာ' ဟု ဆိုပါသည်။ ဘုရားရှင်တို့ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့်တော်မူသည်ဖြစ်စေ၊ ဒါန,သီလ,သမထ-အလုပ်တွေ၊ စျာန်အဘိညာဏ်အလုပ်တွေ ရှိကြသည်ပင်၊ ဒါနအမှုမှာ- အက်ရမင်းသား- ဝေလာမပုဏ္ဏား အစရှိသည်ဖြင့် ဒါနအရာတွင် သူမတူအောင် လှူတန်းပေးကမ်းကြသူတွေ ရှိကြသည်မှာ ကျမ်းဂန်အထင်အရှား ရှိကြပါသည်။

သီလအရာတွင်မူကား လူသားမဟုတ်ဘဲ အဟိတ်တိရစ္ဆာန်ဖြစ်ကြသော မြွေမျိုးဖြစ်သော နဂါးများပင် သာသနာပအခါ၌ သီလစောင့်ထိန်းကြသည်ဟူ၍ ကျမ်းဂန်များ၌ တွေ့ရပေသည်။

ထိုနည်းတူစွာ သာသနာပ,အခါ၌ သမထစခန်း, စျာန်အဘိညာဏ်စခန်း၌ ပေါက်မြောက်၍ တန်ခိုးဣဒ္ဓိ ပါဒ်ကြီးကုန်သော ရဟေ့များ ပေါ်ပေါက်ကြောင်း ကျမ်းဂန်များ၌ပင် တွေ့ရပြန်ပါသည်။

ဤကား....ဘုရားရှင်တို့ ပွင့်တော်မမူသည့် သာသနာပကာလများ၌ ဒါန,သီလ,သမထ ထုန်းကားကြောင်း ထင်ရှားသည့်အကြောင်း သက်သေများဖြစ်ပေသည်။

နိဒါန်း

ဌာနန္တရအားဖြင့် ဖေါ်ပြရသော် အိန္ဒိယ၊ ဥရောပ၊ အမေရိကန်၊ ဆွီဒင် စသော နိုင်ငံများ၌ အကြီးအကျယ် ပေးကမ်းစွန့်ကြဲကြသည်ဆိုတာမကြာမကြာ ကြားရ-တွေ့ရမြင်ရပေသည်။

ဌာနအားဖြင့်ဆိုပါ၀ယ် ကျမ်းဂန်များအရ မြောက်ကျွန်းသူ မြောက်ကျွန်းသားများတို့သည် ငါးပါးသီလကို ဓမ္မတာသီလ အနေဖြင့် မြဲမြံကြသည်ဟူ၍ သိရပေသည်၊ ယခုခေတ်တွင်လည်း ဂျီန်းဘာသာ၀င်တို့, ဗုရင်ဂျီ, မိုစလင်စသည်တို့ မိမိတို့ဘာသာ ဆိုင်ရာ သီလစောင့်ထိန်းကြကြောင်း တွေ့မြင်ရပေသည်။

သမထဘက်၌မူ ယခုခေတ်တွင်လည်း ဘုရားသာသနာ ထွန်းကားသောဒေသ မဟုတ်သော်လည်း ဟိန္ဒူ၊ဘုန်းကြီးများသည် စတုတ္ထစျာန်လောက်အထိ မပင်မပန်း လွယ်လွယ်ကူကူအားထုတ်နိုင်ကြောင်း သိရပေသည်။

မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူကြသည်မှာ သတ္တ၀ါအပေါင်းတို့၌ ကိုလေသာနှုန်းကြီး စွဲကပ်နေသည်ဖြစ်ကြရာ ထို ကိုလေသာနှုန်းကြီးကို မဟာဆေးသမားတော်ကြီးအဖြစ် ကုသတော်မူရန် ပွင့်တော်မူကြခြင်းဖြစ်ရာ၊ ထို ကိုလေသာနှုန်းကြီးကို ဝိပဿနာတည်းဟူသော ဆေးတော်ကြီး၊မဂ်တည်းဟူသောဆေးတော်ကြီးဖြင့် ကုသမှုပင် ပျောက်ကင်းချမ်းသာကြမည်ဖြစ်ရာ ဗုဒ္ဓရှင်တော် ဘုရားသည် မဂ္ဂင် ၈-ပါးတည်းဟူသော မဂ်ဆေးတော်ကြီးကို ပဋ္ဌ၀ဂ္ဂ ၅-ဦးတို့အား တရားဦးအဖြစ် ဟောတော်မူသည်။

ဒါနစသည်တို့သည် လိမ်းဆေးနှင့်အလားတူသည်၊ကိုလေသာတည်းဟူသောနှုန်းသည် လိမ်းဆေးနှင့်ပျောက်ကင်းလိမ့်မည်ဟူ၍ မပြောနိုင်ချေ၊ ခေတ္တခဏ ငြိမ်းမှု ရချင်ရပေမည်။

ထိုနည်းတူစွာပင် သီလဆိုသည်မှာလည်း ရှောင်ကြဉ်မှုမျှသာ ဖြစ်ရာ ရှောင်ကြဉ်နေသည့်အခါ ခေတ္တခဏအားဖြင့် သက်သာမှု ရပေမည်၊ ရှောင်ကြဉ်မှုမျှနှင့် ကိုလေသာနှုနာရောဂါကြီး လုံးဝ ပျောက်ကင်းနိုင်လိမ့်မည်ဟု မယူဆနိုင်ချေ။

ထို့ကြောင့် ဓမ္မပဒပါဠိတော်ကြီး၌ သီလ၌ဝယ် လုံခြုံတယ်ဟု တင်းတိမ်ရုံမျှမနေရ၊စိတ်ချ၍လည်းမနေနှင့်၊သမာဓိ(သမထ)၌ဝယ် တည်ကြည်တယ်ဟု တင်းတိမ်ရုံမျှမနေရ။

အဘယ့်ကြောင့်ဆိုသော်.... ဤတရား နှစ်ပါးစလုံးတို့သည် ကိုလေသာနှုနာကြီးကို အမြစ်ပါပြုတ်၍ ပျောက်ကင်းအောင် မတတ်နိုင်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် တစုံတယောက်သောသူသည် အဘယ်ဆေးသည် ကိုလေသာနှုနာကြီးကို အကြွင်းမဲ့ အမြစ်ပါ ပျောက်ကင်းစေနိုင်ပါသနည်း မေးခဲ့သော်....

အဖြေမှာ....ရှေ့က ဝိပဿနာမဂ်ဆေးနှင့် နောက်က လောကုတ္တရာမဂ်ဆေး၊ ဤဆေးတော်ကြီးနှစ်ပါးသာလျှင် ကိုလေသာနှုနာကြီးကို အမြစ်ပါပြုတ်ပြီး ပျောက်ကင်းနိုင်သည်ဟု တထစ်ချ ဖြေဆိုရမည်ဖြစ်ပေသည်။

ကိုလေသာနှုနာမပျောက်ကင်းခဲ့သော် ဘာအပြစ်ရှိမှာနည်းဟု မေးမြန်းခဲ့သော် ပဋ္ဌိစ္စသမုပ္ပါဒ်အတိုင်း တဏှာ,ဥပါဒါန်,ကံ ဟူ၍ သံသရာဆက်ပြီးလျှင် ဝိနိပါတိကဘေးမှပြေး၍ မလွတ်နိုင်တော့ချေ။

ပဋ္ဌိစ္စသမုပ္ပါဒ်အတိုင်း တဏှာ,ဥပါဒါန်ကံမျှသာလောဟူ၍ မေးခဲ့သော် ၎င်းတို့ချည်း မဟုတ်ချေ၊ ၎င်းတို့၏ အတူပါနေကျ အဖော်သဟဲအဖြစ် မာနဒိဋ္ဌိတို့ကလည်း အမြဲပါ၍နေရာ ၎င်းတို့

အနက် ဒိဋ္ဌိတည်းဟူသော တရားသည် အပါယ်လေးပါးသို့သာ လျှင် ပို့တတ်သည် ဖြစ်လေသောကြောင့် ၎င်းဒိဋ္ဌိတည်းဟူသော ကိလေသာကို အရင်ဖြုတ်ရပေမည်။

အဂုံတို့ရိပါဠိတော်၌ မြတ်စွာဘုရားသခင်သည်လည်း လောဘ, ဒေါသ, မောဟ အရင်မပယ်သေးဘဲ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အရင်ပယ်ရမည်ဟု ဟောတော်မူရာ ကျေးဇူးရှင် ဆရာတော်ကြီးသည်လည်း တကာတကာမမျှားအား ပရမ်းပတာဘေးမှ ကယ်တင်တော်မူလိုသောကြောင့် ဒိဋ္ဌိပြုတ်တရားတော်များကို အဓိကထား၍ ဟောတော်မူရာ ၎င်းဒိဋ္ဌိပြုတ်တရားကို ဟောတော်မူသောအခါ၌ ခန္ဓာဝဋ္ဌစသမုပ္ပါဒ်ကို လှတ်ပြီးဟော၍ မဖြစ်ချေ၊ ၎င်းခန္ဓာဝဋ္ဌစသမုပ္ပါဒ်သိမ်မွေ့ပင် မိမိတို့ဘယ်ကလာသည်၊ မိမိတို့ ယခု ဘယ်လိုနေသည်၊ သေယင် ဘယ်သွားရမည်ဆိုတာ အကဲခတ်နိုင်ရုံမျှရှိသည်။

ခရီးလမ်းဆုံးအောင်လိုက်မည့် ပုဂ္ဂိုလ်က ဘယ်ကလာသည်ဟု သိဘို့တချက်၊ ယခုဘယ်လိုသိမှသင့်လျော်မည်ဆိုတာ သိဘို့တချက် ၎င်းနောက် မိမိတို့ ဘယ်၍ဘယ်မျှ ခရီးပေါက်သည်ကို သိဘို့ တချက်၊ စသဖြင့် လိုအပ်ချေသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်စဉ်သိမှသာ အရှိနှင့် အသိကိုက်မည်။ အရှိနှင့် အသိနှင့်ကိုက်မှ ဟုတ်တိုင်းမှန်စွာ သိမြင်မည်။ ဟုတ်တိုင်းမှန်စွာ သိမြင်မှ နှလုံးသွင်းမှန်မည်။ နှလုံးသွင်းမှန်မှသာလျှင် ဒုက္ခကို ဒုက္ခဟု ပိုင်းခြားနိုင်မည်။ ဒုက္ခဟုပိုင်းခြားနိုင်မှသာလျှင် သမုဒယ သေမည်။ သမုဒယ သေမှသာလျှင် နောင်ဘဝတဖန် မဖြစ်ဘဲ ဇာတိချုပ်ငြိမ်းမည်။

မိမိတို့ခန္ဓာ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို သိဘို့အရေးမှာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို လက်လှမ်းမှီရာရှာပြီး နာဘို့နှင့် ဤသို့မိမိအရပ်ဒေသ၌ ထိုကဲ့သို့ တရားပွဲမျိုးများမရှိပါက ခန္ဓာဥာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ် တရားစာများကို စိတ်ပါဝင်စားစွာနှင့် လေ့လာဘို့ဖြစ်ရာ၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောထားတော်မူအပ်သော ဟောစဉ်မှာဆိုလျှင် ပဋ္ဌိစ္စသမုပ္ပါဒ်လည်လမ်းနှင့် ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဟူ၍ ပဋ္ဌိစ္စသမုပ္ပါဒ်သံသရာမှ ထွက်မြောက်ရေး, လွတ်ရေး, ကျွတ်ရေး တရားတော်များကိုပါ စာအုပ်တိုင်း၌လိုလိုပင် အနည်းနှင့် အများဆိုသလို ပါရှိသည်ဖြစ်ရာ၊ ထိုပဋ္ဌိစ္စသမုပ္ပါဒ်တွင်မျှမက၊ ၎င်းပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကိုမူတည်၍ သစ္စာ ၄-ပါးပါ- ပါဝင်၍ သစ္စာဆိုက်အောင် ဟောတော်မူသည်။

ဤသို့ဟော တရားတွင်မျှမက အလုပ်တရားပါ ဖြည့်စွက်၍ ဟောတော်မူရာ၊ဒိဋ္ဌိပြုတ်ချင်ယင် စိတ္တာနုပဿနာ ရှုရမဟေ့ ဟူ၍ စိတ္တာနုပဿနာကို အဓိကထားဟော်မူပြီးလျှင် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သစ္စာဒုန်တဲ့၍ ဒိဋ္ဌိပြုတ်တရားကို ဝိပဿနာအလုပ် ပေးတော်မူသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ကြည့်ကြပါကုန်။ ၎င်းပုံစံစက်ဝိုင်း၌ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဟူ၍ သစ္စာနှစ်ပါးသာ ပေါ်နေပါသည်။ သစ္စာနှင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုသည်မှာလည်း သတ္တဝါကြည့်သောအခါ ပဋ္ဌိစ္စသမုပ္ပါဒ်တတန်းလုံး သမုဒယသစ္စာနှင့် ဒုက္ခသစ္စာသာ ဖြစ်ပါသဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ တခြားမဟုတ်၊ သမုဒယနှင့် ဒုက္ခကြီးတန်းနေခြင်းပင်တည်း။ တနည်းအားဖြင့် ဆိုသော် သမုယဆိုသည်မှာလည်း အနိစ္စမှာ လမ်းဆုံးသည်ဖြစ်

သောကြောင့် ဒုက္ခပင်တည်း။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဒုက္ခသစ္စာတန်းကြီးဆိုလျှင် မလွဲနိုင်ပါ။

ထို့ကြောင့် မိမိသန္တာန်မှာ ဘာပေါ်ပေါ် ပဋ္ဌိစ္စသမုပ္ပါဒ် တရားပေါ်ခြင်းဖြစ်သည်။ ထိုတရားသည်လည်း ဒုက္ခသစ္စာသာ အမှန်ဖြစ်သည်။ ဘာပေါ်ပေါ်- ပေါ်သ၍ ဒုက္ခသစ္စာမှတပါး မရှိဟု ဆုံးဖြတ်ကြရာသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းပေါ် သမျှတရားသည် အပျက်မှာ လမ်းဆုံးကြမည်သာ ဖြစ်သည်။

မိမိသန္တာန်မှာပူတဲ့စိတ်ကလေးပေါ်သည်။ ၎င်းသည် ဒုက္ခ သစ္စာပင်တည်း။ အေးတဲ့စိတ်ကလေးပေါ်သည်။၎င်းသည် ဒုက္ခ သစ္စာပင်တည်း။ မိမိသန္တာန်မှာကြည့်ပါ စားချင်တဲ့စိတ် ပေါ် သည်။ ရှိမရှိ အကဲခတ်တော့ မရှိတော့ဘူးဆိုတာ တွေ့မည်ဖြစ် သည်။ ထိုမရှိတော့ဘူး-ချုပ်သွားပြီ- ပျက်သွားပြီ၊ ဖေါက်ပြန် ပျက်စီးသွားပြီဆိုခြင်းသည် ဒုက္ခသစ္စာ အမှန်ပင်တည်း။

အိပ်ချင်သောစိတ် မိမိသန္တာန်မှာ ပေါ်သည်။ ရှိ-မရှိတွေး သောအခါ၌ မရှိတာ- ပျက်စီးသွားတာ ဉာဏ်မှာတွေ့မြင်မည်။ မရှိဘာသည်၊ဒုက္ခသစ္စာ-ရှိမရှိ သိတဲ့ဉာဏ်သည်မဂ္ဂသစ္စာဖြစ်သည်။

တွေး၍ မရှိမှန်းသိသည့်အခါ၊ပျက်စီးသွားမှန်း သိသည့်အခါ ချုပ်ပျောက်သွားမှန်း သိသည့်အခါ၊ ၎င်းသိသည့်စိတ်သည် မဂ္ဂ သစ္စာခေါ်ပါသည်။ မိမိတို့ကိုယ်တိုင် သစ္စာတွေ့ခြင်း ဖြစ်သွား ပြီဟုဆိုနိုင်ပါသည်။

ထို့ကြောင့် သစ္စာဘရားသည် မသိလျှင်တော့ အတော်ပင် ခက်သည်ထင်ရခဲသော်လည်း ဆရာသမား၏ ဥပနိဿယအတိုင်း ကျင့်ကြံအားထုတ်လျှင် ကိစ္စပြီးနိုင်ပါသည်။

အချုပ်တရားမှာ ခန္ဓာက အမြဲပြသနေသည်မှာ ဒုက္ခသစ္စာ တရားတော်သာ ပြသနေခြင်းဖြစ်သည်။

ဝတ္ထုပစ္စည်းတခုကိုမြင်သည် မြင်လျှင် လိုချင်သည်၊ စွဲလမ်းသည်၊အားထုတ်သည် ဆိုသည်မှာ သမုဒယသစ္စာတော် ဖြစ်သည်။ ရရှိမည်မှာ ဒုက္ခသာလျှင်ရရှိမည်။ အဘယ်ကြောင့်ဆိုသော်၊ပဋ္ဌိစ္စသမုပ္ပါဒ်ရှုတ်ကြည့်ပါက ပေါ်လွင်ထင်ရှားပါသည်။ "ကမ္မဘဝ ပစ္စယာ ဇာတိ" ဟု ဆိုသောကြောင့် ဇာတိရလျှင် ဒုက္ခသစ္စာ ရခြင်းပင်ဖြစ်သည်။

ဤသို့အမှန်မြင်လျှင် မိစ္ဆာဒိဋ္ဌိပျောက်၍ သမ္မာဒိဋ္ဌိရောက်ပြီဟု ဆိုနိုင်တော့သည်။ နှလုံးသွင်းတည့်သွားပြီ။

ဝိနိပါတိကဘေးဆိုသော ပရမ်းပတာကျချင်ရာကျမည့်ဘေးမှ တဘာဝဖြင့် ဤမျှလောက်နှလုံးသွင်းမှန်လျှင် လွတ်ခွင့်, ကျွတ်ခွင့် ရနိုင်ပြီ၊ ထောက်တည်ရာတော့ ရပြီဟုဆိုနိုင်လောက်ပြီ။လောကီ သမ္မာဒိဋ္ဌိတော့ ရပြီဟုဆိုနိုင်လောက်ပြီ၊ လောကုတ္တရာသမ္မာဒိဋ္ဌိ အဆင့်ရောက်အောင် လိုသေးသည်။

ရှေ့တဆင့်တက်ရန် ရှိသေးသည်။ မိမိခန္ဓာကိုယ် တကိုယ်လုံးမှာဖြင့် ဒုက္ခတုံး, ဒုက္ခခဲကြီး ဖြစ်နေပါပေါ့လားဟုဖြိုင်ဖြိုင်ကြီး ရှုရန်အရေးကြီးသည်။ အဘယ်မျှလောက်ရှုရမှာလဲ၊ အဘယ်မျှ လောက် ကြည့်ရမှာလဲဆိုလျှင် မိမိခန္ဓာကိုယ် ဒုက္ခတုံးကြီးကို ရှေ့ လာအောင်,မှန်းလာအောင်အထိ ရှုရမည်ဖြစ်သည်။ တကယ်မှန်း လာသည့်အခါ၊ ရှေ့လာသည့်အခါ ရောက်အောင်ပေပြီး ရှုရ မည်ဖြစ်သည်။

ဤသို့ တကယ်မုန်းလာအောင်၊ရွံ့လာအောင်ပေပြီး ဖြိုင်ဖြိုင်ကြီး ရှုနေရင်းမတ္တာနှင့် ဤ ဒုက္ခတုံ့,ဒုက္ခခဲကြီးကို မလိုချင်တဲ့ ဥာဏ်ဝင်လာမည်ဖြစ်သည်။

နိဒါန်းအနေအားဖြင့် ဤမျှသာလျှင် သင့်တော်လောက်ပြီ ဖြစ်ရာ ရှေ့ဆက်၍အတ္ထဗေဒသားတရားများကို သဒ္ဓါတရားဖြင့် အချိန်ယူပြီးလျှင် ဆက်လက် ဘတ်ရှုတော်မူကြပါကုန်ဟု တိုက်တွန်းအပ်ပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့

ရန်ကုန်မြို့။

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃ - ဆင်းဒွစ်လမ်းဌ
လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

(ဒိဋ္ဌိပြုတ်ရေး)

နေ့အလုပ်ပေး-တရားတော်

(၂၂ - ၈ - ၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဆေးသမားကြီးနဲ့ တူတယ်လို့ တကာတကာမတွေ့ စောစော ရှေ့ပိုင်းမှာ အောက်မေ့ထားပါ.... (မှန်လှပါ) တကာတကာမတွေ့သန္တာန်မှာလဲ ကိုလေသာရောဂါတွေ့ ရှိတယ်လို့ မှတ်ထားလိုက်ပါ.... (မှန်ပါ့ ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆေးသမားနဲ့ တူတယ်၊ တကာတကာမတွေ့ သန္တာန်မှာ ကိုလေသာ နှုန်းရောဂါတွေ့ ရှိတယ်ဆိုတာလဲ တကာတကာမတွေ့မှာတဲ့ ဘာမှသံသယမရှိဘဲနဲ့ မှတ်ထားဘို့ဘဲ....(မှန်ပါ့)။

ကိုယ်တော်မြတ်ကြီးက ဘာနဲ့တူပါလိမ့်.... (ဆေးသမားနဲ့ တူပါတယ်) တကာတကာမတွေ့က ကိုလေသာရောဂ ရှိတယ်-

ကိုလေသာရောဂါရှိပြီးသကာလ နေတော့ ဆေးဆရာကြီးသည် ရှောင်ကြဉ်ဘို့ကိုလဲ သူ-ပြောပါလိမ့်မယ်....(မှန်ပါ့ဘုရား) စားဘို့ဆေးကိုလဲ ပေးပါလိမ့်မယ်....(မှန်ပါ့)။

အဲဒီတော့ ဆေးဆရာကြီးသည် ရှောင်ကြဉ်တာကိုလဲ သူ-နည်းပေးလမ်းပြအဖြစ်နဲ့ ဒါ-ရှောင်ကြဉ်ကွယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ကိုယ်တော်မြတ်ကြီးဟာ သံသရာ့ ဆေးဆရာကြီး ဖြစ်ပြီး သကာလ နေတဲ့အတွက် ပြောမှာဘဲ.... (မှန်လှုပါဘုရား) ဒီဆေး ဒီဆေး သောက်ပါကွယ် ဆိုတာကိုလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပေးရမှာဘဲ....(မှန်ပါ့)။

အဲဒီတော့ သံသရာ့ခရီးသည် လူမမာကြီးက ရှောင်ကြဉ်ရုံတွင် ရှောင်ကြဉ်ပြီးသကာလနေ၍ ဆေးမသောက်ဘဲ နေပြန်လဲ ရောဂါမပျောက်ပေဘူး....(မှန်လှုပါ)။

ရှောင်ကြဉ်ရုံတွင် ရှောင်ကြဉ်ပြီး ဆေးမသောက်ဘဲ နေယင် (ရောဂါမပျောက်ပါဘုရား)။

ဒီမှာလဲ တကာတကာမတို့ကို သတိပေးချင်တာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလဆိုတာ ရှောင်ကြဉ်မှု-(မှန်ပါ့ ဘုရား)။

သီလဆိုတာ ဘာပါလိမ့်....(ရှောင်ကြဉ်မှုပါဘုရား) ရှောင်ကြဉ်မှု သိပြီး သကာလ နေတော့ သြော်.... ရှောင်ကြဉ်မှုမှာလဲ ဒို့... ရှစ်ရက်သီတင်းဆိုသလို ရှောင်ကြဉ်တယ်၊ ငါးပါးသီလ ရှောင်ကြဉ်တယ်ဆိုရုံနဲ့ အနာနဲ့ မတည့်တဲ့ ဆေးရှောင်ကြဉ်ရုံနဲ့လဲ အနာပျောက်မှာ မဟုတ်ဘူး.... (မှန်ပါ့) အနာပျောက်တတ်တဲ့ ဆေးကိုလဲ သောက်ဆေးကိုလဲ သောက်ဦးမှ နေရာကျမယ်.... (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးဟို တကာတကာမဘွဲ့ သီလကလေး ဆောက်တည်တာ, ရှောင်ကြဉ်တာမှတပါး ဝိပဿနာအလုပ်-

မလုပ်ဘဲနဲ့ နေကြမယ်ဆိုလို့ရှိယင် အနာတော့ မပျောက်ပေဘူး၊ ရှောင်ကြဉ်ခြင်းကြောင့် သက်သာရုံဘဲ ရမယ်....(မှန်ပါ့) အနာပျောက်မှုတော့....(မရပါဘုရား)။

အေး....ဒါတော့ သိပြီးသကာလ နေတော့မှ သြော်....သီလဆိုတာ ရှောင်ကြဉ်မှုပါကလား.... (မှန်ပါ့) ရှောင်ကြဉ်ယင် ကိုယ်.ကိုလေသာဝေဒနာကြီးကို ပျောက်မှုတော့ သူ-မတတ်နိုင်ဘူး....(မှန်ပါ့) ကိုလေသာဝေဒနာကြီး ပျောက်မှုကတော့ဖြင့် ဝိပဿနာမဂ်ဉာဏ်နဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်မှာ ပါတဲ့အတိုင်း ဖြစ်ကျက်ရှုမှ ကိုလေသာတွေ နောက်ပိုင်းကို ချုပ်ကြတယ်ဆိုတာ**လဲ** အမြင်သားဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ သီလနဲ့ တင်းတိမ်နေရုံနဲ့လဲ ရောဂါ**ပျောက်**လိမ့်မယ်ဆိုတာ အယူမရှိပါနဲ့.... (**မှန်**ပါ့) သီလကလေးကျုပ်တို့ဖြင့် တလ,လေးသီတင်း, ရှစ်သီတင်းမြဲပါတယ်၊ သေပျော်ပါပေါ့ဆိုတာ လူမမာ မသင့်တဲ့ အစာရှောင်ရုံကလေးမျှရှိပါတယ်....(မှန်ပါ့) အနိစ္စ,ဒုက္ခ,အနတ္တတည်းဟူသော ဆေးတော်တွေကို တကာတကာမတွေ့ မသောက်သေးတာနဲ့ တူဘယ် (မှန်လှပါဘုရား)။

ဒါ့ကြောင့် ရှောင်ကြဉ်ရုံနဲ့ ရောဂါ ပျောက်ပါ့မလား.... (မပျောက်ပါဘုရား) ဆေးလဲ ဘာလုပ်ကြရမလဲ.... (သောက်ကြရပါမယ်ဘုရား)။

သြော်....ဒီသည်ကားလို့ဆိုယင် ရှေးအခါတုန်းကတော့ဖြင့် သီလထက်ကောင်းတာ ဘာရှိသေးသတုံးဆိုပြီးသကာလ ရှောင်

ကြည်တဲ့ အလုပ်သာလုပ်တယ်၊ ရောဂါပျောက်မှု မလုပ်ဘူး.... (မလုပ်ပါဘုရား)။

ဒါဖြင့်.... ရောဂါမတိုးမှုသာ သီလသည်ကားလို့ ဆိုယင် ရောဂါမတိုးမှုကိုသာ တတ်နိုင်ပါတယ်၊ ရောဂါပျောက်မှုတော့ (မတတ်နိုင်ပါဘုရား)။

ကိုလေသာရောဂါ ပျောက်မှုပေါ့ဗျာ... (မှန်ပါ့)အဲဒီ ကိုလေသာရောဂါ ပျောက်မှုဆိုတာကဖြင့် ဝိပဿနာမဂ်ဉာဏ် အလုပ်-လုပ်မှုသာလျှင် ဘုန်းကြီးတို့ တကာတကာ့မတွေ့မှာ အပျောက်ကြီး ပျောက်ကြတော့မယ်ဆိုတာ မှတ်ထားလိုက်တော့ သြော်-- သီလဆောက်တည်ပြီးသကာလ ဒီအတိုင်း နေလို့မတော်သေးပါလား၊ ရှောင်ကြဉ်ရုံ ရှောင်ကြဉ်ယင်ဖြင့် ရောဂါ သက်သာရုံဘဲ ရှိမယ် ...(မှန်ပါ့) ဆေးသောက်မှ ပျောက်လိမ့်မယ်ဆိုတာကို သေဘောချာချာမှတ်ပြီးသကာလ သီလလဲ တကာတကာမတွေ့ လုပ်ကြရမှာဘဲ....(မှန်ပါ့) ဆေးသောက်တဲ့ ဝိပဿနာအလုပ်လဲ (လုပ်ရမှာပါဘဲဘုရား) လုပ်ရမှာဘဲဆိုတာ သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီဥစ္စာကလေးဟာ သံယုတ်ပါဠိတော်မှာ သံယုတ် အဌကထာတွေ့မှာလဲ လာပြီးသကာလ နေ့ပြန်တော့.... မပြော မပြီးတာနဲ့ တကားသစ် ပြောရပြန်တယ်....(မှန်လှပါ)။

တကားကြွယ်တို့ကတော့ ရှေးတုန်းကတော့ သီလဆောက်တည်ယင် တော်ရော့ပေါ့ကွာ....၊ တလ- လေးသီတင်း,ရှစ်သီတင်း

ဆိုတာ နည်းတဲ့ကိစ္စမဟုတ်ဘူးကွ ... ဆိုတော့ ရှောင်ကြဉ်ရုံတွင် ရှောင်ကြဉ်တယ်....(မှန်လှပါ)။

စဉ်းစားကြည့်ပါလား၊ ပါဏာတိပါတာ ဝေရမဏီ= သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဒါဘဲပါတယ်.... (မှန်ပါ့) အဒိန္နာဒါနာဝေရမဏီ- ဟုတ်လား၊သူ့ပစ္စည်းခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ ...(မှန်ပါ့) ရှောင်ကြဉ်ရုံဘဲရတယ်....(မှန်ပါ့) အဲဒီတော့ အနာနဲ့မသင့်တဲ့အစာ ရှောင်ကြဉ်ရုံဘဲရှိတယ်.... (မှန်ပါ့) အနာပျောက်ဆေး, သောက်ဆေးကိုတော့ သူ-သောက်မိပါရဲ့လား....(မသောက်မိပါဘုရား)။

အနာပျောက်ဆေး, သောက်ဆေးကို သူ.... မသောက်မိတဲ့အတွက် တကာတကာမတွေ သီလဝိသုဒ္ဓိနဲ့ သီလစင်ကြယ်မှုလောက်နဲ့ တင်းတိမ်ရောင့်ရဲပြီးသကာလ မနေဘဲနဲ့၊ သီလလဲမြဲစေ၊ ဝိပဿနာဆေးနဲ့လဲ အနာကုစေဆိုတဲ့ သဘောကိုဖြင့် ဘယ်အခါ·ကာလမှ လက်**မလွှ**တ်ကြပါနဲ့ ဆိုတာ ရှေ့ပိုင်းက သင်ကိုပေးရတယ်....(မှန်လှပ**ါဘုရား**) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သီလဆိုတာ ဘာပါလိမ့် (ဆောက်တည်ရုံပါဘုရား)ဒါဖြင့် ကိုသောသာဝေဒနာ ပျောက်ပါရဲ့လား .. (မပျောက်ပါဘုရား) ဝိပဿနာ ဉာဏ်တည်းဟူသော ဆေးကို သောက်သုံး ကြမယ်ဆိုယင်ဘော့ ဘယ့်နှယ်တုံး... (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် လူမမာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဆေးသမားက လာမေးတယ်၊ မင်း-ဘယ့်နှယ်တုံးကွ....၊ ရောဂါပျောက်ပလား....၊ ကိုလေသာနှုနာရောဂါ ပျောက်ပလား-လို့ မေးတဲ့အခါ မပျောက်သေးဘူး၊ မပျောက်သေးယင် မင်း-ဘာ

လုပ်သဘုံ....၊ ကျွန်တော် ဆရာက ရှောင်ကြဉ်ရုံသာ ခိုင်းတဲ့ ရှောင်ကြဉ်မှုကိုသာ ကျွန်တော် လုပ်နေတယ်၊ သောက်ဆေး တော့ မသောက်မိဘူး....ဆိုတော့ မင်းလို မိုက်တဲ့ဝေဒနာသည် ဟာ ရှာမှ ရှားပါးလိမ့်မယ်လို့ အပြစ်တင်ခံရမှာဘဲ.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှောင်ကြဉ် တာနဲ့လဲ ကိစ္စပြီးပြီလို့ မဟောက်မေ့ဘဲနဲ့ သောက်ဆေးတည်း ဟူသော ဝိပဿနာမဂ်ဉာဏ် အလုပ်ကိုလဲအနိစ္စမြင်တဲ့ဉာဏ်ဆေး ဒုက္ခမြင်တဲ့ ဉာဏ်ဆေး, အနတ္တမြင်တဲ့ဉာဏ်ဆေး, သစ္စာမြင်တဲ့ ဉာဏ်ဆေးတွေကို တကာကြယ် မသောက်ယင် မပြီးပါဘူး.... (မပြီးပါဘုရား)ကိလေသာရောဂါပျောက်ပါ့မလား-(မပျောက် ပါဘုရား)။

ကိလေသာရောဂါ မပျောက်သ၍ ကာလပတ်လုံး တဏှာ, ဥပါဒါန်, ကံတွေကြောင့် ဇာတိ,ဇရာ,မရဏဆိုတဲ့ နောက်အနာ တွေ ဆက်ပွားလိမ့်ဦးမယ်....(မှန်ပါ့) မပွားပေဘူးလား.... (ပွား ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှောင် ကြဉ်ရုံ ရှောင်ကြဉ်တာနဲ့လဲ ငါတို့ ကိစ္စပြီးပြီဆိုတဲ့ ရပ်စဲမှုကြီးကို အတည်မပြုဘဲနဲ့ သောက်ဆေးသောက်တဲ့ အနိစ္စဆေး,ဒုက္ခဆေး, အနတ္တဆေး,အနိစ္စမြင်တဲ့ ဉာဏ်ဆေး, ဒုက္ခမြင်တဲ့ ဉာဏ်ဆေး, အနတ္တမြင်တဲ့ဉာဏ်ဆေးကိုလဲ သောက်ဘို့အရေး ဝန်မလေးမှသာ လျှင် ရောဂါပျောက်ရှင်းပြီးသကာလ ကိလေသာ နှုန်းရောဂါ

ပျောက်ခြင်းကြောင့် တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်ပြီး သကာလ၊ဇာတိဇရာ မရဏတို့၏ ငြိမ်းရာ သိမ်းရာဖြစ်တဲ့ နိဗ္ဗာန် ရောက်နိုင်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သီလရင်တွေလဲ ဒီအထဲမှာပါတယ်(မှန်ပါ့) ကျုပ်တို့ သီလရှိတာဘဲဆိုပြီး သူတို့က ရှောင်ကြဉ်တဲ့ဘက်ကသာ နေတယ် .. (မှန်ပါ့) သောက်ဆေး မသောက်တာတွေက တယ် များတယ်....(များပါတယ်)အဲ့ဒီတော့ သူတို့ ရောဂါပျောက်ပါ့ မလား... (မပျောက်ပါဘုရား)။

မပျောက်တော့ ဘုရားတည်း ဟူသော ဆေးဆရာကြီးက မင်းလိုလူမိုက် ဘယ်ရှာရမတုံး၊ မိုက်လိုက်တဲ့ဖြစ်ခြင်း၊ သောက် ဆေးမှ ပျောက်ဆေးဟာ၊ ရှောင်ဆေးသည်ကားလို့ ဆိုယင် ရောဂါသက်သာရုံ ရသဟာ၊ ဒီအပြစ်ကို မတင်ပေးဘူးလား .... (တင်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေက သီလ ကလေးနဲ့ တင်းတိမ်နေကြယင် အမှားကြီး မှားလိမ့်မယ် .... (မှန်ပါ့ဘုရား)။

သီလနဲ့ တင်းတိမ်နေယင်.... (အမှားကြီး မှားပါလိမ့်မယ်) အဲ့....ဝိပဿနာအလုပ်ကို တကာသစ်တို့က ဘာလုပ်ရမယ် .... (ပွားရပါမယ်ဘုရား)။

အဲ....ရှောင်ကြဉ်တဲ့ အလုပ်က တကာတကာမတို့ ရောဂါ မတိုးပွားရုံဘဲ...(မှန်ပါ့) ပျောက်နိုင်ရဲ့လား....(မပျောက်နိုင်ပါ ဘုရား)။

အေး....ဒါ့ကြောင့် သီလဝိသုဒ္ဓိလောက်နဲ့ မနေဘဲနဲ့၊ တကာ တကာမတွေ ဉာဏဒဿနဝိသုဒ္ဓိ ဆိုတဲ့အတိုင်း ဉာဏ်တည်းဟူ

သောမမွန့် ကိုလေသာစင်ကြယ်အောင် လုပ်ကြပါဆိုတာ ရှေ့ပိုင်းမှာ တိုက်တွန်းရတယ်....(မှန်ပါ့)မသိသေးတဲ့ ပုဂ္ဂိုလ်အတွက် မှာလဲ တိုးဖြည့်ပြီးသကာလ တကာကြွယ် မှတ်လိုက်ပါတော့.... (မှန်ပါ့) သီလနဲ့ဖြင့် တင်းတိမ်နေလို့ မတော်ပါလားဆိုတာ နော်....(မှန်ပါ့ဘုရား)။

ဝတ္ထုသက်သေ သာဓကတွေယူတ်လိုက်တော့ ခုနင်ကအဂ္ဂ ဝစ္ဆ မဆုံးနိုင်ဘဲ နေမှာစိုးလို့ ဓမ္မပဒပါဠိတော်ကြီးမှာ သီလမျှနဲ့ မတင်းတိမ်ကောင်းတဲ့ အဓိပ္ပါယ်တွေကိုလဲ သေသေချာချာပြပါ့တယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ၊ သြော်.... ဒို့ရှေးမူတွေ ကောင်းတယ်လို့ ထင်ပြီးသကာလ နေငြားသော်လဲ ဒါလောက်နဲ့ ရပ်စဲပြီး နေလို့ရှိယင်ဖြင့် အနာသက်သာရုံဘဲ ရတယ်၊ အနာမပျောက်ပါလားဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာသစ် ဘာလုပ်ရမတုံး....(အနာပျောက်တဲ့ဆေး သောက်ရပါမယ်) ပျောက်တဲ့ဆေး သောက်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘယ်လိုမှတ်ကြမယ် .... (ပျောက်ဆေး သောက်ရပါမယ်ဘုရား)။

ရှောင်ကြဉ်ရုံနဲ့ ဒီဝေဒနာက ပျောက် သွားမှာ လား .... (မပျောက်ပါ) သောက်ဆေး သောက်မှသာလျှင် .... (ပျောက်မှာပါဘုရား)။

သောက်ဆေးသောက်မှ ပျောက်မှာကို တကာတကာမတွေ့ကရှောင်ကြဉ်ရုံနဲ့ ကိစ္စပြီးနေတယ် ထင်လို့ရှိယင် ဦးလှဘူး အလဲကြီး လဲလိမ့်မယ်... (လဲမှာပါဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ ဒီ ရေကပတ္တနဂါး မင်းကြီးက သီလကို အနှစ် နှစ်သောင်းတောင် ဆောက်တည်တယ်....(မှန်ပါ့) ရှောင်ကြဉ်တဲ့ ဆေးနဲ့ဘဲ အချိန်ကုန်ပြီး သကာလ နေသောကြောင့် ဝိပဿနာမဂ်ဉာဏ်,ဖိုလ်ဉာဏ်ရလိုက်ကဲ့လား....(မရလိုက်ပါဘုရား)။

မရတာထောက်တော့ ဘုန်းကြီးတို့ တကာတကာမတွေ့သြော်....ရှောင်ကြဉ်တဲ့ ဆေးက ရှောင်ကြဉ်သလောက်ဘဲ ခရီးပေါက်တာကိုး....(မှန်ပါ့) ကိုလေသာရောဂါ မပျောက်တော့ နဂါးကြီး သွားဖြစ်တယ်... (မှန်ပါ့ဘုရား)။

ကိုလေသာရောဂါ မပျောက်တော့.... (နဂါးကြီးသွားဖြစ်ပါတယ်ဘုရား)။

ဒါတွေထောက်ပြီး ဘုန်းကြီးတို့တကာတကာမတွေ သီလိုက်တော့မှ သြော်....သီလဟာ ရှောင်ကြဉ်တာပါလား၊ မသင့်တဲ့ဥစ္စာ ရှောင်ကြဉ်တာပါလား.... (မှန်ပါ့) ပျောက်ဆေးမဟုတ်သေးပါလား... (မှန်ပါ့ဘုရား)။

မှတ်မိကြပလား .... (မှတ်မိပါပြီ) ဘယ်လိုမှတ်ကြမယ်.... (သီလဟာ ပျောက်ဆေးမဟုတ်ပါဘုရား)။

ပျောက်ဆေး မဟုတ်ဘူး၊ ပျောက်ဆေးက ဘာပါလိမ့် .... (ဝိပဿနာမဂ်ပါ)ဝိပဿနာ မဂ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အေး....ဒီလိုခ့ဲခ့ဲခြားခြားကလေး ဘုန်းကြီးတို့တကာတကာမ-တွေသိယင် ဘုန်းကြီးများက ဝမ်းသာပါပြီ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဌိတိဘာဝကိယသီလ,ဝိသေသဘာဝကိယသီလလို့ ဆိုပြီးသီလလဲ နှစ်မျိုးဟောခဲ့တယ် . (မှန်ပါ့ဘုရား)။

ဌိတိဘာဝကိယသီလဆိုဘာ ရှောင်ကြဉ်ဘာ၊ ရှောင်ကြဉ်ရုံနဲ့ သီလတည်ရုံဘဲ ကျေးဇူးများတယ်ကဲ့ .... (မှန်ပါ့) ဝိသေသဘာဝကိယ သီလမလုပ်ခဲ့လို့ ရှိယင်ဖြင့် ကိုယ်ကျိုးနည်းလိမ့်ဦးမယ်.... (မှန်ပါ့) ဒီလိုလဲ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ဟောထားပြန်တော့ မင်းတို့ဒီအပေါ်မှာ သီလပေါ်မှာ ဝိပဿနာအညွှန့်တပ်လိုက်ပါဆိုတာလဲ သေသေချာချာ ဟောရှာတယ် .... (မှန်ပါ့ဘုရား)။

သီလပေါ်မှာ ဘာ့အညွှန့်တပ်ရမယ် .... (ဝိပဿနာအညွှန့်တပ်ရပါမယ်) ဝိပဿနာအညွှန့် တပ်မှသာလျှင်လဲ ဝိသေသဘာဝကိယသီလ ဖြစ်တယ်ကဲ့- ဆိုပြီးသကာလ ဟောထားပြန်တော့ ဩော်....ဒို့ လိုသေးလို့ ဆရာဘုန်းကြီး ဖြည့်စွက်ပေနေးတာကိုးဆိုတာလဲ ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား)။

လိုသေးလို့ဘာတုံး....(ဖြည့်စွက်ပေးနေတာပါ) လိုသေးလို့ ဖြည့်စွက်ပေးနေတာဘဲဆိုတာ ပေါ်ပြီနော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ရှောင်ကြဉ်တဲ့ အရေးကိုဖြင့် ကိုယ့်ဟာကိုယ်ရှောင်ယင် ကိုယ်ပြီးကြတာပါဘဲ....(မှန်ပါ့)ဆေးကိုတော့ဖြင့် သောက်နည်းသောက်ပုံနဲ့တက္ခ ပြောဘို့ရာ အရေးကတော့ ဆရာသမား တာဝန်ရှိပြီ.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ယနေ့သည် အနာပျောက်ဆေး သောက်ဘို့ အရေးကိုဘဲ ဟောလိမ့်မယ်ဆိုတဲ့ဥစ္စာ တကာတကာမတွေ့ စဲမြဲပြီး မှတ်ထားဘို့ပေါ့....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ပြောကြပါစို့....တဲ့၊ ပြောကြပါစို့ ဆိုတော့ ဝိပဿနာအလုပ် အဂ္ဂိဝစ္ဆာဘဲ ပြန်ထုတ်ရမယ်နော်....(မှန်ပါ့) အဂ္ဂိဝစ္ဆာဘဲ ပြန်ထုတ်လိုက်တဲ့အခါကျတော့ အဂ္ဂိက=မီး၊ဝစ္ဆက= အနှယ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ အဂ္ဂိဝစ္ဆက ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို တဏှာဥပါဒ်ဒါန်ကံ ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့....(မှန်ပါ့) ကဲ- အလယ်ပိုင်းက စကြစို့....(မှန်ပါ့ ဘုရား)။

တဏှာ,ဥပါဒါန်,ကံ ဒါချုပ်တယ်....(မှန်ပါ့) ဒါ- ဘာဖြစ်လို့ ချုပ်ပါလိမ့်မတုံးဆိုတော့ ရှေ့က မဂ္ဂင်ငါးပါးရှိလို့....(မှန်ပါ့) ရှေ့က မဂ္ဂင်ငါးပါးကလဲ ဒီ-ခန္ဓာငါးပါးတွင် တပါးပါးကို ဖြစ်ပျက်ရှုလို့....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး တပါးပါး ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ တကာတကာမတို့ ဒီ-မဂ္ဂင်သည်ကားလို့ဆိုယင် မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)ပေါ်လာတော့ ဒီ- ကိလေသာနှုနာတွေ ပျောက်- မပျောက်....(ပျောက်ပါတယ်ဘုရား)။

ဩော်....ဒါက သောက်ဆေး သောက်လို့ ပျောက်တာ၊ (မှန်ပါ့ဘုရား) ဒီဘက်ကဟာက ဖြစ်ပျက်ရှုလို့ တကာကြွယ်ရ ဒီဘက်က မဂ်ပေါ်တာ.. (မှန်ပါ့) မဂ်တည်းဟူသော သောက်ဆေး သောက်လိုက်တော့ ကိလေသာနှုနာ သုံးခု ပျောက်တယ်....(မှန်ပါ့ဘုရား)။

တဏှာ, ဥပါဒါန်, ကံဆိုတဲ့ ကိလေသာ နှုန်းတွေ ဘာဖြစ်သွားပါလိမ့်....(ပျောက်သွားပါတယ်ဘုရား)။

အင်း....ဒါက သီလကြောင့် ပျောက်တာလား၊ သောက်ဆေးဝိပဿနာကြောင့် ပျောက်တာလား....(သောက်ဆေး ဝိပဿနာကြောင့် ပျောက်တာပါဘုရား)။

အင်း... ဦးမာဒင် တော်တော်အားရှိစရာကောင်းပြီ (မှန်ပါ) တော်တော် အားရှိစရာကောင်းပြီ တကာတကာမတို့.... (မှန်ပါ) သြော်....ဒါ- သီလဆောက်တည်နေတဲ့ အခါကျလို့ ရှိယင်ဖြင့် ဝိပဿနာအလုပ်- မလုပ်လို့ ရှိယင်ဖြင့် တကာတကာမတို့ သောက်ဆေးမပါဘူး၊ ရှောင်တာနဲ့ အချိန်ကုန်နေတယ်....(မှန်ပါ)မသင့်တဲ့အစာ ရှောင်ကြဉ်မှုနဲ့ဘဲ အချိန်ကုန်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် အားလုံး ဒီအထဲ သီလရင်တွေလဲ့ ပါကြ၊ လူတွေလဲ ပါကြတယ်၊ သီလနဲ့ တော်လောက်ပြီဆိုတဲ့ ပုဂ္ဂိုလ်မျှား မမှားဘူးလား....(မှားပါတယ်ဘုရား)။

သီလနဲ့ တော်လောက်ပြီဆိုတဲ့ ပုဂ္ဂိုလ်မျှား .. (မှားပါတယ်ဘုရား) မှားတယ်တဲ့၊ ဘာ့ကြောင့် မှားသတုံးဆိုတော့ ရှောင်ကြဉ်ရုံတင် ရှောင်ကြဉ်၍ ပျောက်တဲ့ သောက်ဆေးကို အရေးမထားတဲ့အတွက်ဘဲ....(မှန်ပါဘုရား)။

ပျောက်တဲ့ သောက်ဆေးကို.... (အရေးမထားလို့ ပါဘုရား) ဒါဖြင့် သူ့မှာ သေသွားတော့ကို ဒီရောဂါနဲ့ဘဲ သေသွားတယ်လို့ ဆိုရမှာပေါ့....(မှန်ပါဘုရား)။

တကာကြွယ် ဘယ်နှယ်ဆိုမယ်....(ဒီရောဂါနဲ့ဘဲ သေသွားပါတယ်ဘုရား)။

အေး....ဒါကြောင့် ကျုပ်တို့ သီလရင် ဝတ်နေပြီ၊ ကျုပ်တို့ဘုန်းကြီးတွေဘဲ ၂၂၇-သွယ် သိက္ခာပုဒ်တွေ စောင့်ရှောက်နေပေါ့ဘဲ၊ ဘာလိုသေးသတုံး ဆိုတဲ့ဥစ္စာကိုလဲ မသုံးဘဲနဲ့ လိုသေးတာ ဖြည့်စုက်ပြီး သကာလ ကြိုးစားပါဆိုတာကိုလဲ တိုက်တွန်းရပြန်တယ်....(မှန်ပါ) မတိုက်တွန်းသင့်ဘူးလား.... (တိုက်တွန်းသင့်ပါတယ်ဘုရား)။

ကိုင်း-ပေါ်ပြီတဲ့ အခု ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာကတော့ သူမျှားဟောတာလား၊ ကိုယ့်ခန္ဓာဖြစ်စဉ်လား.... (ကိုယ့်ခန္ဓာဖြစ်စဉ်ပါဘုရား) အဲ....သောက်ဆေး သောက်လိုက်တော့ ကိုလေသာ ဝေဒနာတွေ ဘာဖြစ်သွားသတုံး....(ပျောက်သွားပါတယ်ဘုရား)။ ခုနင်က ရှောင်ဆေးနဲ့ဖြင့်....(မပျောက်ပါဘုရား) မပျောက်ဘူးဆိုတာ ပဋ္ဌိစ္စသမုပ္ပါဒ်က သက်သေခံနေတယ်.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက သက်သေခံပါလိမ့်....(ပဋ္ဌိစ္စသမုပ္ပါဒ်က သက်သေခံပါတယ်) ဒါ့ဖြင့် သက်သေခံလုံလောက်လို့ ရှိယင်ဖြင့် သက်သေခံလုံလောက်တဲ့ သောက်ဆေးကိုဖြင့် ကျုပ်တို့ ပျောက်ဘို့အရေးလိုတဲ့ ပုဂ္ဂိုလ်က အထူးတလည် သောက်ရလိမ့်မယ်ဆိုတာကိုဖြင့် ဘာမှသံသယမရှိဘဲနဲ့ သောက်ဘို့ပါဘဲ.... (မှန်လှပါဘုရား)တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....တဲ့၊ ဟို ဘုရားသခင် ကိုယ်တော်မြတ်ကြီးလက်ထက်က သုရာမဋ္ဌတို့၊ သုရာဆိုတာ သေရည်သောက်တာ၊ မဋ္ဌက

တကာတကာမတို့ ယစ်မူးတဲ့ သဘောပေါ့ဗျာ၊ မေ့လျော့တဲ့ သဘော....(မှန်ပါ့) သောက်ဆေးသောက်လိုက်တာနဲ့ဘဲ....တဲ့၊ တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝိပဿနာ ရှုနည်း နိဿယည်း ပြောလိုက်တာနဲ့ဘဲ ၎င်း သုရာမဋ္ဌဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျွတ်တမ်းဝင်တယ်၊ သောတာပန်တည်ရတယ်.... (မှန်ပါ့) မတည်ဘူးလား....(တည်ပါတယ်ဘုရား)။

အဲဒါ ဘာဆေးပါလိမ့် (ရောဂါပျောက်ဆေးပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)အေး....ဒါ့ကြောင့် ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်မှာ သီလပါသွားတယ်ဆိုတာလဲ ထင်ရှားတယ်.... (မှန်ပါ့ဘုရား)။

ဝိပဿနာလုပ်နေ**တဲ့**ပုဂ္ဂိုလ်မှာ.... (သီလပါသွားတာ ထင်ရှားပါတယ်ဘုရား)။

မယုံယင် ခင်ဗျားတို့ ကြည့်ပါတဲ့၊ ဒီ အချိန်ကလေးမှာဘဲ ပါဏာတိပါတကလဲ ဒီအချိန်မှာ လုပ်နေတဲ့ပုဂ္ဂိုလ် ရှောင်ကြဉ်ပြီးသားဘဲ.... (ရှောင်ကြဉ်ပြီးသားပါဘုရား) အဒိန္နာဒါနာ.... (ရှောင်ကြဉ်ပြီးသားပါ) မုသာဝါဒါ၊ ပိသုဏာဝါစာတို့.... (ရှောင်ကြဉ်ပြီးသားပါဘုရား) သြော်....သီလအတွင်း ဝင်နေပြီ- (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သီလအတွင်း ဝင်ပြီးသကာလ နေတဲ့ အတွက် တကာတကာမတို့ သူ့ကို အဓိကထား လုပ်လို့ရှိယင် ဝိသေသဘာဝကိယသီလ ဖြစ်ပါတယ်....(မှန်ပါ့ဘုရား) ဝိ**သေ**သက ထူးတာ၊ ဘာဝကိယက အဘို့၊ သီလက ရှောင်ကြဉ်တာ၊ အထူး သီလနဲ့ ကျုပ်တို့ နေတယ်ဆိုယင်ဖြင့် ဝိပဿနာ**အလုပ်,**လုပ်ပြီး

နေတဲ့ပုဂ္ဂိုလ်များ အထူးသီလနဲ့ နေတယ်ဆိုတဲ့အဓိပ္ပါယ်ရတယ် (ရပါတယ်ဘုရား)။

ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များမှာ ... (အထူးသီလနဲ့ နေတဲ့ အဓိပ္ပါယ်ရပါတယ်) အထူးသီလနဲ့ နေတယ်ဆိုတဲ့ အဓိပ္ပါယ်ရတော့ တကာ့ကြွယ်ရေ ကြိုးစားပါနော် ... (မှန်ပါ့)ကြိုးစားပါ-ကြိုးစားပါ တကာတကာမတို့ ဒီ-သာသနာတော်ကလဲ တနေ့ကပြောခဲ့တယ်၊ "ဝိပဿနာဉာဏ် သာသနသို့ ယေဝ ဟောတိ" ဝိပဿနာဉာဏ်ဟာ သာသနာရှိတုန်းမှာ ပေါ်တာပါ....(မှန်ပါ့) ထာဝရနိစ္စသဘော "နေ"လို့"လ"လို့ ပေါ်နေတာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒီတော့ ဝိပဿနာ ဉာဏ်ကလေးဟာ ယခုလိုဆရာကောင်းသမားကောင်းနဲ့ တွေ့တုန်း တကာတကာမတွေ ထောင်နှိုင်တဲ့နားနဲ့ ကြုံတုန်း ဒါကလေးပေါ်တဲ့အချိန်မှာဖြင့် ဝိသေသဘာဂိယဖြစ်အောင် အားလုံး တကာတကာမတွေ ကြိုးစားပါလို့ ဆိုတာ သတိပေးရတယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ယနေ့ရှေ့ပိုင်းမှာ ဒါလောက် အရေးတကြီးစကားပြောဆိုနေပါလိမ့်မလဲလို့ မတင်းတိမ်ကောင်းတာနဲ့ တင်းတိမ်နေမှာစိုးလို့....(မှန်လှပါဘုရား)။

မတင်းတိမ်ကောင်းတာနဲ့.... (တင်းတိမ်နေမှာ စိုးလို့ပါဘုရား)။

အေး... ဒါ့ကြောင့် ရှေးကတော့ဖြင့် တခါတည်း ဇရပ်တွေ သွားတဲ့ပြီးသကာလ နေကြ- ထိုင်ကြတာဘဲ၊ ဥပုသ်နေ့ဘဲကွာ-ဥပုသ်သီတင်းတော့ စောင့်မှပေါ့ကွာဆိုပြီးသကာလ တကာကြွယ် ဒါနဲ့ဘဲ နေကြတာဘဲ.... (မှန်ပါ့) ခုနင်က ခန္ဓာဉာဏ်

ရောက် အလုပ်တွေကတော့ဖြင့် လက်မဲ့ ဖြစ်နေတယ်....(မှန်ပါ) ဒီလို ဖြစ်ပြီးသကာလ နေတော့ ဘုန်းကြီးတို့ တကာတကာမ တွေမှာ ရှောင်တဲ့သဘောသာ ရှောင်၍ အနာပျောက်ဆေး မလုပ်တဲ့ အဓိပ္ပါယ် ရောက်နေတယ်.... (ရောက်ပါတယ်ဘုရား) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါကြောင့် အခု တကာတကာမတွေတော့ဖြင့် သိပြီးသား ပုဂ္ဂိုလ်လဲ မြဲရော့၊ မသိသေးတဲ့ ပုဂ္ဂိုလ်လဲ ပြင်ကြပါ၊ဒီအတိုင်း လုပ်ပါဆိုတဲ့ဥစ္စာကို သတိပေးရတယ် (မှန်ပါဘုရား)။

အခု ပဋ္ဌိစ္စသမုပ္ပါဒ်ကြီး ရှေ့နားမှာ၊ တန်းပြလိုက်တော့ ဟောဒါက ခန္ဓာငါးပါး....(မှန်ပါ)တပါးပါး ဖြစ်ပျက်ရှုလိုက် ပြီဆိုမှဖြင့် ဖြစ်ပျက်နဲ့၊ မဂ်နဲ့ ကိုက်သွားမယ်....(မှန်ပါ) ကိုက် သွားတဲ့အခါကျလို့ရှိယင် တာဏှာဟာ ဝိပဿနာနဲ့ တဒင်္ဂ သေ တာဘဲ....(မှန်ပါ) နောက် ဝိပဿနာမဂ်က လောကုတ္တရာမဂ် ဖြစ်လာလို့ရှိယင်လဲ ဒီဌိတို့ သူနဲ့ဆိုင်ရာတွေ အကုန်သေတာ ဘဲ.... (မှန်ပါ)ဩော်....ဒါက သောက်ဆေးဆိုတော့ ရောဂါ ပျောက်ရေးအမှန်ဘဲ....(မှန်ပါဘုရား)။

သောက်ဆေးဆိုတော့.... (ရောဂါပျောက်ရေး အမှန်ပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ကိုင်း·ဒါဖြင့် တကာတကာမ တို့ ရောဂါနဲ့ဘဲ သေချင်သလား၊ ပျောက်ပြီးသကာလ နေချင် သလားဆိုတာဟာ ဒါ-မေးစရာအကြောင်း ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ရောဂါနဲ့ဘဲ သေချင်သလား၊ ရောဂါပျောက်ပြီး ရှင်ချင် သလားလို့မေးယင် ဘယ်နှယ်ဖြေကြမယ်.... (ရောဂါပျောက် ပြီး ရှင်ချင်ပါတယ်ဘုရား)။

၅၂- ဒီအတိုင်း ဖြေကြရမှာဘဲဆိုတာ တကာကြွယ် သေချာသွားပြီ .. (သေချာပါပြီဘုရား)။

အဲ....၅၂ဖြင့် သီလဆောက်တည်ပြီး ဝိပဿနာကူပါ-(မှန်ပါ) သီလဆောက်တည်ပြီးတော့.... (ဝိပဿနာကူပါ) ပေါ်ကြပြီ.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အဂ္ဂိဝစ္ဆပြန်စ,ကြစို့....တဲ့၊ တကာ တကာမတို့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မျိုး တဏှာ ဥပါဒါန် ကံတွေဟာ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဩော်.... ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မျိုး တဏှာ ဥပါဒါန် ကံ ချုပ်တယ်ဆိုတာ အပြောလား-အမြင်လား....(အမြင်ပါဘုရား)။

အမြင်ဖြစ်ပြီးသကာလနေတော့ အဂ္ဂိဝစ္ဆက **မေး**လိုက်တယ်၊ ရှင်ကြီးဂေါတမ....တဲ့၊ ရှင်ကြီးဂေါတမ အယူကဖြင့် ဖြစ်ပျက်ရှုရမယ်လို့ ဆိုပါတယ်၊ ဖြစ်ပျက်ရှုလိုက်တော့ တဏှာ ဥပါဒါန်တွေ ချုပ်ပြီးသကာလ နေတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝက စုတေမနေသေလွန်တဲ့အခါ ဘယ်မျိုး ရောက်သွားပါလိမ့်မတုံး-(မှန်ပါ) ဘယ်မျိုး ရောက်ပါလိမ့်မလဲလို့ သူ့ဉာဏ်နဲ့သူ မေးရမှာဘဲ.... (မှန်ပါ)။

ဟာ....ဒီအဓိပ္ပါယ်ကို မမေးပါနဲ့ကွာ....တဲ့၊ ဒီလိုမရောက်ပါဘူး....တဲ့-(မှန်ပါ) မဖြေဘူးလား.... (ဖြေပါတယ်) နိဗ္ဗာန်သွားတယ်လို့ ဖြေရမှာနော်....(မှန်ပါ)။

ဒီလို သူက ဘယ်သွားပြီး ပဋ္ဌိသန္ဓေနေသတုံးမေးတဲ့အဓိပ္ပါယ်ကြောင့် ဘုရားက ဒီအဓိပ္ပါယ်မရောက်ပါဘူးကွာ....လို့ ဖြေလိုက်တယ်နော်....(မှန်ပါ)။

ဒါဖြင့် ရှင်ကြီးဂေါတမ....တဲ့၊ ဒီလိုတဏှာ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်များ ဘယ်မှသွားပြီး မဖြစ်တော့ဘူးလား....တဲ့ ဆိုတော့ ဘယ်မှသွားပြီး မဖြစ်တော့ဘူးလို့ ဖြေဘို့ရာအချိန်တော့ ရောက်ပါရဲ့.... (မှန်ပါ့-ရောက်ပါတယ်ဘုရား) ရောက်ပင် ရောက်ငြားသော်လဲ ဒီပုဂ္ဂိုလ်က ဘာမှ မသိသေးတဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ တကာသစ် ဥစ္ဆေဒဒိဋ္ဌိဘက်သွားမယ်.... (မှန်ပါ့) ဒါကြောင့် နိဗ္ဗာန်မသိယင် ဘယ်ဘက်သွားပါ့လိမ့်.... (ဥစ္ဆေဒဒိဋ္ဌိဘက် သွားပါတယ်ဘုရား)နိဗ္ဗာန်မသိယင် ဥစ္ဆေဒဒိဋ္ဌိဘက် သွားတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်ကိုလဲ ရှေးဦးစွာ သိနှင့်ရတယ်ဆိုတာ ရှင်းကြပလား....(ရှင်းပ´ပြီ)။

ကောင်းပြီ၊ ဒီစကား အသာထားလိုက်၊ ရှင်းကြီးဂေါတမ တဲ့ ၊ ဒါဖြင့် ကျုပ် စကားလေးခွန်းပြည့်အောင် မေးပါရစေ ဆိုပြီးသကာလ ယခုလို တဏှာ ဥပါဒါန် ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘုံဘဝ-ဖြစ်ချီတလှည့်, မဖြစ်ချီတလှည့် ဒီလိုလားလို့ မေးတော့ ဒီအဓိပ္ပါယ်လဲ မရောက်ပါဘူးကွာ....တဲ့- (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

စတုတ္ထမေးခွန်းက မဖြစ်သည်မဟုတ်- ဖြစ်တဲ့အဓိပ္ပါယ်မျိုးကော ရောက်သေးသလား....လို့ မေးလိုက်တဲ့အခါ ဒီအဓိပ္ပါယ်**လဲ** မရောက်ပါဘူးကွ....တဲ့-(မှန်ပါ့) ဆိုတော့ ပုဏ္ဏားက လေးခုစလုံး မေးတဲ့အခါ ဘုရားက ဒီအဓိပ္ပါယ် မရောက်ဘူးကွ လို့ အကုန် ဖြေလိုက်တဲ့အတွက် ရှင်ကြီးဂေါတမ....တဲ့၊ကျုပ်တော့ဥာဏ်တုံးပါပြီ-တဲ့၊ အရင်တုန်းက ပြောခဲ့ဆိုခဲ့တဲ့ စကားတွေတုန်းကတော့ တယောက်တယောက်အတော်ကြည်ညိုပြီးသကာလ ဝမ်းမြောက်

ခဲ့ကြတယ်(မှန်ပါ့)ယခုအခါမှာဖြင့် ဥပါဒ်ခံနိုင်ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သူ့သားသတုံးမေးတဲ့ စကားလေးခွန်းကို ရှင်ကြီးဂေါတမက ဒီ.... အဓိပ္ပါယ်မျိုး မရောက်ဘူးကွ...လို့ ဖြေလိုက်သဖြင့်ကျုပ်တော့ ဖြင့်ဉာဏ်တုံးပြီ.. တဲ့-(မှန်ပါ့)။

ဘယ်သူက တာဝန်ခံပါလိမ့်....(အဂ္ဂိဝစ္ဆကပါ) အဂ္ဂိဝစ္ဆက တာဝန်ခံတယ်ဆိုတာ တကာတကာမတွေ့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဩော်....တာဝန်ခံတယ်ဆိုဘာ တကာတကာမတွေ့ နိုဗ္ဗာန်မသိလို့....(မှန်ပါ့) နိုဗ္ဗာန်မသိတဲ့အဖြစ်ဟာ တကာတကာမတို့ဘယ်လောက်ဆိုးသတုံး....(ဆိုးပါတယ်ဘုရား) နိုဗ္ဗာန်ကို ပုထုဇဏ်အားဖြင့် သိနှင့်ထားရမယ်ဆိုတာ တကာတကာမတွေ့ မှာ်ရမယ်(မှန်ပါ့ဘုရား)။

နိုဗ္ဗာန်ကို ပုထုဇဏ်ဉာဏ်နဲ့ဘဲ.... (သိနှင့်ထားရပါမယ်) သိနှင့်ထားရမယ်ဆိုတော့ ဒီနေရာမှာ စကားကလေးက ဦးမာဒင်တို့သတိထားလိုက်၊ တကာကြွယ် သတိထားလိုက်၊ တကာသစ်တို့သတိထားလိုက်၊ မိလိန္ဒပဉ္ဉာကလေး နည်းနည်း သွင်းလိုက်တယ်(မှန်ပါ့)။

နိုဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ စောစောစီးစီး သိနိုင်သလား၊ မသိနိုင်ဘူးလားလို့ မိလိန္ဒမင်းကြီးက မေးလိုက်တယ်....(မှန်ပါ့) အဲဒါရဟန္တာဖြစ်တဲ့ ရှင်နာဂသိန်က တကာကြီး သိနိုင်တယ်....တဲ့-(မှန်ပါ့ဘုရား) နိုဗ္ဗာန်သိနိုင်တယ်-(မှန်ပါ့ဘုရား)။

သိနိုင်ပုံ ပြောစမ်းပါဘုရား၊ သူ-ပုထုဇန်ဘဲတဲ့၊ နိဗ္ဗာန် သိနိုင်တယ်ဆိုတော့ တပည့်တော်များ အင်မတန်မှ ဒီဥစ္စာ' အကြပ်အတည်းဖြစ်ပါတယ်၊ ပုထုဇန် နိဗ္ဗာန်သိရမယ်ဆိုတဲ့အဓိပ္ပါယ်ဟာ အရိယာအဖြစ်မျိုးလဲ မရောက်သေးတဲ့အတွက် တပည့်တော်မှာ ဒါကို အရှင်ဘုရား ပြောမှဘဲ သိရမည့် ပုဂ္ဂိုလ် တဦးတယောက် ဖြစ်တော့ ကဲ....ဥပမာကလေးဆောင်စမ်းပါ....တဲ့.... (မှန်ပါ့ ဘုရား)။

ဥပမာကလေး ဆောင်စမ်းပါ ဆိုတော့ တကာကြီး....တဲ့ လူတယောက်မှာ အနာပေါက်နေတယ်၊ ခြေကျိုး,လက်ကျိုး-ကျိုးနေတယ် ... (မှန်ပါ့) ခြေကျိုး-လက်ကျိုး အနာတွေက ပေါက်ပြီးသကာလနေတော့ သြော်....ဒါ-ဒုက္ခဘဲလို့ သူ့ဟာသူ မသိပေဘူးလား....(သိပါတယ်ဘုရား)။

အဲဒီတော့ မကျိုးတဲ့ပုဂ္ဂိုလ်က သြော်.... ဒို့မှာတော့ ချမ်းသာတယ်၊ ခြေလဲမကျိုး-လက်လဲမကျိုး၊ အနာလဲ မပေါက်တဲ့ အဘွဲ့ဂ် ဒို့မှာ ခွမ်းသာတယ်ဆိုတာတော့ သူများပြောလား၊ သူကိုယ်တိုင်သူ တွေးသိတာလား....(သူကိုယ်တိုင်သူ တွေးသိတာ ပါဘုရား)။

ကျိုးတဲ့ပုဂ္ဂိုလ်မြင်ရသဖြင့် မကျိုးတဲ့ပုဂ္ဂိုလ်က ဒို့မှာ ချမ်းသာပေတယ်....(မှန်ပါ့ဘုရား) အနာပေါက်တဲ့ပုဂ္ဂိုလ်မြင်ရသဖြင့် မပေါက်တဲ့ပုဂ္ဂိုလ်က ဒို့မှာ အနာကင်းပေတယ်....(မှန်ပါ့) မသိပေဘူးလား... (သိပါတယ်ဘုရား)။

ထို့အတူဘဲတဲ့၊ ဒုက္ခရောက်နေတဲ့ ပုထုဇန်မှာဖြင့် ဒီအတိုင်းပါဘဲ၊ ဒုက္ခရောက်တာမြင်တိုင်း ဒုက္ခမရောက်တာ နိဗ္ဗာန်ကိုးဆိုတဲ့

ဥစ္စာ လူတိုင်းသိပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒုက္ခရောက်တာမြင်ယင် ဒုက္ခမရောက်တာ.... (နိဗ္ဗာန်ကိုးလို့ သိပါတယ်ဘုရား) နိဗ္ဗာန်ကိုးဆိုတဲ့ အဓိပ္ပါယ်မျိုးဟာ လူတိုင်း သိပါတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ပုထုဇဉ်ပေမဲ့ တကာတကာမတို့ သိနိုင်တယ်....(မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်နဲ့ သိတာလား လို့ ဒီလိုတော့ မမေးလိုက်ပါနဲ့ မဂ်ဉာဏ်မရှာဘဲနဲ့ မဂ်ဉာဏ်အသိမျိုးတော့ မဟုတ်ဘဲနဲ့ တကာ တကာမတို့ ဆ,ပြီးသိတဲ့ အသိလို့ မှတ်လိုက်ပါ .... (မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဆ,ပြီးသိတဲ့အသိပါဘုရား) ဆ,ပြီး သိတဲ့ အသိတော့ဖြင့် ပုထုဇဉ်မှာ ရနိုင်ပါတယ်....(မှန်ပါ့) အဲဒီ ဆ,ပြီးသိတဲ့အသိကြောင့် တကာတကာမတို့ သုမေဓာရသေ့ ဟာ သုမေဓာရသေ့ဆိုတော့ အတော်နုပါသေးတယ်-(မှန်ပါ့) လေးသခ်ၢေ့နဲ့ ကမ္ဘာဟာသိန်း ကျင့်ရဦးမယ်....(မှန်ပါ့) သုမေဓာ ရသေ့အဖြစ်၌ ဗျာဒိတ်ရတာကိုး.... (မှန်လှပါ) အဲဒီမှာဆ,သိပါ တယ် အပူရှိယင် အအေးရှိရမယ်ကွ(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အပူရှိယင် (အခအေး ရှိရမှာပါဘုရား) အပူဒုက္ခခန္ဓာကြီး ရှိနေယင် အအေးသုခတော့ဖြင့် ရှိရမှာဘဲဆိုတာ အဲဒီတုန်း ကတည်းက သူသိတယ်....(မှန်လှပါ) တကယ် မြင်သိလား....လို့ ဆိုတော့ ဆ,သိလို့မှတ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကိုင်း .. ဒါဖြင့် တကာတကာမတွေ့လဲ နိဗ္ဗာန်သိနှင့်ရမယ် ဆိုတာ ကိလေသာအပူ လောင်တိုင်း-လောင်တိုင်း ချော်.... နိဗ္ဗာန်ဆိုတာ ဒီအပူဇာတ်သိမ်းတာပါလားလို့ မသိပေဘူးလား (သိရပါတယ်ဘုရား)။

သားပူ, သမီးပူ, ဆွေပူ,မျိုးပူတွေ့ ပူတိုင်း ပူတိုင်း ချော်.... နိဗ္ဗာန်ဆိုတာတော့ ဒီအပူငြိမ်းတာပါလားလို့ မသိပေဘူးလား (သိပါတယ်ဘုရား)။

ဒီအပူငြိမ်းတာလို့ သိတာဟာ တကာတကာမတို့ ကိုယ့်သန္တာန်မှာ တကယ်ငြိမ်းလို့ သိတာလားတဲ့၊ ပူတာနဲ့ ဆ, သိတာလား....(ပူတာနဲ့ ဆ,သိတာပါ) ဒီလို အသိဉာဏ်ထားမှ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်တယ်....(မှန်ပါ့ဘုရား)။

ချော်....ဒီဘက်က ခန္ဓာက အပူ .. (မှန်ပါ့) ခန္ဓာနဲ့ကိုလေ့သာက....(အပူပါ) ခန္ဓာနဲ့ကိုလေသာ သိမ်းသွားတာက... (အအေးပါ) အအေးဘဲဆိုတာ မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

အေး .... ဒီလိုလဲ သိနှင့်ပြီး တကာတကာမတွေ့ ထားပါ၊ မသိယင် ဥစ္ဆေဒဒိဋ္ဌိဖြစ်မှာ စိုးလို့ပါ....(မှန်ပါ့) ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ဒါနဲ့အဂ္ဂိဝစ္ဆက အမေးပုစ္ဆာမေးတဲ့ဥစ္စာ ဘယ်ဟာမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအဓိပ္ပါယ်မျိုး မရောက်ပါဘူးကွတဲ့၊ မင်းမေးတာတွေ့ ဒီအဓိပ္ပါယ် မရောက်ပါဘူးကွတဲ့ ဆိုပြီး ဖြေလိုက်တဲ့အခါကျတော့ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်

ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ မင်းရအောင်ရှာမှ အခု မင်းမေးတဲ့အမေးဟာ မင်းဟာမင်း အဖြေထွက်မယ်တဲ့ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြွယ်တို့၊ ဦးမာဒင်တို့ ပဋ္ဌိစ္စသမုပ္ပါဒ် ဘုရားကိုယ်တိုင် ဖွင့်ချတယ်....(မှန်ပါ့)ဒါ မသိလို့ရှိယင်ဖြင့် ခန္ဓာလဲမသိဘူး၊ နိဗ္ဗာန်လဲမသိဘူး... (မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်မသိယင် .... (ခန္ဓာလဲမသိ- နိဗ္ဗာန်လဲ့ မသိပါဘုရား)။

အားလုံး တကာတကာမတွေနော်.... (မှန်ပါ့) အင်မတန်ခင်ဗျားတို့ ဘုန်းကံကြီးမားလို့၊ အကြောင်းညီညွတ်လို့၊ မသေကြလို့ ဒီလိုပြောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ကြုံကြလို့၊ သြော်....ပဋ္ဌိစ္စသမုပ္ပါဒ်မသိယင် ခန္ဓာလဲမသိ၊ နိဗ္ဗာန်လဲမသိပါလား.... (မှန်ပါ့) ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် မသိယင် .... (ခန္ဓာလဲမသိ၊ နိဗ္ဗာန်လဲ မသိပါဘုရား)။

ခန္ဓာကို သူ ဘာသိတော့မတုံး-တဲ့၊ တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်မသိတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်သန္တာန်ဖြစ်နေတဲ့ ဓမ္မကလေးတွေ ပေါ်လာတာကလေးတွေမှ မသိလို့ရှိယင်ဖြင့် သြော်.... ဒါကလေးတွေသည်ကားလို့ ဆိုလို့ရှိယင် ခန္ဓာကလေးတွေ ပေါ်နေတာပါလားလို့ သိသေးရဲ့လား....(မသိပါ) မသိတော့ ဒါတွေ ပုဂ္ဂိုလ်,သတ္တဝါ, လုပ်ပစ်လိုက်တယ်....(မှန်ပါ့) အင်း.... သက္ကာယဒိट्ठိ ဦးစီးမလာပေဘူးလား .. (လာပါတယ်ဘုရား)။

တခါ ဒီဟာတွေ ချုပ်ငြိမ်းရုပ်သိမ်း သွားတာကိုမှ မသိလို့ရှိယုင်၊ သြော်....ဒီဒုက္ခသစ္စာတွေသာ ချုပ်ငြိမ်းရုပ်သိမ်းသွားယင်

နိဗ္ဗာန်ဘဲလို့ကော သိပါ့မလား....(မသိပါ)ဒါဖြင့်ပဋ္ဌိစ္စသမုပ္ပါဒ် မသိယင် ခန္ဓာနဲ့နိဗ္ဗာန်မသိ....(မှန်ပါ့) ခန္ဓာနဲ့နိဗ္ဗာန် မသိသ၍ ကာလပတ်လုံး တကာကြွယ်-မှတ်လိုက်၊ ဘယ်တော့မှနိဗ္ဗာန်မရ.... (မှန်ပါ့ဘုရား)။

ဘယ်တော့မှ.... (နိဗ္ဗာန်မရပါ) ဘယ်လို ဆုတောင်း- ဆုတောင်း မရဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်မသိယင် ခန္ဓာလဲမသိဘူး_(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) နိဗ္ဗာန်ကော .... (မသိပါ)ဘယ်နှယ်ကြောင့် နိဗ္ဗာန်မသိသတုံးဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆုံးတာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါ) ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်တာ သိနေတာက ခန္ဓာသိတာ....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ဆုံးတာသိတာက....(နိဗ္ဗာန်ပါဘုရား)။

သြော်....တယ်လဲ အဘိုးတန်ပါကလား ဆိုတာ တကာကြွယ်ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးနေ့တိုင်း ဟောတဲ့အခါမှာ တကာ တကာမတွေ သိတဲ့အတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်လွှတ်ပြီး မပြောရဲပါဘူး....(မှန်ပါ့) ပြောယင် တရားကိုမပေါက်ဘူး .... (မှန်ပါ့) ပြောတဲ့တရားဟာလဲ တရားစစ်မကျပါဘူး....(မှန်ပါ့)အပေါ်ယံပြောသွားတဲ့ အဓိပ္ပါယ်ဘဲ ရောက်တယ်(မှန်ပါ့ဘုရား)။

ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် သိလိုက်တဲ့အတွက်တဲ့ တကာတကာမတို့ နိဗ္ဗာန်သိတာလဲ ဥစ္ဆေဒဒိဋ္ဌိလွှတ်တယ်-(မှန်ပါ့)ပဋ္ဌိစ္စသမုပ္ပါဒ် ကလေးတွေကို တခုပြီးတခုဖြစ်၊ တခုချုပ်ပြီး တခုဖြစ်၊ တခု

ချုပ်ပြီး တခုဖြစ်တာကို ကိုယ့်ဉာဏ်နဲ့ သုတမယဉာဏ်နဲ့ သိဦးတော့ သဿတလဲ လွတ်ပြီးတော့ ဥစ္ဆေဒလဲလွတ်တယ်· (မှန်ပါ) သက္ကာယကော....(လွတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် မူမတည်ဘဲနဲ့ တရားတွေ နာပြီးသကာလနေကြတဲ့ တကာ တကာမတွေ အချက်မှာဖြင့် အင်း....ဒီဥစ္စာသည်ကားလို့ ဆိုယင် ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ "သုညတမမ"ဖြစ်ဘို့ ဦးမာဒင် ရှိကိုမရှိဘူး....(မှန်ပါ့ ဘုရား) ဘယ်လောက် နစ်နာသွားသလဲ....(နစ်နာပါတယ်) တကာကြွယ် သိပ်နစ်နာသွားပြီ....(မှန်ပါ့ဘုရား)။

ဒါဖြင့် သုညတမမမှ မနာရလို့ရှိယင်လဲတဲ့ သက္ကာယဒိဋ္ဌက မပြုတ်တော့ဘူး .... (မပြုတ်ပါ) သုညတမမမှ မနာရယင်.... (သက္ကာယဒိဋ္ဌမပြုတ်ပါဘုရား)။

တကာသစ်ရေ-သူမှ မပြုတ်လို့ရှိယင်လဲ ဘယ်တော့မှ ပဌမနိဗ္ဗာန်တောင် မရပါဘူး.... (မရပါ) ဒုတိယ, တတိယ, စတုတ္ထနိဗ္ဗာန်ဆိုတာ အသာထားလိုက်စမ်းပါဦး ...(မှန်ပါ့) ပဌမနိဗ္ဗာန်တောင် ဦးလှဘူး....(မရပါ) အဲ....သုညတမဆိုက်ယင် မရနိုင်ဘူး.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုညတ မဆိုက်ကတည်းက ပုဂ္ဂိုလ်သတ္တဝါမပျောက်တော့ဘူး....(မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါ မပျောက်ကတည်းက သက္ကာယဒိဋ္ဌက....(မပြုတ်ပါ, မပြုတ်ကတည်းက ပဌမနိဗ္ဗာန်ကို သက္ကာယဒိဋ္ဌက အတင်းခံပြီးသကာလ ပိတ်ထားတာဘဲ....(မှန်ပါ့) မြင်ခွင့်ပေးသေးရဲ့လား....(မပေးပါဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတွေ့ ဘုန်းကြီးက သတိပေးရတယ်၊ သနားလွန်းလို့ သတိပေးတယ် (မှန်ပါ့) အင်မတန်မေတ္တာရှေ့ထားပြီး သတိပေးတယ် .... (မှန်ပါ့)ဒီတရားကို ခင်ဗျားတို့ သေသေချာချာနာကြပါ၊ သေသေချာချာနာကြပါ၊ ဒီဥစ္စာ တရားစစ်-တရားမှန်၊ ခင်ဗျားတို့လိုချင်တဲ့ နိဗ္ဗာန်ကို ခင်ဗျားတို့လိုချင်တဲ့ ဒုက္ခသိမ်းတာ ဒီဟာမှာဲ အမှန်သိပြီး-အမှန်သွားနိုင်ပါတယ်.... (မှန်ပါ့) မပြောထိုက်ဘူးလား ... (ပြောထိုက်ပါတယ်ဘုရား)။

အေး .... ဒါ့ကြောင့် ဒီဖြတ်ထိုးဖြစ်တဲ့ ဥစ္စာတွေ့ကတော့ တကာကြွယ် ခက်တယ်နော်....(မှန်ပါ့) ဘာလူလို့ ဘယ်ရောက်သွားတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာလူလို့ ဘယ်ရောက်သွားတယ်ဆိုတော့ ဒီကိုယ်နဲ့ သွားလိုက်သလိုလို၊ သဿတဒိဋ္ဌိကဖြစ်တယ်....(မှန်ပါ့) မပါဘူးလား-(ပါ-ပါတယ်)ဥပမာ ကျောင်းဆောက်တာနဲ့ နန္ဒိယတို့ နတ်ပြည်ရောက်သွားတယ်....(မှန်ပါ့) ဘယ်သူရောက်သတုံး-နန္ဒိယရောက်တာပေါ့ဘုရာ့တဲ့၊ ဩော်....နန္ဒိယ ခြေလျင်သွားသလား၊ ကုန်းကြောင်းသွားသလားဆိုတဲ့ အဓိပ္ပါယ်ပ''လာတယ် .... (မှန်ပါ့ဘုရား)။

အင်း... နန္ဒိယ ခြေလျင်သွားတယ်၊ ကုန်းကြောင်းသွားတယ်ဆိုယင် သဿတဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ့) မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ့ကြောင့် ဘယ်ဟာလူလို့ ဘယ်ရောက်တယ်ဆိုတဲ့ အသွားဟာဖြင့် သက္ကာယဒိဋ္ဌိပြုတ်ဘို့ အတော်ခဲယဉ်းပါတယ်....

(ခဲယဉ်းပါတယ်)မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်)သက္ကာယ မပြုတ်ယင် သဿတ-ဥစ္ဆေဒရှိပြီ .... (မှန်ပါ့)သဿတသော်ရင်း၊ ဥစ္ဆေဒသော်ရင်း တခုခုရှိရမယ်....(မှန်ပါ့) ရှိနေလို့ရှိယင်လဲ နိဗ္ဗာန်သဘောကျတော့မယ် မဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

မကျသ၍ကားလပတ်လုံးလဲ ဘုန်းကြီးတို့ တကာတကာမတွေ ဘယ်တော့မှ မျက်မှောက်ပြုနိုင်မယ် မဟုတ်ပါဘူး နိဗ္ဗာန်ကို.... (မှန်ပါ့) တယ်လဲ့ကြောက်စရာကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့်"သုညတ"တရားဆိုတာ ဟောဒီမှာ တကာတကာမတွေ ဒီခန္ဓာကြီး၏ ခန္ဓာငါးပါးထဲက တပါးပါးကို စိတ်ရှုလိုက်တယ်ဆိုကြပါစို့....(မှန်ပါ့)တကာသစ် ရှုလိုက်တော့ စိတ်တွေ့သလား၊ ဖြစ်ပျက်တွေ့သလား... (ဖြစ်ပျက်တွေ့ပါတယ်) သြော်.... ငါ-ငါ့ဥစ္စာမှ ဆိုတ်သုဉ်းမသွားဘူးလား .... (သွားပါတယ်ဘုရား)။

ဖြစ်ပျက်ဟာ ငါလား.... (မဟုတ်ပါဘုရား) ငါ့ဥစ္စာလား.... (မဟုတ်ပါဘုရား)သြော်-ဒါဖြင့် တကာသစ်တို့ရှုနေတာ သုညတသာဆိုက်ပါလား.... (မှန်ပါ့ဘုရား) သုညတဆိုက်တာ ယနေ့ခင်ဗျားတို့ ပိုရှင်းပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ဝေဒနာကလေးပေါ်လာလဲ ဖြစ်ပြီးပျက်သွားတာ မမြင်လိုက်ဘူးလား .. (မြင်လိုက်ပါတယ်ဘုရား) မြင်လိုက်တော့ အဲဒီဖြင်ပျက်သွားတာကလေးဟာ ငါလား တကာကြွယ်ရ....(မဟုတ်ပါဘုရား) ဖြစ်မှုပါ....(မှန်ပါ့) ငါ့ဥစ္စာလား တကာကြွယ်ရ.... (မဟုတ်ပါဘုရား) ပျက်မှုပါ.... (မှန်ပါ့)ဆိုတော့ သြော်.. ငါ့

ဥစ္စာမှ ဆိတ်သုဉ်းတဲ့ တရားပါလားဆိုတော့ သုညတ တရားသွားဖြစ်တယ်...(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်ပါပြီဘုရား)။

ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းတယ်.... (မှန်ပါ့) ဘာတရားသွားဖြစ်သလဲ...(သုညတ တရားသွားဖြစ်ပါတယ်)။

ဒါဖြင့် သုညတ မြင်တာပေါ့ဗျ....(မှန်လှပါ့ဘုရား) ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ဖြစ်ပျက် မြင်တာဟာ သုညတမြင်တာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာမြင်ကြသတုံး....(သုညတ မြင်တာပါဘုရား) သုညတကို မြင်မှသာလျှင် သက္ကာယက ပြုတ်တယ်....(မှန်ပါ့)သက္ကာယ ပြုတ်မှ ပဌမ နိဗ္ဗာန်ရမယ်....(မှန်ပါ့) သက္ကာယ မပြုတ်လို့ရှိယင်....(မရပါဘုရား)။

ဩော်....ဒါဖြင့် သုညတကို မရှာဘဲနဲ့ နိဗ္ဗာန်ရလိမ့်မယ်ဆိုတဲ့ အသွားများကိုဖြင့် ကြည့်ရှောင်ရမည့် အဓိပ္ပါယ်ရောက်တယ်....(မှန်လှပါဘုရား)ဥာဏ်နဲ့ သေသေချာချာ စဉ်းစားတော့မှ ဦးလှဘူးရေ ဒီရောက်တယ်-(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဩော်....ဖြစ်မှုနဲ့ပျက်မှု ဆရာဘုန်းကြီး အရှုခိုင်းနေတာ ဘာပါလိမ့်မတုံးဆိုတာ ယနေ့ သဘောပေါ်ပြီ... (ပေါ်ပါပြီဘုရား) ဘာမြင်အောင်လို့ပါလိမ့်....(သုညတမြင်အောင်လို့ပါဘုရား)။

သုညတဆိုတာ ဘာ-ဆိတ်သုဉ်းအောင် လုပ်တာပါလိမ့်....(ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းအောင် လုပ်တာပါ) အဲ....ခန္ဓာကိုယ်ထဲ

မှာ ငါလဲ့ မရှိရဘူး၊ ငါ့ဥစ္စာလဲ့ မရှိရဘူး.... (မှန်လှပါဘုရား) ဆိတ်အောင်၊ သုဉ်းအောင် လုပ်တာ.... (မှန်ပါ့) သဘောကျပလား.. (ကျေပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဖြစ်ပျက်ရှုပါ- ဖြစ်ပျက်ရှုပါ ဆိုတာ ဘယ်နှယ်ကြောင့် ဒါလောက် ဘုရားကလဲ့ ပြင်းပြင်းထန်ထန်၊ ဆရာဘုန်းကြီးကလဲ့ တိုက်တိုက်တွန်းတွန်း ဘယ်အတွက်ကြောင့် ဤအသုံးအနှုန်းကို အကြီးအကျယ် တိုက်တွန်းပါလိမ့်မတုံးဆိုတဲ့ ဥစ္စာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘယ်လိုပေါ်ကြပါလိမ့်....(ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းအောင်လို့ပါဘုရား)။

အေး....ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းတဲ့ ခန္ဓာကြီး"သုညတ"ဖြစ်ပါစေတော့လို့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သုညတ ဖြစ်ပါစေတော့လို့ ဒါလောက် တိုက်တွန်းတယ်ဆိုတာဖြင့် ရှင်းပါပြီ....(ရှင်းပါပြီဘုရား) ကိုင်း...ဒါဖြင့် တကာသစ် ရှေ့သွားကြစို့....(မှန်ပါ့ဘုရား)။

တရားနှစ်လုံးသွင်းကြ၊ တရားနှလုံးသွင်းကြ၊ ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်စဉ်သိမှ သုညတဆိုက်တယ်.... (မှန်ပါ့ဘုရား)ဒီ.... သုညတဆိုက်မှ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်မပါခဲ့-သော် သုညတ ဆိုက်ပါ့မလား-(မဆိုက်ပါဘုရား)ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းပါ့မလား....(မဆိတ်သုဉ်းပါဘုရား)အဲ .... သုညတဆိုက်တယ်ဆိုတာ ငါ·ငါ့ဥစ္စာ

ဆိတ်သုဉ်းတာကို ဆိုပါတယ်.... (မှန်ပါ့ဘုရား) ဆိတ်သုဉ်းတာ စာလိုဖြစ်နေလို့ ငါ-ငါ့ဥစ္စာ မပါတာကို ထင်ရှားတာ ပြောပါတယ်....(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဒီ-သုညတကို တကာတကာမတွေက သြော်....ငါ-ငါ့ဥစ္စာလဲ့ မဟုတ်လို့ဖြစ်ပြီး ပျက်နေတာကလေးဘဲ ရှိတယ်လို့ ဒီအတိုင်းသာ ဝိပဿနာရှုကြပါ.... (မှန်လှပါဘုရား)ရှုလိုက်လို့ ရှိယင်ဖြင့် ဥာဏ်တက်လျှင် တက်တဲ့အတိုင်း ခင်ဗျားတို့သည် သူ့ဟာသူဥာဏ်ကထိုးတက်လာမှာဘဲ....(မှန်ပါ့) သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ဥာဏ်နဲ့ရှုနေတာကိုးဗျ....(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ ကဲ....တကာတကာမတို့ သုညတ တရားလဲ ဒီ-ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှ သုညတဖြစ်တယ်၊ သုညတဖြစ်မှ ဒိဋ္ဌိသုံးမျိုး-(ပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိသုံးမျိုးပြုတ်မှလဲ.... နိဗ္ဗာန်နားလည်မယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ တော်တော်အရေးကြီးပါလား.... (ကြီးပါတယ်ဘုရား) တော်တော်အရေးကြီးပါတယ်ဆိုတာ တကာတကာမတို့ လေးလေးစားစားမှတ်ပါ.... (မှန်ပါ့)ခင်ဗျားတို့အိမ်မှာ အမြဲမှတ်နေသလို အဲဒီ့ အမှတ်မျိုးနဲ့ မမှတ်နဲ့ (မှန်ပါ့) သြော်....ဘုရားတဆူပေါ်လို့ ဒီအသံတခါကြားရတာပါလား-(မှန်ပါ့)ဒီအသံမကြားခဲ့ရလို့ သံသရာထဲမှာ အပါယ်နဲ့ မိတ်ဆွေဖြစ်နေရတယ်... (မှန်ပါ့ဘုရား)။

ဒီ-အသံ မကြားခဲ့ရလို့.... (အပါယ်နဲ့ မိတ်ဆွေဖြစ်ခဲ့ရပါတယ် ဘုရား)ဒီဥာဏ်မရခဲ့လို့ .... (အပါယ်နဲ့မိတ်ဆွေဖြစ်ခဲ့ရပါတယ်ဘုရား)။

ဒီဥာဏ်ရတဲ့ အချိန်ကစပြီး ခင်ဗျားတို့ စူဠသောတာပန် ဖြစ်ပြီး အပါယ်လေးပါး တံခါးပိတ်ပြီ.... (မှန်ပါ့)သိမ္ဘန့် ပိတ်တယ်.... (မှန်ပါ့ဘုရား) သိမ္ဘသည် စူဠသောတာပန်- (မှန်ပါ့)။

ကိုင်း....ဒါနဲ့ အဂ္ဂိဝစ္ဆက ကျုပ်ဥာဏ်တုံးပြီလို့ ပြောတော့ မင်းတုံးမှာဘဲကွာ၊ သာမည်ဆရာနဲ့ တွေ့လို့လဲ မင်းမရဘူး.... (မှန်ပါ့) မင်း ကြုံလုံးနဲ့လဲ ဒီ-ဥပါဒါန် ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုဘာ မင်း-မသိပေဘူးတဲ့.... (မှန်လှပါ)မင်း- ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်ဘဲ့ဆရာကို သေသေချာချာ ကပ်ပြီးသကာလ မင်း-သင်မှသာလျှင် ဒီနိဗ္ဗာန်ဆိုတာလဲသဘောကျမယ်....(မှန်ပါ့) ဆိုတော့ ဦးမာဒင် ဘယ်လောက် အရေးကြီးသတုံး.... (ကြီးပါတယ်ဘုရား)။

တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်အရေးကြီးပုံ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) သူ့ကို သဘောမကျဘဲနဲ့လဲ သစ္စာသဘောကျလိမ့်မယ်လို့ မယူနဲ့....(မှန်လှပါဘုရား) ဘာ့ကြောင့်တုံး....နိဗ္ဗာန်က နိရောဓသစ္စာကိုး....(မှန်ပါ့)ရှေ့ပိုင်းက ဖြစ်ပျက်က ဒုက္ခသစ္စာကိုး.... (မှန်ပါ့) သူညတမဆိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခသစ္စာကော သိပါ့မလား.... (မသိပါဘုရား) ဒုက္ခသစ္စာမှ မသိတဲ့ ပုဂ္ဂိုလ်လဲ မဂ်ဝမ်းထဲ ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)ဟာ....မပေါ်ယင် မဂ္ဂသစ္စာလဲ ဘယ်တော့မှမရဘူး.... (မရပါဘုရား) မရတဲ့ပုဂ္ဂိုလ်ဟာ နောက်က တဏှာ,ဥပါဒါန်, ကံ ဘယ်တော့ ချုပ်ပါ့မလဲ....(မချုပ်ပါဘုရား)သယ်တော့မှ သမုဒယ သူ မပါယ်နိုင်တော့ဘူး .... (မှန်ပါ့ဘုရား)။

နောက် ဒီ-သမုဒယတွေ ချုပ်သွားတဲ့အခါကျတော့ နိဗ္ဗာန်

ဆိုတာသည်ကားလို့ ဆိုယင် သြော်.... နောက်ခန္ဓာမလာတာနဲ့ နောက်ကိလေသာ မလာတာ နိဗ္ဗာန်ဆိုတာကော သူ-သိပါ့ မလား....(မသိပါဘုရား)။

အဲ...ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ်မှသာလျှင် တကာတကာမတို့ ဘုရားကိုယ်တော်တိုင်က သေသေချာချာ အဂ္ဂိ ဝစ္ဆကို ဆုံးမသည်ဖြစ်လေသောကြောင့် မင်း....ဒါ- ဥပါဒါန် ချုပ်ဘဲ့ပုဂ္ဂိုလ်, တဏှာမာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သူးဖြစ် တယ်ဆိုတာ သိချင်လို့ရှိယင် ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်ပါဦးကွ....တဲ့ဆိုတော့ တကာကြွယ် ဘယ်လောက် အရေး ကြီးသတုံး....(ကြီးပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတို့ အခု ပဋ္ဌိစ္စသမုပ္ပါဒ်နားလည် ပလား.... (မှန်ပါ့ဘုရား) ဒီဘက်က ခန္ဓာငါးပါးက ဖြစ်ပျက် ဟုတ်လား.... (မှန်ပါ့) ခန္ဓာငါးပါး ပြီးလို့ရှိယင် ကျုပ်တို့ ဝိပဿနာဝင်လိုက်တဲ့အတွက် မဂ်-ဖြစ်မသွားဘူးလား....(ဖြစ်ပါ တယ်ဘုရား) နောက်က တဏှာဥပါဒါန်တွေက....(ချုပ်ပါတယ် ဘုရား) တဏှာဥပါဒါန်ချုပ်ပြီ၊ ဟိုဘက်ကျတော့ တဏှာတို့၏ ချုပ်ရာ၊ ဥပါဒါန်တို့၏ချုပ်ရာ ဒီဘက် ဘာလာပေါ်သတုံး.... (နိဗ္ဗာန်ပေါ်ပါတယ်) နိဗ္ဗာန်လာပေါ်တာဟာ ပဋ္ဌိစ္စသမုပ္ပါဒ် အဆုံး သိလိုက်တဲ့အတွက် နိဗ္ဗာန်လာပေါ်တယ်... (မှန်လှပါ ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်တွေ ဖြစ်တာကို သိနေသဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် တို့၏ ဖြစ်စဉ်ကိုသိသဖြင့် ဒုက္ခသစ္စာသိတယ်.... (မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်စဉ် သိလိုက်ယင် .. (ဒုက္ခသစ္စာသိပါတယ် ဘုရား) တယ်လဲအဘိုးတန်ပါလား....(တန်ပါတယ်ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်တို့၏ ဖြစ်ပေါ်တာသိယင်ဘာတဲ့ဗျာ(ဒုက္ခသစ္စာ သိပါတယ်ဘုရား) ဒုက္ခသစ္စာသိတယ်၊ သိလုံးကလေးကို မဂ္ဂ သစ္စာလို့ ဆိုလိုက်ပါတော့....(မှန်ပါ့)။

ရင်း ပဋ္ဌိစ္စသမုပ္ပါဒ်ကို သိနေတဲ့သဘောသည် နောက်က တဏှာ, ဥပါဒါန်, ကံကိုလဲ ချုပ်စေဘယ်.... (ချုပ်စေပါတယ် ဘုရား) မချုပ်စေဘူးလား.... (ချုပ်စေပါတယ်ဘုရား)။

အင်း....သူချုပ်ပြန်လို့ရှိယင်လဲ တကာကြွယ်တို့ ဘာတွေမျှား လာပါသေးသတုံးမေးတော့ သြော်... ဒုက္ခသိမ်းသွားတာဘဲ.... (မှန်လှပါ)။

ဘာတွေသိမ်းသွားသတုံး.... (ဒုက္ခသိမ်းသွားပါတယ်) ဒုက္ခ သိမ်းသွားတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ၊ ကိုင်း....ဒါဖြင့် ဒီ-သစ္စာလေးပါးကိုလဲ သိရုတာ ပဋ္ဌိစ္စသမုပ္ပါဒ် မူတည်ပေလို့....(မှန်ပါ့ဘုရား)။

သစ္စာလေးပါး သိရတာ.... (ပဋ္ဌိစ္စသမုပ္ပါဒ် မူတည်ပေလို့ပါ ဘုရား) ဒါကို ပဋ္ဌိစ္စသမုပ္ပါဒ်မှ မူမတည်ယင်လဲ ပဋ္ဌိစ္စသမုပ္ပါဒ်က မသိ....(မှန်ပါ့) သစ္စာကမသိလို့ရှိယင် အပြင်ပုဂ္ဂိုလ်သည် သစ္စာ မသိ၊ ထိုပုဂ္ဂိုလ်က ငါ သစ္စာလေးပါး မသိဘဲနဲ့ နိဗ္ဗာန်ရောက် ခဲ့တယ် ဆိုလို့ရှိယင်ဖြင့်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါသည် ဒိုင်းတွေတော့ တင်ခဲ့တယ်ကဲ့ တိုင် မပါဘဲနဲ့ တိုင် တွေ, လျှောက်တွေမပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ်လို့ပြောယင် မယုံရ သလိုဘဲ... (မှန်ပါ့) သစ္စာမသိဘဲနဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် မသိဘဲနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ် ဆိုလို့ရှိယင် မယုံကြနဲ့ဟော့.တဲ့... (မှန်လှပါ ဘုရား)။

ဘုရားက ဒါလောက်ထိအောင် ဟောခဲ့တယ်.... (မှန်ပါ့) အဲဒါ သစ္စာသံယုတ်မှာ သေသေချာချာ လာပါတယ်၊ဘုရားဟောနော်... (မှန်ပါ့)။

ကဲ.. ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ပဋ္ဌိစ္စသမုပ္ပါဒ် ယခု နားလည်ပါပလား.... (နားလည်ပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်တော့ ဖြစ်ပျက် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ရှုတဲ့ဉာဏ်က... (မဂ္ဂသစ္စာပါဘုရား) သေတဲ့တရားက... (သမုဒယသစ္စာပါဘုရား) နောက်ထပ်မပေါ်တဲ့တရားက....(နိရောဓသစ္စာပါဘုရား)။

ဦးမာဒင် သိပ်ကိုက်တယ်.... (မှန်ပါ့) သိပ်အဘိုးတန်သွားပြီ- (မှန်ပါ့) သိပ်ကို အဘိုးတန်သွားပြီ တကားတကာမတို့၊ ဩော်- ဒါ ဘယ်သူ့မှုတည်ပြုလိုက်လို့ သစ္စာတွေ ထွက်လာပါလိမ့်မတုံး ဆိုတာ တကာသစ် အကဲခတ်စမ်း.... (ပဋ္ဌိစ္စသမုပ္ပါဒ် မှုတည်ပြုလို့ ပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ် မှုတည်ပြုလိုက်တယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို လည်ပုံးရာ၊ ဖြတ်ပုံရောပြပါဦးမယ်.... (မှန်ပါ့) လည်ပုံ ဖြတ်ပုံ ပြပြီးတဲ့အခါကျ ကေတာ့မှ ခင်ဗျားတို့ ဒုက္ခမှာထားဘို့ ပဋ္ဌိစ္စသမုပ္ပါဒ်ကဒ်ကြီ တခုကိုတဲ့ ဘုန်းကြီး တကာကြီးများက ခင်ဗျားတို့ကို ပူဇော် ပ,သရအောင် ဓမ္မပူဇောအဖြစ်နဲ့ ဝေလိမ့်မယ်.... (မှန်ပါ့) ဝေတဲ့ အခါလဲ နားလည်ပြီးမှ ဝေမှာ.... (မှန်ပါ့) နားမလည်ဘဲနဲ့ ဆိုယင်ဖြင့် နားလည်အောင်လဲ ဘုန်းကြီးက ပြမှာပါဘဲ.... (မှန်ပါ့) ပြပြီး တော့မှ ဟောဒါက သံသရာလည်လမ်း... (မှန်ပါ့) ဟောဒါက

သံသရာ ဖြတ်ခဏ်းဆိုတာ ခင်ဗျားတို့ ရှင်းလင်းပြီးလို့ ရှိယင် အိမ်မှာ သြော်...ငါ့ဖြစ်စဉ်က ရှေးက ဖြစ်စဉ်က ဒါ၊ အခု ဆရာ ကောင်း သမားကောင်းနဲ့ ပေါင်းမိလို့ ဖြစ်စဉ်က ဒီဘက်က.... (မှန်ပါ့ဘုရား) ဖြတ်လမ်း, လည်လမ်း နှစ်ခုပါ ပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

အဲဒါ နေ့တိုင်း ပြသွားလိမ့်မယ်ဆိုတာလဲ ဟောက်မေ့တာ ပေါ့....(မှန်ပါ့) နားလည်ပြီးမှ ခင်ဗျားတို့ အိမ်မှာ ဓါတ်ပုံ မှန်နဲ့ထည့်ပြီး ကိုးကွယ်ဘို့ ဆည်းကပ်ဘို့....(မှန်ပါ့)သြော်... သံဝေယ္ယဘို့, သစ္စာတော့သိဘို့....(မှန်ပါ့)။

ကဲ ဒါဖြင့် ဒီဟာ အသာထားပါဦးတဲ့၊ တကာတကာမဘို့ အဂ္ဂိဝစ္ဆဆုံးအောင် ပြောကြဦးစို့....(မှန်ပါ့)။

အဂ္ဂိဝစ္ဆက သူနားမလည်တော့ ဘုရားက ဘာတိုက်တွန်းလိုက်သလဲဆိုတော့ တကာသစ် မှတ်မိပြီ.... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ မင်း-ဆည်းကပ်ဦးတဲ့.... (မှန်ပါ့)သူနားမလည်တော့ဘူးတဲ့၊ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသလဲ ဆိုတာ သူနားမလည်တော့ပါဘူးလို့ မပြောဘူးလား....(ပြောပါတယ်) အဲဒီတော့ဘုရားက ဘယ်လိုအမိန့်ရှိပါလိမ့်... (မင်းပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ ဆည်းကပ်ဦးတဲ့)။

ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ ဆည်းကပ်ပါဦးတဲ့-(မှန်ပါ့) ဒီနားမလည်တဲ့ ဆရာတော့ ဆည်းကပ်နေလို့ ရှိယင် ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်း နားမလည်ဘူး၊ နားမလည်ယင် မင်း-ဥစ္ဆေဒဒိဋ္ဌိ-တဲ့ (မှန်ပါ့)ကဲ...ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ် ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ကံကောင်း အကြောင်းသင့်ပါတယ် ဆိုတာ ချီးမြှောက်ပြောနေတာလား၊ တကာကြွယ်- အမှန်ပြော နေတာလား.. (အမှန်ပြောနေတာပါဘုရား)။

ကဲ....ဒါနဲ့ဘဲ အဂ္ဂိဝစ္ဆသည်ကားလို့ ဆိုယင်ဖြင့်-ကဲ....ငါ ဥပမာကလေးနဲ့ မင်းနားမလည်ငြားသော်လဲ၊ ပဋ္ဌိစ္စသမုပ္ပါဒ် မင်း-နားမလည်ငြားသော်လဲ နားလည်တဲ့နည်းနဲ့ ဥပမာကလေး နဲ့ ငါ မင့်ကိုဟောမယ်တဲ့....(မှန်ပါ့)။

သူ ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်တော့ဘူး.... (မှန်ပါ့) နားပင် မလည်ငြားသော်လဲ... ၊ နားလည်တဲ့.... ဥပမာကလေးနဲ့ ငါ.... ပြမယဲ့ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သနားတာနဲ့ တကာ့ကြွယ်ရေ-တကာသစ်ရေ-ပြတော်မူတယ်... (မှန်ပါ့ဘုရား)။

ဟေ.. အဂ္ဂိဝစ္ဆ ဟော....အရှေ့ဘက်မှာ မီးတွေ့ တောက်နေ တယ်ကွာ မြင်ရဲ့လားဟေ့....၊မြင်ပါတယ်ဘုရား၊ မီးတွေ့တောက် နေတာ၊ အဲဒီမီးတွေ့ဟာကွာတဲ့၊ အရှေ့ဘက်ကမီးဟာ ဘာတွေ့ တောက်နေတာတုံးကွ ပြောစမ်းပါဦး(မှန်ပါ့) အို....လောင်စာ တွေ့တောက်နေတာပေါ့ ဆိုဘော့ ဒါတော့ အဖြေရှင်းတယ်.... (မှန်ပါ့ဘုရား)။

ဒီ တကာ့တပ်ဘာမတွေ့ မေးလိုက်လို့ရှိယင်လဲ အရှေ့ဘက်က မီးတွေ့ဟာ ဘာတွေ့တောက်နေသတုံးဆိုယင် ဘယ်နှယ်ပြော ကြမယ်... (လောင်စာတွေ့ တောက်နေပါတယ်ဘုရား)လောင်စာ တွေ့ လောင်နေတယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

အခုရှေ့ဘက်က မီးတွေ့ဟာ ဘာဖြစ်နေသလဲ.... (လောင်စာ တွေ့လောင်နေပါတယ်)လောင်စာတွေ့ တောက်နေတယ်-(မှန်ပါ့ ဘုရား)။

သြော်... လောင်စာတွေ တောက်နေတယ်ဆိုတာ ခင်ဗျားတို့ ရှင်းကြပြီ .. (ရှင်းပါပြီဘုရား)။

သြော်....အခု ခင်ဗျားတို့ တရားနာနေတဲ့ တကာတကာမ တွေ့မှာလဲ ခန္ဓာကိုယ်ကြီးဟာ တရားနာရင်း မတ္တန့် အိုပုံတွေ ထူးခြားတယ်....(မှန်ပါ) နာပုံတွေကော ... (ထူးခြားပါတယ်) ခိုင်ခန့်တယ်မတူဘူးနော်....(မှန်ပါ) နာပုံတွေကော...(ထူးခြား ပါတယ်ဘုရား) တိုးတက်လာတယ်ဆိုကြပါစို့.... (မှန်လှပါ ဘုရား) ဘယခါနီးဖြစ်တာကော.... (တိုးတက်လာပါတယ်ဘုရား) ထင်ရှားလာတယ်...(မှန်ပါ) သခါနီးဖြစ်တာလဲ.... (ထင်ရှား လာပါတယ်ဘုရား)။

သြော်... အိုပုံထင်ရှား၊ နာပုံထင်ရှား၊ သခါနီးဖြစ်တာ ထင်ရှားပြီး သကာလခေနတာ၊ ဟာ.... ဘယ်နှယ်ကြောင့်တုံးလို့ တကာကြယ်.... ခမေးလို့ရှိယင်ဖြင့် ကိလေသာမီးနဲ့ ဇရာမီး ဗျာဓိ မီးလောင်နေတာဘဲ... (မှန်ပါ) ပေါ်ကြပလား .. (ပေါ်ပါပြီ ဘုရား)။

ဘာမီးမျိုး လောင်နေသတုံး.... (ကိလေသာမီးနဲ့ ဇရာမီး· ဗျာဓိမီး လောင်နေပါတယ်ဘုရား)။

ကိလေသာမီး-ဆိုတာကတော့ တခြားမဟုတ်ပါဘူးတဲ့ တကာ တကာမတို့ ဒီအထဲမှာ စိတ်ကလေး တောင်ရောက်၊ မြောက် ရောက်၊ တရားထဲမှာ စိတ်မနေဘဲနဲ့ သားကလေး ခြင်ကိုက်ဘာ မောင်းပေးချင်၊ ကိုယ်ကိုယ် ကိုယ်သနားလို့ ယပ်ကလေး ခတ်ပေးချင်၊ ဒီ-ကိလေသာမီးက ဒီအထဲ ထ,တောက်သေးတာ ဘဲ....(မှန်ပါဘုရား) သဘောကျပလား...(ကျပါပြီ)၊

မူးတာနဲ့ ရှူးဆေးကလေး ရှူးပေးချင်ပေါ့ဗျာ.... (မှန်ပါ့) ဘာဖြစ်တာတုံး ဒီဥစ္စာ.... (ကိုလေသာမီး ထ,ဖတာက်တာပါ ဘုရား) ကိုလေသာမီး- ကိုလေသာမီး၊ ခန္ဓာကြီးခင့်လွန်းလို့.... (မှန်ပါ့) ခန္ဓာကြီး ခင်လွန်းလို့ ကိုလေသာမီးက တခါ တည်း ထ,တောက်နေတာ၊ ဒါကိုလေသာမီး တောက်တယ် လို့ တကာ့ကြွယ်က သိချင်မှ-သိတာ .... (မသိပါ) ခန္ဓာခင်လို့ လုပ်ရတာ... (မှန်ပါ့) ခန္ဓာမခင်ယင် .. (မလုပ်ရပါ)သဘောပါ ကြပလား....(ပါ-ပါပြီဘုရား)။

ခင်ဗျားတို့ကော ကိုယ့်ဟာနဲ့ကိုယ် ဆေးကလေးတွေ၊ ဘာ ကလေးတွေကော ပါကြသေးသလား... (ပါ-ပါတယ်) ဒါတွေ တရားနာရင်းမတ္တာ ဘုန်းကြီးက တနာရီတည်းဟောတယ်၊ဒီကြား မှာဘဲ ခန္ဓာကိုယ်က ဖေါက်ပြန်ပျက်စီးလာတဲ့ အခါကျတော့၊ ဟာ့င်....သူ့ဒီလိုပစ်ထားလို့ မဖတာ်ပါလား.... (မှန်ပါ့) ရှူးဆေး ကလေးအစ၊ လျှက်ဆား၊ကလေးအစ ပေးဦးမှ တော်မှာပါဘဲ.... (မှန်ပါ့)မလာဘူးလား... (လာပါတယ်)အဲ . ဒါဘာမီးတောက် တာတုံး...(ကိုလေသာမီး တောက်တာပါဘုရား)။

ကိုလေသာမီးကို တကာတကာမတို့ ရိပ်မိပလား.... (မှန်ပါ့) သူ့ခင်တဲ့ မီးထ,တောက်တယ်....(မှန်ပါ့) ခင်တဲ့မီး ထ,တောက် တာနဲ့ ထ,ပြီးဝတ်ပြုလိုက်တယ် .... (မှန်ပါ့) ဝတ်ပြုလိုက်တယ် ဆိုကတည်းက `တကာတကာမတို့ ခင်လို့ပြုတာလား၊ မခင်လို့ ပြုတာလဲ....(ခင်လို့ပြုတာပါ) ခင်တာက ကိုလေသာမဟုတ် လား... (မှန်ပါ့) အပြုခံရတာက ခန္ဓာကြီး... (မှန်ပါ့) ကြောင့်....

ဒါဖြင့် ကိုလေသာနဲ့ ခန္ဓာကြီးတွဲနေတယ်....(မှန်၂ါ့ဘုရား)။

ဘယ်လိုဆိုကြမယ် .... (ကိုလေသာမီးနဲ့ ခန္ဓာကြီး တွဲနေပါတယ်ဘုရား)။

ဒါဖြင့် တရားနာနေကြတာ တကာတကာမတွေ့ တရားနာနေတုန်းကျတော့ တရားသဘောကျနေတဲ့ အချိန်ကျခဏတော့ ကိစ္စမရှိဘူး.. (မှန်ပါ့) တရားနဲ့ နည်းနည်းကလေး ခန္ဓာက ဖေါက်ပြန်တာ ပြင်းထန်လာတဲ့ အခါကျလို့ ရှိယင်ဖြင့် ခင်ဗျားတို့က ခန္ဓာကြီးကို အခွန်ဆက်ကြရတယ်....(မှန်ပါ့) မဆက်ရဘူးလား (ဆက်ရပါတယ်ဘုရား)။

အင်း... လျှက်ဆားကလေးနဲ့ အခွန်ဆက်လိုက် .... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) ယပ်တောင်ကလေးနဲ့... (အခွန်ဆက်ရပါတယ်) ပြီးတော့ နေရာရှေ့ပြောင်းပြီး သကာလ... (အခွန်ဆက်ရပါတယ်ဘုရား)။

ဩော်....ဘာဖြစ်လို့ တုံးလို့ မေးယင် ကိုလေသာမီးကလောင်နေလို့... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ) ခင်မီးခလေးဗျာ .... (မှန်ပါ့) ကိုလေသာမီးဆိုတော့ ခင်ဗျားတို့က ရှုပ်နေတယ် .... (မှန်ပါ့)ခင်မီး....(မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီး ဘယ်နှယ်တုံး....(ခင်မီးပါ) ခင်လို့ သူ့စောင်းပေးလိုက်ဦးမယ်၊ သူ့ရှေ့ပေးလိုက်ဦးမယ်၊ သူ့ဆေးတိုက်ပေးလိုက်ဦးမယ်၊ သူ့ကို ရှုဆေးကလေးနဲ့ဘဲ ပူဇော်လိုက်ဦးမယ်၊ မလာဘူးလား....(လာပါတယ်) ယပ်တောင်ကလေးနဲ့ကော.... ပူဇော်လိုက်ဦးမယ် မလာဘူးလား... (လာပါတယ်)ထူတဲ့အဝတ်

ကလေး ပါးအောင် ခွဲပေးလိုက်ဦးမယ်ဆိုတာကော .... (လာပါတယ်ဘုရား) ပါးပြန်ယင်လဲ ထူအောင်ခြုံပေးလိုက်ဦးမယ်ဆိုတာကော....(လာပါတယ်ဘုရား)။

ဩော်....တယ်လဲ ကိုလေသာမီးနဲ့ ခန္ဓာကြီးနဲ့တွဲနေတာကဖြင့် သေချာပြီ....(သေချာပါပြီ) သဘောကျပလား.... (ကျပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အဂ္ဂိဝစ္ဆပြန်ဆက်၊ ဩော်....ဒို့လဲ မီးတောက်နေတာပါလားဆိုတာ သိသွားပြီ....(သိသွားပါပြီဘုရား)။

အဂ္ဂိဝစ္ဆတဲ့အရှေ့ဘက်မှာ မီးတောက်နေတာ မြင်ရဲ့လား-ကွဘုရားက မေးလိုက်တယ်....(မှန်ပါ့)မြင်ပါ့ဘုရား....တဲ့၊ အဲဒါဘာတောက်နေတာတုံးကွ၊အို....လောင်စာရှိလို့ တောက်နေတာတဲ့....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့် .... (လောင်စာရှိလို့ တောက်နေတာပါ) ဒီမှာလဲ ခင်ဗျားတို့ ပြုစုနေရတာဟာ... တဲ့၊ကိုလေသာမီး၊ ကိုလေသာတွေနဲ့ ပူဇော် ပ,သပြီးနေရတော့ တကာတကာမတို့ ကိုလေသာကမီး၊ ခန္ဓာက လောင်စာ....(မှန်ပါ့) ဒီလောင်စာကြီးပင်လျှင် တကာတကာမတို့ အပူလောင်စာ၊ လောင်လွန်းနေယင် အအေးလောင်စာ ထည့်ပေးတယ်....(မှန်ပါ့ဘုရား)။

ရေတက်လွန်းအားကြီးတော့ တကာတကာမတို့ အပူတွေကသိပ်လောင်တယ် .... (လောင်ပါတယ်)တခါတည်း အပူဖြင့် မလောင်ပါနဲ့ အအေးကလေးထည့်ပေးလိုက်မယ်ဆိုပြီးရေကလေးထည့်ပေး၊ ရေကို အလောင်ခံတယ်....(မှန်ပါ့)သဒ္ဓာပါပါပလား (ပါ-ပါပြီဘုရား)။

ရေကလေးထည့်ပြီးတော့ .... (အလောင်ခံပါတယ်) ရေ အလောင်ခံတယ်၊ သဘောကျပလား... (ကျေပါပြီဘုရား)။

ခန္ဓာကြီးက တကာတကာမတို့ ထင်းသဘောနဲ့ ထုပြီး သကာလ ထူထူထဲထဲ ချွေးတွေ, သံတွေလာမယ် ဆိုယင်ဖြင့် ခင်ဗျားတို့က အပူလောင်စာကို အသာချိတ်ထားပြီး သကာလ ရေကလေးထည့်ပေးတယ်....(ထည့်ပေးပါတယ်) အအေးလောင် စာကလေး ဘာလုပ်ပေးရသလဲ....(ထည့်ပေးမှပါတယ်) သဘော ကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ခင်ဗျားတို့ဖြင့် ကိုလေသာကျွန်ဘဲ (မှန်ပါ) ကိုလေသာက မခံမရပ်နိုင်ဘူး၊ ဒါထည့်ပေးပါဆိုတာနဲ့ ခင်ဗျားတို့က ဘာလုပ်ကြရသလဲ... (ထည့်ပေးရပါတယ်ဘုရား)။

ဘြော်....ကျွန်များ ပီလိုက်တာ တကာဘကာမတို့ တရားနာ နေတော့ တရား၏ ကျွန်များဖြစ်မလား အောက်မေ့တယ်၊ တခါတည်း ကိုလေသာ့ကျွန် ဝင်ခံလိုက်ရသေးတယ် .... (မှန်ပါ့ ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ....(ကိုလေသာ့ ကျွန်ဝင်ခံရပါ၏သေးတယ် ဘုရား) တကာကြွယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် လောင်စာနဲ့မီး တွဲလျက်ကြီးဟာ ဒီတရားတပ်ရုံ ဆိုလို့ရှိယင်ကော....(မလွဲပါ) မလွဲဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဘြော်....လောင်မီးက ကိုလေသာ၊ လောင် စာက ခန္ဓာ....(မှန်ပါ့ဘုရား)။

လောင်မီးက.... (ကိလေသာပါ) လောင်စာက ... (ခန္ဓာပါ ဘုရား)။

ဩော် .... တကာတကာမတို့ ခင်ဗျားတို့ ဆုတောင်းပြည့် လိုက်တာ၊ မီးပြိုတ္ဘာဖြစ်ရပါလို့၏၊ အမြဲတမ်း လောင်ကျွမ်းနေရ ပါလို့၏ဆိုတဲ့ ဆုတောင်းကြီးဟာဖြင့် လှလှကြီး ပြည့်နေပြီ .... (ပြည့်နေပါပြီ) မပြည့်သေးဘူးလား....(ပြည့်ပါတယ်ဘုရား)။

အမြဲတမ်း လောင်ကျွမ်းနေရပါလို့၏ဆိုတဲ့ ဆုတောင်းကြီး ဟာ လူ့ဘဝရရပါလို့၏ထဲမှာ ပါလာတယ်... (မှန်ပါ) နတ်ဘဝ ရ-ရပါလို့၏ထဲမှာ....(ပါလာပါတယ်ဘုရား)။

တကာကြွယ်ရေ- ဒီလောင်စာနဲ့ မီး မသိတာနဲ့ ကျုပ်တို့ တောင်းချင်သလို တောင်းချလိုက်တာဘဲ....(မှန်ပါ) သဘောကျ ပလား...(ကျေပါပြီဘုရား)။

ဒါဖြင့် လောင်စာနဲ့ မသိတာနဲ့ တောင်းချင်သလိုတောင်း ထားတော့ အခု ပြည့်ချင်သလို ပြည့်နေတော့ ခင်ဗျားတို့ ခံနိုင် ရည်ရှိရဲ့လား....(မရှိပါဘုရား)။

မရှိဘူးတဲ့ တကာတကာမတို့နော်....(မှန်ပါ) ဦးမာဒင်တို့ မသိမှ သိပ်ဆိုးပါကလား .. (ဆိုးပါတယ်) ကြည့်စမ်း- သမုဒယ သစ္စာနဲ့ ဒုက္ခသစ္စာတဲ့လျက် ဖြစ်ရပါလို့၏ .. (မှန်ပါဘုရား)။

သမုဒယသစ္စာနဲ့....(ဒုက္ခသစ္စာ တဲ့လျက်ဖြစ်ရပါလို့၏) တဲ့ရ ပါလို့၏၊သမုဒယက မီး၊ ဒုက္ခက ထင်း... (မှန်ပါ) ထင်းနဲ့ မီးတဲ့ရ ပါလို့၏ .... (မှန်ပါ)တောင်းကောင်း,မတောင်းကောင်း.... (မတောင်းကောင်းပါ) အဲဒါ သစ္စာမသိတာ....(မှန်ပါဘုရား)။

သမုဒယသစ္စာလဲ မီးလို့ သူမသိဘူး....(မသိပါ) ဒုက္ခသစ္စာလဲ ထင်းလို့....(မသိပါဘုရား)။

ဟာ ... တကာသစ်တို့ဖြင့် အခုတော့ မသိသလိုဘဲ အကျိုးပေးနေလိုက်တာဘယ်နှယ်တုံး၊ တနေရာတည်းကိုထိုင်လို့-ထ,လို့ ဖြစ်ကြသေးရဲ့လား....(မဖြစ်ပါဘုရား)။

ဘယ်နှယ်ကြောင့် ဒီတကာတကာမတို့ ဟိုစောင်း- ဒီ ရှဲ့- ဟိုနောက်ဆုတ်- ဒီရှေ့တိုးနဲ့ ခွေးနေရာမရသလို... (မှန်ပါ) ဟာ....ဘာဖြစ်တာတုံးမေးတော့မှ အို.... လောင်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့ဘုရား... (မှန်လှပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာဖြစ်တာပါလိမ့်....(လောင်လွန်းလို့ပါဘုရား)။

လောင်လွန်းလို့ တကာတကာမတွေ နေမြဲတိုင်း နေရာမှာဘဲ နေလို့ရရဲ့လား....(မရပါဘုရား) ဘာဖြစ်ကြတာတုံး- (လောင်လွန်းလို့ပါဘုရား)။

လောင်မီးက ဘာသစ္စာ....(သမုဒယသစ္စာပါဘုရား) လောင်စာက....(ဒုက္ခသစ္စာပါဘုရား)။

သြော်....တပည့်တော်ဘို့ဖြစ်စဉ် အရှင်ဘုရား မြင်တဲ့အတိုင်း တပည့်တော်တို့ ဆုတောင်းမှားကြီး၊ ဟာ.... ယခု အပြည့်ကြီး ပြည့်နေလို့ ဘယ်-ခွေးနေရာမရ ဖြစ်ပါပေါ့လား.... (မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ခွေးနေရာမရဆိုတော့ တကာတကာမတွေက ကြမ်းလိုက်တာ လို့မျှား ဆိုချင်သေးသလား (မဆိုချင်ပါဘုရား) မဆိုနဲ့ မဆိုနဲ့ အတူတူဘဲတဲ့၊ ခင်ဗျားတို့ ဟိုအရိပ်သွားထိုင်လဲ ဒီနေရာမဟုတ်-

ဆေးပါဘူး.... (မှန်ပါ့) ဟိုနေပူဘက် သွားပြန်တော့ကော.... (မဟုတ်သေးပါဘုရား) ဒီနေရာလဲ မဟုတ်သေးပါဘူးဆိုပြီး မဟုတ်သေးတာနဲ့ ရှေ့နေတာဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) တိုက်ကလေး တည်နေပြန်တော့လဲ နောင်ကျတော့ တိုက်ခိုးပြန်လို့ မဟုတ်သေးပါဘူး... (မှန်ပါ့) သဘောကျပလား (ကျေပါပြီဘုရား)။

အဲဒီလိုတွေ ခင်ဗျားတို့သည်ကားလို့ဆိုယင် နေလယ်ကျပြန်တော့လဲ အထဲခိုနေတယ်၊ အင်း....ဒီလိုခိုနေလို့လဲ မဖြစ်သေးပါဘူးလေ၊ စားဘို့သောက်ဘို့က အရေးကြီးသေးတယ်၊ ခိုရာကထွက်ပြေးတာဘဲ... (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးက ပြောတယ်၊ တိုက်တည်တာ နေမလို့လားလို့ မေးတဲ့အခါကျတော့ တကာကြွယ် နေချိန်နဲ့ မနေချိန် ဘယ်ဟာက မျှားသလဲ....(မနေချိန်က မျှားပါတယ်) နို့-နေဘို့ ဆောက်တယ်ဆို... (မှန်ပါ့) အပြောခပါ့ဘုရား၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကဲ... ဒါဖြင့် နေဘို့ဆောက်ဘာ မဟုတ်ပါဘူး....တဲ့၊ ကိုလေသာ မီးလောင်တာနဲ့ထွက်ထွက်ပြေးရတယ်....(မှန်ပါ့)။

ကိုလေသာ မီးလောင်တာနဲ့.... (ထွက်ထွက် ပြေးရပါတယ်) ထွက် ပြေးရတယ် ဆိုတော့ တခါတလေမျှား မနက်ကတည်းက ထွက်ပြေးလိုက်ဘာ နေဝင်မှ ပြန်ရောက်ဟယ်.... (မှန်ပါ့) ဟ.... ဘာဖြစ်လို့ တိုက်ဆောက်ထားတာ မနေပါလိမ့်- (ကိုလေသာ မီးလောင်လို့ပါဘုရား) ကိုလေသာ မီးလောင်တာ ထွက်ပြေးရတယ်ဘုရာ့....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီ)။

ကိုလေသာသည် ချမ်းသာအေးမြတဲ့ဆီမှာ နေစေချင်သလား၊ ပင်ပန်းတာကြိုက်သလား.... (ပင်ပန်းတာ ကြိုက်ပါတယ်ဘုရား) ခင်ဗျားတို့က ပင်ပန်းကျိုးနပ်တယ်များ သူများပူဇော်လိုက်သေးတယ်-(မှန်ပါ့) အံ့မာလေး....ဒုက္ခပါလား တကာတကာမတို့.... (မှန်ပါ့)။

အင်း....သူက အပြေးခိုင်းလို့ ပြေးလိုက်ရလို့ ဒီနေ့ငေ့ကလေးသောင်း,ကိုးထောင်ရလာတယ်ဆိုတော့ ပင်ပန်းကျိုးနပ်တယ်.... (မှန်ပါ့)။

ခိုင်းတဲ့လူက တိုက်ထဲလဲ မနေနဲ့၊ ကားလဲ မစီးနဲ့၊ ခြေလျင်ပြေး....(မှန်ပါ့) အပြန်မောလာတဲ့အခါ ကိုလေသာက ပြန်ချေ့လိုက်တယ်၊ မင်း-ပင်ပန်းတာ ပင်ပန်းဘယ် မအောက်မေ့နဲ့ ကံတက်လာတာ....(မှန်ပါ့) အံ့မာလေး... ကြောက်စရာကြီး၊ ဟိုမှာဖြင့် လျှာထွက်နေပြီ သူက ကံတက်တုန်း ရှိသေးတယ်- (မှန်ပါ့) ရိပ်မိပလား တကာကြွယ်တို့- (ရိပ်မိပါပြီ) အတော်မဆိုးဝါးဘူးလား....(ဆိုးပါတယ်ဘုရား)။

အဲဒီမှာ တကာတကာမတွေ့ကလဲ မရိပ်မိတော့ ဪ.... ကိုလေသာ လိမ်လည်မှုကို နည်းနည်းမှ မပါးတာဟာ တကာတကာမတို့ အတော် အရှုပ်ဆိုးနေတယ်ဆိုတာ မပြောသင့်ဘူးလား... (ပြောသင့်ပါတယ်) တကာသစ်တို့ မပြောသင့်ဘူးလား (ပြောသင့်ပါတယ်ဘုရား) တကာသစ်ကော ရှင်းပလား.... (ရှင်းပါပြီ)သို့သော်လဲရှင်းတယ်သာဆိုတာ လိမ်လည်ခံဦးမှာဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

လိမ်ယင်တော့ဖြင့်(ခံရမှာပါ) တနေ့ ဘယ်နှစ်ခါ လိမ်သတုံး၊ လိမ်ခဲတာ့ ဟာ....လိုမ်ပြန်ပြီလို့ ဒီလိုမျိုး ခင်ဗျားတို့က တော်လှန်ဘူးရဲ့လား (မတော်လှန်ဘူးပါဘုရား) ကျွန်ခဲတော်မျိုး ပီပါပေ့ဗျာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာပီဘာပါလိမ့်.... (ကျွန်တော်မျိုး ပီပါတယ်ဘုရား) ကျွန်တော်မျိုး ပီတယ်ဆိုကာ အတော်ဆိုးခဲနပြီ ... (ဆိုးပါဘယ်ဘုရား)။

ကိုင်း... ဒါဖြင့် အဂ္ဂိဝစ္ဆကို တကာတကာမတို့ ဟေ့....အရှေ့ဘက်က မီးမြင်ရဲ့လားလို့ မေးတော့ တကာသစ် ဘယ်နှယ်ဖြေသတုံး (မြင်ပါတယ်ဘုရား)။

ဟာ....ဘာတွေ တောက်နေတာတုံးလို့ ဘုရားက မေးပြန်တော့ ဘာတုံး....(လောင်စာခဲတွေတောက်နေတာပါဘုရား) လောင်စာတွေ တောက်နေတယ်ဘုရာ့၊ လောင်စာတွေတောက်နေတယ်ဆိုတော့ တကာ့တကာမတွေ ခင်ဗျားတို့ကျုပ်တို့လဲ အငြိမ်မနေတာ ဟာ ဘယ်နှယ်ကြောင့်တုံ့ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) လောင်စာတွေ တောက်နေတဲ့အတွက် အငြိမ်နေရဲ့လား(မနေပါဘုရား) ရှင်းပြီနော်... (ရှင်းပါပြီ)။

ကဲ ကွာဘဲ၊ ဒီဥစ္စာ အဲဒီလောင်စာတွေ တောက်နေတာ ရှိပါစေခဲတော့....၊ ဒီဟာတွေကို နောက်မီးစာ မထည့်လို့ရှိယင် ဘယ်နှယ်တုံးကွာ..တဲ့၊ ဘယ်နှယ်ဖြေကြမလဲ.... (မီးငြိမ်းပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဇာဏာ ဥပါဒါန်တည်းဟူသော တရားတွေ နောက်ထပ်မဖြစ်လို့ရှိယင် သူက မီးထည့်သမား၊ ဒီခန္ဓာ

လာပါဦးမလား (မလာပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

မီးထည့်သမား သိမ်းသွားတော့.... (မီးငြိမ်းသွားပါတယ်) သဘောကျပလား....(ကျပါပြီ)။

အခုတော့တကဲ့ဘတကာမတွေကဘဏ္ဍာဥပါဒါန်၊အင်း-ဒီဘဝတွင် ကောင်းစားလို့မတော်သေးဘူး၊ ဘဝကူးကလေး ကောင်းအောင် ဒါနသီလတွေလဲ ဝဋ္ဌဒါနတွေ လုပ်ဦးမှာဆဲ-ဆိုပြီးသကာလ မီးစာတွေ ရှာထည့်တယ်- (မှန်ပါ) ထည့်တဲ့အခါကျတော့ နောက်ဘဝကျတော့ လူခန္ဓာကိုလေသာမီးနဲ့တဲ့လျက်ကြီးမလာဘူးလား.... (လာပါတယ်ဘုရား) အဲဒါကြောင့် ဝဋ္ဌဒါန, ဘဋ္ဌသီလတွေရှောင်ပါ-(မှန်ပါ) ဝိဝဋ္ဌဒါန,ဝိဝဋ္ဌသီလတွေတော့ လုပ်ကြပေါ့ဗျာ... (မှန်ပါ) ပေါ်ကြပလား-(ပေါ်ပါပြီ)။

ကိုင်း...ဒါဖြင့် တကာတကာမတို့ မီးထည့်သမားက ကိုလေသာ-(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

မီးထည့်သမားက... (ကိုလေသာပါဘုရား) ဒီလိုမဆိုနဲ့၊ မီးလောင်သမားက ကိုလေသာ .. (မှန်ပါ) သဘောကျပလား-(ကျပါပြီ) လောင်တဲ့ထင်းက ခန္ဓာ-(မှန်ပါ) မီးထည့်သမားက ကံ....(မှန်ပါ) ရှင်းပလား- (ရှင်းပါပြီ)။

မီးက ကိုလေသာနော်....(မှန်ပါ) ခန္ဓာက- (ထင်းပါဘုရား) ခန္ဓာက လောင်ရာ (မှန်ပါ) မီးက....(ကိုလေသာပါ) ခန္ဓာက-(လောင်စာပါ) မီးထည့်သမားက....(ကံပါဘုရား)။

ဩော် . သူမကုန်သ၍ကာလပတ်လုံးဖြင့် နတ်ပြည်သွားထည့်လိုက် (မှန်ပါ) သွားလောင်ကွ-(မှန်ပါ) ဗြဟ္မာပြည်ထည့်လိုက်

ပြန်ကော.... (သွားလောင်ကွ) ကံကဲ အလောင်ခိုင်းတာဘဲ.... (မှန်ပါ့)။

ဒါဖြင့် ကံက မီးထည့်သမား သက်သက် ဖြစ်မနေဘူးလား.... (ဖြစ်နေပါတယ်) ခင်ဗျားတို့ကလဲ သူ့ကိုဘဲ ဩော်... ကံအမိ, ကံအဖဘဲ၊ သူထည့်ပေးလို့ လောင်ရပေတယ်.... (မှန်ပါ့) ဖြစ်မှ-ဖြစ်ရပလေ....(မှန်ပါ့) ရိပ်မိပလား တကာကြွယ်ရ... (ရိပ်မိပါပြီဘုရား)။

ကံအမိ-ကံအဖ သူထည့်ပေးလို့ ဘာတဲ့-(လောင်ရပါတယ်) ဒါ-ဒီနေ့မှ ရိပ်မိတာကိုး-(မှန်ပါ့) နဂိုရိုကတော့ သူ့ကို "မာတာ ပိတုဂုဏော အနန္တော" ထဲ ထည့်ထားတယ်-(မှန်လှပါ)သာဝေါ ကျပလာ-(ကျပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ကိုလေသာက ဘာတဲ့.... (မီးပါဘုရား) ခန္ဓာက.... (လောင်စာပါဘုရား) ထည့်ပေးနေတာက... (ကံပါဘုရား) မီးကိုမပြတ်အောင် ထည့်ပေးနေတာက ကံ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုလေသာလဲမကုန်၊ ကံလဲမကုန်၊ ခန္ဓာလဲမကုန်ယင် ဖြင့် ထည့်ပေးသမားကလဲ အဆင်သင့်၊ လောင်တတ်တဲ့ မီးကလဲ အဆင်သင့်... (မှန်ပါ့) ထင်းကလဲ.... (အဆင်သင့်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဲသံသရာလုံးမှာ ဘာမျှား လုပ်နေကြသတုံးဆို အို... ထင်းကုန်ထင်းထည့်၊ မီးကုန် မီးရှာမှေးတယ်.... (မှန်ပါ့) တပည့်တော်တို့က ဒီအလုပ်ကို အရေးတကြီးလုပ်လာခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ် ယနေ့ ရှင်းပါပြီ....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ အရေးကြီးတာက ကိုလေသာလဲ သိမ်းပါမှ-(မှန်ပါ့) ခန္ဓာလဲ.... (သိမ်းပါမှပါဘုရား) ကံကော.... (သိမ်းပါမှပါဘုရား) ဒီသုံးခု မသိမ်းသ၍ကာလဖတ်လုံး ထင်း ထည့်သမားလဲ မသေ၊ မီးလဲ မငြိမ်း-(မှန်ပါ့) သဘောကျပလား-(ကျပါပြီ) ထင်းကလဲ မကုန်တော့ဘူးဆိုယင်ဖြင့် ခင်ဗျားတို့ သုံးဆဲ့တဘုံမှာဖြင့် မီးပြီတွာအဖြစ်နဲ့ လည်ကြပေတော့-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဆုံးအောင် မဟောနိုင်ဘူး၊နက်ဖြန်မှ ဆက်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာကော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

(ဒိဋ္ဌိပြုတ်ရေး)

နေ့ အလုပ်ပေး-တရားတော်

(၂၃ - ၈ - ၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သူတပါး မဆေးမကုဘဲ နဲ့ မျက်စိနှစ်ဘက်အလင်းရအောင် သူ့ဟာသူ ပါရမီဆယ်ပါး အပြားသုံးဆယ်တွေ၊ စွန့်ခြင်းကြီး၁၊ပါးတွေ စွန့်ပြီးသကာလ မျက်စိနှစ်ဘက်အလင်းရအော၁် သူ့ဟာသူကုတယ်နော်-(မှန်ပါ့ ဘုရား)။

သူ့ဟာသူ ကုတဲ့အတွက်တဲ့ ကိုယ်တော်မြတ်ကြီးသည် မျက်စိနှစ်ဘက်အလင်းရတဲ့ပုဂ္ဂိုလ်ကြီး၊ "ဥာဏ် ဥဒပါဒိ" ဆိုတဲ့အတိုင်း ဥာဏ်ဖြစ်ပေါ်လာတဲ့ ဥာဏ်မျက်လုံးရှိတဲ့ ကိုယ်တော်ကြီးဆိုလို့ ရှိယင် မလွဲဘူး... (မှန်လှပါ)။

အဲဒီတော့ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်က မျက်စိနှစ်ဘက်အလင်း မရတဲ့ပုဂ္ဂိုလ်က သြော်... ဘယ်သူ့အားကိုးရ၁ါ့မလဲလို့ ရှာလို့ ရှိယင်- တကာသစ်တို့ တကာကြွယ်တို့ အလင်းရတဲ့ပုဂ္ဂိုလ် အားကိုးရမယ်....(မှန်လှပါ) ဘယ်သူ့အားကိုးကြပါ့မလဲ....(အလင်း

ရတဲ့ပုဂ္ဂိုလ် အားကိုးရပါမယ်) အလင်းရတဲ့ပုဂ္ဂိုလ်ဘဲ အားကိုးရမယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ သိကြပါပြီ....(မှန်ပါ့)။

အဲဒီတော့ ဒီအလင်းရတဲ့ပုဂ္ဂိုလ်ကြီးကတော့ဖြင့် ခန္ဓာကြည့်လိုက်လို့ရှိယင် သူက အလင်းရတဲ့ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စတွေဘဲ တွေ့မယ်.... (မှန်လှပါ) ခန္ဓာကြည့်လိုက်ယင် ဖြစ်ပြီးပျက်နေတဲ့ ဒုက္ခသစ္စာတွေဘဲ.... (တွေ့မှာပါဘုရား) သြော်.... အလင်းရတဲ့ပုဂ္ဂိုလ်အမြင်က ဒီလိုပါလား.... (မှန်ပါ့)။

နောက်တခါ ဒီဒုက္ခသစ္စာတွေ ကိုယ်တော်မြတ်ကြီး အလင်းရတဲ့ပုဂ္ဂိုလ်မို့ လျှောက်ပြီး ခန္ဓာကြီး ကြည့်လိုက် ပြန်တော့ လဲ ဒီဖြစ်ပျက်တွေ တခါ ဥာဏ်နဲ့ကြည့်လိုက်လို့ မလိုချင်ဘူး၊ မရချင်ဘူးဆိုတဲ့ဥာဏ်တွေက အလင်းတွေက ပိုပို,ပိုပိုပြီးသကာလ လာတာနဲ့ ဒီ ကိုယ်တော်ကြီးသည် သြော်....ဒီဖြစ်ပျက်နေရာဘာဟာ ဖြစ်ပျက်ဆိုတာလဲ ဟုတ်တာဘဲ.... (မှန်ပါ့) ဒုက္ခရောက်နေတယ်ဆိုတာလဲ ဟုတ်တာဘဲ....(မှန်ပါ့)။

ဒုက္ခရောက်နေတယ်ဆိုတာကတော့ ကိုယ့်အသေကလေးခေတ္တ ကိုယ်မှေး ကိုယ်သေဘာ ကိုယ်မြင်သလိုပေါ့ဗျာ-(မှန်ပါ) ကိုယ်မှေးတာလဲ ကိုယ်မြင်၊ ကိုယ်သေတာလဲ ကိုယ်မြင်ဆိုတဲ့ဥစ္စာ ဓာတ်ကာတက်ဘမတို့ ဒီနေရာ မျက်စိနှစ်ဘင်း အလင်းရတဲ့ပုဂ္ဂိုလ်၏ အမြင်....(မှန်လှပါဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် စဉ်းစားကြည့်ပါ တကာဘကာမတို့ ကိုယ်မှေးတာလဲ အမိဝမ်းခေါင်းထဲက ထွက်ခဲ့တာ ကိုယ်မသိဘူး-(မှန်ပါ့) ကိုယ်သေပြန်တော့လဲ သေလိမ့်မယ်ဆိုဘာသာ သိ

တယ်....၊ သေတာ မသိဘူး.... (မသိပါဘူးရား) တသံသရာလုံး ကျုပ်တို့ နေခဲ့ဘာ မေ့ မှုလဲ ကိုယ်ဟာကိုယ် မသိခဲ့ဘူး၊ သေမှုလဲ ကိုယ်ဟာကိုယ် မှသိခဲ့ဆိုတဲ့ အဓိပ္ပါယ်ရောက်ပါတယ်.... (ရောက်ပါတယ်ဘုရား)။

မျက်စိနှစ်ကွင်း အလင်းရတဲ့ ပုဂ္ဂိုလ်ကြီးကဖြင့် ဝိပဿနာ ဉာဏ်မျက်လုံးကြီးတပ်ပြီး ကြည့်လိုက်တဲ့အခါလဲ ဝေဒနာကခေါ်တော့ ဖြစ်လို့ ဝေဒနာနဲ့ သဟဇာတဖြစ်တဲ့ ရုပ်တွေလဲ ပျက်လို့-(မှန်ပါ) နာမ်ရုပ်တွေမှေးတာ၊ သေတာ မြင်ရတယ်.... (မှန်ပါဘုရား)။

အဲဒီတော့ ကျုပ်တို့ ခင်ဗျားတို့က ကိုယ်တော်မြတ်ကြီးသည် သြော်.... ဒို့၏ တောင်ဝှေးဆွဲ ကိုယ်တော်ကြီးဘဲ.... (မှန်လှပါဘုရား)။

ဘယ်နှယ်ဆိုကြပါ့မလဲ....(တောင်ဝှေးဆွဲ ကိုယ်တော်ကြီးပါဘုရား)။

အဲဒီတော့.... မျက်စိနှစ်ကွင်း အလင်းရတဲ့ ကိုယ်တော်ကြီး တောင်ဝှေးဆွဲ ကိုယ်တော်ကြီးနောက်က ဒို့က ဖြောင့်ဖြောင့် လိုက်မှသာလျှင် အမှန်ရောက်တော့မယ်၊ ဒို့-စွမ်းရည်သတ္တိဖြင့် တုံးနေပေါ့-လို့ အောက်မေ့ရမယ်....(မှန်လှပါ)။

ကိုယ့်စွမ်းရည်သတ္တိကဖြင့်....(တုံးနေပါပြီဘုရား) အဲဒီကော့ စွမ်းရည်သတ္တိတုံးတဲ့ပုဂ္ဂိုလ်က အခု ဘုန်းကြီးဟောနေတာ မျက်စိနှစ်ကွင်း အလင်းရတဲ့ ကိုယ်တော်ကြီး ပြောတာတွေ ဟောကာတွေကို အကုန် ဖော်ပြောနေတာဘဲ... (မှန်လှပါ)။

အဲဒါ တကာတကာမတွေက ကိုယ်က အလင်းမရတဲ့ ပုဂ္ဂိုလ်က ရှောင်မယ်,ရှားမယ်ဆိုယင် ချောက်ကျချင်လို့ဘဲ.... (မှန်ပါ့ဘုရား)။

ရှောင်မယ်,ရှားမယ်ဆိုယင် (ချောက်ကျချင်လို့ပါဘုရား) အဲဒီတော့ ဒီနေ့ နေမကောင်းသေးဘူး....၊ ဒီနေ့ နေမကောင်းသေးဘူး၊ ဒီနေ့ စိုးပူးရေးက နေရာမကျသေးဘူး၊ တကာသစ်ဒါ-ဘာသံဘွဲ့တုံးဗျ....(ချောက်ကျချင်တဲ့ အသံပါဘုရား)။

ချောက်ကျတဲ့အသံတွေ၊ အလင်းရတဲ့ ကိုယ်တော်ကြီးက ပြောနေတဲ့ဥစ္စာ ကိုယ်က အလင်းမရခြင်းကြောင့် ကိုယ့်စိတ်ကူးဟူသ၍က ချောက်ကျတဲ့စိတ်ကူးချည်း....လို့ တကာကြွယ်ကဆုံးဖြတ်ချက်ချစမ်းပါ....(မှန်လှပါဘုရား)။

ကိုယ်ကြုံစည်လုံးတွေသည် အလင်းမရတဲ့ အလုပ်ကို လုပ်တိုင်းလုပ်တိုင်း ညြော်....ချောက်ကျတဲ့ အလုပ်ဘဲ..(မှန်ပါ့) ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး....ဆိုတာ အလင်းရတဲ့ ကိုယ်တော်ကြီးနောက်ကို နားလဲမထောင်၊ သူလိုလဲ ကျုပ်တို့က ပေပြီး မကြည့်လို့ စိုက်ပြီးသကာလ မကြည့်လို့ မမြင်တော့ ကျုပ်တို့ ဆင်ခြေဟူသ၍ ကျုပ်တို့ ချောက်ကျတဲ့ ဆင်ခြေလို့ မှတ်သိုက်စမ်းပါ....(မှန်ပါ့)။

ကျုပ်တို့ ဆင်ခြေဟူသ၍....(ချောက်ကျတဲ့ဆင်ခြေပါဘုရား) ခင်ဗျားတို့ချင်းတော့ဖြင့် ရှင်းအောင်ဘဲ ပြောလိုက်ပါတယ်၊ ဟုတ်ပေလိမ့်မယ် လိုက်မည့်လူတွေ အမျှားကြီးပါဘဲ..(အမျှားကြီးပါဘုရား)။

ခင်ဗျားတို့ချင်းတော့ ဘာတုံး....(ဟုတ်ပေလိမ့်မယ် လိုက်မည့်လူတွေ အများကြီးပါဘုရား) အုံ့မာလေး ... ရှုးတဲ့လူ ဗုံ့ တီးပြီး မြောက်နေပြန်ပြီ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမတုံး .... (ရှုးတဲ့လူ ဗုံ့ ဟီးပြီး မြောက်ပေးနေပါတယ်ဘုရား)။

အရှုးဗုံ့ တီးမြောက်နေတာများ တကာကြွယ်တို့က အဟုတ်ကြီးများ ထင်နေယင်တော့ တော်တော် ခက်ပါသေးတယ်....(ခက်ပါတယ်ဘုရား)။

အင်း....တကာကြွယ်တို့က အလုပ်ကလဲ များတယ်၊ဒါ့ကြောင့် ဒီနေ့တော့ ငါမလိုက်နိုင်သေးဘူးကွာ၊ မင်းတို့သိတဲ့အတိုင်းဘဲ၊ ဟုတ်ပေလိမ့်မယ်တဲ့....(မှန်ပါ့) သြော်... ချောက်ကျတာ ဟုတ်ပေလိမ့်မယ်ပြောနေတယ် ..(မှန်ပါ့ဘုရား)။

ချောက်ကျတာ ဘာပြောနေသတုံး .... (ဟုတ်ပေလိမ့်မယ်ပြောနေပါတယ်ဘုရား)။

အုံမာလေး.... ဒီကလဲ ငါစကားပြောလိုက်တာ ပြေပြစ်လို့ သူတို့လဲ ဘာမှမကဲ့ရဲ့ဘဲနဲ့ ငါ့စကားနားထောင်သွားကြတယ် ဆိုပြီး ချောက်ကျတဲ့လူကလဲ ငါ့စကား အောင်မြင်လို့ပြုံးများနေလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

ဟာ... ဘာဖြစ်ကြတာတုံး....(ချောက်ကျတာပါ) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ ခင်ဗျားတို့ မြည်တယ် တွန်ဘယ်လို့ ဒီလိုမအောက်မေ့ပါနဲ့....(မှန်ပါ့) မျက်စိနှစ်ဘင်း အလင်းရဘဲ့ ကိုယ်ဘော်ကြီးက

ပြောတဲ့စကားကို စုံလုံးကန်းက သူ့နောက် မှီလိုက်ရမည့်ဥစ္စာ မလိုက်နိုင်တဲ့ နေ့ဟာ တကာတကာမတို့ အလင်းရမှာစိုးလွန်းလို့ ဘဲဆိုတဲ့ အဓိပ္ပါယ်သက်ရောက်တယ်....(မှန်ပါ့ဘုရား)။

ဘာစိုးတာပါလိမ့်.... (အလင်းရမှာ စိုးတာပါ) ဟ....မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်က အလင်းရမှာကို အရေးတကြီး လုပ်ရမည့် အလုပ်ကြီးတခုကိုပင်လျှင် ဘုန်းကြီးတို့ တကာတကာ မတွေ့က သူ့ကြောင့်- ကိုယ့်ကြောင့်- ဘယ်သူ့ကြောင့် တွေ့နဲ့ အံမာလေး .... သုံးနေလိုက်တဲ့ ဖြစ်ခြင်း မှမပြောပါနဲ့ဘော့ .... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့် ဒါလောက် အသုံးအနှုန်းတွ ဆင်ခြေများပါ လိမ့်မတုံးဆိုတော့ တပည့်တော်တို့ အကန်းဆင်ခြေဘုရား .... (မှန်ပါ့) ဘယ်လိုဆိုကြမလဲ....(အကန်းဆင်ခြေပါဘုရား)။

အဲဒီ ဆင်ခြေ- ဆင်ချက်တွေကြောင့် ဘုရားအဆူဆူနဲ့ လဲခဲ့ရတယ်ဆိုတာကိုလဲ ခင်ဗျားတို့ ရိပ်မိပါပြီ.... (ရိပ်မိပါပြီဘုရား)။

သူများက ဘုရား ကရုဏာ မရှိလို့လား၊ ကိုယ်အကန်းဆင်ခြေများနေလို့လားသာ တကာကြယ် အကဲခတ်စမ်း....(အကန်းဆင်ခြေများနေလို့ပါဘုရား)။

အကန်း ဆင်ခြေများနေလို့ တကာသစ်- သေချာပလား.... (သေချာပါပြီဘုရား)။

အခု သာသနာကလေးကလဲ နည်းနည်းဘဲ ကျန်ပါတော့တယ်....(မှန်ပါ့) နည်းနည်းထဲကမှ တခါ အစစ်ထုတ်လိုက်ပြန်တော့လဲ တော်တော်ရှားသွားပြီ.... (ရှားပါတယ်) ရှားလို့မှ ခင်ဗျားတို့က ဒါကလေးမလိုက်နာသေးဘူး၊ မကျင့်ကြံသေးဘူး၊ ဒီအထဲက ဆင်ကန်းတောတိုး ဖြစ်ချင်သေးလို့ဆိုတဲ့ အဓိပ္ပါယ်

ကဖြင့် ရှင်းနေပြီ....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကျုပ်တို့၏ အားကိုးရာသည် မျက်စိနှစ်ဘက်မှ အလင်းရတဲ့ ကိုယ်တော်ကြီးဘဲ အားကိုးရမယ် .... (မှန်ပါ) ကိုယ်တော်ကြီး ပြတဲ့လမ်းဘဲ အားကိုးရမယ် .... (မှန်ပါဘုရား)။

ဒီလမ်းပေါ် မလိုက်သေးဘူးလို့ ဆိုလို့ရှိယင်ဖြင့်၊သြော်... ဒို့သည် အကန်းက ဆင်ခြေထူသေးသကိုး....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (အကန်းက ဆင်ခြေထူပါသေးတယ်) နာအောင် ပြောတာလား- ကိုယ့်ဟာကိုယ် ဟုတ်တာလား အကဲခတ်ပါဦး....(ကိုယ့်ဟာကိုယ် ဟုတ်တာပါဘုရား)။

တကာကြွယ်တို့ အကန်းက ဆင်ခြေထူလာတာ ဘယ်လောက်ကြာပြီတုံး....(ကြာပါပြီ) ဘုရားအဆူဆူနဲ့ လဲခဲ့တာလဲ အကန်းဆင်ခြေထူမှာဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဘဝမှာ ဒီအချိန်ကျမှာဘဲ တရားဝမ္မတွေ့ လိုက်စားတာလဲ ဘာဖြစ်နေတာတုံး.... (အကန်းဆင်ခြေလဲတာပါဘုရား)။

ခင်ဗျားတို့ မနာကြနဲ့နော်.... (မနာပါ) ဘာဆင်ခြေထူတာပါလိမ့်....(အကန်းဆင်ခြေ ထူတာပါ) ကန်းလဲကန်းသေး၊ ဆင်ခြေလဲ များသေးဆိုတာတော့ အဒတာ်ခက်နေပြီ .... (မှန်ပါဘုရား)။

ကန်းလဲ ကန်းသေးဗျာ.... (ဆင်ခြေလဲ များပါသေးဘုရား) ဆင်ခြေလဲ များသေးတယ် ဆိုယင်ဖြင့် တကာကြွယ် အတော်ကြောက်စရာကောင်းပါလား....(ကောင်းပါတယ်) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ ယနေ့ကစပြီးသကာလ

အကန်းတွေ့လဲဖြစ်ပြန်၊ ဆင်ခြေတော့ဖြင့် မထူးတော့ပါဘူး၊ဆွဲရာ ကိုဘဲ နှစ်ဘက်မြင် ကိုယ်တော်ကြီး ပြောရာဘဲလိုက်နာပါမတဲ့ မယ်ဆိုတာ ဆုံးဖြတ်ချက်ချလိုက်ကြပါ... (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချရမလဲ....(နှစ်ဖက်မြင် ကိုယ်တော်ကြီး ပြောရာလိုက်နာပါတော့မယ်ဘုရား)။

နှစ်ဖက်မြင်ကိုယ်တော်ကြီး ပြောတာကို အကန်းကဖြင့် ဆင်ခြေမထူတော့ပါဘူး၊ အဖြောင့်လိုက်ပါတော့မယ် .... (မှန်ပါ့) ဒါကို ဆုံးဖြတ်ချက်ချစေချင်တယ်....(မှန်ပါ့ဘုရား)။

ဒါ ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီးသည် ဤကဲ့သို့ပြောရပါလိုမ့်မတုံး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အနှစ်ပုထုဇဉ်လို့ ဟောထားတော့ ငါက"စက္ခု ဥဒပါဒိ"ကဲ့၊ မင်းတို့က အနှစ်ပုထုဇဉ်... (မှန်ပါ့)ငါက မျက်စိနှစ်ကင်း အလင်းရတဲ့ပုဂ္ဂိုလ်ကဲ့-ဆိုတာလဲ သူကိုယ်တိုင် ထုတ်ဖော်ပြောသွားတယ်... (မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်) အေး....သမန္တစက္ခု, သဗ္ဗညု ဆိုတာကိုးဗျ....(မှန်ပါ့ဘုရား)။

အဲဒါတွေ့ အလုံးစုံ အကုန်သိတဲ့ သဗ္ဗညု၊ ငါနှစ်ဖက်မြင်ကဲ့ ဆိုပြီးသကာလ ကိုယ်တော်ကြီး ပြောသွားတော့ အနှစ်ပုထုဇဉ် ဆိုတာလဲ သူဘဲဟောခဲ့တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမကို သံသရာရှည်ခြင်း၏ အပြစ် ဟာလဲ ဒါလဲ တမျိုးပါဝင်တာဘဲ.... (မှန်ပါ့) မပါဝင်ဘူးလား (ပါဝင်ပါတယ်) ဘယ်လိုပါဝင်ပါလိမ့်မလဲ .... (သံသရာရှည်ခြင်း၏ အပြစ်ဟာ ဒါလဲ တပြစ်ပါဘဲ)အေး ... အကန်းဆင်ခြေထူမှုကြောင့်....(မှန်ပါ့ဘုရား)။

တကာကြွယ်- ပြောစမ်းပါဦး- ဘာတဲ့တုံး....(အကန်းဆင်ခြေထူမှုကြောင့်ပါ) အံမာလေး .... ခင်ဗျားတို့ဟာ ကြားလို့ကို မကောင်းဘူး၊ ဒီအသံဟာ....(မှန်ပါ့) ကြားလို့များကောင်းကြရဲ့လား .. (မကောင်းပါဘုရား)။

ဦးဘအုန်း- ဘာတဲ့တုံးဗျာ.... (အကန်းဆင်ခြေ ထူမှုပါ) အံမာလေး....ကန်းလဲကန်းသေးတယ်၊ ဆင်ခြေလဲ ထူသေးတယ်ဆိုလို့ ရှိယင်ဖြင့် တကာကြွယ်- ဘယ့်နှယ်လုပ်မတုံး.... (မကောင်းတော့ပါဘုရား)။

ဒါတောင် တကာကြွယ်တို့နဲ့ စပ်တဲ့ ပုဂ္ဂိုလ်တွေ ဒီနေ့တရားကဲ့၊ အင်မတန် အရေးကြီးတဲ့ တရားတွေ၊ ဆရာဘုန်းကြီးလဲ ဟောနေတယ်ကဲ့လို့ ဆိုတဲ့ အထဲကကို တကာကြွယ် အကန်းဆင်ခြေထူမှုတွေ ဘယ်လောက်တွေဘူးသတုံး... (အများကြီးတွေ့ဘူးပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အံမာလေး....ဒီဥစ္စာတွေက ကန်းလဲကန်းသေးတယ်၊ ဆင်ခြေလဲ ထူနေသေးတယ်ဆိုယင်ဖြင့် မျှော်လင့်ချက်ကုန်ပြီ....(မှန်ပါ့) မကုန်သေးဘူးလား.... (ကုန်ပါပြီဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတို့ အကန်းဆင်ခြေထူမှုလောက် လောကကြီး ကြောက်စရာကောင်းတာ မရှိဘူးဆိုတာ ကိုယ့်ကိုယ်-ကိုယ်စစ်ဆေးပါ....(မှန်ပါဘုရား)။

ဒီအချိန်ကလေးဘော့ ထမင်းစားနေသေးလို့ မလုပ်သေးဘူးကဲ့....(မှန်ပါ့) ဝိပဿနာအလုပ်ကို စားရင်းလုပ်ရမည့် အလုပ်လဲ ရှိသားကိုးဗျ....(မှန်ပါ့) မလုပ်သေးဘူးကဲ့၊ အေးအေး ချမ်းချမ်းမှာဲ လုပ်ခဲတော့မယ်၊အကန်းဆင်ခြေထူပြန်ပြီ- (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘားဆင်ခြေ ထူတာပါလိမ့် .... (အကန်း ဆင်ခြေထူတာပါ ဘုရား)။

ဟာ....ဒီအချိန် ရေချိုးသွားဦးမယ်၊ ရေချိုးက ပြန်လာမှာဘဲ လုပ်တော့မယ်၊ ရေချိုးသွားရင်းလဲ လမ်းမှာ ဒုက္ခသဟဂုတ် ကာယဝိညာဏ်တွေ ဖြစ်ပျက်ရှုပြီးသွားယင် ပြီးတာဘဲ၊ သို့သော် ရေချိုးကပြန်မှတဲ့....(မှန်ပါ) ဒါ-ဘာလုပ်တာတုံး.... (အကန်း ဆင်ခြေလဲတာပါဘုရား)။

ရေချိုးကပြန်လာပြန်တော့ အဝတ်တွေ ဘာတွေ လဲပြီး သကာလ ဟိုသုတ်-ဒီသုတ်နဲ့ အချိန်ကုန်ပြီးသကာလ နေပြန်တော့ ဒါတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သံဃာ၌ ပတ္တစိ်ဝရဒါနေ သမ္မာနကာရီ ဟောတိ" အဝတ်အစားလဲတိုင်း လဲတိုင်းလဲ ကွာ-ကာယပဿာဒနဲ့ ကာယဝိညာဏ်တွေ၊ ဖြစ်ပျက်တွေ ရှိပါတယ်ကွ၊ ဒါကလေးတွေလဲ ကြည့်ရှုပြီး မင်းသည် ဝတ်တာပေါ့ အစရှိသည်နဲ့ ကိုယ်တော်မြတ်ကြီးက ပြောထားပေမဲ့ ဒါကတော့ လူတို့၏ဝတ္တရား ရှိဒေးတယ်ဆိုပြီးသကာလ ဒီအချိန် နှလုံးမှသွင်းဘူး၊ အေးအေးချမ်းချမ်း ထိုင်ပြီးဒေါ့မှ ဘဲ နှလုံးသွင်းတော့မည့် ပုံပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဟာ....ဒါဖြင့် အဝတ်-ဝတ်တုန်း ဆင်ခြေထူပြန်ပြီ.... (ထူပါ တယ်ဘုရား) ဘယ်သူပါလိမ့်.... (အကန်းဆင်ခြေထူတဲ့လူပါ ဘုရား) ဟ.... အကန်းဆင်ခြေထူမှုတွေက မနည်းပါလား.... (မနည်းပါဘုရား)။

တကာ တကာမတို့ ပါရမီမရှိလို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီး ကရုဏာမရှိလို့ ကျုပ်တို့ ဒီလိုနေခဲ့ရတာလား၊အကန်း ဆင်ခြေထူမှုကြောင့် ဒါလောက် အလဲကြီးလဲရတာလား....

(အကန်းဆင်ခြေထူမှုကြောင့် ဒါဒလောက် အလွဲကြီးလွဲရတာပါ ဘုရား)။

ဒါ-ခင်ဗျားတို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)ကိုယ့်ဟာ ကိုယ်စစ်ဆေးနော်....(မှန်ပါ့ဘုရား) ဒီအချိန် မလုပ်နေသေးဘူးဆိုယင် အကန်းဆင်ခြေထူပြန်ပလားလို့ မြည်ဗျ....(မှန်ပါ့) ဟုတ်လား....(မှန်ပါ့) အင်း-အိပ်ရာမှာ ဒီအလုပ်-လုပ်တော့မယ်ဆိုယင် အိပ်ရင်း ဒီအလုပ်-လုပ်နေလို့ရှိယင်လဲ ဖြစ်တာဘဲ.... (မှန်ပါ့) မင့်ဟာ အကန်းက ဘယ်ဆင်ခြေထူသလဲ.... (မှန်ပါ့) ကိုယ့်ဟာကို မြည်စမ်းပါ...(မှန်ပါ့ဘုရား)။

တကာတကာမတို့ အဆုံးမ အခက်ဆုံးလို့ ဟုရားက သဗ္ဗညုတ ညာဏ်တော်ကြီးနဲ့ ဝေဘန်လိုက်ဘယ်နော်.... (မှန်ပါ့ဘုရား) "အတ္တာ ဟိ ကိရ ဒုဒ္ဒမော"လို့ ဒီပါဠိ ရှတ်လိုက်တယ်- (မှန်ပါ့) အတ္တာဟိ=အတ္တာဝေ=မိမိကိုယ်သည်သာလျှင်၊ ဒုဒ္ဒမောကိရ= သူတပါးထက်ပိုလွန်၍ ဆုံးမခက်သည်၊ ဟောတိ= ဖြစ်၏.... (မှန်ပါ့) သဗ္ဗညုတညာဏ်နဲ့ ကြည့်လိုက်တော့ အဆုံးမ အခက်ဆုံး ကိုယ့်ကိုယ်တဲ့...(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တကာကြယ် အဆုံးမ အခက်ဆုံးဟာ.... (ကိုယ့်ကိုယ်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဆုံးမခက်ဟာနဲ့ အတူတူနေကြတာကို....(နေပါတယ်ဘုရား) ဒါဖြင့် ဒီလို အဆုံးမ ခက်တိုင်း ခက်တိုင်း အကန်းဆင်ခြေထူမှုနဲ့ ခင်ဗျားတို့ ကိုယ့်ကိုယ် ကိုယ် စွပ်စွဲပြီးသကာလ ပေါ်ရာကို ဝိပဿနာ လိုက်ပါဆိုတာကို တိုက်တွန်းရတယ်....(မှန်လှပါဘုရား)။

တကာကြွယ် တိုက်တွန်းထိုက်- မတိုက်တွန်းထိုက်.... (တိုက်တွန်းထိုက်ပါတယ်ဘုရား) နို့မဟုတ် ဘာဖြစ်မှာစိုးလို့ပါ့လိမ့်- (အကန်းဆင်ခြေထူးမှာစိုးလို့ပါ)။

အကန်းဆင်ခြေ ထူးလို့ ရှိယင်ဖြင့် ဒုက္ခပဲ နဲ့ရုံဘဲရှိတယ်.... (မှန်ပါ့) သုခ ရ,စရာမြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သုံးသ၍-နှုန်းသ၍ လောကီဘက်မှာ ရှောင်သ၍-ရှားသ၍ ဦးလှဘူးရေ အကန်းဆင်ခြေထူးမှုချည့်မှတ်ပါ....(မှန်ပါ့)။

တကာကြွယ် ဘာတုံး.... (အကန်းဆင်ခြေ ထူးမှုပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါ-ဘယ်သူ့ကို စွပ်စွဲရမှာတုံး....(ကိုယ့်ကိုယ် စွပ်စွဲရမှာပါ) ကိုယ့်ကိုယ် ကိုယ်စွဲချက်တင်ပြီး ဆုံးမရမယ်....(မှန်ပါ့)။

ဘုရားက ဒီ-ဥစ္စာ အဆုံးမ အခက်ဆုံး ဘယ်သူတဲ့.... (ကိုယ့်ကိုယ်ပါဘုရား) တကာသစ်ပေါ်ပြီဗျ....(ပေါ်ပါပြီဘုရား)။

ဒီ့ပြင် ခလေးသူငယ်၊ လူမမယ်တွေကတော့ ချောက်လိုက်လှန့်လိုက် ဆိုလို့ရှိယင် တကာသားစ်ရေ ဒီတခါသာ လွှန်ကျူးတယ်၊ နောက်ဘခါ ဆိုလို့ရှိယင်ဖြင့် သူ-ရှောင်ရှားချင်တဲ့ အဓိပ္ပါယ်တွေ မပါဘူးလား....(ပါပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ်ကတော့ ဆင်ခြေထူလိုက်ကာ.... (မှန်ပါ့) အင်း....နက်ဖြန်မှလိုလို သဘက်ခါမှလိုလို ငယ်သေးလို့ လိုလို၊စီးပွားရေးက မပြည့်သေးလို့ လိုလို၊ အိမ်ကမပြီးသေးလို့ လိုလို.... (မှန်ပါ့) ဒီလိုလိုတွေက ဘာဖြစ်နေတာတုံး တကာကြွယ်ရ.... (အကန်းဆင်ခြေ လဲနေတာပါဘုရား) တော်တော်ရိပ်မိပြီ.... (မှန်ပါ့ဘုရား)။

တောင်တောင်ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) အမ်မာလေး-မနည်း ဖေါ်ရပါလား....(ဖေါ်ရပါတယ်ဘုရား)။

ဒါ- ခင်ဗျား;တို့ကဖြင့် သြော်....ဒီပုဂ္ဂိုလ်ဟာ ဘေးကပုဂ္ဂိုလ် တွေက သူတရား;တော့ ဝါသနာပါတယ်ဘုရာ့၊ လုပ်လဲလုပ်ချင်တဲ့ ဝါသနာရှိတယ်၊ နာချင်တဲ့ ဝါသနာလဲရှိပါတယ်၊ သူ့ကိစ္စ ကလေးက မပြီး;သေး;လို့တဲ့.... (မှန်လှပါ) ဘေးကပုဂ္ဂိုလ်ကလဲ ဒီအပြောဘဲပြောတာ.... (ပြောပါတယ်ဘုရား)။

သူကလဲ ဆင်ခြေသမား;ကိုး....(မှန်ပါ့)နဂိုရ်ကလဲရှောင်နေကြ ရှား;နေကြဆိုး;တော့ ဟိုဘက်စကား;ပေး;လိုက်တော့လဲ ဒါ့ဘဲပေး ချလိုက်တာဘဲ....(မှန်လှပါဘုရား)။

ဟိုကလဲ....ဦး;ကြွယ် မြင်တဲ့အတိုင်းဘဲ၊ ကျုပ်တို့ဟာ ဝါသနာ လဲ ပါပါတယ်၊ လုပ်လဲ လုပ်ချင်ပါတယ်၊ ဒါက ကိုယ်မကြည့် မဖြစ်လို့....(မှန်လှပါ) အင်း....ဟိုကလဲ ဆင်ခြေထူချလိုက်တယ်- (မှန်လှပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အင်း....ကိုယ့်ကိုယ် သေလမ်း;ယူ;နေတယ် ဆိုတာတော့ မရိပ်မိဘူး....(မရိပ်မိပါဘုရား) ဒီဟာတွေ အကန်း;ဆင်ခြေထူနေ တယ်ဆိုတာကော....(မရိပ်မိပါဘုရား) ဘုရား;အဆူဆူနဲ့ လဲခဲ့တာ လဲ သူဘဲလို့များ; စဲ့ချက်တင်ရဲ့လား... (မတင်ပါဘုရား)အမ်မာ လေး; အ,လိုက်တာလွန်လို့ပါလား.... (မှန်ပါ့ဘုရား) ပေါ်ကြပ လား....(ပေါ်ပ ်ပြီဘုရား)။

အမ်မာလေး; ခင်ဗျား;တို့လူကြီး;တွေ ပြေရတာက တကာ;ကြွယ် မလွယ်ဘူး;နော်.... (မလွယ်ပါဘုရား) ဘာဖြစ်လို့ လူကြီး;တွေ

ပြောရတာ မလွယ်ပါလိမ့်....၊ အရှောင်အရှား များလွန်းလို့.... (များလွန်းလို့ပါဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီ) ဘာတဲ့တုံး တကာ တကာမတို့.... (အရှောင်အရှား များလွန်းလို့ပါဘုရား)။

ဘယ်ကများ တတ်ထားတာပါလိမ့်၊ ဘယ်ကများ တတ်ထားတာပါလိမ့်မတုံးလို့ မေးတော့မှ ကိုလေသာက ခင်ဗျားတို့က ခဲလေးကိုလေသာနဲ့ လူကြီးကိုလေသာသည် တကာ့တကာမတို့ လူကြီးကိုလေသာက အာရုံတွေ့များတယ်- (မှန်ပါ့) အိမ်လဲကိုယ်ပါမှ....(ပါမှပါဘုရား) ကျောင်းကော....(ပါမှပါဘုရား) ကိုယ်ပါမှာဘဲ၊ နေရာတိုင်း ကိုယ်မပါယင်.... (မဖြစ်ပါဘုရား)ပါချင်တဲ့ နေရာဟူသ၍ ကိုလေသာစွမ်းရည်ချည့်မှတ်.... (မှန်ပါ့)။

ပါချင်တဲ့ နေရာဟူသ၍.... (ကိုလေသာစွမ်းရည်ချည့်ပါဘုရား)။

အဲဒီ ကိုလေသာစွမ်းရည်က ဆင်ခြေလဲပြီးသကာလ နေတာနဲ့ ဒီ အကန်းဆင်ခြေကြောင့် ဒီ ဘုရားသာသနာတော်ကြီးနဲ့ အလဲကြီးလဲရလိမ့်မယ်....(မှန်ပါ့ဘုရား) ဒီ-ဘုရားသာသနာတော် နောက်ပိုင်း အတော်ကျပါပြီ.... (မှန်ပါ့) နောက်ပိုင်းအတော်ကျတဲ့အထဲမှာ ခင်ဗျားတို့က အကန်းဆင်ခြေလဲမှကြီး ကိုယ်ပိုင်ထားမယ်ဆိုယင်ဖြင့် တကာ့ကြယ် သွားပေါ့ဗျာ....(သွားပါပြီဘုရား) မသွားသေးဘူးလား.... (သွားမှာပါဘုရား)။

အဲ... ဒါဖြင့် ယနေ့"စက္ခုံ ဥဒပါဒိ" လုပ်ရလိမ့်မယ်- (မှန်ပါ့ဘုရား) ဆင်ခြေတော့ မလဲဘူးကွာ၊ ကိုယ်တော်မြတ်ကြီးလဲ နှစ်ဖက်မြင်ဘဲ၊ ဒို့လဲ နှစ်ဘက်မြင်အောင်တော့ ကြိုးစားရမှာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကိုယ်တော်မြတ်ကြီး နှစ်ဖက်မြင်ဆိုတာက အကုသိုလ်ကိုလဲ ရှောင်ဘို့ရာမြင်တယ်.... (မှန်ပါ့ဘုရား) ကုသိုလ်ကိုလဲ ပွါးဘို့ရာ မြင်တယ်....(မြင်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ) ကျုပ်တို့ကသာ နှစ်ဖက်မမြင်တော့ ကုသိုလ်ပေမဲ့ ဝဋ္ဋကုသိုလ်တွေ့ လုပ်ချလိုက်တယ်.... (မှန်ပါ့) အကုသိုလ်ဆိုတော့လဲ ရိုးရာမို့ လုပ်ချလိုက်တယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အကုသိုလ်ကျတော့.... (ရိုးရာမို့ လုပ်ချလိုက်ပါတယ်) ရိုးရာမို့ မလွဲသာလို့ပါသွားပါတယ်ဘုရား-ဒီတခါ.... (မှန်ပါ့) မလွဲသာလို့တဲ့၊ ဒီတခါ ပရိယာယ်ကလေး နည်းနည်းပါသွားတယ်...(ပါသွားပါတယ်ဘုရား)။

တကာကြွယ်- ဒါက ရိုးရာကိုးဗျ...(မှန်ပါ့ဘုရား)။

ကုသိုလ်ဘက်ကျတော့လဲ မမြင်တော့ ဒုက္ခသစ္စာကြီးရမှာ လှမ်းပြီးတော့ ဝဋ္ဋဒုက္ခ, ဝဋ္ဋသံသရတွေ့ ဘာလုပ်လိုက်ပြန်တုံး .... (သုခထင်ကြပါတယ်) ကြိုးစားလိုက်ပြန်တော့ နှစ်ဖက်မြင်ကျသေးရဲ့လား....(မကျပါဘုရား)။

အဲ...အခု တကာတကာမတွေ့မှာ သေသေချာချာ ဘုန်းကြီးဆုံးမတာကိုနားထောင်ပါ.... (မှန်ပါ့) သြော် .... ဒို့နှစ်ဖက်ကို မမြင်သေးပါကလား....(မှန်ပါ့ဘုရား)။

အကုသိုလ်ဖြစ်ဘာကို အကုသိုလ်ဖြစ်တယ်လို့သိတဲ့ လူဟာလဲ အတော်ရှားတယ်....(ရှားပါတယ်) အဲဒါ တဖက်ကန်းတာဘဲ.... (မှန်ပါ့) ကုသိုလ်လုပ်ပြန်တော့လဲ မကင်းရာ မကင်းကြောင်းမို့ မိတ်ဆက် ဆွေဆက်ဟုတ်လား....(မှန်ပါ့)နောင်ဘဝကောင်းစားရေး၊ ဒါတွေ့ လုပ်လိုက်ပြန်တော့လဲ မြင်တာလား- မမြင်တာလား....(မမြင်တာပါဘုရား)။

ဒါဖြင့် ကုသိုလ်လုပ်ပြန်လဲ တဘက်က ကန်းတယ်....(မှန်ပါ့) အကုသိုလ်လုပ်ပြန်လဲ မသိလို့ကန်း.... (မှန်ပါ့) မသိလို့ပါသွားတာဆိုတော့ တကာကြွယ် နောက်တုန်းက ဒီ-နှစ်ခုဘဲရှိတယ်.... (ရှိပါတယ်ဘုရား) စုံလုံးကန်းအလုပ်ချည့်ဘဲ.... (မှန်ပါ့)မဆိုသင့်ဘူးလား....(ဆိုသင့်ပါတယ်) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒီတခါဖြင့်ကဲ့ အကုသိုလ်ဖြစ်လဲ ဖြစ်ပျက်ရှုမဟ....(မှန်လှပါဘုရား) ကုသိုလ်တွေဖြစ်လဲ.... (ဖြစ်ပျက်ရှုရပါမယ်)ဒါ နှစ်ဖက်မြင်လာပြီ... (မှန်ပါ့) နှစ်ဖက်မြင်လာပြီ တကာတကာမတို့... (မှန်ပါ့ဘုရား)။

ဘာရှုမလဲ...(ဖြစ်ပျက်ရှုရပါမယ်) ကုသိုလ်တွေကိုလဲ....(ဖြစ်ပျက်ရှုရပါမယ်) အကုသိုလ်တွေကိုလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ရှုသားရှုပါ တကာကြွယ်ရ....(မှန်ပါ့) ကုသိုလ်ကို ဖြစ်ပျက်မရှုဘူးလို့ဆိုလို့ရှိယင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဘဲ... (မှန်ပါ့) အကုသိုလ်ကို ဖြစ်ပျက်မရှုလို့ရှိယင်ဖြင့် တဏှာဥပါဒါနိုက်ကံသာမယ်.... (မှန်လှပါဘုရား)။

အကုသိုလ်ဖြစ်ပျက်မရှုယင်....(တဏှာဥပါဒါနိုက်ကံ လာမှုပါဘုရား) ကုသိုလ်ကို ဖြစ်ပျက်မရှုယင် အဝိဇ္ဇာပစ္စယာ သင်္ခါရလာမယ်.... (မှန်လှပါဘုရား)။

ကုသိုလ်ကိုဖြစ်ပျက်မရှုယင်(အဝိဇ္ဇာပစ္စယာသင်္ခါရလာပါမယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ကို ဒီလိုဆိုလို့ရှိယင် နှစ်ဖက်မြင်ကို ဆရာဘုန်းကြီးပေးနေတယ်ဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

အကုသိုလ်မို့လဲ ခင်ဗျားတို့က မသိ-မရှိစေနဲ့....(မှန်ပါ့)ပုထုဇန်ဘဲလွန်တယ်၊ လွန်တယ်၊ ဖြစ်ပျက်ရှုခြ....(မှန်လှပါဘုရား) သဘောကျရဲ့လား....(ကျပါ့တယ်)။

အဲဒီတော့ သူတို့လဲ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တကာတကာမတွေ့ သူ့ ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားတယ်....(မှန်ပါ့) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) တဏှာရှုလိုက်ယင် ဥပါဒါန်ကံပြတ်တယ်.... (မှန်ပါ့) ဥပါဒါန်ရှုလိုက်ယင် ကံပြတ်တယ်....(မှန်ပါ့) ကံကို ရှုလိုက်ယင်.... ဇာတိဇရာမရဏကော.... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် အကုသိုလ်ဘက်ကလဲ ဘာလုပ်ကြရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ကုသိုလ်တွေဘက်ကလဲ ဝဋ္ဋကုသိုလ်တွေ့ လုပ်ထားတာ မကင်းရာ မကင်းကြောင်းနဲ့ ဟို ၅-ကျင်ထည့်လိုက်ရ၊ ဒီ-တဆယ်ထည့်လိုက်ရဆိုတာ လူများမှာတော့ စားတာထက် ကုန်သေးတယ်....(ကုန်ပါတယ်ဘုရား)။

အဲဒါတွေကိုလဲ မကင်းလို့ထည့်ရ မကင်းလို့ ပေးရဆိုတာ ငတ္တဟာ လူထဲနေပြန်တော့ တကာကြွယ်ရေ-ဒါးတွဲလဲ ကုသိုလ်တော့ ကုသိုလ်ဘဲ၊ ကုသိုလ်မှာ မကင်းတရားကြောင့် ထည့်ရတာဆိုတာ တဏှာခြုံရုံတယ်ဗျ....(မှန်လှပါ) ဒါ့တွေ ဘာလုပ်ရမလဲ-(ဖြစ်ပျက်ရှုရပါမယ်)။

ရှုရမှာဘဲဆိုတော့ ဒီကုသိုလ်လဲ ဖြစ်ပျက်ရှုရမှာဘဲ ဟိုအကုသိုလ်လဲ(ဖြစ်ပျက်ရှုရမှာပါဘဲ)ဒါဖြင့် နှစ်ဖက်မြင်ဖြစ်သွားတယ်-(မှန်ပါ့) ရှုနိုင်ယင် ဆင်ခြေမလဲတော့ပါဘူး ... (မှန်ပါ့ဘုရား)။

ရှုနိုင်ယင်... (ဆင်ခြေမလဲတော့ပါဘုရား) ကုသိုလ်ရှုလိုက်ယင် အဝိဇ္ဇာနဲ့တဏှာချုပ်တယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ် အစက ပြတ်တယ်.... (မှန်ပါ့) အကုသိုလ်ရှုလိုက်ယင် အလယ်ကနေပြတ်တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီ) ကိုယ့်မှာပင်ပန်းဆင်းရဲနေတယ်၊ ဒုက္ခဒေါမနဿရှုလိုက်ယင် ;အဆုံးကနေ ပြတ်တယ် .. (မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီ)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုကံ ဓမ္မံ။

ဆိုတာ ငါဖြစ်တိုင်း သိတယ်ကဲ့ပြောတာ....(မှန်ပါ့)ဖြစ်တိုင်း သိတယ်တဲ့ အကုသိုလ်တွေကို.... (မှန်ပါ့) ဝဋ္ဌကုသိုလ်တွေကို ငါဖြစ်တိုင်းသိတယ်....(မှန်လှပါဘုရား) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဖြစ်တိုင်း သိတယ်လို့ တော်တော်ကြာတော့ ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာနဲ့"ယတော ခယံ ပစ္စယာနံအဓိဋ္ဌာ"သူတို့ကုန်တာကိုလဲ ငါသိတယ်တဲ့....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ် ကုန်ဘာကို.... (သိပါတယ်ဘုရား)။

အဲဒါကြောင့် ငါသည် "ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယ မန္တလိက္ခံ" ငါ ဒါ့ကြောင့် ဘုရားဖြစ်လာတာကဲ့တဲ့...(မှန်လှပါဘုရား)။

နှစ်ဖက်မြင်ဖြစ်လာတာ၊ ဖြစ်တာကိုလဲ အကုသိုလ်တွေ ဖြစ်တာ ဝဋ္ဌကရားတွေဖြစ်ဘာကိုလဲ ငါသိဘယ် .. (မှန်လှပါဘုရား) ဝဋ္ဌတရားတွေ့ချုပ်တာလဲ....(သိပါတယ်ဘုရား)။

အဲဒါကြောင့်ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်ထောင့်ငါးရာ ကိလေသ မာရ်, ဒေဝပုတ္တမရ် အစရှိသည်တွေ, ကိလေသမရ်, ခန္ဓမာရ်တွေ အကုန်အောင်ပြီး ဘုရားအဖြစ်သို့ ရောက်လာတာ နှစ်ဖက်မြင်ဆိုတာ ဒါဘဲကွတဲ့.... (မှန်ပါ့ဘုရား)မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အကုသိုလ်ဖြစ်လဲ သိအောင်လုပ်... (မှန်ပါ့) ကုသိုလ်ဖြစ်လဲ.... (သိအောင်လုပ်ရပါမယ်) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကုသိုလ်ဖြင့် ကျုပ်ကုသိုလ်ဖြစ်ခဲ့တယ်ဟေ့-အမျှသာယူကြပေတော့လို့ အဲဒီမှာသွားပြီး ရပ်မနေစမ်းပါနဲ့....(မှန်လှပါဘုရား) ကိုယ့်ကုသိုလ်ကလေး ဘာလုပ်ရမတုံး.... (ဖြစ်ဟျက်ရှုရပါမယ်ဘုရား)။

ဘုန်းကြီးက အရှုခိုင်းလို့လား၊ သူ့ကိုက ဖြစ်ပျက်လား... (သူ့ကိုက ဖြစ်ပျက်ပါဘုရား)။

သူ့ကိုယ ဖြစ်ပျက်ကို ခင်ဗျားတို့က မသိလိုက်ယင် ဘာဖြစ်မတုံး. (အဝိဇ္ဇာဖြစ်ပါမယ်) အဲ.. အဝိဇ္ဇာဖြစ်ယင် သခ်ါရကနေပါဦ့မလား.... (မနေပါဘုရား) မနေလို့ရှိယင်ဖြင့် ခင်ဗျားတို့ "အဝိဇ္ဇာပစ္စယာ သခ်ါရာ၊ သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ ပဋ္ဌိသန္ဓေ ရောကြပေတော့.... (မှန်ပါ့ဘုရား) နေယင် "ဇာတိပိ့ ဒုက္ခာ"ဆိုတာ ခင်ဗျားတို့ကိုယ်ပိုင်ပစ္စည်း.... (မှန်လှပါဘုရား) သဘောပါပလား....(ပါပါပြီ)။

ကဲ....ရှင်းပြီတဲ့၊ ရှေ့ပိုင်းမှာ ဒါတွေရှင်းသွားတော့ ကိုင်း.... ဒီ့ ·ယနေ့ကစပြီး နှစ်ဖက်မြင်ကိုယ်တော် လမ်းသွားတာကို စုံလုံးကန်းလိုက်ပါတော့မယ်.... (မှန်ပါ့) နှစ်ဖက်မြင်ကိုယ်တော် တောင်ဝှေးဆွဲတာကို....(စုံလုံးကန်းလိုက်ပါတော့မယ်)။

ဘဲ .. ဘုရားက နှစ်ဖက်မြင်....(မှန်ပါ့) ကျုပ်တို့က စုံလုံးကန်း (မှန်ပါ့)ဆက်လိုက် တခါတည်း၊ဒါတော့ ချောက်မကျနိုင်တော့ ဘူးဆိုတာ ဆုံးဖြတ် ချက်ချ....(မှန်ပါ့ဘုရား)ရှင်းပြီးနော်...(ရှင်းပါပြီဘုရား)။

နှစ်ဖက်မြင်ကိုယ်တော်ကြီးက ဘာမျှားမြင်သွားပါလိမ့်မတုံးဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်တာနဲ့ ချုပ်ဘာ မြင်တယ်.... (မှန်ပါ့ ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်တာနဲ့....(ချုပ်တာမြင်ပါဘယ်ဘုရား) အဲဒါ ဘာအမြင်ခေါ်ကြမလဲ....(နှစ်ဖက်မြင်ပါဘုရား)။

ကိုင်းဒါဖြင့် အဂ္ဂိဝစ္ဆ စ,ကြစို့နော်....(မှန်ပါ့) အဂ္ဂိဝစ္ဆက ဥပါဒါန်ချုပ်ဘဲ့ ပုဂ္ဂိုလ် ဘယ်သွားသဘုံးလို့ တာကာသစ်-မခမး ဘူးလဲ့ား....(မေးပါတယ်ဘုရား)။

ဟာ....အဂ္ဂိဝစ္ဆရဲ့ ဒီလိုမမေးပါနဲ့ကွ၊ ဒီ-အဓိပ္ပါယ် မရှပါ ဘူးကွ-တဲ့ ...(မှန်ပါ့)။

ဒါဖြင့် ဘုရား .. တဲ့ ဥပါဒါန်ချုပ်သွားတဲ့ ပုဂ္ဂိုလ်ဟာ မသွား ဘဲဘဲ နေလေရော့လား....၊ ဟာ....ဒီအဓိပ္ပါယ်လဲ မယူနဲ့ကွဘဲ့....၊ ယူယင် သူက ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မှာကိုးဗျ.... (မှန်ပါ့)။

ဒါဖြင့် ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ နောက်ဘဝ ဖြစ်ချိ

တလှည့် မဖြစ်ချိ ဘလှည့်လားဆိုပြီး ကေစ္စ သဿတဒိဋ္ဌိ သူခမေး လိုက်တယ်.... (မှန်ပါ့) ဒီလိုလဲ အဓိပ္ပါယ် မရပါဘူးကွာ .. တဲ့၊ မဖြေဘူးလားဗျာ....(ဖြေပါတယ်ဘုရား)။

ဒါဖြင့် ဘုရား.... ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ မဖြစ်သည် မဟုတ်, ဖြစ်သယောင်ယောင်ရှိသေးတဲ့ အဓိပ္ပါယ်မျိုး ယူရမှာ လား·တဲ့....(မှန်လှပါ) ဟာ....ဒီ အဓိပ္ပါယ်လဲ မရောက်ပါဘူးတဲ့-(မှန်လှပါ)။

ဒါနဲ့-အဂ္ဂိဝစ္ဆက အင်း....ဥပါဒါန် ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွား သတုံးမေးပြန်တော့လဲ ဒီလိုလဲ မမေးနဲ့ကွ၊ ဒီ·အဓိပ္ပါယ်လဲမရ ဘူးလို့ ပြောပြန်တော့ လေးခုစလုံး ဒီအဓိပ္ပါယ် မမေးပါနဲ့လို့ ပြောတော့ အဖြေကိုမရတဲ့အတွက် သူဖြင့် ညဏ်တုံးပြီတဲ့၊ ဆိုပြီး ဘုရားမလျှောက်ဘူးလား....(လျှောက်ပါတယ် ဘုရား)။

အဲဒီတော့ ဘုရားက ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်တာနဲ့ ပျက်တာ မင်း-နားလည်အောင်လုပ်၊ ဒါမှ မင်း·ရှင်းမယ်တဲ့ ... (မှန်ပါ့) ရှင်း ပလား.. (ရှင်းပ´ပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်.... (ဖြစ်တာနဲ့ ပျက်တာ သိအောင်လုပ်ရပါ မယ်ဘုရား)ဖြစ်တာနဲ့ ချုပ်တာ နားလည်အောင်လုပ်မှ ဥပါဒါန် ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ နားလည်မယ်တဲ့-(မှန်ပါ့) သဒ္ဓာဘာပါပလား.... (ပါ·ပါတယ်ဘုရား) နားကြီးကြီးနဲ့ ထောင်လိုက်တော့မှ ဒီအဓိပ္ပါယ်သည် တကာတ.ကာမတို့ ပိုမို ရှင်းမယ်... (မှန်ပါ့)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်တာနဲ့ ချုပ်တာနားလည်တဲ့ဆရာ၊ မင်း-ဆည်း ကပ်ပြီးသကာလ လုပ်ပါ... တဲ့၊ သာမည်ဆရာနဲ့ မှီဝဲနေလို့ ရှိယင် မင်း- ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးဆိုတဲ့ အနေးဟာ

မင်း·ဉာဏ်ထဲ အဖြေရမှာ မဟုတ်ဘူး... တဲ့·(မှန်ပါ့) ကဲ...တကာ ကြွယ် ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်ပုဂ္ဂိုလ်ဆည်းကပ်ရမတုံး.... (ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ်တာနဲ့ ချုပ်တာ နားလည်တဲ့ပုဂ္ဂိုလ် ဆည်းကပ်ရပါမယ်ဘုရား)။

ဖြစ်မှု ချုပ်မှု နားလည်တဲ့ပုဂ္ဂိုလ် ဆည်းကပ်ပါ.... (မှန်ပါ့) ဖြစ်မှု,ချုပ်မှုကို နားလည်တဲ့ပုဂ္ဂိုလ် မှီဝဲကြပါ၊ ဆည်းကပ်ကြပါ-(မှန်ပါ့) ဒီလိုမှသာလျှင် တိုတိုပြောတော့ နိဗ္ဗာန်နားလည်မယ်-(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

တိုတိုပြောတော့.... (နိဗ္ဗာန်နားလည်ပါမယ်ဘုရား) အခု ဒီဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သို့၊ ငြိမ်းအေးတဲ့သဘောသို့ ရောက်သွားပြီလို့ ဖြေလိုက်ယင်လဲ ဒီပုဏ္ဏားက သြော်....ဘာမှ မဖြစ်တဲ့သဘော ယူမှာဘဲ....(ယူမှာပါဘုရား) မယူပေဘူးလား.... (ယူမှာပါဘုရား)။

အဲဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်တဲ့ပုဂ္ဂိုလ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်မှသာလျှင် မင်းသည်ကားလို့ ဆိုယင် နှစ်ဖက်မြင်ဖြစ်ပြီးသကာလ ဟောဒါက ဒုက္ခသစ္စာ၊ ဟောဒါက နိရောဓသစ္စာပေါ်မယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှ ဘာသစ္စာနှစ်ခု နားလည်မယ်.... (ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာနားလည်ပါမယ်) ရှင်းကြပလား.... (ရှင်းပါပြီ) တော်တော်အခေးကြီးပါကလား ဆိုတာပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား)။

တကာတကာမတို့ ဘုန်းကြီးများလဲ ဒီတရားပြောရတော့မယ် ဆိုဘော့ ဦးမာဒင်ဟို့ တကာကြွယ်တို့ အတော် ရင်လေးတယ်.... (မှန်ပါ့) အတော် ရင်လေးပါတယ်တဲ့။

ဘာဖြစ်လို့ကုံး...ဆိုတော့ ဘာမှ မကြားဘူးတဲ့ ပုဂ္ဂိုလ်ကို အခက်ဆုံး ပြောရမှာကိုး....(မှန်ပါ့)။

ဘာမှ မကြားဘူးတဲ့ပုဂ္ဂိုလ်ကို.... (အခက်ဆုံး ပြောရမှာပါ ဘုရား) ဒီလိုဆိုတော့ အတော် မခဲယဉ်းဘူးလား.... (ခဲယဉ်းပါ တယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို လမ်းခင်း ရတယ်-နော်....(မှန်လှပါ) လမ်းခင်းလိုက်တော့ကို ပဋ္ဌိစ္စသမုပ္ပါဒ် ဆိုတာကလဲ တကာတကာမတို့ ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊ ဒီဘဝ ဘယ်က စ,သတုံးလို့ မေးလို့ရှိယင်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်အစ ခန္ဓာကဘဲ မှတ်ပါ....(မှန်လှပါ) ဒီဘဝမှာ-ဒီဘဝမှာ ... (မှန်ပါ့ ဘုရား)။

ဘယ်က စ,သတုံး.... (ခန္ဓာက ၉,ပါတယ်ဘုရား) ခန္ဓာကို နားမလည်မှုက စ,တယ်... (မှန်ပါ့)။

သေသေချာချာမှတ်ပါ၊ ဒီဥစ္စာ နည်းတဲ့အဓိပ္ပါယ်မဟုတ်ဘူး (မှန်လှပါ) ပဋ္ဌိစ္စသမုပ္ပါဒ်နားမလည်တာ ဒီဘဝမှာ ဘယ်က စ, သတုံး....(ခန္ဓာနားမလည်မှုကစ,ပါတယ်ဘုရား)ခန္ဓာ နားမလည် မှုက စ,ပါတယ်,...(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ့်.... (ခန္ဓာ နားမလည် မှုက စ,ပါတယ်ဘုရား)။

ခင်ဗျားတို့ ဒီဥစ္စာ သေးတဲ့အဝိပ္ပါယ်မဟုတ်ဘူးနော်... (မှန်လှ ပါဘုရား) တကာကြွယ် သေသေချာချာ မှတ်စမ်းပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်ဘူးဆိုလို့ရှိယင် ကိုယ့်ခန္ဓာ နားမလည်မှုက (မှန်လှ ပါဘုရား) သဘောကျပလား....(ကျပါပြီ) ဒါဖြင့် ကိုယ့်ခန္ဓာ နားမလည်မှုက ပဋ္ဌိစ္စသမုပ္ပါဒ် စ,စပြီးပေါ်တယ်.. (မှန်ပါ့)။

ကိုယ့်ခန္ဓာ နားမလည်မှုက.... (ပဋ္ဌိစ္စသမုပ္ပါဒ်စ,စ ပေါ်ပါ တယ်ဘုရား)။

ကဲ....စဉ်းစားကြည့်ပါတဲ့....၊ တကာ့ဘကာမတို့ ဟောဒါ ခင်ဗျားတို့ ရ,ထားတဲ့ ဘုန်းကြီး ပြောတဲ့ ခန္ဓာငါးပါး-(မှန်ပါ့) ခင်ဗျားတို့သိတဲ့ ခန္ဓာငါးပါး မဟုတ်ဘူး....(မှန်ပါ့) ရှင်းပလား- (မှန်ပါ့)။

ဒီဘက်က ဘာတုံး....(ခန္ဓာငါးပါးပါဘုရား) ဒါ-ခင်ဗျားတို့ သိထားတဲ့ ခန္ဓာငါးပါးလား၊ ဘုန်းကြီးပြောလို့ ခင်ဗျားတို့က ရှိတ်နေတဲ့ ခန္ဓာငါးပါးလား.... (ဘုန်းကြီးပြောလို့ ရှိတ်နေတဲ့ ခန္ဓာငါးပါးပါဘုရား) ဘုန်းကြီးပြောလို့ ရှိတ်နေတာ... (မှန်လှ ပါဘုရား) ရှင်းအောင်ပြောရသေးတယ်....(မှန်ပါ့) ရှင်းအောင် ပြောရသေးတယ်....၊ ခင်ဗျားတို့ အိမ်ကတည်းက တခါတည်း သိလာတဲ့ ခန္ဓာငါးပါး မဟုတ်ဘူး....(မဟုတ်ပါဘုရား) အိမ်က နှုတ်ဆက်ကတည်းက ငါ တရားနာသွားဦးမယ် ဆက်လာတာ.... (မှန်ပါ့) ခန္ဓာငါးပါးကို မပါဘူး...(မပါ ပါဘုရား)။

ငါ တရားနာသွားဦးမယ်ဟေ့၊ တံခါးကလေး၊ဘာကလေး ကြည့်ပိတ်လိုက်၊ ဘယ်သူ ဘယ်သူလာလို့ ရှိယင် ကောင်းအောင် ကြည့်ပြောလိုက်၊ ငါတော့ သွားလိုက်ဦးမယ် ခန္ဓာငါးပါးကို

မသိခဲ့ဘူး၊ အိမ်က ထွက်ကတည်းက....(မှန်ပါ့) ပါသေးရဲ့လား-(မပါ,ပါဘုရား)။

အိမ်ပြန်သွားတော့လဲ အင်း....ရောက်လာပလား၊ အို... နည်းနည်းကလေး ငါနောက်ကျသွားတာက ဘယ်သူနဲ့ လမ်းမှာပြောနေလို့၊ ပါနည်းနည်းနောက်ကျသွားတာက ဒီသဘောပါဘဲ... (မှန်လှပါ) အိမ်ရောက်လာလို့ရှိယင်လဲ ပဋ္ဌိစ္စသမုပ္ပါဒ်ပျောက်ပြန်တယ်....(ပျောက်ပါတယ်ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) အိမ်က ထွက်ခါနီးကော.... (ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် အထွက်လဲ ပျောက်၊ အဝင်လဲ ပျောက်၊ အဝင် ရှာမတွေ့....(မှန်ပါ့) အနေကျတော့.... (ရှာမတွေ့ပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ်ကို ရှာမတွေ့ဘူး....(မှန်လှပါဘုရား)။

ဒါဖြင့် တနေ့လုံး ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဘဲ စ,နေတော့တယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်ခဏ်းကို မပါဘူး....(မပါ,ပါဘုရား,)။

တကာကြွယ် ဒါ....သေဘာချာချာ ဉာဏ်နားနဲ့ ထောင်မှုဟုတ်ပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

တကာတကာမတွေ့ အိုမ်ကို နှုတ်ဆက်ခဲ့ကြရဲ့လား- (ဆက်ခဲ့ပါတယ်ဘုရား) ဘယ်လိုမျှား ဆက်ခဲ့ကြသလဲ....(ငါ တရားနာသွားဦးမယ်လို့)။

အဲ....ကောင်းပါပေ့ဗျာ၊ နေရာကျလိုက်တာ နေရာကျလိုက်တာ....(မှန်ပါ့) တခါတည်း ခန္ဓာငါးပါးကို ငါတရားနာ

သွားဦးမယ်လို့ ငါထင်ပြီး ထွက်လာခဲ့တာဘဲ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

တကာကြွယ် အိမ်ကျတော့ ပြန်လာတဲ့အခါကျတော့ ကိုကြွယ် ပြန်လာပလားဆို အို....နေးလှချည့်ကလားလို့ မေးလိုက်တဲ့အခါ ကျတော့ ငါဘယ်သူနဲ့ စကားပြောနေလို့....(မှန်ပါ့)ဘယ့်နှယ် ပြောသတုံး၊ အိမ်ဝင်တော့လဲ ပဋ္ဌိစ္စသမုပ္ပါဒ် ပျောက်ပလား.... (ပျောက်ပါပြီဘုရား)။

ပျောက်ပြီ....တဲ့၊ တခါ အိမ်ကျတော့ ရှေ့ရေး, နောက်ရေး တွေပြော၊ ဒီနေ့ ရောင်းတဲ့ဝယ်တဲ့စာရင်းတွေ ချုပ်ကြပြီကြ၊ ဘာ ဖြစ်ကြဘာတုံး၊ အဲဒါလဲ ပဋ္ဌိစ္စသမုပ္ပါဒ်ပျောက်နေပြီ... (မှန်ပါ့ ဘုရား) မပျောက်သေးဘူးလား....(ပျောက်ပါပြီဘုရား)။

ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် ပျောက်ကတည်းက ဖြစ်ပျက်ရှာမတွေ့ ဘူး....(မတွေ့ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ဖြစ်ပျက်ရှာမတွေ့ကတည်းက အဝိဇ္ဇာနဲ့ နေပြီ....(မှန်ပါ့) ဒါဖြင့် ခန္ဓာမသိမှုက စ,တာဘဲ....(မှန်ပါ့)။

ပဋ္ဌိစ္စသမုပ္ပါဒ်အစ, ဘယ်ကပါလိမ့် ... (ခန္ဓာမသိမှုက စတာ ပါဘုရား) ခန္ဓာမသိမှုက စတယ်ဆိုဟာ သေချာပလား....(သေ ချာပါပြီဘုရား)။

သြော်....ဒါဖြင့် ဒီခန္ဓာကို မသိမှုသည် တကာဘကာမတို့ အလွန်ဆိုးဝါးတဲ့ ကြီးစွာသော အပြစ်သင့်တယ်ဆိုတဲ့ အဓိပ္ပါယ် ဟာ စုံလုံးကန်းပြစ်သင့်တာဘဲ ... (မှန်လှပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် စ,ကြပါစို့ တက်ာတကာမတို့၊ဒီခန္ဓာကြီးကို ငါတရားနာသွားဦးမယ်၊ အိမ့်ရှင်မပြောတယ်.... (မှန်ပါ့ဘုရား) ငါ တရားနာသွားဦးမယ်.... တဲ့- (မှန်ပါ့) ဒီဌိုနဲ့ပြောတာ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ငါ တရားနာသွားဦးမယ်ဆိုတော့ ဘာနဲ့ပြောလိုက်သလဲ.... (ဒီဌိုနဲ့ပြောပါတယ်) ဘယ်သူ့ကြည့်ပြောတာတုံး၊ ကိုယ့်ကိုယ် ကြည့်ပြောတာ (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ငါ တရားနာသွားဦးမယ်ဆိုတာ ဘယ် သူ့ ကြည့်ပြောတာ တုံး... (ကိုယ့်ကိုယ်ကြည့်ပြောတာပါ) ဟာ.... ကိုယ့်ကိုယ်ဟာ ငါပဲ၊ ဒါဖြင့် ခန္ဓာမဟုတ်တော့ဘူး.... (မဟုတ်ပါ) ခန္ဓာမဟုတ် တော့ ဌိုစ့ သမ့ပ ဒ်စ,ပလား- တကာ့ကြယ်....(စပါပြီ)အဲ.... ဒီဌိုကစ,တယ် (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် အဟုတ်သွားမှာလားလို့ တကာမက မေး လိုက်တဲ့ အခါကျတော့၊ ဟော....ငါ ခလေးမဟုတ်ဘူးကွ'တကယ် သွားမှာလို့ ပြောလိုက်တယ်.... (ပြောပါဘယ်) တကယ်သွား မယ်ဆိုတော့ ဥပါဒါန်ဖြစ်နေပြီ... (ဖြစ်ပါတယ်) ငါတကယ် သွားမှာကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိုင်မိပါပြီဘုရား)။

ဘာတဲ့တုံး ... (ငါတကယ်သွားမှာပါ)မင်းနဲ့ ပြောရတာ ကြာတယ်ကွာ၊ ငါခပ်သုတ်သုတ် သွားရလိမ့်မယ် ဆိုတော့ ကားယက်ံ, ဝစီကံ, ဖြစ်လာတယ်... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ဒါက ဘားတုံးလို့ ပေးတဲ့အခါကျတော့ ကမ္မဘဝဖြစ်လာ တယ် (မှန်ပါ့)။

သြော်... ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်အစ, ခန္ဓာနှားမလည်မှုက .... (မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်အစ....(ခန္ဓာနှားမလည်မှုကပါ)ဒါ ဝဋ်ပဋ္ဌိစ္စသမုပ္ပါဒ်လား· ပတ်ကျွတ်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်လား .... (ဝဋ်ပဋ္ဌိစ္စသမုပ္ပါဒ်ပါ) ဝဋ်ပဋ္ဌိစ္စသမုပ္ပါဒ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကမ္မဘဝပစ္စယာ... (ဇာတိပါ) သြော်.. ခင်ဗျားတို့ကလဲ မသေခင်က ဇာတိကို နှုတ်ဆက်ထားတယ်(မှန်ပါဘုရား)။

မသေခင်က ဘာတဲ့....(ဇာတိကို နှုတ်ဆက်ထားပါတယ်) လွှမ်းကြတယ်ထင်တယ်....(မှန်ပါ့) လွှမ်းကြတယ်ထင်တယ်.... (လွှမ်းပါတယ်ဘုရား)။

ဇာတိက လာတာနဲ့ ဘယ်သွားမလို့ စိတ်ကူးပါလိမ့် .... (ဇာတိကိုဘဲ စိတ်ကူးပါတယ်) ပဌမဇာတိက ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ)အင်း.. ဒုတိယရမည့် ဇာတိကကော... (ဒုက္ခသစ္စာပါဘဲ) သြော် .... ဒုက္ခနဲ့ တပည့်တော်တို့က ခွဲလို့မဖြစ်ဘူး .... (မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

တကာကြွယ်· ဘာနဲ့ခွဲလို့ မဖြစ်ဘူးလဲ ... (ဒုက္ခနဲ့ခွဲလို့မဖြစ်ပါဘုရား) ဒုက္ခနဲ့မျှား ခွဲရလို့ရှိယင်ဖြင့် မတော်ဘဲ နိဗ္ဗာန်မျှားရောက်သွားယင် ကိုယ်ကျိုးမျှား နည်းဦးမှာလား.... (မှန်ပါ့) ဒီအဓိပ္ပါယ်ရတယ်... (ရပါတယ်) သေခဏချာချာ စဉ်းစားတော့မှ ဒီအဓိပ္ပါယ်ဟာ ပေါ်နေတယ်နော်....(မှန်ပါ့ဘုရား)။

ကိုင်း .... နှုတ်ဆက်တာက ဒီဌိ-ဒီဌိဆိုတော့ တဏှာတဲ့ .... (မှန်ပါ့) အဟုတ်ကိုသွားဖြစ်တာက ငါ တကယ်သွားဖြစ်တာက

(ဥပါဒါန်ပါ) ကာယကံ,ဝစီကံနဲ့ ခပ်သုတ်သုတ်အဝတ်လဲတာက (ကံပါ)ကမ္မဘဝ၊ ဝိပဿနာဉာဏ် မပါယင် ဒါချည့်ဘဲ(မှန်ပါ့) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် 'ကမ္မဘဝပစ္စယာ' တကာကြွယ်-ဘာတဲ့....(ဇာတိ ပါဘုရား) အခုရမှာလား- နောက်မှရမှာလား .... (နောက်မှရမှာ ပါဘုရား)ဒါဖြင့် လက်မှတ်ယူပြီးပြီ၊ သေချာပြီ .... (မှန်ပါ့) လက်မှတ်ယူပြီးပြီ....(ယူပြီးပါပြီဘုရား)။

ဦးမာဒင်- ဘာယူထားသတုံး.... (လက်မှတ်ယူထားပါတယ်) ဩော်....ဒယ်အိုးလက်မှတ်ယူထားတယ်၊ ကျုပ်နံပါတ် မပျောက်စေနဲ့တဲ့....(မှန်ပါ့) သဘော့ပါပလား....(ပါ-ပါပြီဘုရား)။

ကြည့်လေ- ကမ္မဘဝရှိယင် ဇာတိလာဦးမှာဘဲ.... (မှန်ပါ့) မလာပါနဲ့ဆိုလို့... (မရပါ) မဂ်လုပ်ယင်လုပ်- မလုပ်ယင်လာမယ်... (မှန်ပါ့ဘုရား)။

မဂ်အလုပ်ကို လုပ်ယင်လုပ်၊ မလုပ်ယင် ဘယ့်နှယ်တုံး.... (လာမှာပါ)သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် မဂ်အလုပ်ကို မလုပ်ယင် ပဋ္ဌိစ္စသမုပ္ပါဒ်က ပေါ်လာတော့မယ်....(မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

တကာကြွယ်တို့၊တကာသစ်တို့ကအကဲခတ်လို့ရှိယင်၊ဩော်.... ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ သူ စ,ချင်ရာက စ, တာဘဲ။ အလယ်ကဖေါက် စ,တာလဲ အလယ်ပဋ္ဌိစ္စသမုပ္ပါဒ်လို့ ရှိသေးတယ်ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အလယ်ကစတယ်.... (မှန်ပါ့) ဒီခန္ဓာကြီးဟာ ငဲစ္စပ္ပန် .... (မှန်ပါ့) သူ့ကိုပင်လျှင် ငါထင်တာက ပဋ္ဌိစ္စသမုပ္ပါဒ်အစ ....

(မှန်ပါ့) သခင်ဘာကျပလား....(ကျပါပြီ) သူ့ကိုပင်လျှင်စဲ့လမ်း တာက ပဋ္ဌိစ္စသမုပ္ပါဒ်ဒုတိယဘဲ.... (မှန်ပါ့) သူ့ကိုပင်လျှင် ကာယကံ,ဝစီကံနဲ့ ခန္ဓာကြီးကို အားထုတ်ပြီးသကာလ နေတာ ကမ္မဘဝဖြစ်ပါတယ်....(မှန်ပါ့)သခင်ဘာကျပလား .... (ကျပါပြီ ဘုရား)။

ဒါဖြင့် ယခုပစ္စုပ္ပန်ပဋ္ဌိစ္စသမုပ္ပါဒ်အစသည် ခန္ဓာမသိတာက ဆိုတာ မဒေပါ်လာဘူးလား....(ပေါ်လာပ၊တယ်ဘုရား)။

ခန္ဓာမသိတာကလို့ ပေါ်လာတော့မှ ဘာ .... ဒီ ဒိဋ္ဌိဟာ အဝိဇ္ဇာနဲ့တွဲလျက်ပါလား....(မှန်ပါ့) ပေါ်လာတယ်.... (ပေါ် လာပါတယ်ဘုရား)။

ဒိဋ္ဌိဟာ ဘာနဲ့တွဲသလဲ.... (အဝိဇ္ဇာနဲ့တွဲပ၊ါဘယ်) ဒါဖြင့် အဝိဇ္ဇာသည် အကုသိုလ်စိတ် တဆဲ့နှစ်ခုမှာ မပါတာ မရှိဘူး ဆိုတာ ဒီမှာဒေပါ်သွားဘယ်...(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒိဋ္ဌိက စ,ငြားသော်လဲတဲ့၊ အဝိဇ္ဇာက သဟ ဇာတ ဖြစ်ပေါ်ဖြစ်ဖက် အဖြစ်နဲ့ပါလျက်ပါဘဲ .... (မှန်ပါ့) တကာကြွယ် ရှင်းပလား....(ရှင်းပါပြီ)ကဲ... တကာသစ်တို့.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူ့မပြဋ္ဌာန်းလို့သာ နောက်လိုက်အဖြစ်နဲ့ ပါနေရ ပါတယ်၊ ဒိဋ္ဌိက ပြဋ္ဌာန်းနေဘော့ ဒိဋ္ဌိ,ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ် တဲ့ကံ...(မှန်ပါ့)ဒီပဋ္ဌိစ္စသမုပ္ပါဒ် ပေါ်လာတယ်....(ပေါ်လာပါ တယ် ဘုရား)။

သေးသေချာချာမှတ်ပါ၊ ဒီဘက်က ဘာတုံး.... (ဒိဋ္ဌိပါ)ဒိဋ္ဌိ၊ ဒီက... (ဒိဋ္ဌုပါဒါန်ပါ)ဒီက....(ဒိဋ္ဌိအုပ်ချုပ်တဲ့ကံပါ) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုလို့ ရှိယင်ဖြင့် အပါယ်လေးပါးမှ တပါးမရှိဘူး....(မှန်ပါ့)ရှိသေးရဲ့လား....(မရှိပါ)သုဂတိသွားလဲ ပြန်ကျမှာဘဲ... (ကျမှာပါ)မကျပေဘူးလား.... (ကျမှာပါဘုရား)။

ကိုင်း... တကာတကာမတို့ ခင်ဗျားတို့ နှုတ်ဆက်တာ သေးသေးအပြစ်ဘဲလား၊ မသိဘဲနဲ့ နှုတ်ဆက်လိုက်တာ သေးသေးဘဲလား၊ တခါတည်း ငရဲကျအောင်ဘဲ မျက်စောင်းထိုးလိုက်သလားဆိုတာ .... (ငရဲကျအောင် မျက်စောင်းထိုးလိုက်တာပါဘုရား)။

တိုးတိုးပြောကြ- တိုးတိုးပြောကြ တကာတကာမတို့ သေချာတာကတော့ လွန်နေပြီ....(မှန်ပါ့ဘုရား)။

ပရမတ်ကို သေသေချာချာသိယင် ပရမတ်ဆိုတာ မဖေါက်ပြန်ဘူး....(မှန်ပါ့ဘုရား)။

ပရမတ်ဆိုတာ....(မဖေါက်ပြန်ပါ)ဒီကံလုပ်ယင် ဒီအကျိုးပေးတယ်... (မှန်ပါ့) ဒီဥပါဒါန်ဖြစ်ယင် ဒီကံ.... (မှန်ပါ) ဒါဟာတဲ့ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဓမ္မဋ္ဌတာ,ဓမ္မနိယတာ" လို့ ဘုရားက သေသေချာချာ ဟောတယ်.... (မှန်ပါ့ဘုရား)။

"ဓမ္မနိယတာ" ဆိုတာ ဒီတရားဟာ မြဲတယ်ကဲ့တဲ့ .... (မှန်ပါ့)'ဓမ္မဋ္ဌတာ' ဒီတရားတွေဟာ သူပြီးသူကည်တာဘဲတဲ့ (မှန်ပါ့) မင်းတို့က ဘာပရိယာယ်သုံးနေနေမရဘူးတဲ့....(မှန်ပါ့) ရှင်းပလား.. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် မပြတ်သ၍ကာလပတ်လုံး ကျုပ်တို့ ခင်ဗျားတို့သည် ဇာတိဒုက္ခနဲ့ မိတ်ဆွေဘဲ....(မှန်ပါ့)။

ဇာတိဒုက္ခနဲ့....(မိတ်ဆွေပါ) သေချာပလား....(သေချာပါ ပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘုန်းကြီးတို့ တကာဘကာမတွေ သြော်-ဒါတွေသည်ကားလို့ ဆိုယင် စဉ်းစားလိုက်၊ဒီတခုဖြစ်ပြီးမှ ဒီတခု ဖြစ်တယ်....(မှန်ပါ့) ဒီတခု ချုပ်ပြီးမှ....(ဒီ တခု ဖြစ်ပါတယ်) နောက်တခု ဖြစ်မယ်ဆိုကြ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင် ပါတယ်ဘုရား)။

အဲဒီလို သိပြီးယကာလ ထားတော့မှ သြော်....ပဋ္ဌိစ္စသမုပ္ပါဒ် သိတော့မှ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် (မှန်ပါ့)ဒါ့ကြောင့် ဒီဘက်က ဟိုဘက် မရောက်ခင် ဘဲ သေခါနီးမှ "ဒုက္ခကွန်ယ သမုဒယော ဟောတိ" နောက်က လာခဲ့တာ ဒုက္ခ အစု ဖြစ်ခဲ့တာက....(မှန်ပါ့ဘုရား)။

နောက်က လာခဲ့တာ....(ဒုက္ခအစု ဖြစ်ခဲ့တာပါ)ပေါ်ပလား (ပေါ်ပါပြီ)သြော် ခင်ဗျားတို့သန္တာန်ဖြစ်သ၍ ဘာအစုတုံး.... (ဒုက္ခအစုပါဘုရား) ဒုက္ခအစုဖြစ်ခဲ့တယ်....(မှန်ပါ့) ကိုင်း... ဒါ သဘောကျပလား (ကျပါပြီ)။

သြော် ဒုက္ခအစုကြီးဆိုတာ ဒီလိုပါကလား.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) နှုတ်ဆက်တဲ့လမ်းကို ပြောလိုက် သဖြင့် ပြုံးရယ်တဲ့သဘောလဲ မပြောပါရစေနဲ့တော့ ဒီအတိုင်း ပါဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

တကာကြယ် ပြုံးဘဲ့သဘော ပြောရဦးမှာလား မလိုတော့ ပါဘူး....(မှန်ပါ့) မလိုတော့ပါဘူး၊ ဒီက ခု နှုတ်ဆက်ပြီးတာ

ပါပြီ....(မှန်ပါ့) နှုတ်ဆက်ပြီးတာ ပါပြီဆိုတော့ ပြုံးတာ်ကလဲ သွားဦးမှာဘဲ ဒီအတိုင်းဘဲ....(မှန်ပါ့) မဲ့တာကကော....(ဒီအတိုင်းသွားမှာပါဘုရား)။

အဲ...ပြုံးတာလဲ ပဋ္ဌိစ္စသမုပ္ပါဒ်.... (မှန်ပါ့) မဲ့တာကော.... (ပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား) နှုတ်ဆက်တာလဲ.... (ပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား) နာမ်ရုပ်ကို မင်း့ဘဲနဲ့ဆိုယင် ပဋ္ဌိစ္စသမုပ္ပါဒ်ချည့်မှတ်ပါ... (မှန်ပါ့ဘုရား) ရှင်းကြပလား . (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ်ပုံဖြင့် သဘောကျပါပြီ.... (မှန်ပါ့) ကဲ .. ချုပ်ကြဦးစို့.... (မှန်ပါ့ဘုရား)။

ခုနင်က အဂ္ဂိဝစ္ဆကိုပြောတာကိုး တကာသစ်ရ-(မှန်ပါ့)မင်း ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ်ကို ဆည်းကပ်ဦးတဲ့... (မှန်ပါ့) ဒါမှမင်းသည် ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ သိမယ်လို့ ဒီဥပါဒါန်က ပါနေပြီကော.... (မှန်ပါ့) မပါဘူးလား....(ပါပါတယ်ဘုရား)။

ဒီဌိ-ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတော့ ဒီဥပါဒါန်ကချုပ်တယ်.... (မှန်ပါ့) ဥပါဒါန်ချုပ်တယ်ဆိုတော့ ဒီကံမလာပါဘူး.... (မလာပါဘုရား) လာသေးရဲ့လား.... (မလာပါဘုရား)။

ကဲ....ဒါဖြင့် သူမေးတာက ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့ ... (မှန်လှပါဘုရား) မမေးဘူးလား.... (မေးပါတယ်ဘုရား)။

မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအဓိပ္ပါယ်လဲ **မ**ရောက်ပါဘူးကွာဆိုပြီး ဖြေလိုက်ပါဟယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ကျုပ်တို့က ဒီလိုလုပ်ကြစို့. တော့၊ ကျုပ်တို့က ဒီခန္ဓာကြီးကို တကာတကာမတွေက ဝေဒနာကလေးပေါ်လာလဲ ဒီခန္ဓာထဲက ဝေဒနာကွန္ဒန္ဓာတခုဘဲ တကာကြွယ်က ဖြစ်ပျက်ရှုလိုက်တာပေါ့....(မှန်ပါ့ဘုရား)။

ရှုလိုက်တော့ ဘယ့်နှယ်ဖြစ်သွားသတုံး.... (မင်ဖြစ်သွားပါတယ်) အင်း....တကာတကာမတို့ ဝေဒနာက ဖြစ်ပျက် ရှုတာက .. (မင်ပါဘုရား)။

မင်ဆိုတော့ ရိပ်မိသွားတယ်....(မှန်ပါ့) မင်ဆိုတော့ ဒီအထဲမှာ သမ္မာဒိट्ठိဆိုတဲ့ ဝိဇ္ဇာကပါတယ်.... (ပါပါတယ်ဘုရား)ဟုတ်လား....(မှန်ပါ့) ဖြစ်ပျက်ဆိုတော့ အနိစ္စမြင်လိုက်သဖြင့် နိစ္စဒိट्ठိ ရှိသေးရဲ့လား....(မရှိပါဘုရား) ဩော်....သူတို့နှစ်ခု ပြုတ်ထွက်သွားတယ်....(မှန်ပါ့) အဝိဇ္ဇာနဲ့ တဏှာပြုတ်တယ်.... (မှန်ပါ့)။

ဒါ-ကြပ်ကြပ်စဉ်းစားပါ တကာတကာမတို့၊ ဒါ-အလုပ်ခွင်နော်....(မှန်ပါ့) ဒါ-ကြပ်ကြပ်စဉ်းစားပါ၊ ဒါ အတော်အခရေးကြီးပြီ....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှ မင်း-နိဗ္ဗာန်သဘောကျမှာကိုး....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒါကလေးဟာ ဝေဒနာ တကာကြွယ်ရ.... (မှန်လှပါ) ဒီဝေဒနာကလေးကို တကာကြွယ်တို့ ဦးလှဘူးတို့က ဘာလုပ်လိုက်သတုံး.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဩော်....ဝေဒနာနုပဿနာ တပည့်တော်တို့က ရှုလိုက်တယ်ဘုရာ့....၊ ဖြစ်ပြီးပျက်တာကလေး တပည့်တော်တို့က သိလိုက်တယ်ဆိုတော့ ဩော်... ဘယ်သူဖြစ်ပျက်တာတုံးဆိုတော့ ဝေဒ

နာ ဖြစ်ပျက်တာဆိုတော့ ဝေဒနာဖြစ်ပျက်ကို သိလိုက်သဖြင့် ဝေဒနာမသိတဲ့ အဝိဇ္ဇာချုပ်တယ်....(ချုပ်ပါတယ်ဘုရား) ဟုတ်လား....(မှန်ပါ့)။

ငါသေတာ ငါဖြစ်ပျက်မဟုတ်ဘူး၊ ဒါသည်ကားလို့ဆိုလို့ရှိယင် တကာတကာမတို့ ဓမ္မကလေး၏ ဖြစ်ပျက်လို့ မသိဘူးလား... (သိပါတယ်ဘုရား) ဓမ္မကလေး၏ ဖြစ်ပျက်ဆိုတော့ တကာတကာမတို့ ပဋိဂ္ဂုလ်,သတ္တဝါသေတာ ဟုတ်သေးရဲ့လား-(မဟုတ်ပါဘုရား)ဒီမှာ ဒီဌိပြုတ်တယ်.... (မှန်ပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီဌိနဲ့အဝိဇ္ဇာ.... (ရောပြုတ်ပါတယ်ဘုရား) အဲ....ဒီဥပါဒါန်လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

မလာနိုင်တော့ဘူး....(မှန်ပါ့)ဒါဖြင့် "ဥပါဒါန နိရောဓော" ဖြစ်သွားတယ်.... (ဖြစ်ပါတယ်ဘုရား) ဥပါဒါန နိရောဓော.... (ဇာတိနိရောဓောပါဘုရား) ကဲ.... ဇာတိ နိရောဓောဆိုတော့ 'ဇာတိနိရောဓော နိဗ္ဗာနံ'....(မှန်ပါ့)ဇာတိနိရောဓော.... (နိဗ္ဗာနံပါ)မရဏနိရောဓော....(နိဗ္ဗာနံပါဘုရား)။

ဒါဖြင့် မင်း-ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်မှ နိဗ္ဗာန်နားလည်မယ်တဲ့....(မှန်ပါ့) ပေါ်နေပြီ....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီ တကာတကာမတို့.... (မှန်ပါ့) မင်း-ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်ပါဦးကွ....၊ အဂ္ဂိဝစ္ဆရဆိုတော့ အခုဘုန်းကြီးပြောတဲ့ အတိုင်း ဒီတကာတကာမတွေ့ နားလည်မှုရှိသလို သူနားလည်သွားလို့ရှိယင် ဩော်....နိဗ္ဗာန်ဆိုတာ ဘာပါ

လိမ့်မတ္ပုံးဆိုတော့ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဇာတိဇရာမရဏာ ချုပ်သိမ်းရ၊ နိဗ္ဗာန်ဆိုတာ ပေါ်သွားတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဇာတိဇရာမရဏာ ချုပ်သိမ်းရ.... (နိဗ္ဗာန်ပေါ်သွားပါတယ် ဘုရား)နိဗ္ဗာန်ပေါ်သွားတယ်.... (မှန်ပါ့) ဘယ်သွားတယ်လို့ ရှိသေးလား.... (မရှိပါဘုရား) အင်း....ဒုက္ခချုပ်သိမ်း ငြိမ်းသွား တာဘဲ....(မှန်ပါ့ဘုရား)။

ဘာဘဲတွေ့သတုံး.... (ဒုက္ခချုပ်သိမ်း ငြိမ်းသွားတာ တွေ့ပါ တယ်ဘုရား)။

ကိုင်း....ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှ ဒုက္ခငြိမ်းတဲ့နိဗ္ဗာန် နားလည်မယ်....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှ ဒုက္ခဖြစ်တာ လဲ သိတယ်....(မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ်တာသိယင် ဒုက္ခသစ္စာ မြင်ပါတယ်.... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ချုပ်တာသိယင် နိရောဓသစ္စာမြင်ပါ တယ်....(မှန်ပါ့ဘုရား)ဒါကလေးနှစ်လုံး မြဲမြဲမှတ်စမ်းပါ....(မှန် ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်နေတာ ကိုယ်သိယင်· (ဒုက္ခသစ္စာမြင်ပါတယ်ဘုရား) ဒုက္ခသစ္စာသိတယ် ... (မှန်ပါ့ ဘုရား)။

ကိုယ့် ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ့်မဂ်နဲ့ချုပ်နေတယ်၊ မဂ်အလုပ် လုပ်နေတယ်ဆိုတဲ့ပုဂ္ဂိုလ် နိရောဓသိတယ်.... (မှန်ပါ့ဘုရား) ဩော် ငါ့ မဂ်နဲ့ ဖြတ်လိုက်တာ ဟိုဘက်မှာ ဒုက္ခတွေ ဘယ်

နှယ်နေသေးသတုံး....(ပြတ်ပါတယ်ဘုရား) မသေချာဘူးလား.... (သေချာပါပြီဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာကြွယ်တို့ ဦးမာဒင်တို့ တကာသစ်တို့ ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်လို့ရှိယင် ဝိပဿနာလဲ မရှုတတ်ဘူး.... (မှန်ပါ့)နိဗ္ဗာန်လဲနားမလည်တော့ဘူး....(နားမလည်ပါဘုရား)။

ဘယ်နှယ်တုံး....(ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်လို့ရှိယင် ဝိပဿနာမရှုတတ်ပါဘုရား) နိဗ္ဗာန်ကော.... (နားမလည်ပါဘုရား)။

ဒါဖြင့် ဒီအတိုင်းသာ ရမ်းလုပ်နေတဲ့ ပုဂ္ဂိုလ်များမှာ ဒိဋ္ဌိအဝိဇ္ဇာပြုတ်ပါ့မလား....(မပြုတ်ပါဘုရား) နိဗ္ဗာန်ကော သဘောကျရဲ့လား....(မကျပါဘုရား)။

ဒါဖြင့် တကာကြွယ် ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ် မင်းရှာဦးလို့ ဘုရားကိုယ်တိုင်က အမိန့်ရှိလိုက်တော့ တယ်ကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

အရင်တော့ ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှလို့ ပြောရတယ်.... (မှန်ပါ့) အခုတော့ ဘုရားကိုက အဂ္ဂိစ္ဆ....မင်း တပါးသော ဆရာတွေနဲ့ တဲ့နေလို့ ဒီဥစ္စာပြီးမှာ မဟုတ်ဘူးကွ.... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ကို နားလည်တဲ့ဆရာကို မင်း-တွေ့အောင်ရှာမှ မင်းနေရာကျမယ်လို့ သေသေချာချာ ပြောလိုက်တယ်.... (မှန်ပါ့ဘုရား) ဘယ်လောက်အရေးကြီးလို့ မှာတော်မူတယ်ဆိုတာဖြင့် ပေါ်ရောပေါ့ဗျာ... (ပေါ်ပါပြီဘုရား)။

အဲ့ဒါကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာပေါ်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ချက်ခြင်းမိအောင် နောက်က မက်နဲ့လိုက်ပါ.... (မှန်ပါ့)။

ပေါ်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို.... (ချက်ခြင်းမိအောင် နောက်ကမင်္ဂ နဲ့ လိုက်ရပါမယ်ဘုရား) စိတ်ကလေးပေါ်လာ စိတ်မိအောင်လိုက်....(မှန်ပါ့ဘုရား) သူ ပဋ္ဌိစ္စသမုပ္ပါဒ် စ,လာတာ.... (မှန်ပါ့ဘုရား)။

ဝေဒနာပေါ်ယင်....(ဝေဒနာမိအောင်လိုက်ရပါမယ်ဘုရား) ဝေဒနာမိအောင်လိုက်၊ ဖဿကလေးပေါ်ယင်.... (ဖဿမိအောင်လိုက်ရပါမယ်) စ,တော့မယ်-စ,တော့မယ်၊ ဖဿပဋ္ဌယာဝေဒနာနဲ့ တဏှာကျအောင် သူက သွားမလို့.... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် စ,လာတာကလေး ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက် မိအောင်ရှုပါ... (မှန်ပါ့) အစ, မမိလိုက်လို့ရှိယင်လဲ အလယ်မိအောင်ဖမ်းပါ.... (မှန်ပါ့) အလယ်မမိလို့ရှိယင်လဲ အဆုံးမိအောင်ဖမ်းပါ... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ဒီဘဝ အဆုံးမိအောင် ဖမ်းနိုင်လို့ရှိယင် ဟိုဘဝမဆက်ဘူး (မှန်ပါ့) ဒီဘဝအဆုံးက ကံအဆုံးကိုးဗျ....(မှန်ပါ့ဘုရား) ကံထိုအောင် ဝိပဿနာရှုရမယ်....(မှန်ပါ့) သဘောကျပလား- (ကျပါပြီဘုရား)။

ကံကျအောင်.... (ဝိပဿနာရှုရပါမယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့က ကံကိုမရှုဘူး.... (မှန်ပါ့) ကံကို ကံအမိ,ကံအဖ လုပ်ထားတာက သိပ်ဆိုးနေတယ်....(မှန်ပါ့)။

ကံကို ဘာလုပ်ရမတုံး....(ဝိပဿနာရှုရပါမယ်ဘုရား) ကြည့်-

ပါဠိတော်မှာ လာတယ် တကာကြွယ်ရ၊ 'ရူပသဠေတနာလောကေ'ဆိုတာ စေတနာဆိုတာ ကံ.... (မှန်ပါ့) "ရူပသဠေတနာလောကေ၊ သဒ္ဒသဠေတနာလောကေ" ဒါ ဘာဟောတာတုံး.... (ကံဟောတာပါဘုရား)။

ဓမ္မသဠေတနာ လောကေ....တဲ့၊ ဓမ္မတွေသိတဲ့ စေတနာလဲ့ လောကမှာ ရှိပါတယ်....(မှန်ပါ့) " ဇော်ထွေ သာ တဏှာ ပဟီယမာနာ ပဟီယတိ"တဲ့ သူ့နောက်က လာမည့်တဏှာကိုတော့ မင်းတို့က မလာစေနဲ့တဲ့....(မှန်ပါ့) ဒါဖြင့် ဝိပဿနာရှုလိုက်ပြောတာ....(မှန်ပါ့) ရိုပ်မိပလား....(ရိုပ်မိပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ်ပုံကော သိပလား....(သိပါပြီဘုရား) ချုပ်ပုံကော.... (သိပါပြီဘုရား) ဖြစ်ပုံသိသဖြင့် ဒုက္ခသစ္စာသိပါတယ်....(မှန်ပါ့)ချုပ်ပုံသိသဖြင့်.... (နိရောဓသစ္စာသိပါတယ်ဘုရား) ဩော်.... တော်တော် အဘိုးတန်တယ်... (တန်ပါတယ်ဘုရား)။

ဖြစ်ပုံသိလိုက်သဖြင့်.... (ဒုက္ခသစ္စာသိပါတယ်ဘုရား) ချုပ်ပုံသိလိုက်သဖြင့်....(နိရောဓသစ္စာသိပါတယ်ဘုရား) ဩော်... သိပ်အဘိုးတန်ပါလား....(တန်ပါတယ်ဘုရား)သို့ဆိုတော့ မဂ္ဂသစ္စာ ဝင်နေပြီ....(မှန်ပါ့) သိ-ဆိုကတည်းက သေပြီ သမုဒယသစ္စာက-(မှန်ပါ့) မသေသေးဘူးလား....(သေပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ်တာ သိလို့ရှိယင် ခင်ဗျားတို့ ဝိပဿနာရှုတတ်ပါပြီ....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ချုပ်တာ သိလိုက်လို့ရှိယင်ဖြင့် ဩော်....နိဗ္ဗာန်ဆိုတာဖြင့် ကောင်း

ကောင်း သဘောကျပါပြီ.... (ကျပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါက ခင်ဗျားတို့ ရှင်းသည်ထက် ရှင်းအောင် လို့ ထပ်ပြပါတယ်....(မှန်ပါ့) ဒီတွင် အဂ္ဂိဝစ္ဆပုဏ္ဏားက အရှင်ဘုရား....တဲ့၊ တပည့်တော် ရှာနေမယ်ဆို ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ် ဒီအရှယ်ကြီးကျမှ ရှာရပြုရတော့မယ်ဆိုယင် မလွယ်ပါဘူးတဲ့....(မှန်ပါ့) အဲဒီတော့ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ တပည့်တော်ကို ဥပမာကလေးနဲ့သာ ပြပါတော့တဲ့. (မှန်ပါ့)။

ဘယ့်နှယ်တုံး.... အသက်ကြီးလို့ လျှော့ဈေးဖြစ်လာတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လာတာတုံး.... (လျှော့ဈေးဖြစ်လာပါတယ်ဘုရား) လျှော့ဈေးဖြစ်လာတာ- ဥပမာကလေးသာ ပြပါတော့....တဲ့၊ လိုက်ရှာနေရတာ**လဲ** သိပ်လွယ်မှာ မဟုတ်ဘဲကိုးဗျ.... (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

ကဲ....ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက c ါ-ဥပမာပြမယ်ကဲ့....တဲ့၊ ကဲ....ပဋ္ဌိစ္စသမုပ္ပါဒ် အခဏ်း သိမ်းလိုက်နော်.... (မှန်ပါ့) ဟော....အဂ္ဂိဝစ္ဆ....အမရ့ဲ့ဘက်မှာ မီးတောက်နေတယ်ကဲ့....တဲ့၊ အခုရ့ဲ့ဘက်မှာ မီးတောက်နေသတဲ့ တကာသစ်.... (မှန်လှပါ)။

အဂ္ဂိဝစ္ဆ မြင်ရဲ့လားဟေ့....၊ ဥပမာပေါ့ဗျာ.... (မှန်ပါ့) မြင်ပါ့ဘုရား၊ ဟ .. ဘာတွေ့တောက်နေသတုံးကဲ့၊ အို....မြက်တို့

ထင်းတို့ တောက်တာပေါ့ဘုရား....(မှန်ပါ့) ဒါ-ခြင်းစရာလိုသေး သလား.... (မလိုပါဘုရား) မြက်တို့ ထင်းတို့ တောက်တာပါ ဆိုပြီး ပြောလိုက်တယ်။

သြော်....ဒါဖြင့် မြက်တို့ ထင်းတို့ တောက်တာ ဘယ်နှယ် ကြောင့် တာရှည်တောက်နေသတုံး....ကဲ့၊ ဘုရားကလဲ ပေါ်လဲ ပေါ်အောင်မေးတာ.... (မှန်ပါ့) ဘယ်နှယ်ကြောင့် တာရှည် တောက်သတုံး၊ အို.. လောင်စာမကုန်၍ တောက်တာပေါ့ဘုရား (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီ) သဘောကျပလား.... (ကျ ပါပြီဘုရား) လောင်စာမကုန်၍.... (တောက်ပါတယ်ဘုရား)။

ခင်ဗျားတို့လဲ ခန္ဓာက,ထင်း....(မှန်ပါ့ဘုရား) ကိုလေသာက ဘာတဲ့....(မီးပါ) ဒီခန္ဓာနဲ့ ဒီကိုလေသာရှိသ၍ ကာလပတ်လုံး ဒီမီးပုံကြီးလိမ့်မယ်လို့ မအောက်မေ့ပါနဲ့ (မှန်လှပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ခန္ဓာက ဘာတဲ့... (ထင်းပါဘုရား) ကိုလေသာက- (မီးပါ ဘုရား) သဘောကျပြီ.... (ကျပါပြီ) ဒါနှစ်ခုတဲ့နေသ၍ကာလ ပတ်လုံးဖြင့် တကာတကာမတို့ ဘယ်နှယ်ဆိုကြမယ်.... (လောင် နေမှာပါဘဲဘုရား)သဘောကျပလား....(ကျပါပြီ)။

“ ဝ • ဝ ”
တယော ဘဝေ အဂ္ဂဃရ ဝယ ဒဠ္ဍဗ္ဗော တယောဘဝေ= ဘုံသုံးပါးဌ၍ဖြစ်တဲ့သတ္တဝါဟူသမျှ၊ အဂ္ဂိဃရ ဝယ=မီးလောင်နေ တဲ့ အိမ်ကြီးကဲ့သို့၊ဒဠ္ဍဗ္ဗော=မှတ်ရမယ်တဲ့ ဘုရားက(မှန်ပါ့ဘုရား) မီးလောင်နေတဲ့ အိမ်ကြီးကဲ့တဲ့.... (မှန်ပါ့) ´ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဘာဖြစ်နေတဲ့အိမ်ကြီးပါလိမ့်.... (မီးလောင်နေတဲ့အိမ်ကြီးပါဘုရား) သြော်....ခင်ဗျားတို့ ခန္ဓာအိမ်ကြီးဟာ မီးလောင်နေတဲ့ခန္ဓာအိမ်ကြီး....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးကလဲ ပြောခဲ့ပါတယ် တကာသစ်မှတ်မိလိမ့်ဦးမယ်နော်....(မှန်ပါ့) အရှေ့သွားတာလဲ မီးလောင်လျက် သွားတာဘဲ... (မှန်ပါ့) အနောက်သွားတာကော.... (လောင်လျက်သွားတာပါဘုရား) မြောက်သွားတာကော.... (လောင်လျက်သွားတာပါဘုရား) တောင်သွားတာကော.... (လောင်လျက်သွားတာပါဘုရား) အိပ်ခါနီး- (လောင်လျက်ပါဘုရား) လောင်လျက်ဘဲ၊ နိုး-နိုးခြင်းကော....(လောင်လျက်ပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ....(မှန်ပါ့) ဘယ်နှယ်ကြောင့် ဝိပါကဝဋ္ဋကြီးလှချည့်လား....(ကြီးပါတယ်ဘုရား) သင်ခုန်းစက် ငရဲဟာ ဘယ်အချိန်မျှား ဒီသင်ခုန်းစက်က မဖြတ်တဲ့အချိန် ရှိသေးသလား....(မရှိပါဘုရား) ဒီလိုဖြစ်နေတယ်....(မှန်ပါ့) တကာကြွယ်ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

သြော်....ဒီကျတော့ လောင်စာနဲ့ မီးကဖြင့် ဒီအတိုင်းနေတယ်ဆိုတော့ ပုဏ္ဏားကကို မေးလိုက်တယ်....၊ ဘယ်နှယ်ကြောင့် မီးမငြိမ်းသေးသတုံးမေးတော့ တကာသစ် ဘယ်နှယ်ဖြေပါလိမ့် (လောင်စာမကုန်သေးလို့ပါဘုရား) လောင်စာ မကုန်သေးလို့....(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ်ဖြေသလဲ.... (လောင်စာမကုန်သေးလို့ပါဘုရား)။

ရှေ့ဘ်... လောင်စာဆိုတာ ဘာပါလိမ့်.... (ခန္ဓာပါဘုရား) ခန္ဓာငါးပါး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မီးဆိုတာက ဘာပါလိမ့်....(ကိုလေသာပါဘုရား)ကိုလေသာဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါတွေ့ သေချာတော့ ဒီတကာတကာမတွေ့ အခုဟာ တောင်က မြောက်သွားပြန်လဲ ဥာဏ် မျက်လုံးနဲ့ ကြည့်ကြ....(မှန်ပါ့) အလကားတော့ မသွားဘူး၊ ကိစ္စရှိလိမ့် မယ်နော်- တကာကြွယ်....(မှန်ပါ့) မရှိဘူးလား.... (ရှိပါတယ်) ဘာကိစ္စတုံးဗျ၊ သားကိစ္စ, သမီးကိစ္စ, ပစ္စည်းကိစ္စ, ဆွေကိစ္စ, မျိုးကိုစ္စ....(မှန်ပါ့) ကိစ္စဟူသ၍သည် တကာတကာမတို့ မခင်ဘဲနဲ့ သွားတာလား-ခင်လို့ သွားတာလား... (ခင်လို့ သွားတာပါဘုရား)။

ဒါဖြင့် ခင်တာက မီး၊ သွားတာက လောင်စာ .... (မှန်ပါ့ဘုရား)။

ခင်တာက....(မီးပါ)သွားတာက....(လောင်စာပါဘုရား) ရှေ့ဘ်... ဘယ်သူမျှား သွားပါလိမ့်၊ မီးနဲ့ လောင်စာသွားတယ်- (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မှန်းလို့ ပြောလိုက်ဦးမယ် ဆိုပြန်တော့ကော....(လောင်စာပါဘဲ) မီးနဲ့လောင်စာ သွားပြန်တာဘဲ... (မှန်ပါ့) ဒေါသမီးနဲ့ ခန္ဓာနဲ့ သွားတာကိုး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပျင်းလို့ အလည်သွားချဦးမယ်....(လောင်စာနဲ့ မီးသွားတာ

ပါဘဲ) ပျင်းတာက ဒေါသ၊ ဒေါသအနုစား.... (မှန်ပါ့) ခန္ဓာကြီးက လောင်စာ....(မှန်ပါ့) အင်း....ပျင်းလို့ အလည်သွားပြန်ကော ဘာနဲ့ဘာသွားပြန်သတုံး.... (လောင်စာနဲ့ မီးသွားတာ ပါဘုရား)။

အပျော်သွားလိုက်ဦးမယ်ဗျာ၊ လုပ်ကြပါဦး- လုပ်ကြပါဦး- (လောင်စာနဲ့မီး သွားတာပါ) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပျော်သွားလဲ ဒုက္ခဘဲ....(မှန်ပါ့)ပျင်းလို့သွားလဲ....(ဒုက္ခပါဘဲ) ကိစ္စရှိလို့သွားလဲ .... (ဒုက္ခပါဘဲဘုရား)။

တကာကြွယ်- ဒီအသွားတွေ ရှေးတုန်းကတော့ တကာကြွယ်တို့က လမ်းကိုဘဲကုန်နေပြီ....(ကုန်နေပါပြီ) ဘယ်နှစ်ခေါက်တုံး တကာကြွယ်- ပြောစမ်းပါ၊ ရိုးရိုးလျှောက်စမ်း.... (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူး၊ ပျင်းလို့သွားတာလဲ မရေတွက်နိုင်ဘူး- (မရေတွက်နိုင်ပါ) မကောင်းလို့သွားတာကော .... (မရေတွက်နိုင်ပါဘုရား)။

မကောင်းလို့သွားတာတော့ ဘုန်းကြီးက သဘောကျပါတယ်....(မှန်ပါ့) ကိုယ့်ကိုယ်က မကောင်းလို့သွားတာ အင်း.... မကောင်းတဲ့ဆီတော့ သွားပေါ့....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုယ့်ကိုယ်က ဗျာဒိတ်ပေးသွားတာကိုးဗျ... (မှန်ပါ့) ဘယ့်နှယ်ပေးသတုံး... (မကောင်းလို့ သွားတာပါ) မကောင်းလို့

သွားတာ၊ ဘယ်သူသွားတာတုံး၊ မကောင်းတဲ့လူ သွားတာ .... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူ သွားပါလိမ့်.... (မကောင်းတဲ့လူ သွားပါတယ်) မကောင်းတဲ့လူသွားတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ အခုအခါမှာ ဘာဖြစ်နေသတုံး ဆိုတော့ မြို့သုံးဖြစ်တယ်....(မှန်ပါ့) ယဉ်သကိုးဗျ... (မှန်ပါ့) တယ်နားယဉ်တယ်.... (မှန်ပါ့) တကာကြွယ်တို့ နားမယဉ်ဘူးလား .... (ယဉ်ပါတယ်ဘုရား)။

မကောင်းလို့ သွားလိုက်ဦးမနော်..... (မှန်ပါ့) အေး.... သွားလိုက်ပါဦး- သွားလိုက်ပါဦး (မှန်ပါ့) အံမာ....အတော်ပြင်ယူလာရတယ်.... (မှန်ပါ့) ဘာဖြစ်လို့ သွားတာတုံး .... (မကောင်းလို့ သွားတာပါဘုရား)။

ကြည့်ပါဦး အဓိပ္ပါယ်ကဘော့ သေသေချာချာ စဉ်းစားကြည့်ဇော့ ဘယ့်နှယ်နေသတုံး.... (မကောင်းလို့ သွားတာပါ) မကောင်းတဲ့ဆီ သွားလိုက်ဦးမယ်ပြောတာ....(မှန်ပါ့ဘုရား)။

တကာကြွယ်- ဘယ့်နှယ်ပြောသတုံး.... (မကောင်းဘဲ့ဆီသွားလိုက်ဦးမယ်ပြောတာပါ) မကောင်းတာက အပါယ်လေးပါးဗျ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီ အကန်းသွားကြည့်လိုက်ဦးမယ် ပြောတာပေါ့လေ.... (မှန်ပါ့) ဒီအဓိပ္ပါယ်ဘဲ မရဘူးလား....(ရပါတယ်)ဒီ့ပြင် ဘာရသေးသတုံး....(ဘာမှ မရပါဘုရား)။

အံမာလေး....တကာကြွယ်ရာ- နောက် ဒီနှုတ်ဆက်မျိုးကိုပိတ်လိုက်ပါ,တော့....(မှန်ပါ့) သို့သော်လဲ နှုတ်တက်နေထင်ပါရဲ့၊

ခြေကလဲ သွက်နေထင်ပါရဲ့ .... (မှန်ပါ့) လွယ်တော့မလွယ်ဘူး၊ သွားနေကျလမ်းကိုးဗျ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "စတ္တာရော အပါယာ သကဂေဟသဒိသာ"ဒါ့ကြောင့် ဟောတာ(မှန်ပါ့) စတ္တာရော=လေးပါးကုန်သော၊ အပါယာ=အပါယ်ဘုံတို့သည်၊ သကဂေဟသဒိသာ=မိမိအိမ်နှင့် တူပေ၏(မှန်ပါ့)မင်းတို့ ဘယ် သွားသွား- ဒီသွားတာဘဲတဲ့ .... (မှန်ပါ့) ကဲ....မပေါ်သေးဘူး လား....(ပေါ်ပါပြီဘုရား)။

ဟောသင့်- မဟောသင့် .. (ဟောသင့်ပါတယ်)ဒါ ဓမ္မပဒ အဋ္ဌကထာမှာ ,ဒီအတိုင်း လာပါတယ်ဆိုတာ ရိုပ်မိပလား .... (ရိုပ်မိပါပြီဘုရား)။

အဲ....ဒါဖြင့် မကောင်းသွားလဲ ဦးမာဒင် နေရာမကျဘူး.... (မှန်ပါ့) အို....မကင်းတရားကလေး ဖြစ်နေလို့ သွားလိုက်ပြန် ကော....(နေရာမကျပါ)မကင်းတာလဲ တဏှာဘဲ.... (မှန်ပါ့) တဏှာနဲ့ ခန္ဓာနဲ့ ရောတာဘဲ....(မှန်ပါ့) လောင်စာနဲ့ မီး တွဲ သွားတာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် လောင်စာမကုန်သ၍ ဘာတဲ့.... (မီးမငြိမ်းပါ)မီး မငြိမ်းဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကတော့ လောင်စာကုန်မှာ အလွန်စိုးရိမ်တယ်.... (စိုးရိမ်ပါတယ်ဘုရား)။

တကာကြွယ်က ဘာစိုးရိမ်သလဲ....(လောင်စာကုန်မှာ အလွန် စိုးရိမ်ပါတယ်)ဘာဖြစ်လို့၊ မလောင်ရမှာ စိုးလို့ပေါ့ဗျာ .... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် လောင်စာမကုန်မှာ စိုးတယ်ဆိုတော့ ဖြုန်းကန်ဆိုတော့ ခင်ဗျားတို့က မီးဇပြောတဲ့အခါကျတော့ လောင်စာမကုန်မှာ စိုးတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးကို မရိပ်မိဘူး....(မှန်ပါ့) စင်စစ်တော့ဖြင့် ဒီသားနဲ့, ဒီသမီးနဲ့ မခွဲချင်လို့ရှိယင် ဒီလောင်စာ ဖြစ်ရပါလို့၏.... (မှန်ပါ့ဘုရား)။

ဒီသား, ဒီသမီး, ဒီမြေး,ဒီမြို့,ဒီရွာနဲ့ မခွဲချင်ယင် ဘာတုံး- (လောင်စာနဲ့ မီးမခွဲချင်တာ) အဲ .... တကာကြွယ်- ရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် လောင်စာပြန်ထည့်သလား....တဲ့၊ ငြိမ်းအောင်စိတ်ကူးသလား....(ငြိမ်းအောင် စိတ်ကူးပါတယ်) ဘာဖြစ်လို့တုံး.... ဗျ....(လောင်အောင်လို့ပါ)ရိုးရာပါဘုရားလို့ပြော.... (မှန်ပါ့) ရိပ်မိပြီလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုပါလိမ့်....(ရိုးရာပါ) သြော်... ခင်ဗျားတို့ ရိုးရာကလဲ အတော်ဆိုးပါကလား.... (ဆိုးပါတယ်) မီးငြိမ်းမယ်ကြံရင်း လောင်စာထည့်ရင်း....(မှန်ပါ့)မီးငြိမ်းမည်ကြံရင်း.... (လောင်စာထည့်ရင်းပါဘုရား)။

ပြီးတော့....ဟာ.... မီးသေစေချင်ယင် လောင်စာမထည့်ရဘူးလို့ ပြောပြန်တော့ ရိုးရာနဲ့ ကိုင်ပေါက်တယ်.... (မှန်ပါ့ဘုရား) အံမာလေး....ကြောက်စရာကြီးပါလား (မှန်ပါ့)ရိပ်မိကြပလား- (ရိပ်မိပါပြီဘုရား)။

ရိုးရာတဲ့....တပည့်တော်တို့ မျိုးရိုးက ဒီလိုမှ မသွားမလာလို့ရှိယင်ဖြင့် ဆွေပြတ်၊ မျိုးပြတ်ဖြစ်ကုန်တော့မယ်တဲ့၊ လောင်စာမထည့်ရဘူးပြောတာ....(မှန်ပါ့)သဘောပါပလား.... (ပါ-ပါပြီဘုရား)။

တကာကြွယ်- ဆွေပြတ်, မျိုးပြတ်မျှား ကြောက်သေးသ**လား**....(ကြောက်ပါတယ်ဘုရား) အရင်ကသာ ကြောက်တယ်၊ **အခု**တော့ဖြင့် ဒါလောက် မကြောက်တော့ဘူး**လား** .... (အရင်**လော**က်တော့ မကြောက်ပါဘုရား)။ တော်လာပြီ- တော်လာပြီ**နော်**....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဟော့-ပုဏ္ဏားတဲ့ မေးလိုက်တယ်၊ ဟိုဘက် **အ**ရှေ့မှာ မီးတွေ့မြင်တယ်မဟုတ်**လား**....၊ မြင်ပါ့ဘုရား၊ အဲဒါ **ဘ**ယ်နှယ်ကြောင့် တောက်နေသတုံးကွဆိုတော့ အို.... မြက်, ထင်းတွေ ရှိလို့ တောက်တာပေါ့ဘုရာ့....(မှန်ပါ့) အဂ္ဂိဝစ္ဆကို ဘုရားက မေးလိုက်တယ် တကာသစ်... (မှန်ပါ့)။

ဘယ်နှယ်ကြောင့် မီး ဒါလောက် ကြာကြာတောက်နေတာ **မ**သေပါလိမ့်မတုံးကွ၊ အို- လောင်စာမကုန်လို့.... (မှန်လှပါ ဘုရား) ရိပ်မိကြပ**လား**...(ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး....(လောင်စာမကုန်လို့ပါဘုရား) အဲ....သုံးဆယ့် တဘုံမှာ ကျုပ်တို့လည်ပြီး ဘုရားအဆူဆူနဲ့လဲခဲ့တာ လောင်စာ **မ**ကုန်လို့သာမှတ်ပါ....(မှန်လှပါဘုရား) ရိပ်မိကြ**ပ**လား....(ရိပ်**မ**ိပါပြီဘုရား)။

သုံးဆယ့်တဘုံမှာ ခန္ဓာနဲ့တဏှာ တဲ့နေခဲ့ရတာချည့်ဘဲဆို**တာ** သေချာ**ပ**လား....(သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် ပုဏ္ဏား....တဲ့၊ ဒီလောင်စာကို နောက်ထပ်မထည့် ဘဲနဲ့ နေလို့ရှိယင် မင်း-ဘယ်နှယ်ထင်သတုံး- တဲ့.... (မှန်ပါ့) လောင်စာမထည့်ဘဲ ထားလို့ရှိယင်ဖြင့် အခုလောင်နေတဲ့ မီးကို

မင်း-ဘယ်နှယ်ထင်သတုံးလို့ မေးလိုက်တယ်....(မှန်ပါ)ငြိမ်းမှာ ပေါ့ဘုရား.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒီမှာလဲ ဝဋ္ဋကံတွေ့မလုပ်ယင် ဘာဖြစ်မယ် ထင်ကြသတုံး.... (ငြိမ်းမှာပါဘုရား) ဝဋ္ဋကံတွေ့သာ လုပ်နေယင်.... (မငြိမ်းပါဘုရား) လောင်စာတွေ့ချည့်ထည့်နေတာဘဲ.... (မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် ပုဏ္ဏားကို ဆက်ပြီးသကာလ မေးတယ် တကာသစ်-နော်....(မှန်ပါ)ကဲ.... လောင်စာမထည့်တော့ မင်း- ဘယ်နှယ်တုံးလို့ မေးတော့ လောင်စာမထည့်ယင် ငြိမ်းတာပေါ့တဲ့.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

လောင်စာမထည့်တော့....(ငြိမ်းပါတယ်ဘုရား) ဘာဖြစ်လို့ တုံးဆိုလို့ရှိယင်ဖြင့် "အနာဟာရော အပ္ပတိဋ္ဌော" ဆိုတဲ့အတိုင်း တည်ရာမရှိလို့ရှိယင်၊ လောင်စာ ထင်းမရှိလို့ရှိယင် မီးချည့်တော့ဖြင့် ဦးမာဒင် တောက်တယ်လို့ ထုံးစံရှိရဲ့လား.. (မရှိပါဘုရား) တကာကြွယ်ကော.... (မရှိပါဘုရား) မီးချည့်တော့ မတောက်ဘူးနော်....(မတောက်ပါဘုရား)။

ကဲ....ဒါဖြင့် ပုဏ္ဏား လောင်စာမထည့်ဘို့ အရေးကြီးတယ်ကွ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘဝတဏှာသမားတွေဖြင့်အတော်ခက်သွားပြီ....(ခက်သွားပါပြီ) လောင်စာရှာတာ....(ရှာပါတယ်ဘုရား)။

ဘဝတဏှာသမားတွေဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(လောင်စာရှာတာပါဘုရား) ဘာဖြစ်လို့တုံး....၊ အခုခန္ဓာမီးတောင်မှ

လောင်ဆဲရှိသေးတယ်၊ ခနာက်ကထင်းရှာထားပြန်ပြီ.... (မှန်ပါ့) သဘောပါကြပလား....(ပါပါပြီ)။

အခုခန္ဓာဟာ လောင်ဆဲနော်.... (မှန်ပါ့) ဘယ်နှယ်ကြောင့် ဝဋ္ဋကံတွေ လုပ်ပါလိမ့်မတုံး မေးလိုက်တော့....(လောင်စာရှာတာ ပါဘုရား) ထင်း အဆင်သင့်ထားရပြန်တယ်.... (မှန်ပါ့) ဘာ့ကြောင့်တုံး မီးသေမှာစိုးလို့....(မှန်ပါ့)။

ထင်းအဆင်သင့်ထားရဘာ ဘာ့ကြောင့်ပါလိမ့်.... (မီးသေ မှာစိုးလို့ပါ)တကာကြွယ်- ပေါ်ပြီ....(ပေါ်ပါဘုရား)။

ဒါဖြင့် ဝဋ္ဋကံသမားတွေ ဘာရှာကြတာပါလိမ့်.... (ထင်း ရှာတာပါ)ထင်းရှာတာ၊ အခု လောင်စာသိမ်းပလား....(မသိမ်း သေးပါဘုရား)မသိမ်းခင်က ဘာဖြစ်လို့ တုံးဆိုတော့ အဂ္ဂိရက္ခ ိတ ပုဂ္ဂိုလ် မီးစောင့်ကြပ်နေတဲ့ ပုဂ္ဂိုလ်လိုဘဲ တကာတကာမတို့ မီး သေမှာ စိုးနေတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါနဲ့ ဟိုဒင်းတွေလိုကျနေပြီ တကာကြွယ်ရ-ဟင်....(မှန်ပါ့) ဂူဂျရာတီ, ဟိန္ဒူတွေလို ကျနေပြီ....(မှန်လှပါဘုရား) သူတို့ဘုရား ရှေ့မှာ ဘယ်တော့မှ မီးကိုမသေရဘူး.... (မှန်ပါ့ဘုရား) သေ မည့်ကြံရင်း ထောပတ်သွားထည့်ရင်း ...(မှန်ပါ့)သေမည့်ကြံရင်း- (ထောပတ်သွားထည့်ရင်းပါ) သေကိုမသေရဘူး၊ မီးသေယင် အတော်အပြစ်ကြီးတယ်....(မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ် မိပါပြီ)။

ဒီမှာလဲ တကာတကာမတွေ ဝဋ္ဋဒါနတွေ ဆက်လုပ်နေတာ၊ ဝိဝဋ္ဋဒါန ကုန်ကြောင်းလုပ်ပါလို့ ပြောထားတယ်.... (မှန်ပါ့)

ဝဋ္ဋဒါနကတော့ လောင်စာထည့်တာ.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဝဋ္ဋဒါနက.... (လောင်စာထည့်တာပါ့ဘုရား)။

ကိုင်း- ဒါဖြင့် တကာသစ်ဘဲ မေးတော့မယ်နော်....(မှန်ပါ့) တကာသစ်ရေ- လောင်စာမထည့်တော့ဘူး၊ အရင်မီးကုန်ယင် ဘာဖြစ်မယ်ထင်သတုံး.... (မီးငြိမ်းမှာပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ငြိမ်းတဲ့မီး ဘယ်သွားသတုံးလို့ ဆက်မေးပြန်တယ်-(မှန်ပါ့) ငြိမ်းတဲ့မီး တောင်သွားသလား၊ မြောက်သွားသလား၊ အရှေ့သွားသလား၊ အနောက်သွားသလားလို့ မေးယင် တကာကြွယ် ဘယ်နှယ်ဖြေမလဲ.... (ဘယ်မှမသွားပါဘုရား) ဘယ်မှမသွားဘူး....(မှန်ပါ့)။

ဦးဘအုန်း ဘယ်သွားသတုံး... (ဘယ်မှမသွားပါဘုရား) ဘာဖြစ်သွားတာတုံးလို့ မေးဘဲ့အခါကျတော့ လောင်စာသိမ်းရ မီးငြိမ်းတာဘဲ....(မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ.... (လောင်စာသိမ်းရ မီးငြိမ်းတာပါဘုရား) လောင်စာသိမ်းရ မီးငြိမ်းတာဟာ နိဗ္ဗာန်လို့ မှတ်လိုက်....(မှန်ပါ့)။

လောင်စာသိမ်းရ....(မီးငြိမ်းတာဟာနိဗ္ဗာန်ပါဘုရား)နိဗ္ဗာန်လို့ မှတ်လိုက်ဆိုတော့ ဩော်....ဒါဖြင့် လောင်စာဆိုတဲ့ ခန္ဓာလဲ မရှိဘူး... (မှန်ပါ့) မီးဆိုတဲ့ ကိလေသာလဲ မရှိဘူး.... (မှန်ပါ့) ကိလေသာမီး၊ ခန္ဓာမီးငြိမ်းသွားတာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ရှိသလား၊ မရှိသလားဆိုတဲ့ စကား ဟာ တကာတကာမတွေ တခါတည်း ဒီနေရာမှာ မေးခွန်းထွက်လာတယ်....(မှန်ပါ့)။

ထွက်လာတော့ နဂိုရိုကရှိတာက လောင်စာနဲ့မီး....(မှန်ပါ့) အခုမရှိတာက လောင်စာသိမ်းရ မီးငြိမ်းတဲ့သဘောရှိတယ်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

အရင်ရှိတာက လောင်စာနဲ့မီးရှိတယ်.... (မှန်ပါ့) အခု အဲဒီ နေရာကြည့်လိုက်တော့ ဘာတွေသလဲ.... (လောင်စာသိမ်းရ မီးငြိမ်းတာ တွေပါတယ်)။

ဩော် . မီးလောင်တဲ့ နေရာရှိလို့ရှိယင် မီးမလောင်တဲ့နေရာ ရှိတယ်....(မှန်ပါ့) မီးလောင်တဲ့နေရာရှိယင်....(မီးမလောင်တဲ့နေရာ ရှိပါတယ်)။

ဒါဖြင့် ခုနင်တုန်းက ကြည့်လိုက်တုန်းကတော့ ဘာပါသိမ့် (လောင်စာနဲ့ မီးပါဘုရား)လောင်စာနဲ့ မီးတွေဘဲ တွေ့တယ်.... (မှန်ပါ့)။

ဖျတ်- ဆို ခင်ဗျားတို့က ဒါ ဒုက္ခသစ္စာကြီးဘဲ၊ မီးလောင်နေတာဘဲ၊ ပီဋဋနဋ=သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်နေတာဘဲလို့ တကာတကာမတွေက ဤမျှလောက် သိသွားတော့ ဒီခန္ဓာကြီး မလိုချင်ဘူး....(မှန်လှပါဘုရား) မလိုချင်တဲ့ဉာဏ်လဲ လာပါရော လောင်စာသိမ်းရ မီးငြိမ်းတာ ...(မှန်ပါ့)ဖြစ်ပျက်ပျောက်ထွက်သွားတယ် ... (မှန်ပါ့)။

ဖြစ်ပျက် ဘာဖြစ်သွားသလဲ....(ပျောက်ထွက်သွားပါတယ်) ပျောက်သွားတော့ တကာတကာမတွေက ဉာဏ်ကရှိလျက်

ကိုး....(မှန်ပါ့) အင်း....လောင်စာသိမ်းရ ဘာတုံး.... (မီးငြိမ်းတာပါဘုရား) သြော်....ခုနင်တုန်းက ဘာတွေ ကြည့်နေကြသတုံး....(လောင်စာနဲ့ မီးကြည့်ရပါတယ်)။

လောင်စာနဲ့ မီးကြည့်ရတယ်....(မှန်ပါ့) အခုကြည့်ရတာက (လောင်စာသိမ်းရ မီးငြိမ်းတာ ကြည့်ရပါတယ်)။

သြော်....ဒါဖြင့် မီးရှိတဲ့နေရာ ဒုက္ခသစ္စာ....(မှန်ပါ့) မီးငြိမ်းတဲ့နေရာ....(နိရောဓသစ္စာပါ) ပေါ်လာပလား.... (ပေါ်လာပါပြီ) ရှင်းပြီနော်....(ရှင်းပါ၊ပြီ)။

နာရီက စေ့သွားတယ်....၊ တရားမဆုံးဘူး နက်ဖြန်မှဟောကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

(နိဗ္ဗာန်လိုချင် အလုပ်-နှစ်လုပ်ဘဲ လုပ်ပါ)

နေ့အလုပ်ပေး-တရားတော်

(၂၅-၈-၆၁)

ယခုဘဝ၌ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ရောက်ချင်ပါတယ်ဆိုလို့ ရှိယင်ဖြင့် မျှားမျှား အလုပ်-မလုပ်ရပါဘူးတဲ့-ဘုရားက နှစ်လုပ်ဘဲ လုပ်ပါကွာ....တဲ့-(မှန်ပါ့)။

တကာတကာမတော့ ယခုဘဝ နိဗ္ဗာန်ရချင်လို့ ရှိယင်ဖြင့်....တဲ့ မျှားမျှား အလုပ်မရှိပါဘူး၊ နှစ်လုပ်- လုပ်ပါလို့ ပြောတာ.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ရောက်ဘို့ရာဟာ....တဲ့၊ မျှားမျှား အလုပ်-မလုပ်ရပါဘူး၊ နှစ်ခုတည်း အကြောင်းနှစ်ခု လုပ်လိုက်လို့ ရှိယင် ပြီးပါတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အဂ်ုတ္တိုရ်ပါဠိတော်မှာလဲ တခါ ဟောတယ်... (မှန်ပါ့) မဇ္ဈိမနိကာယ်ဖြစ်တဲ့ ပဏ္ဏာသပါဠိတော်မှာလဲ့ တခါ ဟောတယ်-(မှန်ပါ့ဘုရား)။

ပြီးတော့မှ ရှင်မဟာကစ္စည်းက တခါ ပေဌကော ပဒေသမှာ လဲ တခါဟောတယ်။

သြော်....ဒါဖြင့် သုံးချက်ညီပြီးသကာလ ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် နှစ်ခါ၊ တ္ပည့်သားက တခါဆိုတော့ သုံးခါ-(မှန်ပါ့ ဘုရား)။

ဟာ.... ယခုဘဝ သာဝကပါရမီဥာဏ်နဲ့ နိဗ္ဗာန် လိုချင်ပါ တယ်ဆိုယင် အကြောင်းနှစ်ခုအလုပ်-လုပ်ယင် ပြီးတာပါဘဲကွာ တဲ့....(မှန်ပါ) ဆိုတော့ တကာတကာမတွေ့ အားရှိအောင် ပြော တယ်လို့ ဒီလိုမယူနဲ့....(မှန်ပါ့) ဒီလိုမယူပါနဲ့၊ အားရှိအောင် ပြောတာ မဟုတ်ပါဘူးလို့ မှတ်ကြပါ-နော်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်ကျယ်ကျယ်နဲ့ပြောတဲ့ သူ့ပါရမီနဲ့ရတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပြောဆိုတဲ့ သဘော ဘဲ၊ ကိုယ်တော်မြတ်ကြီးသဘောမဟုတ်ဘူး၊ ကိုယ်တော်မြတ် ကြီး၏ သဗ္ဗညုတဉာဏ်၏ သဘောဘဲဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့်.... တကာ တကာမတို့ ယခုဘဝ နိဗ္ဗာန် ရချင်ယင် အကြောင်းဘယ်နှစ်မျိုး အားထုတ်ရမတုံး....(နှစ်မျိုး အားထုတ် ရပါမယ်ဘုရား)။

နှစ်မျိုးတည်းဆိုတော့ တကာကြွယ် အနည်းသားဘဲ-(နည်း ပါတယ်ဘုရား) နည်းပေမဲ့လဲ ဘယ့်နှယ်ကြောင့် ဒီတကာတကာ မတွေ့ ပေ့ပေ့လီလီတွေ့ ဇာန်ဘာဝယတွေ့ မျှားနေကြပါလိမ့်မလဲ၊ နိဗ္ဗာန်ရချင်တဲ့ဥစ္စာဘဲ၊ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကြီးရချင်ကြပါ လျက်သားနဲ့ ဇာန်ဘာဝယမျှားပြီး ဟိုဟာတွေ့ ထွေ့ထွေ့ရာရာတွေ့ မျှားမျှားစားစား ကြံဖန်ပြီးသကာလ လုပ်ကိုင်နေကြတာ ဘာ ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဟို.... ပါရမီဆယ်ပါး၊

အပြားသုံးဆယ် လေးသခြေ့နဲ့ ကမ္ဘာတသိန်းတွေ့ အတုခိုးလိုခိုး၊ ကိုယ့်နေရာလဲမဟုတ်ဘူး....(မှန်ပါ့) တသခြေ့နဲ့ ကမ္ဘာတသိန်း ဖြည့်မှ လက်ဝဲရုံ, လက္ခါရုံတွေ့အလုပ်ကို ပြောသံကြားနဲ့ အတုခိုးပြီးသကာလ လုပ်တာက တမျိုး....(မှန်လှပါဘုရား) ပြီးတော့ ကိုယ်ရချင်တာက တမျိုး....(မှန်ပါ့) အဲဒီလို ကြာပြီးသကာလ နေတဲ့အတွက်ကြာနေကြတာ....(မှန်လှပါဘုရား)။

ပြီးတော့လဲ ဒီ-ဗဟုသုတတွေ့ကလဲ, ကြားဘူးနားဝတွေ့ကလဲ တကာတကာမတို့ တချို့ဟာ မမှန်ဘဲနဲ့ နှိပ်စက်နေတာကလဲ ရှိသေးတယ်....(မှန်ပါ့ဘုရား)။

အဲဒါတွေ့ကြောင့်လဲ တကာသစ်တို့- တကာကြွယ်တို့ ရေ.... ကြာပြီးနေတာရှိတယ်နော်....(မှန်ပါ့)။

အခုတော့ဖြင့် ဆရာဘုန်းကြီးက ဘုရားသခင် ကိုယ်တော် မြတ်ကြီး ပါဠိတော်တွေ့ကို သေသေချာချာ ကိုးကားထားပြီး ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောတာတွေ့ကို အတိ အလင်းပြောဆိုနေတော့ ဟာ .. ယခုဘဝ သာဝကပါရမီဉာဏ်နဲ့ နိဗ္ဗာန်ကူးချင်ယင် နှစ်ကြောင်းရှိပါတယ်ကွာ....လို့ ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ယခုဘဝ နိဗ္ဗာန်သွားချင်ယင် ဘယ်နှစ်ကြောင်းပါလိမ့်.... (နှစ်ကြောင်းပါဘုရား)။

ဒါဖြင့်လဲဘုရား.... "ဒါနံ သီလဉ္စ နိက္ခမံ၊ ပညာဝိရိယပဉ္စမံ" ဒါနပါရမီ,သီလပါရမီ တခုမဟုတ်ပါလား၊ အဲဒါမင်းတို့အတွက် ဟောတာမဟုတ်ပါဘူး၊ ဘုရားဖြစ်ချင်တဲ့လူအတွက် ဟောတာ ပါ....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်သူ့အတွက်ပါလိမ့်....(ဘုရားဖြစ်ချင်တဲ့လူအတွက် ဟော တာပါဘုရား)။

အဲ....သူတို့လုပ်ရမည့်အလုပ်ကို သူတို့လုပ်တာ၊ ကျုပ်တို့ လုပ် ရမည့်အလုပ် ကျုပ်တို့လုပ်ဘို့ပေါ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့လုပ်ရမည့်အလုပ်ဟာ နှစ်ကြောင်းဘဲ ရှိတယ် လို့ဆိုပြန်တော့ တကာတကာမတွေ ဒီနှစ်ကြောင်းကို သိထား နှင့်ဘို့ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင် ဒို့ဟာ ပါရမီက မပြည့်သေးဘူး....၊ ဒါ့ကြောင့် တစတစဘဲ ကြိုးစားရမည့်ပုံ တကာကြွယ်ရေ....အား ငယ်ကဲ့ သဘော....(မှန်ပါ့) နောက်ဆုတ်တဲ့သဘော၊ မပြည့်စုံ သေးတဲ့သဘော....(မှန်ပါ့ဘုရား)။

ပြည့်စုံအောင် ကိုယ်ကလဲ သိမထားတော့ အားငယ်လျက်နဲ့ ဘဲ ဒီဘဝ ဒီမျှဘဲဆိုပြီးသကာလ စုတေစိတ်ကျလိုက်ရတဲ့ ပုဂ္ဂိုလ် တွေလဲ တကာသစ် မနည်းလှဘူး....(မနည်းပါဘုရား)။

ဒီလို ခိုင်ခိုင်မာမာနဲ့ တကာတကာမတွေ လိုရင်းကို မတွေ့ရ သေးပြီ ဆိုမှဖြင့် အတု မခိုးကောင်းတာတွေ ခိုးပြီးသကာလ ကိုယ့်ရည်ရွယ်ချက်က တမျိုး၊ အတုခိုးထားတာက တမျိုး .... (မှန်လှပါဘုရား)။

ကိုယ့်ရည်ရွယ်ချက်က ဘာနဲ့သွားရ-သွားရ နိဗ္ဗာန်ရောက် ပြီးတာဘဲဆိုတာက ကိုယ့်ရည်ရွယ်ချက်....(မှန်ပါ့) သို့သော်လဲ ဒါနအစ, သီလအလယ်၊ သမထ,ဝိပဿနာအဆုံးတွေနဲ့ တကာ တကာမတွေက တခါတည်း နှုတ်တက်ပြီးနေပြန်တော့ ဟာ....

ရည်ရွယ်ချက်က ဒါ.... မပါ-ပါဘူး၊ ဒါကလဲ ဘုရားဆုပန်, သာဝကဆုပန်တွေ၊ လက်ဝဲရံ - လက္ခဏရံ ဆိုတဲ့ ဆုပန်တွေ၏ အလုပ်တွေပါလားလို့ လဲ ကိုယ်က မဝေဘန်တတ်တော့ ဦးမာဒင် သိပ်ခက်တယ်.... (ခက်ပါတယ်ဘုရား)သိပ်ခက်ပါတယ်နော်.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူကိုယ်တိုင် ဟောတာ ပြောကြပါစို့....(မှန်ပါ့)။

သူကိုယ်တိုင် ဘယ်လိုဟောခဲ့ပါလိမ့်မလဲ....လို့ မေးတဲ့အခါ ကျတော့ အေးကွာ....တဲ့၊ မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်ချင်ယင် နှစ်ကြောင်းဘဲ ရှိတယ်....တဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိက.... (သမ္မာဒိဋ္ဌိဖြစ်ချင်ယင် နှစ်ကြောင်းဘဲ ရှိပါတယ်ဘုရား)။

နှစ်ကြောင်းဘဲရှိတယ်၊ တခြား မမျှားပါဘူးကွ....တဲ့(မှန်ပါ့ဘုရား) ဒါ.... ကိုယ်တော်တိုင် ဟောတယ်၊ အဂ္ဂံတို့ရ်မှာလဲ ဟောတယ်....နော်....(မှန်ပါ့)။

သမ္မာဒိဋ္ဌိဖြစ်ယင် သောတာပန်တည်တော့တာဘဲ...(မှန်ပါ့) အဲဒီလို သိပြီးသကာလထားတာကြောင့်နောက် ရှင်မဟာကစ္စည်းက " ဒုဝေဟေတု ဒုဝေပစ္စယာ သာဝကသ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ" သြော်....သာဝကပါရမီဉာဏ်တော့ နှစ်ကြောင်းပါဘဲကွာဆိုတာ ဒုါတို့ ကြည့်ပြောတာ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ယနေ့ နိဗ္ဗာန်ရယင် ယနေ့ ယူမယ်ပေါ့ဗျာ....(မှန်ပါ့) နက်ဖြန်ရယင်.... (နက်ဖြန်ယူပါမယ်

ဘုရား) ဒီဘဝရယင်.... (ဒီဘဝယူမှာပါဘုရား) က....ဒါဖြင့် နှစ်ကြောင်းအရေးကြီးတယ်....(မှန်ပါ့)။

က....သေသေချာချာလဲ တကာတကာမတွေ့ မှတ်လဲမှတ်ပါ၊ ဒီနှစ်ကြောင်းကိုလဲ ပြည့်စုံအောင်လဲ လုပ်ပါဆိုတာ တိုက်တွန်းရတယ်....(မှန်ပါ့ဘုရား)။

၁-နံပါတ်က ဘာတုံး....ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ သစ္စာနဲ့ ပတ်သက်တဲ့ တရားနာရမယ်(မှန်ပါ့ဘုရား)။

၁-နံပါတ်က.... (သစ္စာနဲ့ ပတ်သက်တဲ့ တရားကိုနာရပါမယ်) နေရာကျပြီ၊ ဒါဟာကဲ့ဘ....တဲ့၊ ဒီဘဝနိဗ္ဗာန်ရချင်တဲ့ ပုဂ္ဂိုလ်၏ ၁-နံပါတ်အလုပ်ပါဘဲတဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ၂- နံပါတ် ပြောတော့မယ်.... (မှန်ပါ့) ၂-နံပါတ်ကဲ့ ကိုယ်-ကိုယ်တိုင် နှလုံးသွင်းလိုက်တဲ့အခါ ဒါသစ္စာဘဲလို့ နှလုံးသွင်းတည့် သွားလို့ရှိယင် သောတာပန်တည်တာဘဲ....(မှန်ပါ့ဘုရား)။

သြော်... တကာတကာမှတို့ ဘယ်နှစ်ကြောင်းပါလိမ့်.... (နှစ်ကြောင်းပါ) ၁-နံပါတ်က သစ္စာနဲ့ ပတ်သက်တဲ့ တရားနာဘို့ဗျ-(မှန်ပါ့ဘုရား)။

သစ္စာနဲ့ ပတ်သက်တဲ့ တရားကို....(နာဘို့ပါ) ၂- နံပါတ်က ကိုယ်-ကိုယ်တိုင် နှလုံးသွင်းလိုက်တဲ့အခါ ဒီသစ္စာတွေ့ဘို့-(မှန်ပါ့ဘုရား)။

ဘယ်နှစ်ချက်ပါလိမ့်-(နှစ်ချက်ပါ)သြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အဝေးကြီးရယ်လို့ ထင်ပြီးသကာလ

နေလိုက်တာ ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟော်တာ မတွေ့ရသေးတော့ သူများသွားတဲ့လမ်းယောင်လိုက်၊ သူများဆုကြီးပန်နောက်ကိုယောင်လိုက်၊ဆုလတ်ပန်နောက်ကိုယောင်လိုက်၊ တကာသစ် ဒါလိုက်နေတာနဲ့ကြာနေတာဘဲ.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ကိုယ်သွားလိုတဲ့လမ်းက ယနေ့ နိဗ္ဗာန်ရယင် ယနေ့ယူမယ်....(မှန်ပါ့) နက်ဖြန်ရယင် နက်ဖြန်ယူမယ်၊ ဒီဘဝရယင် ဒီဘဝယူမယ်ဆိုတဲ့ ပုဂ္ဂိုလ်များ အတွက်မှာဖြင့် နှစ်ကြောင်းပါဘဲလို့ ဘုရားက ဟောလိုက်တယ်.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

သစ္စာတရားနှာမှု (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား) ၁-နံပါတ်က ဘာပါလိမ့်....(သစ္စာတရား နှာမှုပါဘုရား)။

သေသေချာချာမှတ်ပါ၊ သစ္စာတရားနှာမှုတဲ့.... (မှန်ပါ့) ၂-နံပါတ်က နှာတဲ့အတိုင်း နှလုံးသွင်းလိုက်တဲ့အခါ ကိုယ့်ခန္ဓာထဲမှာ ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာတွေ့မှု....(မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာနှာလို့ သစ္စာတွေ့ယင် ပြီးတာဘဲ....(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ဘာတဲ့တုံးဗျာ.... (သစ္စာနှာလို့ သစ္စာတွေ့ယင် ပြီးပါတယ် ဘုရား)။

နှာတဲ့အခါလဲ ဘယ်တရားကို နှာရမလဲ .... (သစ္စာတရားကို နှာရပါမယ်)အဲ....ဒီဘဝနိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်အတွက်ပေါ့ဗျာ (မှန်ပါ့ဘုရား)။

ဆုကြီးပန်တွေ့ အတွက်တော့ ဒါနတရားတွေ့၊ သီလတရားတွေ့လဲ လိုသပေါ့ဗျာ....(မှန်ပါ့)ဟာ....တပည့်တော်တို့ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းယင် ကြိုက်တာပါဘဲ၊ တာရှည်တော့ဖြင့် မကြိုက်

တာ အမှန်ပါဘဲလို့ ဘုန်းကြီးတို့ ကကာတကာမတွေ့မှာ ကိုယ့်ဟာကလေးနဲ့ ကိုယ် ဆုံးဖြတ်ချက်ချပြီးသား ဖြစ်ကြပါမှုကား၊ သစ္စာတရား ဟောတတ်တဲ့ဆီကို နာလိုက်....(မှန်ပါ့) ပြီးတော့မှ ကိုယ့်ခန္ဓာထဲမှာ သစ္စာဟောထားတာက ကိုယ့်ခန္ဓာ၊ ကိုယ်ကနှလုံးသွင်းလိုက်တဲ့အခါ ခန္ဓာထဲမှာ သစ္စာတွေ့လို့ ရှိယင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်၍ သာဝကဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သိပ်ပြီး တကာတကာမတို့ မသေးပါဘူး.... (မသေးပါဘုရား)သေးသလား....(မသေးပါဘုရား)။

တကာသစ်ရေ-ဒီဟာ အားရှိအောင် ဟောနေတာလားတဲ့၊ ဘုရားကိုယ်တော်တိုင်က ဟောတာလား .... (ကိုယ်တော်တိုင်က ဟောတာပါဘုရား)။

အဂ္ဂိုတ္တိုရ်မှာ တချက်ဟောတယ်၊ ပဏ္ဏာသ ပုဒ္ဓိတော်မှာ တချက်ဟောတယ်၊နောက် သူ့တပည့်ဖြစ်တဲ့ ရှင်မဟာကစ္စည်းက တခါဟောတယ်....(မှန်ပါ့) သုံးခါဟောတယ်ဆိုတော့ တကာတကာမတို့ အင်း ... လုံလောက်ပြီလို့ ဆုံးဖြတ်ချက်ချပါ .... (မှန်ပါ့ဘုရား)။

လုံလောက်ပြီလို့ ဆုံးဖြတ်ချက်ချကြပါလို့ ဆိုတာ တကာသစ်လေးလေးစားစား တိုက်တွန်းတယ်....(မှန်ပါ့ဘုရား)။

၁-နံပါတ်က ဘာပါလိမ့်....(သစ္စာတရားနာရမှာပါ) ဩော်-သစ္စာတရား နာရမယ်နော်....(မှန်ပါ့ဘုရား)။

သစ္စာတရားနာလိုက်တော့ ဩော် .... ခန္ဓာထဲမှ ဘာသစ္စာ-ညာသစ္စာဆိုတာ ကိုယ့်သညာနဲ့သိတယ်.... (မှန်ပါ့) နောက်ကျ

တော့ ဆရာဘုန်းကြီးက သော်ရင်း၊ ကိုယ်တိုင် စေတနာသဒ္ဓါ တရားထက်သန်၍ သော်ရင်း၊ ခန္ဓာလှည့်ပြီး ဥာဏ်နဲ့ကြည့်လိုက်တော့၊ သြော်....ဒါဒုက္ခသစ္စာတော့ဘဲ....(မှန်ပါ) ဒီလိုတွေ့တဲ့တနေ့မှာတဲ့ နာထားတဲ့ အတွေ့နဲ့ ကိုက်လို့ရှိယင်ဖြင့် သောတာပန်တည်တာဘဲ....(မှန်ပါဘုရား)။

နာထားတဲ့ အတွေ့နဲ့ကိုက်ယင် .... (သောတာပန်တည်ပါတယ်)သဘောပါပလား....(ပါ-ပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ သောတာပန်တည်ယင် ပဌမနိဗ္ဗာန်တော့ ရောက်တော့မယ်....(မှန်ပါဘုရား)။

ဒါဖြင့် ပဌမနိဗ္ဗာန်ရောက်ဘို့အရေးဟာက ဘယ်နှယ်ရေးပါလိမ့်မတုံးလို့ တကာကြွယ်တို့မေးယင် ဘယ်နှယ်ဖြေပါ့မလဲ....(နှစ်ရေးပါဘုရား)။

နှစ်ရေးဘဲ....(မှန်ပါ) နေရာကျလိုက်တာ တကာတကာမတို့ အင်မတန်နေရာကျပြီ တကာသစ်ရေ....(မှန်ပါဘုရား)။

၁-နံပါတ်က ဘာပါလိမ့်ဗျာ....(သစ္စာတရားနာဘို့ပါဘုရား) နေရာကျပြီ။

၂-နံပါတ်က.... (သစ္စာတရားနဲ့ နှလုံးသွင်းတည့်ဘို့ပါ)ကိုယ်နှလုံးသွင်းလိုက်တဲ့ အခါကျတော့ သစ္စာတွေ့ရမယ် .... (မှန်ပါ့ဘုရား)။

ဒီနာတုန်းကအတိုင်း နှလုံးသွင်းလိုက်တဲ့ အခါကျတော့တွေ့ပြီဆိုလို့ရှိယင် တကာ့ကာမတို့ သာဝကပါရမီဥာဏ်ပြီးသွားပြီ-(မှန်ပါ့) တယ်လဲ လွယ်ပါလား....(လွယ်ပါတယ်ဘုရား ။

သို့သော်လဲ....တဲ့၊ တကာတကာမတို့ ဆရာသမားလမ်းဖြောင့် ဆဲတတ်ဘို့ဥစ္စာက တကာကြွယ်·မလွယ်ဘူးနော် .... (မလွယ်ပါ) မလွယ်ဘူးတဲ့ မလွယ်ဘူး၊ မလွယ်ဘူး။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ယနေ့သည်ကားလို့ ဆိုလို့ ရှိယင် သစ္စာတရားဟောလိမ့်မယ်....(မှန်ပါ့ဘုရား)။

တကာ တကာမတွေက အရင်တရားနာနည်း သင်ထားတဲ့ အတိုင်း နားက ဘုန်းကြီးပြောတဲ့ သစ္စာတရားနာပါ... (မှန်ပါ့) ဉာဏ်က ခန္ဓာကိုလှည့်ပါ... (မှန်ပါ့ဘုရား)။

နားက....(သစ္စာတရားနာရပါမယ်) ဉာဏ်က.... (ခန္ဓာလှည့် ရပါမယ်ဘုရား)။

ဒါဖြင့် နားကလဲ သစ္စာတရားနာပါပြီ၊ ဉာဏ်က ခန္ဓာလှည့် လိုက်လို့ နှစ်ချက်ညီသွားလို့ ရှိယင်ဖြင့် သာဝက ပါရမီဉာဏ် ဒီအထဲတွင် ပြီးနိုင်ပါတယ်....(ပြီးနိုင်ပါတယ်ဘုရား)။

တကာကြွယ်-သိပ်အဘိုးတန်ပါလား.... (တန်ပါတယ်ဘုရား) အင်မတန် အဘိုးတန်ပါတယ်ဆိုတာ တကာတကာမတို့ မရေ တွက်နိုင်အောင် တန်ဘာဘဲဆိုတာ မှတ်လိုက်ပါတော့.... (မှန်ပါ့ ဘုရား)။

ဘယ်အတွက်ကြောင့် ဒါလောက်တန်တာကို ဘုန်းကြီးသည် တကာတကာမ တွေကို ပြောဆိုရပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့မှ ကြွေးဟောင်းတွေ အကုန်ပြေ၍ ကြွေးသစ်တွေ အကုန်ပျောက်ပါတယ် ... (မှန်ပါ့ဘုရား)။

အကုသိုလ်ကြွေးဟောင်းတွေ- (အကုန်ပြေပါတယ်)ယခုဘဝ မှာ တင်ထားတဲ့ကြွေးသစ်တွေကော....(ပျောက်ပါတယ်ဘုရား)။

အကုန်ပျောက်တာကဒီသစ္စာ တရားနာပြီး နှလုံးသွင်းလိုက်တဲ့ အခါ သစ္စာတွေလို့-လို့ဆိုတာဟာ ကြေးဟောင်းပြေ၍ ကြေးသစ်ပျောက်တဲ့ တရားဆိုတဲ့ဥစ္စာ တကာတကာမတို့ ပူစရာမရှိတော့ဘူး (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင် တကာတကာမတွေ့မှာ နှိပ်စက်တတ်တဲ့ တရား ဘုန်းကြီး ရှင်းပြပါဦးမယ်....(မှန်ပါ့ဘုရား)။

သြော်....ဒို့ဟာ မသိမလိမ်မာတော့ သားနဲ့,သမီးနဲ့, ဆွေနဲ့, မျိုးနဲ့နေခဲ့ရတော့ ရရာ,ရကြောင်းရှာခဲ့ရတော့ ဒို့အကုသိုလ်တွေလဲ မနည်းလှဘူး....(မနည်းပါ)ဒီဟာ ကိုယ့်ဟာကိုယ် လာတဲ့ ကုက္ကုစ္စ....(မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ်လာတဲ့ဘာတုံး....(ကုက္ကုစ္စပါ)ကိုယ့်ဟာကိုယ် လာတဲ့ ကုက္ကုစ္စလို့မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒီကုက္ကုစ္စတွေက တော်တော်ကြာကျတော့ အသက်အရွယ်လဲ ကြီးလာတော့ ဆရာကောင်း,သမားကောင်းရှာပြီး သူတော်ကောင်းနား ကပ်ပြန်တော့မှ ဒီဒါတွေက ပေါ်လာတာ....(မှန်လှပါဘုရား)။

အင်း....တရားတွေကလဲသိလာ....(မှန်ပါ့) တရားသိလာလေလေ မတရားက ပေါ်လေလေဘဲဖြစ်တော့တာဘဲ... (မှန်လှပါဘုရား)။

တရားသိလာယင်....(မတရားက ပေါ်လေလေပါဘုရား) မတရားတွေက ပေါ်ပေါ်လာတော့ သြော်.... အတော်ခက်ပါပေါ့လား၊ မတရားက နည်းတာမဟုတ်ဘူး၊ တရားက အခုငါကြောက်ဆယ်ကျော် ခုနစ်ဆယ်မှတွေ့ရ၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ ကိုယ့်ကုက္ကုစ္စလာတယ်ဗျ....(မှန်ပါ့)။

အဲဒီ ကုက္ကုစ္စကနေပြီး သဏာလ ရေကပတ္တတ်ိုလို အနှစ်နှစ်သောင်း တရားအားထုတ်ခြားသော်လဲ အပါယ်ကျတယ်....(မှန်ပါ့) တိရစ္ဆာန်ဘုံကျသွားတယ်....(မှန်ပါ့) ကြောက်စရာမဂေကာင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဘယ်သူက ချလိုက်ပါလိမ့်မတုံး....မေးတော့မှ တကာသစ် ကုက္ကုစ္စ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်သူက ချပါလိမ့်.... (ကုက္ကုစ္စက ချပါတယ်ဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ တကာတကာမတွေ့အတွက်မှာ စိုးရိမ်တယ်....(မှန်ပါ့) ဥပမာ... တကာကြွယ်,ဆို ခြောက်ဆယ်ကျော်ပြီ.. (မှန်ပါ့) ဟာ....ငယ်ငယ်တုန်းကတော့လဲ မသိသလိုနေခဲ့ကြရတယ်....(မှန်ပါ့) သားနဲ့ မယားနဲ့ ဆွေနဲ့ မျိုးနဲ့.... ဟင်.... ရောင်းဟဲ့....ဝယ်ဟဲ့၊ အရောင်းမှား အဝယ်မှားလဲ ရှိတာဘဲ....(ရှိပါတယ်ဘုရား) အပြောမှား အဆိုမှားတွေကော.... (ရှိပါတယ်ဘုရား) အားပေးမှားတွေကော....(ရှိပါတယ်ဘုရား)။

သြော်....ငါတို့ကလဲ အခုမှ ဆရာကောင်း, သမားကောင်းနဲ့ အသက်ခြောက်ဆယ်ကျော်မှ တွေ့ရ၊ မနည်းပါဘူး အကုသိုလ်တွေ....(မှန်ပါ့) အခု တရားနာကြည့်တော့မှ ကိုယ်လုပ်ထားတာတွေလဲ တကယ့်ကြောက်စရာကြီး....(မှန်ပါ့) ကိုယ်လုပ်ထားတဲ့ တရားကလေးကလဲ အခုမှ သုံး,လေးနှစ်- လေး,ငါးနှစ်ရှိသေး....(မှန်လှပါ) ဟုတ်မှ ဟုတ်ပါ့မလား....(မှန်ပါ့)။

အံမာ.... ဒီလို ဘုန်းကြီးက ပြောတာ အသာထားနော်....(မှန်ပါ့) ခင်ဗျားတို့ တွေးလုံး ဒီ့ထက်ကြီးတယ်အောက်မေ့--(ကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ တွေးလုံးက.... (ဒီ့ထက်ကြီးပါတယ်ဘုရား) အဲ့ဒီလို ကြီးနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ကုက္ကစ္စကနေပြီး အပါယ်ချလိုက်တယ်....(မှန်ပါ့)။

ဘယ်သူက ချပါလိမ့်-(ကုက္ကစ္စက အပါယ်ချပါဘယ်ဘုရား) ပြုအပ်ပြီးသော ဒုစရိုက်ကိုးဗျ ... (မှန်ပါ့) မပြုရဘးဘဲ့ သုစရိုက်တွေလဲ ကိုယ်က နည်းတယ်.... (မှန်ပါ့) ဒုစရိုက်တွေက ကိုယ်ကများတယ်.... (မှန်ပါ့) ခက်ပါသေးရဲ့ဆိုပြီးတော့ သေခါနီးကျ သူ့ ကုက္ကစ္စကနေ အပါယ်ချလိုက်တယ်... (မှန်လှပါဘုရား)။

ကုက္ကစ္စကနေ အပါယ်ချတယ်ဆိုတော့ တကာတကာမတွေ ပဋ္ဌိစ္စသမုပ္ပါဒ် တန်းပြလိုက်တော့ သိပါတယ်နော်.... (မှန်ပါ့) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကစ္စဆိုတာ ဒေါသဖြစ်လို့ရှိယင် ဣဿာ,မစ္ဆရိယ,ကုက္ကစ္စ မပါဘူးလား.... (ပါ-ပါဘယ်ဘုရား)။

အဲ့ဒီမှာ ဒေါသ- သောက- ပရိဒေ၀- ဥပါယာသ- အ၀ိဇ္ဇာ- သင်္ခါရ ဟုတ်လား.... (မှန်ပါ့ဘုရား) ဟော....ဝိညာဏ်ဆိုတဲ့ အပါယ်ခန္ဓာငါးပါးလာတယ်....(မှန်လှပါ)ဒီကနေ ချလိုက်တယ် (မှန်ပါ့) ကုက္ကစ္စကနေ ချလိုက်တာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲ့ဒီတော့ ဒီတရားတပ်လုံးမှာဖြင့် ပဋ္ဌိသန္ဓေ လူလားမြောက် ကတည်းက စင်းလုံးချော သူတော်ကောင်းစိတ်နဲ့ချည့်လာခဲ့တာ တယောက်မှ မပါဘူး....(မပါ-ပါဘုရား)။

မပါ-ပါဘူး . တဲ့ရေပ်နဲ့ရှာနဲ့ ဆွေနဲ့ မျိုးနဲ့ သားနဲ့ သမီးနဲ့ အိမ်ထောင်ကျပြီးသကာလ ရရာရကြောင်း ရှာဖွေစားသောက်လာကြတဲ့ တကာတကာမတွေဘဲ ဆိုယင် တကာကြွယ် ငြင်းစရာ

လိုယေးသလား....(မလိုပါဘုရား) မလိုဘူးဆိုတာ ပေါ်လာကြ ပလား....(ပေါ်လာပါပြီဘုရား)။

အခုလို ဆရာကောင်း,သမားကောင်းနဲ့ တွေ့တဲ့အခါကျတော့ တရားကလဲ သိရပြန်၊ ထိုကဲ့သို့ သိရတဲ့အခါကျတော့မှ သြော်.... မိုက်သက်ကရှည်ပြီး လိမ္မာသက်က တိုနေတယ်.... (မှန်ပါ့ဘုရား) အံမာ....ကိုယ့်ဟာကိုယ်လာတာ....(မှန်ပါ့)။

ဘယ်လိုလာပါလိမ့်.... (မိုက်သက်ကရှည်ပြီး လိမ္မာသက်က တိုပါတယ်ဘုရား)။

ဟုတ်မှ ဟုတ်ပါ့မလား... တဲ့၊ နောက်ဆုံးပိတ်ကျတော့ ဒါက ဆုံးဖြတ်ချက်ကျလာတယ်....(မှန်ပါ့)။

မိုက်သက်ကရှည်၊ လိမ္မာသက်က တိုပြီးနေတော့ ကျင့်တော့ ကျင့်တာဘဲ၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ ကုက္ကုစ္စ,သံသယတွေက ဘယ်နှယ်တုံး....(လာပါတယ်ဘုရား)။

လာတော့ ခင်ဗျားတို့ အဲဒါ လာတာကိစ္စမရှိဘူး၊ လာသည်နဲ့ တပြိုင်နက်တည်း သူတို့က ဒီကုက္ကုစ္စဆိုတာ ဒေါသဘဲ.... (မှန်ပါ့ဘုရား) ဒေါသ သောက ပရိဒေဝ ဥပါယာသ အဝိဇ္ဇာ သခ်ၢိရ၊ ဟော....စုတေမနေ သေလွန်တဲ့ အခြားမဲ့ဌ် " သခ်ၢိရ ပစ္စယာ ဝိညာဏံ" ဆိုတဲ့ ခုနင်က ရေကပတ္တလို နဂါးကြီး သွားဖြစ်တယ်....(မှန်လှပါဘုရား)။

ဒါ... ဘယ်သူက ချလိုက်တာပါလိမ့်....(ကုက္ကုစ္စက ချတာပါ ဘုရား)။

အင်း ငါ့တို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အကုသိုလ်သက်က ရှည်ပြီး ကုသိုလ်သက်က တိုနေပါလားဆိုတာ ခင်ဗျားတို့

အရှယ်ကလေးကြီးလာလို့ သေခါနီးလေလေ ဒီကုက္ကုစ္စက လာ တတ်လေလေ ဖြစ်တယ် .. (မှန်ပါ့)။

ဒါကို တကာတကာမတို့ ငြင်းစရာများ လိုသေးသလား.... (မလိုပါဘုရား) ဝမ်းထဲမှာ မြုံမထားပါနဲ့၊ ခင်ဗျားတို့ ဝမ်းထဲ ဖြစ်ဘဲ့အတိုင်း ပြောနေတယ်.... (မှန်ပါ့) ခင်ဗျားတို့ ဝမ်းထဲ ဖြစ်ဘဲ့အတိုင်း ပြောနေတယ် ဆိုတာကို တကာသစ် သေသေ ချာချာမှတ်....(မှန်ပါ့)။

နဖူးပေါ်လက်တင် စဉ်းစားမှ ဆရာဘုန်းကြီးဟောတဲ့တရား တွေ့ နာလိုက်ရမှ သြော်....ကိုယ့်မှာ အနေဆိုးနေခဲ့လို့ အသေ ဆိုးများ ဖြစ်ဦးမှာလား....(မှန်ပါ့)။

အံမာ လာသေး သူက....(လာပါတယ်ဘုရား) မလာတတ် ဘူးလား....(လာပါတယ်ဘုရား) ဒါ.... ဘယ့်နှယ်ခြောင့်တုံ.... မေးတဲ့အခါကျတော့ ကုက္ကုစ္စ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါက စီးပွားရှိတာ-မရှိတာနဲ့ ဘာမှမဆိုင်ဘူး၊ နဖူးပေါ် လက်တင်လို့ လာတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါက ဘာကြောင့် လာတာပါလိမ့်.... (နဖူးပေါ် လက်တင် လို့ လာတာပါဘုရား) နဖူးပေါ်လက်တင်ပြီး တွေးလုံးတွေ့ ကြောင့် လာတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့.... ဒါဘာဟာလဲ ဒီတရားတပ်လုံးမှာ အားလုံး ပြောလိုက်ပါတယ်၊ လူတိုင်းမှာရှိတယ်....(မှန်ပါ့)။

အဲဒီတော့.... **အဲဒီ**ရှိတဲ့ အဖြစ်ကြီးကိုလဲ ယနေ့ ခင်ဗျားတို့ ပယ်လိုက်ပါ....(မှန်လှပါ) ပယ်လိုက်တော့ ဘာနဲ့ပယ်ရမတုံးဆို ငါတို့သည် သစ္စာတရားနာရမယ်....(မှန်ပါ့)။

သစ္စာတရားနာရမယ်....(မှန်လှပါ) နှလုံးသွင်းတဲ့အခါ ခန္ဓာထဲက သစ္စာကို... (ကြည့်ရပါမယ်) အဲဒီ တွေ့လို့ရှိယင် ခင်ဗျားတို့ သံသယ,ကုက္ကုစ္စ အကုန်ပျောက်.... (မှန်လှပါ) သူက ကယ်လိမ့်မယ်....(မှန်ပါ့) သူ ကယ်မည့်တရားဆိုတာ သေချာပလား-(သေချာပါပြီဘုရား)။

တကာကြွယ်.... ယနေ့ အရေးတကြီး ပြောနေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)ဖြစ်စဉ်ကလဲ ဦးမာဒင် ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဖြစ်စဉ်ကလဲ ဒါ-ဘယ်သူဖြစ်ဖြစ် သြော်....ကျုပ်အကြောင်းတော့ မပြောချင်ဘူးဗျာက စ,စလာတာဘဲ....(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

လာတယ်....လာတယ်၊ ဒီဥစ္စာ လူတိုင်းမှာ ခင်ဗျားတို့ အခု အပြင်ဘက်က အပေါ်ရုံ ပြောနေပေမဲ့၊အတွင်းက ဒါဘဲ(မှန်ပါ့) အတွင်းကတော့ ဒါ....သေသေချာချာ ရှိတယ်ဆိုတာ တကာကြွယ်တို့- ဦးမာဒင်တို့ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား)။

ငါ့မှာ သက်ဆိုးရှည်က မျှားပြီးသကာလ သက်ကောင်းရှည်က တိုနေတယ်.... (မှန်ပါ့) အင်း.... သူလာချင်လာတာဘဲ... (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

ဟိုမှာ သားရေး,သမီးရေး,စီးပွားရေးနဲ့ပြောရာခတ်ပြီးနေတုန်းက သက်ဆိုးရှည်....(မှန်ပါ့) အခု သူတော်ကောင်းဘက် လိုက်လာတဲ့အခါ သက်ကောင်းက တိုးနေတယ်.... (မှန်လှပါ) မလာဘူးလား....(လာပါတယ်ဘုရား) လာပြန်တော့ ဒါ.. ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ဉစ္စာက နိဂုံးမချုပ်ဘူးလား· (ချုပ်ပါတယ်ဘုရား) အဲ.... ချုပ်တဲ့ဉစ္စာတွေကို ယနေ့ အကုန်ပယ်လိုက်....(မှန်ပါ့)အကုန်ပယ်လိုက်ပါလို့ တရားတပ်လုံးကို ဘုန်းကြီးတပါးတည်းက တာဝန်ခံပါတယ်....(မှန်ပါ့)။

ဘာ့ကြောင့် ဒါလောက် တာဝန်ခံ ဒါလောက်ရဲပါလိမ့်မတုံးဆိုတော့ ဘုရားအားကိုးလို့ ရဲရတာ....(မှန်ပါ့)။

ဘုရားက သာဝကပါရမီဥာဏ်မှာ သစ္စာတရားနာပြီး နှလုံးသွင်းလိုက်လို့ သစ္စာတွေလို့ ရှိယင်ကဲ့.... သောတာပန် တည်ပါတယ်ဆိုတော့ အပါယ်လေးပါး သွားမည့်တရားတွေ အကုန်ပျောက်တယ်....(မှန်ပါ့) တွေးနေစရာလိုသေးသလား... (မလိုပါဘုရား)။

သြော်.... ဒါလောက် သိရတဲ့အခြေအနေဟာလဲ အားပေးကောင်းလို့ ဒီလိုဖြစ်တဲ့ အခြေအနေမျိုး မဟုတ်ပါဘူး-(မှန်ပါ့) တကယ့် လုံလောက်တဲ့ အကြောင်းတွေ ပြလိုက်လို့ သြော်....ဒို့စိတ်ချရသားဘဲ....(မှန်ပါ့ဘုရား) ဆိုတာကို ရင်ထဲမှာ ကျသွားအောင် အောက်မေ့ပါ....(မှန်ပါ့)။

ကိုင်း တကာတကာမတို့ ဒါဟာ ဘုန်းကြီးက အပြောအဆိုလည်လည်ပတ်ပတ်ရှိလို့ ဒို့မှာဖြင့် ရင်အေးသွားရပေတယ်လို့ အပေါ်ရ ကလေးနဲ့ ရင်မအေးပါနဲ့....(မှန်ပါ့)သေသေချာချာ ဘုရားက သစ္စာ့တရားနာလို့ ကိုယ်နှလုံးသွင်းလို့ သစ္စာတွေလို့

ရှိယင် ဒါ....သမ္မာဒိဋ္ဌိဖြစ်သောကြောင့် အပါယ် မကျဘူးကွဲ့-(မှန်လှပါဘုရား) သေသေချာချာ တာဝန်ယူပါတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်-ဘယ်လောက် အဘိုးတန်သတုံး... (တန်ပါတယ်ဘုရား)။

အင်မတန် အဘိုးတန်ပါတယ်တဲ့၊ အဲဒီတော့ ဒီလို ဘုန်းကြီးတို့ အခု ပြောဆိုတဲ့ ဒီနှလုံးကို မနာရတဲ့ပုဂ္ဂိုလ်မျိုး အတွက်မှာ ဖြင့် တကာကြွယ်တို့- တကာသစ်တို့- ဦးမာဒင်တို့ စဉ်းစားစမ်း-(မှန်ပါ့) သူ့တွေးလုံးက သူသွားတော့မယ်....(မှန်ပါ့)။

သူ့တွေးလုံးနဲ့သူ ဘာတုံး.... (သွားမှာပါဘုရား) ဘယ်လောက် ကြောက်စရာကောင်းသတုံး.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

ကြည့်.... ရေကပတ္တနဂါးမင်းကြီးဟာ တကာ တကာမတို့ အနှစ် နှစ်သောင်း ရဟန်း တရားအားထုတ်ပါတယ်....(မှန်ပါ့) သေခါနီးမှာ ခုနင်က ပြောတဲ့ ကုက္ကုစ္စ၊ငါ့ ဒါကလေးက လိုသေးတယ်ဆိုတဲ့ ကုက္ကုစ္စ၊ ဒီအကုသိုလ်ကလေး ရှိနေသေးတယ်ဆိုတဲ့ ကုက္ကုစ္စကနေပြီး အပါယ်ချတယ်.... (မှန်ပါ့) ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

သို့သော်....အခုလို ဖြေဖျောက်ပေးမည့် အသိဉာဏ်နှစ်ခုကို ပေးမည့်ဟာကလဲ ဘုရားမပွင့်ခင်က ဖြစ်နေတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ ဦးမာဒင်,ရေ....အကြပ်တွေ့တယ်.... (တွေ့ပါတယ်ဘုရား)။

အခုတော့.... ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဘုရားသာသနာအတွင်း ' ဗုဒ္ဓပြဿဒ ဒုလ္လဘ ' ဆိုတဲ့အတိုင်း ဒီခေတ်, ဒီအခါ ဒီအကောင်းထဲမှာ လာပြီးကြုံတာလဲ တမျိုး... (မှန်ပါ့)

ဒီလို ကိုးကွယ်ဆည်းကပ်ပြီး ခင်ဗျားတို့က လိုက်ရှာလို့ ဒီလို ပြောတတ်တဲ့ ဆရာသမား တွေ့တာကလဲ တဖုံ ဆိုသလိုပေါ့ဗျာ-- (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အတွက်မှာဖြင့် အခု ဒီတရားကို ဟောလဲ ဟောပါလိမ့်မယ်၊ သစ္စာကိုလဲ ဟောပါတယ်- (မှန်ပါ့) သစ္စာ ခင်ဗျားတို့ မြင်တယ်ဆိုတာကိုလဲ ဘုန်းကြီးက ခင်ဗျား တို့ကို သြော်....ခင်ဗျားတို့မြင်တာ သစ္စာဘဲဆိုတာကိုလဲ ပေါ် ပါလိမ့်မယ်.... (မှန်ပါ့) ပေါ်လာလို့ရှိယင်ဖြင့် ဒီဟာ ဖိပြီး လုပ်ကြမယ်ဆိုလို့ ရှိယင်ဖြင့် တကာသစ်တို့ တကာကြွယ်တို့ ကိုယ့်ကုက္ကစ္စလာစရာရှိသေးရဲ့လား... (မရှိပါဘုရား)။

ဒီလိုဆိုလို့ရှိယင်ဖြင့် ကြွေးဟောင်းတွေ ပြေ၍ ကြွေးသစ်တွေ ဆပ်ပြီးသား ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ကြွေးဟောင်းတွေပြေ၍.... (ကြွေးသစ်တွေ ဆပ်ပြီးသားပါ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ၊ တချို့က တကာတကားမတွေ့မှာ ဘာမှမဟုတ် တာကလေးနဲ့လဲ သံသယဖြစ်ပြီးသကာလ ကျုပ်ဟာ ဘယ်သူ့ ပြစ်မှားခဲ့တယ်၊ အဲဒါကလေးဟာ မကန်တော့ လိုက်ရဘဲနဲ့ သေသွားတယ်.... (မှန်ပါ့) အင်းမာ....မဟုတ်တာကျတော့ ခင် ဗျားတို့က အရိုးစဲ့- စဲ့ထားတယ်....(မှန်ပါ့ဘုရား)။

ဟုတ်တာကို စဲ့ရမှာ တကာတကာမတို့.... (မှန်လှပါ) ဟုတ် တာက ဘာတုံးလို့ မေးဘဲ့အခါကျတော့မှ ဟာ....သစ္စာတရား နာရမယ်....(မှန်ပါ့) ကိုယ်နှလုံးသွင်းတဲ့အခါ ဒီသစ္စာတွေ့ရမတဲ့-

(မှန်ပါ့) ဒါဆိုလို့ရှိယင်ဖြင့် ဘာမှသံသယ, ကုက္ကုစ္စ မလိုဘူး တဲ့....(မှန်လှပါဘုရား) သမ္မာဒိဋ္ဌိ ဖြစ်သွားပြီ၊ သမ္မာဒိဋ္ဌိဖြစ်သွားလို့ရှိယင် အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတဲ့ဥစ္စာ မသေချာလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဦးလှဘူး အားငယ်စရာ ရှိရဲ့လား.... (မရှိပါဘုရား)။

ကိုင်းဒါဖြင့် အသိမှာဖြင့် အားငယ်စရာမရှိပါဘူး၊ အမြင်နဲ့ ဆုံးဖြတ်ချက်ချကြပါ... (မှန်ပါ့ဘုရား)။

အသိမှာဖြင့်.... (အားငယ်စရာ မရှိပါဘုရား) အမြင်ပြပေး ဦးမယ်တဲ့ တကာတကာမတို့နော်... (မှန်ပါ့) အမြင်ပြပေးလိုက်တဲ့အခါကျတော့ သြော်....ငါတို့သည် မမြင်သေးတဲ့ ပုဂ္ဂိုလ်က မြင်အောင်လုပ်လိုက်.... (မှန်ပါ့) မြင်နည်းကိုတော့ ဆရာဘုန်းကြီးက ဒီလိုကြည့်ယင် ဒီလိုမြင်တယ်ဆိုတဲ့ မျက်မှန်တော့ တပ်ပေးမှာဘဲ....(မှန်ပါ့)ခင်ဗျားတို့က ဒီမျက်မှန်ကို ဖြုတ်ဖြုတ်မပစ်နဲ့....(မှန်ပါ့)။

အဲဒီကဲ့သို့ ဘုန်းကြီး ပြောဆိုတဲ့အတိုင်း ဘုရားဟောတော်မူတဲ့အတိုင်း တကာတကာမတွေက ဆုံးဖြတ်ချက်ချပြီး အမှန်အကန်ကြည့်လို့ အမှန်အကန် သိပါပြီဆိုလို့ရှိယင်ဖြင့် ဘာမှမပူပါနဲ့....(မှန်လှပါဘုရား) ဘာမှမပူပါနဲ့ ဆိုတဲ့ဥစ္စာကို ဘုရားကလဲ တာဝန်ခံတယ်- နှစ်ချီတောင် တာဝန်ခံတယ်.... (မှန်ပါ့) ဘုရား၏ တပည့်သားဖြစ်တဲ့ ရှင်အာနန္ဒာတို့ ရှင်မဟာကစ္စည်းတို့ အလုံးစုံ တာဝန်ခံပါတယ်....(မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ် အရေးတကြီးပြောကြစို့.... (မှန်လှပါဘုရား)ဒီဟာ ဦးမာဒင် အရေးတကြီးမပြောယင် ကောင်းကိုမကောင်းဘူး....(မှန်ပါ့)။

အားလုံး တကာတကာမတွေ့ သနားပါတယ်၊ ကယ်တင်ချင်ပါဟယ်၊ ယူဆောင်ချင်ပါတယ်၊ အသက်အရွယ်တွေ့လဲ ကြီးကုန်ပြီ၊ နက်ဖြန်-သဘက် သေမည့် ပုဂ္ဂိုလ်တွေ့လဲ ဖြစ်နိုင်တယ်ဆိုလို့ရှိယင်ဖြင့် ဒီနှစ်ခုကို အရေးတကြီး ပြောလဲပေးရတယ်....(မှန်ပါ့)။

ပြောတဲ့ပုဂ္ဂိုလ်က.... (ပြောလဲ ပြောပေးရပါမယ်) အရေးတကြီး ပြောပေးရမယ်.... (မှန်ပါ့)။

လုပ်မည့်ပုဂ္ဂိုလ်ကကော... (အရေးတကြီး လုပ်ရပါမယ်) အရေးတကြီးဘဲ လုပ်ရလိမ့်မယ်ဆိုတဲ့ဥစ္စာဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်နည်းနဲ့မှ ရှောင်ကွင်းလို့မရဘူး.... (မရပါဘုရား) ရှောင်ကွင်းလို့ ရပါ့မလား....(မရပါဘုရား)။

အဲဒါကြောင့် အရေးတကြီး လိုလာတဲ့တရား ဘယ်ဟာပါလိမ့်မလဲဆိုတဲ့ ဥစ္စာဖြင့် ယနေ့အဘိုးတန်အောင် ပြောလို့တန်တယ် မယူဘဲနဲ့ တကယ်တန်လို့ တကယ်တန်တယ်ယူပါ.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သစ္စာတရားနာရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သစ္စာတရား နှလုံးသွင်းလိုက်တဲ့အခါမှာ.... (သစ္စာမြင်ရပါမယ်) မြင်ရမယ်။

သစ္စာတရားကို....(နာရမယ်) နာရမယ်နော်(မှန်ပါ့)ပြီးတော့ နှလုံးသွင်းလိုက်တဲ့ အခါမှာ....(သစ္စာ မြင်ရပါမယ်)သစ္စာတရား

မြင်ရမယ်၊ ဤအင်္ဂါနှစ်ချက်ပြည့်စုံယင် အပါယ်လေးပါး တံခါးပိုတ်တယ်... (မှန်လှပါဘုရား)။

ခင်ဗျားတို့ ကုက္ကုစ္စက အပါယ် ချတတ်တာကိုး... (မှန်ပါ) ချစရာ အကွက်အလက်ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် လူငယ်တွေမှာလဲ ဒီအပြစ်တွေ ရှိတာဘဲ.... (ရှိပါတယ်ဘုရား) လူကြီးတွေမှာလဲ.... (ရှိပါတယ်ဘုရား) တော်တော်ကြာ နဖူးပေါ်လက်တင် စဉ်းစားတဲ့အချိန်က ရောက်ဦးမယ်... (ရောက်ပါတယ်ဘုရား) ရောက်ယင် ကိုယ့် ကုက္ကုစ္စလာမလား....(လာပါတယ်ဘုရား)။

အဖြေက မထွက်လာ.... (မှန်ပါ) အပါယ်သွားမှာကြီးက တော့လာရဲ့.... (မှန်ပါ) အပါယ်တားမည့်အဖြေက မထွက်လာလို့ရှိယင် ခင်ဗျားတို့ ကိုယ်ကျိုးလှလှကြီးနည်းပြီ.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အခုပြောမည့်တရားကို တကာကြွယ် တကာသစ်တို့ အရေးတကြီး လိုလာတယ်... (လိုလာပါတယ်ဘုရား)အရေးတကြီး လိုလာပြီဆိုတာ သဘောကျပလား.... (ကျပ်ပြီ)။

ကဲ... ဒါဖြင့် တကာတကာမတို့ သစ္စာတရား စ,ဟောတော့မယ်....(မှန်ပါ့) သစ္စာတရား စ,ဟောတော့ နားက သစ္စာတရားနာပါ....(မှန်ပါ့) ဥာဏ်က ဘယ်လှည့်ရမလဲ.... (ခန္ဓာလှည့်ရပါမယ်ဘုရား) ခန္ဓာလှည့်လိုက်တော့ နာတဲ့အတိုင်း ခန္ဓာထဲမှာတွေ့ယင် ပြီးတာဘဲ....(မှန်ပါ့)။

နာတဲ့အတိုင်း ခန္ဓာထဲမှာတွေ့ယင်.... (ပြီးပါတယ်ဘုရား)ပြီးတာဘဲဆိုတော့ သြော်. ဒါဖြင့် တော်သေးရဲ့- တော်သေးရဲ့ တကာကြွယ်ရေ....(မှန်ပါ့)တော်သေးရဲ့လို့ မဆိုနိုင်ဘူးလား....

(ဆိုနိုင်ပါတယ်ဘုရား)။

ဘာကြောင့် ဆရာဘုန်းကြီးက တော်သေးရဲ့လို့ သုံးရပါ လိမ့်မတုံးမေးတော့ တကာတကာမတွေမှာ ကုစရာဆေးကလေး နဲ့ သွားတွေပြီ.... (မှန်ပါ့) ဟို သေနှင့်သွားတဲ့ ပုဂ္ဂိုလ်တွေကျ တော့ ခုနင်က နဖူးပေါ်လက်တင်ပြီး စဉ်းစားတော့ သူတို့ ကုက္ကုစ္စနဲ့ သူတို့ ပြိတ္တာဘုံသွားလိုသွား၊ အပါယ် သွားလိုသွား မရှိကြဘူးလား.... (ရှိပါတယ်ဘုရား) ဆေးမမှီလိုက်ပါဘူး.... (မှန်ပါ့ဘုရား)။

ဦးမာဒင်- ဆေးမှီသေးသလား....(မမှီပါဘုရား) ခင်ဗျားတို့ အတွက်က ဘယ်လိုစဉ်းစားမလဲ... (ဆေးမှီပါတယ်ဘုရား)။

ဩော်....ဆေးမှီနေသေးတယ် ဆိုတဲ့ဥစ္စာသည် တကာကြွယ်- တော်တော်ထူးတဲ့ ပုဗ္ဗေစ,ဘဲ (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဆေးမှီတယ်ဆိုတာ ဘာပါလိမ့်....(တော်တော်ထူးတဲ့ ပုဗ္ဗေစ ပါဘုရား) တော်တော်ထူးတဲ့ ပုဗ္ဗေစဘဲ....၊ ပုဗ္ဗေစ ကတပုည တာပေါ့ဗျာနော်. (မှန်ပါ့)။

တော်သေးတယ် တော်သေးတယ်ဆိုတော့ တကာတကာမ တို့ ဒီတရားဟာ နားကို ဘယ်မှမသွားမှ.... (မှန်လှပါ) ကိုယ့် အရေး သက်သက်ပါလား၊ ကိုယ့်ဆေးသက်သက်ပါလား.... (မှန်ပါ့ဘုရား)။

ကိုယ့်အရေးနဲ့ ကိုယ့်ဆေး သက်သက်ပါလား၊ ကိုယ့်မှီရုံ ရှိတာကလေးဖြင့် ဒါကို ဖိသောက်ပြီးသကာလ ကုက္ကုစ္စရောဂါ တွေ ပျောက်မည့်ဆေးပါကလား ... (မှန်ပါ့) အပါယ်လေးပါး

တံခါးပိတ်တဲ့ ဆေးပါလား.... (မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

အေး... ဒါကြောင့် စိတ်ဘယ်မှ မသွားဘဲနဲ့ သစ္စာတရား ဟောတော့မယ်ဆိုတာ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် သစ္စာတရား ဂရုစိုက်ကြ....(မှန်ပါ့)သစ္စာတရား ဟောတော့မယ်ဆိုတော့ တကာတကာမတို့ သစ္စာမှာ ဒုက္ခသစ္စာ အရေးအကြီးဆုံး....(မှန်ပါ့)။

ဒုက္ခသစ္စာဟာ....(အရေးအကြီးဆုံးပါဘုရား) အရေးအကြီးဆုံးဘဲဆိုတော့ တကာတကာမတွေက မှတ်ထား လိုက်တာပေါ့ သြော်....ဒို-သန္ဓာန်မှာ ဘာဘဲပေါ်ပေါ်၊ သွားချင်တဲ့စိတ်ပေါ်၊ အိပ်ချင်တဲ့စိတ်ပေါ်၊ ပျော်ချင်တဲ့စိတ်ပေါ် ဟုတ်လား....(မှန်ပါ့ဘုရား)။

ကုသိုလ်လုပ်ချင်တဲ့ စိတ်ပေါ်ပေါ်၊ ကျင်ကြီး- ကျင်ငယ်စွန့်ချင်တဲ့ စိတ်ပေါ်ပေါ်၊ ဒီစိတ်ကလေးတွေဟာ ပေါ်လဲပေါ်တယ်၊ ပျောက်လဲ ပျောက်တယ်....(မှန်ပါ့ဘုရား)။

ပေါ်ပြီးတော့.... (ပျောက်ပါတယ်ဘုရား) သြော်.... အဲဒါ့သည် ဒုက္ခသစ္စာချည့်မှတ်....(မှန်ပါ့)။

ပေါ်ပြီး ပျောက်တဲ့တရားဟူသ၍.... (ဒုက္ခသစ္စာချည့်ပါဘုရား)။

သြော်....ဒါဖြင့် သစ္စာတရားဆိုတာ တခြားမှာလည်ပြီး ရှာရမလား အောက်မေ့တယ်၊ တကာတကာမတို့ ကိုယ့်သန္ဓာန်ဖြစ်တဲ့ စိတ်ကလေးတွေ၏ ဖြစ်မှုပျက်မှုဟာ ဒုက္ခသစ္စာ....(မှန်လှပါဘုရား)။

ကိုယ့်သန္ဓာန်ပေါ်လာတဲ့ တရားကလေးတွေ၏.... (ဖြစ်မှု

ပျက်မှုဟာ ဒုက္ခသစ္စာပါဘုရား)။

ဖြစ်မှုပျက်မှုဟာ ဘာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခ ဆိုတော့ သြော်.... ဒါသစ္စာတရားဆိုတာ တခြားလား အောက်မေ့နေတယ်....(မှန်ပါ့) ကိုယ့်ရုပ်ကလေးတွေ၏ ပူလိုက်- အေး လိုက်ဟာလဲ ဖေါက်ပြန်ပျက်စီးနေတာ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ကိုယ့်စိတ်ကလေးတွေ၏ ဖြစ်လိုက်ပျက်လိုက်နေတာ.... (ဒုက္ခ သစ္စာပါဘုရား)။

သြော်....သစ္စာတရားဆိုတာ ဘာတုံး အောက်မေ့နေတယ်၊ ကျုပ်တို့က ဘုရားတွေ့မှဘဲ သစ္စာတရားများ နာရတော့မယ် အောက်မေ့နေတာ.... (မှန်ပါ့) မဟုတ်ပါဘူး၊ ဘုရားကိုက လက်ညှိုးညွှန်ထားခဲ့တာ.... (မှန်ပါ့)။

ဘုရားက ဘယ်လိုလက်ညှိုးညွှန်ထားခဲ့သတုံးမေးတော့ ကွာ-တဲ့၊သံခိတ္တေန=အကျဉ်းပြောရမှာဖြင့်၊ပဠုပါဒါနက္ခန္ဓာပိုဒုက္ခာ= မင်းခန္ဓာတခုလုံးထဲ ပေါ်လေသမျှ ပျက်လေသမျှ,ဒုက္ခသစ္စာချည့် မှတ်လို့ သူ့ကိုက ပြောတာ.... (မှန်လှပါဘုရား) သဘောကျပ လား....(ကျေးဇူး)။

ခင်ဗျားတို့ ခန္ဓာထဲပေါ်သမျှ, ပျက်သမျှ ဘာဘဲ.... (ဒုက္ခ သစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သြော်.... ဒို့-သန္တာန်မှာ ရှိတဲ့ တရားလဲ ပေါ်တာနဲ့ပျက်တာဘဲ ရှိတယ်လို့ဘုရားက ဟော တယ်.... (မှန်ပါ့) အဲဒါတွေဟာလဲ ဒုက္ခသစ္စာချည့်ဘဲလို့ဆို တော့ သြော်....ဒုက္ခသစ္စာဆိုတာ တခြားလား အောက်မေ့နေ

တယ်၊ ခန္ဓာထဲမှာ ပေါ်သ၍, ပျက်သ၍ ဟာ ဘာတဲ့တုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်... ဒါဖြင့် တကာတကာမတို့က သစ္စာတရားနာရပြီ.... (မှန်လှပါဘုရား)။

နာရကြပလား....(နာရပါပြီဘုရား)ခန္ဓာထဲပေါ်သ၍ ပျက်သ၍ဟာ....(ဒုက္ခသစ္စာပါဘုရား)။

ယားတယ်....၊ ယားတဲ့နေရာကလေးမှာဘဲ ပျောက်သွားတယ်၊ ပေါ်လဲပေါ်တယ်- ပျောက်လဲပျောက်တယ် ဘာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒါ- နာတတ်ပြီနော်.... (နာတတ်ပါပြီဘုရား)။

ကောင်းပြီ စားချင်တဲ့စိတ်ကလေးဟာ တကာတကာမတို့ စားချင်တဲ့ စိတ်ကလေးဟာ ထိုင်ရင်းမတ္တန့် ထမင်း ဆာလာတယ်၊ စားချင်တဲ့စိတ်ကလေး ပေါ်တယ်....(မှန်ပါ) မပေါ်ဘူးလား ဝမ်းထဲမှာ.... (ပေါ်ပါတယ်ဘုရား)။

စားချင်တဲ့ စိတ်ကလေးပေါ်လာပြီး ဒီ- စားချင်တဲ့စိတ်ကလေးဟာ ထမင်းရှိတဲ့ဆီ မသွားရပေဘူးလား.... (သွားရပါတယ်) စားချင်တဲ့စိတ်ကလေးချုပ်ပြီး သွားချင်တဲ့ စိတ်ကလေး ပေါ်တယ်.... (ပေါ်ပါတယ်ဘုရား) စားချင်တဲ့စိတ်ကလေး ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒါ- ဘာနဲ့အသက်ရှင်နေသတုံး၊ သွားချင်တဲ့ စိတ်နဲ့အသက်ရှင်နေတယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် စားချင်တဲ့ စိတ်ကလေးဟာ ပေါ်လဲ ပေါ်တယ်၊ ပျောက်လဲပျောက်တယ်....၊ သူ ဘာသဘောတုံး ....(ဒုက္ခသစ္စာပါ့ဘုရား)။

သွားတဲ့စိတ်ကလေးဟာလဲ တကာတကာမတို့ ထမင်းပဲ့ရှိရာ ထမင်းအိုးရှိရာ သွားကြတာဘဲ....(မှန်ပါ့ဘုရား)။

စားတောမယ်လို့ ဆိုတော့လဲ တကာတကာမတွေက စဉ်းစားကြည့်သေးတာပေါ့၊ ထမင်းက အလိုလို အုပ်က လာခ့ဲ.တာ မဟုတ်ပါဘူး.... (မှန်ပါ့) ထမင်းပဲ့ကလေးကို နှိုက်ရတယ်.... (မှန်ပါ့)ထမင်းကလေး နှိုက်တော့ နှိုက်တဲ့စိတ်ကလေးလာတယ်၊ မစားရသေးဘူး ... (မှန်ပါ့) နှိုက်တဲ့စိတ်ကလေးက ပါးစပ်ထဲ ထည့်ပေးလိုက်ဘော့ နှိုက်တဲ့စိတ်ကလေးဟာ တကာတကာမတို့ စားပလား....(စားပါပြီဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် စားတဲ့စိတ်ကလေးဟာ ဝမ်းထဲထည့်ပြီး စားလိုက်ပါပြီ၊ ပါးစပ်ထဲထည့်ပြီး စားလိုက်ပါတယ်၊ စားတာရှိတာဘဲ၊ မျိုတဲ့စိတ်က တခြား.... (မှန်ပါ့) မျိုတဲ့စိတ်က ခင်ဗျားတို့ သေသေချာချာ စဉ်းစားကြည့်၊ အ့ံတော်ကို အားထုတ်ရတယ်.... (မှန်လှပါဘုရား)။

စားတဲ့စိတ်, ဝါးတဲ့စိတ်က ဝါးပေးဖေါ်ဘဲရတယ်- (မှန်ပါ့ဘုရား) မျိုတဲ့စိတ်က သူ့ကို တခါတည်း မျက်လုံးမှိတ်ပြီးသကာလ မျိုယူရတယ်.... (မှန်ပါ့) သူက တခြားဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒ့ိုသန္တာန်ဖြစ်လေသမျှ, ပျက်လေသမျှ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဟာ.... ဒါဖြင့် သစ္စာတရား ခင်ဗျားတို့ နာရပြီ....(မှန်ပါ့)။

တကာတကာမတို့ ဘာတရား နာရသလဲ....(သစ္စာတရား နာရပါတယ်ဘုရား) သြော်... သစ္စာတရားဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ နာရပါပြီ....(မှန်ပါ့)။

သစ္စာတရားဖြင့်.... (နာရပါပြီဘုရား) ဒုက္ခသန္တာန် ဘာပေါ်ပေါ်၊ ဘာသစ္စာပေါ်မလဲ....(ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား) ဒုက္ခသစ္စာဘဲ ပေါ်တယ်....(မှန်ပါ့)။

ဒုက္ခသစ္စာဘဲ ပေါ်တယ်ဆိုဘော့ ခင်ဗျားတို့ သန္တာန်ဖြင့် ဘာဘဲလုပ်နေနေ တကာတကာမတို့ ရောင်းချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ဝယ်ချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ပြောချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ပေါ်ချင်တာပေါ်၊ တကာသစ်- ဘာသစ္စာပေါ်၍ ဘာသစ္စာပျက်တာတုံး.... (ဒုက္ခသစ္စာ ပေါ်၍ ဒုက္ခသစ္စာပျက်ပါတယ်ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သြော်....ဒါဖြင့် ဒုက္ခသန္တာန် မလှုပ်လေနဲ့ လှုပ်ယင် ဒုက္ခသစ္စာဘဲ-(မှန်ပါ့)မပေါ်လေနဲ့၊ ပေါ်ယင်.... (ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါဖြင့် ဒုက္ခသစ္စာသည် တကာတကာမတို့ လက်ညှိုးထိုး မလွဲဘူး....(မလွဲပါဘုရား)။

တကာကြွယ် ဘယ်လိုတဲ့တုံး ... (လက်ညှိုးထိုးလို့ မလွဲပါဘုရား)။

လက်ညှိုးထိုး မလွဲဘူးဆိုတာက တကာတကာမတို့ ဒီအထဲမှာ ခင်ဗျားတို့ လက်ညှိုးထိုးလို့ ရှိယင်ဖြင့် ဘယ်နည်းနဲ့မှ ကောင်းကင် မလွတ်ဘူးဆိုတာ သိသလိုပေါ့ဗျာ...(မှန်လှပါ)ခင်ဗျားတို့

ခန္ဓာထဲ ပေါ်ချင်တာ ပေါ်တာ ပေါ်ချင်တာ ပေါ်ပါစေ... (မှန်ပါ့) ဘာမှ မပေါ်ဘူး၊ ရှေ့လဲ မပေါ်ဘူး၊ ငေ့လဲ မပေါ်ဘူး၊ သားလဲ မပေါ်ဘူး၊ သမီးလဲ မပေါ်လာဘူး....(မှန်ပါ့)ဘာတွေ့ဘဲ ပေါ်သတုံး.... (ဒုက္ခသစ္စာတွေ့ဘဲ ပေါ်ပါတယ်) ဖြစ်ပျက် ဒုက္ခသစ္စာဘဲ ပေါ်လာမှာဘဲ.... (မှန်ပါ့) သား,သမီး,ဆွေမျိုး, ဥာတကာများ ပေါ်လာသေးသလား.... (မပေါ်ပါဘုရား) ဘယ့်နှယ် ဘာပေါ်သတုံး.... (ဖြစ်ပျက် ဒုက္ခသစ္စာဘဲ ပေါ်ပါတယ်ဘုရား)။

သို့သော်... တချို့ တကာတကာမတွေက မသိသေးတော့ ကျုပ်စိတ်ထဲ သားကလေးချည့် ပေါ်နေတယ်- ထင်နေတယ်.... (မှန်ပါ့ဘုရား)။

ဖြစ်မှုဖြစ်ရပလေ၊ ဘယ်တော့မှ သားကလေးလဲ သူ့စိတ်ထဲ မပေါ်ဘူး.... (မှန်လှပါ) သမီးကလေးကော သူ့စိတ်ထဲ ပေါ်ရဲ့လား....(မပေါ်ပါဘုရား) မဟုတ်ပါဘူး....တဲ့၊ သမီး အာရုံပြုတဲ့စိတ်ကလေးပေါ်တာ.... (မှန်ပါ့) သားကို အာရုံပြုတဲ့.... (စိတ်ကလေးပေါ်တာပါဘုရား)။

ဒီစိတ်ကလေးကလဲ ပေါ်ပြီး ဘာဖြစ်သွားသတုံး.... (ပျက်သွားပါတယ်ဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အို....ဒုက္ခသစ္စာပေါ်တာကို သူက သားပေါ်တယ်ပြောနေလို့ ခက်နေတာ....(မှန်ပါ့) သမီးပေါ်နေတယ်လို့ ပြောလို့.... (ခက်နေတာပါဘုရား)။

ဖြစ်မှု ဖြစ်ရလေ တကာတကာမတို့ ပေါ်တာက ဒုက္ခသစ္စာ ဟုတ်လား....(မှန်ပါ့) သူထင်တာက သားကလေး,သမီးကလေး

ထင်နေပြန်တော့ သူရှုးပုံလဲ တမျိုးဘဲ.... (မှန်လှပါ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါ....လူတိုင်းပြောနေတာ တကာကြွယ်ရ.... (မှန်ပါ့) ကျုပ်စိတ်ထဲမှာ သားကလေးချည့် ပေါ်နေတယ်.... (မှန်ပါ့) သမီးကလေးချည့်.... (ပေါ်နေပါတယ်ဘုရား) ပျောက်တဲ့ပစ္စည်းကလေးချည့်....(ပေါ်နေပါတယ်ဘုရား)။

ဘယ်ဟုတ်ရမတုံး၊ အဲဒါတွေက ပေါ်လို့ရှိယင် အိမ်ပေါ်ရောက်လာမှာပေါ့....(မှန်ပါ့)။

မပေါ်ပါဘူး ဒါတွေက....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) သားဘက်ကို အာရုံပြုတဲ့စိတ်ကလေး ဒုက္ခသုစ္စာပေါ်တာ.... (မှန်ပါ့) သမီးဘက်ကို အာရုံပြုတဲ့စိတ်ကလေး.... (ဒုက္ခသစ္စာပေါ်တာပါဘုရား) ပြီးတော့ သူ ဘာဖြစ်သွားသတုံး....(ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာပေါ် ဒုက္ခသစ္စာချုပ်တာကို မသိသေးတဲ့ပုဂ္ဂိုလ်က တကာတကာမတို့ သားကလေးပေါ်နေတယ်-(မှန်ပါ့ဘုရား) သမီးကလေး.... (ပေါ်နေပါဘယ်) ပစ္စည်းကလေး.... (ပေါ်နေပါတယ်ဘုရား)။

ခက်ပြီ တကာကြွယ်ရေ....ပေါ်တာက ဒုက္ခသစ္စာ.... (မှန်လှပါဘုရား) မဟုတ်ဘူးလား....(မှန်ပါ့) သူက သား,သမီးလုပ်နေတော့ ခက်နေပြီ....(ခက်ပါတယ်ဘုရား)။

အဲ... ဒါမသိမှာစိုးလို့ တကာတကာမတို့ဘုရားက"သံခိတ္တောနပဋ္ဌ ုပါဒါနက္ခန္ဓာ ဒုက္ခာ" ကဲ.... (မှန်ပါ့) မင်း·သား,သမီး

မပါဘူးနော်.... (မှန်ပါ့) သေသေချာချာ ဟောရှာတယ်.... (မှန်ပါ့ဘုရား)။

မင်းသန္ဓာန် ဘာတဲ့ ပေါ်ပေါ်၊ ရုပ်ပေါ်ပေါ်၊ စိတ်ပေါ်ပေါ် ဘာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား) မင့်-သား,သမီး မပါဘူးလို့ သေသေချာချာ ကန့်ကွက်တယ်....(မှန်ပါ့)။

ခင်ဗျားတို့ကသာ အရူးထပြီးတော့ သားကလေးချည့် ပေါ်နေတယ်၊ ကျုပ်ကလဲ အဝေးရောက်နေတာ သူ့မျက်နှာကလေး ပေါ်ပေါ်နေတယ်.... (မှန်ပါ့) ဘယ့်နှယ် ဖြစ်တာတုံး တကာ ကြွယ်....(အရူးထ,တာပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အင်း .. အိပ်ရာထဲ တယောက်တည်းရူးတာက ရှိသေးတယ်.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

စင်စစ်တော့ဖြင့် တကာတကာမတို့ သားဘက်လှည့်လိုက်လို့ သား အာရုံကလေးပေါ်တာ၊ သားက ပေါ်တာလား၊ သားကို အာရုံပြုတဲ့စိတ်ပေါ်တာလား....(သား အာရုံပြုတဲ့စိတ်ပေါ်တာ ပါဘုရား) စိတ်ကလေးက ပေါ်ပြီးပျက်တော့ ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။

အဲ....ပေါ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲ.... (ဒုက္ခသစ္စာပါ-ဘုရား)။

ဒါဖြင့် သား,သမီးပေါ်တာလား၊ ဒုက္ခသစ္စာပေါ်တာလား (ဒုက္ခသစ္စာပေါ်တာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒုက္ခသစ္စာပေါ်တာကို တကာ တကာမတွေ့က သြော်.... ကျုပ်ဘာမျှား ဖြစ်ချင်တယ် မပြောတတ်ပါဘူး....တဲ့၊ ဘာမှ မဖြစ်ပါဘူး၊ ဒုက္ခသစ္စာဖြစ်တာပါ....(မှန်ပါ့)။

ဘာမျှား ဖြစ်ချင်သလဲ၊ သားကလေးချည့် မျက်စိထဲ မြင်နေတယ်....(မှန်ပါ့) သမီးကလေးချည့်.... (မျက်စိထဲ မြင်နေပါတယ်ဘုရား) ဘာမျှားဖြစ်ချင်တယ်မသိဘူးတဲ့.... (မှန်ပါ့ဘုရား) ဘာမျှားမှဖြစ်ချင်တာ မဟုတ်ဘူး၊ ခင်ဗျား- အပါယ်ဖြစ်ချင်တာ (မှန်ပါ့ဘုရား) ရိုပ်မိပလား.... (ရိုပ်မိပါပြီဘုရား)။

ဘာဖြစ်ချင်တာတုံး....(အပါယ်ဖြစ်ချင်တာပါ) အပါယ်ဖြစ်ချင်တာကို ဘာမျှားဖြစ်ချင်တယ် မသိဘူးလို့ လုပ်မခနဲ့.... (မှန်ပါ့) မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

သားကလေးချည့်ပေါ်နေယင် ဘာမျှားဖြစ်ချင်ပါလိမ့်မတုံးလို့ တွေးမနေနဲ့တော့၊ သြော်.... ငါ အပါယ်သွားဘို့ဘဲ (မှန်ပါ့ဘုရား)။

သမီးကလေးချည့် မြင်နေယင်.... (အပါယ်သွားချင်လို့ပါဘုရား) ဘာမျှားဖြစ်ချင်ပါလိမ့်မတုံး သံသယတွေ့ ဘာတွေ့ရှုပ်မနေနဲ့....(မှန်ပါ့) ရိုပ်မိပလား.... (ရိုပ်မိပါပြီဘုရား)။

ဘာဖြစ်ချင်လို့တုံး.... (အပါယ်သွားချင်လို့ပါဘုရား) အပါယ်သွားဘို့ သေချာတာက ကိုယ့်ဟာကိုယ် ပုဗ္ဗနိမိတ်မျှားမကောင်းဘူး....တဲ့၊ ဟုတ်တယ် မကောင်းဘူး ဒယ်အိုးနိမိတ်အဲဒါ....(မှန်ပါ့) ရိုပ်မိပလား.... (ရိုပ်မိပါပြီဘုရား)။

ဘာနိမိတ် ထင်လာတာတုံး.... (ဒယ်အိုးနိမိတ် ထင်လာတာပါ) ဒယ်အိုးနိမိတ်ထင်လာတာ ရှင်းပလား တကာ့ကြွယ်....(ရှင်းပါပြီဘုရား)။

ကဲ .. ဒါဖြင့် တကာတကာမတို့ သားကလေးမြင်ဘာ မဟုတ်ပါဘူး၊ သားကိုအာရုံပြုတဲ့ မနောစိတ်ပေါ်တာ....(မှန်ပါ့) မနောစိတ်ကလေးဟာ ပေါ်ပြီးဘာတုံး....(ပျောက်သွားပါတယ်ဘုရား)။

အဲ....ပျက်သွားတော့ ဘာသစ္စာပေါ်သတုံး.... (ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား)။

အဲ....ဒါဖြင့် ဘုရားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" မင်းတို့သန္တာန် ဘာဘဲ ဖြစ်ဖြစ် ဘာတရားပေါ်ပေါ် ဘာသစ္စာတဲ့တုံး.... (ဒုက္ခသစ္စာပါဘုရား) သားသမီး ပါသေးသလား.... (မပါ-ပါဘုရား)။

ဒါ- ဓမ္မစက္ကာမှာ ဒီအတိုင်း ပါ,ပါတယ်.... (မှန်ပါ့)တရားဦးမှာ ဒီအတိုင်းဘဲဆိုတာ တကာတကာမတွေ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဗွေမဖေါက်ပါနဲ့ ဒီကရှေ့ကို.... (မှန်ပါ့ဘုရား)။

ဒီကရှေ့ကို တကာကြည်ယ်....(ဗွေမဖေါက်ပါနဲ့) ဗွေမဖေါက်ပါနဲ့ ခင်ဗျားတို့ လူကြီးတွေက သာဆိုးတယ်.... (ဆိုးပါတယ်ဘုရား)။

လူကြီးက ရှေ့ရေးဘေးရတာနဲ့ နောက်ရေးတွေးရတာနဲ့၊ ခင်ဗျားတို့က ရှေ့နောက်မှီတာကို အတော်ခက်နေတယ်....(ခက်ပါတယ်ဘုရား) မခက်ဘူးလား....(ခက်ပါတယ်ဘုရား)။

ရှေ့နောက်မှီတာကိုဘဲ တွေးစရာနှစ်ဘက်ဖြစ်လာတယ်၊သူတို့ခလေးတွေက ဘာမှုမသိဘူး ရှေ့နောက်မမှီဘူး.... (မှန်ပါ့ဘုရား)။

အင်း....ခင်ဗျားတို့က ခြေလှမ်းက သိပ်ကျယ်ထားတော့ ရှေ့တွေးပြန်လဲ မကောင်းတာ တွေးမိတာဘဲ.... (တွေးမိပါတယ်) နောက်တွေးပြန်ကော .... (မကောင်းတာ တွေးမိပါတယ် ဘုရား)။

အဲ.... ဒါတွေလိုရင်းမဟုတ်ပါဘူး တကာကြွယ်ရေပေါ်လာတဲ့တရား ဒုက္ခသစ္စာချည့်တွေး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်လာတဲ့ ဓမ္မဟူသ၍.... (ဒုက္ခသစ္စာချည့် တွေးရပါမယ် ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ့ သစ္စာတရား နာရမယ်.... (မှန်ပါ့) သစ္စာတရား နာရမယ်ဆိုတော့ အခုဘုန်းကြီးက သင်ပေးလိုက်တယ်....၊ ခင်ဗျားတို့သန္တာန် ပူတာပေါ်လဲ ဒုက္ခသစ္စာ၊ အေးတာပေါ်လဲ....(ဒုက္ခသစ္စာပါ) ဆွေးတာပေါ်လဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် စိတ်အေးကလေးပေါ်လာလဲ ဒုက္ခသစ္စာပေါ်တာဘဲ (မှန်ပါ့) ပူတဲ့စိတ်ကလေး ပေါ်လာလဲ.... (ဒုက္ခသစ္စာပေါ်တာပါဘုရား) ဆွေးတဲ့စိတ်ကလေး ပေါ်လာယင်လဲ.... (ဒုက္ခသစ္စာပေါ်တာပါဘုရား)။

မျက်ရည်ကျချင်တဲ့စိတ်ကလေး ပေါ်လာလဲ.... (ဒုက္ခသစ္စာပေါ်တာပါ)ကုသိုလ်ပြုချင်တဲ့စိတ်ကလေးပေါ်လာပြန်ယင်လဲ.... (ဒုက္ခသစ္စာ ပေါ်ပါတယ်) ပေါ်ချင်တာပေါ် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ့ဘုရား)။

အဲဒါ ဟောလို့ နာရတော့မှ သြော်.... ဒို့သစ္စာဆိုတာ တခြားလားအောက်မေ့တယ် ကိုယ့်သန္တာန်ပေါ်သ၍ ဒုက္ခသစ္စာပါလား....(မှန်ပါ့)။

ကိုယ့်သန္တာန်ပေါ်သ၍.... (ဒုက္ခသစ္စာပါဘုရား) ရှင်းပြီ.... ရှင်းပြီ....(မှန်ပါ့ဘုရား)။

သစ္စာတရား နာရပလား.... (နာရပ်ပြီဘုရား) အဲဒီတော့ သစ္စာတရားတော့ နာရပြီတဲ့ တကာဟကာမတို့ ကိုယ့်သန္တာန် ပေါ်ချင်တာပေါ်၊ ပေါ်သ၍ဒုက္ခသစ္စာချည့်လို့ ဆရာဘုန်းကြီး က ဟောလို့ တကာတကာမတွေက သြော်....ပေါ်ချင်တာပေါ် ပေါ်တာဟာ ဒုက္ခသစ္စာဘဲလို့ မသိရဘူးလား.... (သိရပါတယ် ဘုရား)။

သိရတယ်- သိရတော့ ရှေ့တလှမ်းတက်မယ်.... (မှန်ပါ့)ဒါ- သိတဲ့တလှမ်းတော့ဖြင့် သေချာသွားပြီ....(မှန်ပါ့ဘုရား)။

ရှေ့တလှမ်း တက်ပါဦးတဲ့ ခင်ဗျားတို့၊ ရှေ့တလှမ်း တက်လိုက်တဲ့အခါကျတော့ ဒီလိုဟောတာကို မနာနဲ့တော့- (မှန်ပါ့) ကိုယ့်ဟာကိုယ့် အိမ်ပြန်ပြီးသကာလ ဖြစ်စေ၊ တနေရာ ကမ္မဋ္ဌာန်းကျောင်းမှာ ဖြစ်စေ၊ ဒီမှာ တရားနာဘို့ ဦးစွာရောက်တဲ့အခါမှာ ဖြစ်စေပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ် ခန္ဓာကိုယ်ထဲရှောက်ပြီးကြည့်လိုက်၊ စားချင်တဲ့စိတ်ပေါ်လာလဲ သြော်....ဒါကလေးဟာ ရှိသေးသလား- မရှိတော့ဘူးလား ကြည့်လိုက်စမ်း....(မရှိတော့ပါဘုရား) မရှိဘူး.... (မှန်ပါ့ဘုရား)။

မရှိတာကလေးဟာ ဘာတုံး.... (ဒုက္ခသစ္စာပါ) အင်း....ဒါ-ပျက်သွားပြီ....(မှန်ပါ့) ပျက်သွားတော့ သူဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

စားချင်တဲ့စိတ်ကို ခုနင်ကစိတ် ဘာစိတ်ပါလိမ့် မတုံးလို့ တွေးလုံး ဝိပဿနာရောက်လာတော့ သူရှိသေးရဲ့လား.... (မရှိပါဘုရား) မရှိတာဟာ .. (ဒုက္ခသစ္စာပါ)သိတာက.... (မဂ္ဂသစ္စာပါဘုရား)။

ဟော.... နေရာကျပြီ.... (မှန်ပါ့) တကာတကာမတို့ နေရာကျပြီ (မှန်ပါ့) ဘယ်လိုနေရာကျပါလိမ့်မတုံးဆိုတော့ ကိုယ်တိုင်တွေးလိုက်တော့လဲ သစ္စာတွေ့တယ်.... (မှန်ပါ့)။

ကိုယ်တိုင်တွေးလိုက်တော့လဲ.... (သစ္စာတွေ့ပါတယ်ဘုရား) သစ္စာတွေ့ပြီ တကာတကာမတို့....(မှန်ပါ့)။

တခါ အိပ်ချင်တဲ့စိတ်ကလေးကိုလဲ ဘုန်းကြီးက အတွေးခိုင်းထားတယ်.... (မှန်ပါ့) "သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ" သံခိတ္တံ စိတ္တံ =အိပ်ချင်တဲ့ စိတ်ကို၊သံခိတ္တံ စိတ္တန္တိ = ရှိသေးသလား- မရှိဘူးလားလို့၊ ပဇာနာတိ=သိအောင်လုပ်ပါ-(မှန်ပါ့)သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် အိပ်ချင်တဲ့စိတ်ကလေးဟာ ပေါ်လာတယ် (မှန်ပါ့) တွေးကြစမ်း၊ ရှိသေးရဲ့လား .. (မရှိပါ) တွေးတဲ့စိတ်က တခြားကိုးဗျ....(မှန်ပါ့)ဒါဖြင့် မရှိတာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)တွေးတာက.... (မဂ္ဂသစ္စာပါဘုရား)။

ကြောင်....ဒီလို ကိုယ်တိုင်တွေ့တဲ့အခါကျလို့ ရှိယင်ဖြင့် တကာတကာမတို့ ပဌမသစ္စာတရား နာထားတယ်... (မှန်ပါ့)အခုတော့ ကိုယ်ကိုယ်တိုင် သစ္စာတွေ့တယ်....(မှန်ပါ့ဘုရား)။

ပဌမက ဘာပါလိမ့်....(သစ္စာတရား နာထားပါတယ်ဘုရား) နောက် ကိုယ်ကိုယ်တိုင် နှလုံးသွင်းကြည့်တော့ .... (သစ္စာတွေ့ပါတယ်ဘုရား) သြော်... ဒါဖြင့် နှလုံးသွင်းမှန်သွားပြီ... (မှန်ပါ) နှလုံးသွင်းမှန်သွားပြီ တကာတကာမတို့....(မှန်ပါဘုရား)။

- ဘာပါလိမ့်....(နှလုံးသွင်းမှန်သွားပါပြီ)နဂိုရ်တုန်းက ငါစားချင်လိုက်တာဆိုတာ နှလုံးသွင်းလဲနေတယ်... (လဲနေပါတယ်) ငါအိပ်ချင်လိုက်တာဆိုတာ (နှလုံးသွင်းလဲနေပါတယ်ဘုရား)။

အခုတော့ဖြင့် အိပ်ချင်တဲ့ စိတ်ကလေးကလဲ ဒုက္ခသစ္စာ.... (မှန်ပါ) စားချင်တဲ့စိတ်ကလေးကလဲ.... (ဒုက္ခသစ္စာပါ)က.... မိစ္ဆာဒိဋ္ဌိပျောက်ပြီး သမ္မာဒိဋ္ဌိရောက်ပြီ (မှန်ပါဘုရား)။

မိစ္ဆာဒိဋ္ဌိပျောက်ပြီးဘော့....(သမ္မာဒိဋ္ဌိရောက်ပါပြီ)သမ္မာဒိဋ္ဌိရောက်ပြီဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

သြော်.... ဒါဖြင့် တကာတကာမတွေ ပဌမသစ္စာတရားနာထားလို့ ခန္ဓာကိုယ်ထဲ ဘာပေါ်ပေါ် သစ္စာသိထားတယ် .... (မှန်ပါ)နောက် ကိုယ်ကိုယ်တိုင် တွေးကြတယ်....(မှန်ပါ) တွေးကြတယ်ဆိုတာ အလုပ်-လုပ်တာ....(မှန်ပါဘုရား)။

ကိုယ်ကိုယ်တိုင် တွေးတာဟူသ၍ဟာ.... (အလုပ်-လုပ်တာပါဘုရား)။

အလုပ်-လုပ်တာဘဲဆိုတဲ့ဥစ္စာ သားတွေ,သမီးတွေးကိုဆိုတာ မဟုတ်ဘူးဗျနော်....(မှန်ပါ) ရှေ့စိတ်ကို နောက်စိတ်နဲ့တွေးတာ (မှန်ပါဘုရား)။

ရှေ့စိတ်ကို .... (နောက်စိတ်နဲ့တွေးတာပါ) နောက်စိတ်နဲ့တွေးတဲ့အခါ ရှေ့စိတ်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ)နောက်စိတ်က....(မဂ္ဂသစ္စာပါဘုရား)။

သြော်....ဒါဖြင့် သာဝကပါရမီဉာဏ်မှာ ဒါလောက်ဆိုယင် ပြည့်တာဘဲ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာထဲမှာ ကိုယ်ကိုယ်တိုင်တွေ့တဲ့ အခါကျတော့ ဘာတွေ့မျှား တွေ့ရပါလိမ့် .... (ဒုက္ခသစ္စာတွေ့ တွေ့ရပါတယ်) ဒုက္ခသစ္စာချည့် တွေ့ရတယ်.... (မှန်ပါ့ဘုရား)။

အင်း....ဒါဖြင့် နှလုံးသွင်း နဂိုရှိတုန်းက မိစ္ဆာဒိဋ္ဌိရှိတုန်းက တော့ ဦးမာဒင်ရေ ငါစားချင်တယ်.... (မှန်ပါ့) စားချင်တဲ့စိတ် ဒုက္ခသစ္စာမဟုတ်ဘူး၊ ငါဖြစ်သွားတယ်.... (မှန်ပါ့) အိပ်ချင်တဲ့ စိတ်ဟာ ဒုက္ခသစ္စာဟုတ်ကဲ့လား....(မဟုတ်ပါ)ငါဖြစ်သွားတယ် (မှန်ပါ့) ပြောချင်တဲ့စိတ်ဟာ ဒုက္ခသစ္စာဖြစ်ကဲ့လား .... (မဖြစ် ပါဘုရား) ဘာဖြစ်ပါလိမ့်....(ငါဖြစ်ပါတယ်ဘုရား)။

ငါဖြစ်သွားတယ်၊ ငါပြောချင်တယ် ဆိုတော့ မိစ္ဆာဒိဋ္ဌိ .... (မှန်ပါ့ဘုရား)။

အခုတော့ စားချင်တဲ့စိတ်ကလေး ကြည့်လိုက်ပြန်လဲ ဒုက္ခ သစ္စာ....(မှန်ပါ့) အိပ်ချင်တဲ့စိတ်ကလေး ကြည့်လိုက်ပြန်လဲ... (ဒုက္ခသစ္စာပါ) ပြန့်လှင့်တဲ့စိတ်ကလေး ကြည့်လိုက်ပြန်လဲ .... (ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါဖြင့် မိစ္ဆာဒိဋ္ဌိပျောက်၍ သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်ပြီ- (မှန်ပါ့ဘုရား)။

မိစ္ဆာဒိဋ္ဌိပျောက်၍....(သမ္မာဒိဋ္ဌိမဂ္ဂင် ရောက်ပါပြီ) သမ္မာဒိဋ္ဌိ မဂ္ဂင်ရောက်ပါပြီ တကာတကာမတို့ (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာတရားနှာ၍ သစ္စာနှလုံးသွင်းတည့်ပြီ....(မှန်ပါ့ ဘုရား)။

သစ္စာတရား နာရသောကြောင့် .... (သစ္စာ နှလုံးသွင်းတည့် ပါပြီ) သစ္စာနှလုံးသွင်း တည့်သွားပြီဆိုတာ တော်တော်ရိပ်မိ ကြပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာတရားနာရလို့ သစ္စာနှလုံး သွင်းတည့်တော့ကို တပည့်တော်တို့ နှလုံးသွင်းတည့်တာ ဘယ် အချိန်ပြီးမှာတုံး၊ ဒါဘဲ လိုတော့တယ်....(မှန်ပါ့ဘုရား)။

နှလုံးသွင်းတော့ တည့်ဘော့တည့်ပြီ.... (မှန်ပါ့) နှလုံးသွင်း တည့်တာလဲ ဘယ်အချိန်မှာ နှလုံးသွင်းတည့်တဲ့ ကိစ္စဟာ လမ်း ဆုံးသတုံး....(မှန်ပါ့) မေးဘို့လိုလာတယ်.... (လိုလာပါတယ်) မလိုဘူးလား .. (လိုပါတယ်ဘုရား)။

အဲဒီ.ဟာကလေးဟာ အခု နောက်ပြောမဲ့ အချက်ဟာလဲ တကာတကာမတို့ ခင်ဗျားတို့ တော်တော်အရေးကြီးတယ်ဆိုတာ လဲ မှတ်လိုက်ပါဦး... (မှန်ပါ့ဘုရား)။

နှလုံးသွင်းတော့ တည့်သွားပြီ .... (မှန်ပါ့) နှလုံးသွင်းတော့ တည့်ပြီဘုရား၊အပါယ်လေးပါး ရှင်းရှင်းပိတ်အောင် နှလုံးသွင်း ဘယ်အခြေအနေ ရောက်အောင် တည့်မှ တပည့်တော်တို့သည် ခုနင်က ကြွေးဟောင်းပြေ၍ ကြွေးသစ်ပျောက်မှာဘဲ....(မှန်ပါ့) မလိုဘူးလားဗျာ....(လိုပါတယ်ဘုရား)။

လိုတယ်တဲ့ အဲဒီတော့ တကာတကာမတွေ ဂရုစိုက်ပြီး နား ထောင်ပါ ၁၀-မိနစ်ဘဲကျန်တယ်၊ ဒါကို သေသေချာချာ နား ထောင်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

သေသေချာချာ နားထောင်ပါတဲ့၊ တကာတကာမတွေက ခန္ဓာကိုယ်ထဲပေါ်တဲ့ စိတ်ဟူသ၍ စိတ္တာနုပဿနာရှုတဲ့ ပုဂ္ဂိုလ်က

စိတ်ပေါ့ဗျာ....(မှန်ပါ့)ဝေဒနာနုပဿနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာနောက်ဆုံးပိတ် သစ္စာဆိုတော့ တပေါင်းတည်း ဖြစ်သွားတာဘဲ (မှန်ပါ့ဘုရား)။

ဒီနေ့ဟောတာသည် ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာကို ပေါင်းပြီး ဓမ္မာနုပဿနာကို ဟောနေတယ်လို့ မှတ်လိုက်....(မှန်ပါ့ဘုရား)။

ဘာဟောပါလိမ့် .... (ဓမ္မာနုပဿနာကို ဟောပါတယ်) ဓမ္မာနုပဿနာကို ဟောနေတယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေက သစ္စာဟောယင် ဓမ္မာနုပဿနာသာ မှတ်ပေတော့....(မှန်ပါ့ဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်ထဲကကော လွတ်ပါရဲ့လား.... (မလွတ်ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ တိုက်ဆိုင်ပြီး သကာ်လ သစ္စာတရားလဲ နာပြီးလို့ သစ္စာကိုနှလုံးသွင်းတည့်အောင် သွင်းပါတော့မယ်ဆိုတော့ သွင်းတိုင်း-သွင်းတိုင်း ဘာတွေချည့် တွေ့နေသတုံး....(ဒုက္ခသစ္စာတွေချည့်တွေ့ပါတယ်ဘုရား)။

ကြေ၇်....အတွေ့ခံရတာက ဒုက္ခသစ္စာ၊ တွေ့ညာဏ်ကမဂ္ဂသစ္စာ (မှန်ပါ့) အတွေ့ခံရတာက....(ဒုက္ခသစ္စာပါ) တွေ့တဲ့ညာဏ်က .... (မဂ္ဂသစ္စာပါဘုရား)။

ကြေ၇်....တကာတကာမတွေ အင်း....လောကီသမ္မာဒိဋ္ဌိ သေချာပြီ....(သေချာပါပြီဘုရား)။

ဘာပါလိမ့်....(လောကီသမ္မာဒိဋ္ဌိ သေချာပါပြီ) လောကီသမ္မာဒိဋ္ဌိဖြင့် သေချာပေါ့....(မှန်ပါ့)ကိုင်း.... ဒါဖြင့်တကာတကာမတို့ လောကီသမ္မာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်မှ လောကုတ္တရာ သမ္မာဒိဋ္ဌိကူးနိုင်တယ်....(မှန်ပါ့ဘုရား)။

လောကီသမ္မာဒိဋ္ဌိက တကာတကာမတို့ မိစ္ဆာဒိဋ္ဌိသတ်ပြီးလို့ လောကီသမ္မာဒိဋ္ဌိဖြစ်ရတာ....(မှန်ပါ့ဘုရား)။

လောကီသမ္မာဒိဋ္ဌိက ဘာသတ်ပြီးလို့ဖြစ်ရပါလိမ့်.... (မိစ္ဆာဒိဋ္ဌိ သတ်ပြီးလို့ ဖြစ်ရတာပါဘုရား)။

သြော် .... ဒါဖြင့် ကျုပ်တို့ **မိစ္ဆာဒိဋ္ဌိ သတ်ပြီးကတည်းက အပါယ်တော့မသွားဘူး**....(မှန်ပါ့) သို့သော် ... အပါယ်သာမသွားသေးတယ်၊ သူဟာ သောတာပန် မတည်သေးဘူး .... (မှန်ပါ့ဘုရား)။

သောတာပန်တော့ မတည်သေးဘူး....(မှန်ပါ့) ကဲ....တည်အောင်ဘဲ တကာတကာမတို့ လုပ်ကြပါစို့... (မှန်ပါ့) အပါယ်တော့ မသွားတော့ဘူးနော်.... (မှန်ပါ့) ဘာ့ကြောင့်တုံး မိစ္ဆာဒိဋ္ဌိသတ်ပြီးလို့... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာတွေ့ကတည်းက ဘာသတ်ပြီးသတုံး.... (မိစ္ဆာဒိဋ္ဌိ သတ်ပြီးပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိသတ်တော့ ကိုယ့်သန္တာန်ဝမ်းထဲမှာ သမ္မာဒိဋ္ဌိရောက်နေပြီ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာရောက်နေသတုံး....(သမ္မာဒိဋ္ဌိ ရောက်နေပါတယ်) သမ္မာဒိဋ္ဌိရောက်တယ်ဆိုတာ သေချာပလား....

(သေချာပါပြီ) အဲ....အပါယ်မသွားတာတော့ သေချာတယ်.... (မှန်ပါ့) သို့သော် အမြစ်မပြတ်ဘူး.... (မှန်ပါ့ဘုရား)။

ဒီဘဝသေလို့ရှိယင်ဖြင့် ဒီအတိုင်းနဲ့ သေသွားလို့ရှိယင် တော့ အပါယ်တော့ မရောက်သေးဘူး တဘဝ, နှစ်ဘဝ.... (မှန်ပါ့)နောက်တော့ ပြန်ချင်ပြန်မယ်ဆိုတော့ ဒါလဲ မကောင်း သေးဘူး....(မှန်ပါ့ဘုရား)။

မကောင်းသေးတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ က ကဲ....ကောင်းလက်စ အဆုံးတိုင်အောင် ယူကြစို့....(မှန်ပါ့) ဆိုတော့ ဒီသစ္စာတွေ မြင်ပြီးသကာလ ဖြစ်ပျက်တွေဟာ ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အင်း.... ဆက်ရှု တကာတကာမတို့၊ နှလုံးသွင်းမှန်ပြီနော်.... (မှန်ပါ့) ဒုက္ခသစ္စာမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါ ဘုရား)။

နှလုံးသွင်းမှန်ပြီ ဒါဖြင့်....(မှန်ပါ့) နှလုံးသွင်းမှန်လို့ရှိယင် ဆက်ရှုပါ... (မှန်လှပါ)။

မှန်တော့မှန်ပြီ တကာတကာမတို့ဆက်ရှုပါဆိုတော့ ဒီဉာဏ် ပြောင်းသွားတယ်....(မှန်ပါ့) ဆက်ရှု တဲ့၊ ဉာဏ်ဟာ ခုနင်က ဉာဏ်တော့ဉာဏ်ဘဲ၊ ဉာဏ်ပင် ဖြစ်ငြားသော်လဲ အမြင်အထင် ပြောင်းတယ်....(မှန်ပါ့) ဒီဒုက္ခသစ္စာတွေ မုန်းတယ်.... (မှန်ပါ့ မမုန်းဘူးလား....(မုန်းပါတယ်ဘုရား)။

အင်း....ဒုက္ခသစ္စာချည့်ဘဲ၊ ဘယ်ကြည့်လိုက်လဲ ဒုက္ခသစ္စာ၊ ဟိုကြည့်လိုက် ဒုက္ခသစ္စာ၊ ကြည့်ချင်တဲ့နေရာကြည့်၊ ဘာတွေ့ တွေ့နေသတုံး....(ဒုက္ခသစ္စာတွေ့ တွေ့နေပါတယ်ဘုရား)။

သြော်... ခန္ဓာကိုယ်က တကိုယ်လုံးမှာဖြင့် ဒုက္ခတုံး,ဒုက္ခခဲကြီး ဖြစ်နေပါပေါ့လား ဆိုတော့ ဒုက္ခအခပါ၌ မုန်းလာတယ်.... (မုန်းပါတယ်ဘုရား)။

ခုနင်ကတော့ ဒုက္ခသစ္စာသာ သိတာပါ၊ အခုတော့ သစ္စာမုန်း လာတယ်....(မှန်ပါ) သဘောကျပလား...(ကျပါပြီ)။

ကဲ...ဒါဖြင့် မုန်းလျက်နဲ့ဘဲ တကားတကားမတွေ့ ဆက်ပြီး ပေးပြန်တာပဲတရား....(မှန်ပါ) ဆက်ရှု·ဆက်ရှု တကားတကားမ တွေ့ ဆက်ရှုပါဆိုတော့ မုန်းလျက်နဲ့ ပေပြီး အရှုခိုင်းတယ်... (မှန်ပါ)။

ရှုတဲ့အခါကျတော့ မုန်းလေလေ ကြာတော့ တကားတကာ မတွေ့ သန္ဓာန်မှာတဲ့ မလိုချင်တဲ့ဥာဏ် ဖြစ်လာတယ်.... (မှန်ပါ ဘုရား)။

ဒီခန္ဓာကြီး ဒုက္ခသစ္စာကြီးကို ဘယ်နှယ်တုံး (မလိုချင်တဲ့ ဥာဏ်ဖြစ်လာပါတယ်ဘုရား) မလိုချင်တဲ့ဥာဏ် ဖြစ်လာတော့ မဂ္ဂသစ္စာကဲ၊ မဂ္ဂင်ရှစ်ပါးပြည့်ဘယ်....(မှန်ပါ) ခုနင်က ငါးပါး ကိုးဗျ... (မှန်ပါ) အခုမလိုချင်တဲ့ဥာဏ်လဲ ရောက်ပါရော.... (ရှစ်ပါးဖြစ်ပါတယ်ဘုရား)။

ရှစ်ပါးဖြစ်တော့ တကားတကားမတို့ မလိုချင်တော့ မလို ချင်တဲ့ ဥစ္စာသည် တကားတကားမတို့ ပျောက်ပါတယ်... (မှန်လှ ပါဘုရား)။

ရှေးက ဒုက္ခသစ္စာတွေ ဘာဖြစ်သွားသတုံး.... (ပျောက်ပါ တယ်ဘုရား)။

သြော်....ဒုက္ခသစ္စာပျောက်ပြီ.... (မှန်ပါ့) ဒါဖြင့် ဒီဥာဏ်သည် ဒုက္ခသစ္စာမြင်သလား၊ ဒုက္ခပျောက်တာ မြင်သလား.... (ဒုက္ခပျောက်တာမြင်ပါတယ်ဘုရား)။

ဟာ....တသံသရာလုံး မပျောက်တဲ့ဒုက္ခ.... (မှန်ပါ့) ဒီဘဝစုတေတော့ ဒုက္ခနဲ့သေတယ်၊ ပဋိသန္ဓေနေတော့ကော-(ဒုက္ခနဲ့နေပါတယ်) ဒီကြားထဲ ဘာနဲ့နေနေ.... (ဒုက္ခနဲ့နေပါတယ်) ဘယ်တော့မှ ကျုပ်တို့ ဒုက္ခနဲ့အိုးစားမကွဲခဲ့ဘူး.... (မကွဲခဲ့ပါဘုရား) ယခု သေသေချာချာမလိုချင်တော့ ဒုက္ခတွေ ဘာဖြစ်သွားသတုံး (ပျောက်သွားပါတယ်ဘုရား) ဒုက္ခတွေ ပျောက်တယ်....(မှန်ပါ့)။

ဒုက္ခတွေပျောက်ပြီးသကာလ မင်္ဂလာဟူသော တရားတွေက ဝမ်းထဲ ရောက်နေတယ်...(မှန်ပါ့) မင်္ဂလာနဲ့နေတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခပျောက်ပြီးသကာလ.... (မင်္ဂလာနဲ့နေပါမယ်) အဲ... မင်္ဂလာရောက်လာတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒုက္ခပျောက်ပြီး မင်္ဂလာရောက်လာ၊ မင်္ဂလာရောက်လာ· မင်္ဂလာ ချုပ်ပြီး တခါ ဖိုလ်လာပြန်တာဘဲ.... (မှန်ပါ့) ဖိုလ်လာတော့လဲ ခုနင်က နိဗ္ဗာန်ဘဲ တွေ့နေတာဘဲ... (မှန်ပါ့)။

ခုနင်က ဒုက္ခပျောက်တဲ့နေရာမှာဘဲ တွေ့နေတယ်....(မှန်ပါ့) ဒုက္ခပျောက်တဲ့နေရာ နိဗ္ဗာန်.... (မှန်ပါ့) ဟုတ်လား၊ ခုနင်ကပျောက်သွားတာက မင်္ဂဏာ.... (မှန်ပါ့) ယခု ရှုနေတာက ဖိုလ်ဉာဏ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဒီနောက် တခါ ဖိုလ်လဲ ဥပါဒ်-ဌိ-ဘင် ဆို ပျက်သွားတယ် တကာသစ်ရ....(မှန်ပါ) နောက်လာပြန်ပြီ ဒီနေရာဘဲ စိတ်စဉ်ပြတ်၊ ကျုပ်တို့မှ မသေသေးယင် ဒါ-ပြတ်ပါ့မလား....(မပြတ်ပါဘုရား) မပြတ်တော့ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ကြည့်လိုက်ပြန်တော့ ရှေ့ဘာမှ မရှိဘူး၊ ဒုက္ခတွေပျောက်.... (မှန်ပါ့ဘုရား)။

ဒုက္ခပျောက်တာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား) ဒုက္ခပျောက်တာကို မြင်တာက.... (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်....(မှန်ပါ့)။

ဒီဉာဏ်ရပြီဆိုတော့ တကာကြွယ်ရေ- နေရာကျပြီ....(မှန်ပါ့) နေရာကျပြီ ဘယ်လို နေရာကျပါလိမ့်မတုံး... ဆိုတော့ ဒုက္ခတွေ ပျောက်ပြီး နိဗ္ဗာန်မြင်ရပြီကောဗျ....(မှန်ပါ့ဘုရား) ဒုက္ခချုပ်တဲ့ နိဗ္ဗာန် မမြင်ရဘူးလား....(မြင်ရပါတယ်ဘုရား)။

ထိုကဲ့သို့ မြင်ရတဲ့အခါကျတော့မှ....တဲ့ သြော်.... ဒို့ဆရာဘုန်းကြီး ဟောတဲ့အတိုင်း ဘုရားဟောတော်မူတဲ့အတိုင်း သစ္စာတရားနာပြီး သစ္စာကြည့်လိုက်တာနဲ့ ဘဲ ကိစ္စပြီးတာဘဲ-(မှန်ပါ့) သစ္စာတရားနာပြီးတော့.... (သစ္စာကြည့်လိုက်တာနဲ့ ကိစ္စပြီးပါတယ်ဘုရား)။

သစ္စာကြည့်လိုက်တာနဲ့ဘဲ တကာတကာ့မတို့ သောတာပန်တည်သွားပြီ(မှန်ပါ့ဘုရား)နောက်တခါ ဒီအတိုင်းပြန်ကြည့်ယင် သကဒါဂါမ်တည်ဦးမယ်....(မှန်ပါ့) ဒီအတိုင်း သစ္စာဘရားတွေ ကြည့်ပြီး သစ္စာတရားတွေ နှလုံးသွင်းလိုက်ပြန်ယင်....(အနာဂါမ်တည်သွားပါတယ်) နောက်တခါ ပြန်ကြည့်လိုက်ပြန်ယင်....

(ရဟန္တာဖြစ်ပါတယ်ဘုရား) ရဟန္တာဖြစ်တော့မယ်.... (မှန်ပါ) မလွယ်လေ.ဗျာ.. (လွယ်ပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်,ရေ.... ကြွေးဟောင်းတွေ ဘယ့်နှယ်နေသတုံး.... (ကျေပါတယ်ဘုရား) ဒီဘဝမိုက်ထားတဲ့ ကြွေးသစ်တွေကော....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ယနေ့ဟောတဲ့တရားမှာ တကာတကာမတို့ ခင်ဗျားတို့ အသက်အရွယ် ကြီးလာတော့ မိုက်သက်က ရှည်ခဲ့ပါတယ်... (မှန်ပါ)လိမ်မာသက်က တိုနေတယ်လို့ မဆိုနဲ့.. (မှန်ပါ) ဒါသာလုပ်.... (မှန်ပါ) သဘောကျလား.... (ကျေပါပြီဘုရား)။

မိုက်သက်က ရှည်နေတယ်၊ဒို့မှာ လိမ်မာသက်က တိုတယ်လို့ မတွေးပါနဲ့. (မှန်ပါ) အသက်ကြီးမှ တရားထူးတွေ့နေတယ်၊ ငယ်ငယ် တုန်းကဟာတွေက လွန်ကုန်ပြီလို့ ဒီလိုကုက္ကုစ္စ မလာစေနဲ့... (မှန်ပါ) ဒုက္ခသစ္စာရှာပြီး ဒုက္ခသစ္စာကို နှုလုံးသွင်းလိုက်....(မှန်ပါ)။

ဒီအတိုင်း ဒုက္ခသစ္စာမြင်အောင်တွေး....(မှန်ပါ)ဒုက္ခသစ္စာကို မှန်းအောင်ကြည့်၊ ဒုက္ခသစ္စာကို မလိုချင်တဲ့ဉာဏ် ပေါ်သည်တိုင်အောင် တွေးလိုက်လို့ရှိယင်ဖြင့် ကြွေးဟောင်းပြု တကာသစ် ဘာတုံး.... (ကြွေးသစ်ပျောက်ပါတယ်ဘုရား) ကြွေးသစ်ပျောက်ဖယ်ဆိုတာ ဘုရားဟောတော်မူပါတယ်... (မှန်ပါ)။

"ကုသလာ ကုသလံ ဇဟံ..." ခင်ဗျားတို့ ဘုံဘဝဝင်ခွင်တောင့်တ,လုပ်တဲ့ ကုသိုလ်ကံတွေလဲ အကျိုးမပေးတော့ဘူး.... (မှန်ပါ) အကုသိုလ် အပါယ်သွားမှာတွေ့ကော.... (မပေးတော့ပါဘုရား) အကျိုးမပေးတော့ဘူးဆိုတော့ ကြွေးဟောင်း,ကြွေးသစ် ဘယ့်

နှယ်နေကြသလဲ.... (ကျေပါတယ်ဘုရား) ကျေတယ်ဆိုတာ သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ အဂ္ဂိဝစ္ဆ မဆက်နိုင်ပေမဲ့လဲ တကာ တကာမတို့ ကိုယ့်ကိစ္စ ကိုယ်ပြီးတယ်....(မှန်ပါ)ကိုယ့်သံသယ၊ ကိုယ့်ကိစ္စတွေကို ဒါနဲ့ဖျောက်ပါ... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဂုံးချုပ်တော့မယ် တကာ့တကာမတို့ ခင်ဗျားတို့ သစ္စာတရားကို နားယင် နေရာကျမယ်.... (မှန်ပါ) ကိုယ်တိုင် နှလုံးသွင်းလို့ ရတယ်ထင်...(နေရာကျပါပယ်ဘုရား)၊

နေရာကျပြီ ၊ ကဲဒါသည် ကြွေးဟောင်းခြုံ၍ ကြွေးသစ် ပျောက်ဘဲနည်းတဲ့....(မှန်ပါ) သံသယ,ကုက္ကုစ္စ အကုန်သတ်ဘဲ နည်းတဲ့.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) တကာကြွယ် နေရာကျပလား....(ကျေပါပြီဘုရား)။

ကဲ....ယခုနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု...သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
(ရန်သူနှစ်ယောက်ကို အသေသတ်နည်း)

နေ့ အလုပ်ပေး-တရားတော်

(၂၆-၈-၆၁)

တရားနာလာကြတဲ့ တကာတကာမတွေ သံသရာစခန်းသတ်ဘို့ကို အမြဲတမ်း စိတ်ကူးကြပါလို့ဆိုတာ တိုက်တွန်းတယ်နော်-သံသရာစခန်းသတ်ဘို့ဆိုတဲ့ဥစ္စာ တခြားမဟုတ်ပါဘူး၊ဒီခွန္ဓာကြီးဟာ ရုပ်နာမ်ခန္ဓာကြီးကို စခန်းသတ်ဘို့ ဒါကို အဓိကထား ပြီးသကာလ ဆရာဘုန်းကြီး ဟောနေတယ်လို့ တကာတကာမတွေ မှတ်ကြပါ.. (မှန်ပါ့)။

ရုပ်နာမ်ခန္ဓာကြီးကို ရနေတဲ့ တကာတကာမတွေဟာ သြော်-အိုရချည်သေးဆိုတာ မပြောဘဲနဲ့ ဘဲ ဒါကြီးဟာ တွေ့နေရတယ် (တွေ့ပါတယ်ဘုရား) သြော်....နာရချည်သေးဆိုတာလဲ ခန္ဓာရလို့ ပြောတဲ့စကား.... (မှန်ပါ့) သေရချည်သေးဆိုတာလဲ ခန္ဓာကြောင့် ပြောရတဲ့စကား....(မှန်ပါ့)။

ဒါဖြင့် ဘဝတိုင်းဘဲ ဒီလိုချည့်ပြောနေရမယ် ဆိုလို့ရှိယင် ဖြင့် ကြောက်ရင်း-လန့်ရင်းနဲ့ ဘဲ ခေါင်းထဲ ဝင်ရသလို ဖြစ်နေတယ်....(မှန်ပါ့)။

အိုရချည်သေး,နာရချည်သေး,သေရချည်သေးဆိုရင်းမတ္တန့်ဘဲ သုသာန်ရောက်လိုက်ရပြန်ပြီ....(မှန်ပါ) နောက်ဘဝလာပြန်လဲ အိုရချည်သေး, နာရချည်သေး, သေရချည်သေး ဆိုပြီးသကာလ တကာတကာမတို့ သုသာန်ပို့လိုက်ရပြန်ပြီ....(မှန်ပါဘုရား)။

ဒါဖြင့် ဘယ်မှာသာလျှင် ဘုန်းကြီးတို့ တကာတကာမတွေ ရှေ့ရေးမြော်ယင် ကောင်းတာ မတွေ့ဘူး.... (မတွေ့ပါဘုရား)။

အဲဒါ လက်သည်ရှာကြပါစို့၊ ဒီတကာတကာမတွေ အို,နာ, သေဘက်ချည့်ပို့နေတာ ဘယ်သူပါလိမ့်မတုံးဆိုတဲ့ လက်သည်ကို မိအောင်ဖမ်းကြပါစို့....(မှန်ပါဘုရား)။

အို,နာ,သေဘက်ပို့နေတဲ့ လက်သည်မမိသ၍ ကာလပတ်လုံး ကျုပ်တို့ကို ဒီလက်သည်က အို,နာ, သေဘက်ချည့်ဘဲ ပို့နေလိမ့်မယ်ဆိုတဲ့ဥစ္စာ အားလုံး တကာတကာမတွေ မှတ်ကြပါ .... (မှန်ပါဘုရား)။

ဒီတကာတကာမတွေကို အိုရာ,နာရာ, သေရာ, ပို့နေတာ ဘယ်သူတုံးလို့ဆိုတော့ တကာကြွယ်ရေ· လက်သည် မမိယင် ခက်တယ်နော်....(ခက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လက်သည်မိယင် ကျုပ်တို့ သတ်ရပါလိမ့်မယ်....(မှန်ပါဘုရား)။

လက်သည် မိလို့ရှိယင် .... (သတ်ရပါမယ်) လက်သည်မိလို့ ရှိယင် သတ်ကြရလိမ့်မယ်ဆိုတော့ ဘုန်းကြီးက လက်သည်ဖမ်းပေးမယ်၊ တကာတကာမတွေက ဥာဏ်နဲ့သတ်လို့ရှိယင် သေပါလိမ့်မယ်....(မှန်ပါဘုရား)။

ဘုန်းကြီးက လက်သည်ဖမ်းပေးပါမယ် တကာတကာမတို့၊ တကာတကာမတို့က ဥာဏ်နဲ့သတ်လိုက်ယင် ဦးလှဘူးရေ အို့, နာ, သေ ဘက်ကို ပို့တတ်တဲ့ တရားတွေဟာဖြင့် ကျုပ်တို့-ခင်ဗျားတို့ကို ပို့စရာလက်စ သိမ်းတော့မှာဘဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာဘကာမတွေသည် ဒီဘဝလဲ အခု စိတ်မချလက်မချ နေကြရတယ်....(မှန်ပါ့)စုဝေမနေ သေလွန်ပြန်တော့ကော.... (စိတ်မချလက်မချ သေရပါတယ်ဘုရား)။

စိတ်မချ လက်မချချည့် နေရတာသည်ကားလို့ ဆိုယင် ဘယ်တော့မှ လက်သည်ကို ဖမ်းပြီးမသတ်ခဲ့တဲ့အတွက် ရောက်ရာဘဝ စိတ်မချလက်မချနဲ့နေရတယ်ဆိုဘဲ့ဥစ္စာ တကာတကာမတွေ မှတ်ထားကြပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးသည် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပေးတဲ့ ဥာဏ်မျက်လုံးကို အစိတ်အပိုင်း တစိတ်ဘဒေသရထားတော့ တကာတကာမတို့ အဲဒီမျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ တကာတကာမတို့ အဝိဇ္ဇာနဲ့, တဏှာ တွေ့ပါတယ် .... (မှန်ပါ့ဘုရား)။

ဩော်... တကာတကာမတွေ အိုရာ, နာရာ, သေရာကို ပို့နေတာ ဘယ်သူပါလိမ့်....(အဝိဇ္ဇာနဲ့ တဏှာ)အဝိဇ္ဇာနဲ့ တဏှာ (မှန်ပါ့ဘုရား)။

တကာကြွယ်ရေ- လက်သည်ကလေးတော့ ပေါ်လာပြီ .... (မှန်ပါ့ဘုရား)။

တကာတကာမတွေ အိုဟဲ့,နာဟဲ့,သေဟဲ့ဆိုပြီး ဘဝတိုင်း သုသာန်ချည့် ပို့နေတဲ့တရားဟာ ဘယ်သူပါလိမ့်မလဲလို့မေးတဲ့

အခါ ကျလို့ ရှိယင်ဖြင့် အဝိဇ္ဇာနဲ့,တဏှာကဲ့ဆိုတာ ပေါ်လာကြပြီ....(ပေါ်လာပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ လက်သည် ဖမ်းပေးပါပြီတဲ့ သြော် ... ဒို့ကို အိုရုပ်တာ နာရုပ်တာ, သေရုပ်တာ အပါယ်ခံရနုပ်တာ ဘယ်သူပါလိမ့်မလဲလို့ ရှာလိုက်တဲ့ အခါကျတော့မှ အဝိဇ္ဇာနဲ့ တဏှာလေတွေတယ် ....

ကကာတကာမတွေ ဘာများတွေပါလိမ့် .... (အဝိဇ္ဇာနဲ့ တဏှာလေတွေပါတယ်) အဝိဇ္ဇာနဲ့ တဏှာလေတွေတယ် ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေသည် အဝိဇ္ဇာနဲ့ တဏှာကိုတွေ့တော့ တွေ့ပါရဲ့၊ သူ့နိုင်ငံတော်ကိုနဲ့ မသတ်ဖတ်ပြန်လို့ ရှိယင်လဲ သူတို့က အညှန့်ပေါက်ပြီး သကာလ အိုရာ, နာရာ, သေရာဆီကို တကာတကာမတွေကို ပို့ဦးမှာဘဲ ... (ပို့မှာပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးကို တကာတကာမတွေသည် လက်သည်တွေ့ရုံနဲ့လဲ သတ်နည်းမရယင် မပြီးသေးဘူးဆိုတဲ့ အဓိပ္ပါယ်လဲ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

လက်သည်တော့တွေ့ပါရဲ့၊ သတ်နည်းက မရပြန်ဘူးဆိုလို့ ရှိယင်လဲ လိုရင်းမဆိုက်သေးဘူးပေါ့ဗျာ ... (မှန်ပါ့ဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတို့ အိုဟဲ့,နာဟဲ့,သေဟဲ့, ဘယ်သူက ခိုင်းပါလိမ့်မလဲ....(အဝိဇ္ဇာ-တဏှာက ခိုင်းပါတယ်) အပါယ်သွားဟဲ့ ဆိုတာကော.... (အဝိဇ္ဇာ,တဏှာကပါဘုရား)။

အပါယ်က ပြန်တက်လာ၊ ပြန်လို့ရှိယင် အိုလှမ်း, နာလမ်း, သေလမ်းဘဲ လိုက်ပို့နေတာလဲ ဘယ်သူပါလိမ့် ....(အဝိဇ္ဇာ, တဏှာပါဘုရား)။

ဩော်....ဒါဖြင့် တကာကြွယ်တို့ တကာသစ်တို့ရေ အဝိဇ္ဇာနဲ့ တဏှာ မသေသချေ ကာလပတ်လုံးဖြင့် ကျုပ်တို့ အိုဒုက္ခ,နာဒုက္ခ သေဒုက္ခ, အပါယ်ဒုက္ခတွေ ဘယ်နည်းနဲ့မှ သိမ်းတော့မည် မဟုတ်ဘူးဆိုတဲ့ဥစ္စာဖြင့် ဇာတစ်ချ မှတ်ရုံဘဲဆိုတာ သေသေချာချာ သဘောကျကြပလား.... (ကျပါပြီ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာသည်ကားလို့ ဆိုလို့ ရှိယင် တကာတကာမတို့ ဝိဇ္ဇာနဲ့ အလောဘဖြစ်မှ နေရာကျတော့မယ်....(မှန်ပါ့ဘုရား)။

ဝိဇ္ဇာနဲ့ .... (အလောဘဖြစ်မှ နေရာကျမှာပါ) ဩော်.... ပြောင်းပြန်ကိုဖြစ်မှ နေရာကျမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဖြစ်မှ နေရာကျမလဲ.... (ပြောင်းပြန်ဖြစ်မှ နေရာကျပါမယ်) ဝိဇ္ဇာနဲ့, အလောဘဖြစ်မှ နေရာကျမယ်ဆိုဘာကို တထစ်ချမှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံယုတ်ပါဠိတော်မှာ ဟောထားတယ်၊ တကာကြွယ် သေသေချာချာမှတ်စမ်း....(မှန်ပါ့) သမုဒ္ဒရာကြီး ရှိတယ်ကွာတဲ့၊ တကာတကာမတို့ မော်လမြိုင်ဆီ- ဘယ်ဆီရောက်တဲ့အခါ ကမ်းစ, လမ်းစမပြင်တဲ့ သမုဒ္ဒရာကြီးရှိတယ်နော်....(မှန်ပါ့ဘုရား)။

အဲဒီ သမုဒ္ဒရာကြီးဟာ တနေ့နေ့ နေငါးစင်းထွက်တဲ့အခါ ကျတော့ ခန်းခြောက်သွားစရာ ရှိပါတယ်ကွာ....တဲ့၊ အဝိဇ္ဇာနဲ့, တဏှာမချုပ်တဲ့ပုဂ္ဂိုလ်ဖြင့် အို,နာ,သေ အပါယ်လေးပါးဆိုတာ ဘယ်တော့ လွတ်လိမ့်မယ်လို့ ငါမဟောဘူးတဲ့ (မှန်ပါ့ဘုရား)။

ဒါဖြင့် သမုဒ္ဒရာသာ ခန်းခြောက်စရာရှိတယ်၊ အို,နာ, သေ အပါယ်လွတ်လိမ့်မယ်လို့ ငါမဟောဘူးတဲ့.... (မှန်ပါ့ဘုရား) တယ်ခြောက်စရာ ကောင်းပါလား . (ကောင်းပါတယ်ဘုရား)။

သမုဒ္ဒရာကြီးဟာ တကာတကာမတွေ အင်မတန်ရေများပြီး သကာလနေတာ ခန်းနိုင်ဘို့ ခြောက်နိုင်ဘို့အရေးဟာ တွေ့လိုက်လို့ ရှိယင် တော်တော်ခဏေးတယ်လို့ ထင်ရပြားသော်လဲ ခန်းလိမ့်ဦးမယ်၊ ခြောက်လိမ့်ဦးမယ်ကွဲ့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက.. (မှန်ပ)ါ့ မင်းတို့ အိုခြား- နာခြား- သေခြား- အပါယ်ခြား လွတ်ရေး ဂါမမြင်ဘူးတဲ့ အဝိဇ္ဇာနဲ့တဏှာမချုပ်ယင်....(မှန်ပါ့ဘုရား)။

သမုဒ္ဒရာပျောက်တောင် ကျုပ်တို့ အိုခြား,နာခြား,သေခြား ပျောက်မှာမဟုတ်ဘူးတဲ့....(မှန်ပါ့) ဒီအထဲမှာဘဲ ကျက်စားနေရမှာဘဲတဲ့....(မှန်ပါ့ဘုရား)။

လွန်လှချည့်လား တကာတကာမတို့....(လွန်ပါဘယ်ဘုရား) အင်မတန် ခြောက်စရာကောင်းဘယ်ဆိုတာ ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

ကိုင်း... ဒါတွင် မကသေးပါဘူး၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက သံယုတ်ပါ၎ဒ်ကြီးမှာ ကိုယ်တိုင်မြင်လို့ ကိုယ်တိုင် ဟောခဲ့တော့ မြင်းမိုရ်တောင်ကြီးဆိုတာ ရေထဲမှာ ယူဇနာပေါင်း ရှစ်သောင်း လေးထောင်၊ အထက်မှာလဲ ယူဇနာပေါင်း

ရှစ်သောင်း လေးထောင်၊ အဲဒါလောက်မြင့်မားတယ်၊ မြုပ်နေတဲ့မြင်းမိုရ်ဟောင်ကြီးဟာပျောက်စရာအခြောင်းမြင်တယ်တဲ့ (မှန်ပါ့ဘုရား)။

မင်းတို့အဝိဇ္ဇာနဲ့တဏှာမချုပ်တဲ့ပုဂ္ဂိုလ်မှာ အိုဘေး,နာဘေး, သေဘေး ဒုက္ခဆုံးလိမ့်မယ်လို့ ပါဘုရား မဟောနိုင်ဘူးတဲ့.... (မှန်လှပါဘုရား) ဆိုတော့ လွန်လွန်းလှချည်လား တကာတကာမတို့....(လွန်လွန်းပါဘယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက သတိပေးချင်တာက ကိုယ့်အမြင်ကလေးနဲ့ ကိုယ်လမ်းမဆုံးဘဲနဲ့ ဘုရားအမြင်အတိုင်း ဆရာဘုန်းကြီး နည်းပေးတဲ့ အမြင်ကို သြော်....ကြာတယ် စခန်းသတ်တာ အေးတယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ...(မှန်လှပါဘုရား)။

ကြာလှတယ် ဒီဥစ္စာကြီးဟာ နောက်က အလွန်ကိုဆိုးခဲ့လှပါပြီ ဆိုဘဲ့ဥစ္စာ သိပြီးသားဘဲ ထားပါတော့နော်. (မှန်လှပါ) တကာတကာမတွေ့ ကိုတို ပြောလို့ရှိယင် တကာတကာမတွေ့ရဲ့ အရိုးကို ဖေသည့်းတဲ့အရိုးကခလေးဟာ မပုပ် မဆွေးဘဲနဲ့ထား.... (မှန်ပါ့) နောက်တခါ သေပြန်ဘဲ့ ဖြစ်ပြန်လို့ အရိုးကို မပုပ်မဆွေးဘဲထား၊ အဲဒီ့အရိုး ဆင့်လိုက်မယ်ဆိုလို့ရှိယင် ဝေပုလ္လတောင်လောက်ရှိမယ်တဲ့....(မှန်ပါ့) တယောက်တည်း အရိုး....၊ တယောက်တည်းအရိုး....(မှန်ပါ့ဘုရား)။

တယောက်တည်း အရိုးဟာ ဘယ်လောက်ရှိမလဲ.... (ဝေပုလ္လတောင်လောက် ရှိပါမယ်ဘုရား)။

ဝေပုလ္လတောင်ဆိုတာ၊ တကာတကားမတွေ့မှတ်စမ်း၊ တောင်က ကျယ်လဲကျယ်၊ မြင့်လဲမြင့်တော့ လေးရက်တက်, လေးရက်ဆင်းရှိတယ်... (မှန်ပါ့)။

တက်ရတဲ့အခါ ဘယ်လောက်တက်ရသတုံး.... (လေးရက်တက်ပါတယ်) ဆင်းတဲ့အခါ.... (လေးရက် ဆင်းရပါတယ် ဘုရား)။

အဲဒါလောက် မင်းတို့ ဘုရား တဆူတဆူကြားမှာ အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေးတွေ့ တွေ့ခဲ့လို့ သူများပါးစပ်ထဲမှာလမ်းဆုံးပြီးအသားတွေ့ ကုန်ခဲ့ရတဲ့အရိုးတွေ့ပုံ ခဲ့ရတဲ့ အဖြစ်ဟာဖြင့်ကွာ... တဲ့၊ ဝေပုလ္လတောင် လေးရက် တက် လေးရက်ဆင်းရှိသလောက် မင်းတို့ ဘုရားတဆူတဆူ ကြားမှာ တွေ့ကြုံရပါလိမ့်မယ်... (မှန်ပါ့) အဝိဇ္ဇာနဲ့ တဏှာမချုပ်ယင်.... (မှန်လှပါဘုရား)။

ကိုင်း... တကာတကာမတို့ အဝိဇ္ဇာနဲ့ တဏှာ မချုပ်ယင်ဖြင့် ကျုပ်တို့ အရိုးတွေ့ ပုံလိုက်လို့ ရှိယင် လေးရက်တက် လေးရက်ဆင်း ဖြစ်မယ်....(မှန်ပါ့) တယောက်၏ အရိုးလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

မပျက်မစီးဘဲနဲ့ ဘုရားဥာဏ်နဲ့ စုပြီးသသာလ ထားလိုက်မယ်ဆိုယင် ဘယ်နှစ်ရက်တက် ဘယ်နှစ်ရက်ဆင်းတဲ့တုံး... (လေးရက်တက်, လေးရက်ဆင်းပါဘုရား) ဘယ်နှစ်ယောက်၏ အရိုးပါလိမ့်... (တယောက်၏ အရိုးပါဘုရား)။

ဥပမာ-တကာကြွယ်ဖြင့် အဝိဇ္ဇာတဏှာမချုပ်သေးတဲ့ တကာကြွယ်၏အရိုး....(မှန်ပါ့) တကာသစ်ဖြင့် အဝိဇ္ဇာတဏှာမချုပ်သေးတဲ့ တကာသစ်၏အရိုး.... (မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် အဝိဇ္ဇာတဏှာ မချုပ်သ၍ ကာလပတ်လုံးဖြင့် အရိုးသည်ကား ဆိုယင်ဖြင့် ဘုရားတဆူတဆူ ကြားမှာ လေးရက်တက် လေးရက်ဆင်း ကျုပ်တို့ ဖြစ်ကြရဦးမယ်-(မှန်ပါ) ဘယ်လောက်မျှား ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ ဘုရားဘယ်နှစ်ဆူ ကျုပ်တို့လွန်ခဲ့ ကျော်ခဲ့ကြပလဲ....၊ ကျွတ်ဘမ်းမဝင်ခဲ့ကြသလို့ မေးတော့ ဘုရားပေါင်းက ဂင်္ဂါသဲမှုန့်နဲ့အမျှ.... (မှန်ပါ) ဘယ်လောက်မျှားခဲ့သလဲ....(မျှားပါတယ်ဘုရား)။

ဂင်္ဂါသဲမှုန့်နဲ့အမျှ တကာတကာမတို့ ကျုပ်တို့သည် လွဲခဲ့, ချော်ခဲ့ကြတယ်....(မှန်ပါဘုရား)။

အဲဒီ ဘုရားတဆူတဆူကြားမှာလဲ လူတယောက်၏ အရိုးကို စုပုံပြီး မဆွေး မမြေ့ဘဲနဲ့ထားယင် တကာတကာမတို့ လေးရက်တက် လေးရက်ဆင်းရှိရမယ်....(မှန်ပါ)။

ဒါဖြင့် တကာသစ်တို့, တကာကြွယ်တို့, ဦးလှဘူးတို့ မဆုံးနိုင်တော့ဘူး သေခဲ့ရတာ... (မှန်ပါ) မဆုံးနိုင်တော့ဘူး သေခဲ့ရကြတယ်ဆိုတာ ရိုင်မိပလား....(ရိုပ်မိပါပြီဘုရား)။

သြော်.. ဒါဖြင့် ဘုန်းကြီးတို့ တကားတကာမတွေ ဒါလောက်တောင် အရိုးတွေမျှားအောင် ဘယ်သူက လုပ်ပါလိမ့်မတုံးလို့ လက်သည်ရှာတော့ တကာကြွယ်ရေ အဝိဇ္ဇာနဲ့တဏှာ လားတွေ့တယ်....(တွေ့ပါတယ်ဘုရား)။

ဒါလောက်တောင် အရိုးတွေမျှားအောင် လေးရက်တက်၊ လေးရက်ဆင်း လူတယောက်၏အရိုးတွေဟာ ပုံပုံထားပြီးတော့

အရိုးပုံကြီးအောင် ဘယ်သူကပ်ပါလိမ့်မလဲလို့ လက်သည်ရှာတောမှ ဘုရားက အဝိဇ္ဇာနဲ့တဏှာဟော....တဲ့....(မှန်ပါ)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဘာ,ဘာတဲ့.... (အဝိဇ္ဇာနဲ့တဏှာဘုရား) အဝိဇ္ဇာနဲ့တဏှာဆိုတော့ တကာသစ်ရေ မြန်မြန်ဒီတရားနှစ်ခုကို သတ်လိုက်ရလို့ ရှိယင် ကျုပ်တို့ အရိုးကြီးပ္ပါးရေးဇာတ်ဖြင့် သိမ်းနိုင်ကြပါပြီ.... (မှန်ပါ)ဒီတရားနှစ်ခုသတ်နိုင်ယင် အရိုးကြီးပ္ပါးရေး ဇာတ်သိမ်းနိုင်ကြပါပြီဆိုဘာကိုဖြင့် ဝမ်းမြောက်ကြပါတော့... (မှန်ပါ ဘုရား)။

ယနေ့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အားလုံးတကာတကာမတွေ့လဲ ပရိယေသနကိစ္စနဲ့ ကြပ်ကြလို့ မအားကြလို့ .... ယနေ့မှာဘဲ စုပြီးသကာလ တချို့က လာနိုင်ကြတယ်.... (မှန်ပါ ဘုရား)။

အဲဒီတော့ တကာတကာမတို့ တနေ့တည်းနဲ့ဘဲ ငါတို့သည်ကားလို့ဆိုယင် အရိုးကြီးပ္ပားရေးဇာတ်ကိုဖြင့် ငါတို့သိမ်းပါတော့မယ်၊ မြေကြီး, ကြီးပ္ပားရေးဇာတ်ကိုဖြင့် ငါတို့သိမ်းပါ့တော့မယ်ဆိုပြီး တရားနာကြပါ.... (မှန်ပါ့ဘုရား)။

တကာကြွယ်....ကြောက်စရာ အလွန်ကောင်းသနော်(ကောင်းပါတယ်ဘုရား) သေသေချာချာ တကာတကာမတွေ့ ဉာဏ်နဲ့စဉ်းစားကြည့်ဦးဘော့မှ ရှေ့...ဒီသေခဲ့ရတဲ့အရိုး တောင်လိုပုံ ဆိုတော့ ဘယ်တောင်ပါလိမ့်မတုံး ဆိုတော့ ဝေပုလ္လတောင်.... (မှန်ပါ)။

ဝေပုလ္လဒေတာင်ဟာ ဘယ်လောက်မြင့်၍ ဘယ်လောက်ထုထူ တယ်ဆိုတော့ လေးရက်တက် လေးရက်ဆင်း... တဲ့၊ ဆိုတော့ တော်တော်ကြီးတဲ့ တောင်ပေါ့ဗျာ... (ကြီးပါတယ်ဘုရား)။

အဲဒါ ဘုရားတဆူတဆူကြားမှာ ဖြစ်ရတဲ့အရိုးတဲ့- (မှန်ပါ) သဘောပါကြပလား....(ပါပါပြီဘုရား)။

ဘုရားတဆူတဆူကြားမှာ ဖြစ်ရတဲ့ တယောက်၏ အရိုးပုံ သည် လေးရက်တက်, လေးရက်ဆင်း ဒါလောက်တောင် အရိုး ကြီးပွားတယ်. (မှန်ပါ)။

ဘယ်သူ့လက်ချက်ကြောင့် အသေဒါလောက်မျှားလို့ အရိုး ဒါယောက် ပေါရုပါလိမ့်မလဲကိုတာ အက ခတ် ကြည့်ပါ.... (အဝိဇ္ဇာတဏှာပါဘုရား) တယ်လဲ ဆိုးတဲ့တရားပါလား.... (ဆိုး ပါတယ်ဘုရား)။

တကာတကာမတွေ ဘာလုပ်ဘို့သင့်ပါလိမ့်.... (သတ်ဘို့ပါ ဘုရား) သတ်ဘို့သင့်တယ်နော်....(မှန်ပါ)။

ဩော်... အဝိဇ္ဇာတဏှာကိုဖြင့် တကာဘကာမတို့ ယနေ့သတ် လဲ ပြီးပါလိမ့်မယ်၊ သတ်လဲသတ်ကြပါဆိုတာကိုလဲ ဘုန်းကြီးက တိုက်တွန်းပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သတ်နည်းမသိလို့ ရှိယင်လဲ ကျုပ်တို့ ရှေ့ဘာ ဖြစ် မှာတုံးဆို ဘာမှမဖြစ်ဘူး၊ အရိုးတွေ မတောင်နှယ်ပုံ နေမှာဘဲ.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါမသတ်လို့ ရှိယင် တပည့်တော်တို့ ရှေ့မျှား ဘာဖြစ်ဘို့ မြင် သေးသတုံး မေးလို့ ရှိယင်ဖြင့် တကာတကာမတို့ အိုပဲ, နာပဲ,

သေပဲ့, အပါယ်ခေါ်ပါးရောက်တဲ့ပဲ့တွေ နဲ့ပြီးသကာလ အရိုးပုံ ကြီးပွားရေး အလုပ်မှတပါး ဘာမှမမြင်ဘူးလို့ ပြောရုံဘဲ ရှိတယ်... (မှန်ပါ့) ရှင်းကြပါပြီ.... (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ အပင်ပန်းခံပြီး ကြပ်ကြပ်တည်းတည်းနဲ့ နေကြ,ထိုင်ကြရတော့ ဒီဒုက္ခက မကြီးသေးပါဘူးထား... (မှန်ပါ့) ခုနင်က သူမျှားပါးစပ်ထဲ ငါးဖြစ်လို့, ငါးကြီးပါးစပ်ထဲ ငါး**ကလေး**က **သေရတဲ့** ဘဝတွေ၊ တကာတကာမတို့လူတွေမှာ စစ်ထဲသေရတဲ့ဘဝတွေ၊ကမ္ဘာမီးလောင်လို့ သေရတဲ့ဘဝတွေ၊ အိုလို့ နာလို့ ရိုးရိုးနဲ့ သေရတဲ့ ဘဝတွေ စုလိုက်လို့ ရှိယင်ဖြင့် ဘုရားတဆူတဆူကြားမှာ လေးရက်တက်-လေးရက်ဆင်း တောင်ကြီးလောက် ရှိမယ်တဲ့ မပျက်မစီးယင်.... (မှန်လှပါဘုရား)။

တကာတကာမတို့ အရိုးကြီးပွားရေးများ ကြီးပွားချင်သေးသလား.... (မကြီးပွားချင်ပါဘုရား) အရိုးကြီးပွားရေးကိုဖြင့် ဇာတ်သိမ်းပါတော့ တကာတကာမတို့.... (မှန်ပါ့) အရိုးကြီးပွားရေး ဘယ်သူလုပ်ပါလိမ့်.... (အဝိဇ္ဇာ တဏှာလုပ်ပါတယ် ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ လက်သည် ဖမ်းမိပြီ.... (ဖမ်းမိပါပြီ) ဘယ်နှယ်ကြောင့် တပည့်တော်တို့ အရိုးကြီးပွားရေး ဒါလောက်တောင်ကြာခဲ့ပါလိမ့်မတုံးဆိုတော့ဖြင့် တကာကြယ်တို့ - တကာသစ်တို့ လက်သည်ဖမ်းမမိလို့ ကြာခဲ့တယ်... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ကြာခဲ့ပါလိမ့်.... (လက်သည် ဖမ်းမမိလို့ ပါဘုရား) လက်သည် ဖမ်းမမိလို့ ကြာခဲ့ရပါတယ်ဆိုတာကိုဖြင့် ငြင်းနေစရာမလိုတော့ပါဘူး....(မလိုပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီအဝိဇ္ဇာ တဏှာမချုပ်ယင် တပည့်တော်တို့ ဘာဖြစ်ဦးမှာတုံးလို့ မမေးနဲ့တော့နော်....(မှန်ပါ့)။

အဝိဇ္ဇာ တဏှာမချုပ်ယင် တပည့်တော်တို့ ဘာဖြစ်မှာတုံးလို့ တကာကြွယ် မေးဘို့လိုသေးသလား.... (မလိုပါဘုရား) လေးရက်တက်-လေးရက်ဆင်းဆိုတဲ့ အရိုးတော့ပုံဖြစ်မှာဘဲ(မှန်ပါ့ဘုရား)။

ဘာမှုမဖြစ်ဘူး၊ စကြဝဠာ, မန္ဒာတ်ဆိုတာက အပိုပြောတာ.... (မှန်ပါ့) သေသေချာချာ ဖြစ်မှာက လေးရက်တက်-လေးရက်ဆင်း အရိုးပုံဖြစ်ရမယ်.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

လေးရက်တက်- လေးရက်ဆင်း.... (အရိုးပုံ ဖြစ်ရပါမယ် ဘုရား)။

တပည့်တော်တို့ဘုရား....ဒီဘဝ အဝိဇ္ဇာနဲ့ တဏှာ မသေခဲ့လို့ ရှိယင်ဖြင့် သေတဲ့နည်းကိုလဲ တပည့်တော်တို့ အားမထုတ်ခဲ့ဘူး၊ အားမထုတ်ဖြစ်ဘူးဆိုလို့ ရှိယင်ဖြင့် တပည့်တော်တို့ ဘာဖြစ်မှာတုံး၊ လူဒါန်း၊ ပေးကမ်းထားတာလို့....(မှန်ပါ့) အို....ဒါတွေ အသာထားစမ်းပါ၊ အရိုးကြီးပွားရေးဖြစ်မယ်.... (မှန်လှပါ) သဘောပါပလား....(ပါ-ပါ-ပြီဘုရား)။

ဘာကြီးပွားရေးဖြစ်မလဲ.... (အရိုးကြီးပွားရေး ဖြစ်ပါမယ် ဘုရား)။

တကာကြွယ်-ရေ....ရှေ့ကို ခင်ဗျားတို့ တဏှာနဲ့ မြှော်တာ တွေ့ အသာထားစမ်းပါ၊ ဥာဏ်နဲ့မြှော်စမ်းပါ.... (မှန်လှပါ ဘုရား)။

တကာတကာမတွေ့ ဘာနဲ့ မြှော်ရမလဲ....(ဥာဏ်နဲ့မြှော်ရပါ မယ်ဘုရား)။

တဏှာနဲ့ မြှော်တော့ တကာကြွယ်တို့က တကာသစ်တို့က ဦးလှဘူးတို့က မေးချင်မေးကြလိမ့်မယ်....(မှန်ပါ့) တပည့်တော် ဒီဘဝက စုတေမနေ သေလွန်ယင် တပည့်တော် ကျောင်း,ကန်, ဘုရားတွေနဲ့ တပည့်တော်တော့ဖြင့် တော်တော်နေရာကျပြီထင် တယ်လို့ ခင်ဗျားတို့ တဏှာနဲ့ မေးလို့ရှိယင်ဖြင့် ဥာဏ်နဲ့ဖြေပါ (မှန်ပါ့) ဘာကြီးဖြစ်နေနေ နောက်ဆုံးပိတ် အရိုးကြီးပွားရေး ဖြစ်ရမှာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အရိုးကြီးပွားရေးက သေခြင်းဆိုးသေတဲ့ အရိုးကြီးပွားရေး- (မှန်ပါ့) ဝေဒနာရောက်ပြီး သေကြမှာချည့်ကိုးဗျ.... (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒီအရိုးတွေဟာ ဘယ်လိုနဲ့ ကြီးပွားလာပါလိမ့် မတုံး၊ အရိုးပုံ ပေါ် အရိုးဘယ်လိုဆင့်ရမှာတုံး၊ နာခြင်းဆိုးက သေခြင်းဆိုး သေပြီးဖြစ်တဲ့ အရိုးတွေ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နာခြင်းဆိုးက.... (သေခြင်းဆိုးဖြစ်တဲ့အရိုးတွေ့ပါဘုရား) သေချင်းဆိုး သေပစ်ရတဲ့အရိုးတွေ့ဘဲဆိုတဲ့ဥစ္စာဖြင့် တကာသစ်

တို့ .... တကာကြွယ်တို့ ငြင်းဘို့ လိုသေးသလား... (မလိုပါ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အဝိဇ္ဇာတဏှာက လုပ်လိုက်တဲ့ အရိုးတွေဆိုတဲ့ဥစ္စာဖြင့် တကာကြွယ် သေချာပြီ....(သေချာပါပြီဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဟို... ဘုန်းကြီးတို့ အင်္ဂလိပ်မင်းလက်ထက်က မို့ခဲ့တဲ့ တကာဘကာမတွေ မြင်ပါလိမ့်မယ်၊ ခုနစ်ရက်တပတ် နွားရိုးတွေ ရန်ကုန်ကို ရထားကြီးနဲ့ တင်,တင်ပြီး ရထားပက်လက်တဲ့တွေနဲ့ တင်ပို့ရတာ တကာသစ်-ရေ... နည်းသလား- (မနည်းပါဘုရား)။

ဟ .. ဒီနွားရိုးတွေ ဘယ်ကလာပါလိမ့်မတုံး....လို့ မေးတော့ နွားသတ်ကုလား၏လက်ချက်... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ.... (နွားသတ်ကုလား၏ လက်ချက်ပါ ဘုရား)။

ဒီမှာလဲ လေးရက်တက်-လေးရက်ဆင်း အရိုးတွေ ပုံ့နေတာ ဟာ အဝိဇ္ဇာတဏှာ၏လက်ချက်....(မှန်လှပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်သူ့လက်ချက်ပါလိမ့်....(အဝိဇ္ဇာတဏှာ၏ လက်ချက်ပါ ဘုရား)။

ဩော်....တကာတကာမတွေ ဒီ အဝိဇ္ဇာတဏှာကို ခင်ဗျားတို့က ဖမ်းလဲ မဖမ်းတတ်၊ မိအောင်လဲ မကိုင်နိုင်၊ သတ်နည်းကိုလဲ မရတော့ဘူးဆိုလို့ ရှိယင်း တပည့်တော်တို့ ရှေ့ကို ဘာဖြစ်

ရအုံးမှာတုံးလို့ ဘုန်းကြီးတို့တကာတကာမတွေ့ကမေးလို့ရှိယင် ၊်လေးရက်တက်-လေးရက်ဆင်း အရိုးကြီးပွားရေးဘဲ ဖြစ်မှာဘဲ.... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာပါလိမ့်.... (လေးရက်တက်-ပလေးရက်ဆင်း အရိုးကြီးပွားရေးဘဲ ဖြစ်မှာပါဘဲဘုရား)။

တကာသစ်-ရေ....ဆားတောင်မြီးချင်းစရာရှိရဲ့လား....(မရှိပါဘုရား) တကာကြွယ်ကော. (မရှိပါဘုရား) ဆားမြီးချင်းစရာတောင် မရှိပါဘူး....၊ ဖြစ်စမ်းပါရစေဦးလို့ ပြောသံတောင် မကြားပါဘူး.... (မှန်ပါ့) သဘောပါကြပလား.... (ပါ ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီအတိုင်းသာဝတ် ဒီအတိုင်းစား၊ဒီအတိုင်းသားနဲ့ သမီးနဲ့ပျော်၊သားနဲ့ သမီးနဲ့ပျော်တာက တဏှာကိုးဗျ.... (မှန်ပါ့) သား,သမီးထင်တာက အနိစ္စတွေ့ကို သား,သမီးထင်နေတော့ မသိတာက အဝိဇ္ဇာ...(မှန်ပါ့ဘုရား)။

ဩော်... ဒါဖြင့် သား,သမီးထင်တာက ရုပ်နာမ်ခန္ဓာ အနိစ္စတရားတွေ့ကို သား,သမီးဟူသော အမြင်-မြင်နေတာက အဝိဇ္ဇာ၊ ၏ စွမ်းရည်သတ္တိ.... (မှန်ပါ့) ဒါကလေးတွေ့နဲ့ မခွဲနိုင်တာက တဏှာ၏သတ္တိ....(မှန်ပါ့) ဒီအဝိဇ္ဇာတဏှာရှိနေတဲ့ တကာတကာမတွေ့ဟာ....တဲ့ ဘယ်နည်းနဲ့မှ နိဗ္ဗာန်တော့ မရောက်နိုင်ဘူး.... (မှန်ပါ့) အရိုးကြီးပွားရေးဘက်ဘဲ ပြန်လှည့်ရမယ်.... (လှည့်ရပါမယ်ဘုရား)။

ဘယ်ပြန်လှည့်ရမတုံး.... (အရိုးကြီးပ္ဌားရေးဘက်ပြန်လှည့်ရ ပါမယ်ဘုရား)။

သြော်...တကာကြွယ်-ရေ.... မြန်မြန်သိမ်းပါတော့....နော်.... (မှန်ပါ့)။

အားလုံး တကာတကာမတွေ့ ဘယ်လိုမျှား စိတ်ကူးရှိကြပါ လိမ့်....(မြန်မြန်သိမ်းရပါမယ်ဘုရား) အရိုးကြီးပ္ဌားရေးကိုဖြင့် မြန်မြန်သိမ်းမှ တော်မယ်ဆိုတဲ့ဉစ္စာကိုဖြင့် ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

အရိုးဆိုတာသည် တကာတကာမတွေ့ ကြက်ဖြစ်တဲ့အခါမှာ လူက စားလို့ အရိုးတွေ့ဖြစ်ရတယ်....(မှန်ပါ့) နွားဖြစ်တဲ့အခါ လူက စားလို့....(အရိုးဖြစ်ရပါတယ်ဘုရား)လူတွေ့ကို ကျားတွေ့ ဘာတွေ့က စားလို့....(အရိုးဖြစ်ရပါတယ်ဘုရား)။

အရိုးဖြစ်တယ်ဆိုတော့ သက်သက်သာသာ လားလို့ မေးတဲ့ အခါ မချိမဆန့်ခံပြီး ဖြစ်ရတဲ့အရိုး....(မှန်ပါ့)။

ဘယ်လို အရိုးပါလိမ့်.... (မချိမဆန့်ခံပြီး ဖြစ်ရတဲ့အရိုးပါ ဘုရား)။

မချိမဆန့်ခံပြီး ဖြစ်ရတဲ့ အရိုးတွေ့ဖြစ်နေတော့ တကာတကာ မတို့ မျက်လုံးကလေး တိုတိုနဲ့ မကြည့်ဘဲနဲ့ ဥာဏ်မျက်လုံးတပ်ပြီး အရှည်ကြည့်လိုက်တော့မှ အသေဆိုးသေရတဲ့ အရိုးတွေ့ပါလား-(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်.... (အသေဆိုးသေရတဲ့ အရိုးတွေ့ပါ ဘုရား) အသေဆိုးသေရတဲ့ အရိုးတွေ့ပါလားဆိုတာ တကာသစ် တကာကြွယ် ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီအသေဆိုး သေရတဲ့ အရိုးပုံ လေးရက်တက် လေးရက်ဆင်းကို သြော်... ခုနင်က နွားရိုးတွေ ရထားကြီးတစင်း ရန်ကုန်ပို့ရတာ သကြားချက်ဘိုပို့ရတာ နွားသတ်ကုလားတို့ လက်ချက်ဘဲဆိုတာ သိရသလို ဒီမှာလဲအဝိဇ္ဇာတဏှာ၏လက်ချက်ဘဲ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်သူ၏ လက်ချက်ပါလိမ့်.... (အဝိဇ္ဇာတဏှာ၏ လက်ချက်ပါဘုရား)။

အဝိဇ္ဇာတဏှာ၏ လက်ချက်ဘဲဆိုတော့ တကာတကာမတို့ အခုပြုံးသလောက် မဲ့ရလိမ့်မယ်နော်....(မှန်ပါ့)။

အဝိဇ္ဇာတဏှာမသတ်ယင် အခုပြုံးသလောက် ဘာဖြစ်ရမယ် ထင်သတုံး.... (မဲ့ရပါမယ်ဘုရား) တခါတည်းမဲ့ရမှာလား တကာတကာမတို့ အကြိမ်မျှားစွာလား.... (အကြိမ်မျှားစွာပါ ဘုရား)။

အဲဒီမဲ့ရတာကလည်း မျက်ရည်မထွက်ဘူးလား.... (ထွက်ပါ တယ်ဘုရား)။

အဲဒါက အရိုးက လေးရက်တက် လေးရက်ဆင်းဆိုတော့ မျက်ရည်က ဘယ်လောက်တုံး မေးကြည့်တော့ သမုဒ္ဒရာလေး စင်းတဲ့.... (မှန်ပါ့) အသေဆိုးသေရလို့ မျက်ရည်ကျရတာက သမုဒ္ဒရာလေးစင်းနဲ့ ညီမျှပါသတဲ့....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လောက်ကြောက်စရာ ကောင်းသ တုံး....(ကောင်းပါတယ်ဘုရား)။

အင်း....မျက်ရည်က ဘယ်လောက်တဲ့.... (သမုဒ္ဒရာလေးစင်း ပါဘုရား)အရိုးက ဘာတဲ့ဗျာ....(လေးရက်တက် လေးရက်ဆင်း ပမာဏပါဘုရား)။

အင်း....ကျုပ်တို့ မတွေးဝံ့အောင် ကြောက်စရာကောင်းတယ်....(မှန်ပါ့)။

တကာကြွယ် ဘယ်လိုပါလိမ့်.... (မတွေးဝံ့အောင် ကြောက်စရာကောင်းပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ့ မေတ္တာရှေ့ထားပြီး သကာလ ဇာတ်သိမ်းတရားကို ဟောချင်လို့ ခင်ဗျားတို့ အမြင်နဲ့တော့ မသိဘဲဖြစ်ပြီး သကာလနေတော့ အခုမှရတဲ့ သား,သမီး အခုမှ တည်တောင်ရတဲ့ခင်ပွန်း အခုမှ တည်ထောင်ရတဲ့ ခင်ပွန်းမ,ဆိုပြီးကိုယ်ဟာကလေးနဲ့ကိုယ်တော့ ဟုတ်နေတာဘဲ.... (မှန်ပါ့ဘုရား)။

ဒီအထဲ မသိတဲ့ အဝိဇ္ဇာကလဲ မိုးမှုန်နေတယ်.... (မှန်ပါ့) တဏှာကလဲ ခင်လိုက်တာက မပြောပါနဲ့တော့.... (မပြောပါဘုရား) ဒီအဝိဇ္ဇာတဏှာကိုပင်လျှင် ခင်ဗျားတို့ကလဲ မိတ်ဆွေအရင်းအချာကြီးလုပ်ပြီး သကာလ အရိုးတောင်နှယ်ပုံ အောင်မျက်ရည် သမုဒ္ဒရာလေးစင်းနဲ့အမျှ ကျအောင်လုပ်မည့် အဝိဇ္ဇာတဏှာကို ခင်ဗျားတို့က မိတ်ဆွေလုပ်နေတယ်.... (လုပ်နေပါတယ်ဘုရား)။

ခင်ဗျားတို့က ဘာလုပ်နေသလဲ.... (မိတ်ဆွေလုပ်နေပါတယ်ဘုရား)။

သြော်.... ဖြစ်မှုဖြစ်ရပလေ တကာတကာမတို့ နှားသတ်ကုလားကို နှားက မိတ်ဆွေလုပ်လို့ရှိယင် ဒီနှားမိုက်လို့ဘဲ.... (မှန်ပါ့)။

ဘယ်.နှယ်ဆိုကြမယ်.... (နွားသတ်ကုလား မိတ်ဆွေလုပ်လို့ ရှိယင် ဒီနွားမိုက်လို့ပါဘုရား)။

နွားသတ်ကုလားကို ဒီနွားက သူ့သခင်ကြီးမှတ်ပြီးသကာလ ပွတ်ကာ သပ်ကာနဲ့ ဒီနွားက ချစ်ခင်နေမယ်ဆိုလို့.ရှိယင် ဒီ.နွားထက် မိုက်တာတော့ဖြင့် တကာကြယ်,တကာသစ် ရှိသေးရဲ့လား....(မရှိပါဘုရား) သဘောကျကြပလား.... (ကျေပါပြီဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ သား, သမီးကလေးတွေကို အဝိဇ္ဇာနဲ့ မသိတော့ မသိတာက အဝိဇ္ဇာ....(မှန်ပါ့)။

ရုပ်-နာမ် ဓမ္မဖြစ်ပျက်တွေကို မသိတာက ဘာတဲ့....(အဝိဇ္ဇာ ပါဘုရား)မသိလို့ခင်တာက....(တဏှာပါဘုရား)။

အဲ့ဒီ အဝိဇ္ဇာနဲ့.တဏှာကို ဘုန်းကြီးတို့ တကာတကာမတွေ ကလဲ....တဲ့၊ အင်း....ဒီလိုဖြစ်ရတာ တော်- တော်သေးရဲ့.၊ ဒီတရားနဲ့နေရတာ တော်- တော်သေးရဲ့ ဆိုတော့ တကာတကာမတို့ နွားသတ်ကုလားကို နွားက မိတ်ဆွေဖွဲ့ပြီး ကျေးဇူးရင် ထင်နေသလို ခင်ဗျားတို့မှာဖြင့် မှောက်မှားနေလိုက်တဲ့ ဖြစ်ခြင်းက မနည်းပါဘူး... (မနည်းပါဘုရား) တယ်လဲဆိုးပါလား.... (ဆိုးပါတယ်ဘုရား) ဉာဏ်နားနဲ့ ထောင်ကြည့်စမ်းပါ.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာနဲ့.ထောင်ရမတုံး.... (ဉာဏ်နားနဲ့ ထောင်ရပါမယ်ဘုရား)။

ဉာဏ်နားနဲ့ထောင်တော့ ခင်ဗျားတို့မသိတာက ဒီသား၊ သမီးကလေးတွေကော မိမိခန္ဓာကော ရုပ်နာမ်ဖြစ်ပျက် မသိတာက ဘာပါလိမ့်....(အဝိဇ္ဇာပါဘုရား)။

မသိလို့ ကိုယ့်ကိုယ်ရော၊ ကိုယ့်သားသမီးတွေရော ခင်နေလိုက်တာက.... (တဏှာပါဘုရား) သြော်....ခင်ဗျားတို့ ဒါဘဲ ကျေးဇူးရင် ထင်နေတယ်... (မှန်ပါ့)။

အင်း....နွားသတ်ကုလားကို နွားက ခင်နေသလို ဖြစ်နေပြီ- (မှန်ပါ့ဘုရား)။

ဘယ်လိုဖြစ်နေပါလိမ့်.... (နွားသတ်ကုလားကို နွားက ခင်သလိုဖြစ်နေပါတယ်ဘုရား)။

သြော်... ဒီနွားထက်မိုက်တာဖြင့် ဘေးကနေကြည့်စမ်းတကာသစ်... (မရှိတော့ပါဘုရား) ဒီနွားထက်မိုက်တာ ရှိသေးရဲ့လား- (မရှိပါဘုရား)။

ခင်ဗျားတို့လဲ အဝိဇ္ဇာတဏှာကို ကျေးဇူးရင်ထင်ပြီးသကာလ နေလိုက်တာ ခင်ဗျားတို့မိုက်တာ ရှာမတွေ့ဘူး.... (မတွေ့ပါဘုရား)။

အဝိဇ္ဇာဆိုတာ မိစ္ဆာဉာဏ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဒီလိုရောင်းယင် ဒီလိုဝယ်ယင် ကုန်ကို ဒီလိုထားလို့ရှိယင် ကုန်ကို ဒီလိုပြင်ဆင်ပြီးသကာလ ထားလို့ရှိယင်ဖြင့် ဒီလို မြတ်နိုင်တယ်ဆိုတဲ့ မိစ္ဆာဉာဏ်က အဝိဇ္ဇာ .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မိစ္ဆာဉာဏ်က.... (အဝိဇ္ဇာပါဘုရား)။

မိစ္ဆာဉာဏ်က အဝိဇ္ဇာဆိုတာသည်သိလောက်ပါပြီ...(မှန်ပါ့ဘုရား) ဒါ- ဘယ့်နှယ်ကြောင့် မိစ္ဆာဉာဏ်တွေ ဒီ-အရောင်း-

အဝယ်ထဲ ထုတ်ရပါ့လိမ့်မတုံး မေးတဲ့အခါကျတော့မှ ကိုယ့်ကိုယ် ခင်တဲ့တဏှာ ကိုယ့် သား, သမီးခင်တဲ့ တဏှာကြောင့် ဒီဥာဏ် မိစ္ဆာဥာဏ်ထုတ်ရတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကျေးဇူးတင်တယ်ဆိုတော့ ကျုပ် အကြံဥာဏ်ကလေး ကောင်းလို့ ဒီ-ကုန်ကလေးတွေ စုံသွား တာပေါ့....(မှန်ပါ့)။

အံမာ....အဝိဇ္ဇာကို ခင်ဗျားတို့က နှားသတ်ကုလားကို နှား က တခါတည်း ပုတ်ကာသပ်ကာနဲ့ ကြည်ညို လေးစားနေတဲ့ အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) တယ်လဲ ဆိုးပါလား....(ဆိုးပါတယ်ဘုရား)။

ကျုပ် ဒီလို အကြံဥာဏ်ကလေး ထုတ်လိုက်တာနဲ့ ဒီအထည် ကလေးတွေ စုံသွားတာပေါ့ဗျ....လို့ တကာကြွယ်တို့လဲ ပြော ချင်ပြောမိမယ်.... (ပြောပါတယ်ဘုရား) ဒါ- ဘာဥာဏ်ပါလိမ့် ဗျာ....(အဝိဇ္ဇာဥာဏ်ပါဘုရား) မိစ္ဆာဥာဏ်ဟာ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား... (အဝိဇ္ဇာပါဘုရား)။

အဲဒါကိုပင် တကာကြွယ်တို့၊ တကာသစ်တို့က ဒီလိုလေး ပြုပြင်ပေးလိုက်တော့ ဒီလို လေးစားရသေးတာပေါ့ဗျတဲ့ .... (မှန်ပါ့)အံမာလေး....အဝိဇ္ဇာကို ကျေဇူးများတင်နေတယ် .... (တင်ပါတယ်ဘုရား)။

အဝိဇ္ဇာကို ဘာတင်သလဲ....(ကျေးဇူးတင်ပါတယ်) ဩော်.... သတ်မည့်လူကို နှားက ကပ်ပြန်ပြီ....(မှန်ပါ့ဘုရား)။

အင်း....သတ်မည့်လူကို....(နွားက ကပ်ပါတယ်)တကာကြွယ်မနာနဲ့၊ ခင်ဗျားတို့မှားတာ အတော်ကြီးတယ်....(ကြီးပါတယ်) တကာတကာမတို့ မှားချက်အတော် ပြင်းထန်နေတယ်....(မှန်ပါ့ဘုရား)။

မှားချက် ဘယ့်နှယ်နေပါလိမ့် .... (ပြင်းထန်ပါတယ်ဘုရား) အင်မတန် ပြင်းထန်နေတယ်ဆိုတာ ပေါ်လာကြပလား- (ပေါ်လာပါပြီဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ ဒီအတိုင်းနေတော့ဖြင့် ဟိုလူက အကြံဉာဏ်ကောင်းတယ်.... (မှန်ပါ့) အကြံဉာဏ်ကောင်းတယ်! သူ၏အဆင်က ဘယ်လိုပြင်ပြီးသကာလ ဘယ်လိုလုပ်ပေးလိုက်တဲ့အတွက် ဘယ်နေရာသွားပြီး ဘယ်လို လုပ်လိုက်တဲ့အတွက်သူ့မှာ စားရ, သောက်ရ ရှိတာပေါ့၊မိစ္ဆာဉာဏ်ဗျ....(မှန်ပါ့)မိစ္ဆာဉာဏ်ဟာ အဝိဇ္ဇာလား- ဝိဇ္ဇာလား ... (အဝိဇ္ဇာပါဘုရား)။

ဒါနဲ့ စားရ,သောက်ရရှိတဲ့ ဘဏ္ဍာကလေးကလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မလာဘူးလား....(ဖြစ်လာပါတယ်ဘုရား)။

အင်း....ဒါကလေးကြောင့် ကျုပ် တော်ဘဲတော်သေးတယ်- (မှန်ပါ့) ဒီအကြံဉာဏ်ကလေးကြောင့် တော်-တော်သေးရဲ့ .... (မှန်ပါ့) ဒီအကြံဉာဏ်ကလေးကြောင့် ဆိုတာက အဝိဇ္ဇာ .... (မှန်ပါ့) တော်,တော်သေးရဲ့ဆိုတာက တဏှာ .... (မှန်ပါ့ဘုရား)။

ဒီအလုံးကလေး နှစ်လုံးဟာက တကာကြွယ်တို့ သုံးဘူး- နှုန်းဘူးရဲ့လား....(သုံးဘူးပါတယ်ဘုရား)။

အံမာ....သူ့ကိုယ် သူက မနည်းအကြံထုတ်ရတယ်လို့ လုပ်ချင်လုပ်နေသေးတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ သူက အကြံထုတ်တာကို ခင်ဗျားတို့က နောက်ဆုံးပိတ်တနေ့ကျတော့ သြော်....ကံကောင်းတော့လဲ ပစ်လိုက်တိုင်း တည့်တယ်....(မှန်ပါ့) အံမာလေး- ဒီလိုထင်နေသေးတယ်-(ထင်ပါတယ်ဘုရား)။

ကံကောင်းတော့ ပစ်လိုက်တိုင်း တည့်တယ်လို့ ဒီလိုမျှားထင်နေသေးတယ် တကာကြွယ်၊ အပြီးသတ်တော့ မိစ္ဆာဥာဏ်နဲ့ တဏှာက လုပ်နေတာ၊ ကံကောင်းတာမဟုတ်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူက ဘာလုပ်နေတာတုံး .... (မိစ္ဆာဥာဏ်နဲ့ တဏှာက လုပ်နေတာပါ) မိစ္ဆာဥာဏ်က အဝိဇ္ဇာ.... (မှန်ပါ့) ရတဲ့ပစ္စည်းကလေး သာယာတာက....(တဏှာပါဘုရား)။

မိစ္ဆာဥာဏ်၊ အဝိဇ္ဇာနဲ့ တဏှာက လုပ်နေတာကိုတကာကြွယ်ဟို့ နေ့တိုင်း သူ့ကိုဘဲ အဖေါ်လုပ်နေတယ်....(မှန်ပါ့) တကာသစ်တို့ကော.... (သူ့ကိုဘဲ အဖေါ်လုပ်နေပါတယ်)ဘယ်သူ့ကို ပါလိမ့်ဗျာ....(မိစ္ဆာဥာဏ်နဲ့ တဏှာပါ) အဝိဇ္ဇာနဲ့ တဏှာကို အဖေါ်လုပ်နေတယ်နော်....(မှန်ပါ့ဘုရား)။

ခုနင်က နှားသတ်ကုလားကို နှားကကျေးဇူးရင်ထင်နေတော့ ဒီနှားသေမှ သေပါ့မလား....(သေပါတယ်) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

အံမာလေး....ကြောက်စရာကြီးပါလား တကာတကာမတို့....(မှန်ပါ့)တကာကြွယ်·နှားသတ်ကုလားက သူ့ဝတ္ထုရားအတိုင်းက သတ်ပြီးသကာလ လုပ်ရမှာကိုးဗျ....(လုပ်ရမှာပါဘုရား)။

အဲဒီမှာ နှားက မသိရှာတဲ့အခါ ကျေးဇူးရင်ထင်ပြီး၊ ထမင်းကလေးကျွေးလို့ ရေကလေးတိုက်တာကိုဘဲ အင်း....ငါ့ကျေးဇူးရင်ဟာ ငါ့ကို အင်မတန် ခင်ရှာ-မင်ရှာတယ်ဆိုပြီး သကာလ သူ့နားမှာ တရစ်သီသီနဲ့နေတော့ တောထဲက ဖမ်းသတ်ရသလား၊ ဒီအနားလည်လို့ရုံဘဲလား....(ဒီအနားလည်လို့ရုံပါဘုရား)။

အင်း .... ခင်ဗျားတို့လဲ ခင်ဗျားတို့အိမ်ထဲဘုင် အဝိဇ္ဇာနဲ့ တဏှာက လို့ပါလိမ့်မယ်စိတ်ချ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ်နေရာ သွားလို့မယ်ထင်ကြသလဲ....(အိမ်ထဲလို့မှာပါဘုရား)။

ဒါ့ကြောင့် တချို့ တကာတကာမတွေ့ ကိုယ့်အိမ် ကိုယ့်ရာသေတာနဲ့ တခြားမှာသေတာနဲ့ တကာသစ် ဘယ်ဟာက မျှားသတုံး....(ကိုယ့်အိမ် ကိုယ့်ရာ သေတာကမျှားပါတယ်) ဩော်.... နှားသတ်ကုလားနားမှာ နှားသေရှာဘာဘဲ.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နှားသတ်ကုလားနားမှာ....(နှားသေရှာတာပါ)တကာကြွယ်ကျုပ်တို့ ခင်ဗျားတို့ ဖေါ်မပြောယင် ဆရာကောင်း- သမားကောင်းက ဖေါ်မပြောလို့ရှိယင်ဖြင့် သိကို- မသိဘူး....(မသိပါဘုရား)။

ဆရာကောင်း-သမားကောင်းက ဖေါ်မပြောယင် .... (မသိပါဘုရား) ဘယ်နည်းနဲ့မှ မသိဘူး....(မှန်ပါ့ဘုရား)။

ဒါ ခင်ဗျားတို့က ဆုမျှားတောင်းလိုက်သေးတယ်(မှန်ပါ့) ဆုမျှားတောင်းလိုက်သေးတယ်၊ သေခြင်းသေယင် ကိုယ့်အိမ် ကိုယ့်ရာသေရပါလို့၏တဲ့... (မှန်ပါ့) ညှော့်သည်သေမျှား မျက်နှာ ငယ်လွန်းလို့... (မှန်ပါ့ဘုရား)။

ဖြစ်မှ ဖြစ်ရပလေ....(မှန်ပါ့) အုံ့မာလေး ....တကာတကာမ တော့ ကြောက်စရာ သိပ်ကောင်းပါလား- တကာကြွယ် .... (မှန်ပါ့)ဒီဆုမျှား တောင်းဘူးသေးသလား ... (တောင်းဘူးပါ တယ်ဘုရား)။

ဟာ....တကာကြွယ်- ဘယ့်နှယ်တုံး၊ နိုးနိုးနားနား နှားသတ် ကုလားနားမှ ဒီမှာချည့် သေရပါလို့၏....(မှန်ပါ့) အဓိပ္ပါယ်က ဒီမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် တခြားမျှား သေရမှာ တကာသစ် မလန့်ဘူး လားဗျာ. (လန့်ပါတယ်) ဆွေ့မရှိ· မျိုးမရှိ တကောင်ကြွက် တမျက်နှာနဲ့ မသာတောင် လှမှာ မဟုတ်ဘူးတဲ့ .... (မှန်ပါ့) အုံ့မာလေး....မသာအတွက် စိုးရိမ်နေသေးတယ်၊ မသာဆိုတာ အသုဘ ဘယ်တော့မှ မလှဘူး....(မှန်ပါ့ဘုရား)။

ဘယ်တော့မှ မလှတာ၊လှဘို့ရာအတွက် ပူပန်နေသေးတယ် ဆိုကတည်းကလဲ ရှူးပါ၀ေပသေးတယ် (မှန်ပါ့)ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာသစ်တို့- တကာကြွယ်တို့အိမ်မှာ အရောင်း အ၀ယ်လုပ်နေတာသည် မိစ္ဆာဥာဏ်ကလေးမျှားကော ပါသေး သလား....(ပါ-ပါတယ်) ရတဲ့အခါ တဏှာနဲ့ကော ပစ္စည်း ကလေး သာယာသေးသလား....(သာယာပါတယ်ဘုရား)။

ဒါဖြင့် ဒီလူ နှစ်ယောက်ကလဲ အရိုးကို လေးရက်ဆင်း-လေးရက်တက် တောင်ကြီးဖြစ်အောင် လုပ်နိုင်တဲ့ စွမ်းရည်သတ္တိဟာ အဝိဇ္ဇာနဲ့ တဏှာ....(မှန်ပါ) ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

ဘယ်သူပါလိမ့်ဗျာ....(အဝိဇ္ဇာနဲ့ တဏှာပါ) ဘယ်လောက်ထိအောင် လုပ်နိုင်သတဲ့တုံး .... (လေးရက်တက်- လေးရက်ဆင်းဖြစ်အောင် လုပ်နိုင်ပါတယ်) လေးရက်တက်- လေးရက်ဆင်း အရိုးပုံအောင် သတ်နိုင်တယ်....(မှန်ပါ) သဘောပါပလား .... (ပါပါပြီဘုရား)။

ဒါကိုပင်လျှင် တကာကြွယ်တို့က အကြံဉာဏ်ကလေး ထုတ်လိုက်တော့ ဒီ.ပြင်လူအပေါ်မှာတောင်ကြားလုံးထုတ်လိုက်သေးတယ်....(မှန်ပါ) သတ်မည့်အဝိဇ္ဇာကလေးက ကိုယ့်သန္ဓာန်မှာ အထမြောက်လာတော့ သတ်မည့်အဝိဇ္ဇာကလေး အထမြောက်လာတော့ တကာသစ်ရေ- မင်းတို့လိုဖြင့် ဒီကောင်ဟာ စွံ့မှာ မဟုတ်ဘူးတဲ့....(မှန်ပါ.ဘုရား)။

အံမာလေး....ဖြစ်မှ ဖြစ်ရပလေ တကာတကာမတို့ မင်းတို့လို့ တော့ ဒီကောင်မစွံ့လို့ ဒီဌေဘယ်ကလာရမလဲကွ အစရှိသည်နဲ့ အဝိဇ္ဇာနဲ့ တဏှာကိုပင်လျှင် တကာသစ် မိတ်ဆွေကောင်းမှတ်ပြီး (မှန်ပါ.ဘုရား) တခါတည်း ခင်ဗျားတို့ ကျုပ်တို့ဘုရားတဆူ ဂူတလုံးလောက် အကြံကောင်းတချက်ဆိုတာ ပေါ်လာတယ်....(မှန်ပါ.)မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အေး....ဒါ.ကြောင့် တကာကြွယ်ရေ-မသိတာဟာ အဆိုးဝါးဆုံးဘဲ....(မှန်ပါ.ဘုရား)။

သတ်မှာက အဝိဇ္ဇာနဲ့တဏှာ....(မှန်ပါ့) သူ့နားက မခွါချင်တာက ကျုပ်တို့ အသတ်ခံလိုတဲ့ ပုထုဇဉ်မိုက်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပုထုဇဉ်မိုက်ကလဲ ဒီအနားက ခွါချင်ရဲ့လား.... (မခွါချင်ပါဘုရား) ဘယ်နှယ်ကြောင့် မခွါချင်တာတုံးဆိုတော့ တကာတကာမတို့ သေပွဲဝင်ရတာ ဝေးဝေး မဝင်ချင်ဘူး.... (မှန်ပါ့) နီးနီးနားနားကပ်ပြီး ဝင်ချင်လို့ သူတို့ကို အဖေါ်လုပ်ထားရတယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါလောက်တောင်ဘဲ ဆိုးဝါးတဲ့ဥစ္စာ လောကကြီးမှာ ဘယ်သူ ဆိုးပါတယ်ဆိုပြီးသော်လဲ တကာသစ်ရေ-လေးရက်တက် လေးရက်ဆင်းဖြစ်အောင် အရိုးပုံ့အောင် ဘယ်သူမှ မသတ်နိုင်ဘူး (မှန်လှပါဘုရား)။

ဘယ်သူဟာ လူမိုက်ကြီးဘဲဟေ့....၊ အင်မတန်မိုက်တဲ့ပုဂ္ဂိုလ် အနားမကပ်နဲ့ဆိုဦးတော့ လေးရက်တက် လေးရက်ဆင်း အရိုးတွေ့ စေ့နေအောင် ပုံ့နေအောင် သတ်နိုင်တဲ့ စွမ်းရည်သဏ္ဌိ ဘယ်သူမှ မရှိပါဘူး....(မရှိပါဘုရား)။

အဝိဇ္ဇာနဲ့ တဏှာ လူသတ်ယေကျိုး နှစ်ယောက်ကတော့ဖြင့် တကာတကာမတို့ လေးရက်တက် လေးရက်ဆင်း အရိုးပုံ့တွေကို ဘုရားတဆူကြားတွင် သတ်ပြမယ်ကွ....ဆိုတဲ့ဥစ္စာ သေသေချာချာပါတယ်....(ပါ-ပါတယ်ဘုရား) ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီဟာကို ရန်သူလား-မိတ်ဆွေလား ဆိုတာ ယနေ့ အကဲ ခတ်စမ်း.... (ရန်သူပါဘုရား)။

ရန်သူထဲမှာလဲ့ တကာတကာမတို့ အခု အနုမြူကြောက်စရာ ကောင်းသလား....တဲ့ သူတို့ ကြောက်စရာ ကောင်းသလား.... (သူတို့ ကြောက်စရာကောင်းပါတယ်ဘုရား)။

အနုမြူ-ဟိုက်ဒရိုဂျင် ဟုတ်လား....၊ ဒါတွေ့ ကြောက်စရာ မကောင်းလှပါဘူး၊ တခါဘဲ သတ်နိုင်တယ်.... (မှန်ပါ့) နှစ်ခါ သေအောင်တော့....(မသတ်နိုင်ပါဘုရား) သူတို့က ဘယ်နှစ်ခါ သေအောင် သတ်နိုင်သတုံး....(မရေမတွက်နိုင်အောင် သတ်နိုင်ပါ တယ်ဘုရား)။

ဒါဖြင့် ဦးလှဘူး,ရေ...လက်သည်တွေ့ပြီ....(တွေ့ပါပြီဘုရား) ကျုပ်တို့ ဘဝများစွာ သံသရာမှာ သေပွဲချည့်ဝင်ပြီး အရိုးပုံ-အောင် လုပ်နိုင်တာဖြင့် အဝိဇ္ဇာနဲ့ တဏှာဘဲ.... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမယ် ဒါဖြင့်....(သတ်ရပါမယ်ဘုရား) သတ် ရလိမ့်မနော် တကာတကာမတို့....(မှန်ပါ့)။

အကြီးစားရန်သူကိုဖြင့် ယနေ့ ဖမ်းပေးပါပြီ.... (မှန်ပါ့) ဇွတ်ကြပလား....(တွေ့ပါပြီဘုရား) ဘာတွေ့သတုံး....(အဝိဇ္ဇာနဲ့ တဏှာ တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာ၏ ဒုက္ခသစ္စာ မသိတာက အဝိဇ္ဇာ ... (မှန်ပါ့) ဒုက္ခသစ္စာမသိလို့ ရမ်းခင်နေတာက တဏှာ....(မှန်ပါ့)။

ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာက.... (အဝိဇ္ဇာပါဘုရား) မသိလို့ ရမ်းခင်နေတာက....(တဏှာပါဘုရား)။

အဲ... ခန္ဓာဒုက္ခသစ္စာလို့မသိ၊ မသိတော့ ရမ်းခင်၊ ရမ်းခင် တော့ နောက်ဘဝ ရမ်းဆုတောင်း၊ ရမ်းဆုတောင်းတော့ သေ ထည်ပေါ့....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အခုဘဝလဲ သေထည်ကြီးရှိလျက်နဲ့ နောက်ဘဝ သေထည်တွေ ဆုတောင်းတာလဲ အဝိဇ္ဇာနဲ့တဏှာဘဲ.... (မှန်ပါ့) မသိလို့ ဆုတောင်းသကိုးဗျ....(မှန်ပါ့) မသိလို့ ဆုတောင်းတော့ ဘာထည်ရပါလိမ့်....(သေထည်ရပါတယ်ဘုရား)။

အဲဒီ အသေထည်ကိုလဲ မသိပြန်ဘူး....၊ နောက်တခါ ဆုတောင်းပြန်တော့.... (သေထည်ဘဲရပါတယ်ဘုရား) ဒါဖြင့် အဝိဇ္ဇာ တဏှာ လက်ချက်ချည့်ဘဲ....(မှန်လှပါ) ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်သူ့လက်ချက်ပါလိမ့်.... (အဝိဇ္ဇာနဲ့ တဏှာလက်ချက်ပါဘုရား)။

သေသေချာချာ ဉာဏ်နှားနဲ့ထောင်ပါ တကာတကာမတို့၊ တသက်မှ တခါကြားရဘူးတရားမျိုးလောက်ဘဲ အရေးကြီးတယ် (မှန်လှပါဘုရား) တကာကြွယ် အရေးမကြီးဘူးလား- (ကြီးပါတယ်ဘုရား)။

ခင်ဗျားတို့သိတာကတော့ ဘာသိသတုံး၊ ဩော်....ရန်သူမျိုးငါးပါးများ မတွေ့ပါရစေနဲ့....(မှန်ပါ့) ဒါလောက်ဘဲ သိတယ် (မှန်ပါ့ဘုရား)။

ရန်သူမျိုးငါးပါးဖြင့် မတွေ့ပါရစေနဲ့ ဘုရား.... ဒါကိုဖြင့် တပည့်တော် အရေးအကြီးဆုံး ဆုတောင်းတာဘဲ.... (မှန်ပါ့ဘုရား)။

အင်း....အဝိဇ္ဇာနဲ့တဏှာဟာ လူသတ်ယောကျ်ားကြီး လို့သူနဲ့ ကင်းရပါလို့၏- ရှင်းရပါလို့၏ ပါရဲ့လား.... (မပါ-ပါဘုရား)။

ဒါဖြင့် ရှယ်တဲ့လူသာကြောက်တယ်၊ သတ်တဲ့လူကိုမကြောက်ဘူး....(မကြောက်ပါဘုရား)။။

ဒါနဲ့ ရှယ်တဲ့လူသာ ... (ကြောက်ပါတယ်ဘုရား) တကယ် သတ်မည့်လူကို.... (မကြောက်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မကြောက်သတုံးလို့ တကာကြွယ်-တကာသစ်တို့ကို မေးလို့ရှိယင် မသိလို့.... (မှန်ပါ့ဘုရား) မသိလို့ မကြောက်တာ.... (မှန်ပါ့ဘုန်း) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ တကာတကာမတို့ တော်တော်ရှင်းပါပြီတဲ့၊ ဘယ်သူ့သတ်မှ ရမယ်.... (အဝိဇ္ဇာနဲ့ တဏှာသတ်မှ ရမှာပါဘုရား)။

ဒါဖြင့်.... အဝိဇ္ဇာနဲ့ တဏှာသတ်လို့ ရှိယင်ဖြင့် ကျုပ်တို့ အိုဘေးကိုစွဲလဲပြီးပြီ....(မှန်ပါ့) နာဘေးကိုစွဲကော.... (ပြီးပါပြီဘုရား) သေဘေးကိုစွဲ....(ပြီးပါပြီ) အပါယ်ရောက်တဲ့ဘေးကိုစွဲ-(ပြီးပါပြီဘုရား)။

သြော်....ဒါဖြင့် ကျုပ်တို့ကိုသတ်တဲ့ရန်သူကို ကျုပ်တို့ ဉာဏ်ကောင်းနဲ့ ဝိပဿနာဉာဏ်,မဂ်ဉာဏ်နဲ့ တကာကြွယ်,ရေ- မသတ်သ၍ ကာလပတ်လုံးဖြင့် သူကချည့် သတ်နေမှာဘဲ.... (မှန်ပါ့ဘုရား)။

ကိုယ်က မသတ်ယင်.... (သူက သတ်မှာပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဘာ အရေးကြီးသတုံး.... လို့ မေးတော့ ကိုယ်က သတ်ဘို့အရေးကြီးတယ်....(မှန်ပါ့)။

ဘာအရေးကြီးသတုံး.... (ကိုယ်ကသတ်ဘို့အရေးကြီးပါတယ်ဘုရား)။

ကိုယ်ကသတ်ဘို့ဆိုတာလဲ ခင်ဗျားတို့က သိကို မသိဘူး.... (မှန်ပါ့ဘုရား)။

ကြည့်လေ....ခုနင်က ပြောခဲ့တယ်၊ တပည့်တော်ဖြင့်ဘုရား.... တကာသစ်ကလဲလျှောက်၊ ရန်သူမျိုးငါးပါး အကြောက်ဆုံးဘဲ-(မှန်ပါ့)။

ဟင်....အဝိဇ္ဇာနဲ့တဏှာ ကြောက်ရမှာ၊ သူက ဘာကြောက်နေသလဲ....(ရန်သူမျိုးငါးပါးကြောက်နေပါတယ်ဘုရား)။

ရေ... တဲ့ ဗျာ၊ ရေတက်ချင်မှတက်တာ ဘယ်ကြောက်စရာရှိသတုံး... (မှန်ပါ့) မင်း....တဲ့ဗျာ၊ မင်းမရှိတဲ့နေရာ သွားနေ ရသေးတယ်....(မှန်ပါ့) ခိုးသူတဲ့၊ ခိုးသူမရှိတဲ့နေရာ သွားနေယင် ရပါတယ်....(မှန်ပါ့) မချစ်မနှစ်သက်သောသူတဲ့၊ သူ့ကို ချစ်အောင်ပေါင်းယင် ချစ်ပါသေးတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒါတွေက တကယ် သတ်တာလား....တဲ့ ခင်ဗျားတို့ကို သေသေချာချာစဉ်းစားကြည့်လိုက်၊ အဲဒါက တကယ် ကြောက်စရာကောင်းတာလား၊ အဝိဇ္ဇာနဲ့ တဏှာကြောင့် အရိုး တောင်နှယ်ပုံ ရတာက.... (တကယ်ကြောက်စရာကောင်းပါတယ်ဘုရား) တကာကြွယ် ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဘာ ကြောက်စရာ ကောင်းသတုံး.... (အဝိဇ္ဇာနဲ့ တဏှာ ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီလို လုပ်ကြစမ်းပါ....၊ ရန်သူမျိုး ငါးပါးတော့ မကြောက်ပါဘူး၊ အဝိဇ္ဇာနဲ့တဏှာကို ပိုကြောက်ပါတယ် ဆိုတာ စိတ်ပြောင်းလိုက်ပါဦး... (မှန်ပါ့)။

တကာတကာမတို့ ဘာကို ပိုကြောက်ရမလဲ.... (အဝိဇ္ဇာနဲ့ တဏှာကို ပိုကြောက်ရပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့တဏှာဖြင့် မြန်မြန်ကြီး ချုပ်တဲ့နည်း သိမ်းတဲ့နည်းကို တပည့်တော်တို့ ရန်သူအစစ်ဖြစ်နေလို့ တပည့်တော်တို့ အဲဒီနည်းကိုသာ အရေးတကြီး မြန်မြန် ပေးပြီးသကာလ တပည့်တော်တို့ အိုပဲ့, နာပဲ့, သေပဲ့, အပါယ်ပဲ့တွေမှ လွတ်ရအောင် ဒီနှစ်ခုဖြင့် အရေးတကြီးသတ်တဲ့ နည်းပေးပါဆိုတာသာ ခင်ဗျ**ား**တို့ လျှောက်ဘို့ အရေးကြီးတယ်.... (မှန်ပါ့) ဒီ့ပြင် ဘာမှ အရေးမကြီးတော့ဘူး....(မှန်ပါ့)။

တကာတကာမတို့ စီးပွားရေးရှိတယ်၊ စီးပွားပေးလိုက်မယ်၊ ဘုန်းကြီးကဘဲ သိမ်းတရာလောက် ပေးလိုက်မယ်.... (မှန်ပါ့) ဒီသိန်းတရာ ပေးပေမဲ့လဲ သေဦးမှာဘဲ.... (သေရမှာပါဘုရား) မဟုတ်ဘူးလား၊ နှစ်ရာပေးလဲ.... (သေရမှာပါ) နှတ်ပြည်တင် ပေးလိုက်တယ်.... (သေရမှာပါဘုရား) ဗြဟ္မာပြည်ပို့ ပေးလိုက်မယ်.... (သေရမှာပါဘုရား) ကဲ....အရိုးကြီးပွားရေးဘက် ပြန်လှည့်တယ်....(မှန်ပါ့)။

ဘာ အသုံးကျသတုံး တကာကြွယ်.... (ဘာမှအသုံးမကျပါဘုရား) ဘာမှအသုံးမကျဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ခင်ဗျားတို့ ရှေ့တောင်လဲ မပေါက်ချင်ပါနဲ့... (မှန်ပါ့) ရှေ့တောင်ပေါက်ယင် ရှေ့တောင်ပို့ သေဦးမှာ....(မှန်ပါ့)။

ရှေ့တောင်ပေါက်ယင် .. (ရှေ့တောင်ပိုသေမှာပါဘုရား) ရှေ့တောင်ကိုခင်တဲ့ အခါကျတော့ ရှေ့တောင်အောက်မှာ ပြိုတ္တာသွားဖြစ်တယ်... (မှန်ပါ့ဘုရား) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အရေးတကြီး အလိုရှိတဲ့ဥစ္စာဖြင့် ကိုယ့်အသက်သတ်မည့် ရန်သူနှစ်ယောက်ကို ကိုယ်သတ်နိုင်တဲ့ နည်းကို ပေးဘို့ရာဟာ အရေးအကြီးဆုံးအချက် အလိုချင်ဆုံးအချက် မှတ်ကြပါ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာအလိုချင်ဆုံး အချက်ပါလိမ့် အဝိဇ္ဇာတဏှာကို သတ်တဲ့ နည်းကို အလိုချင်ဆုံးအချက်လို့ မှတ်လိုက်....(မှန်ပါ့)။

အဝိဇ္ဇာတဏှာသတ်တဲ့နည်းကို.... (အလိုချင်ဆုံး အချက်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာနဲ့တဏှာသတ်ကြပါစို့နော်....(မှန်ပါ့)။

ခုနင်က ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောတဲ့စကားကလေး ပြန်မှတ်လိုက်....(မှန်ပါ့) သမုဒ္ဒရာရေ ခန်းခြောက်စရာမြင်တယ်၊ အဝိဇ္ဇာတဏှာ မသေတဲ့ပုဂ္ဂိုလ်မှာ အရိုးတောင်နှယ်ပုံ့ တဲ့ဇာတ် မသိမ်းနိုင်ဘူး....(မှန်ပါ့ဘုရား)။

မြင်းမိုရ်တောင်ကြီး ပျောက်စရာရှာမြင်တယ်၊ **အဝိဇ္ဇာတဏှာ** **မသေတဲ့ပုဂ္ဂိုလ်မှာ** **အရိုးတောင်ပုံ** ပျောက်ဘို့ မမြင်ဘူး.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

နှစ်သိန်းလေးသောင်းရှိတဲ့ မဟာပထဝီ မြေကြီးဟာ ပျောက်**စရာ**, ပျက်စရာ မြင်တယ်...၊ ကမ္ဘာ**ပျက်**တော့ ပျောက်သေးတယ်....(မှန်ပါ့) **အဝိဇ္ဇာတဏှာ** **မသေတဲ့ပုဂ္ဂိုလ်မှာ** **အရိုး**တောင်**နှယ်ပုံ** ပျောက်စရာမမြင်ဘူး....(မှန်ပါ့)မပါဘူးလား.... (ပါ-ပါ့တယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတက်ဘမတို့ နာရီကလဲ နီးလာတော့ **အဝိဇ္ဇာတဏှာသတ်နည်း** **နိဿယည်း**ကို ပြကြစို့.တော့-(မှန်ပါ့) **အဝိဇ္ဇာနဲ့တဏှာသတ်နည်း** **နိဿယည်း**ဟာ **အလုပ်ခွင်ဝင်မှုရ**မယ်...(မှန်ပါ့)။

ဘယ်လိုမှုရမှာပါလိမ့်-(**အလုပ်ခွင်ဝင်**မှုရမှာပါဘုရား)**အလုပ်**ခွင်ဝင်ရမယ်ဆိုတော့ဘြော်.... **တ**ပည့်တော်တို့ဘုရားကိုယ့်**အိမ်နား**ကိုယ်ကမ္ဘဏ္ဍာန်းကျောင်းကလေးဆောက်ပြီးသကာလ**တ**ပည့်တော်တို့ အဲဒီ.နေရာဘဲ ကျောင်းကန်မလာနိုင်ယင် ဒီလိုအ**လုပ်ခွင်ဝင်**ရမှာလားဆိုတော့ ဒီလိုမဟုတ်ပါဘူး.... (မှန်ပါ့)**ခန္ဓာထဲ ဉာဏ်**ဆ**ုင်**ားတာဟာ **အလုပ်ခွင်** ဝင်ရတာဘဲ.... (မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး.... (**ခန္ဓာ**ထဲ ဉာဏ်ဆ**ုင်**ားတာ**ဟာ** **အ**လုပ်ခွင်ဝင်**တာ**ပါဘုရား)။

လ**ုယ်**ပြီ....လ**ုယ်**ပြီ... လ**ုယ်**ပြီ....၊ **တ**ကာ**ကြ**ုယ် ပေါ်လာတယ်-(မှန်ပါ့) **ခ**န္ဓာ**ထ**ဲ ဉာ**ဏ်**ဆ**ုင်**ားနိုင်လို.ရှိယင်ဖြင့်.... (**အ**လုပ်ခွင်ဝင်

တာပါဘုရား) အလုပ်ခွင်ဝင်တာ အစစ်ပါဘဲဆိုတာ သေချာ ကြပလား....(သေချာပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာဘကာမတို့ ခန္ဓာထဲ ဉာဏ်သွင်းကြစို့ (မှန်ပါ)။

အဘိဇ္ဈာနဲ့ တဏှာသတ်ချင်ယင် ဘာလုပ်ရမယ်.... (ခန္ဓာဉာဏ်သွင်းရပါမယ်ဘုရား) သြော်... ခန္ဓာနဲ့ဉာဏ်နဲ့ တည့်ပေးရမယ်နော်....(မှန်ပါ့ဘုရား) ခန္ဓာထဲ ဉာဏ်သွင်းပေးရမယ်.... (မှန်ပါ့ဘုရား)။

သို့သော် ဒီဥစ္စာ ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ရှိယင်လဲ ခန္ဓာထဲကို ဉာဏ်သွင်းလိုက်ငြားသော်လဲ တကာတကာမတို့ ကမ္မဿကတဉာဏ်လောက် သွင်းလိုက်ယင် မရဘူး....(မှန်ပါ့ဘုရား)။

ဒါ· သဘောနော်....(မှန်ပါ့) တကာကြွယ် အခုပြောတာ သဘော.... (မှန်ပါ့) ကမ္မဿကတဉာဏ်လောက်နဲ့ ခန္ဓာထဲ သွင်းလိုက်ယင် မရဘူး....(မှန်ပါ့)။

ကမ္မဿကတဉာဏ်နဲ့ ခန္ဓာထဲသွင်းတာကလေး နည်းနည်းကလေး နားထောင်ကြည့်ပါဦး....(မှန်ပါ့ဘုရား)။

သြော်....ဒီဘဝမှာ ကိုယ်လှလဲလှတယ်၊ ဝလဲဝတယ်၊ပစ္စည်းလဲပေါတယ်.... (မှန်ပါ့) ကိုယ့်ခန္ဓာထဲ ကိုယ့်ဉာဏ်ကလေးသွင်းလိုက်တော့....(မှန်ပါ့)။

အင်း.... ဒီဥစ္စာကလေးသည်ကားလို့ဆိုယင် ကိုယ်ကောင်းတာလုပ်လို့ ကောင်းကျိုးပေးခဲ့တာ၊ ဒီဟာကလေးအဟောင်း

ကလေး ကုန်သွားယင် ရှေ့အသစ်မရယင် ခက်ချည်သေးရဲ့.... (မှန်ပါ့)။

လှူးဦးမှာဲ, ပေးဦးမှာဲ, တန်းဦးမှာဲ, ဒီခန္ဓာမျိုး ဒီ့ထက်ကောင်းတဲ့ ခန္ဓာကြီးရအောင်ဆိုတဲ့ အဲဒီ ကမ္မဿကတဉာဏ်သွင်းလို့ရှိယင်လဲ အရိုးပုံဦးမှာဘဲ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်ပါပြီဘုရား) ဒါလောက်နဲ့လဲ မရသေးဘူး.... (မှန်ပါ့ဘုရား)။

ကမ္မဿကဘဉာဏ် သွင်းရုံနဲ့လဲ....(မရသေးပါဘုရား) တော်တော်အရေးကြီးတဲ့ စကားလို့ မှတ်ပါ.... (မှန်ပါ့ဘုရား)။

တကာကြွယ် နားကြီးကြီးနဲ့ ထောင်မှုရမယ်.... (မှန်ပါ့) ကမ္မဿကတဉာဏ်လောက် ခန္ဓာထဲ သွင်းရုံနဲ့ဖြင့် အရိုးကြီးပွားရေးဘဲ ရှိသေးတယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့် တကာသစ်.... (ကမ္မဿကတဉာဏ်လောက် ခန္ဓာထဲသွင်းရုံနဲ့ဖြင့် အရိုးကြီးပွားရေးဘဲရှိပါသေးတယ်ဘုရား)။

ကမ္မဿကတဉာဏ်ဆိုတာ ဒီဘဝ ကိုယ်ချမ်းသာကျမ်းမာပြီးနေတယ်၊ နောက်ဘဝ ဒီ့ထက် ကျမ်းမာ ချမ်းသာတဲ့ ခန္ဓာမျိုးရချင်တယ်ဆိုတော့ ဒီအရိုးပေါ် ဟိုအရိုးဆင့်မှာဘဲ.... (မှန်ပါ့) မဆင့်ပေဘူးလား....(ဆင့်ပါတယ်ဘုရား)။

အဲဒီဉာဏ်လောက်နဲ့လဲ တကာတကာမတို့ အရိုးကြီးပွားရေးဇာတ် မသိမ်းသေးဘူး....(မသိမ်းသေးပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်ဉာဏ် သွင်းရမှာပါလိမ့်မတုံးဆိုတာ ပေါ်လာတယ်....(မှန်ပါ့) တကာကြွယ် အပြောမလွယ်ဘူးနော်....(မှန်ပါ့ဘုရား)။

မလွယ်ဘူး.... မလွယ်ဘူး....၊ ခင်ဗျားတို့သိတဲ့ဥာဏ်က ကမ္မ ဿကတဥာဏ်ကလေးလောက်နဲ့ နေကြတာ.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီဥာဏ်ကို အသာချိတ်ထား.... (မှန်ပါ့) တကာတကာမတို့ အရိုးကြီးပွားရေးဇာတ် တကယ်သိမ်းချင်လို့ ရှိယင်ဖြင့် သစ္စာနုလောမိကဥာဏ်သွင်းပါ... (မှန်ပါ့)ပေါ်ပြီ- (ပေါ်ပါပြီဘုရား)။

ဘယ်ဥာဏ်သွင်းရမလဲ.... (သစ္စာနုလောကမိကဥာဏ် သွင်း ရပါမယ်ဘုရား)။

ဒီတလုံးတည်း ဟောမှာပါ တကာတကာမတို့ ဒီတလုံးတည်း သြော်.... ဒို့-ဒီနေ့ တောင်မြို့လာပြီးသကာလ တရားနာ၊အဝေး ကြီးကလာကြ၊ ဘာမျှားဒို့ပါမတုံး...၊ အို....**သစ္စာနုလောမိက ဥာဏ် ခန္ဓာထဲသွင်းဆိုတာကလေး** **တလုံးပါယင် ကြိုက်ပြီ-** (မှန်ပါ့) **ရှင်းပလား**....(ရှင်းပါပြီဘုရား)။

ဘယ်ဥာဏ်ယူရမှာတုံး.... (သစ္စာနုလောမိကဥာဏ် ယူရမှာ ပါဘုရား) အဲ.... သစ္စာနုလောမိကဥာဏ်ကို ခန္ဓာထဲသွင်းလိုက် ပါ (မှန်ပါ့)။

ဘယ်ဥာဏ်ကို ဘယ်အထဲသွင်းရမယ်.... (သစ္စာနုလောမိက ဥာဏ်ကို ခန္ဓာထဲ သွင်းရပါမယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ ဒီတလုံးကို တကာတကာမတို့၊သစ္စာ နုလောမိကဥာဏ်နဲ့ ခန္ဓာထဲသွင်းပါ.... (မှန်ပါ့) သစ္စာနု လောမိကဥာဏ်ကို ခန္ဓာထဲသွင်းပါ....(မှန်ပါ့) မှတ်မိကြပလား- (မှတ်မိပါပြီဘုရား)။

ပြောကြစမ်းပါဦး ဘာတဲ့ .... (သစ္စာနုလောမိက ဥာဏ်ကို ခန္ဓာထဲသွင်းရပါမယ်ဘုရား)။

သြော်... ဒါဖြင့် အဲဒီ့ခန္ဓာထဲ သစ္စာနှုံလောမိကဉ္ဘာဏ် သွင်းလိုက်လို့ရှိယင်ဖြင့် အဝိဇ္ဇာကဝိဇ္ဇာဖြစ်တယ်... (မှန်ပါ့)တဏှာက အလိုလိုသေတယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာက....(ဝိဇ္ဇာဖြစ်ပါတယ်) တဏှာက.... (အလိုလိုသေပါတယ်) ဟာ... ဒါဖြင့် အဝိဇ္ဇာ,တဏှာချုပ်တယ် .... (မှန်ပါ့ဘုရား)။

သစ္စာနှုလောမိကဉ္ဘာဏ် သွင်းနိုင်လို့ရှိယင် လူသတ်သမားနှစ်ယောက်သေပြီ....(မှန်ပါ့ဘုရား) အရိုးကြီးပွားရေးလုပ်တဲ့လူနှစ်ယောက်ကိုဖြင့် ဒို့က အနိုင်ယူပြီ....(မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ် ဘယ်လောက်အရေးကြီးသတုံး....(ကြီးပါတယ်ဘုရား)အင်မတန်အရေးကြီးပါတယ်ဆိုတာ တကာတကာမတွေ့ သိတဲ့အတိုင်းဘဲ၊ ပေါ်လောက်ပါပြီ- (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ကိုယ့်ဉာဏ် ဘယ်အထဲ လှည့်ရမယ်....(ခန္ဓာထဲ လှည့်ရပါမယ်) ဘယ်ဉာဏ်နဲ့လှည့်ရ**မလဲ** (သစ္စာနှုလောမိကဉ္ဘာဏ်နဲ့ လှည့်ရပါမယ်)ကမ္မဿတကဉ္ဘာဏ်နဲ့ သွားမလှည့်နဲ့၊ မရသေးဘူးတဲ့....(မှန်ပါ့ဘုရား)။

ကမ္မဿကတဉ္ဘာဏ်နဲ့ မလှည့်ပါနဲ့ တကာကြွယ်....(မှန်ပါ့) ဉာဏ်တွေက မျှားလွန်းလို့ ပြောရပါတယ်.... (မှန်ပါ့ဘုရား)။

ဉာဏ်တွေက မျှားလွန်းလို့ ဘယ်ဉာဏ်နဲ့ ဘယ်အထဲလှည့်ရမတုံး .... (သစ္စာနှုံလောမိကဉ္ဘာဏ်နဲ့ ခန္ဓာထဲ လှည့်ရပါမယ်ဘုရား)။

သြော်... ဒါဖြင့် တကာသစ်ရေ·ဟောဒီ့တလုံးဟာသာသနာတွင်းတရားလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဒီတလုံးဟာ .. (သာသနာတွင်း တရားပါ)သာသနာတွင်း တရားလို့ တခါတည်း ထိပ်သံမှိုန့်သလို မှတ်ထားလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဒီတလုံးရလို့ရှိယင် ခင်ဗျားတို့၏ သူသတ်သမားနှစ်ယောက်ဟာ ခင်ဗျားတို့ကို သတ်စရာမရှိဘူး၊ ခင်ဗျားတို့က သတ်ပစ်လိုက်တဲ့အတွက် ကျုပ်တို့မှာ အရိုးသိမ်းတဲ့ ကိစ္စပြီးသွားပြီ .... (မှန်ပါ့) အရိုးတောင်နှယ်ပုံတဲ့ကိုစ္စ ဇာတ်သိမ်းပါပြီ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အရိုးသိမ်းတယ်ဆိုတော့ ခန္ဓာသိမ်းတယ်....(မှန်ပါ့) ခန္ဓာသိမ်းတာသည် နိဗ္ဗာန်ဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ခန္ဓာသိမ်းတာသည်(နိဗ္ဗာန်ပါ)ကိုင်း....ဒါဖြင့် ဘယ်ဥာဏ်က ဘယ်အထဲလှည့်ကြမယ် .... (သစ္စာနုလောမိကဥာဏ်က ခန္ဓာထဲလှည့်ရပါမယ်ဘုရား)။

အဲ....နေရာကျပြီ- နေရာကျပြီ၊ တကာတကာမတို့ ဒီတလုံးလေးကို ဒီတရားပွဲမှာ လူတွေ့လဲ အင်မတန်မှမျှားပါတယ် .... (မှန်ပါ့)ဩော်....ဘယ်နေရာမှာ ငါတို့သည်ကားလို့ ဆိုယင်ဖြင့် အအိုဇာတ်, အနာဇာတ်, အသေဇာတ်ကို ဘယ်ကနေသိမ်းရမှာတုံးဆိုတာ မသိဘဲနေမှာ စိုးတဲ့အတွက် ယခုဖြင့်သိသွားပြီ.... (မှန်ပါ့) သစ္စာနုလောမိကဥာဏ်နဲ့ ခန္ဓာသွင်းလိုက်ယင် ပြီးရော (မှန်ပါ့ဘုရား)။

သစ္စာနု လောမိကဥာဏ်နဲ့- (ခန္ဓာသွင်းလိုက်ယင်ပြီးပါတယ်) တလုံးတည်းနဲ့ပြီးတယ်....(မှန်ပါ့) တယ်လဲ အဘိုးတန်ပါလား တကာတကာမတို့....(မှန်ပါ့ဘုရား)။

ကဲ .... အခု နာရီသည်ကားလို့ ဆိုယင် တကာတကာမတို့ အင်မတန်မှုမျှားသွားပြီ၊ အခု ဘယ်နှစ်လုံးရပလဲ .... (တလုံးဘဲ ရပါသေးတယ်)အင်း....ဘယ်ထဲ ဘယ်ဟာသွင်းရမလဲ....(ခန္ဓာထဲ သစ္စာနုလောမိကဉာဏ် သွင်းရပါမယ်ဘုရား)။

သစ္စာနဲ့လျော်ဘဲ့ ဉာဏ်ကို ခန္ဓာထဲသွင်းလိုက်ပါ .... (မှန်ပါ့ ဘုရား)။

သစ္စာနဲ့လျော်တဲ့ဉာဏ်ကို .... (ခန္ဓာထဲ သွင်းလိုက်ရပါမယ်) ခန္ဓာထဲသွင်းလိုက်တဲ့ အခါကျတော့ သစ္စာနဲ့လျော်တဲ့ ဉာဏ်က ဝိဇ္ဇာ....(မှန်ပါ့) အဝိဇ္ဇာချုပ်သွားတယ်.... (မှန်ပါ့) ခန္ဓာထဲ သွင်းလိုက်တဲ့ အခါကျတော့ ခန္ဓာထဲမှာက ဖြစ်ပျက်တွေ့တွေ့ တယ်....(မှန်ပါ့) ဖြစ်ပြီး ပျက်တာတွေ့တွေ့နေတော့ လိုချင်သေး သလား....(မလိုချင်ပါ) ဒါဖြင့် လိုချင်တဲ့တဏှာ ဘယ်နှယ်နေ သလဲ....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သစ္စာနုလောမိကဉာဏ် တလုံးရလိုက်တာနဲ့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပြီး တဏှာက အလိုလိုသေတယ်.... (မှန်ပါ့ဘုရား)။

အရိုးတောင်နှယ်ပုံအောင် သတ်နိုင်တဲ့ တရားနှစ်ခုကို ကျုပ် တို့က အနိုင်ယူလို့ တကာတကာမတို့ ကိုစ္စပြီးပါပြီ.... (ပြီးပါပြီ ဘုရား)။

သိပ်အဘိုးတန်ပါလား- တကာကြွယ်ရေ .... (တန်ပါတယ် ဘုရား)။

နောက်က တကာတကာမတွေ လာကျိုးနပ်ကြရဲ့လား .... (နပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာထဲ သစ္စာနှုလောမိကဉာဏ် သွင်းကြပါစို့....(မှန်ပါ) သိပ်အရေးကြီးလာပြီနော် .... (မှန်ပါ ဘုရား)။

တကာတကာမတွေ့ အခု နောက်ပြောမည့် စကားဟာ အလွန်အရေးကြီးလာပြီ.... (မှန်ပါ) သေသေချာချာ ကြည့်ပြီး သေသေချာချာလဲ နားထောင်ပါ ..(မှန်ပါဘုရား)။

ခန္ဓာထဲ ဘာသွင်းရမှာပါလိမ့် .... (သစ္စာနှုလောမိကဉာဏ် သွင်းရမှာပါဘုရား)။

သေသေချာချာ မှတ်ပါ၊ အိမ်ကျတော့ ခင်ဗျားတို့ ဒို့သည် ဒို့သတ်တဲ့ရန်သူကို ဒို့ကပြန်သတ်ချင်လို့ ရှိယင်ဖြင့် ဘာလုပ်ရ မှာတဲ့တုံး .... (သစ္စာနှုလောမိကဉာဏ်ကို ခန္ဓာထဲသွင်းရပါမယ် ဘုရား)။

ဟာ....တကာသစ် သေပျော်တဲ့တရား....(မှန်ပါ)သေပျော်တဲ့ တရားပါ တကာကြွယ်တို့- ဦးလှဘူးတို့ ...(မှန်ပါဘုရား)။

နောက်က တကာတကာမတွေ့ ဘယ်လိုမျှားအောက်မေ့ကြ သလဲ....(သေပျော်တဲ့ တရားပါဘုရား)။

ဩော်....သေပျော်တဲ့တရားဆိုတာ ဒါရပြီးလို့ရှိယင် သေချင် သေ၊ အရိုးကြီးပွားရေးမှ မရှိတော့ဘဲ ..(မှန်ပါ) သူမျှားပါးစပ် ထဲမှာ ဝိညာဏ်ချုပ်ရတဲ့ ကိုစ္စရှိသေးရဲ့လား....(မရှိပါ) အပါယ် လေးပါးရောက်ရမည့် ကိုစ္စတွေ့ကော....(မရှိပါ) သူတို့ပို့နေ တာမျှ....(မှန်ပါဘုရား)။

အဝိဇ္ဇာနဲ့ တဏှာက အရိုးတောင်နှယ်ပုံအောင် ပို့တာလဲ သူတို့ဘဲ... (မှန်ပါ) အပါယ်လေးပါး ပို့လိုက်တာလဲ.... (သူတို့ ပါဘဲဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

နည်းနည်းကလေး ရှင်းပြပါမယ်တဲ့ တဏှာကပိုလို့ တကာ တကာမတွေ သားကလေးက ဒီဘက်က၊ ဒါက သားကလေး ထားပါတော့ .... (မှန်ပါ့) သားကလေးကို ခင်လိုက်တာက တဏှာမနေဘူးလား.... (နေပါတယ်) သားကလေး မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခင်မှုကလေး မလာဘူးလား .... (လာပါတယ်)ခင်တာက ဘာခေါ်ကြမယ်....(တဏှာပါဘုရား) တဏှာပစ္စယာ....(ဥပါဒါနံပါ) ဥပါဒါနပစ္စယာ .... (ကမ္မဘဝ ပါဘုရား) ဟော....ကံဖြစ်ပြီနော်....(မှန်ပါ့ဘုရား)။

ကဲ....ကမ္မဘဝပစ္စယာဆိုတော့ အပါယ်လေးပါး ဇာတိ.... (မှန်ပါ့)ဒါ တဏှာကပို့လိုက်တာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်သူက ပို့လိုက်တာတုံး.... (တဏှာက ပို့လိုက်တာပါဘုရား)။

ဩော်....တဏှာကပို့လိုက်တော့ ဒီဘဝသေတာလဲ တဏှာ သတ်တာဘဲ....(မှန်ပါ့) ဟိုဘဝသေတယ်ဆိုတာကော....(တဏှာ သတ်တာပါ) တဏှာသတ်တာဘဲဆိုတော့ ဩော်....အတော်ဆိုး ပါကလားဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ.... တခါ တကာတကာမတို့ စဉ်းစားပါဦးတဲ့၊ ဒီခန္ဓာ ငါးပါးသားကလေးကို ခန္ဓာငါးပါးရယ်လို့ မသိဘူး... (မှန်ပါ့) ဖြစ်ပျက်ရယ်လို့ မသိဘူး....(မှန်ပါ့) မသိတာက ဘာခေါ်မယ် (အဝိဇ္ဇာပါ) အဝိဇ္ဇာဖြစ်ပြီ၊ အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါ) သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား)။

ဟော....ဝိညာဏ်ဆိုတော့ တကာတကာမတို့ နောက်ဘဝ ခန္ဓာသေထည်ပေါ်လာတာ.... (မှန်ပါ့) ဒါက အဝိဇ္ဇာကြောင့်

သေထည်ပေါ်တယ် .. (မှန်ပါ့)ခုနင်က ပြောခဲ့တာက....(တဏှာ ကြောင့်ပါ) တဏှာကြောင့် သေထည်ပေါ်တယ်... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

သြော်....အဝိဇ္ဇာကြောင့် ဘာပေါ်ပြန်သတုံး.... (သေထည် ပေါ်ပါတယ်) တဏှာကြောင့် (သေထည်ပေါ်ပါတယ်ဘုရား)။

ဒီလို သေထည် ပေါ် တာ ဟာ ယခုဘဝ ပေါ် ထားတာလဲ သူ့ကြောင့်....(မှန်ပါ့) နောက်ထပ်ပေါ်ပြန်တာလဲ .... (သူ့ ကြောင့်ပါ)ဒါဆိုတော့ သံသယရှိဘို့လိုသေးသလား.... (မလိုပါ ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာမသေသချေ ကာလပတ်လုံး ဘုရား သခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ဒုက္ခဆုံးလိမ့်မယ်လို့ ငါမြင် ဘူးတဲ့(မှန်ပါ့) ဆိုတဲ့ ပင်ကိုယ်စကားဟာ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ့တကာမတို့ သူ့သိမ်းချင်လို့ ရှိယင် ဘာလုပ်ကြမလဲ.... (သစ္စာနုလောမိကဉာဏ် ခန္ဓာထဲသွင်းရုပါ မယ်ဘုရား)။

ဒီတလုံးကလေးဟာ သိပ်အကိုးတန်တယ်နော်.... (တန်ပါ တယ်ဘုရား)။

တကာကြီယ် ဘာဘဲ့တုံးဗျ....(သစ္စာနုလောမိကဉာဏ်ခန္ဓာထဲ သွင်းရုပါမယ်ဘုရား)။

သစ္စာနုလောမိကဉာဏ် ခန္ဓာထဲသွင်းကြပါ တကာ့တကာ့မ တို့... (မှန်ပါ့ဘုရား)။

သစ္စာနုလောမိကဉာဏ်.... (ခန္ဓာထဲ သင်းရပါမယ်ဘုရား) ခန္ဓာက မိမိခန္ဓာ.... (မှန်ပါ့) မိမိခန္ဓာထဲကို မိမိဉာဏ်နဲ့တည့် အောင်သင်း.... (မှန်ပါ့) ဘယ်ဉာဏ်တုံးမေးတော့ သစ္စာနဲ့ လျော်တဲ့ ဉာဏ်နဲ့တည့်ပါ.... (မှန်ပါ့) ကမ္မဿကတဉာဏ် လောက်တော့ သွားမတည့်နဲ့....(မှန်ပါ့)။

ဉာဏ်က အမျိုးမျိုးရှိပါတယ်၊ ဉာဏ်ငါးမျိုးတောင်ရှိတယ်၊ ရှည်သွားမှာစိုးလို့ တကားတကာမတို့ အခုမှတ်မိတဲ့ တလုံး ကလေးကို အိမ်ကျယင် ဒါကလေးနဲ့ ပြော... သစ္စာနုလောမိက ဉာဏ်နဲ့ခန္ဓာထဲသင်းလိုက်ယင် ပြီးတာဘဲ....ဆိုတော့ ဒီတလုံးကျန် ယင် တကားကြွယ် သေပျော်ပြီ....(မှန်ပါ့)။

တကားတကာမတို့ အိမ်ကျတော့ စဉ်းစားတော့ ဒို့သတ်နေ တဲ့ အဝိဇ္ဇာတဏှာကို ဒို့ကနိုင်ချင်ယင် ဘာလုပ်ရမလဲ.... (သစ္စာ နုလောမိကဉာဏ်ကို ခန္ဓာထဲ သင်းရပါမယ်) ဒီတလုံးအဘိုးတန် လိုက်တဲ့ဖြစ်ခြင်း....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒါဟာ ခင်ဗျားတို့သန္တာန်မှာဘုရားပွင့်နေ တယ် မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့သန္တာန်မှာ ဘာဖြစ်နေသတုံး.... (ဘုရားပွင့်နေပါ တယ်ဘုရား)။

သိပ်အဘိုးတန်တယ်၊ ဘုရားပွင့်လဲ ဒါဘဲ ဟောတာဘဲ.... (မှန်ပါ့) ဘုန်းကြီးကလဲ ဘုရား၏ တပည့်သားမို့ ဘုရားစကား ကို တလုံးမှကျော်မဟောဘူး၊ ဒါဘဲဟောတာဘဲ....(မှန်ပါ့)ရိုပ်မိ ပလား....(ရိုပ်မိပါပြီဘုရား)။

ကဲ...ဒါဖြင့် ဥာဏ်သွင်းကြစို့... ၊ ဥာဏ်သွင်းကြစို့....၊ ဥာဏ်သွင်းကြစို့....။

ဥာဏ်ဆိုတာ တကာတကာမတို့ ဘယ်တော့မှ သူချည့် သက်သက်မဖြစ်ကောင်းဘူး....(မှန်ပါ့) ဥာဏ်ဆိုတာ သမ္မာဒိဋ္ဌိ၊ သူနဲ့အဖေါ်က သမ္မာသင်္ကပ္ပ... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီ) သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၊ ဥာဏ်နဲ့ တကာတကာမတို့ လေးခုနဲ့ တွဲနေတယ်....(မှန်ပါ့)။

အဲဒါ စာလိုသုံးလိုက်တော့ လောကီမဂ္ဂင်ငါးပါး.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

စာလိုသုံးလိုက်တော့.... (လောကီ မဂ္ဂင်ငါးပါးပါဘုရား) အဲဒီ လောကီမဂ္ဂင်ငါးပါးထဲမှာ ဘယ်သူဦးစီးနေသတုံး ကြည့်လိုက်တော့ သမ္မာဒိဋ္ဌိဦးစီးနေတယ်.... (မှန်ပါ့) ဒါ သမ္မာဒိဋ္ဌိ ဥာဏ်ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီဥာဏ်နဲ့ ခင်ဗျားတို့ ခန္ဓာငါးပါးရှိတယ်တဲ့၊ တကာတကာမတို့နော်....(မှန်ပါ့) ခင်ဗျားတို့မှာ ခန္ဓာငါးပါးရှိတယ်၊ အဲဒီ ခန္ဓာငါးပါးထဲ သွင်းလိုက်ပါ.. (မှန်ပါ့)။

တကာတကာမတို့မှာ လက်ရှိက ဘာပါလိမ့်....(ခန္ဓာငါးပါးပါဘုရား)။

ဟာ...ဒါဖြင့် ဒီခန္ဓာငါးပါးထဲကို ခင်ဗျားတို့၏ သစ္စာနဲ့ လျော်တဲ့မဂ္ဂင်ငါးပါးကို သွင်းလိုက်ပါ.... (မှန်ပါ့)သဘောကျပလား ....(ကျေပါပြီဘုရား)။

သစ္စာနဲ့လျော်တဲ့ မဂ္ဂင်ငါးပါးကို... (သွင်းလိုက်ပါ) သွင်းရလိမ့်မယ် တကာသစ်ရေ...(မှန်ပါ့)မသွင်းယင် အဝိဇ္ဇာနဲ့ တဏှာ ဘယ်နှယ်တုံး....(လာပါတယ်ဘုရား)။

အဝိဇ္ဇာတဏှာရှိနေမှာဘဲ.... (မှန်ပါ့) ရှိနေယင် ခင်ဗျားတို့ အရိုးတောင်နှယ်ပုံ လေးရက်တက် လေးရက်ဆင်း လုပ်မှာဘဲ.... (မှန်ပါ့)သခင်ဘာကျပလား....(ကျေးဇူးပြုဘုရား)။

ဒါဖြင့် တကာတကာမတို့ အရေးတကြီးဘဲ၊ ဩသြာ.... ဒါက ဒို့ခန္ဓာငါးပါး ရူပကွန္ဓာ, ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ,ဝိညာဏကွန္ဓာ... (မှန်ပါ့)။

ဒါက ဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) ဘယ်သူ၏ ခန္ဓာငါးပါးပါလိမ့်.... (တပည့်တော်တို့၏ ခန္ဓာ ငါးပါးပါ ဘုရား)။

အဲ....တကာမဖြင့် တကာမ၏ ခန္ဓာငါးပါး.... (မှန်ပါ့) တကာဖြင့်....(တကား၏ ခန္ဓာငါးပါးပါဘုရား)။

အဲဒီ ခန္ဓာငါးပါးထဲမှာ ခင်ဗျားတို့ ယခု ဘုန်းကြီးပေးတဲ့ သစ္စာနုလောမိကဉာဏ်ကလေး သွင်းလိုက်ပါ.... (မှန်ပါ့)။

ဘာသွင်းရမလဲ.... (သစ္စာနုလောမိကဉာဏ် သွင်းရပါမယ် ဘုရား)။

ကဲ... ဒါဖြင့် သစ္စာနုလောမိကဉာဏ်ဆိုတာလဲဟုတ်တာဘဲ.... (မှန်ပါ့) ဝိပဿနာဉာဏ်ဆိုယင်လဲ....(ဟုတ်ပါတယ်ဘုရား)။

ဩသြာ ဒါဖြင့် တကာတကာမတို့ သစ္စာနုလောမိကဉာဏ် ဆိုတာလဲ ဖြစ်ပျက်မြင်တာဘဲ....(မှန်ပါ့) ဝိပဿနာဉာဏ်ဆိုတာ လဲ... (ဖြစ်ပျက်မြင်တာပါဘဲဘုရား)။

အဲဒီဉာဏ် သွင်းလိုက်လို့ရှိယင်ဖြင့်တဲ့ တကာတကာမတို့ ဖြစ် ပျက်မမြင်တာက အဝိဇ္ဇာ....(မှန်ပါ့) မြင်လိုက်တော့ အဝိဇ္ဇာ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာချုပ်သွားတော့ ဖြစ်ပျက် မြင်လိုက်တော့ တကာ တကာမတို့ ဖြစ်ပြီးပျက်တာ အသုဘလဲဟုတ်ပါတယ်....(မှန်ပါ့) ဒုက္ခသစ္စာလဲ.... (ဟုတ်ပါတယ်ဘုရား) လိုချင်သေးရဲ့လား.... (မလိုချင်ပါဘုရား) မလိုချင်တာက ဘယ်သူ့သေတာပါလိမ့်.... (တဏှာသေတာပါဘုရား)။

သြော်....ဒါဖြင့် သစ္စာနှုလောမိကဉာဏ်လဲ သွင်းလိုက်ပါရော တကာဘကာမတို့ ကျုပ်တို့ကိုယေကြောင်းကြံနေတဲ့ သောရှဉာန ပို့နေကျဖြစ်တဲ့ အဝိဇ္ဇာတဏှာသေတယ်.... (မှန်ပါ့ဘုရား)။

ဘာသေပါလိမ့်.... (အဝိဇ္ဇာတဏှာ သေပါတယ်ဘုရား) အဝိဇ္ဇာတဏှာ သေတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ ဘုရား)။

သြော်... ဒါဖြင့် တကာတကာမတို့ ကျုပ်တို့ ခင်ဗျားတို့ ဒီအလုပ်ဟာ မလုပ်မဖြစ်တဲ့အလုပ် (မှန်ပါ့)ဘာကြောင့်တုံး-ကိုယ့်ကာကွယ်ခရေး....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုမှတ်ရမယ်....(ကိုယ့်ကာကွယ်ခရေး ပါဘုရား)။

ဘာ ကာကွယ်ရေးတုံးဘုရားဆိုဘော့ ပဋ္ဌိသန္ဓေနေဘေးကိုလဲ ကာကွယ်တယ်....(မှန်ပါ့) အိုဘေးကိုကော....(ကာကွယ်ပါတယ် ဘုရား) နာဘေးကိုကော.... (ကာကွယ်ပါတယ်ဘုရား)သေဘေး ကော ...(ကာကွယ်ပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ကာကွယ်ရေး ကိုယ်မလုပ်ဘဲ နေတဲ့ပုဂ္ဂိုလ်ဟာ သေချင်လို့ပေါ့... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ကိုယ့်ကာကွယ်ရေး ကိုယ်မလုပ်တဲ့ပုဂ္ဂိုလ်ဟာ....(သေချင်လို့ပါ့ဘုရား)။

အဲဒီလူတော့ မေတ္တာမပို့နဲ့.... (မှန်ပါ့) သူ့ကာကွယ်ရေးမှသူ့မလုပ်ဘဲ.... (မှန်ပါ့) သူ့ကိုက သေဘုံရောပြင်ဘက် ထွက်ပြီးသကာလ ထိုင်နေတဲ့ ပုဂ္ဂိုလ်မျိုးလို၊ ရန်သူလာတာ ပြင်ဘက်ထွက်ပြီး ထိုင်နေတဲ့ပုဂ္ဂိုလ်မျိုးလိုဖြစ်နေတော့ ဒါလောက်မိုက်တဲ့လူဟာဖြင့် တကာတကာမတို့ ပြောစရာမရှိတော့ဘူးလို့ မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကာကွယ်ရေး မရှိတဲ့ပုဂ္ဂိုလ်....(မှန်ပါ့)။

ဒီအလုပ် မလုပ်တဲ့ပုဂ္ဂိုလ်ဟာ.... (ကိုယ့်ကာကွယ်ရေးမရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

သစ္စာနုလောမိကဉာဏ် အလုပ်ကို မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ဆိုကြမယ်.... (ကိုယ့်ကာကွယ်ရေးမရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကာကွယ်ရေးမှ မလုပ်တဲ့ပုဂ္ဂိုလ်ဖြင့် အရှုးယင်လဲ ဖြစ်ပါလိမ့်မယ်....(မှန်ပါ့) အကန်းယင်လဲ....(ဖြစ်ပါလိမ့်မယ်ဘုရား)။

ဒါဆိုတာ မနာကြပါနဲ့....(မှန်ပါ့) ကိုယ့်အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေးကို ကာကွယ်တဲ့နည်းကို မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ တကာကြွယ် အရှုးနဲ့အကန်း....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(အရှုးနဲ့အကန်းပါဘုရား)။

အရှုးနဲ့ အကန်းဘဲဆိုတော့ တကာတကာမတွေ ဩော်....ငါမလုပ်တဲ့ အချိန်မှာ ဒါကလေး ဖြစ်ပျက်မရှုတဲ့အချိန်မှာ ငါ-

ဘာပါလိမ့်မတုံး....(အရှုးနဲ့ အကန်းပါဘုရား)သဒ္ဒါကျပလား (ကျပါပြီဘုရား)။

သားကိစ္စကြောင့် မလုပ်နိုင်ဘူး၊ သမီးကိစ္စကြောင့် မလုပ်နိုင်ဘူး၊ အရောင်းအဝယ်တွေ ရှုပ်နေလို့ မလုပ်နိုင်ဘူး... ဆိုတော့ မင်း- ကိုယ့် တာဝန်ယူရေး ကိုယ်မလုပ်တဲ့ အရှုးနဲ့ အကန်းဘဲ.... (မှန်လှပါ) သူများကို ဆုံးဖြတ်ချက်မချနဲ့... (မှန်ပါ) ဘယ်သူ့ ချရမလဲ....(ကိုယ့် ကိုယ့်ကို ဆုံးဖြတ်ချက်ချရမှာပါ) ကိုယ့်ကိုယ်- ကိုယ် ဆုံးဖြတ်ချက်ချပါဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ... ဒါဖြင့် တကာတကာမတို့ ကိုယ့် ကိုယ့်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်ဖြင့် သစ္စာနုလောမိကဉာဏ်ကို ခန္ဓာထဲ သွင်းရ မယ်... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့် ကိုယ့်ကိုယ် သနားယင် ဘာလုပ်ရမလဲ .... (သစ္စာနု လောမိကဉာဏ်ကို ခန္ဓာထဲ သွင်းရပါမယ်ဘုရား) သဘောကျ ပလား....(ကျပါပြီဘုရား)။

ကိုင်း....သွင်းပုံကလေးပြပါ့မယ် တကာတကာမတို့... နော်.... (မှန်ပါ့ဘုရား)။

ခန္ဓာဝါးပါးထဲမှာ သွင်းလိုက်တဲ့ အခါကျတော့ တကာ တကာမတို့ အချို့ - အချို့ ပုဂ္ဂိုလ်မှာကျတော့ ဝေဒနာ က ထက်တယ်....(မှန်ပါ) အချို့-အချို့ပုဂ္ဂိုလ်ကျတော့ စိတ်က ထက်ဘယ်.... (မှန်ပါ့ဘုရား) အချို့-အချို့ ပုဂ္ဂိုလ်ကျတော့.... ရုပ်က ထက်တယ်... (မှန်ပါ) အဲဒီတော့ ထက်တာသွင်းပါ... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်အထဲသွင်းရပါမယ်.... (ခန္ဓာထဲသွင်းရပါမယ်ဘုရား) ဒါဖြင့် ဒီလိုလုပ်- သတိပဋ္ဌာန်လေးပါ၊ထဲသွင်းလိုက်၊ ရူပကွန္ဓာကို ရှုဝဲ့ပုဂ္ဂိုလ် ကာယာနုပဿနာထဲ သွင်းလိုက်....(မှန်ပါ့)။

သစ္စာနုလောမိကဉာဏ် ဘယ်အထဲ သွင်းရမလဲ.... (ကာယာနုပဿနာထဲ သွင်းရပါမယ်ဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကျတော့ တကာသစ် ဘယ်အထဲ သွင်းမလဲ.... (ဝေဒနာနုပဿနာထဲ သွင်းရပါမယ်ဘုရား) အဲ....သစ္စာနုလောမိကဉာဏ်ကို ဝေဒနာထဲသွင်း.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဓမ္မာနုပဿနာ ရှုတဲ့ပုဂ္ဂိုလ်ကျတော့ သစ္စာနုလောမိကဉာဏ် ဘယ်ထဲ သွင်းကြမလဲ.... (ဓမ္မာနုပဿနာထဲသွင်းရပါမယ်ဘုရား) စိတ္တာနုပဿနာ- စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကျတော့ သစ္စာနုလောမိကဉာဏ် ဘယ်ထဲသွင်းမတုံး.... (စိတ္တာနုပဿနာထဲ သွင်းပါတယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီတရားသည် သစ္စာကို ဆိုက်အောင် ရှုရမည့်တရားဖြစ်နေတော့ သစ္စာဟာ တခြားလားလို့ တကာတကာမတွေ အဲထူးမရှာပါနဲ့....(မှန်ပါ့) သစ္စာတရားလို့ အထူးရှာမနေနဲ့....(မှန်ပါ့)။

ဘယ်လိုရှာရမတုံး....ဆိုတော့ ဖြစ်ပျက်သည် ဒုက္ခသစ္စာ.... (မှန်လှပါဘုရား)။

ဖြစ်ပျက်သည်.... (ဒုက္ခသစ္စာပါဘုရား) သြော်.... ဒါဖြင့် ခင်ဗျားတို့ စိတ်ကလေးတလုံးရှုတာပေါ့....(မှန်ပါ့)။

တကာတကာမတို့ ဘာရှုကြမယ်.... (စိတ်ကလေးကလုံး ရှုရပါမယ်ဘုရား)။

တကိုယ်လုံးမှာ တကာတကာမတို့ စိတ်ဟာ ဘယ်နှစ်လုံးရှိသတုံးလို့ မေးတဲ့အခါ စိတ်ဟာ စိတ်တလုံးရှိတာပဲ-(မှန်ပါ့) စားချင်တာလဲ ဘာတုံး....(စိတ်ပါဘုရား) အိပ်ချင်တာကော.... (စိတ်ပါဘုရား) ပေါင်းခေါ်တော့ စိတ်တလုံးရှိတယ်- (မှန်ပါ့) အဲဒီ စိတ်တလုံးကို ရှုပေးပါ....(မှန်ပါ့)။

စားချင်တဲ့စိတ်ကလေးကို ခင်ဗျားတို့က ဘုရားက်က သစ္စာနှုလောမိကဉာဏ်သွင်းလိုက်.... (မှန်ပါ့)။

စားချင်တဲ့စိတ်ကလေး ပေါ်လာပြီ၊ ဘုရားက်ကပ ဘာသွင်းမယ်.... (သစ္စာနှုလောမိကဉာဏ် သွင်းရပါမယ်ဘုရား)။

သစ္စာနှုလောမိကဉာဏ် သွင်းလိုက်တဲ့အခါကျတော့ စားချင်တဲ့ စိတ်ကလေးဟာ ရှိသေးရဲ့လား.... (မရှိပါဘုရား) သြော်.... စားချင်တဲ့စိတ်ကလေးဟာ ပေါ်လဲပေါ်တယ်၊ ရှိကော.... (မရှိပါဘုရား)။

သြော်....ဒါဖြင့် ဖြစ်တာနဲ့ ပျက်တာကို မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား) အဲဒါ သစ္စာ နှုလောမိကဉာဏ်က ဖြစ်ပျက်ဘက် လှည့်သွင်းလိုက်တယ်.... (မှန်ပါ့) ဖြစ်ပျက်က ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါ... ဒုက္ခသစ္စာကို လျော်အောင်သိတဲ့ဉာဏ်ဟာ ဒီဉာဏ်ဘဲ-(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကို လျော်အောင်သိတဲ့ဉာဏ်ဟာ.... (ဒီဉာဏ်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် အိပ်ချင်တဲ့စိတ်ကလေးပေါ်လဲ နောက်က ဘာသွင်းရမလဲ.... (သစ္စာနဲ့လောမိကဉာဏ်သွင်းရပါမယ်ဘုရား) သွင်းလိုက်တဲ့အခါကျတော့ ဘာသစ္စာဇတ္တသလဲ.... (ဒုက္ခသစ္စာ တ္ထေ ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သွင်းတာက....(မဂ္ဂသစ္စာပါဘုရား) ဟဲ.... သစ္စာနဲ့လောမိကဉာဏ်လဲ ဟုတ်၏၊ မဂ္ဂသစ္စာလဲ ထိုက်၏။

သစ္စာနဲ့လောမိကဉာဏ်ကော .... (ဟုတ်ပါတယ်ဘုရား) မဂ္ဂသစ္စာကော....(ထိုက်ပါတယ်ဘုရား)။

ကဲ.... ငိုက်တဲ့စိတ်ကလေး ပေါ်လာလဲ ဘာသွင်းကြမလဲ.... (သစ္စာနဲ့လောမိကဉာဏ်ထဲ သွင်းရပါမယ်ဘုရား) သွင်းလိုက်တဲ့အခါကျတော့ ငိုက်တဲ့ စိတ်ကလေးရှိသေးရဲ့လား.... (မရှိပါဘုရား) ငိုက်တဲ့စိတ်ကလေးဟာ ဖြစ်လဲ ဖြစ်တယ်၊ ရှိလဲ မရှိဘူးဆိုတော့ ဖြစ်ပျက်မနေဘူးလား....(နေပါတယ်ဘုရား) ဖြစ်ပျက်ဟာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာဘက်ကို ဒီက သွင်းလိုက်တဲ့အခါ သစ္စာနဲ့လောမိကဉာဏ် သွားဖြစ်တယ်... (မှန်ပါ)။

ဖြစ်တဲ့အခါကျတော့ တကာတကာမတို့ သိတဲ့အတိုင်း....တဲ့အရင်တုန်းက မသိဘူး....(မှန်ပါ) အခုတော့ မသိဘူးလား.... (သိပါတယ်ဘုရား) သိယင်ဖြင့် မသိတာက အဝိဇ္ဇာ၊ သိတာက ဝိဇ္ဇာ....(မှန်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ဘယ်နှယ်နေသတုံး.... (ချုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာချုပ်ခြင်းတဲ့ ဩဝ် - ဒီလို သေတတ်, ဒီလို ပျောက်တတ်, ဒီလို ဖြစ်တတ်တဲ့တရား၊ ဒီလိုဒုက္ခသစ္စာတရားကို လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား) မလိုချင်တော့ နောက် အဝိဇ္ဇာနဲ့ တဏှာက မလာဘဲနဲ့ချုပ်တယ်....(မှန်ပါ့)။

အဝိဇ္ဇာနဲ့ တဏှာက....(မလာဘဲနဲ့ ချုပ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့၏ ရန်သူနှစ်ယောက်ကို တကယ်တမ်း သေအောင် လုပ်ချင်ကြပါမှုကား ဘုန်းကြီးက တကာတကာမတ္တဲ့ ခန္ဓာထဲ ဘာသင်းရမလဲ....(သစ္စာနှုလောမိကဉာဏ်သင်းရပါမယ် ဘုရား)။

ခန္ဓာဆိုတာ ဝိညာဏကွန္ဓာ.... (မှန်ပါ့ဘုရား) စိတ်ဆိုတဲ့ ဝိညာဏကွန္ဓာထဲမှာသာ ခင်ဗျားတို့ ကျကျနန ပေါ်တိုင်း, ပေါ်တိုင်း သင်း.... (မှန်ပါ့) ပေါ်တိုင်း, ပေါ်တိုင်း သင်းလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် စိတ်က ဘာသစ္စာဖြစ်သွားသတုံး- (ဒုက္ခသစ္စာ ဖြစ်သွားပါတယ်ဘုရား) သင်းလိုက်တဲ့ဉာဏ်က ... (မဂ္ဂသစ္စာပါဘုရား)။

သေတာက အဝိဇ္ဇာနဲ့တဏှာ....(မှန်ပါ့) နောက်ခန္ဓာ မပေါ်တာက နိရောဓသစ္စာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်လာလာ ဘာသင်းရမတုံး ...(သစ္စာနှုလောမိကဉာဏ်သင်းရပါမယ်)ဒါဖြင့် ဘယ်စိတ်လာလာ ဖြစ်ပျက်ရှု- (မှန်ပါ့ဘုရား)။

ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ) ရှုတာက....(မဂ္ဂ သစ္စာပါ)သေတာက·(သမုဒယသစ္စာပါ) အဲ....အဝိဇ္ဇာနဲ့ တဏှာ (မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့ရန်သူနှစ်ယောက် မခသသေးဘူးလား .... (သေပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ကို အိုဘေး,နာဘေး,သေဘေး,အရိုးတောင် နှယ်ပုံရေးကို လုပ်နိုင်သေးရဲ့လား...(မလုပ်နိုင်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့သည်ကားလို့ ဆိုယင် အဝိဇ္ဇာ,တဏှာ သေ လို့ရှိယင် တကာ့ဘကာမတွေ နိဗ္ဗာန်ရောက်ရပါလို့၏ ဆုံးတောင်း ရမှာလား၊ သူတို့သေလို့ကိုဘဲ ဒုက္ခသိမ်းတာလား....(သူတို့ သေ လို့ ဒုက္ခသိမ်းတာပါ)ဒုက္ခသိမ်းတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန် ပါဘုရား)သခင်ဘာကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု...သာဓု... သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
(ခန္ဓာတွေ ပြန်ပြန်ရနေခြင်းအကြောင်း)

နေ့ အလုပ်ပေး-တရားတော်

(၂၇-၈-၆၁)

မိမိခန္ဓာကိုယ်ကို မိမိခင်တွယ်နေတဲ့အတွက် မိမိခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး မိမိမာနတက်နေတဲ့အတွက် မိမိကိုယ်ကို ငါထင်နေတဲ့အတွက် တဏှာ, မာန, ဒိဋ္ဌိ သုံးမျိုးစုံကပ်နေတဲ့ အတွက် အားလုံးသော တကာတကာမတွေ့မှာ ထွက်ရပ်လမ်း မတွေ့ဘဲ ဖြစ်နေတယ်ဆိုတဲ့ဥစ္စာ မှတ်ရမယ်နော်....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးကို တဏှာ,မာန,ဒိဋ္ဌနဲ့ ငြိတွယ်နေတဲ့ အတွက် ခန္ဓာငါးပါးမှာပါး ဘယ်နေရာမှ ပြေးစရာမရှိဘူး၊ခန္ဓာငါးပါး ဆီဘဲ ပြန်ရောက်နေတယ်....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့်တကာတကာမတို့သံသရာကြီးထဲမှနိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်း အေးချမ်းရာဌာန မထွက်နိုင်တော့ ဘယ့်နှယ် ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာကို တဏှာ, မာန,ဒိဋ္ဌိ မပြတ်တာနဲ့ ခန္ဓာဘက်ချည့် ပြန်ရောက်ပြီး သကာလ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ဘက်မရောက်ပါဘူး.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဒီခန္ဓာပြန်ရတာ ဘယ့်နှယ်ကြောင့် ပါလိမ့်မလဲ၊ အိုဘေး,နာဘေး, သေဘေးတွေ့ ရောထွေးနေတဲ့ ခန္ဓာကြီး ဘယ့်နှယ်ကြောင့် ခဏခဏပြန်ရနေပါ လိမ့်မလဲလို့ ဒုက္ခသစ္စာခန္ဓာကြီး ပြန်ရနေပါလိမ့်မလဲလို့ တကာ ကြွယ်ကမေးမေး-တကာသစ်ကမေးမေး ဒီခန္ဓာခင်တွယ်တဲ့တဏှာ၊ ဒီခန္ဓာ အကြောင်းရင်းခံပြီး သကာလ ဖြစ်တဲ့မာန၊ ဒီခန္ဓာကို ငါထင်နေတဲ့ဒိဋ္ဌိ၊ ဒီသုံးခု ဒီခန္ဓာချည့် တွယ်နေတဲ့အတွက် နိဗ္ဗာန်ဘက်ကို မရောက်ဘူး၊ တဘဝလဲ ဒီခန္ဓာပြန်ရတာဘဲ.... (မှန်ပါ့) နောက်ဘဝလဲ....(ဒီခန္ဓာ ပြန်ရပါတယ်) နောက်ဘဝတွေ့လားပြန် တော့ကော....(ဒီခန္ဓာပြန်ရပါတယ်ဘုရား)။

ဩော်.... ဘယ့်နှယ်ကြောင့် ရနေပါလိမ့်မတုံး .... ဒုက္ခသစ္စာ ခန္ဓာကြီး ဘယ့်နှယ်ကြောင့် ရနေပါလိမ့်မလဲလို့ တကာကြွယ်က မေးလို့ ရှိယင် ဒီခန္ဓာခင်တွယ်တဲ့ တဏှာ,မာန, ဒိဋ္ဌိ အစဲ့မပြတ်တဲ့ အတွက် ဒီခန္ဓာဘဲ ပြန်ရာယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီခန္ဓာပြန်ရတာ ရချင်လို့ ရတာလား... ဒီခန္ဓာကို တဏှာ, မာန,ဒိဋ္ဌိခင်မှု၊တဏှာ၏ ခင်မှု-ဒိဋ္ဌိ၏ခင်မှု- မာန၏ တက်ကြွမှု၊ ဒီခန္ဓာပေါ်ဋ္ဌ တဏှာ,မာန ဒိဋ္ဌိစဲ့နေလို့ ပြန်ရတယ်ဆိုတာ မှတ်လိုက်ပါ .... (မှန်ပါဘုရား)။

တကာကြွယ် ဒီခန္ဓာပြန်ရတာ တဏှာ,မာန,ဒိဋ္ဌိနဲ့ ဒီခန္ဓာစဲ့ နေလို့ ပြန်ရတာ...(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘဝမျိုးစုံ သံသရာက ဒီတဏှာ, မာန,ဒိဋ္ဌိဖြုတ်နည်း နိဿယည်းကို အမှန်အကန်မရခဲ့တဲ့ အတွက်

အိုဘေး, နာဘေး, သေဘေးရှိတဲ့ ခန္ဓာကြီး ဒီခန္ဓာကြီး ကိုဘဲ အဖေါ်လုပ်ပြီးသကာလ နေရတော့ ဘယ်ဘဝမှ အန္တရာယ် ကင်းလို့ ဘေးရှင်းခဲ့တဲ့ဘဝ မရှိပါဘူး....(မရှိပါဘုရား)။

ဘာအဖေါ် လုပ်နေလို့ပါလိမ့် ..(တဏှာ,မာန,ဒိဋ္ဌိ အဖေါ် လုပ်နေလို့ပါ)တဏှာ,မာန,ဒိဋ္ဌိနဲ့. ခန္ဓာကိုအဖေါ်လုပ်နေရတဲ့ အတွက်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာဘကာမတွေမှာ ခန္ဓာရှိသ၍ ဒုက္ခ ရှိတယ်....(မှန်ပါ့) ခန္ဓာရှိသ၍... (ဒုက္ခရှိပါတယ်ဘုရား)။

ဒီခန္ဓာနားမှာဘဲ တလည်လည်နဲ့နေတဲ့ တဏှာ, မာန, ဒိဋ္ဌိ၊ ဒီခန္ဓာခင်တွယ်တဲ့ တဏှာ,မာန,ဒိဋ္ဌိက ဘယ်ခေတာ့မှမစွန့်လို့ရှိယင် ဒီခန္ဓာတည်းဟူသော ဒုက္ခသစ္စာခန္ဓာကြီး ဖြစ်ပျက်တတ်တဲ့ခန္ဓာ ကြီး၊ ဖေါက်ပြန်ပျက်စီးတတ်တဲ့ ခန္ဓာကြီးနဲ့ တကာကြွယ် ဘယ် တော့မှ ကင်းမှာမဟုတ်ဘူး...(မကင်းပါ) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့်....တဲ့၊ ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ ဘုရား သခင် ကိုယ်တော်မြတ်ကြီး ပြောတဲ့ဥစ္စာကို ခန္ဓဝဂ္ဂသံယုတ်ပါဠိ တော်မှာ ဘယ်လိုလာသတုံး ဆိုလို့ရှိယင် ဒီခန္ဓာခင်တွယ်တဲ့ တဏှာ,မာန,ဒိဋ္ဌိ မင်းတို့ မစွန့်သ၍ ကာလပတ်လုံးကုန်... တဲ့၊ ပါဘုရား သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ မင်းတို့အတွက်တွေ ကြည့် လိုက်တဲ့ ဒေခါမှာ မြင်းမိုရ်တောင်ကြီး ပျောက်စရာ ရှိတယ်.... (မှန်ပါ့)တဏှာ,မာနဒိဋ္ဌိမရှေတဲ့ ပုဂ္ဂိုလ် ခန္ဓာဒုက္ခဖြင့် ပြတ်လိမ့် မယ် မဟုတ်ဘူးတဲ့...(မှန်ပါ့) သိပ်ခြောက်စရာ ကောင်းပါက လား.... (ကောင်းပါတယ်ဘုရား)။

တကာတကာမတို့ ဉာဏ်နားနဲ့ထောင်ပါ(မှန်ပါ့) ဘာနားနဲ့ ထောင်ရမတုံး ...(ဉာဏ်နားနဲ့ ထောင်ရပါမယ်ဘုရား)။

ဉာဏ်နားနဲ့. ကြပ်ကြပ်ထောင်ကြပါ.... (မှန်ပါ့)မြင်းမိုရ် တောင်ကြီးဆိုတာ တကာတကာမတွေ့ယူဇနာပေါင်းရှစ်သောင်း လေးထောင်အောက်မှာ ရေထဲမြုပ်နေတယ်....(မှန်ပါ့)အပေါ် မှာလဲ .... ရှစ်သောင်းလေးထောင်ဆိုတာ ဆဲ့သုံးမိုင်ပေါင်း ရှစ်သောင်းလေးထောင် ခေါ်ပါတယ်... (မှန်ပါ့) လုံးပတ်ကလဲ ဒီ အတိုင်းပါဘဲ... (မှန်ပါ့ဘုရား)။

အဲဒါကြီးပျောက်ဘို့ရာ မြင်သေးသတဲ့.... (မှန်ပါ့) မင်းတို့ ခန္ဓာနဲ့ တဏှာ,မာန, ဒိဋ္ဌိနဲ့ စွန့်တတ်တဲ့ နည်းပေးနိုင်တဲ့ ဆရာနဲ့ မတွေ့လို့ရှိယင်ဖြင့် အိုဘေး,နာဘေး, သေဘေးရှိတဲ့ခန္ဓာကြီးနဲ့ မင်းတို့ဟာ အမြဲမိတ်ဆွေဖြစ်နေမှာဘဲတဲ့.... (မှန်ပါ့) ကြောက် စရာသိပ်ကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

မဟာပထဝီမြေကြီးဟာ နှစ်သိန်းနဲ့ လေးသောင်းရှိတယ်၊ ယူဇနာပေါင်း.... (မှန်ပါ) အဲဒီလောက်ထူရှိတဲ့ မဟာပထဝီ မြေကြီးပျောက်ဘို့ရာ ငါမြင်သေးတယ်တဲ့ ....(မှန်ပါ့)မင်းတို့ တဏှာ,မာန, ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်မျှား ဒီခန္ဓာကြီးနဲ့ ခဲ့ရလိမ့်မယ် ကဲ့ရလိမ့်မယ်ဆိုတာ ငါမြင်ဘူးကွတဲ့... (မှန်ပါ့)တယ်လဲဆိုးပါ လား... (ဆိုးပါတယ်ဘုရား)။

တကာတကာမတို့ သမ္ဘဒ္ဒရာရေကြီးသည်ကားလို့ ဆိုယင်ဖြင့် အင်မတန်မှ ပေါမျှားပါတယ်ဆိုတာ ကြည့်လို့ကို မဆုံးနိုင် လောက်အောင် ကျယ်ဝန်းပါတယ်၊ အနက်ကလဲ အင်မတန်

နက်တဲ့ရေတွေ၊ အများကဖြင့် တကာသစ် ပြောစရာမရှိပါဘူး။ (မရှိပါဘုရား)။

အဲဒီ့နက်နဲပြီးသကာလ ကျယ်ဝန်းပြီး, ပြန့်ပြောပြီး ပေါ်များနေတဲ့ ရေတွေ ကုန်ဘို့, ခန်းဘို့ ကမ္ဘာပျက်တဲ့ အခါမှာ ငါမြင်ပါတယ်ကွာတဲ့ (မှန်ပါ) ဒီ တဏှာ,မာန,ဒိဋ္ဌိမစ္စန်တဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခကင်းလိမ့်မယ်၊ ဒုက္ခဘေးနဲ့ ဘယ်အခါကာလမှ အိုစားကဲ့လိမ့်မယ်ဆိုတာ ငါမြင်ဘူးတဲ့.... (မှန်ပါ) ဆိုကော့ တယ်ကြောက်စရာကောင်းပါလား (ကောင်းပါတယ်ဘုရား)။

အင်မတန် ကြောက်စရာကောင်းတဲ့ အတွက်တဲ့ ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ဖြင့် ဒီဟဏှာ,မာန,ဒိဋ္ဌိအကြောင်းကို တကာတကာမတို့ သေသေချာချာ ငါတို့ ဖြတ်ဘောက်ပြီး သကာလ ဒုက္ခသိမ်းတဲ့နည်းကို ဆရာကလဲ ပေးလိမ့်မယ်၊ ငါတို့ကလဲ အရယူပြီးသကာလ ကျင့်ကြံကြိုးကုတ် အားထုတ်ပါ၊ တဲ့မယ်ဆိုတဲ့ စိတ်ကိုဖြင့် အကြီးအကျယ် တကာကြွယ်တို့၊ တကာသစ်တို့ ဆုံးဖြတ်ချက်ချဘို့ကောင်းပြီ....(မှန်ပါဘုရား)။

ဘာ့ကြောင့်တုံး....ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာကြီးက ဘယ်ဘဝ ဖြစ်ဖြစ် သူ့ကိုစွက အဆုံးမှာ မသာကိစ္စဘဲ....(မှန်ပါ ။

အဆုံးကျတော့....(မသာကိစ္စပါဘုရား) အလယ်မှာကျတော့ သားသမီးမှန်း၊ အများမှန်းတဲ့ အိုဘေးကိုစ....(မှန်ပါ) သဒ္ဓာ ကျပလား....(ကျပါပြီဘုရား)။

ဒီ့ထက် အလယ်နားကို မသေခင် တိုးလိုက်ပြန်တော့လဲ....တဲ့ တကာ တကာမတို့ သူများ တံထွေးထွေးတဲ့ နာဘေးကိုပ....(မှန်လှပါဘုရား) ခန္ဓာ၏ ဖြစ်ထွေဟာ ဒါဘဲရှိတယ်.. (မှန်လှပါဘုရား)။

ပဋ္ဌိသန္ဓေနေတဲ့ကိစ္စ တခါတွေ့ပြန်တော့လဲ လူမမယ်၊ တကာ တကာမတို့ လူ့ဒုက္ခတကိစ္စ.... (မှန်လှပါ)။

ပဋ္ဌိသန္ဓေနေတုန်းကျတော့ ခလေး ငယ်ငယ်ကလေးကျတော့ လဲ တကာသစ် ဘာကိစ္စပါလိမ့်....(လူမမယ်ကိစ္စပါ)လူ့ဒုက္ခတ ကိစ္စ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

တော်တော်ကလေး အိုလာတဲ့အခါကျတော့လဲ သား,သမီး မုန်း၊ အများမုန်းတဲ့ ကိစ္စ.... (မှန်လှပါ) တော်တော်ကြာတော့ ဒီခန္ဓာကြီးဟာ နာ့ဘေးသင့်လာတဲ့အခါ သူများ ကူယ်ရာမှာ တံထွေးထွေးတဲ့ကိစ္စ....(မှန်လှပါ)သဘောကျပလား... (ကျပါပြီ ဘုရား)။

ဒီ့ထက် တကာတကာမတွေ ရှေ့သွားပြန်တော့လဲ မြို့ထဲက နှင်ထုတ်တဲ့ အသုဘကိစ္စ....(မှန်လှပါ)။

ဩော်....ခန္ဓာ့ကိစ္စလေးချက်မှာ ဆရာဘုန်းကြီး အခု သေသေ ချာချာပြောတော့ ဘယ်ကိစ္စကို တကာတကာမတွေ နှစ်သက် သင့်သလဲဆိုတာ တကာသစ် စဉ်းစားစမ်း.... (ဘယ်ကိစ္စမှ မနှစ် သက်သင့်ပါဘုရား)။

ဒုက္ခတကိုးကေား တကာတကာမတို့.... (မနှစ်သက်သင့်ပါ ဘုရား) သား,သမီးမုန်း အများမုန်းတဲ့ ကိစ္စကော . (မနှစ်သက် သင့်ပါဘုရား) သူများကူယ်ရာမှာ တံထွေးထွေးတဲ့ကိစ္စကော.... (မနှစ်သက်သင့်ပါဘုရား) 'ထွေ....' သူ့အနာကြီးက ရှဲ့စရာ ကြောက်စရာကြီး၊ နံလိုက်တာ စော်လိုက်တာ....(မှန်ပါ) မဘတ် သာလို့သာ သွားမေးရတယ်၊ ပြင်ဘက်ကျတော့ တံထွေး ထွေး

ပြန်ကြတယ်....(မှန်ပါ့) ဒီကိစ္စကော ကြိုက်ကြရဲ့လား-(မကြိုက်ပါဘုရား) ရှာ့ပြင်ထုတ်တဲ့ကိစ္စကော....(မကြိုက်ပါဘုရား)။

ဒါဖြင့် ခန္ဓာရတဲ့ကိစ္စမျိုးမှာဖြင့် ဘယ်ကိစ္စမှ တကာကြွယ်ဘို့ ဆုတောင်းယူစရာကိစ္စ မပါပါဘူး....(မပါ-ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဇာတိကိစ္စလဲ ဆုတောင်းယူတဲ့ပုဂ္ဂိုလ်ဟာ အမှားကျ ံတယ်-(မှန်ပါ့) အမှားလွန်တယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ဇရာကိစ္စ ဆုတောင်းယူတဲ့ပုဂ္ဂိုလ်လဲ အမှားကျ ံတယ်- အမှားလွန်တယ်....(မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား) ဗျာဓိကိစ္စ· ကွယ်ရာမှာ တံထွေးထွေးတဲ့ ကိစ္စပြီး ကိုယ့ အတွက် တံထွေးထွေးကြတဲ့ကိုစ္စလဲ ဒါကြီးကို လိုချင်တဲ့ တကာတကာမ တွေ့သည် အမှားကျ• အမှားလွန်ဘဲ....(မှန်လှပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီဟာဖြင့်ကဲ့ဘ.... ခုနစ်ရက်ထားဘို့အသုဘ၊ အို.... ခုနစ်ရက်ဟာ ကြာတယ်၊ သူတပါးတွေဆီကို နံကနံ- စော်က စော်နဲ့ ၊ သုံးရက်နဲ့ကောင်းတယ်ဆိုပြီးသကာလ အမြန်ဆုံး မြှုပ်ပြင်, ရှာပြင်ထုတ်တဲ့နည်းဟာလဲ သေဘေးကိစ္စ.... (မှန်လှပါ) အဲဒီကိုစ္စလဲ တကာတကာမတို့ ခန္ဓာရှိလို့ ပေါ်လာရတဲ့ ကိစ္စဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာ့ကိစ္စလေးချက်ကို သစ္စာဖွဲ့လိုက်တော့ " ဇာတိပိ ဒုက္ခံ - ဇရာပိ ဒုက္ခံ-ဗျာဓိပိဒုက္ခော - မရဏမ္ပိ ဒုက္ခံ•" လို့.... ဘုရားဟောပါလျက်သားနဲ့ ခင်ဗျားတို့က လူဖြစ်ရပါလို့၏ -

နတ်ဖြစ်ရပါလို့၏-ဆိုတော့ ဇာတိ ဆုတောင်းယူနေတာ ဒုက္ခ၀ိတ ဆုတောင်းယူတာဘဲ... (မှန်လှပါ)။

ဇာတိ ဆုတောင်းယူတာ....(ဒုက္ခ၀ိတ ဆုတောင်းယူတာပါ) ဒုက္ခ၀ိတ ဆုတောင်းပြီးသကာလ နောက် အိုဘေးသင့်တော့ တောင်ခွေးထောက်- မျက်မှန် တပ်ပြီးသကာလ ဟုတ်လား.... (မှန်ပါ့) လူချင်းမတူဘဲကိစ္စ ဆုတောင်းယူတာဆိုတာကော မှားသလား....(မမှားပါဘုရား)။

နောက်ကျတော့ သူများ တံထွေး ထွေးတဲ့ နာဘေးကိစ္စလဲ ခင်ဗျားတို့ ဆုတောင်းယူလို့ရတာ....(မှန်လှပါ)။

နောက် ရွာ့ပြင်ထုတ်ရတဲ့ သုံးရက်လောက်နဲ့တော်ပြီ၊နေ့ခြင်းတောင် ကောင်းသေးတယ်- ကုလားများလိုဆိုပြီးသကာလ ဆုံးဖြတ်ချက်ချပြီး မြို့ပြင်ထုတ်တဲ့ကိစ္စလဲ ခင်ဗျားတို့ အလိုလိုရတာလား၊ ခန္ဓာခင်လို့ရတာလား.... (ခန္ဓာခင်လို့ရတာပါဘုရား)။

ဒါ့ဖြင့် တဏှာ မာန ဒိဋ္ဌိတို့၏ လက်ချက်....(မှန်လှပါဘုရား) ခန္ဓာကြီးရတာ ဘယ်သူ့လက်ချက်ပါလိမ့်.... (တဏှာ မာန ဒိဋ္ဌိတို့၏ လက်ချက်ပါဘုရား)။

ဇ.ဏှာ မာန ဒိဋ္ဌိတို့၏ လက်ချက်သည် တကာ တကာမတို့ ဒုလွန် ကြောက်စရာ ကောင်းပါကလား.... (ကောင်းပါတယ် ဘုရား)။

ဒါ့ကြောင့် ယနေ့သည်ကားလို့ဆိုယင် တဏှာရော- မာနရော- ဒိဋ္ဌိရော တကာတကာမတို့ ခန္ဓာအကြောင်း ကောင်းကောင်းသိတဲ့တရား၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ လာတဲ့အတွက်

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သေသေချာချာ ခန္ဓာ၏ အကြောင်းကို လုံးဝမနှစ်သက်ထိုက်တဲ့ အကြောင်းကို သေသေ ချာချာ ဟောတဲ့အတွက် တကာကြွယ်-ရေ....ခွေး ဥပမာနဲ့တောင် ပြလိုက်သေးတယ်....(မှန်ပါ့)။

ခွေး ဥပမာနဲ့ ဘုရားကိုယ်တိုင်ဘဲ စက်ဆုပ်စရာပြတဲ့ .... သဘောကို တကာတကာမတွေ ယနေ့ သြော် ဒီသည်ကားလို့ ဆိုယင် အတော် ဆိုးဝါးပြီးသကာလ အတော်ပေတဲ့ ပုဂ္ဂိုလ်တွေ မို့ ဒီအခြေအနေ ရောက်နေတာကိုးဆိုတာ ပေါ်တော့မှာဘဲ... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ခွေးတကောင်သည်....တဲ့၊ အဲဒီက တိုင်ကို အလယ်မှာ ခိုင်မြဲလှစွာသော မြေကြီးထဲမှာ တိုင်စိုက်လိုက်....(မှန်လှပါ) တိုင်စိုက်လိုက်ပြီးသကာလ ခွေးတကောင်ကို ကြိုးနဲ့ ချည်လိုက်တယ်....(မှန်လှပါ) ခွေးတကောင် ကြိုးနဲ့ချည်တာက ခွေးမှာလဲ တခါ လည်ပတ်ကြိုးတခု တပ်လိုက်ဦး.... (မှန်ပါ့) ခွေးမှာ လည်ပတ်ကြိုးတပ်ပြီးသကာလ ခုနင်က တိုင်နဲ့ လည်ပတ် ကြိုးနဲ့ တကာတကာမတို့ ဆက်သွယ်လိုက်....(မှန်ပါ့)။

ဆက်သွယ်လိုက်တော့ တိုင်ရယ်,ကြိုးရယ်,လည်ပတ်ရယ် ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) မပေါ်ဘူးလား ... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ တိုင်ကလဲ မြဲလိုက်တာ၊ ကြိုးကလဲ ခိုင်လိုက်တာ၊ လည်ပတ်ကလဲ မဖြုတ်နိုင်အောင်ဘဲ ကြီးကျယ်တယ် .. (မှန်ပါ့ ဘုရား)။

ဒီခွေးကို ဒီလိုချည်ထားမယ်ဆိုယင်ဖြင့် တကာကြွယ်- တကာ သစ်တို့ စဉ်းစားကြည့်တာပေါ့၊ စဉ်းစားကြည့်ပါ....တဲ့၊ ဒီခွေး

သည်ကားလို့ဆိုယင် ဘယ်ပြေးမတုံးလို့ မေးလို့ရှိယင် ဘယ်မှ မပြေးပါဘုရား .... (မှန်လှပါ) ပြေးနိုင်ယင် တိုင် ဝိုင်းပြေးရုံ ပါဘဲ....(မှန်ပါ့)။

ပြေးနိုင်ယင်....(တိုင် ဝိုင်းပြေးရုံပါဘဲဘုရား) တကာတကာ မတ္ထု ဒီခွေး ဘယ်လောက် အစ္ဆမားကောင်းကောင်း တုံ့ကုလ ကျွတ်အောင် မရှုန်းနိုင်၊ ကြိုးကိုလဲ ပြတ်အောင် မလုပ်နိုင်၊ လည်ပတ်ကြိုးလဲ ကျွတ်အောင် မရှုန်းနိုင်.... (မှန်ပါ့) ဤကဲ့သို့ဖြစ်ပြီး နေပြီဆိုမှဖြင့် ဒီခွေးသည်ကားလို့ ဆိုယင် သွားပြန်လဲ တိုင်ခြေ ရင်း မှတ်ပေရော့....(မှန်ပါ့) ထိုင်ပြန်ကော.... (တိုင်ခြေရင်းပါ ဘုရား) ဒါဘဲ မှတ်ရုံဘဲ.... (မှန်ပါ့) ပြေးပြန်လဲ တိုင်လှည့်ပတ် ပြေးတယ်... (မှန်ပါ့) ကျင်ကြီး,ကျင်ငယ် စွန့်ပြန်တော့ကော.... (တိုင်လှည့်ပတ်စွန့်ပါတယ်) သေပြန်တော့ကော.... (တိုင်လှည့် ပတ် သေပါတယ်ဘုရား)။

သြော်.... ဒီခွေးသည်ကား....လို့ ဆိုယင်ဖြင့် တိုင်လဲမကျိုး၊ ကြိုးလဲမပြတ်၊ လည်ပတ်လဲ မပြုတ်ဆိုလို့ရှိယင်ဖြင့် တကာသစ် ရေ....ဒီခွေးအတွက်ကဖြင့် ဘေးကနေ ကြည့်ရလေလေ-အရုပ်ဆိုး လေလေဘဲ....(မှန်လှပါဘုရား)။

ဒီအနား ကျင်ကြီးနဲ့၊ဒီအနား ကျင်ငယ်နဲ့၊ ဒီအနားစားခွက် နဲ့....(မှန်လှပါ) သဘောကျပလား....(ကျပါပြီ) ဒီအနားမှာဘဲ ခွေးဖြစ်၊ ဒီအနားမှာဘဲ ခွေးအိုဖြစ်၊ ဒီအနားမှာ ခွေးနာဖြစ် ဒီအနားမှာ ခွေးသေဖြစ်....(မှန်လှပါ) တိုင်ခြေမှာဘဲ ဖြစ်ရတယ် ဆိုတာ သဘောကျပလား....(မှန်ပါ့)။

ဘာ့ကြောင့်တုံး....လို့ မေးတဲ့ အခါကျတော့ တိုင်ကလဲ မကျွတ်နိုင်၊ ကြိုးကလဲ မပြတ်နိုင်ဘူး.... (မပြတ်နိုင်ပါဘုရား)

လည်ပတ်ကလဲ မပြုတ်နိုင်တော့ ဒီခွေး၏ကိစ္စသည်တကာတကာမ တို့ ပြေးပြန်လဲတိုင်တပတ်....(မှန်ပါ့) စားပြန်လဲ တိုင်ခြေရင်း ... (မှန်ပါ့) ကျင်ကြီး·ကျင်ငယ် စွန့်ပြန်တော့လဲ.... (တိုင်ခြေရင်း ပါ) သေပြန်တော့ကော.... (တိုင်ခြေရင်းပါ) ခွေးနာကြီး ဖြစ် နေပြန်တော့ကော....(တိုင်ခြေရင်းပါဘုရား)။

သြော်....ဒါဖြင့် ဒီခွေးအဖြစ်ကို သိရလို့ရှိယင်ဖြင့် တကာ သစ်တို့၊ ဦးမာဒင်တို့၊ တကာကြွယ်တို့ စဉ်းစားကြည့်စမ်း၊ သြော်- ခွေးလဲဖြစ်ပြန် တိုင်လဲလွတ်အောင် မရှုန်းနိုင်ပြန် ကြိုးလဲမပြတ် ပြန် လည်ပတ်လဲ မပြုတ်ဘူး ဆိုလို့ရှိယင် ဒီခွေး၏ဖြစ်ထွေက ဖြင့် ဒီနားနေ၍ ဒီနားသေမှတပါး ဘာမှ သူ့အတွက်ပြောစရာ မရှိဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီအနားနေ ဒီနားသေမှတပါး .... (ဘာမှ သူ့အတွက်ပြော စရာမရှိပါ) ဘာမှ ပြောစရာမရှိဘူးဆိုတာ ဘုန်းကြီးတို့ တကာ တကာမတွေ ပေါ်ကြပလား....(ပေါ်ကြပါပြီဘုရား)။

သြော်.... ဒါဖြင့် တကာတကာမတို့ ဒီခွေး၏ ဖြစ်ထွေကို သေသေချာချာ စဉ်းစားကြည့်တော့မှ ခွေးလဲဖြစ်ပြန်....(မှန်ပါ့) တကာတကာမတို့ အရုပ်ကလဲဆိုးပြန် ခွေးလဲဖြစ်ပြန် ဆိုတော့ သူ့ဖြစ်ထွေသည်ကားလို့ ဆိုယင်ဖြင့် ပြေးပြန်လဲ တိုင်တပတ် ဆိုတော့လဲ အညောင်းပြေစရာ မပါဘူး....(မပါ·ပါ) သဘော ကျပလား .... (ကျပါပြီ) ပြေးပြန်တော့လဲ အလွန်ကျယ်ဝန်း အောင် ပြေးမယ်ဆိုတော့ ကြိုးတဆုံး....(မှန်ပါ့ဘုရား)။

အလွန်ကျယ်ဝန်းအောင် ပြေးလိုက်ယင်....(ကြိုးတဆုံးပါ) ကြိုးတဆုံးမှတပါး ပြေးစရာရှိရဲ့လား....(မရှိပါဘုရား)။

သြော်.... ဒါဖြင့် နောက်ဆုံးပိတ်တနေ့ ပြေးနိုင်သ၍ ပြေး အမောဆိုက်တော့လဲ တိုင်ခြေရင်းဘဲ အမောဆိုက်ရုံရှိတယ် .... (မှန်ပါ့) တခြားဘာရှိသေးသတုံး....(မရှိပါဘုရား)။

သြော်.. တကာတကာမတို့ ဒီခွေး၏ဖြစ်ထွေဟာဖြင့် ဘယ်လို ဘဲ စဉ်းစားစဉ်းစား အရုပ်ဆိုးအကျည်းတန်ဖြင့် တန်းကုန်ပေါ့- (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်....(အရုပ်ဆိုး အကျည်းတန် တန်းကုန်ပါပြီ ဘုရား) အရုပ်ဆိုး အကျည်းတန်ဖြင့် တန်းကုန်ပေါ့လို့ ဆိုတဲ့ ဥစ္စာဖြင့် တကာတကာမတို့ အင်မတန် မှန်ပါပြီ .... (မှန်ပါပြီ ဘုရား)။

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတော့ ခွေးဖြစ်လို့မသိတာက တမျိုး၊ လည်ပတ်ကြီး ခိုင်ခံ့တာက.... (တမျိုးပါ)ကြိုးကခိုင်ခံ့ နေတာက . (တမျိုးပါ) တိုင်ကလဲစိုက်ထားတာက နက်နက်နဲနဲ စိုက်ထားပြန်တော့....(ရှုန်းလို့မရပါ) ဒီအမျိုးတွေက သူ့မှာ တခါတည်း ငြိတွယ်နေတော့ အဝိုင်းပြေးရယ်၊ ဒီအနားကျင်ကြီး ကျင်ယယ်စွန့်ရယ်၊ ဒီအနားစား, ဒီအနားအို, ဒီအနားနာ, ဒီအနားသေဘဲ....(မှန်ပါ့ဘုရား)။

ဒီခွေးဖြစ်ထွေကို ကြည့်မယ်ဆို တကာသစ်တို့ ဝမ်းမြောက် စရာလား- ဒီဒုက္ခမျိုးဖြင့် ကြောက်စရာ၊ ရွံ့စရာလားဆိုတာ အကဲ ခတ်ကြည့်ပါဦး....(ကြောက်စရာ၊ ရွံ့စရာပါဘုရား)။

ကြောက်စရာ, ရွံ့စရာဆိုတာ ဘုန်းကြီးတို့ တကာ တကာမ တွေ အကဲခတ်မိကြပလား....(ခတ်မိပါပြီဘုရား)။

သြော်....ဒီခွေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လည်ပတ်လဲ မပြုတ် ကြိုးလဲမပြတ်, တိုင်လဲမကျတ်မယ် ဆိုယင်ဖြင့် ဘယ်နည်း

နဲ့.မှ လှတ်ရေး, ကျွတ်ရေး, ချမ်းသာရေးကိုဖြင့် တွေးလို့.ကို ရစရာမမြင်ဘူးဆိုတဲ့ဥစ္စာ တကာကြယ် မှတ်လိုက်စမ်း....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဒီခွေးအဖြစ်ကိုဖြင့် ဘေးကနေကြည့်သူ အပေါင်း၏ စိတ်နှလုံးမှာဖြင့် တကာသစ်တို့၊ ဦးမာဒင်တို့ ချမ်းသာစရာ ဘယ့်နှယ်နေသတုံး...(မမြင်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ) တယ်အဖြစ်ဆိုးတဲ့ ခွေးပါလား.... (မှန်ပါ့ဘုရား)။

တကာကြယ် ဒီခွေးဘယ့်နှယ်ဆိုပါ့မလဲ....(တယ်အဖြစ်ဆိုးတဲ့ ခွေးပါဘုရား)။

အေး.... ဒါသည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့ ခင်ဗျားတို့ ကျုပ်တို့ကို ဥပမာပြချင်လို့ ဘုရားက-ထုတ်လာတာ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ကျုပ်တို့၏ ဆိုးဝါးပုံ, အကျည်းတန်ပုံ, အရုပ်ဆိုးပုံ, မသိပုံ တွေကို ဘုရားကပြချင်လို့ ဘုရားက ဒီဥပမာထုတ်လာပါတယ်လို့ ခန္ဓဝဂ္ဂသံယုတ်မှာ ထုတ်လာတယ်နော် .... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာငါးပါးကြီးဟာလဲ အင်မတန်မြဲမြန် ခိုင်ခံ့.တဲ့ ကျောက်တိုင်ကြီးပါဘဲ-(မှန်ပါ့)ဒီခန္ဓာကြီး ခင်နေတာက တကာတကာမတို့ သေသေချာချာမှတ်ပါတော့ တဏှာကြိုးတွေ... (မှန်ပါ့) တဏှာ, မာန, ဒိဋ္ဌိကြိုးတွေက ဒီခန္ဓာကြီး ခင်နေတယ်ဆိုတာ မှတ်လိုက်ပါ .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ပုထုဇန်....(မှန်ပါ့) ခင်ဗျားတို့က ပုထုဇန်ဖြစ်နေတော့ ပုထုဇန်တည်းဟူခဲသာ ပုဂ္ဂိုလ်ကလဲ ဒိဋ္ဌိမစွန့်နိုင်တော့

ဒိဋ္ဌိလည်ပတ်ကြီးကလဲ ခင်ဗျားတို့မှာရှိလျက်ပါဘဲ .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးက ချည်တိုင်.... (မှန်ပါ့)သဘောကျပလား....(ကျေးဇူး)ကိုယ့်ခန္ဓာ ကိုယ်ခင်တဲ့တဏှာက ကြီး.... (မှန်ပါ့) သဘောကျပလား .... (ကျေးဇူး) ငါ့ကိုယ်ငါ့ဟာ ထင်နေတာက လည်ပတ်....(မှန်ပါလည်ပတ်ပါ)မသိတဲ့ပုဂ္ဂိုလ်က ပုထုဇန်... (မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် ကျုပ်တို့ အခုဘာတွေပါလိမ့်မတုံးလို့ မေးတော့ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ဗျာဒိတ်ပေးနေကြတယ် .... (မှန်ပါ့ဘုရား)။

သြော်... ပုထုဇန်ဘဲ မှားမှာပေါ့ဘုရား....(မှန်ပါ့)ဒါခင်ဗျားတို့ကိုယ် ခင်ဗျားတို့ပြောနေတဲ့ စကားပါ....(မှန်ပါ့) မှားတယ်- မှန်တယ်ဆိုတာ ဗေဒမယူပါနဲ့....(မှန်ပါ့ဘုရား)။

တကာသစ်တို့ ပြီးတော့ အဖြေဘာထုတ်လိုက်သတုံး .... (ပုထုဇန်မို့ပါ)သြော်... ပုထုဇန်ဆိုတာ ဒီလိုပေါ့ဗျာတဲ့(မှန်ပါ့) သဘောကျပလား....(ကျေးဇူးဘုရား)။

မှားတယ်- မှန်တယ်ဆိုတာ ဗေဒမယူကြပါနဲ့ ၊ ပုထုဇန်ဆိုတာ မမှန်သေးလို့ပါ....(မှန်ပါ့)အင်း....တကာကြီးယ် ဒီအဖြေကလေးတွေကော ဖြေလေ့ရှိတယ် မဟုတ်လား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ပုထုဇန်တည်းဟူသော ပုဂ္ဂိုလ်မှာ ဒိဋ္ဌိတည်းဟူသော လည်ပတ်နဲ့ ကိုယ့်ခန္ဓာငါးပါးတည်းဟူသော ခင်မှုတဏှာကြီးနဲ့ တဲ့လျက်ကြီးနေပါတယ်....(မှန်ပါ့ဘုရား)။

ဒီဘက်က တကာတကာမတို့ ခန္ဓာငါးပါးချည်တိုင် (မှန်ပါ့) ဒီဘက်က ဘာပါလိမ့် တဏှာတည်းဟူသော ကြီး....(မှန်ပါ့)

ဒီဘက်က ဒိဋ္ဌိတည်းဟူသော လည်ပတ် .... (မှန်ပါ့)ဒီဘက်က ပုထုဇဉ်တည်းဟူသော အကန်း၊အကန်း,အရူးပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သြော်... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ အခု ဖြစ်နေရတဲ့ ဖြစ်တွေ့သည် ဘယ်လိုမျိုး ဖြစ်နေပါလိမ့်မတုံးလို့ မေးတော့ ဒီခန္ဓာငါးပါးကြီးကိုဘဲ ယုယကြောင့်ကြနေတော့ ခင်တဲ့တဏှာကလဲ ဆက်သွယ်လျက်ဘဲ....(မှန်ပါ့)ဒီခန္ဓာငါးပါး ကြီးကို ငါ့ကိုယ်-ငါ့ဟာ ထင်နေတဲ့ လည်ပတ်ကကော ရှိလျက် ဘဲ....(မှန်ပါ့ဘုရား)။

ပုထုဇဉ်မို့ ဒိဋ္ဌိမပယ်နိုင်တော့ လည်ပတ်နဲ့ကဲ့နေတယ်ဆိုမလား၊ လည်ပတ်နဲ့လည်ပင်းတဲ့နေတယ်ဆိုမလား....(လည်ပတ်နဲ့လည်ပင်း တဲ့နေပါတယ်ဘုရား)။

ဒါဖြင့် တိုင်လှည့်ပတ်ပြေးပြီ.... (မှန်ပါ့) ဘကာတကာမတို့ ဘယ်လိုထင်ကြသလဲ.... (တိုင်လှည့်ပတ် ပြေးနေပါတယ်ဘုရား)။

တိုင်လှည့်ပတ် ပြေးနေတယ်.... (မှန်ပါ့)အင်း....လည်ပတ် ကကော ဒိဋ္ဌိ....(မှန်ပါ့)ကြိုးကဘာပါလိမ့်....(တဏှာပါ)တိုင်က ဘာပါလိမ့်....(ခန္ဓာငါးပါး) လှည့်နေတာကပုထုဇဉ်....(မှန်ပါ့) ဒီဘက်က ပုထုဇဉ်... (မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

တကာကြွယ် မနာနဲ့နော်....(မနာပါ) မနာနဲ့တဲ့၊ ဘယ့်နှယ် ကြောင့်မနာနဲ့လို့ ဆိုရပါသတုံး မေးတဲ့အခါကျတော့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက မိုက်ပုံ ခွေးနဲ့မထူးဘူးကွ ပြောတာ (မှန်ပါ့ဘုရား)။

မိုက်ပုံ့ဘာတဲ့....(ခွေးနဲ့ မထူးပါဘုရား) ခွေးနဲ့မထူးဘူးဆိုတဲ့ အဓိပ္ပါယ် ရှင်းကြပါပြီ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဟုတ်-မဟုတ်ကို ဘုန်းကြီးကဲ့ စကား အကျယ်ခဲ့ပြီးသကာလ တကာသစ်တို့ကို ရှင်းပြလို့ရှိယင် ပေါ်ပါလိမ့်မယ်နော်....(ပေါ်ပါပြီဘုရား)။

ဒီခန္ဓာငါးပါးကြီးကို ခလုပ်မထိ ဆုံးမငြိပါစေနဲ့ဆိုတာ ခင်လွန်းလို့ ပေါ့ဗျာ....(မှန်ပါ့) အင်း.... ခန္ဓာငါးပါးကြီး ခလုပ်မထိ ဆုံးမငြိပါစေနဲ့၊ အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါစေ ဆိုတဲ့အသံးတော့ဟာ ခင်ဗျားတို့ ခန္ဓာငါးပါး ခင်လို့လား....၊ မခင်လို့လား....(ခင်လို့ပါဘုရား)။

ဟာ....ဒါဖြင့် တဏှာတည်းဟူသော ကြိုးနဲ့ ဘယ့်နှယ်နေကြသတုံး....(တဲ့နေပါတယ်ဘုရား) တဲ့နေပြီ၊ ခန္ဓာငါးပါးချည်တိုင်မှာ တဏှာတည်းဟူသောကြိုးနဲ့ တကာတကာမတော့ သေသေချာချာတဲ့ပြီ.... (မှန်ပါ့ဘုရား) မတဲ့ဘူးလား.... (တဲ့ပါတယ်ဘုရား)။

ဒီခန္ဓာငါးပါးကြီးကို ငါ့ကိုယ်, ငါ့ဟာလို့ ထင်ကြရဲ့လား-(ထင်ပါတယ်ဘုရား) ဟာ....ဒါဖြင့် ဒီဌိတည်းဟူသောလည်ပတ်နဲ့ကော မတဲ့သေးဘူးလား....(တဲ့ပါတယ်ဘုရား)။

ဘယ်သူတုံးက၊ ဒီခန္ဓာခင်ဗျာ ဘယ်သူတုံး....၊ ဒီခန္ဓာကြီး ငါ့ကိုယ်ငါ့ဟာထင်နေတာ ပုထုဇဉ်ဘုရာ့....(မှန်ပါ့)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူပါလိမ့် တကာတကာမတို့....(ပုထုဇဉ်ပါဘုရား) သြော် ဒါဖြင့် တကာသစ်ရေ ပုထုဇဉ်တယောက်မှာ ဒီဌိလည်ပတ်နဲ့ တဏှာကြိုးနဲ့ ခန္ဓာချည်တိုင်နဲ့ဖြင့် တဲ့လျက်ပါဘဲ.... (တဲ့

လျက်ပါဘုရား) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) ဒီဌိုက ဘာတဲ့ဗျာ.... (လည်ပတ်) တဏှာက.... (ကြိုးပါ) ခန္ဓာငါးပါးက(ချည်တိုင်ပါ) ဒီနားလှည့်ပြေးနေတာက ဘယ်သူ ပါလိမ့်....(ပုထုဇန်ပါဘုရား)။

ဦးမာဒင် ပေါ်ပြီ....(ပေါ်ပါပြီဘုရား) ပေါ်ပြီ.... ပေါ်ပါ ပြီ တကာကြွယ်ရေ....(မှန်ပါ့ဘုရား)။

ပေါ်ပြီတဲ့၊ တကာတကာမတွေ ဘယ်ကို ဘာနဲ့အရှာသွား တယ် ..၊ တဏှာနဲ့ အရှာသွားတယ်ဆိုတာ ဘယ်သူ့ဘိုးတုံးမေး ယင် ဒီခန္ဓာပေါ့ဗျာ....(မှန်ပါ့) ဟာ....တဏှာနဲ့ တဲ့လျက်ချည့် ဘဲ တကာတကာမတို့... (မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ် ခင်လှန်းလို့ ဒီသားသမီးခန္ဓာကိုယ် ခင်လှန်းလို့ ဒီပစ္စည်းတွေ တည်းဟူသော ခန္ဓာတွေကို ခင်လှန်းလို့ ဆိုတော့ တကာတကာမတို့ ခန္ဓာနဲ့ တဏှာနဲ့ တဲ့-မတဲ့-(တဲ့ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ခင်တာတုံး....၊ အို-ကိုယ်မေ့ထားတာ တွေ ကိုယ့်ကိုယ်ကိုး....(မှန်ပါ့)။

ကိုယ့်ကိုယ် ကိုယ်မခင်ယင် တိရစ္ဆာန်ဖြစ်တော့မပေါ့....(မှန် လှပါ) ခင်လို့ခွေးဖြစ်နေတော့ ဘယ်သူမှမသိဘူး.... (မသိပါ ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ကိုယ့်ကိုယ် ကိုယ်ခင်လို့ကိုဘဲ ခုနင်က တကာတကာမတို့ ကိုယ့်ကိုယ် ထင်နေတာက ဒီဌို... (မှန်ပါ့) ခင်တာက.... (တဏှာ ပါဘုရား) ကိုယ့်ကိုယ်ဆိုတာ ခန္ဓာငါးပါး....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာငါးပါး တဏှာတည်းဟူသောကြိုးနဲ့ ပုထုဇန် တည်းဟူသော ပုဂ္ဂိုလ်ကို ဒီဌိုလည်ပတ်ကြိုးနဲ့ ဒီကြိုးနဲ့ တဲ့နေ တော့ **တ**ကာတကာမတို့ ဘယ်သွားသွား ဒီတိုင်, ဒီကြိုး,ဒီ-

လည်ပတ်နဲ့ ပုထုဇန်ဟာ လည်တာဘဲ.... (မှန်ပါ့ဘုရား) နတ်ပြည်သွားလဲ.... ဒီကြိုး ဒီတိုင် ဒီလည်ပတ်နဲ့ဘဲ လှည့်နေတာဘဲ....(မှန်ပါ့) ဗြဟ္မာ့ပြည်သွားပြန်တော့ကော.... (ဒီကြိုး ဒီတိုင် ဒီလည်ပတ်နဲ့ လှည့်နေပါတယ်ဘုရား) ဒီတိုင် ဒီကြိုး ဒီလည်ပတ်ကြီးနဲ့ လှည့်ပြေးနေတာဘဲ.... (မှန်ပါ့ဘုရား)။

သြော်... ဒါဖြင့်တကာတကာမတို့ စဉ်းစားကြည့်တော့ ဒီတိုင်ခြေရင်းမှာဘဲ တကာတကာမတို့ ထမင်းစားကြတာဘဲ.... (စားကြပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ) ဒီခန္ဓာကြီးကို ဒီနားမှာ ထမင်းကျွေးကြတာကိုး....(မှန်ပါ့ဘုရား)။

ဒီတိုင်ခြေရင်းမှာဘဲ ပုထုဇန်သည် တကာတကာမတို့ ဒါကြီးနဲ့ စွန့်ရမှာ ခဲယဉ်းတယ်၊ ဒါကြီးဟာ ငါ့ကိုယ်ကြီးဘဲဆိုတဲ့ ဒိဋ္ဌိကလဲ မရှိဘူးလား....(ရှိပါတယ်ဘုရား) ငါ့ကိုယ်မို့ ငါခင်ရတယ်ဆိုတဲ့တဏှာကော ...(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီတိုင်ခြေကကို ပြေးရဲ့လား .... (မပြေးပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

တိုင်ခြေက ပြေးကြသေးရဲ့လား.... (မပြေးပါဘုရား) ပြေးယင် ကြိုးတဆုံးဘဲ ပြေးမှာဘဲ....(မှန်ပါ့)။

ပြေးယင် ဘာတဲ့....(ကြိုးတဆုံးဘဲ ပြေးမှာပါဘုရား) ကြိုးတဆုံးဆိုတာ တကာတကာမတို့ ဒီကနေပြီး တကာကြွယ်မန္တလေးလှက်လိုက်ပါတယ်တဲ့၊ ဒီခန္ဓာနဲ့ဘဲ လှတ်လိုက်တယ်.... (မှန်ပါ့) တော်တော်ကြာကျတော့ ဒီခန္ဓာရှိရာဘဲ ပြန်လှည့်လာတယ်... (မှန်ပါ့)။

သားသမီး ခန္ဓာရှိရာ ကိုယ့်ခန္ဓာအမြဲ စိုက်ထားတဲ့နေရာကို (ပြန်လှည့်လာပါတယ်ဘုရား) တကာကြွယ်ရေ ကြိုးတဆုံးပါ

လား.... (မှန်ပါ့) ဘယ်နှယ်ကြောင့်တုံးဆိုတော့ လည်ပတ်ပါလို့....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(လည်ပတ်ပါလို့ပါဘုရား) လည်ပတ်ပါတဲ့အခါကျတော့ ကြိုးဆုံးတော့ လည်ပတ်ကတင်းတော့ တိုင်ခြေပြန်ဝပ်လိုက်တယ်.... (မှန်ပါ့) တိုင်ခြေပြန်မဝပ်ဘူးလား.... (ဝပ်ပါတယ်ဘုရား)။

ဟာ....တကာကြီးယ် ကိုယ်ကျိုးနည်းပြီ....(မှန်ပါ့)သြော်....ဒို့သည်ကားလို့ဆိုယင်ဖြင့် တကာတကာမတို့ တပည့်တော်တို့ရှေးတုန်းက ဘာမျှားဖြစ်ခဲ့သတုံး....၊ တကာတကာမတွေ့ကလျှာရှည်ရှည်နဲ့ မေးချင်မေးကြမယ် (မှန်ပါ့ဘုရား)။

တပည့်တော်တို့ ရှေးတုန်းက ဘာမျှားဖြစ်ခဲ့သတုံး....၊ အို.... တိုင်ခြေမှာ ကြိုးချည်ပြီးသကာလ ကိုယ့်လည်ပင်းမှာ ဒီဌိလည်ပတ်နဲ့ တိုင်လှည့်ပတ်ပြေးနေတယ်.... (မှန်ပါ့) ဒါဘဲ ပြောစရာရှိတယ်...(မှန်ပါ့ဘုရား) ဒီ့ပြင်ဘာရှိသေးသတုံး....(မရှိပါ)။

တိုင်ခြေမှာ ကြိုးနဲ့လေ.... (မှန်ပါ့) လည်ပင်းမှာဘာတဲ့.... (လည်ပတ်နဲ့ပါ) ပုထုဇန်တည်းဟူသော ပုဂ္ဂိုလ်သည် တကာတကာမတို့ ဒီတိုင်မှာဘဲ ပြေးနေတာဘဲ (မှန်ပါ့)ရှင်းပလား... (ရှင်းပ ပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဘိုင်ကျိုးသွားမှာမျှား စိုးရိမ်လို့ နောက်ဘဝ နတ်ခန္ဓာဖြစ်ရပါလို့ဆိုတော့ တိုင်လဲလိုက်တာ.... (မှန်ပါ့)။

နတ်ခန္ဓာဖြစ်ရပါလို့ ဆိုတော့.... (တိုင်လဲလိုက်ပါတယ်ဘုရား) ဟာ....ကျိုးလို့လဲတာလား၊မကျိုးခင်က အစားထားတာလား....(မကျိုးခင်က အစားထားတာပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ တကာတကာမတို့... (မှန်ပါ့) ခင်ဗျားတို့ ဖြစ်ထွေပြောပါတယ်.... (မှန်ပါ့) သေသေချာချာ ဉာဏ်နှားနဲ့ ထောင်တော့မှ သြော် .... ဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ တိုင်ကြီးကြီးကို စိုက်ထူရပါလို့၏....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

တိုင်ကြီးကြီးကို... (စိုက်ထူရပါလို့၏) တကာကြွယ် တောင်းများတောင်းဘူးသေးသလား ၊ ငယ်ငယ်တုန်း ကပေါ့ဗျာ....၊ မသိတုန်းက....(တောင်းဘူးပါတယ်ဘုရား)။

မသိတုန်းကတော့ တောင်းမိကြတာပေါ့နော်.... (မှန်ပါ့) အခု သေသေချာချာသိပြီးသကာလ လာတော့ သြော်.... ငါ တောင်းခဲ့တာသည် တိုင်မြဲရပါလို့၏ ဆုတောင်းတာ.... (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ ပုထုဇန် ခွေးအဖြစ်မှ မလွတ်ချင်လို့.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဒီဆုတောင်းပါလိမ့်.... (ပုထုဇန် ခွေးအဖြစ်မှ မလွတ်ချင်လို့ပါဘုရား)။

တကာသစ် မနာနဲ့ မှန်နေတယ်....(မှန်ပါတယ်ဘုရား) မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နှားနဲ့ ထောင်ကြည့်တော့မှ သြော်-နတ်ပြည်ဖြစ်ရပါလို့၏ဆိုတော့ နတ်ပြည်လို့ချင်တဲ့တဏှာနဲ့ နတ်ပြည်မှာ ခန္ဓာကြီးစိုက်ပြီး တကာတကာမတို့ ဘယ်သူဖြစ်အောင် ဆုတောင်းသတုံး ငါဖြစ်အောင်ဆုတောင်းတာ....(မှန်ပါ့)။

သြော်....ဒါဖြင့် လည်ပတ်လည်း မပြုတ်ပါရစေနဲ့-(မှန်ပါ့) ကြိုးလဲမပြတ်ပါရစေနဲ့.... (မှန်ပါ့) တိုင်လဲ ဒီ့ထက်ခိုင်တာတွေ့ပါရစေ(မှန်ပါ့)ဘယ်နှယ်လဲ ဆိုးလှချည်လား (ဆိုးပါတယ်)။

တကာတကာမတို့ သေသေချာချာစဉ်းစားပြီးကြည့်တဲ့အခါ ကျဘောဉ်မှတဲ့ သြော်....ဒို့-ပါးစပ်က ထုတ်ရက်တာဟာ မသိတဲ့ အဝိဇ္ဇာ၏ စုမ်းရည်သတ္တိဟာ ထုတ်ချင်တာ ထုတ်တာဘဲ... (မှန်ပါ့)။

မသိတဲ့ အဝိဇ္ဇာ၏ စုမ်းရည်သတ္တိဟာ ... (ထုတ်ချင်တာထုတ်ပါတယ်ဘုရား)။

သီလရင်တွေများ ဒီအသံများထုတ်မယ်ဆိုယင် အဝတ်တခြားခေါင်းတခြားနေမှာဘဲ.... (မှန်ပါ့) ဒီအတိုင်းနေမှာဘဲ- (မှန်ပါ့) တချို့. ပုဂ္ဂိုလ်တွေလဲ ဒီအသံသာ ထုတ်ကြမယ်ဆိုယင် ဘယ်နှယ်နေကြမလဲ....(ဒီအတိုင်းနေမှာပါဘုရား)။

ဒီအတိုင်းနေဦးမှာဘဲ တကာတကာမတို့.... (မှန်ပါ့) ကိုင်မကျိုးပါရစေနဲ့, ကြိုးမပြတ်ပါရစေနဲ့, လည်ပက်မပြုတ်ပါရစေနဲ့ (မှန်ပါ့) ဒီအဓိပ္ပါယ်ဘဲရတယ်.... (မှန်ပါ့) ဒီ.ပြင်ဘာ.ရသေးသတုံး ..(ဘာမှမရပါဘုရား)။

တကာကြယ် ခင်ဗျားတို့မှားချက် ကျ.ကုန်ပြီနော်.... (ကျ.ခဲ့ပါပြီဘုရား)။

တကာသစ် မှားချက်ဘယ်နှယ်နေသတုံး.... (ကျ.နေပါပြီဘုရား) အတော်.ကိုဆိုးပြီဆိုတာ ဦးမာဒင်တို့ ပေါ်ပါပြီ.... (ပေါ်ပါပြီဘုရား)။

သြော်....ဒါ့ကြောင့် တကာတကာမတို့ သီ, ကြား, လိမ္မာတဲ့ ကလျာဏမိတ္တ သူတော်ကောင်း သစ္စာဟောတတ်, ပဋ္ဌိစ္စသမုပ္ပါဒ် ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းကြစမ်းပါ, သင်းကြစမ်းပါဆိုတာ

ဘုရားအကြိမ်ကြိမ်မှာတဲ့ ဥစ္စာ တော်တော်အရေးကြီးလို့ဘဲ...(အရေးကြီးပါတယ်ဘုရား)။

ကြည့်စမ်း အခု ကိုယ်တောင်းထားတဲ့ဥစ္စာက တိုင်လဲမြဲရပါလို့၏....(မှန်ပါ့) ကြိုးလဲ....(ခိုင်ရပါလို့၏)လည်ပတ်လဲ....(မြဲရပါလို့၏) အဲ....ကြီးရပါလို့၏.... (မှန်ပါ့) လည်ပတ် ကြီး-ကြီး-(မှန်ပါ့) ဒီတွင်လှည့်ပြေးနိုင်ပါရစေ....(မှန်ပါ့)။

ဘာဆုတောင်းတာတုံး....(ခွေးဆုပါဘုရား)သေသေချာချာကျတော့ ခုနင်က ဥပမာနဲ့ပြောတော့ ခွေးဆုတောင်းတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုန်းကြီးကပြောတာလား တကာတကာမတို့ ဘုရားကဟောတာလား.... (ဘုရားကဟောတာပါဘုရား)။

အဲ....ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ သေသေချာချာလာတယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒီတခါမှ တိုင်ကျိုးရ၍ ကြိုးပြတ်ပြီးသကာလ လည်ပတ်ပြုတ်အောင် မလုပ်ကြတော့ဘူးဆိုလို့ ရိုယင်ဖြင့် ခင်ဗျားတို့ဖြစ်ထွေဟာ ရောက်ရာ တိုင်နဲ့ ကြိုးနဲ့ လည်ပတ်နဲ့ လှည့်ရုံဘဲ-(မှန်ပါ့)။

သေသေချာချာ စဉ်းစားကြည့်တော့မှ ဒီဥစ္စာ တကာကြွယ်တို့ တကာသစ်တို့ ဦးမာဒင်တို့ မှန်သဗျာ....(မှန်ပါတယ်ဘုရား)။

ဒီခန္ဓာကြီးနဲ့ဖြင့်ဘုရား ရောက်ရာမှာဒီခန္ဓာကြီး နတ်ခန္ဓာကြီးဖြစ်၍ ပြဟ္မာခန္ဓာကြီး ဖြစ်ပါရစေ....ဆိုတဲ့ဥစ္စာ တကာတကာမတို့ တိုင်ရော, ကြိုးရောကို ဆုတောင်းယူတယ်.... (မှန်ပါ့)။

ခန္ဓာဆိုတာက တိုင်,တောင်းတာ.... (မှန်ပါ့) ဖြစ်ပါရစေဆိုတဲ့ တဏှာက ကြိုး....(မှန်ပါ့) ဘယ်သူ့ဖြစ်ချင်တာတုံးဆိုတော့ အို....တပည့်တော် ဖြစ်ချင်တာဘုရာ့....လည်ပတ်....(မှန်ပါ့ လည်ပတ်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

သြော်... တိုင်ခြေရင်းမှာ ကြိုးတန်းလန်းနဲ့ လည်ပတ်မပြုတ်ဘဲနဲ့ ဒီမှာ ကျင်ကြီးစွန့်၊ ဒီမှာ ထမင်းစား ဒီခေါင်းစင်းသေ တိုင်ခြေမှာ.... (မှန်ပါ့) အဲဒီ့အဖြစ်ဟာ ဆုတောင်းကောင်း မတောင်းကောင်း စဉ်းစားကြည့်ပါ.... (မတောင်းကောင်းပါဘုရား)။

တကာကြွယ်ရေ မသိပြီဆိုယင် ဘယ်လောက်ဆိုးဝါးသတုံး-(ဆိုးဝါးပါတယ်ဘုရား) ဦးမာဒင် ပေါ်ပြီ.... (ပေါ်ပါပြီဘုရား)။

ဒေသေချာချာ တကာတကာမတွေ ဉာဏ်နားနဲ့ ထောင်ကြည့်တဲ့အခါကျတော့မှ တကာသစ်ရေ ဘုရားရှေ့မှာ သစ္စာဆိုတာနော်....(မှန်ပါ့) အံ့မာလေး....ဒီ့ပြင်နေရာလား-(မဟုတ်ပါဘုရား)။

ဘုရားကလဲ တိုင်ကျိုးအောင် သူ့တာဝန်... (မှန်ပါ့)ကြိုးပြတ်အောင်.... (သူ့တာဝန်ပါ) လည်ပတ်ကြိုးပြတ်အောင်.... (သူ့တာဝန်ပါဘုရား)။

သြော်....ဘုရားကလဲ ဒါကြောင့်ကို တိုင်လဲကျိုးအောင် ငါလုပ်မယ် သူတို့အတွက်၊ ကြိုးပြတ်အောင်လဲ ငါဘဲလုပ်မယ်၊ ဒီဌိုဆိုတဲ့ လည်ပတ်ပြုတ်အောင်လဲ ငါဘဲကြိုးစားမယ်လို့ ကိုယ်တော်ကြီး

က ထိုင်ပြီး ရှေ့နားမှာစဉ်းစားတုန်းခင်ဗျားတို့က တိုင်မကျိုးပါ ရစေနဲ့ဘုရား(မှန်ပါ့)ကြိုးမပြတ်ပါရစေနဲ့ဘုရား (မှန်ပါ့) လည်ပတ် .. ါ(မပြုတ်ပရစေနဲ့) အဲဒါ ပြည့်အောင်ဘဲ အရှင်ဘုရား ဆုပေးတော်မူပါ....(မှန်ပါ့) သွားပြီပေါ့ဗျာ.... (မှန်ပါ့)တယ် ဆိုးပါလား....(ဆိုးပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ဖြစ်ထွေကဖြင့် အရုပ်ဆိုး တန်းကုန်နေပြီ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်....(အရုပ်ဆိုးတန်းကုန်နေပါပြီဘုရား)။

တကာသစ် ဒီ့ထက်ဆိုးလို့ရှိယင်ဖြင့် အဝိစိသွားရုံရှိတော့တယ်....(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပ ါပြီဘုရား)။

ဒီ့ထက်ဆိုးယင်ဖြင့်.... (အဝိစိသွားရုံရှိပါတယ်ဘုရား) အခုဟာ ခွေးဆုတောင်းတာရှိသေးတယ် ....(မှန်ပါ့)တကာတကာမတွေ့ လူဖြစ်ရပါလို့၏၊ နတ်ဖြစ်ရပါလို့၏၊ ဗြဟ္မာဖြစ်ရပါလို့၏ ဆုတောင်းတဲ့ပုဂ္ဂိုလ် ဘုရားကကြည့်စမ်း ခွေးဥပမာနဲ့ပြတယ်....(မှန်ပါ့) ဘာဆုတောင်းသလဲ.... (ခွေးဆုတောင်းပါတယ်ဘုရား)။

တကာကြွယ် အခုမှပြန်ရှက်တော့ဗျာ .. (မှန်ပါ့)ဆုတောင်းပြည့်ဘုရားများ ခင်ဗျားတို့နား ဆုတောင်းပြည့်ဘုရား ရှိပြီထင်တယ်....(ရှိပါတယ်ဘုရား)။

ဟင်.... တကာကြွယ် ဆွမ်းအုပ်ကြီးနဲ့ သွားတဲ့ပြီး သကာလ အရှင်ဘုရားတပည့်တော်သည်ကားလို့ဆိုယင် တိုင်ရဲမကျိုးပါရ

စေနဲ့.... (မှန်ပါ့) ကြိုးကော.... (မပြတ်ပါရစေနဲ့) လည်ပတ်ကော....(မပြုတ်ပါရစေနဲ့)လှည့်ပြီးတော့ကော (ပြေးပါရစေ) ဟာ... ဘာဆုတောင်းတာတုံး တကာကြွယ်ကြီး....(ခွေးဆုတောင်းတာပါဘုရား)။

ဟာ... အတော်ဆိုးနေပါပေါ့လား.... တကာတကာမတို့.... (ဆိုးပါတယ်ဘုရား) မြင်ကြပလား....(မြင်ပါတယ်ဘုရား)။

သေသေချာချာ ဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ တကာကြွယ် ဦးစီးထားပြောလို့ ဘဝဆုတောင်း ဒီအတိုင်း.... (မှန်ပါ့)သေသေချာချာမသိတော့ ခွေးဆုတောင်းမှန်း ဘယ်သူမှမသိဘူး.... (မသိပါဘုရား)။

အခု သေသေချာချာ တကာတကာမတို့ ခန္ဓဝဂ္ဂသံယုတ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတာထောက်တော့ မှ သြော်....တောင်းလိုက်တဲ့ဆုကလဲ ပြည့်မှပြည့်ပါ့မလား....လို့ စိုးမျှား စိုးရိမ်လိုက်သေးတယ် (မှန်ပါ့)အပြီးသတ်တော့ လေးဘက်သွားဆုကြီးပါလား....(မှန်ပါ့ဘုရား)။

ဘာဆုပါလိမ့်....(လေးဘက်သွား ဆုပါဘုရား)တကာကြွယ် လေးဘက်သွားဆိုတော့ နည်းနည်း ယဉ်သေးတာပေါ့ဗျာ.... (မှန်ပါ့) နည်းနည်းယဉ်သေးတာပေါ့၊ အင်မတန်မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။

အေး....ဒီနေ့တော့ တကာတကာမတို့ တိုင်လဲ ကျိုးစေရပါမယ် တကာတကာမတို့... (မှန်ပါ့) ကြိုးလဲပြတ်စေရမယ်....၊ လည်ပတ်လဲ ပြုတ်စေရမယ်ဆိုတဲ့ တရား ဖြစ်လေသောကြောင့်

သြော်....လွတ်လပ်ရေးတရားဆိုတာ ဒါပါလားဆိုတာ သေသေချာချာမှတ် (မှန်ပါ့ဘုရား)။

ကြည့်....ဒီဌာပါဒါန်မှလဲ လွတ်ပါလိမ့်မယ်....(မှန်ပါ့) ကိုင်းကြိုးတည်းဟူသော ကိလေသဝဋ်မှကော.... (လွတ်ပါတယ်ဘုရား) ခန္ဓာတည်းဟူသော ဝိပါကဝဋ်မှကော.... (လွတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုလေသဝဋ် ကမ္မဝဋ်, ဝိပါကဝဋ် ကျွတ်မည့်တရားကို ယနေ့ တကာတကာမတို့ အလုပ်,လုပ်ယင် ဖြစ်ပါလိမ့်မယ်ဆိုတဲ့ဥစ္စာ သေချာပါလိမ့်မယ်.... (သေချာပါတယ်ဘုရား)။

တကာကြွယ် ဒီနေ့ အင်မတန်ထူးတဲ့နေ့နော်.... (ထူးပါတယ်ဘုရား) အင်မတန်ထူးတဲ့နေ့ပါ တကာတကာမတို့.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဘုံဘဝဆုတောင်းတဲ့အဖြစ်ကဖြင့် အကျည်းတန် အရုပ်ဆိုးမှာဖြင့် ပြောစရာမရှိပါဘူး.... (မရှိပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နတ်ဆုတောင်းတယ်ဆိုတဲ့ဥစ္စာလဲ ဘုန်းကြီးက ခဏခဏပြောပါတယ်၊ ခင်ဗျားတို့ နတ်မြင်ဘူးရဲ့လားလို့ မေးတဲ့အခါကျတော့ တကာကြွယ် တာဝတိံသာနတ်,စတုမဟာရာဇ်ကနတ် မြင်ဘူးရဲ့လားလို့ မေးပြန်တော့လဲ တကာကြွယ် မေးယင်ဘဲ၊ တကာသစ် မေးယင်ဘဲ မမြင်ဘူးပါဘူး ဖြေရမယ်....(မှန်ပါ့)မြင်ဘူးကြရဲ့လား....(မမြင်ဘူးပါဘုရား)။

မမြင်ဘူးဘဲနဲ့ ဘာ့ကြောင့် ဆုတောင်းသတုံးဗျ....ဆိုတော့ အို....ပန်းချီဆရာရေးထားတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘယ်သူ့လမ်းဆုံးနေသတုံး.... (ပန်းချီဆရာ လမ်းဆုံးနေပါတယ်ဘုရား)။

ဖြစ်မှ ဖြစ်ရလေဗျာ... ပန်းချီဆရာဟာ ခင်ဗျားတို့လို လူပါဘဲ....(မှန်ပါ့)။

ပန်းချီဆရာဟာ ဘယ်လိုလူပါလိမ့်... (တပည့်တော်တို့လို လူပါဘုရား)။

အင်း....ကိုယ့်လူချင်း ကိုယ်လမ်းဆုံးပြီးသကာလ ဩော်.... ကိုယ်ဥာဏ်တုံးလို့ ပန်းချီလမ်းဆုံးတာကိုး.... (မှန်ပါ့) ကိုယ်ဥာဏ်တုံးလို့....(ပန်းချီလမ်းဆုံးတာပါဘုရား)။

ဗြဟ္မာတွေကျတော့ အဝတ်ဖြူကြီးတွေနဲ့ ရေးထားပြန်တော့ အင်း....ဗြဟ္မာကဘဲ တမျိုးလိုလို....(မှန်ပါ့) ထင်ရတယ်နော်... (မှန်ပါ့) ကိုယ်တိုင် မြင်ဘူး,တွေ့ဘူးကြရဲ့လားလို့ မေးပြန်တော့....(မတွေ့ဘူးပါဘုရား)။

အင်း....ဒါဖြင့် ဗြဟ္မာဖြစ်ချင်တဲ့ပုဂ္ဂိုလ်လဲ ပန်းချီလမ်းဆုံး.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်လမ်းဆုံးပြန်သတုံး.... (ပန်းချီ လမ်းဆုံးပါတယ်ဘုရား) ပန်းချီလမ်းဆုံးတယ်....(မှန်ပါ့)။

ကိုင်း....ခင်ဗျားတို့ ဥာဏ်ဘယ်လောက်တုံးတယ်ဆိုတာဖြင့် ပြောစရာမလိုတော့ပါဘူး(မလိုပါ)တကာကြွယ် ဘယ်နှယ်တုံး (ဥာဏ်တုံးပါတယ်ဘုရား)။

ပြီးတော့.... ခင်ဗျားတို့ ပါးစပ်ကလဲ ဖေါ်ပြောသားဘဲ ဒီပန်းချီရေးတာ တယ်လှတယ်....တဲ့.... (မှန်ပါ့ဘုရား) ဆိုတော့ အတော် ဆိုးသွားတယ်... (မှန်ပါ့) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အေး.. ဒါကြောင့် တကာတကာမတို့ ပန်းချီလမ်းမဆုံးဘဲနဲ့ သစ္စာလမ်းဆုံးကြပါ....(မှန်လှပါဘုရား)။

ပန်းချီလမ်းမဆုံးဘဲနဲ့....(သစ္စာလမ်းဆုံးကြပါ) သစ္စာလမ်းဆုံးဆိုတော့ တကာတကာမတို့ တိုင်ကြီးဟာ ဘာသစ္စာဆိုတာ သိရောပေါ့....(ဒုက္ခသစ္စာပါဘုရား) ကြိုးဟာ သမုဒယသစ္စာ.... (မှန်ပါ့) ဒီဦးကကော.... (လည်ပတ်ပါဘုရား) လည်ပတ်ဟာ သမုဒယသစ္စာဘဲ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ပုထုဇဉ်က ဒုက္ခသစ္စာ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒုက္ခတည်းဟူသော ချည်တိုင်ခ္ဍ ဒုက္ခသည် လှည့်ပြေးနေတယ် (မှန်ပါ့ဘုရား)။

ဒုက္ခချည်တိုင် မြဲအောင်စိုက်ပြီး ဒုက္ခသည်က.... (လှည့်ပြေးနေပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်တိုင် ကိုယ်စိုက်ပြီးသကာလ ကိုယ်သည်ပင်လျှင် လှည့်ပြေးနေတဲ့အဓိပ္ပါယ်ရောက်တယ်- (ရောက်ပါတယ်ဘုရား)။

ကိုယ့်တိုင်ကိုယ်စိုက်၊ ကိုယ့်ကြိုးကိုယ်ချည်၊ ကိုယ့်လည်ပတ် ကိုယ်တပ်ပြီးသကာလ သုံးဆဲ့တဘုံထဲမှာ အရှက်တကွဲ့ လည်ပြတယ်....(ပြပါတယ်ဘုရား)။

သုံးဆဲ့တဘုံထဲမှာ ဘာလုပ်ပြနေသလဲ.... (အရှက်တကွဲ့ လည်ပြနေပါတယ်ဘုရား) ။

ဒါတောင်မှ ဘုန်းကြီးနဲ့တွေ့လို့ ခင်ဗျားတို့ အင်း....ရှက်စရာ ကြီးဆိုတာ ဒီနေ့ ပေါ်တာဘဲ....(မှန်ပါ့)။

နို့မဟုတ်ယင်ဖြင့် ကိုယ်က နတ်ခုနည်တိုင်ကြီးနဲ့, နတ်ကြီး ကြီးနဲ့,နတ်လည်ပတ်ကြီးနဲ့မျှား လည်ပတ်ရမယ်ဆို ကြားဦးတော့ မလိုလို....(မှန်လှပါ)။

ဖြစ်မှ ဖြစ်ရပလေ၊ အံမာလေး...တကာတကာမတွေ့ တကာ ကြယ်တို့ ခေါင်းပေါင်းစ,ထောင်ပုံကဖြင့် ခက်ပါသေးတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အင်မတန် ဆိုးဝါးနေပြီ တကာတကာမတွေ့ရဲ့.... (မှန်ပါ့) အခု ဝတ်စားပြီးသကာလ အမျိုးမျိုးအဖုံဖုံနေကြတာ အင်း.... လည်ပတ်ပြုတ်လို့လား၊ ကြိုးပြတ်လို့လား၊ တိုင်ကျိုးလို့လား လို့ ! မဟုတ်ပါဘုရား .... တပည့်တော်တို့ဟာ တပည့်တော်တို့ ချင်း ခုနင်က ဆီဆုံလှည့်တဲ့ဆွားချင်းအပြေးပြိုင်တာပါ-(မှန်ပါ့) ရိပ်မိပလား.. (ရိပ်မိပါပြီ)။

ဘာလုပ်ကြတာပါလိမ့်.... (ဆီဆုံလှည့်တဲ့ဆွားချင်း အပြေး ပြိုင်တာပါဘုရား) အပြေးပြိုင်ချင်ပြိုင်၊ ဆီဆုံတပတ်ဘဲ ရှိမှာဘဲ (မှန်ပါ့)။

ပြိုင်ချင်လဲ ပြိုင်ကြ၊ ဆီဆုံပတ်ပြီးသကာလ နေရုံမှ တပါး အပြင်တောဖြင့် မရောက်ပါဘူး....(မရောက်ပါဘုရား) သဘော ကျပလား...(ကျပါပြီ)။

ဒါဖြင့် အခု ဘယ်သူက တိုက်နဲ့ ဘယ်သူက ကားနဲ့ ဘယ်သူက စိန်နဲ့ဆိုတာ တကာကြွယ် ဘာပြောင်ကြတာတုံး.... (ဆီဆုံ အပြေးပြိုင်တာပါဘုရား) ဆီဆုံအလှည့်ပြိုင်တာ.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)တကယ်ဆိုးတဲ့ တကာတကာမတွေ့ ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ပုထုဇဉ်ချည့်ကိုးဗျ.... (မှန်ပါ့) ပုထုဇဉ်ဆိုကတည်းက ဒီဌိ လည်ပတ်က ပြုတ်ပလား....(မပြုတ်သေးပါဘုရား) တဏှာကြိုးက ကော့ ပြတ်ပလား.. (မပြတ်သေးပါဘုရား) ခန္ဓာငါးပါး ချည် တိုင်ကြီးကကော ကျိုးထွက်သွားပလား- (မကျိုးသေးပါဘုရား) ဒါဖြင့် ဒီအနားတွင် လှည့်တုန်းပေါ့ဗျာ....(မှန်ပါ့)။

အင်း....ဒါဖြင့် တကာတကာမတို့ ဆီဆုံမှာ နွားဘယ်သူက အလည်မြန်တယ်ဆိုတာ ပြိုင်တာနဲ့မထူးပါဘူး- (မထူးပါဘုရား) ထူးသေးရဲ့လား....(မထူးပါဘုရား)။

အဲဒါ ခင်ဗျားတို့ချင်းက ဒါတောင်မှ တကာကြွယ်တို့က သြော်....သူ့ထက် ငါသေးတယ်လို့ထင်ချင်ထင်နေတာ- (မှန်ပါ့ ဘုရား) ဟာ....ဘာဖြစ်လို့တုံး....၊ အပြေးသန်လို့လား၊ ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

အပြေးသန်လို့လား တကာ တကာမတို့၊ သူ့ထက် ငါက ဝတ်နိုင်တယ်,စားနိုင်တယ်, ဟုတ်လား၊အနေအထိုင်မှာ တန်းက မြင့်တယ် အစရှိသည်နဲ့ တကာတကာမတွေ့မှာ ဖြစ်နေကြတာက ဘာတုံး . လို့ မေးတဲ့အခါကျတော့မှ တကာသစ် ရိပ်မိပလား- (ရိပ်မိပါပြီ) ဆီဆုံလှည့်တဲ့အခါမှာ ဘာတဲ့.... (အပြေးပြိုင်တာ ပါဘုရား)။

သူက အပြေးသန်တာပေါ့ဗျာ.... (မှန်ပါ့) အပြေးသန်တာ ဘဲ ရှိတယ်ဆိုတာ အဓိပ္ပါယ်ရောက်တယ်.... (ရောက်ပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့သည်....တဲ့ ဘာမှမသိတဲ့ အဓိပ္ပါယ် ဖြစ်နေတော့ တကာတကာမတို့ နှားများပြိုင်ပဲ့ ရှေးက နှားလှ ပြိုင်တော့ကျတော့ ထိပ်အုပ်တော့, ဘာတော့နဲ့ မလာဘူးလား.... (လာပါတယ်ဘုရား)။

နှားက နှားမှတပါး ဒီ့ပြင် ဘာများဖြစ်လာသေးသတုံး.... (ဘာမှ မဖြစ်ပါဘုရား) ဘာမှ မဖြစ်ဘူး၊ ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ပြေးဘို့ဘဲ သူ့မှာ၊ ဆိုဆုံမောင်းယင်လဲ လှည့်ဘို့ဘဲ၊ ဒီ့ပြင် ဘာဖြစ်သေးသတုံး....(ဘာမှ မဖြစ်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဘာဝတ်ဆင်ဆင် ဘာဘဲလုပ်လုပ် နှားမှ တပါး ဘာဖြစ်သေးသတုံး မေးတာနဲ့ အတူတူဘဲ.. (မှန်ပါ့) သံသရာ့ခရီးသည် လှည့်သမားမှတပါး ဘာထူးသေးသတုံး .... (ဘာမှမထူးပါဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ်ရေ ဘယ်သူကသာတယ်·ဘယ်သူက ကာမာဝစရထက်တယ်- ဘယ်သူကဖြင့် နေရာကျတယ်ဘုရာ့၊ တပည့်တော်တို့က ဒီအခြေအနေ မရောက်သေးလို့ မိုအောင်လိုက် နေရသေးတယ်ဆိုတော့ ဘာလိုက်တာတုံးဆိုတော့ အဝိုင်းပြေး ပြိုင်တာ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာလုပ်ကြတာလဲ ... (အဝိုင်းပြေးပြိုင်တာပါ) တကာကြွယ် ပြိုင်ချင်သေးသလား....(မပြိုင်ချင်ပါ) နေရာကျပြီ- နေရာကျပြီ၊ ဒီနေ့ တော်တော်ရိပ်မိတဲ့ နေ့ဗျနော်....(မှန်ပါ့ဘုရား)။

ဒီနေ့ဘာနေ့ပါလိမ့် တကာတကာမတို့ .... (ရိပ်မိတဲ့ နေ့ပါ ဘုရား)။

အင်း....ဒါဖြင့် အသက်ဘယ်လောက်ရှိပြီတုံး၊ မမေးရပေဘူး လား တကာကြွယ်ရေ.. (မှန်ပါ့) အင်း....ဒါတောင်မှ ဒီတကာ တကာမတွေ ဒီလိုအသက်ကြီးလို့ ရိပ်မိတယ်ဆိုတာ ရိပ်မိတဲ့အထဲ ပါသေးလို့ တော်သေးတယ်၊ ဂေဇက်ဝင်ဖြစ်သေးတယ် .... (မှန်ပါ့)မရိပ်မိဘဲနဲ့ သေသွားတဲ့လူတွေ တကာကြွယ်တပ်ကြီး- (တပ်ကြီးပါဘုရား)။

ခင်ဗျားတို့ ဂေဇက်ဝင်ဖြစ်သေးတယ် ... (မှန်ပါ့)ဟိုက ဂေဇက်ကိုဝင်ရဲ့လား....(မဝင်ပါ)ဘယ်လောက်ဆိုးသွားသတုံး- (ဆိုးပါတယ်ဘုရား)။

ဒီလိုလှည့်နေပါကလားဆိုတာ ခင်ဗျားတို့ကလဲ မသိခင်တုန်း ကတော့ အင်း-သူ့တိုက်နဲ့သူ့တာနဲ့ သူ့ရှေနဲ့ သူ့ကားနဲ့သူ့သား သမီးပြည့်ပြည့်စုံစုံနဲ့ဆိုယင်သေပျော်တယ်တဲ့(မှန်ပါ့ဘုရား)တကာ တကာတို့ လည်ပတ်ပြုတ်လို့ပြောတာလား.... (မဟုတ်ပါဘုရား) မဟုတ်ပါဘူး၊ ကိုယ်ဖြစ်ချင်လို့ပြောတာပါ.... (မှန်ပါ့) ရိပ်မိပ လား....(ရိပ်မိပါပြီ) ကိုယ်ဒီလိုဖြစ်ရယင် ကျေနပ်တာကိုးဗျ.... (မှန်ပါ့ဘုရား)။

အင်း....လည်ပတ်ပြုတ်လို့ ပြောတာလား တကာကြွယ် .... (မဟုတ်ပါ) ကြိုးပြတ်လို့လား(မပြတ်ပါ) ခန္ဓာတည်းဟူသော

တိုင်ကြီးကျိုးသွားလို့လား....(မဟုတ်ပါ) ဘာဖြစ်လို့တုံး .... မသာကြီးချ သွားမြင်တယ် .... (မှန်ပါ့). ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဘာသွားမြင်သတုံး.... (မသာကြီးချသွားမြင်ပါတယ်ဘုရား) မသာကြီးချဆိုတာတကာကြွယ် ဘာထူးသေးသတုံး ဟိုကျတော့ မြေကျတော့ မြေက ရှေမြေပေါ်ချတာလား... (မဟုတ်ပါ) ဟာ....ခင်ဗျားတို့ ဒီခြောက်ပေတွင်းမှာဘဲ....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ခြောက်ပေ - တူးပြီး မြုပ်တာမှတပါး ဒီ့ပြင်ဘာရှိသေးသတုံး....(ဘာမှမရှိပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ရေ ဒီလည်ပတ်လဲ ဖြုတ်ကြစို့တော့.... (မှန်ပါ့)ကြိုးလဲပြတ်မှတော်မယ်....(မှန်ပါ့) တိုင်ကော... (ကျိုးမှတော်မှာပါ) တိုင်လဲကျိုးမှတော်မယ် နို့မဟုတ်ယင်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြင်းမိုရ်တောင်ကြီး ပျောက်စရာရှိတယ်၊ မင်းတို့အဝိုင်းပြေး မလွတ်ဘူးတဲ့....(မှန်ပါ့ဘုရား)။

မဟာပထဝီမြေကြီးဘဲ ပျောက်စရာ ပျက်စရာရှိတယ်၊ မင်းတို့ ဒီတိုင်ကျိုး-ကြိုးပြတ်ဘို့ ငါမမြင်ဘူးတဲ့....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

မဟာပထဝီ မြေကြီးတွေ ကမ္ဘာပျက်တဲ့အခါ မီးလောင်အကုန်ပျောက်တယ်.... (မှန်ပါ့) မင်းတို့ တိုင်ကျိုး- ကြိုးပြတ်-လည်ပတ်ပြုတ်ဘို့ ငါမမြင်ဘူးတဲ့.... (မှန်ပါ့) ဆိုတော့ တကာ တကာမတို့ ဝိပဿနာမလုပ်သ၍ ကာလပတ်လုံးဖြင့် တိုင်လဲ

မကျိုးပါဘူး....(မှန်ပါ့)ကြိုးကော....(မပြတ်ပါ) လည်ပတ်ကော (မပြုတ်ပါဘုရား)။

ဒါဖြင့် ဘာဆုတောင်းတောင်း-တောင်းသ၍ဟာဖြင့် တိုင်ခိုင်ရပါလို၏၊ ကြိုးမြဲရပါလို၏၊ လည်ပတ်ထူထပ်ရပါလို၏ .... (မှန်ပါ့) ဒီ့ပြင်ဘာပါသေးသတုံး.... (ဘာမှမပါ-ပါဘုရား)။

ခင်ဗျားတို့ တော်ဘဲ-တော်သေးတယ်၊ တကာကြွယ်ရေ .... (မှန်ပါ့) ကိုယ်အရုပ်ဆိုးတာတွေကို အခု ဆရာဘုန်းကြီးတည်းဟူသောပြောဟောဆိုတဲ့တရားမမှန်ပေါ်တင်ကြည့်တော့မှကိုယ်တောင်းထားတဲ့ဆုတွေဟာ သြော်....ခွေးဆုတောင်းထားတယ်... (မှန်ပါ့) သေသေချာချာ ပေါ်လာတယ်....(ပေါ်လာပါတယ်) မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ ယနေ့ကစပြီး သကာလ တောင်းလဲမတောင်းပါနဲ့တော့၊ တိုင်ကျိုးအောင်ဘဲ ဂရုစိုက်ပါတော့....(မှန်ပါ့)ကြိုးပြတ်အောင်ဘဲ(ဂရုစိုက်ရပါမယ်)လည်ပတ်ပြုတ်အောင်ဘဲ....(ဂရုစိုက်ရပါမယ်ဘုရား)။

ကဲ....တကာကြွယ် နောက် သူများတောင်းနေတာ မြင်လို့ ရှိယင်ဖြင့် ကျုပ်တို့ ဒီဘကာတကာမတွေကတော့ဖြင့် အင်း.... ဘာဆုတောင်းပြန်ပါလိမ့်မတုံးဆို သိပြီ....(မှန်ပါ့)မသိဘူးလား (သိပါတယ်) အဝိုင်းပြေးဆု တောင်းပြန်ပဟော့ .... (မှန်ပါ့ ဘုရား)။

ဘာဆုတောင်းပြန်ပါလိမ့်....(အဝိုင်းပြေးဆုတောင်းပါတယ် ဘုရား)။

အဝိုင်းပြေးနိုင်တယ်ဆိုကတည်းက ဆီဆုံနွားသော်ငင်းဖြစ်ရ မယ်....(မှန်ပါ့)ဒီ့ပြင်ဘာရှိသေးသတုံး.... (ဘာမှုမရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သစ္စာမသိ ပြီဆိုမှုဖြင့် ဦးမာဒင် တောင်းမိတောင်းရာ တောင်းချလိုက်တယ် (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် 'ပုထုဇဉ်နော ဥမ္မတ္တကော'.... (မှန်ပါ့)ရှုးလိုက် တာကဲ့ကာ ကောင်းမှန်း ဆိုးမှန်းမရှေးတတ်ဘူးက၊ တောင်းချင်ရာ တောင်းယူတာက....(မှန်ပါ့)။

အရှုးမျှားတကာတကာမတွေ့လမ်းမှာကောက်စားတာကောင်း တာ- ဆိုးတာရှေးသေးရဲ့လား....(မရှေးပါဘုရား) ဘာ့ကြောင့် တုံး- ရှုးလို့....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့လဲ နိရောဓသစ္စာမသိဘူး၊ ဒုက္ခသစ္စာလဲ မသိတော့ မသိတဲ့အထဲ ဒုက္ခသစ္စာဘဲ အမြဲဆုတောင်းယူတယ်.... (တောင်း ပါတယ်ဘုရား)။

ဘာတောင်းယူသလဲ.... (ဒုက္ခသစ္စာ ဆုတောင်းယူပါတယ်) အင်း....လူဖြစ်ရပါလို၏၊ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဟာ....ဒုက္ခသစ္စာဆိုတာ တကာတကာမတို့ ရှောင်ရ, ဖယ်ရ တယ်နော်....(မှန်ပါ့) တောင်းကောင်းရဲ့လား ... (မတောင်း ကောင်းပါ) တောင်းတာက သမုဒယသစ္စာ....(မှန်ပါ့)ရတာက (ဒုက္ခသစ္စာပါဘုရား)။

တောင်းတာက....(သမုဒယသစ္စာပါ) ရတာက... (ဒုက္ခသစ္စာ ဘုရား)။

သြော်.. ဘုရားက သမုဒယသစ္စာကို ပဟာတဗ္ဗ= ပယ်လိုက်ကွတဲ့ .... (မှန်ပါ့) ဒုက္ခသစ္စာကို ပရိညေယျနဲ့ ပိုင်းခြားသိပြီး ခြေကန်ပစ်ခဲ့တဲ့....(မှန်ပါ့ဘုရား)။

အင်း....ဘုရားက ပယ်ခဲ့-ခြေကန်ပစ်ခဲ့လို့ ဟောတာ ခင်ဗျားတို့က ပွေ့ပိုက်ရပါလို့၏တဲ့....(မှန်ပါ့) အံမာလေး....သေဘို့သာ ကောင်းတော့တယ် တကာကြွယ်ရေ....(မှန်ပါ့ဘုရား)။

ဘုရားက သမုဒယသစ္စာတော့ ပယ်တဲ့တရား .... (မှန်ပါ့) ဒုက္ခသစ္စာတော့ ပိုင်းခြားပြီး ထားပစ်ခဲ့ရမည့်တရား.... (မှန်ပါ့) မင်းဒုက္ခနဲ့ ငါနဲ့မဆက်သွယ်တော့ဘူးဆိုပြီး ပရိညေယျနဲ့ပိုင်းခြားပြီး ခြေကန်ထားပစ်ခဲ့ရမှာ ... (မှန်ပါ့ဘုရား)။

ဘုရားက ပယ်ရမည့်တရား ခြေကန်ထားခဲ့ရမည့် တရားကို ခင်ဗျားတို့က ပွေ့ပိုက်ရပါလို့၏တဲ့....(မှန်ပါ့ဘုရား)။

ဟာ....ဘယ့်နှယ်ဖြစ်နေသလဲ....(ပြောင်းပြန်ဖြစ်နေပါတယ်) တကာကြွယ် မရှက်ဘူးလား (ရှက်ပါတယ်ဘုရား)။

ဒါ့ကြောင့် အရိယာမျက်လုံးနဲ့ကြည့်လိုက်ပြီဆိုမှဖြင့် တကာ တကာမတို့ ငယ်ကအကြောင်းတွေကို သူတို့ဘယ်တော့မှ ပြန်ပြောင်းပြီး မစဉ်းစားဘူး....(မှန်ပါ့)ရှက်လွန်းလို့ ခန္ဓာဝန်ကြီးကို ယနေ့ အရိယာဖြစ်တယ်ဆို နက်ဖြန် ချချင်တော့တာဘဲ၊ မတော်တာတွေ့အောက်မေ့နေယင် ခက်ချည်ရဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ကလဲ- ရုပ်နဲ့နာမ်နဲ့မျှား ဖေါ်ပြောရယင်ပြုံးမျှားပြုံးလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ့်နှယ်ဖြစ်တာတုံး.... (ပြုံးများပြုံးပါတယ် ဘုရား) ပြုံးများပြုံးနေသေးတယ်၊ ငယ်ကျိုးငယ်နာတွေ ဖေါ်ပြောတဲ့အခါလေ.... (မှန်ပါ့) ကျုပ်က ဘယ်လိုဗျ၊ ဘယ်လို-အစရှိသည်နဲ့ ဘယ်ရှာခဲ့ပြီ၊ ဘယ်လိုဝယ်ခဲ့ပြီး ဘယ်လိုရခဲ့တာ ဆိုပြီးသကာလ အင်း....ပုထုဇဉ်အရှုးချင်းများ ပြုံးပြီးသကာလ တကာတကာမတို့ အဝိုင်းပြေးပြိုင်တဲ့အခါများ ပြုံးကြသေးတယ် (ပြုံးပါဘယ်ဘုရား)။

တကာကြွယ် ဒါတွေ အကုန်ဇာတ်သိမ်းရမယ်ဗျ ... (သိမ်းရမှာပါဘုရား)။

ကဲ.. ဦးမာဒင်တို့ ဘာသုပ်ရမလဲ-(ဇာတ်သိမ်းရပါမယ်ဘုရား) ဒါ မသိမ်းသရ၊ကာလပတ်လုံး တကာတကာမတို့ ခုနင်က တိုင်ခြေရင်းမှာဘဲ ဒီလည်ပတ်က မပြုတ်၊ ဒီကြိုးက မပြတ်တဲ့ အဘုက် ဒီနားမှာ ကျင်ကြီးယိုတယ်....(မှန်ပါ့) ဒီအနားဘဲ ကျင်ငယ် စွန့်တယ်....(မှန်ပါ့) ဒီအနားဘဲ ခွေ့စားခွက်နဲ့စားဘယ်....(မှန်ပါ့) ဒီတိုင်ခြေရင်း ဂျမ်းထိုးသလိုက် ..(မှန်ပါ့) ခေါင်းစင်းသလိုက် (မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား)။

အဲ....တသံသရာလုံး ဒီတကာတကာမတွေ့ ဘာများ ဖြစ်ခဲ့ပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဘုရားက ဒီလိုဖြေတဲ့.... (မှန်ပါ့) တိုင်ခြေရင်းမှာ လည်ပတ်မပြုတ်ဘဲနဲ့ ခေါင်းစင်းပြီးသကာလ သေခဲ့တယ်လို့ ဖြေ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် တကာသစ်,ရေ....လုပ်ကြဦးစို့ရဲ့၊ ဒီအတိုင်း ပစ်ထားလို့တော့ဖြင့် ခွေးသေ,သေဘဲ ရှိနေတော့တယ်.... (မှန်ပါ့ ဘုရား)။

ဒီအတိုင်းပစ်ပြီး တရားကို ဒါ-သိမ်းလိုက်တော့မယ် ဆိုယင်ဖြင့် တကာတကာမတွေ ဘာသေ,သေရမယ်ထင်သတုံး.... (ခွေးသေ,သေရမှာပါဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ တိုင်လဲ ချိုးကြပါစို့.... (မှန်ပါ့) ကြိုးလဲ ဖြတ်ကြပါစို့.... (မှန်ပါ) လည်ပတ်လဲ ဖြုတ်ကြပါစို့... (မှန်ပါ့) အနှစ်ပုထုဇဉ်အဖြစ်မှလဲ လွှတ်အောင် လုပ်ကြပါစို့....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဒါအလုပ်ခွင် မဝင်ယင် တော့ မရဘူး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အလုပ်ခွင် မဝင်ယင်ဖြင့်... (မရပါဘုရား)မရဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် အလုပ်ကိုဘဲ ပြမှာဘဲဆိုတော့ ခန္ဓာငါးပါးကြီးကို တကာတကာမတို့ ခန္ဓာငါးပါးကို ခင်ဗျားတို့က သိတဲ့အတိုင်းတဲ့၊ အားလုံး တကာတကာမတွေ ဒီခန္ဓာငါးပါးကြီးဟာ ဘယ်သူမှ နိစ္စသဘောရယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

နိစ္စသဘောမရှိဘူးဆိုပြီး တကာတကာမတွေ ဒီခန္ဓာကြီးကို ဝိပဿနာဉာဏ်နဲ့ ရှုပေးပါ....(မှန်ပါ့)။

ဝိပဿနာဉာဏ်နဲ့ရှုပါ....၊ ဝေဒနာကြိုက်ယင် ဝေဒနာရှုပါ၊ စိတ်ကြိုက်ယင် စိတ်ရှုပေါ့ဗျာ....(မှန်ပါ့)။

ရှုလိုက်ပြီဆိုမှဖြင့် ဒီခန္ဓာငါးပါးကြီးကို တကာတကာမတွေက မြင်လိုက်ပါတယ်....(မှန်ပါ့) ဇော်ဩ....ဒီဥစ္စာ ဖြင့်ပြီး ပျက်တာမှတပါး အနိစ္စာဝတ သင်္ခါရာမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘုရား)။

ဖြစ်ပေါ်တာက သခ်ၢါရ၊ ပျက်တာက အနိစ္စ.... (မှန်ပါ့) အစားထိုးတာက သခ်ၢါရ၊ ပျက်တာက အနိစ္စ၊

ဒါဖြင့် ဖြစ်တာသခ်ၢါရ၊ ပျက်တာ အနိစ္စ... (မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)။

ဒါတွေကို တကာတကာမတွေက ဝေဒနာကြိုက်ယင် ဝေဒနာကလေးရှု... (မှန်ပါ့) စိတ်ကြိုက်ယင်.... (စိတ်ရှုရပါမယ်) ရှုလိုက်တဲ့အခါကျတော့ ဘာတွေ မြင်ကြသတုံး၊ ဖြစ်ပျက်ဘဲ မြင်မယ်....(မှန်ပါ့)။

ဖြစ်ပျက် မြင်တဲ့အခါကျလို့ ရှိယင် တကာ တကာမတွေက စဉ်းစားကြည့်လိုက်....တဲ့၊ အင်း....ဒီဖြစ်ပျက်မြင်တဲ့ တကာတကာ မတွေကျတော့ သြော်.. ဒီခန္ဓာကြီးဟာ မမြဲပါလား (မှန်ပါ့) ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ပါလား.. (မှန်ပါ့ဘုရား)။

ဘယ်နှယ်တဲ့တုံး- (ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာမဟုတ်ပါဘုရား) ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာမဟုတ်ပါလားလို့ ဉာဏ်နဲ့မဂ္ဂင်နဲ့ ကြည့်လိုက်တဲ့အခါ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ပါလားဆိုဘာ မြင်လာတယ် .. (မြင်လာပါတယ်ဘုရား) မြင်လာယင် တိုင်ကျိုးပေါ့...(မှန်ပါ့) တိုင်ကျိုးပြီ တကာတကာမတို့...(မှန်ပါ့)။

မြင်လာယင်.... (တိုင်ကျိုးပါပြီဘုရား) ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

အေး....အဲဒီလိုမြင်လို့ ရှိယင် ဒီဥစ္စာကြီးကတော့ဖြင့် ကျားကိုးစီးစား မကုန်ဘူးဆိုပြီး ခန္ဓာကြီးထင်နေတာ....(မှန်ပါ့) အခုတော့ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝိပဿနာဉာဏ်နဲ့

သွင်းလိုက်တဲ့အခါကျတော့ ဖြစ်မှုပျက်မှု တွေ့တဲ့အခါကျလို့ရှိ ယင် ဩသြ.... မခိုင်မမြဲပါလားဆိုတဲ့ ဉာဏ်က ရောက်မယ်.... (ရောက်ပါတယ်ဘုရား) အဲဒါ တိုင်ကျိုးတာလို့မှတ်လိုက်စမ်း ပါ....(မှန်ပါ) သဘောကျပလား....(ကျေပါပြီ)။

မခိုင်မမြဲတဲ့ပုဂ္ဂိုလ်မှာ တကာတကာမတို့ ခန္ဓာဖြစ်ပျက်မြင်က တည်းက ခန္ဓာခင်ဗျားတဲ့ တဏှာရှိသေးရဲ့လား.... (မ့ရှိတော့ပါ ဘုရား) တဏှာမရှိတော့ဘူး....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ တဏှာမရှိယင် ကြိုးပြတ်တာဘဲ... (မှန်လှပါ) ဒီဟာ တကာတကာမတွေ့ မြင်တဲ့အတိုင်း ရှေ့ပိုင်း မှာ ခန္ဓာကြီးကြည့်လိုက်တော့ ဖြစ်မှုပျက်မှုမှတပါး သူ့ခန္ဓာမှာ ဘာရှိသေးသတုံး... (ဘာမှုမရှိပါဘုရား)။

ဒါဖြင့် ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာဆိုတဲ့ "တော်မမ၊ ဧသော ဟမသ္မိ၊ ဧသော မေအတ္တာ"ဆိုတာ လားသေးရဲ့လား....(မလာ ပါဘုရား)။

ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ လာသေးရဲ့လား.... (မလာပါ ဘုရား) ဒါဖြင့် ငါ့ကိုယ်ဆိုတဲ့ဥစ္စာက တဏှာ....(မှန်ပါ)ငါ့ဟာ က မာန..(မှန်ပါ) ငါ့ဥစ္စာက ဒိဋ္ဌိ....(မှန်ပါ)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်မျှား ငါ့ကိုယ်ဆိုတာ ရှိသေးရဲ့လား....(မရှိပါဘုရား) အဲဒါ ငါ့ကိုယ် မရှိတာဟာ တိုင်ကျိုးတာ.... (မှန်ပါ) သဘောကျပလား.... (ကျေပါပြီ)။

ငါ့ဟာဆိုတဲ့ဥစ္စာသည် တကာတကာမတို့ သိဘဲ့အတိုင်း-တဲ့ ငါ့ဟာမဟုတ်ကြောင်း သိသွားတော့ မာန ကုန်သွားတယ်.... (ကုန်ပါတယ်ဘုရား) မကုန်ဘူးလား.... (ကုန်ပါတယ်ဘုရား)။

ငါ့ဟာ မဟုတ်ကြောင်း ကျကျနန သိတဲ့အခါကျလို့ ရှိယင် ဖြင့် ငါ့ဥစ္စာဆိုတဲ့ဥစ္စာရှာလို့ မတွေ့ပါလားဆိုတော့ လည်ပတ်ပြုတ်သွားတယ်....(မှန်ပါ့) ဒီဋ္ဌပြုတ်သွားတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်ရှုလိုက်တဲ့အဘွဲ့က် တဏှာ မာန ဒိဋ္ဌသေပါတယ်. (မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်တဲ့အတွက်... (တဏှာ,မာန,ဒိဋ္ဌသေပါဘယ်ဘုရား) ငါ့ကိုယ်ကော ထင်သေးရဲ့လား.... (မထင်ပါဘုရား) ဒါဖြင့် တဏှာသေပြီ....(မှန်ပါ့) ကြိုးပြတ်ပြီ တကာတကာမတို့ (မှန်ပါ့)။

ငါ့ဟာကော ထင်သေးရဲ့လား.... (မထင်ပါဘုရား) အဲ.... မာနလဲ မရှိဘော့ ဘူး... (မှန်ပါ့)။

ငါ့ဥစ္စာကော ထင်သေးရဲ့လား....(မထင်ပါဘုရား) ဒါဖြင့် ဒိဋ္ဌကလဲ ပြုတ်ပြီ....(မှန်ပါ့)။

အဲဒီဘော့ ဟိုက ဖြစ်ပျက်ဆိုတဲ့ဥစ္စာကို တကာတကာမခတ္တ က ပြလို့ရှိယင် တိုင်ကျိုးတာသာ မှတ်ပေဘော့ (မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ တကာတကာမတို့ တိုင်ကျိုး, ကြိုးပြတ်,လည်ပတ်ပြုတ်ပါတယ်... (မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ. (တိုင်ကျိုး,ကြိုးပြတ်,လည်ပတ်ပြုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် "အနိစ္စာဝတသင်္ခါရာ" ဘုရားအဆုံးမစ္ဆန့်တဲ့ တရား၊ သေသေချာချာ ဒီတရားသည်ကားလို့ ဆိုယင် တိုင်ကျိုး၊

ကြိုးပြတ်၊ လည်ပတ်ပြုတ်တဲ့တရားပါလား**ဆိုတာ** တကာကြွယ်သိပ်မှန်ပါလား....(မှန်ပါတယ်ဘုရား) မမှန်ဘူးလား... (မှန်ပါတယ်ဘုရား)။

ဒါဖြင့်တကာတကာမတို့ ခင်ဗျားတို့၏တိုင်ကိုကျိုးချင်ယင်လဲ ဖြစ်ပျက်ရှုရမယ်... (မှန်ပါ) ကြိုးပြတ်ချင်ယင်လဲ....(ဖြစ်ပျက်ရှုရပါမယ်) ဒီဌိလည်ပတ်ပြုတ်ချင်ယင်ကော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဒါရှုသည်နဲ့ တပြိုင်နက်တည်း ဒါတွေ မြင်တော့ တကားတကာမတို့ ခုနင်က အနှစ်ပုထုဇန် အဖြစ်မှ ကလျာဏပုထုဇန်အဖြစ် ရောက်တယ်....(ရောက်ပါတယ်ဘုရား)။

အနှစ်ပုထုဇန်အဖြစ်မှ .... (ကလျာဏ ပုထုဇန်အဖြစ်ရောက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ နေရာကျပြီ.... (မှန်ပါ) ခုနင်ကလို သူသည်ကားလို့ ဆိုလို့ရှိယင် တိုင်ခြေရင်းမှာ ပျော်သေးရဲ့လား....(မပျော်တော့ပါဘုရား)။

မပျော်တော့ သူသည်ကားလို့ဆိုယင် ဒီတိုင်ကိုဖြင့် အမြစ်ပါ တူးမှာဆိုတဲ့ စိတ်ဟာ ပေါ်မပေါ် (ပေါ်ပါတယ်ဘုရား)။

ပေါ်လာပြီဆိုမှဖြင့် ဆက်ရှုတာဘဲ...(မှန်ပါ) ဆက်ရှုလိုက်တဲ့ အခါကျတော့ ဒီခန္ဓာကြီးသည် ဝေဒနာကွန္ဓာဖြင့် ဝေဒနာကွန္ဓာကြီးပေါ် မှုန်ရှုံ့လာပြီးသကာလ ဉာဏ်တွေ့မတက်ပေဘူးလား (တက်ပါတယ်ဘုရား)။

အဲဒီ နိဗ္ဗာန်ဉာဏ်တက်လာလို့ရှိယင်ဖြင့် ဝ.ကာတကာမတို့ သောတာပန် မျိုးစေ့ဖြစ်ပြီ... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

သောတာပန်မျိုးစေ့ ဖြစ်ပြီဆိုတာ သဘောကျပလား .... (ကျေပါပြီ)ကိုင်း....ဒါဖြင့် ဆက်ရှုပါဦး....(မှန်ပါ) မုန်းလျက်နဲ့ဘဲ ပေပြီးသကာလ စိုက်ပြီးသကာလ ဒီခန္ဓာကြီးကို ရှုခဲပးပါ .... (မှန်ပါ့ဘုရား)။

ခန္ဓာဆိုပေမဲ့ အမျှားမဟုတ်ပါဘူးနော်....(မှန်ပါ) ဝေဒနာ ကြိုက်တဲ့လူ ဝေဒနာဘဲရှိနေ .... (မှန်ပါ)စိတ်ကြိုက်တဲ့ပုဂ္ဂိုလ် ... (စိတ်ရှိနေရပါမယ်ဘုရား)။

အဲဒီလို ကိုယ်ကြိုက်ရာ ဝိပဿနာကို ကိုယ်ရှုပြီးသကာလ နေယင် အကုန်ပါသွားတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ ဒီခန္ဓာကြီးမလိုချင်ဖူးတော့ ပါဘူး... (မှန်ပါ)ဥာဏ်ကမလိုချင်ဘော့ပါဘူး....(မှန်ပါ့ဘုရား)။

မလိုချင်တော့ပါဘူး ဆိုကတည်းက တကာသစ်က စဉ်းစားလိုက် တိုင်လဲအကုန်မရှိဘူး....(မှန်ပါ)ကြိုးကလဲ တစမ္ဘရာမတွေ့ဘူး....(မှန်ပါ)ဘယ်နှယ်ကြောင့် မလိုချင်တာတုံးဆိုတော့ ငါ့ကိုယ်,ငါ့ဟာ မဟုတ်ဘူးဆိုတာ သိလို့ .... (မှန်ပါ) သဘောကျပလား .... (ကျေပါပြီဘုရား)။

ဒါဖြင့် ဒီတိုင်ပျောက်အောင် ရှုနိုင်လို့ရှိယင်ဖြင့် ငါ့နေရာလဲ မရှိဘူး....(မှန်ပါ)ဒီဌိပါမပယ်ဘူးလား....(ပယ်ပါတယ်)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမှတပါး တိုင်ချိုးတဲ့တရားမရှိဘူး- (မရှိပါ) လည်ပတ်ပြုတ်တဲ့တရား .. (မရှိပါ) ကြိုးပြတ်တဲ့တရား.... (မရှိပါဘုရား)။

ပုထုဇန်တည်းဟူသော နှားနဲ့တူတဲ့ ခွေးနဲ့တူတဲ့ ပြေးတတ်တဲ့ ပုဂ္ဂိုလ်ကို လွတ်ရေး,ကျတ်ရေးလဲ ဝိပဿနာမှတပါး မရှိဘူး....(မရှိပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာသစ်ရေ- ဝိပဿနာဟာ ကျုပ်တို့၏ကယ်တင်ကြောင်းတရား... (မှန်ပါ့ဘုရား)။

တကာကြယ် ဘယ်နှယ်ဆိုပါ့မလဲ.... (ဝိပဿနာဟာ တပည့်တော်၏ ကယ်ခကြောင်းတရားပါဘုရား)။

တကာတကာမတို့ ဝိပဿနာဟာ ကယ်တင်ကြောင်းတရား-(မှန်ပါ့)ခင်ဗျားတို့ တသံသရာလုံး ဝိပဿနာမပါလို့ တခါမှ တိုင်လဲမကျိုးခဲ့ပါ....(မှန်ပါ့)ကြိုးလဲ....(မပြတ်ခဲ့ပါ) လည်ပတ်လဲ (မပြုတ်ခဲ့ပါ) ပုထုဇန်အဖြစ်မှလဲ....(မလွတ်ပါ) မလွတ်ဘူးဆိုတာ သေချာတယ်....(သေချာပါတယ်ဘုရား)။

ယခု တကာတကာမတွေက ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေ မှုန်း၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ မြင်လို့ ဆုံးသွားတယ်ဆိုက တည်းက ဒိဋ္ဌိတည်းဟူသော လည်ပတ်က အမြဲတမ်းပြုတ်တယ်-(မှန်ပါ့)သဘောကျပလား(ကျပါပြီ)အဲဒီကျတော့သောတာပန်မတည်သေးဘူးလား....(တည်ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်အဆုံးမြင်တဲ့ ပုဂ္ဂိုလ်သည် တကာတကာမတို့ ဒိဋ္ဌိလည်ပတ် အကြီးအကျယ်ပြုတ်တာဘဲ -(မှန်ပါ့)တဏှာတည်းဟူသောကြိုးက လေးပိုင်း-တပိုင်း ပြုတ်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကယ်မည့်ယူမည့်တရားဟာ ဘယ်တရားပါလိမ့်....(ဝိပဿနာတရားပါဘုရား)။

ဒါဖြင့် ဝိပဿနာမှတပါး ကျုပ်တို့ကိုးစားရာ၊ အားထားရာ ရှိပါရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကိုယ်ဟာ ပုထုဇန်အဖြစ်မှ လွတ်ချင်ယင်လဲဘာလုပ်ရမယ်....(ဝိပဿနာရှုရပါမယ်)လည်ပတ် ပြုတ်ချင်ယင်လဲ....(ဝိပဿနာရှုရပါမယ်) ကြိုးပြတ်ချင်ယင်လဲ (ဝိပဿနာရှုရပါမယ်)တိုင်ကျိုးချင်ယင်လဲ (ဝိပဿနာရှုရပါမယ် ဘုရား)ဒါမှ တပါး ကိုးစားရာအားထားရာ ရှိသေးရဲ့လား .... (မရှိပါဘုရား)။

အဲဒါကြောင့် တကာသစ်ရေ ဒါတွေဟာ ဘုန်းကြီး ဒါလောက်ဟောနေလို့ရှိယင်ဖြင့် ကိုယ့်အကြောင်းလဲ ကိုယ်သိ လောက်ပါပြီ(သိပါပြီ)ငါတို့သည်ကားအဝိုင်းပြေးမှတပါးတာသံ သရာလုံး ဘယ်တော့မှ လွတ်ရေး,ကျွတ်ရေး မတွေ့ခဲ့ဘူး .... (မှန်ပါ) တွေ့ခဲ့ရဲ့လား....(မတွေ့ခဲ့ပါ) ဘယ်လိုနေခဲ့ရသတုံး .... (အဝိုင်းပြေးခဲ့ရပါတယ်) အဝိုင်းပြေးကလဲ ခန္ဓာတိုင်တဆုံးဘဲ.... (မှန်ပါ) ခန္ဓာတိုင်နဲ့တဏှာကြိုး တဆုံးဘဲ ပြေးခဲ့ရတယ် .... (မှန်ပါ) သဘောကျပလား... (ကျပါပြီ) လည်ပတ်ကပြုတ်ဘူး ရဲ့လား... (မပြုတ်ဘူးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ မှုးရှုးပြီးသကာလ အကန်းသေ-ဆေသခဲ့ရတယ် တိုင်ခြေမှာ....(မှန်ပါ) ကျင်ကြီး,ကျင်ငယ်စွန့်တာ တောင် အဝေးသွားနိုင်ရဲ့လား.... (မသွားနိုင်ပါ)ဘယ်မှာစွန့် ကြရပါလိမ့်-(တိုင်ခြေမှာစွန့်ကြရပါတယ်ဘုရား)ခန္ဓာတိုင်ခြေမှာ စွန့်ရတယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့သည် တိုင်ကျိုး ချင်လဲ... (ဝိပဿနာရှုရပါမယ်) ကြိုးပြတ်ချင်လဲ.... (ဝိပဿနာ လုပ်ရပါမယ်)လည်ပတ်ပြုတ်ချင်ယင်လဲ....(ဝိပဿနာရှုရပါမယ်) အဲ.. ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ်သို့ ရောက်ချင်ယင်လဲ .... (ဝိပဿနာရှုရပါမယ်) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်ဟာ မလုပ်မဖြစ်တဲ့ အထဲမှာဖြင့် အကြီး အကျယ်ဆုံး လုပ်ရမည့်အလုပ်....(မှန်ပါ) သဘောပါကျပလား- (ပါပါပြီဘုရား)။

ဒါဖြင့် လုပ်ကြမလား.- မလုပ်ဘူးလား.... (လုပ်ကြပါမယ်) အကုန်လုပ်ကြ၊ ကိုယ့်ကိုယ် သနားယင်လုပ်ပါ.... (မှန်ပါ) ကိုယ့် ကိုယ်-ကိုယ်မသနားယင်....(မလုပ်ပါဘုရား)။

ဒါဖြင့် မလုပ်တဲ့အချိန် ဘယ်နှယ်ဆိုကြမလဲ ... (ကိုယ့်ကိုယ်- ကိုယ်မသနားတဲ့ အချိန်ပါ) လုပ်တဲ့အချိန်မှာ .... (ကိုယ့်ကိုယ်- ကိုယ်သနားတဲ့အချိန်ပါ) အဲဒါ ချိန်ခွင်နဲ့ ထည့်ချိန်ပါ .... (မှန်ပါဘုရား)။

ငါသည် ယနေ့ ကိုယ့်ကိုယ်-ကိုယ်သနားတဲ့ အချိန်က ဘယ် အချိန်....(မှန်ပါ) ချိန်ခွင်နဲ့ထည့်လိုက်....(မှန်ပါဘုရား) ငါသည် ကိုယ့်ကိုယ်-ကိုယ် မသနားတဲ့အချိန်က ဘယ်လောက်သား .... (မှန်ပါ) ချိန်ကြည့်လိုက်တဲ့အခါကျတော့ တကာကြွယ် တွေ့ရှိ မယ်....(တွေ့ရပါမယ်) မသနားတဲ့အချိန်က ဇောက်ထိုးပြလိမ့် မယ် .. (မှန်ပါ)ဇောက်ထိုးပြယင် ချိန်ခွင်ညှာသည် အောက်သာ ထိုးပြတယ်....(မှန်ပါ) မင်းအပါယ်လေးပါးတဲ့.... (မှန်ပါ) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ဟာကိုယ် ချိန်တတ်ပလား- (ချိန်တတ်ပါပြီ) ဒါဖြင့် ကိုယ့်ကိုယ် သနားယင် ဘာလုပ်ရမယ်.... (ဝိပဿနာရှုရပါမယ်ဘုရား) ကိုယ့်ကိုယ်- ကိုယ်မသနားလို့ ရှိယင် သားရေး,သမီးရေး,စီးပွားရေးလုပ်.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သားရေး, သမီးရေး, စီးပွားရေးက ဒုက္ခသစ္စာ.... (မှန်ပါ) ကိုယ်.ကိုယ် ကိုယ်သနားတဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါ ဘုရား)။

ဒါဖြင့် မင်သည် သမုဒယကို ဖြတ်တယ်....(မှန်ပါ,မင်သည်- (သမုဒယကိုဖြတ်ပါတယ်) သမုဒယဖြတ်ပြီးတော့ နောက်ဒုက္ခ လာသေးရဲ့လား....(မလာပါဘုရား) နောက်ဒုက္ခမလာတာဟာ ဘာ သစ္စာပါလိမ့်....(နိဗ္ဗာန်သစ္စာပါဘုရား) ရှင်းပလား ...(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီအတိုင်းသာ အားထုတ်လို့ ရှိယင် သစ္စာမြင်လိမ့်မယ် ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ)။

ကိုင်း....ယခု ဒီတွင်တော်ကြာဦးစို့ ။

သာဓု....သာဓု သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
(အလုပ်စဉ်ဝိပဿနာတရား)

နေ့ အလုပ်ပေး-တရားတော်

(၃၀ - ၈ - ၆၁)

အလုပ်စဉ် ဝိပဿနာတရားကို ယနေ့ထပ်ပြီးသကာလ တကာတကာမတွေ နာရလိမ့်မယ်လို့ အောက်မေ့ ရလိမ့်မယ်နော်.... (မှန်ပါ့)။

အလုပ်စဉ်သည် အင်မတန်မှ အရေးကြီးတယ်လို့ မှတ်ကြပါ-(မှန်ပါ့) အလုပ်နဲ့ မှဘဝ်လူဘယောက်မှာ ပစ္စည်းရှိတယ်ဆိုတာ အလုပ်အမှီပြုပြီး ရှိတာဘဲ။ လူတယောက်မှာ ဂုဏ်ကျက်သရေ တက်လာတယ်ဆိုတာလဲ သူ့အလုပ်အမှီပြုပြီးသကာလ တက်လာတာဘဲ... (မှန်ပါ့)။

ဘုရားဖြစ်လာတယ်လို့ ဘုရား'ည်တားဟူသော ဂုဏ်အလုံးစုံသိတဲ့ ကိုယ်တော်ကြီးလို့ ဂုဏ်တက်လာတာလဲပါ၊ရမီဆယ်ပါးအပြား သုံးဆယ်ဆိုတဲ့ အလုပ်ကို အမှီပြုပြီးတက်လာကြတာဘဲ....(မှန်ပါ့ ဘုရား)။

ဒီတကာတကာမတွေ့လဲ မအို, မသေ, အမြဲနေတဲ့ နိဗ္ဗာန်ကို ရောက်ချင်တယ်၊ရှုချင်တယ်ဆိုလို့ ရှိယင်လဲ အလုပ်က ပို့ရမှာဘဲ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ဟောမည့် အလုပ်စဉ်ကိုဖြင့် သြော်... ငါတို့ ဒီအတိုင်းလုပ်လို့ ရှိယင် ဒီလိုမရ, မရောက်မရှိပါလား....၊ ရောက်ရမည့် ဝတ္ထုပစ္စည်းတခု ဆိုသလိုဘဲ ငါတို့သည်ကားလို့ ဆိုလို့ ရှိယင် သာသနာတော်ကြီး, ဆရာကောင်း သမားကောင်းကြီ, ထောင်တတ်တဲ့နားကလဲကြီ, ဆိုတဲ့ ဒုလ္လဘတွေက ဆုံပြီးသကာလနေသောကြောင့် ငါတို့ဖြင့် လုံ့လ ဝီရိယမလျော့ဘဲ အားထုတ်ကြမယ်ဆိုလို့ ရှိယင်ဖြင့် မအို့,မသေ, အမြဲနေတဲ့နိဗ္ဗာန်ကြီး မရ-မရှိဘူးဆိုတာ တကာသစ်တို့, တကာကြယ်တို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိရိပါဠိတော်မှာ သူ-ဘယ်လိုဟောလိုက်သတုံးမေးတဲ့ အခါကျလို့ ရှိယင်ဖြင့် ငါသည်တဲ့ မင်းတို့အား အလုပ်အမှုပြုပြီးသကာလ ငါလဲ ဘုရားအဖြစ်သို့ ရောက်လာတယ်၊ မင်းတို့သည်ကားလို့ ဆိုယင် အလုပ်အမှုပြုပြီးသကာလ အာသဝေါကုန်ခန်းရဟန္တာဖြစ်ဘို့ ဒုက္ခခပ်သိမ်းငြိမ်းဘို့ဟာ အလုပ်အမှုပြုပြီးသကာက ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ဟောချင်တော့ တကာကြယ်တို့မှတ်စရာက မည်သူတဦးတယောက်မှ မတောင်းပါဘူး.... (မှန်ပါ့ဘုရား)။

သက်သက်ဒီဥစ္စာ တကာတကာမတွေ ဘုရားဖြစ်လာတယ်ဆိုတာ သူတပါး အကျိုးပါနော်.... (မှန်ပါ့)။

သူတပါးအကျိုးပါတဲ့၊သူ့ဟာသူ နိဗ္ဗာန်ယူယင် သုမေဓါလက်ထက်ကရပါတယ်ဆိုတာသိပြီးသားပါ....(မှန်ပါ့) သူတပါး အကျိုးငှားဆိုပြီးသကာလ ငါဘုရားအဖြစ်ကိုယူတာ သူတပါး အား အလုပ်စဉ်ပြုပြီးသကာလ ကယ်တင်တော့မယ်ဆိုတဲ့ စိတ်

ထားနဲ့ မည်သည့်ရဟန်းမည်သူ့ကို အကြောင်းပြုပြီးသကာလ ဟောတဲ့တရားမဟုတ်ဘဲနဲ့တကာတကာမတွေအပေါ် သက်သက် ဒီအလုပ်စဉ်နဲ့ဒီအလုပ်လုပ်လို့ရှိယင်ဒီခရီးနဲ့ ဒီဌာနကိုဖြင့် မရောက်မရှိနိုင်တဲ့ အကြောင်းကို သေသေချာချာ သိစေလိုသောကြောင့် ကိုယ်တော်မြတ်ကြီးသည် အလုပ်စဉ်တရားရယ်လို့ တကာကြွယ် သက်သက်ထားပါ(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အလုပ်စဉ်ဟာ ဘယ်လိုလုပ်ရပါလိမ့်မတုံးလို့ မေးနေမှာသဲစိုးတဲ့အတွက် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အလုပ်စဉ် ဒီအတိုင်းလုပ် ရပါတယ်ကွာ.. တဲ့....(မှန်ပါ့ဘုရား)။

ရတော့ ဘယ်လိုရမှာတုံးလို့ မေးတဲ့အခါ ဒီအကြောင်းပါဠိတော်ကို ဘုရားဟောတာမထုတ်မီ ဒီဌာခမ္မပစ္စက္ခမှာ ရ,ရမယ်လို့ သေသေချာချာဟောတယ်....(မှန်ပါ့ဘုရား)။

ဒီဌာခမ္မပစ္စက္ခမှာဘဲ တကာတကာမတို့ အလိုရှိတဲ့ မအို, မသေ အမြဲနေတဲ့နိဗ္ဗာန်,ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်,ထောင့်ငါးရာကိလေသာတို့၏ ချုပ်ရာ, ငြိမ်းရာ, သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဒီဌာခမှာဘဲ ရလိမ့်မယ်ကွာ၊ ယခု ပစ္စက္ခဘဝမှာဘဲ ရပါလိမ့်မယ်၊ ပစ္စက္ခခဏမှာဘဲရပါလိမ့်မယ်ဆိုဘဲ့အကြောင်းကို အဒ္ဌဇဝစနံ ဗုဒ္ဓါနံဆိုတဲ့ အတိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်နှစ်ခွန်းမပြောဘဲနဲ့ တခွန်းနဲ့ အမှန်ပြောတဲ့ ကိုယ်တော်မြတ်ကြီးဖြစ်လေသောကြောင့် တကာဘကာမတွေကဆိုတော့ သြော်....ဒို့သည် ယခုဟောဆိုပြောလတ္တံ့ ဖြစ်တဲ့ အလုပ်စဉ်အတိုင်း ငါ့တို့လုပ်ရ,ကိုင်ရလို့ရှိယင်ဖြင့် နှစ်ခွန်းမပြောဘဲနဲ့ တခွန်းအမှန်ပြောတဲ့ကိုယ်တော်ကြီး၏ စကားဖြစ်လေသောကြောင့် ငါတို့ ဒီအလုပ်စဉ်ကို လုပ်ရလို့ရှိယင်

မရမရှိဘူးဆိုတဲ့ ဝိစိကိစ္ဆာ အကုန်ဖျောက်ပြီးသကာလ မုချဝိရိယ စိုက်၍ ရ,ရလိမ့်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချပြီးသကာလ မှတ်လဲ **မှ**တ်၊ နာလဲနာ၊ လုပ်လဲလုပ်ရလိမ့်မယ်....(မှန်ပါ့)။

ကိုင်း.. ဒါဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုးကို တကာတကာမ တို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အလုပ်စဉ် ဟောပါ တော့မယ်ဆိုတဲ့အတိုင်း ဘုန်းကြီးများက ဘုရား၏ တပည့်သား ဖြစ်သည့်အတွက် အဲဒီကနည်းတွေ ပါဠိတော် မချို့.မယွင်းမှု၍ အလုပ်စဉ်ပြဘရားကိုဘဲ တကာဘကာမတွေက သေသေချာချာ **မှ**တ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

"ဣဓဘိက္ခဝေ အရိယသာဝကော ဝေဒနာယပိ အနိစ္စာနုပဿီ ဝိဟရတိ၊ အနိစ္စသညိ အနိစ္စပဋိသံဝေဒီ သတတံ သမိတံ အဗ္ဗောကိဏ္ဏံ စေတသာ အဓိမုစ္စမာနော ပညာယ ပရိယောဂါဟမာနော သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌဓမ္မေ ဝိဟရတိ" ဒါ သူ.-ပါဠိတော် အကုန်ဘဲ....(မှန်ပါ့ဘုရား)။

ဒါ ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင်က ဟောတဲ့ ပါဠိ တော် တကာသစ်တို့ တကာကြွယ်တို့က မှတ်လိုက်တာပေါ့.... (မှန်ပါ့ဘုရား)။

အဂုံတို့ရှိ.ပါဠိတော် ဆိုတော့ ပါဠိက ပါဠိ၊တော်-တတ်တာ **က** တပါးသော သာဝကတွေ ဟောတာမဟုတ်ဘဲနဲ့ ကိုယ်တော် တိုင်ပြော ကိုယ်တော်တိုင် ဟောတာလို့ တကာကြွယ်မှတ်ထား (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့်တကာတကာမတို့သတိပဋ္ဌာန်လေးပါးရှိပါတယ်

(မှန်လှပါ) သတိပဋ္ဌာန်လေးပါး ရှိတော့ကို တကာတကာမတို့ သတိပဋ္ဌာန်လေးပါးက ကိုယ်ကိုရှုရတာက ကာယာနုပဿနာ (မှန်ပါ့)။

ရုပ်တွေ့ရှုတာက ဘာတဲ့....(ကာယာနုပဿနာပါဘုရား)ဝေဒနာတွေ့ရှုတာက ဝေဒနာနုပဿနာ.... (မှန်လှပါ)စိတ်တွေ့ရှုတာက စိတ္တာနုပဿနာ....(မှန်ပါ့) သစ္စာမြင်အောင်ရှုတာက ဓမ္မာနုပဿနာ .. (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် သတိပဋ္ဌာန် လေးပါးရှိတယ်၊ ဪ.... ဒီ-သတိပဋ္ဌာန်လေးပါးကို တကာတကာမတို့သည် ရှုရတော့မယ်-(မှန်ပါ့)၊

ရှုရတော့မယ်လို့ဆိုတော့ ဒီလိုလဲ ရှေ့ပိုင်းက မှတ်ပါဦးတဲ့၊ ဆရာဘုန်းကြီးက အကူအညီ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာတွေက နှစ်ခုမလောက်ပေါင်းပြီး ဆက်ပြီးပြောရလို့ရှိယင် ပိုမိုပြီးသကာလ အဓိပ္ပါယ်မှာ တကာတကာမတွေ့ လေးနက်တာလဲတကြောင်း အလုပ်စဉ်မှာ ပိုမိုပြီးသကာလ ခရီးတွင်ကျယ်မှုရှိတာကလဲ တကြောင်းဖြစ်လေသောကြောင့် တကာတကာမတွေ့ ရှေးဦးစွာမှတ်ရမှာက သတိပဋ္ဌာန်တမျိုးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

သတိပဋ္ဌာန် ဘာဝနာ တမျိုးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား) သတိပဋ္ဌာန်၏ အကျင့်ဆုံးလမ်းလို့ တမျိုးမှတ်လိုက်ပါ-(မှန်ပါ့ဘုရား)။

ဘယ်နှစ်မျိုးရှိပါလိမ့်... (သုံးမျိုးပါဘုရား)အေး· ဒါ့ကြောင့် အလုပ်စဉ်ကို ပြုရတော့မည့်တရားမှာ ရှေးဦးစွာ တကာတကာမတို့ သတိပဋ္ဌာန်ကို လုပ်ပါ... (မှန်ပါ့ဘုရား) ပြီးတော့မှ

သတိပဋ္ဌာန ဘာဝနာကိုလုပ်ပါ.... (မှန်ပါ့) ပြီးတော့မှ သတိပဋ္ဌာန်တို့၏ လမ်းဆုံးအကျင့်ကို လုပ်ပါဆိုတဲ့ဥစ္စာ တကာတကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သံယုတ်ပါဠိတော်မှာလဲ ဟောပြန်တယ်... (မှန်ပါ့)။

ဒါ့ကြောင့် ယနေ့သည် အင်မတန်မှ တကာတကာမတွေအား အိုဘေး, နာဘေး, သေဘေး, တွေ့နဲ့ ခြုံရုံနေတော့ သေရမည့် ခန္ဓာကိုယ်ကြီးရထားလို့ သေရမှာကလဲ အချိန်မရွေးဖြစ်နိုင်တယ် ...(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အသေကို ကယ်ယူနိုင်တာ၊ အအိုကို ကယ်ယူနိုင်တာ၊ အနာကို ကယ်ယူနိုင်တာဖြင့် တကာတကာမတို့ ဒီအကျင့်တရားဘဲ ရှိတော့တယ်....(မှန်လှပါဘုရား)။

ဒီအကျင့်တရားက သတိပဋ္ဌာန်ကိုရှေးဦးစွာကျင့်ပါ-(မှန်ပါ့) ပြီးတော့မှ သတိပဋ္ဌာနဘာဝနာကို ကြိုးစားပြီ သတိပဋ္ဌာန် လမ်းဆုံးကို နောက်ဆုံးပိတ်လိုက်တာပေါ့....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ရှေ့ပိုင်းက သတိပဋ္ဌာန် ဟောရတော့မယ် ဆိုဘော့ ဝေဒနာတွေ ပေါ်တိုင်း- ပေါ်တိုင်း ဩော် .. ဒါဘဲ့ သိသိ-သိသိနေလို့ ရှိယင်ဖြင့် သတိပဋ္ဌာန်လို့သာ မှတ်လိုက် (မှန်ပါ့ဘုရား)။

ဝေဒနာ ပေါ်တိုင်း- ပေါ်တိုင်း သိနေယင်.... (သတိပဋ္ဌာန်ပါဘုရား) ဩော်....သတိပဋ္ဌာန်ဆိုတာ ပေါ်တိုင်းသိတာ သတိပဋ္ဌာန်လား....(မှန်ပါ့)။

ပေါ်တိုင်းသိတာ.... (သတိပဋ္ဌာန်ပါဘုရား) စိတ်တွေ ပေါ်တိုင်း- ပေါ်တိုင်း သိနေယင်... (သတိပဋ္ဌာန်ပါဘုရား) သတိ

ပဌာန်ဘဲလို့ တကာသစ်တို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့ ဘုရား)။

ကောင်းပြီ ဒါဖြင့် သတိပဌာန်ကဖြင့် ဘုရားတပည့်တော်တို့ ပေါ်တိုင်း- ပေါ်တိုင်း သတိထားယင် သတိပဌာန်ဖြစ်တာပါဘဲ ဆိုတာဖြင့် သံသယမရှိတော့ပါဘူး....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် သတိပဌာဘာဝနာကို တကာကြားယ်ပြော ဦးမယ်....(မှန်ပါ့) သတိပဌာနဘာဝနာဆိုတာကတော့ ဝေဒနာ တို့၏ပေါ်တာရော၊ ပျက်တာရော မိလို့ရှိယင်ဖြင့် ဖြစ်ပျက်မိလို့ ရှိယင်ဖြင့် စိတ်ကလေး၏ပေါ်တာရော၊ ပျက်တာရော (၀၊) ဖြစ်ပျက်မိလို့ရှိယင်ဖြင့် နှစ်ခုစလုံးမိလို့ရှိယင် သတိပဌာနဘာ ဝနာဖြစ်ပြီလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့) ထူးခြားမလာဘူး လား....(ထူးခြားလာပါတယ်ဘုရား)။

ခုနင်ကတော့ ပေါ်တိုင်း- ပေါ်တိုင်းသိယင် သတိပဌာန်.... (မှန်ပါ့) ပေါ်တဲ့တရားကလေးတွေ၏ ဖြစ်မှုပျက်မှုကိုသိယင် သတိပဌာနဘာဝနာ.... (မှန်ပါ့)သေသေချာချာမှတ်ပါ တကာ တကာမတို့....(မှန်ပါ့)။

စိတ်ကလေးတွေ ပေါ်တိုင်း-ပေါ်တိုင်းသိယင် ဘာဆိုကြမယ် (သတိပဌာန်ပါဘုရား) သတိပဌာန်ဘဲရှိသေးတယ်.... (မှန်ပါ့ ဘုရား)။

စိတ်ကလေးထွေ ပေါ်တိုင်း- ပေါ်တိုင်းသိယင်... (သတိ ပဌာန်ပါဘုရား)။

ဒီပေါ်တဲ့ ဓမ္မကလေးတွေကို တပည့်တော်တို့က သိပုံ့ က ဘုရား- ပေါ်လဲသိ၊ ပျက်လဲသိ၊ အဖြစ်ရော, အပျက်ရောဖြင့်

တပည့်တော်တို့ မြင်ပါတယ်ဘုရား....လို့ ဆိုလို့ရှိယင် သတိပဋ္ဌာန ဘာဝနာဖြစ်ပြီ....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ပေါ်တိုင်း ပျက်တိုင်း သိလို့ရှိယင်.... (သတိပဋ္ဌာနဘာဝနာပါဘုရား) သတိပဋ္ဌာနဘာဝနာဖြစ်ပြီ ... (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် သြော်....ဒို့-ဖြစ်ပျက်သိယင် သတိပဋ္ဌာနဘာဝနာပါကလား.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန ဘာဝနာဆိုတာ ဘာကိုမြင်မှပါလိမ့်.... (ဖြစ်ပျက်မြင်မှပါဘုရား) ဖြစ်ပျက်မြင်လို့ရှိယင်ဖြင့် တကာကြွယ်ရေ သတိပဋ္ဌာနဘာဝနာဖြစ်ပြီ....(မှန်ပါ့)။

နောက် တတိယအချက်ကတော့ သတိပဋ္ဌာန ဘာဝနာ ဂါမိနီပဋိပဒါ သတိပဋ္ဌာနဘာဝနာ၏ ရောက်ရာရောက်ကြောင်းနိဗ္ဗာန်ရောက်ကြောင်း အစစ်ဖြစ်တာကတော့ (၀ါ) သတိပဋ္ဌာန်လမ်းဆုံးဖြစ်တာကတော့ဖြင့်တကာတကာမတို့ ဒီဖြစ်ပျက်ကလေးတွေ ဆုံးပြီးသကာလ မိမိတို့သန္တာန်မှာမဂ္ဂင်ရှစ်ပါးပေါ်လာလို့ရှိယင် ဒါဟာ သတိပဋ္ဌာန်လမ်းဆုံးပါပြီ (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကလေးတွေလဲဆုံး၊မိမိတို့သန္တာန်မှာလဲ မဂ္ဂင်ငါးပါးက ရှစ်ပါးပြည့်သွားယင် ဘယ့်နှယ်ဆိုကြမယ်(သတိပဋ္ဌာန်လမ်းဆုံးပါဘုရား) သတိပဋ္ဌာန်လမ်းဖြင့် ဆုံးပေါ့.. (မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါ သေသေချာချာမှတ်ပါ၊ ဒါ အလုပ်စဉ်မို့ ရကော်ဒါထဲမှာလဲ အမှန်အကန်ဖြစ်အောင်လို့ တကာသစ်ရေ အရေးဘကြီးပြောနေတယ်....(မှန်ပါ့)။

တခေါက်ပြန်ပြောပါဦးမယ်...၊ သတိပဋ္ဌာန်, သတိပဋ္ဌာန ဘာဝနာ, သတိပဋ္ဌာန်လမ်းဆုံးဆိုတာ သုံးမျိုးရှိတယ်.... (မှန်ပါ့ ဘုရား)။

စိတ်ရှုတဲ့ပုဂ္ဂိုလ်သည် စိတ် ပေါ်တိုင်း· ပေါ်တိုင်း ဘာစိတ် ဘာစိတ် တခါတည်း ပေါ်ပြန်ပြီ, ပေါ်ပြန်ပြီလို့ သူက အမှတ် မလိုက်ဘဲနဲ့ တခါတည်း သိမှတ်ပြီးသကာလ နေလို့ရှိယင်ဖြင့် သတိပဋ္ဌာန်ဘဲ ဖြစ်ပါသေးတယ်....(မှန်ပါ့)ရှင်းပြီနော်.... (ရှင်း ပါပြီဘုရား)။

ဒီဘရားကလေးတွေကို တကာတကာမတွေက ကြိုးစားပြီး သကာလ ကြည့်ဖန်များလာတော့ သြော်.... ပေါ်တာလဲ တွေ့လိုက်, ပျက်တာလဲ တွေ့လိုက်၊ ပေါ်လို့ပျက်တာဘဲ၊ ဖြစ်လို့ ပျက်တာဘဲလို့၊ ဖြစ်ပျက်နှစ်ခု တွေ့လို့ရှိယင်ဖြင့်....တဲ့ သတိ ပဋ္ဌာနဘာဝနာဖြစ်ပါပြီ.... (မှန်ပါ့ဘုရား)။

"သမုဒယ မမ္မာနုပဿီ ဝါ စိတ္တသ္မိं ဝိဟရတိ၊ ယမ္မောနုပဿီ ဝါ စိတ္တသ္မိं ဝိဟရတိ"... တဲ့၊ ဝေဒနာမှာလဲ ထို့အတူဘဲ၊ ဒီလို ဖြစ်မှုပျက်မှု တွေ့လို့ရှိယင်ဖြင့် တကာသစ်တို့ ဘာခေါ်ကြမယ်.... (သတိပဋ္ဌာနဘာဝနာပါဘုရား) ဘာဝနာ ဖြစ်သွားပြီနော်.... (မှန်ပါ့)။

ဒါဖြင့် သတိပဋ္ဌာန်အကျင့်ဟာဘုရား ဒီလိုဘဲ ပွားများနေရတယ်။ ဘာဝနာဆိုတာ ပွားများရတာ၊ ဘယ်တော့မှ လမ်းဆုံးမှာတုံးလို့ မေးတဲ့အခါကျတော့ ရင်းအမြစ်အပွက်ကလေး

တွေ့ကလဲ ရှေ့ပိုင်းကချုပ်....(မှန်ပါ့) နောက်ကလဲ မဂ္ဂင်ရှစ်ပါး ပြည့်...(မှန်ပါ့) သတိပဋ္ဌာနဘာဝနာတုန်းကတော့ ငါးပါးရှိ သေးတာကိုး .. (မှန်ပါ့)။

နောက်ကျတော့တကာသစ်ရေ-ရှေ့ကဖြစ်ပျက်တွေ့ကဆုံးပြီး သကာလသွားတော့ ဒီက မဂ္ဂင်ရှစ်ပါးက ရှုနေတာက ဓမ္မ နိယာမအတိုင်း မဂ္ဂင်ငါးပါးကရှစ်ပါးပြည့်စုံသွားတယ်-(မှန်ပါ့) ဒီငါးပါးအပေါ် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတဲ့ ဒီသုံးပါးဖြည့်လိုက်တယ်... (မှန်ပါ့)။

ဒီသုံးပါးဖြည့်လိုက်တော့ တကာတကာမတို့ မဂ္ဂင်ရှစ်ပါးပြည့် ပြီ....(ပြည့်ပါပြီဘုရား)။

အဲဒါကျလို့ရှိယင် သတိပဋ္ဌာန်အကျင့်မှာဖြင့် ဒီဟာ ပြည့်စုံ လို့ရှိယင် ဒီဟာ လမ်းဆုံးဘော့တာဘဲ.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် စာလိုတော့ဖြင့် "သတိပဋ္ဌာနဂါမိနိပဋိပဒါ" (မှန်ပါ့) သတိပဋ္ဌာနဘာဝနာမှာတဲ့ သတိပဋ္ဌာန်ပွားလာတာ ကြာပါပြီ၊ ဂါမိနီ=နိဗ္ဗာန်သို့ ရောက်ပါတော့မယ်၊ ပဋိပဒါ= အကျင့်၊ (မှန်ပါ့) သတိပဋ္ဌာန်တို့၏ လမ်းဆုံးဖြစ်တဲ့ ရောက်ရာ ရောက်ကြောင်းအကျင့်ကဖြင့် ဖြစ်ပျက်တွေ့ဆုံးပြီး မဂ္ဂင်ရှစ်ပါး ပြည့်ဘာကို ဆိုပါတယ်... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား)။

ကဲ...ဒါဖြင့် သြော်....ဒီလိုလုပ်လိုက်ရလို့ရှိယင်ဖြင့် ဒို့သည် သတိပဋ္ဌာန် စ,တဲ့ပြီး သတိပဋ္ဌာနဘာဝနာကြိုးစားလို့ သတိ

ပဌာန်လမ်းဆုံးဖြစ်တဲ့ ဖြစ်ပျက်ဒုက္ခသစ္စာကြီးချုပ်အောင် ရှုနိုင်လို့ မဂ္ဂင်ရှစ်ပါးပြည့်တယ်ဆို သုတိပဌာန်ကိစ္စဖြင့်လမ်းဆုံးတော့ တာဘဲဆိုတာ တကာကြွယ်တို့, တကာသစ်တို့, ဦးမာဒင်တို့, သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် အခု ဒါက သံယုတ်ပါဠိတော်၏ ကျင့်စဉ်ကို ပြောလိုက်ပါတယ်....(မှန်ပါ့)။

အဂုံတို့ရ်ပါဠိတော်က ခုနင်က ရှတ်လိုက်တဲ့ ပါဠိမတော်က တော့ တကာကြွယ်-ရေ.... သူက သတိပဌာနဘာဝနာက စ,ပြတယ်.... (မှန်ပါ့) သတိပဌာနဘာဝနာက စ,ပြတယ် တကာ တကာမတို့။

" ဣဓ ဘိက္ခဝေ အရိယသာဝကော " ဘိက္ခဝေ=ရတန်းတို့၊ ဣဓ= ဤ ငါဘုရားသာသနာတော်၌၊ အရိယသာဝကော= ယခုကဲ့သို့ သို့,ကြား,လိမ္မာသော အရိယသာဝကသည်၊ဝေဒနာယပိ= ဝေဒနာသုံးပါးရှိတယ်.... (မှန်ပါ့) တပါးပါးကို တခါတည်း ရှု.နားမှာ ဒါ-ဝေဒနာတွေ၊ အင်း...သုခဝေဒနာ,ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ... လို့ ဝေဒနာချုံးလိုက်တော့ တကာကြွယ် သုံးပါးရှိတယ်... (မှန်ပါ့-သုံးပါးပါဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးပါးဘဲ လှည့်ရှိတယ် - (မှန်ပါ့) စိတ်ရှုလို့ရှိယင်လဲ စိတ်အတိုင်းပေါ့လေ.... (မှန်ပါ့) ကဲ....ဒီနေ့တော့ ဝေဒနာနဲ့ဘဲ စခန်းသွားကြပါစို့ဆိုတော့ သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာနဲ့ ခန္ဓာကိုယ်ထဲမှာ သုခဝေဒနာက ချမ်းသာတာ.... (မှန်လှပါ) ဒုက္ခဝေဒနာက ဆင်းရဲတာ.... (မှန်ပါ့) ဥပေက္ခာဝေဒနာက အလတ်စားရှိတာ.... (မှန်ပါ့)။

အဲဒီလိုကလေး သိထားတော့ သုံးပါးလဲ ပြိုင်မပေါ်ဘူး.... (မှန်ပါ့) တပါးတပါးစီဘဲ ပေါ်တယ်....(မှန်ပါ့) အဲ....တပါးတပါးစီ ပေါ်တဲ့အခါကျလို့ရှိယင် သူ့ကို အရိယာသာဝကဖြစ်ဘဲ့ပုဂ္ဂိုလ်က အခုလိုကြားဘူးနားဝရှိတဲ့ပုဂ္ဂိုလ်က " အနိစ္စာနုပဿီ ဝိဟရတိ" ဒါကလေးဟာ သြော်....ဝေဒနာမဟုတ်ဘူး၊ သေသေချာချာ ငါရှုကြည့်တယ်၊ ဒါ-အနိစ္စဘဲလို့ ပညာယ=ပညာဖြင့်၊ အနိစ္စာနုပဿီ=အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ=ပဝတ္တေတိ=ဖြစ်စေပါ....(မှန်လှပါ)။

သြော်....ဒါကလေးဟာ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စကလေးပါ ကလား....လို့ တကာတကာမတို့ ရှုပေးပါ (မှန်လှပါ)။

ဖြစ်ပျက်နေတဲ့... (အနိစ္စကလေးပါဘုရား) ဖြစ်ပျက်နေတဲ့ အနိစ္စကလေးပါလား....လို့ ဆိုပြီးသကာလ ရှုပေးပါ.... (မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် ဖြစ်ပျက်နေတဲ့ အနိစ္စကလေးပါလား လို့ တကာတကာမတွေက ဝေဒနာလို့ မလိုက်နဲ့တော့.... (မှန်ပါ့) ဖြစ်ပျက်နေတဲ့အနိစ္စကလေးပါလားလို့ တကာကြွယ်တို့ တကာသစ်တို့ ရှုပေး....(မှန်လှပါ)။

အဲဒီကဲ့သို့ ရှုပြီးသကာလနေတဲ့အခါမှာလဲ ရှုရင်း-ရှုရင်းက အနိစ္စသည် သြော်....အခုရှုနေတာ သက်သက် ဘာနဲ့မှုမရှောဘူး၊ အနိစ္စလို့ဘဲ အမှတ်ထားပြီးသာ တကာတကာမတွေ ရှုနေပါ.... (မှန်ပါ့) အနိစ္စလို့ဘဲ အမှတ်ထားပါနော်....(မှန်ပါ့)။

တကာတကာမတွေ ပဌမ အနိစ္စလို့ရှုရမယ်နော်.... (မှန်ပါ့) ဒီ ငါရှုနေတာ တခြားလားမှတ်တယ်၊ အနိစ္စလို့ဘဲ မှတ်ပါ....

(မှန်လှပါ)ဒါတွေဟာ ဘာမှုမဟုတ်ဘူး၊ ဝေဒနာလဲမဟုတ်ဘူး၊ စိတ်လဲ မဟုတ်ဘူး၊ အနိစ္စသက်သက်ဘဲလို့ မှတ်ထားလိုက်ပါ.... (မှန်ပါ) ဒါဖြင့် အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်ပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

အနိစ္စ ပဋိသံဝေဒီ= ပညာနဲ့ သြော်.... ဒီဥစ္စာ တခါတည်း တကာတကာမတွေက အနိစ္စလို့ဘဲ.... သိပေးလိုက်ပါ.... (မှန်ပါ့ဘုရား)။

ဒီဘုရားကလေးဟာ ဖြစ်ပြီးပျက်နေတာ ဘာတရားကလေး ပါလိမ့် (အနိစ္စပါဘုရား) အနိစ္စလို့ဘဲ သိပေးလိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

သြော်... ဒါဖြင့် တကာတကာမတို့ ဘုရားက ဒီဖြစ်ပျက်နေတဲ့ ဓမ္မကလေးကို အနိစ္စလို့ ရှုကွ... တဲ့ .... (မှန်ပါ့) ဥာဏ်ထဲကလဲ အနိစ္စလို့ဘဲ မှတ်ကွ....(မှန်ပါ့) သိတော့လဲ မင်းတို့အနိစ္စလို့ဘဲ သိထားနော်၊ ဒီလို သတိပေးတယ်....(မှန်ပါ့)။

ဒီတရားကလေးဟာ ဘာနဲ့မှ မရောစေနဲ့၊ နိစ္စ ဒိဋ္ဌတွေနဲ့ မရောစေနဲ့၊ သုခတွေနဲ့မရောစေနဲ့၊ သုဘတွေနဲ့မရောစေနဲ့၊ အတ္တတွေနဲ့ မရောစေနဲ့... (မှန်လှပါဘုရား)။

တကာတကာမတွေ ဒါကလေးဟာ အနိစ္စလို့ရှု၊ အနိစ္စလို့ဘဲမှတ်ထား....(မှန်ပါ့) အနိစ္စလို့ဘဲ ဥာဏ်နဲ့သိပါ.... (မှန်ပါ) ဒါ....မလွဲစေနဲ့နော်.... (မလွဲစေပါဘုရား)။

ဝေဒနာရှုနေတယ်လို့ မလာနဲ့....(မှန်ပါ့) စိတ်ရှုနေတယ်လို့ မလာနဲ့....(မှန်ပါ့) သြော်.... ဒါကလေးဟာဖြင့် အနိစ္စလို့ရှုပြီး

အနိစ္စလို့မှတ်- အနိစ္စလို့ဘဲ သိနေပါ တကာသစ်ရာ... (မှန်ပါ့ဘုရား)။

ဒီလိုနေပြီးသကာလ တကာတကာမတွေက ဒီအတိုင်းသိပြီးသကာလ နေကြပါ.... (မှန်လှပါဘုရား)။

အဲဒီတော့ ဘယ့်နှယ်ဖြစ်လာမတုံးလို့ ဆိုလို့ရှိယင် ပညာယ=ဝိပဿနာပညာဖြင့်၊ အဓိမ္စစ္ဓမာနော= ဩော်....ဒီဥစ္စာ အနိစ္စမို့ အနိစ္စဖြစ်တာဘဲလို့ ဆုံးဖြတ်ချက် ခင်ဗျားတို့ ကျလာလိမ့်မယ် (မှန်လှပါဘုရား)။

အင်း... အနိစ္စမို့ (အနိစ္စဖြစ်တာပါဘုရား) အနိစ္စဖြစ်တာဘဲလို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ငါဘုရားဟာ မင်းတို့ကိုသေသေချာချာ ဟောပါတယ်...တဲ့၊ မင်းတို့ ခုနင်က ပြောခဲ့တဲ့ သုံးချက်အလုပ်, လုပ်လိုက်ပြီဆိုယင် အနိစ္စလို့ ဆုံးဖြတ်ချက် မင်းတို့ဉာဏ်ထဲ ကျသွားလိမ့်မယ်....တဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ပြန်ပြောလိုက်ပါမယ်၊ ဒီတရားကလေးဟာ ဖြစ်ပြီးပျက်နေတဲ့တရားကလေးကို အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ သိဖန်များလာတဲ့အခါကျလို့ရှိယင်ဖြင့် ကိုယ့်ဉာဏ်ထဲမှာကိုဘဲ တကာတကာမတို့ ဆုံးဖြတ်ချက်ကျတယ်.... (မှန်ပါ့) ဘာမှုမရှိဘူး၊ အနိစ္စသာရှိတာဘဲဆိုတဲ့ ဆုံးဖြတ်ချက်ဟာ တခါတည်း ကျတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စလို့ ဆုံးဖြတ်ချက်ကျသွားပြီနော်....(မှန်ပါ့) ခုနင်ကသုံးချက်နဲ့ ကြိုးစားလိုက်တာကိုးဗျ....(မှန်ပါ့) အနိစ္စလို့ရှု၊အနိစ္စ

လို့မှတ်.... (မှန်ပါ) အနိစ္စလို့သိလိုက်တာနဲ့ဘဲ ရှုဖန်များပြီး နောက်ဆုံးပိတ် တက်လာတဲ့ပညာက တကာသစ်-ရေ.... တခါတည်း ဘာမှမရှိဘူး၊ လောကကြီးထဲမှာဖြင့် အနိစ္စ အစစ်သာ ရှိတယ်လို့ တခါတည်း ဆုံးဖြတ်ချက်ကျတယ်.... (မှန်လှပါဘုရား)။

အနိစ္စအစစ်သာရှိတယ်လို့ တကာတကာမတွေ့ တခါတည်း ဆုံးဖြတ်ချက်ကျပါတယ်.... (မှန်လှပါ) ခုနင်ကဉာဏ်နဲ့တူသေးရဲ့လား ... (မတူပါဘုရား) ခုနင်ကတော့ အနိစ္စရှိလို့ အနိစ္စဘဲ ရှုတာ .. (မှန်ပါ) အနိစ္စလို့ဘဲ မှတ်တုန်းဘဲ....(မှန်လှပါဘုရား) အနိစ္စလို့ဘဲ သိတုန်းဘဲ.... (မှန်လှပါ) ကိုယ့်ဉာဏ်က ဆုံးဖြတ်ချက် မချသေးဘူး....(မှန်လှပါ)။

နောက် ရှုဖန်များလာတော့ ဘုန်းကြီးတို့တကာတကာမတွေ့သြော် .... ပညာယ = ဝိပဿနာပညာဖြင့်၊ အဓိမ္စစ္ဆမာနော= အနိစ္စဘဲလို့ ဆုံးဖြတ်ချက်ချသည်ဖြစ်၍ သြော်....ဒါဖြင့် ခုနင်ကသုံးချက်နဲ့ အလုပ်-လုပ်ပြီးတဲ့အခါကျတော့ တကာသစ်,ရေ.... တကယ့် အနိစ္စအစစ်ဘဲလို့ ကိုယ့်ဉာဏ်ထဲမှာ သူများမပြောဘဲနဲ့ ဆုံးဖြတ်ချက်ချပစ်လိုက်တယ်....(မှန်ပါ)။

သူများမပြောဘဲနဲ့.... (ဆုံးဖြတ်ချက် ချပစ်လိုက်ပါဘယ် ဘုရား)။

အေး....သူများမပြောဘဲနဲ့ ဝိပဿနာမဂ္ဂင်ငါးပါးနဲ့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့ တခါတည်း ဆုံးဖြတ်ချက်ချလိုက်တယ်....

(မှန်ပါ့) အနိစ္စအစစ်ဘဲဆိုတဲ့ ဆုံးဖြတ်ချက်ချတာဘာ- (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့်ဒီဥစ္စာက ပညာယ အဓိမ္ဈစ္ဆမာနော=ဝိပဿနာပညာနဲ့ဘဲ တကာသစ် ဆုံးဖြတ်ချက်ချလိုက်ပြီ.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ပညာနဲ့ ဆုံးဖြတ်ချက်ချပြီးတော့ နောက်ကျတော့ ဆုံးဖြတ်ချက်လဲ ချပြီးရော နောက် ရှုတဲ့ဉာဏ်တွေက တကာတကာမတို့ကိုယ်ဉာဏ်ဟူသ၍က ဘာအထဲမှ မသက်ဆင်းဘဲနဲ့ ဒီအနိစ္စထဲချည့် ဉာဏ်က သက်ဆင်းသွားတော့တာဘဲ.... (မှန်ပါ့)။

ဆုံးဖြတ်ချက်လဲ ချပြီးရော တကာသစ်,ရေ.. ကိုယ့်ဉာဏ်ကလေ.. (အနိစ္စထဲသက်ပါတယ်) အနိစ္စထဲချည့် ဉာဏ်က သက်ဆင်းသွားတယ်... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

ရှုဖန်မျှားလို့ အနိစ္စလို့ လဲဆုံးဖြတ်ချက်ချပြီးရောနောက်တော့ဖြင့် ခန္ဓာဉာဏ်လှည့်လိုက်သည်နဲ့ တပြိုင်နက်တည်း အနိစ္စထဲချည့် ဉာဏ်က သက်ဆင်းသွားတယ်.... (မှန်ပ!) ဘယ်ဘက်မှ မသက်ဆင်းတော့ဘူး .. (မှန်လှပါ)။

သက်ဆင်းတယ်ဆိုတာ တကာတကာမတို့လူဟာရေဆင်းချိုးတယ်ဆိုတော့ ရေထဲဆင်းသလိုပေါ့ဗျာ.... (မှန်ပါ့) ဉာဏ်ကလဲ တကာတကာမတို့ ဆုံးဖြတ်ချက်ချပြီးတဲ့ အချိန်ကစပြီးသကာလ ဘာနဲ့မှမရောဘဲနဲ့ တခါတည်း တကာတကာမတွေ အနိစ္စဘက်သို့ဘဲ သက်ဆင်သွားပါတယ်....(မှန်ပါ့ဘုရား)။

ပညာယ = ဝိပဿနာပညာဖြင့်၊ ပရိယေသဂါဟမသေနာ = သက်ဆင်းသည်ဖြစ်၍၊ ဝိဟရတိ- ပဝတ္တေတိ=တကာတကာမတို့ ဖြစ်စေတော့တာဘဲ....(မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် ဆုံးဖြတ်ချက်ချပြီးဘဲ့ ပုဂ္ဂိုလ်မှန်က ဒီဉာဏ်သည် တကာဘကာမတို့ နောက်ဘဝန် ရှိတဲ့ဉာဏ်သည် အနိစ္စထဲမှတပါး ဘယ်မှ ဒီဝိပဿနာဉာဏ်က မသက်ဆင်းတော့ဘူးဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့ဘုရား)။

တယ်အဘိုးတန်ပါလား တကာတကာမတွေ....(တန်ပါတယ် ကြပ်ကြပ်စဉ်းစား တကာ တကာမတွေ၊ သြော်....ဘုရားကိုက အလုပ်စဉ်ပေးခဲ့ဘာကိုး ... (မှန်ပါ့)ရှေးဦးစွာ အနိစ္စလို့ ရှုကွ၊ အနိစ္စလို့ မှတ်ကွ၊ အနိစ္စလို့ သိကွ၊ ပြီးတော့မှ အနိစ္စလို့ ဆုံးဖြတ်ချက်ချတဲ့ဉာဏ် မင်းလာလိမ့်မယ် ... (မှန်ပါ့) လာပြီးသည်၏ အခြားမဲ့ဌ် မင့်ဉာဏ်သည် နောက်ဘခါရှုလိုက်လို့ ရှိယင် အနိစ္စထဲသာ သက်ဝင်တော့တာဘဲ၊ မင့်ဉာဏ် ဘယ်မှ မသွားဘူး.... (မှန်ပါ့) ဒီလိုကို ဆုံးဖြတ်ချက်ချပေးတယ် .. (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဒီလိုဉာဏ်ကဒလေးက ဆုံးဖြတ်ချက်ချပြီးသည့်နောက် ဒီဉာဏ်သည် ဝိပဿနာ ဉာဏ်သည် တကာတကာမတို့ အနစ္စထသ့ဘ ဆင်းသက်သ့ားတော့တယ်.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့၊အဲဒီတော့ ဒီလိုဆင်းသက်အောင် တပည့်တော်တို့ ဘယ်လိုလုပ်ရမှာတုံးဘုရားလို့- မေးတဲ့အခါ ကျုတော့မှ တကာတကာမတွေ ဒါကလေး နည်းနည်းနားထောင်ပါ ....

သတတံနိစ္စံ = ဒါကလေးတော့ဖြင့် အမြဲကလေးလုပ်ပေးပါ တဲ့.... (မှန်ပါ့) ငါးမိနစ်ဖြင့် ငါးမိနစ် အမြဲလုပ်ပေါ့ဗျာ .... (မှန်ပါ့) ဆယ်မိနစ်ဖြင့် ဆယ်မိနစ်အမြဲလုပ်ပါ၊ နိရန္တရံ = အမြဲ မပြတ်တဲ့၊ နိရန္တရံ-က မပြတ်....(မှန်ပါ့) သတတံ-က နိစ္စ၊သမိတံ က နိရန္တရံလို့ ဖွင့်ထားသောကြောင့် အမြဲမပြတ် တကာတကာမ တော့က ငါးမိနစ်, ဆယ်မိနစ် ဒီထဲချည့်ဥာဏ်သက်နေပါစေ .... (မှန်ပါ့ဘုရား)။

ဒီလိုဥာဏ်သက်နေလို့ ရှိယင်ဖြင့် .. တဲ့၊ တကာတကာမတွေ ဒီဥာဏ်သက်ပြီးသကာလ အနိစ္စထဲမှာချည့် ဥာဏ်က သက်ဝင် ဆင်းပြီးသကာလနေတယ်၊ မပြတ်သက်ဝင် ဆင်းနေပြီဆိုယင်ဖြင့် တကာတကာမတို့ အမေသေလို့ ကြေးနန်းလာလာ၊ အဖေသေ လို့ ကြေးနန်းလာလာမလျှော့လိုက်နဲ့....(မှန်ပါ့)မလျှော့ပါနဲ့တဲ့ တကာတကာမတွေ မလျှော့ပါနဲ့.တဲ့၊ အာသဝေါကုန်တော့ မလို့ကိုးဗျ... (မှန်ပါ့ဘုရား)။

မလျှော့ပါနဲ့တဲ့ တကာတကာမတို့နော်....(မှန်ပါ့) မပြတ်ဘဲ လုပ်နေပါ... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ဆရာဘုန်းကြီးက ဒီဟာပြောရသလဲ- ဘုရားက ဒီဟာဟောရသလဲလို့ တကာတကာမတွေက မေးလို့ရှိယင်ဖြင့် ဒီနေရာမှာ ကိလေသာကြားခိုယင် ပျက်လိမ့်မယ်(မှန်ပါ့ဘုရား)။

ဒီနေရာမှာ....(ကိလေသာ ကြားခိုယင် ပျက်လာလိမ့်မယ်) တကာတကာမတို့ ကိလေသာကြားခိုတာလဲ သိပ်ကြောက်စရာ ကောင်းပါလား....(ကောင်းပါတယ်)သူက ခွေးကောင်းမှကြား ခိုတတ်တယ်ဆိုတာကိုလဲ တကာကြားယ်၊ တကာသစ် မှတ်စမ်းပါ- (မှန်ပါ့)ချက်ကောင်းမှဘာတုံး....(ကြားခိုတတ်ပါတယ်ဘုရား)။

ချက်ကောင်းမှ ကြားခိုမယ်ဆိုတာ ကိုယ်က မပြုတ်လုပ်မယ်၊ ကဲ-ဘုရားကလဲဟောထားတယ်၊ဥာဏ်က ဒီထဲချည့် စိုက်ကနဲ့-စိုက်ကနဲ သက်ဆင်းသွားပြီ၊ အနိစ္စတွေချည့်ဘဲ သက်ဆင်းသွားပြီ၊ အဲဒါ မပြုတ်စေနဲ့လို့ ဘုရားကလဲ ဟောတယ်၊ဒီဟောတဲ့ အချိန်ကျမှ တကာတကာမတွေမှာ အကြောင်းထူး- ကိစ္စထူး ဆိုတဲ့ ဟာတွေ ပေါ်တတ်တယ်နော်....(ပေါ်တတ်ပါတယ်ဘုရား)။

အဲဒီပေါ်လို့ ရှိယင်ဖြင့် ဒါစောစောကဘဲ ဆရာဘုန်းကြီးက ဖြစ်တတ်ဘဲ့အကြောင်းမို့ သတိုပေးထားလိုက်တယ်.... (မှန်ပါ့) မရောစေနဲ့....(မှန်ပါ့) မလာစေနဲ့....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

"နိစ္စ သမိတံ နိရန္တရံ အဗ္ဗောကိဏ္ဏ" ဘုရားက ဟောတယ်၊ "အဗ္ဗောကိဏ္ဏ အညေဟိ အသမ္မ သ" လို့ အဋ္ဌကထာဆရာက ဖွင့်လိုက်တယ်... (မှန်ပါ့) အညေဟိ=တပါးကုန်သော တရားတို့နှင့်၊ အဗ္ဗောကိဏ္ဏ=မရောပါစေနဲ့တဲ့....(မှန်ပါ့ဘုရား)။

တခါတည်း ဥာဏ်ကလေးစိုက်စိုက်- စိုက်စိုက်နေတဲ့ အခါ အမြဲမပြတ်သာလုပ်နေတဲ့၊ တပါးသောတရားတွေ ရောကို-မရောစေနဲ့တဲ့....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

တပါးသောတရားတွေ....(မရောရပါ) ဘာကိစ္စဥာဏ်စ္စတွေ၊ တွေးလုံးတွေလာတယ်၊ မရောစေနဲ့.... (မှန်ပါ့)မရောစေနဲ့ တကာတကာမတို့ ဘေးကပုဂ္ဂိုလ်တွေလဲ သတိမပေးထား-(မှန်ပါ့ဘုရား)။

ဘယ်အကြောင်းမျိုးနဲ့မှလာပြီးသကာလ ငါတရားအားထုတ်နေတဲ့အချိန်ဖြင့် မလာပါနဲ့၊ ငါအချိန်စေ့တော့ ထ,လာလိမ့်

မပေါ့၊ အဲဒီအချိန်ကျမှ ပြောတာပေါ့....(မှန်ပါ့) ဘယ်လောက် အရေးကြီးကြီးကဲ့ဒ ဆိုတဲ့ဥစ္စာ ပိုတ်ထားး....(မှန်ပါ့) မလာဘူး-လာခဲ့သော်ပေါ့ဗျာ .. (မှန်ပါ့ဘုရား)။

ကဲ.... ဒါဖြင့် ငါ နာရီဝက်အလုပ်ထိုင်မယော့ .... ဆိုတော့ ခုနင်က ဥာဏ်ကလေးက အနိစ္စထဲချည့် သက်ဝင်နေတယ်ဆိုပါ တော့ တကာသစ်ရာ.... (မှန်ပါ့) အဲဒီလိုသက်ဝင်နေတဲ့ အချိန် တကာတကာမတို့ ကိုယ့်မိတ်ဆွေ သင်ဟာ ဆွေမျိုး ဥာတကာ ညီကြီး စောင်ကြီးပေါ့ဗျာ....(မှန်ပါ့) ညီလေး· စောင်လေး ကတော့ ငဲ့သေးတယ်၊ ညီကြီး စောင်ကြီးကတော့ တယ် မငဲ့ချင်ဘူး .. (မှန်ပါ့ဘုရား)။

အဲဒီလိုလာပြီဆိုမှဖြင့် တကာတကာမတွေက အစောကြီး ကတည်းက သတိပေးထား(မှန်ပါ့)ဒီတရားထိုင်တာ ငါတနာရီ ကြာမယ်,နာရီဝက်ကြာမယ်,နာရီငါးမတ်ကြာမယ် ဒီအချိန်ဖြင့် ကဲ့ဒ.... ကိုယ့်မိတ်ဆွေသင်ဟာတွေ ဆိုင်းထားလိုက်တာပေါ့ .... (မှန်ပါ့) ဘာ့ကြောင့်တုံးလို့ -မေးတဲ့အခါကျတော့ တကာ တကာမတို့ အလွန်ကြောက်စရာကောင်းလို့.... (မှန်ပါ့ဘုရား)။

အလွန်ကြောက်စရာ ကောင်းလို့ဆိုတာ သဘောကျပလား (ကျပါပြီ) အလွန် ဘယ်လိုကြောက်စရာ ကောင်းပါလိမ့်မတုံး ဆိုတော့ တနေ့ကပြောခဲ့တယ် တကာသစ်တို့မှတ်မိပြီ....(မှန်ပါ့) သေယျဆိုတဲ့တကာဟာ ဒါနကထာ, သီလကထာ, သမထတွေ ဟောနေတုန်းက သူကောင်းကောင်းနာတယ်.... (မှန်ပါ့ဘုရား) ဝိပဿနာကို တကယ်အလုပ်ပေးတော့မည့် အချိန်ကို တကာ

တကာမတို့ ဟောမည်ကြံတော့မှ အိမ်ကကိစ္စရှိလို့ လာခေါ်သွားတယ်....(မှန်ပါ့) ကဿပဘုရားက ဟောလျက်ကိုး .... (မှန်ပါ့) သူက အိမ်က ကိစ္စရှိလို့ ဆိုပြီး အိမ်သားတယောက်က လာခေါ်သွားတော့ လိုက်သွားတယ်....(မှန်ပါ့ဘုရား)။

လိုက်သွားရတော့ တကာတကာမတို့ သေယျလဲသွားပါရော သေယျဖြင့်ရှိုးပဟေ....(မှန်ပါ့) ဘုရားကိုက ပြောတော့တာဘဲ (မှန်ပါ)သေယျရှိုးပြီတဲ့....(မှန်ပါ့ဘုရား)။

ကြည့်-တကာတကာမတို့ တပါးသောတရား ဝင်လာလို့.... (မှန်ပါ့ဘုရား)။

ဘာဝင်လာလို့တုံး.... (တပါးသောတရား ဝင်လာပါတယ် ဘုရား)။

"အညေဟိ အသမ္မ ိသ" ကိုး၊အညေဟိ=တပါးသောတရားတို့နှင့်၊ အသမ္မ ိသ =မရောစေနဲ့တဲ့....(မှန်ပါ့) အခုတော့ အိမ်ကိစ္စနဲ့ ဝင်ရောလိုက်တယ်.... (မှန်ပါ့ဘုရား) ရောလိုက်တော့ ဒီသေယျလိုက်ပြေးရတယ် .... (မှန်ပါ့) လိုက်ပြေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေယျရှိုးပေါ့တဲ့ (မှန်ပါ့ဘုရား)။

ခဏဆိုင်းလိုက်လို့ရှိင် သူ ဒီဘဝမှာတခါတည်း အရိယာဖြစ်ရမယ်....(မှန်ပါ့ဘုရား)။

ခဏကလေး ဆိုင်းလိုက်ယင် ဘာဖြစ်မလဲ .... (အရိယာဖြစ်ပါမယ်ဘုရား)။

ကိုင်း....တကာတကာမတို့ ဒါဟာ တပါးသောတရား ရောလိုက်တဲ့ဖြစ်ခြင်း ဘယ်လောက်နာသတုံး....(နာပါတယ်ဘုရား)။

တပါးသောတရားရောလိုက်တဲ့ဥစ္စာတကာသစ် ဘယ်လောက် နာသတုံး....(အမျှားကြီးနာပါတယ်ဘုရား)။

နစ်နာပုံကလေး တကာ တကာမတွေ့ နည်းနည်း ကလေး သံဝေဂလဲရအောင် ဟုတ်လဲဟုတ်-မှန်လဲမှန် နစ်နာချက်ပြင်းထန် တာလဲသိရအောင် သာဓကတခုပြမယ်၊ သေယျသည်တဲ့ ကျုပ်တို့ ဂေါတမဘုရားလက်ထက်ကမှ လာကျွတ်တယ်....(မှန်ပါ့)။

ဒါဖြင့် သေယျ အသားတွေ,အရိုးဘွဲ့ကို စုပုံပြီးသကာလ မပျက်မစီးဘဲနဲ့ထားလို့ရှိယင် ဆဲ့သုံးမိုင်တက်ရမယ်....(မှန်လှပါ ဘုရား)။

သေယျဟာ အရိုးတွေ့အသားတွေ့ပုံထားလို့ရှိယင် ဆဲ့သုံးမိုင် ထုလောက် သူ-အိုပ့ဲ,နာပ့ဲ,သေပ့ဲ ထပ်ခင်းရတယ်.... (မှန်ပါ့) တပါးသော တရားတွေ့ရောလိုက်တာ တချက်ကည်း .. နာချက် ဘယ်လောက်ပြင်းသတုံး.... (ပြင်းပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးကစကားအပြောကြီးလို့ မဟုတ်ပါ ဘူး၊အမေသေတဲ့ ကြေးနန်းလာတောင် တကာကြွယ် မပြုလေနဲ့ (မှန်လှပါ) အဖေသေတဲ့ ကြေးနန်းလာတောင်.... (မပြုလေနဲ့) မပြုလေနဲ့၊ ဒီဥစ္စာ နောက်လဲ သိရမှာဘဲ ဘာထူးသတုံး-(မှန်ပါ့) ကိစ္စပြီးမှ သိရတော့ သာမကောင်းဘူးလား....(ကောင်းပါတယ် ဘုရား)။

အခု သေယျမှာ ကြည့်စမ်း တကာတကာမတို့ အိမ်က ကိစ္စ ရှိလို့ လိုက်ခေါ်တဲ့အတွက် ဘယ်လောက် နစ်နာသွားသတုံး ဆိုတော့ သူ့အသား·အရိုးတွေ ဆဲ့သုံးမိုင်တက်ရတယ်-(မှန်ပါ့)

ဒါ....အသေကို မတွက်နိုင်တော့ဘူး၊ မိုင်နဲ့ဘဲ တိုင်းပြုရတယ်.... (မှန်ပါ့) ဘယ်လောက်နစ်နာသွားတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဒါ....တပါးသောတရား ရောပစ်လိုက်တာ- (မှန်ပါ့ဘုရား)။

ဘာရောပစ်လိုက်တာတုံး....(တပါးသောတရား ရောပစ်လိုက်တာပါဘုရား)။

ဝိပဿနာအလုပ်ထဲမှာ တကာတကာမတို့ တပါးသောကိစ္စတခု ဝင်ရှုပ်တယ်၊ ဝင်ရှုပ်လိုက်တဲ့အတွက် ဦးမာဒင် အနာကြီးနာသွားတယ်....(နာပါတယ်ဘုရား) နည်းနည်းနာတာလား၊ များများကြီး နာတာလား....(များများကြီးနာပါတယ်ဘုရား)။

ဘုရားကလဲ ပြောလိုက်သားဘဲ၊ သေယျ ကွာ-တဲ့ ခဏကလေး ဆိုင်းလိုက်လို့ရှိယင် အရိယာဖြစ်ရှာတော့မယ်....တဲ့ . (မှန်ပါ့) အခုတော့ဖြင့် ရှုံးပေါ့ဟေ့....တဲ့....(မှန်ပါ့)။

ကဲ....ဘုရားကိုက ရှုံးပေါ့လို့ ပြောကတည်းကိုက တကာကြွယ်,ရေ.... အင်မတန် မနစ်နာဘူးလား.... (နစ်နာပါတယ် ဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ကိုယ့်ဉာဏ်ကလေးက အနိစ္စထဲမှာဘဲ သက်ဆင်းနေတဲ့ အချိန်များခင်ဗျားတို့ လာပါလိမ့်မယ်.... (မှန်ပါ့) အနိစ္စရှုကြတာကိုးဗျ.... (မှန်ပါ့) အနိစ္စလို့မှတ်ပြီး အနိစ္စလို့လဲ သိနေပြီ (မှန်ပါ့) ဉာဏ်ကလဲ ဒါ... အနိစ္စမှတပါး ဘာမှမဟုတ်ဘူးလို့လဲ ဆုံးဖြတ်ချက်ချပြီးပြီ (မှန်ပါ့) ရှုလိုက်တဲ့ဉာဏ်ကလဲ အနိစ္စထဲမှာချည့်ပြေးဝင်နေတယ် .. (မှန်ပါ့)။

ရှုလိုက်တဲ့ဥာဏ်ကလဲ.... (အနိစ္စထဲမှာချည့် ပြေးဝင်နေပါတယ်ဘုရား)။

အနိစ္စထဲချည့် ပြေးဝင်နေတဲ့အခါမှာ ဘုရားက အမြဲမပြတ်ကလေးကဲ့ဒီအချိန် ၁၀-မိနစ် ၁၅-မိနစ်ဆိုသလို တပါးသောတရားမဝင်ဘဲနဲ့ မင်းတို့ ကြိုးစားလိုက်စမ်းပါတဲ့....(မှန်ပါ့)။

တကာကြွယ် ဘာတဲ့တုံးဗျ.... (တပါးသောတရားမဝင်ဘဲနဲ့ ကြိုးစားရမှာပါဘုရား)။

အားလုံး တကာတကာမတွေ့ တော်တော် အရေးကြီးတယ်နော်....(ကြီးပါတယ်ဘုရား) တပါးသောတရားဆိုတာ ဘာကိုစွဲကလေးမှ မဝင်စေနဲ့.... (မှန်ပါ့) မတိုင်ပင် မပြိုးလို့ ဆိုတာ ကလေးတောင်မှ ဒီအချိန်တော့ မလာစေနဲ့....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

သူနဲ့ဝေ့ဌမှ ပြီးမှာပါ ဒါကလေးတော့ဖြင့် ကျုပ် တက်ပါရစေ၊သ့ားပြီး တိုးတိုး ပြောပါရစေ မကြာပါဘူး ဆိုတာတောင် မလာစေနဲ့....(မှန်လှပါ)။

သူလာတာ ဒါလောက် အဘိုးမတန်ဘူး....၊ ကိုယ့်အရိုးဆဲ့သုံးမိုင်တက်ရမှာက နစ်နာတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အင်မတန်ဆိုးဝါးလှန်းလို့ ဒီဥစ္စာ အမှာကြီးမှာနေတယ် ဆိုတာ တကာသစ် ရိပ်မိပြီ.... (ရိပ်မိပါပြီ) တယ်နစ်နဲ့ပါလား ... (နစ်နာပါတယ်ဘုရား) တခါလေးအောင့်လိုက်ယင် ပြီးသွားမှာနော်....(မှန်ပါ့)။

တခါလေးအောင့်ယင် ပြီးသွားမှာကို တကာ တကာမတွေ အဲဒါကြောင့် ငဲ့လုံး-ညှာလုံး ဟူသ၍သည် တကာတကာမတို့ ကိုလေသာရန်သူလို့ မှတ်လိုက်.... (မှန်ပါ့)။

ငဲ့လုံး-ညှာလုံးဟူသ၍.... (ကိုလေသာရန်သူပါဘုရား) မကင်း တရားကလေးကြောင့် ဆိုယင်ကော·(ကိုလေသာရန်သူပါဘုရား) အဲဒါလဲ တဏှာဘဲ... (မှန်ပါ့) ငဲ့တာကော....(တဏှာပါဘုရား) ညှာတာကော....(တဏှာပါဘုရား) ညှာတာ,တာလဲ အတူတူဘဲ၊ ခင်လို့ ညှာတာဘဲ....(မှန်ပါ့)။

အဲဒါတွေဟူသ၍ကတော့ ဘုန်းကြီးတို့ တကာတကာမတွေ တထစ်ချသာမှတ်ပေတော့၊ အနိစ္စထဲမှာ စိုက်ကနဲ, စိုက်ကနဲ ဥာဏ်ကဝင်နေတဲ့ အချိန်မှာဖြင့် ဒီဟာတွေ ကြားမခိုပါ၀ေစနဲ့ (မှန်ပါ့ဘုရား)။

တကာကြီယ် ဘယ်နှယ်တုံး .... (ကြားမခိုပါ၀ေစနဲ့ပါဘုရား) နောက်က တကာတကာမတွေ ဘာအရေးကြီးပါလိမ့်....(ကြား မခိုပါ၀ေစနဲ့ပါဘုရား)။

ကြားမခိုဘို့ သိပ်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တော်တော့ကို အရေးကြီးတယ်နော် .... (မှန်ပါ့) သေယျ ကြားခိုလိုက်တာ သူ့အသား,အရိုး ဘယ်နှစ်မိုင်တက်ရသတုံး.... (ဆဲ့သုံးမိုင်တက်ရပါတယ်ဘုရား)။

အံမာလေး....တကာတကာမတို့ ဒါလောက်သေရဲပါ့မလား (မသေရဲပါဘုရား) ဒါလောက် အရိုးတွေ ဖြစ်ရဲပါ့မလား....

(မဖြစ်ရဲပါဘုရား) အဲဒါ ကိုလေသာတွေ ကြားတချက် ခိုလိုက်တာ ဦးမာဒင် သွားတာဘဲ....(မှန်ပါ့.သွားပါတယ်ဘုရား) သိပ်မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား) တကာကြွယ် သိပ်နစ်နာလွန်းတယ်....(နစ်နာပါတယ်ဘုရား)။

အဲဒီတော့ကို ဒါကလေး ခေတ္တဆယ်မိနစ်,ဆဲ,ငါးမိနစ်,နာရီဝက်, တနာရီအောင်ရကော တကာသစ် ဘာဖြစ်မှာတုံး-(ဘာမှမဖြစ်ပါဘုရား) နောက်ကျတော့လဲ သိရမှာပေါ့.... (သိရမှာပါဘုရား)။

မသိရယင်လဲ ကျုပ်တို့ ကိစ္စပြီးနေလို့ရှိယင်လဲ သူ.ဟာ သိရလဲ မထူးပါဘူး (မှန်လှပါ) မသိရယင်လဲ.... (မထူးပါဘုရား) ကျုပ်တို့ ကိစ္စပြီးမှကသာ အရေးကြီးပါတယ် (မှန်ပါ့)။

ကျုပ်တို့ ကိစ္စပြီးမှသည် ဒီ အခုပြောလာတဲ့ ကိစ္စမျိုးကို ဒုက္ခပေးနေတဲ့ကိစ္စမျိုးကို ကျုပ်တို့က သိမ်းနေတာ (မှန်ပါ့) အဲဒါ ကျုပ်တို့က လက်ခံမိမယ်ဆိုတော့ တကာသစ် ငါးပါးမှောက်မယ်....(မှောက်ပါတယ်ဘုရား) မမှောက်ပေဘူးလား....(မှောက်ပါတယ်ဘုရား)။

အေး .. ဒါ့ကြောင့် တကာတကာမတို့ ခင်ဗျားတို့ကတော့ ဖြင့် အပြောယဉ်သလောက် တကာတကာမတို့ အဖြစ်က ဆိုးတယ် .. (ဆိုးပါတယ်ဘုရား)။

အပြောကတော့ . (ယဉ်ပါတယ်ဘုရား) မကင်းတရားကလေးရှိလို့... မကောင်းတတ်လို့ဘုရာ့ .. (မှန်ပါ့)။

မကင်းတရားကလေး မကောင်းတတ်လို့ သူကလဲ ဂုဏ်ရှိသိရ်ရှိဖြစ်နေတော့ မလွှဲသာလို့....(မှန်လှပါ)။

အံမာ....တကာသစ် ဒီအသုံး, ဒီအနှုန်းတွေက အသုံးအနှုန်း ယဉ်သလောက် နစ်နာမှုနဲ့စာတော့ ကာမိရဲ့လား... (မကာမိပါ ဘုရား) အလို....မြေကြီး ဆဲ့သုံးမိုင်တက်ရမယ် ကိုယ့်အသား, အရိုးတွေကဆိုတော့ ကာမိရဲ့လား....(မကာမိပါဘုရား)ခင်ဗျား တို့ ပြောရတာကော,အရသာကော ပါးစပ်ထဲ ဒါလောက် ရှိရဲ့ လား....(မရှိပါဘုရား)။

ဟိုပုဂ္ဂိုလ်တွေကလဲ ကျုပ်တို့ကို ဒါလောက် ကျေးဇူးယုတ် အောင် လုပ်တယ်လို့လဲ မသိသေးတော့ ခင်ဗျားတို့ကလဲ ငဲ့လုံး ညှာလုံးတွေကလဲ သိပ်များတယ် .... (များပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့်.... ဒါတွေ ဘာလုပ်ရမှာတဲ့တုံး.... ဘုရားသခင် ကိုယ် တော်မြတ်ကြီးက'အညေဟိ အသမ္မ ိသ ်'က,တပါးသောတရား တွေနဲ့ ခုနင်ကငဲ့လုံး ညှာလုံးတွေနဲ့ မရောစေပါနဲ့ဟု... တဲ့.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဘာနဲ့မရောစေနဲ့တဲ့လဲ .... (ငဲ့လုံး ညှာလုံးတွေနဲ့ မရော စေနဲ့) အေး....ငဲ့လုံး ညှာလုံးတွေနဲ့ ကိစ္စကလေးတွေ တကာ ကြွယ် ဒီအထဲမှာ မရောစေနဲ့....(မှန်ပါ) သဘောကျပလား-(ကျ ပါပြီဘုရား)။

ဒါတွေရောလိုက်လို့ရှိယင် ကိုယ့်အသား, အရိုးက ဆဲ့သုံး မိုင်တက်ရမယ်....(မှန်ပါ)တကာတကာမတို့ ငဲ့လုံးနဲ့ ဖြစ်ထွေနဲ့ ဘယ်သူကကြီးကျယ်ပြီး အရုပ်ဆိုးသတုံး.... (ဖြစ်ထွေကအရုပ်ဆိုး ပါတယ်ဘုရား)။

ဖြစ်ထွေက ကြီးကြီးကျယ်ကျယ် အရုပ်ဆိုးတယ်.... (မှန်ပါ) ဒါ့ကြောင့် ဦးလှဘူးတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီသာသနာ, ဒီအခါမှာ, ဒီအချိန်ကလေးကိုဖြင့် တကာတကာမတို့ အနစ်နာခံပြီး မမိုက်လိုက်ပါနဲ့ဆိုတဲ့ဥစ္စာ တကာကြွယ် ပြောသင့်မပြောသင့်....(ပြောသင့်ပါတယ်ဘုရား)။

အနစ်နာခံပြီး မမိုက်လိုက်ကြပါနဲ့ဆိုတဲ့ဥစ္စာဖြင့် အလိုရှိတဲ့ ပုဂ္ဂိုလ်မှန်က ဦးမာဒင် အကြီးအကျယ်ပြောရမယ်(ပြောရမှာပါဘုရား)။

အလိုရှိတဲ့ပုဂ္ဂိုလ်မှန်က .... (အကြီးအကျယ်ပြောရမှာပါဘုရား) အကြီးအကျယ်ပြောရမယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါ့ဖြင့် တကာတကာမတို့ ကိလေသာဆိုတဲ့ဥစ္စာ ဟာ ကန့်ကွက်လာတာ....(မှန်ပါ)ငါ့လုံးဟာလဲ ဘာတုံး ကိလေသာ....(မှန်ပါ) ညှာလုံးကလေးဟာကော .... (ကိလေသာပါဘုရား) ဘာလုပ်လာကြတာတုံး.... (ကန့်ကွက်လာကြတာပါဘုရား)။

ကြည့်စမ်း တကာတကာမတို့ ဘယ်လောက်ထိအောင် ကန့်ကွက်မှာတုံးဆိုတော့ ဘုရားဘဆူကြား,နှစ်ဆူကြားကန့်ကွက်မယ် (မှန်ပါ) အံမာလေး.... လွန်လှချည့်လား.... (လွန်ပါတယ်ဘုရား)။

တကာတကာမတို့ ကန့်ကွက်တာ နည်းနည်းလား များများလား....(များများပါဘုရား)။

ဘုရားတဆူတဆူဆိုတာက မြေကြီး တယူဇနာတက်ရတယ်.... (မှန်ပါ့)မြေကြီးတယူဇနာတက်မှ ဘုရားတဆူပွင့်တာ...၊ သူညကမ္ဘာချန်ထား...၊ ဘုရားဆက်ပွင့်တဲ့ကမ္ဘာတောင် မြေကြီးကဆဲ့သုံးမိုင်တက်ရပါတယ်.... (မှန်ပါ့) ပျမ်းမျကြေး- ပျမ်းမျကြေး....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

အဲဒါလောက်ကျအောင် ကျုပ်တို့ အသား, အရိုး တွေက မြေဖြစ်ပြီးတော့မှကျုပ်တို့ကျွတ်တမ်းဝင်ရမယ်ဆိုတော့ တချို့လဲ ချော်သွားတော့မှာဘဲ.... (မှန်ပါ့) ဝင်စရာနဲ့, ချော်သွားစရာဘယ်ကများကလဲ .... (ချော်သွားစရာက များပါ့တယ်ဘုရား)။

ကဲ....တကာသစ်ရေ ဒါဖြင့် ဒီဇဲ့လုံး ညှာလုံးကလေးဘာအပြောယဉ်သလောက် အရုပ်ဆိုးမှာ ကြီးကျယ်လွန်းတယ်.... (မှန်ပါဘုရား)။

အပြောကတော့ဖြင့်....(ယဉ်ပါတယ်ဘုရား) အို.. မကောင်းတတ်လို့ ကျုပ်ထ,လိုက်တာ.... (မှန်ပါ့) မလွဲသာလို့ဗျ....တဲ့.... (မှန်ပါ့)ဟုတ်ပေလိမ့်မယ်လို့ သူများလိုက်တာများ ခင်ဗျားတို့က ပြုံးမနေပါနဲ့....(မှန်ပါ့)။

ကိုယ်သေရမည့် အသား, အရိုးနဲ့စာလိုက်တော့ ပြုံးစရာလား၊ မဲ့စရာလား....(မဲ့စရာပါဘုရား)။

တကာကြွယ်....သိပ် နစ်နာလွန်းပါတယ်(နစ်နာလွန်းပါတယ်ဘုရား)။

တကာတကာမတို့ ဒီစကားဟာ အရေးကြီးလို့ ပြောနေတယ်နော်....(မှန်ပါ့)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ အမြဲမပြတ်ကွာတဲ့ ဆယ်မိနစ် ဆဲ့ငါးမိနစ် အမြဲမပြတ် ဥာဏ်ကလေးက အနိစ္စထဲချည့် သက်ဝင် သက်ဝင်နေလို့ရှိယင်ဖြင့် တပါးသောတရားကလေးမရောဘို့ရာ မင်း-ကြပ်ကြပ်ဝိရိယစိုက်စမ်းပါတဲ့ .... (မှန်ပါ့)။

တပါးသော တရားမရောရအောင်.... (ကြပ်ကြပ်ဝိရိယစိုက်ရပါမယ်ဘုရား)။

ဒါ ဘုရားက ဟောတာပါ တကာကြွယ်....ဘုန်းကြီးကပြောတာမဟုတ်ပါဘူး-(မှန်ပါ့)'အဗ္ဗောကိဏ္ဏ'ကို 'အညေဟိအသမ္မိဿ'တဲ့ (မှန်ပါ့) အဗ္ဗောကိဏ္ဏ=တပါးသောတရား၊ တပါးသောကိစ္စကလေးတွေနဲ့ မရောမှုရှိ....၊ တကာတကာမတို့ ဥာဏ်ကလေးကစိုက်စိုက်-စိုက်စိုက်ပြီး ဖြစ်ပျက်ထဲရောက်နေတဲ့အခါမှာ တပါးသောကိုလေ့သာရန်သူတွေ ဘာတဲ့....(မရောရပါဘုရား)။

မရောစေနဲ့တဲ့၊ အားလုံးတကာတကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း-ဘုရား....တပည့်တော်တို့ကလဲ လူတွေဘုရာ့....၊လူဆိုတာ ငါ့ရတာနဲ့ ညှာရတာနဲ့ ရှေ့ရေးကြည့်ပြီးသကာလ ပြောရတာနဲ့၊ မုန်းသွားမှာစိုးရိမ်ရတာနဲ့၊ တပည့်တော်တို့အတွက်ကလဲ အရှင်ဘုရားတို့ပြောသလို လွယ်လှတယ် မဟုတ်ဘူးလို့ တကာကြွယ်တို့, တကာသစ်တို့ကလဲ ဆင်ခြေက လဲချင်လဲလိုက်မယ်.... (မှန်ပါ့) မလဲပေဘူးလား....(လဲပါတယ်ဘုရား)။

လဲလိမ့်မယ်တဲ့၊ ကောင်းပြီ ဒီဆင်ခြေသည်ကားလို့ ဆိုလို့ရှိ ယင်ဖြင့် ဘယ်သူက လဲတာတုံးလို့မေးလို့ရှိယင်ဖြင့် ကိုလေသာက လဲတာ....(မှန်ပါ့)။

ဘယ်သူက လဲတာပါလိမ့်.... (ကိုလေသာက လဲတာပါ ဘုရား)။

ဩော်....ဒါဖြင့် ကိုလေသာက လဲတာကို တကာတကာမ တွေက သိလို့ရှိယင်ဖြင့် သူကန့်ကွက်တာဘဲ.... (မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒီကိစ္စကလေးတွေဟာ တကာတကာမတွေက မှတ်လိုက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက ပလိဗောဓော - မင်းတို့ရဲ့ လုံးကိစ္စ ဟာ၊ မဂ္ဂါဓိဂမဿ=မဂ်ကိုရခြင်းကို၊ နိဝရဏံ= တနည်းနည်းနဲ့ ကန့်ကွက်တာဘဲ....(မှန်ပါ့) တကာတကာမတွေ ကိစ္စကလေးဟာ မဂ်ကိုကန့်ကွက်တာ....(မှန်ပါ့)။

တကာတကာမတွေမှာရှိတဲ့ ကိုစ္စကလေး ဥာဏ်ကလေးက ဖြစ်ပျက်နဲ့ တိုက်ဆိုင်-တိုက်ဆိုင်ပြီး နေတုန်းမှ ကိစ္စကူးကလေး လာလို့ လက်တို့ခေါ်ခေါ် တံခါးခေါက်ခေါက် ဒီဟာလာလို့ရှိ ယင်ဖြင့် ဩော်....မဂ်တား ဖိုလ်တားလာပြီလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့)။

ဘယ်လို မှတ်ကြမယ် .... (မဂ်တား ဖိုလ်တား လာပါပြီ ဘုရား)။

"ပလိဗောဓော မဂ္ဂါဓိဂမဿ နိဝရဏံ" ပလိဗောဓော = ခင်ဗျားတို့သန္တာန်၌ကိစ္စကလေးတွေ ကိုယ့်ဝမ်းထဲက ပေါ်လာတဲ့

ကိစ္စဖြစ်စေ၊သူတပါးက ကိစ္စတခုနဲ့ လာ၍ ကိုယ့်အနှောင့်အယှက်ပေးသည်ဖြစ်စေ၊အဲဒါ မင်္ဂဝေး ဖိုလ်တရားလာတယ်လို့ ဆုံးဖြတ်ချက်ချကြ....(မှန်ပါ့ဘုရား)။

ကိုယ့်ဝမ်းထဲက ကိစ္စပေါ်လာယင်လဲ....(မင်္ဂဝေးဖိုလ်တရားပါဘုရား)။

သူတပါးကလာပြီး မလွှဲသာသည့်ကိစ္စမို့ ခင်ဗျားတရားအားထုတ်နေတယ်ဆိုတာသိပါတယ်၊ သို့သော်လဲ မလွှဲသာတဲ့ကိစ္စကျုပ်မပြောယင်လဲ ကျုပ်အပေါ် အဆိုးကျမှာစိုးလို့ ကျုပ်လာပြောရပါတယ်ဆိုတဲ့ ကိစ္စမျိုးဟာလဲ ဘာတုံး....(မင်္ဂဝေးဖိုလ်တရားပါဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

တော်တော်အရေးကြီးတယ်....(ကြီးပါတယ်ဘုရား) ခင်ဗျားတို့က ဒီနေရာမှာ ဟိုပုဂ္ဂိုလ်က ကိုယ့်လက်အောက်ကလဲဖြစ်မယ် ကိုယ်နဲ့ရင်းနှီးတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ချင်ဖြစ်မယ်ဆိုတော့ မပြောယင်မပြီးတဲ့ကိစ္စမို့ အရင်ပြောရမည့်ကိစ္စမို့ ဒါနောက် ကျုပ်အပေါ်အပြစ်ကြီးယူမှာစိုးလို့ ဆိုတဲ့ .... ဘာဘဲ ဆင်ခြေလဲ,လဲ ယောဂီပုဂ္ဂိုလ်မှာဖြင့် မင်္ဂဝေး ဖိုလ်တရားသာမှတ်.... (မှန်ပါ့ဘုရား)။

ယောဂီပုဂ္ဂိုလ်မှာတော့....(မင်္ဂဝေး ဖိုလ်တရားပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဒီဟာ သြော်....လာလဲ လာတတ်တယ်ဘုရား၊ ဒီကိစ္စမျိုးဟာ...(မှန်ပါ့)ဘယ်နှယ်တုံး....(လာတတ်ပါတယ်ဘုရား)။

အင်း....လာတတ်တော့ တခါ ဘုန်းကြီးက နည်းပေးလိုက်တယ်၊ တကာတကာမတို့ လာယင်မကြောက်ပါနဲ့.... (မှန်ပါ့ဘုရား)။

လာယင် မကြောက်ပါနဲ့....တဲ့....၊ လာယင်မကြောက်ပါနဲ့ ဆိုတော့သူကတော့ဖြင့် မဂ်တားဖိုလ်တားဘို့လာတာဘဲ(မှန်ပါ့) ဘုန်းကြီးက မကြောက်ပါနဲ့လို့ ဆိုပြီး တခါ တကာတကာမတွေ သင်ပြတာက ဟေပဿိကော မှတ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဥပမာမယ် ကိုယ်စိတ်ထဲမှာဘဲ မြင်တော့ မြင်နေတာဘဲ၊ ထ,ချင်တဲ့စိတ်ကလေး ပေါ်လာတယ်....(မှန်ပါ့) ကိုယ်ကတော့ ဖြစ်ပျက်ထဲမှာ ဥာဏ်ကတော့စိုက်နေတယ်.... (မှန်ပါ့)။

အဲဒီစိုက်နေတော့ အချိန်ကလေးက ကြာသွားတော့ တကာသစ်ရေ- ထ,ချင်တဲ့စိတ်ကလေး ပေါ်လာတယ်.... (မှန်ပါ့ဘုရား) အင်း....သူလဲ တားမလို့လာတာ....(မှန်ပါ့ဘုရား)။

ထ,ချင်တယ်ဆိုတာ ပျင်းတဲ့စိတ်ကလေး.... (မှန်ပါ့) ပျင်းတဲ့စိတ်ဆိုတော့ ဒေါသအနုစား....(မှန်ပါ့ဘုရား)။

ပျင်းတဲ့စိတ်ဆိုတာ ဘာပါလိမ့်....(ဒေါသအနုစားပါဘုရား) သူမျှားက ဒုတ်နဲ့,ဓါးနဲ့ ခုတ်တာမဟုတ်ဘူး·(မှန်ပါ့)သူ့ဟာသူ စိတ်ထဲမှာ မမေ့လျော့တာ....(မှန်ပါ့) မမေ့လျော့တာဆိုတော့ ဒေါသအနုစား(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ) အဲဒီ့စိတ်ကလေး လာတာတောင် သူ့ကိုဖြစ်ပျက်ရှုပါ.. (မှန်ပါ့ဘုရား)။

သူ့ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) သူက မသိဘဲ ·ပုဂ္ဂိုလ်မှာတော့ တားမလို့လာတာဘဲ....(မှန်ပါ့) အခု ဆရာ

ဘုန်းကြီး နည်းပေးလိုက်တော့ ဟေ= လာခဲ့ပါ၊ ပဿ= ရှုပါ.... (မှန်ပါ့ဘုရား)။

သူက ရှုစရာအဖြစ်နဲ့ ကျုပ်ကိုလဲ အနိစ္စရှုပါဦး .... (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(ကျုပ်ကိုလဲ အနိစ္စရှုပါဦးတဲ့) အဲ....ကျုပ်ကိုလဲ အနိစ္စရှုပါဦးလို့ သူကခေါ်လာတာ ခင်ဗျားတို့က တခါတည်း နည်းနည်းကလေး အချိန်ကြာသွားပြီ၊ စိတ်ကလေးကလဲ သိပ်မဝင်စားတော့ဘူး ဆိုယင်တော့ ဒေါသလာတယ် ဆိုလို့ရှိယင် တကာတကာမတွေ့ စဉ်းစားတာပေါ့၊ ဒေါသနောက်က ဒေါသသောက, ပရိဒေဝ, မလာပေဘူးလား(လာပါတယ်)ဒါတွေ့ဟာ မသိလို့ လာတာဖြစ်သောကြောင့် အဝိဇ္ဇာ သခ်ါရ ဆိုပြီး သကာလ အနာဂတ်ဘဝ တန်းထွက်တယ် .... (တန်းထွက်ပါတယ်) ဘယ်လောက် ကြောက်စရာကောင်းသတုံး .... (ကောင်းပါတယ်) တကာတကာမတွေ့ ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် စ,မယ်လို့ လာတာကို အစ,ကို ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်... (မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် စ,မယ်လို့ လာတာ.... (အစကို ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒီအစ ဘာလုပ်ကြရမယ် .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ အရှင်ဘုရား- ရှုကောင်းရဲ့လားလို့ မေးမနေနဲ့တဲ့၊ ဥပဝါဏကို ဘုရားကဟောတာ....(မှန်ပါ့ဘုရား) အဂုံတို့ရှိမှာဘဲ ဟောပါတယ်....(မှန်ပါ့ဘုရား)။

ဥပဝါဏက "သန္ဓိဋ္ဌိကော အကာလိကော ဟေါပဿိကော သြပနေယျိကော"ပြောစမ်းပါဘုရား တပည့်တော် အဲဒါမသိလို့ပါတဲ့၊ ဟ....မင့်သန္ဓာန် လောဘပေါ်လာယင် မင်းမသိဘူးလား၊ အဲဒါ မင်းသိလို့ရှိယင် သန္ဓိဋ္ဌိကောပေါ့ကွာတဲ့- (မှန်ပါ့) သဘောကျပလား....(ကျေးဇူးပြုဘုရား)။

အဲ .... သူ့ပေါ်လာလို့ရှိယင်ဖြင့် လောဘပေါ်လာယင် အကာလိကော=အခါမလင့် အကျိုးပေးတော့မယ်၊ ဒုက္ခဘက်ဆွဲတော့မှာဘဲကွဲ့....(မှန်ပါ့) သဘောကျပလား .... (ကျေးဇူးဘုရား)။

အဲဒီတော့ တကာတကာမတွေ ဒါတွေက ဟောပြီးသားဖြစ်ပြီးသကာလ သိပြီးသားဖြစ်နေကြတဲ့အတွက် ကြားထိုးတဲ့ကိုလေသာ လာတိုင်း-လာတိုင်း ဖြစ်ပျက်ရှုပေး-(မှန်ပါ့ဘုရား)။

ကြားထိုးတဲ့ ကိုလေသာ လာတိုင်း-လာတိုင်း .... (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အရင်တုန်းကလဲဖြစ်ပျက်ထဲမှာဘဲ ဥာဏ်ကသက်နေတယ်.... (မှန်ပါ့ဘုရား) အဖျက်လာတဲ့ဓမ္မကလဲ ဘုန်းကြီးကသင်ထား၊ ဘုရားက ဟောထားပြန်တော့ ဟေ=လာခဲ့၊ ပဿ=ကျုပ်ကိုရှုပါဦး....(မှန်ပါ့) သူလာတာက သူ့ရှုပါဦးလို့ အပြောလာတာ.... (မှန်ပါ့) သဘောကျပလား.... (ကျေးဇူးဘုရား)။

သူလာတာက ဘယ်အကျိုးငှာလာတာတုံး .... (သူ့ရှုပါဦးလို့ အပြောလာတာပါဘုရား)။

အဲဒီတွင် ကျုပ်တို့က အရှုခံလာတဲ့တရားကို တကာတကာမ တွေက မသိလိုက်တော့ သူကနေပြီးသကာလ ငါ့မှာမရှာဘဲဆိုပြီး ပဋ္ဌိစ္စသမုပ္ပါဒ် တန်းသွားတယ်....(မှန်ပါ့) မတန်းပေဘူးလား.... (တန်းပါတယ်ဘုရား)။

ဒေါသ အနုကလေးလာတော့ ဒေါသနောက်က သောက လိုက်မယ်.... (မှန်ပါ့) သောကနောက်က ပရိဒေဝလိုက်မယ်.... (မှန်ပါ့) ဥပါယာသလိုက်မယ်. (မှန်ပါ့) အဲ .... လိုက်လာလို့ ရှိယင် ဒါ မသိတဲ့ ပုဂ္ဂိုလ်ဖြစ်သောကြောင့် အဝိဇ္ဇာပစ္စယာ .... (သင်္ခါရာပါဘုရား)။

သင်္ခါရာဆိုတော့ ဟိုဘက်ဘဝမှာ တခါတည်း ဒုက္ခသစ္စာ သွားပေါ်တယ်.... (မှန်ပါ့) ဒုက္ခသစ္စာမပေါ်သေးဘူးလား .... (ပေါ်ပါတယ်ဘုရား)။

အဲဒါ ဟေပယသိကောကို တကာတကာမတွေ သဘောမကျ မှုကြောင့် သံသရာဆက်ရတယ်....(မှန်ပါ့) ဒါဖြင့် မဂ်တားတယ် ဆိုတာ ပေါ်သွားပြီ... (ပေါ်ပါပြီ) မပေါ်သေးဘူးလား .... (ပေါ်ပါပြီဘုရား)။

တခါတည်း ခင်ဗျားတို့ကသာ မရှယင် တားတာဘဲ .... (မှန်ပါ့) နှစ်ဘဝဆက်သွားတယ်....(မှန်ပါ့) သဘောကျပလား- (ကျပါပြီဘုရား)။

နှစ်ဘဝဆိုတာ အနည်းပြုတာပါ တကာတကာမတို့၊ ရှေ့ကို ဘယ်လောက် ဆက်မယ်ဆိုတာ မပြောတတ်သေးပါဘူးတကာ သစ်ရာ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့သည် ကြားထိုးလာခဲ့သော် ဘာလုပ်ရမလဲ(ဖြစ်ပျက်ရှုရပါမယ်)အင်း....ဘယ်ပါဦးတော်က ဟောပါလိမ့်... (ဟိပဿိကောပါ)ဟေ=လာခဲ့ပါ၊ ပဿ=ရှုပါလို့....ပြောနေတယ်....(မှန်ပါ့ဘုရား)။

ဟေ့ကဲ....(လာခဲ့ပါ) ပဿက....(ရှုပါဘုရား)အဲ... သူကရှုပါလို့ပြောတာ ခင်ဗျားတို့က သူ့ကိုမရှုလို့ရှိယင်ဖြင့် ကျုပ်ဝတ္ထုရားအတိုင်း ခင်ဗျားတို့သံသရာဆက်မယ်....(မှန်ပါ့)အပါယ်ပို့မယ်....(မှန်ပါ)မဂ်ဉာဏ်, ဖိုလ်ဉာဏ်တားမယ် .... (မှန်ပါ့ဘုရား)။

ကဲ .... ဒါ ခင်ဗျားတို့က အသုံးမချတတ်တာနဲ့ သူထင်ရာစိမ်သွားတယ်ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က အသုံးချလိုက်တော့ ဟေ=လာခဲ့ပါ၊ ပဿ=ရှုပါလို့ ခုနင်ကပျင်းတဲ့ဒေါသအနုကလေးကလဲခေါ်နေတယ်.... (မှန်ပါ့) ခေါ်နေတော့ တကာတကာမတွေ့ ဘာတွေ့မတုံးရှုလိုက်စမ်း....(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်ဘဲ၊နဂိုရိုကရှုနေတုန်းကလဲ ဓမ္မတွေ့တုန်းကလဲ ဘာထဲဉာဏ်ရောက်နေသတုံး.... (ဖြစ်ပျက်ထဲ ဉာဏ်ရောက်နေပါတယ်ဘုရား)။

ဒါဖြင့် အခု ဖျက်တဲ့တရားကို ကျုပ်တို့က အသုံးချလိုက်ပြန်တော့ ဉာဏ်က ဘယ်အထဲဘဲရောက်ပြန်သတုံး.... (ဖြစ်ပျက်ထဲဘဲရောက်ပါတယ်ဘုရား)။

အဲဒီလို ဆက်ရောက်ရမယ်(မှန်ပါ့) အဲဒီလိုဆက်ရောက်သွားလို့ ရှိယင်ဖြင့်တဲ့ တကာတကာမတို့ ပူစရာရှိသေးရဲ့လား(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အသုံးချတတ်လို့ ရှိယင်လဲ ဆေးပါဘဲ...(မှန်ပါ့) အသုံးမချတတ်လို့ ရှိယင်လဲ ပျင်းတဲ့စိတ်ကလေးဟာ ဘေးသင့်သွားတာဘဲ....(မှန်ပါ့) သံသရာဘေးသင့်ပါတယ်....(မှန်ပါ့ဘုရား)။

ဘာဘေးသင့်ပါလိမ့် .... (သံသရာဘေး သင့်ပါတယ်) တကာသစ်ရေ ဆရာကောင်း သမားကောင်း သိပ်လိုပါလား.... (လိုပါတယ်)တကာကြွယ် ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် သြော်....ကုသိုလ်ကံများက မကောင်းတော့ အဖျက်က တယ်များတယ်....(မှန်ပါ့)အင်း.... မဟုတ်တာ ညည်းလုံးထုတ်ပြီ.... (မှန်ပါ့) တရားကလေးက အဟုတ်ကိုမြင်နေပြီ၊ အနိစ္စထဲ ဥာဏ်ကလေးက သက်သက်ပြီးရောက်နေတုန်း အနိစ္စနဲ့ ဥာဏ်နဲ့ကိုတခါတည်း တိုက်ခနဲ့, ဆိုက်ခနဲ့ ဖြစ်တုန်းတခါတည်း ကိစ္စကလေးကဘုရား ပေါ်လာလိုက်တာ....(မှန်ပါ့ဘုရား) ကျင်ကြီးစုန်ချင်တဲ့ကိစ္စ, ကျင်ငယ်စုန်ချင်တဲ့ကိစ္စ၊ မလဲသာတဲ့ကိစ္စကြောင့်၊ အဲဒီ ကျင်ကြီး, ကျင်ငယ်စုန်တယ် ဆိုတာ နာတာ အောင့်တာကဲ့၊အဲဒီ နာတဲ့,အောင့်တဲ့ဆီ ဖြစ်ပျက်ရှုချ။ (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

နာတာ အောင့်တာကိုဘဲ .... (ဖြစ်ပျက်ရှုရာမယ်ဘုရား) ဆိုတော့ အရင်တုန်းကလဲ ဖြစ်ပျက်ထဲ ဥာဏ်ရောက်တာဘဲ.... (မှန်ပါ့) အခု အဖျက်တရားတွေကိုလဲ အဖျက်တရားလို့ ကျုပ်တို့ကမထားတော့ဘူး ...(မထားပါဘုရား)။

ဟေပသေ်ကောနဲ့ လာတားရှုမယ်ဆိုတဲ့ လာပါရှုပါလို့ ခေါ်တဲ့ဆီကို ကျုပ်တို့က လာလိုက်, ရှုလိုက် အလုပ်ကို လုပ်လိုက်တဲ့ အတွက်တဲ့ တကားသစ်ရေ ခုနင်က ကြားထဲမှာ ကိလေသာခိုသော့ ရဲ့ လား... (မခိုပါဘုရား)။

အဗ္ဗေားကိုဏ္ဍ - အညေဟိ အသမ္ပေါ်သံ ဆိုတဲ့အတိုင်း တပါး သောတရားနဲ့ မရောယှက် မင်းရမယ်၊ဒီဘဝရမယ်၊ဒီခဏရမယ်လို့ ဘုရားကတာဝန်ခံတာကိုးဗျ....(မှန်ပါ)။

ဒဲ့ဒီတော့ ဘုရားက တာဝန်ခံတဲ့အတိုင်း ဘုန်းကြီးတို့ တကာ တကာမှတော့ ပြောရတာက နားမလည်တော့ မလုပ်တတ်တော့ သြော်... ကိလေသာ မာရ်နတ်ကလဲ တယ်ဆိုးသကိုး....၊ ဘုရား ဖြစ်, မာရ်နတ်ဖျက်ဆိုတာ ယုံပြီ.. (မှန်ပါ) ယုံသာယုံတယ် နစ်နာလိုက်တာ လွန်နေပြီ .. (မှန်လှပါဘုရား)။

ခင်ဗျားတို့က ယုံတာကလေးတခုဘဲ အမှတ်အသား တခုရလိုက်တယ်.... (မှန်ပါ) သေးသေချာချာတော့ဖြင့် တကာကြွယ် နစ်နာလိုက်တာက မြေကြီးဆဲ့ သုံးမိုင်တက်ရမယ် ... (မှန်ပါ) ကိုယ့်အသား, အရိုးတွေကလေ (မှန်ပါ)။

ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ တကာ တကာမတွေ မြင်ကြပလား....(မြင်ပါပြီဘုရား) ဒါဖြင့် ဘာကို အသုံးချမယ် ဟေ်ပသေ်ကော ... (မှန်ပါ) သဘောကျပလား - (ကျပါပြီဘုရား)။

ဘာကိုအသုံးချမယ်... (ဟေ်ပသေ်ကောပါဘုရား) ဟေ်က ဘာတုံး....(လာခဲ့ပါ) ပဿက... (ရှုပါ)သြော်.... ပဿကရှုပါဆို

တော့ ခင်ဗျားတို့ ကြားထိုးတဲ့တရားကိုက ခင်ဗျား ဟိုနေရာမှာ မရှိနဲ့ တော့ ဟိုနေရာမှာ ဘယ်သူမှမရှိဘူး....(မှန်ပါ့) ကျုပ်သာ ရှိတယ်၊ ကျုပ်ကိုသာရှု... (မှန်ပါ့)။

အဲဒီတော့ခင်ဗျားတို့က ဒီလိုဆရာကောင်း, သမားကောင်းက နည်းပေးပြီးသကာလ ဗထားတော့ မရှိတဲ့ဆီ ရှုနည်းမှာဘဲ.... (မှန်၂ါ့) မရှိတဲ့ဆီ ရှုနေလို့ရှိယင်လဲ အနိစ္စနဲ့ ဥာဏ်နဲ့ သက်ရောက်သေးရဲ့သား - (မသက်ရောက်ပါဘုရား)။

ကဲ....ဒါဖြင့် ရှိတဲ့ဆီရှုယင်တော့ တကာသစ် သက်ရောက်မယ်.... (သက်ရောက်ပါမယ်ဘုရား) အနိစ္စနဲ့ဥာဏ်နဲ့ သက်ဆင်းသွားတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာကြွယ်,ရေ-ဟိပဿ ိုကာဟာ ကျုပ်တို့ ချက်ကောင်း သုံးရမှာဘဲ.... (မှန်ပါ့)။

ဟိပဿ ိုကော ဘယ်အချိန်သုံးရမှာပါလိမ့်....(ချက်ကောင်းသုံးရမှာပါဘုရား)။

ချက်ကောင်းလို့ ဆိုတဲ့ဥစ္စာက ကိုယ်က ရှေးဦးစွာ ဖြစ်ပျက်နဲ့ မင်နဲ့ တကာသစ်,ရေ....ကိုက်ကိုက်နေတယ်....(မှန်ပါ့) ကိုက်ခဲ တုန်းမှ ကိစ္စကလေးက ပေါ်လာတယ် ... (မှန်ပါ့) ဒီနေရာက ယား,ဒီနေရာကနာ,ဟိုနေရာက ကျင်ကြီးစွန့်ချင်, ဒီနေရာက ကျင်ယေ်စွန့်ချင် ဟုတ်လား....(မှန်ပါ့) ဟိုနေရာက ယားတယ်၊ အဲဒါ တော့သွားပြီး ဖျောက်ဖျက်ပြီး မနေဘဲနဲ့ တကာသစ် ဘာလုပ်ခဲ့ (ဖြစ်ပျက်ရှုရပါမယ်) သူ့ကို ဖြစ်ပျက်ရှု... (မှန်ပါ့)။

ကျုပ်တို့က ဖြစ်ပျက်ရှုရမှာလား၊ သူကခေါ်လို့ ရှုရမှာလား (သူကခေါ်လို့ ရှုရမှာပါ) သူကခေါ်လို့ ရှုရမည့်ဥစ္စာ ကျုပ်

တို့က မရှာ်ထားယင် သူက ပဋ္ဌိစ္စသမုပ္ပါဒ်တန်းမယ်....(မှန်လှပါဘုရား)။

သူက ဘာလုပ်မယ်ဆင်ကြသတုံး...(ပဋ္ဌိစ္စသမုပ္ပါဒ်တန်းမှာပါဘုရား) အခုတန်းပြပြီ၊ ပျင်းတဲ့စိတ်ကလေးလာလို့ ပျင်းတဲ့စိတ်ကို မရှုမိဘူးဆိုလို့ရှိယင်ဖြင့် တဲ့ ဒေါသ, သောက, ပရိဒေဝ, အဝိဇ္ဇာ,သင်္ခါရ မသွားဘူးလား....(သွားပါတယ်ဘုရား) သင်္ခါရ ပစ္စယာ ဝိညာဏံ ကော.... (တန်းပါတယ်ဘုရား) ဟင်....တကာ သစ် နှစ်ဘဝဆက်တယ်...(မှန်ပါ့) မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရသလား၊ ဘဝဆက်ပေးလိုက်သလား (ဘဝဆက်ပေးလိုက်ပါတယ်ဘုရား)။

ဟာ.... ဘဝဆက်ပေးလိုက်လို့ရှိယင်ဖြင့် နောက် ဒီလို ဆရာကောင်း,သမားကောင်းနဲ့ တွေ့ဘို့လဲ ဝေးသွားပြီ...(ဝေးသွားပါပြီဘုရား) ဒီက ဒါဖြင့် တကာတကာမတွေ့ ဘဝပါင်းများစွာသာ ခင်ဗျားတို့ အို,နာ,သေနဲ့အဖေါ်လုပ်ကြပေတော့....(လုပ်ရမှာပါဘုရား) မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)။

အဲဒါကြောင့် တကာကြွယ် ဒီအရေးဟာ အင်မတန်မှာရပါတယ်....(မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ " နိစ္စ နိရန္တရ အ ဗ္ဗာကိဏ္ဏ " .... (မှန်ပါ့) နိစ္စ=အမြဲ၊ နိရန္တရ= မပြတ်စေနဲ့ကွ... တဲ့.... (မှန်ပါ့) အဗ္ဗောကိဏ္ဏ=ဒီအချိန်ကလေး တပါးသောတရား မရောစေနဲ့ကွ... တဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အနိစ္စထဲမှာ ဉာဏ်ကလေးက ထိုးထိုးပြီးသကာလ သက်ဝင်နေတဲ့အချိန်မှာ တပါးသောတရား ဘာတဲ့.... (မရောဧရပါဘုရား)။

ကဲ... ရောပြီ ဦးမာဒင်တို့- တကာကြွယ်တို့ရောပြီ... (မှန်ပါ့) ရောတာကို ဘာလုပ်ပစ်မလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

သြော်....ဒီလိုဆိုတော့ သူသည်ကား....လို့ ဆိုယင် အဖျက်သဘောလား၊ အကူအညီသဘောလား....(အကူအညီသဘောပါဘုရား)။

သြော်.... ဒါကတော့ ဆရာသမား နည်းပေးလို့ ရတာ.... (မှန်ပါ့) ဘုရားကလဲ ဟောခဲ့လို့... (မှန်ပါ့) ဆရာသမားက ထုင်ပေးတဲ့နည်းလား၊ ဘုရားကိုက ထားခဲ့တာလား... (ဘုရားကိုက ထားခဲ့တာပါဘုရား)။

ဘုရားကိုက ထားခဲ့တာဖြစ်နေတော့ တကာသစ်,ရေ- ကျုပ်တို့မှာဖြင့် အကူအညီအများကြီးရတယ်.. (ရပါတယ်ဘုရား)။

ရှေ့က ကျုပ်တို့စိတ်တွေက ဘယ်လိုဖြစ်နေသတုံး၊ တရားကအရေးကောင်း ဒိန်းဒေါင်းကဖျက်တယ်.... (မှန်ပါ့) အင်း... အဖျက်ချည်ယူပစ်တယ်....(မှန်ပါ့)။

အဓရေးကောင်း ဒိန်းဒေါင်းက ဖျက်တယ် အစရှိသည့်နဲ့ တကာ တကာမတွေက တကာကြွယ်တို့က ဒီဥစ္စာ နှုတ်ကိုဘက်လို့.... (မှန်ပါ့) အခုဟာကတော့ အဓရေးကောင်း ဒိန်းဒေါင်းကိုဘဲ သူ ဖျက်လာတာကို ကျုပ်တို့က သူ့ကိုဘဲ မိတ်ဆွေ ဖွဲ့လိုက်ပါ.... (မှန်လှပါ) သဘောကျပလား.. (ကျပါပြီဘုရား)။

သူ့ကို ဘာလုပ်ရမယ်...(မိတ်ဆွေဖွဲ့ရပါမယ်ဘုရား) မိတ်ဆွေဖွဲ့လိုက်ပြီဆိုမှဖြင့် တကာ တကာမတို့ သူက ဘယ်လိုရောသွားသတုံး.. မေးတော့ အရင်ရှုတဲ့ အနိစ္စနဲ့ သူကလဲ အနိစ္စနဲ့ အနိစ္စချင်း တန်းတူတယ်....(မှန်ပါ့)။

အနိစ္စချင်း တန်းတူသွားတော့ ကျုပ်တို့ကလဲ ရှုတဲ့ဉာဏ်ကလဲ ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

အရင်တုန်းကလဲ အနိစ္စထဲဘဲ သက်ရောက်တယ်.... (သက်ရောက်ပါတယ်ဘုရား) အနိစ္စထဲဘဲ ဉာဏ်သက်ဆင်းပါတယ်.... (မှန်ပါ့) ယခုလာပြီးသကာလ အစားထိုးတဲ့တရားကိုလဲ ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တော့ အနိစ္စထဲမှာဘဲ ဉာဏ်သက်ဆင်းပါတယ်... (မှန်လှပါ) ရှင်းပလား... (ရှင်းပါပြီ)။

အနိစ္စထဲကို ဉာဏ်သက်ဆင်းတော့ကိုဘုန်းကြီးတို့တကာဘကာ ဖတ်တော့မှာ ကိလေသာ ကြားခိုတဲ့အဓိပ္ပါယ်ရသေးရဲ့လား....(မရှိပါဘုရား) သြော်... တယ်အဘိုးဘန်ပါလား.... (တန်ပါတယ်ဘုရား)။

ကိလေသာ ကြားခိုတဲ့အဓိပ္ပါယ် မရှိ.ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကားသစ်ဟောတယ် (မှန်ပါ့)မင်းတို့ကဘာ တဲ့ ကိလေသာ ကြားမခိုလို့ရှိယင်ဖြင့် သေ=ထို ခုနင်က အနိစ္စလို့ရှု-အနိစ္စလို့မှတ်၊ အနိစ္စလို့သိတဲ့ပုဂ္ဂိုလ်သည်၊ အာသဝါနံ=အာသဝေါတရားတို့၏၊ ခယာ=ကုန်ခြင်းကြောင့်၊ အနုသဝံ=အာသဝေါမရှိသော နိဗ္ဗာန်....(မှန်ပါ့) အာသဝေါ မရှိတော့ နိဗ္ဗာန်ဘဲ မဟုတ်လား.... (မှန်ပါ့) အာသဝေါ၏ အာရုံမပြုနိုင်တာ ဘယ်သူပါလိမ့်.... (နိဗ္ဗာန်ပါဘုရား) အဲ... စေတောဝိမုတ္တိ=သမာဓိပြဋ္ဌာန်းသော အဟာရတွေ့ဖိုလ်သို့၊ ပညာဝိမုတ္တိ=ပညာပြဋ္ဌာန်းသော အရတွေ့ဖိုလ်သို့၊ ဒိဋ္ဌေဝဓမ္မေ= ပစ္စက္ခဓမ္မေ ယခု ပစ္စက္ခဇဏ၌၊ သယံ=ကိုယ်တိုင်=အဘိညာယ=သိ၍၊ သစ္ဆိကတွာ=မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ= ကပ်ရောက်၍၊ ဝိဟရတိ=မင်းတို့မှုခဲ့ကြနေရစ်ကုန်ကုန်ကုန

ကဲ....တကာတကာမတို့ ကြားမခိုယင်ရတယ်... (ရပါတယ် ဘုရား) ဒါက တကာကြွယ် ဘုရားဟောနော်.... (မှန်ပါ့ဘုရား) ဘုန်းကြီးက စကားနားလည်မှုကိုသာ ဖြည့်စွက်တယ်၊ အဓိပ္ပါယ် ကတော့ ဘုရားဟော....(မှန်လှပါဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒါဖြင့် ကိုလေသာ ကြားမခိုလို့ ရှိယင်ဖြင့် ခုနစ်ရက်တောင် မပြောဘူး ဘုရားက - (မှန်ပါ့) ဒီခဏမှာ ရမယ်ကွ၊ ဒီဘဝမှာ ရမယ်ကွ၊ ဒါဘဲ. (မှန်ပါ့) ထက်တဲ့ပုဂ္ဂိုလ် ဒီခဏ၊ မထက်တဲ့ ပုဂ္ဂိုလ် ဒီဘဝ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ထက်တဲ့ပုဂ္ဂိုလ်.... (ဒီခဏမှာပါဘုရား) မထက်တဲ့ပုဂ္ဂိုလ်.... (ဒီဘဝမှာပါဘုရား)။

ဒီဘဝဆိုတော့ တကာ ဦးလှဘူးတို့ အားငယ်စရာ ပါသေး လား....(မပါ-ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အာသဝေါတရားကုန်ပုံကလေး၊ ခုနင်က အာသဝေါ တရားဆက်သွားတယ်နော်.... (မှန်ပါ့) အခုတော့ အာသဝေါ တရားကုန်ပုံ ကလေးဆိုတော့ တကာတကာမတွေ့ဖြစ်ပျက်ထဲမှာ ဒီက မဂ္ဂင်ငါးပါးက ဉာဏ်ကချည့်သက်နေတယ်.... (မှန်ပါ့) ဉာဏ်ကချည့်သက်နေတော့ ဒါက ခန္ဓာ...(မှန်ပါ့) ခန္ဓာထဲမှာ ခန္ဓာက ဖြစ်ပျက်၊ ဉာဏ်က ဒီဘက်ချည့် သက်ဝင်နေတယ်.... (မှန်ပါ့)သဘောကျပလား....(ကျေပါပြီ)ဉာဏ်ကဝေဒနာထဲချည့် သက်ဝင်နေတယ်ထားပါ.... (မှန်ပါ့)။

ဒီထဲမှာ တကာတကာမတွေက ကိစ္စကလေး ကျင်ကြီးစွန့်ချင် တယ်၊ ကျင်ငယ်စွန့်ချင်တယ်ဆိုဘဲ့ကိစ္စတွေ့ နာတဲ့ကျင်တဲ့ကိစ္စတွေ့ မလာဘူးလား.... (လာပါတယ်ဘုရား)။

လာတော့ ဒီဟာကို အနိစ္စဆိုပြီး နာတာ,ကျင်တာကလေးကို ဖြစ်ပျက်ရှုပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ခုနင် တုန်းကတော့ မနာ,မကျင်တဲ့အနိစ္စရှု....(မှန်ပါ့) အခုတော့ ဘာ ပါလိမ့်...(နာတာ,ကျင်တာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

နာတာ,ကျင်တာကလေး ဖြစ်ပျက်ရှုတယ်.... (မှန်ပါ့ဘုရား) ပျင်းလာယင် ပျင်းတဲ့ဓမ္မကလေး ဘာလုပ်ကြမယ် (ဖြစ်ပျက်.... ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ အရင်တုန်းကလဲ ဖြစ်ပျက်ဘဲ... (မှန်ပါ့! အခုရှုတော့လဲ... (ဖြစ်ပျက်ပါဘဲ)ဆြော်....တပါးသော တရားရောသေးသလား.... (မရောပါဘုရား)။

ဒီကြားထဲ ဘာမှုမရောဘူး....(မရောပါဘုရား) ဒါလဲ ဖြစ် ပျက်-မင်၊ နောက်ဆက်လာတာတွေကော ... (ဖြစ်ပျက်မင်ပါ ဘုရား)။

ဖြစ်ပျက်မင်ဆိုတော့ တကာကြွယ်တို့, ဦးမာဒင်တို့ ရောသေး သလား....(မရောပါဘုရား)။

ဟာ....မရောလို့ ရှိယင်ကွာတဲ့၊"သော အာသဝါနံ ခယာ"တဲ့- တကာတားကာမတို့ ဒီဥစ္စာ မရောကတည်းကိုက ကွာ....တဲ့ ဝေဒနာ ပစ္စယာ တဏှာဆိုတဲ့ ကာမာသဝ, ဘဝါသဝ လာသေးရဲ့ လား....(မလာပါဘုရား) ဖြစ်ပျက်မြင်တော့ ဒိဋ္ဌာသဝကော.... (မလာပါဘုရား)။

ဖြစ်ပျက်မြင်ကတည်းက ငါ-ငါ့ဥစ္စာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) အင်း...ဖြစ်ပျက်မြင်တာသည် သိလို့လား....

မသိလို့လား... (သိလို့ပါဘုရား) အင်း....သိလို့ဖြစ်တဲ့ အတွက် မသိတဲ့ အဝိဇ္ဇာသဝကလဲ ချုပ်တယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကနေ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝတွေ ချုပ်သွားတယ်.... (ချုပ်သွားပါတယ် ဘုရား) သဘောကျပလား... (ကျေပါပြီဘုရား)။

ဒါ-ဘယ်နှယ်ကြောင့် ချုပ်ပါလိမ့်မယ်တုံးလို့ ဖမ်းတဲ့ဓာတ်ကျ တော့ အနိစ္စချင်း ဉာဏ်က ဆက်သွားလို့....(မှန်ပါဘုရား)ပဌမ ရှုနေတဲ့ အနိစ္စထဲမှာလဲ ဒီဉာဏ်ကသက်တယ် (သက်ပါတယ် ဘုရား)။

နောက် ကြားထိုးအနိစ္စထဲမှာလဲ....(ဒီဉာဏ်ကသက်ပါတယ်) ဒီဉာဏ်က ပြန်သက်ဟာဘဲ... (မှန်ပါ့) ဒီအထဲဘဲ ပြန်ဝင်ဟယ်.... (ဝင်ပါတယ်ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

အဲဒါကြောင့်တဲ့ မင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ပြင့် ဒီ-အနိစ္စထဲမှာ သက်သွားတော့ အနိစ္စမှန်းသွားပြီ....(မှန်ပါ့)နောက် တော့ ဒီအနိစ္စကြီးဟာ မဆုံးပေဘူးလား.... (ဆုံးပါတယ်ဘုရား) ဆုံးသည်နဲ့တပြိုင်နက်တည်း ဒီဘက်က နိဗ္ဗာန်တွေ့တယ်... (မှန်ပါ့) အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန်... (မှန်ပါ့)။

အနိစ္စဆုံးတော့. (နိစ္စနိဗ္ဗာန်ပါဘုရား) နိစ္စနိဗ္ဗာန်သွားတွေ့ တယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

နိစ္စနိဗ္ဗာန်လဲ တွေ့ပါရော လေးခါလောက်တွေ့ယင် ဒီ-အာသ ဝေါတရား အကုန် ကုန်တယ်....(မှန်ပါ့)ပဌမတခါတွေ့ယင် ဒိဋ္ဌာ သဝကုန်ပါတယ်....(မှန်ပါ့) ကာမာသဝ လေးပိုင်းတပိုင်း ကုန် ပါတယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

အင်း... ဒီလိုနဲ့ဘဲ တကာတကာမတို့ ဘုရားသခင်ကိုယ်စားတော် မြတ်ကြီးကဖြင့် နေ့မရွေး, ည့ရွေး မင်းတို့သည်ကားလို့ဆိုယင်ဖြင့် အနိစ္စလို့ရှု.. (မှန်ပါ!) ရှင်းပလား ...(ရှင်းပါပြီဘုရား)အနိစ္စလို့မှတ်၊ အနိစ္စလို့... (သိပါမယ်ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီမှာ ကိလေသာကြားမခိုဘဲနဲ့ ဒီသုံးခုညီကြပါမှုကား! ဒီဘဝ ဒီခဏမှာ အာသဝေါကုန်တယ်.... (မှန်ပါ!ဘုရား)။

နောက်ပိုင်းက ဘာဘဲ့တုံး ...(အာသဝေါကုန်ပါတယ်ဘုရား) လာနေကြအာသဝေတွ လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား)။

ဒါဖြင့် အာသဝေါကုန်ရပါလို့၏ ဆိုလို့ကုန်တာလား၊တကာတကာမတို့ ဖြစ်ပျက်နဲ့ မင်္ဂနဲ့ကြားထဲ ကိုယ်လေသာမခိုလို့ကုန်တာလား....(ဖြစ်ပျက်နဲ့ မင်္ဂနဲ့ကြားထဲ ကိုယ်လေသာမခိုလို့ကုန်တာပါဘုရား)။

ဖြစ်ပျက်နဲ့ မင်္ဂနဲ့ကြားထဲ ကိုယ်လေသာကြားခိုသေးရဲ့လား- (မခိုပါဘုရား)။

ဒါဖြင့် ခိုလားပြန်လို့ရှိယင်လဲ ဘာလုပ်ကြမတုံ(ဖြစ်ပျက်ရှုရပါမယ်ဘုရား)အခိုလာတာလား-၊ အရှုခံလာတာလား....(အရှုခံလာတာပါဘုရား)။

အဲဒီလိုလုပ်ကြမယ်ဆိုယင်ဖြင့် တကာတကာမတို့ ည့,အားထုတ်ယင် မနက်ရမယ်... (မှန်ပါ!)အခု ဥပမာမယ် ၃-နာရီနဲ့ ၅-မိနစ်မှာ အားထုတ်ဘယ်....၊ ၃-နာရီနဲ့ဝ၀-မိနစ်လဲ သူ့ရနိုင်တယ်.... (မှန်ပါ!) အားငယ်စရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒီတော့ တိဟိတ်တွေ ဒ္ဒေါဟိတ်တွေရှေးမနေနဲ့ ခင်ဗျားတို့ ဒီသာသနာနဲ့ကြုံ ဟုတ်လား....(မှန်ပါ့)။

ဒီတရားမျိုး သစ္စာတရားမျိုး နာနိုင်ကြမယ်၊ ဒီ-ဖြစ်ပျက်မြင်တယ်ဆိုယင် တိဟိတ်သာမှတ်.... (မှန်ပါ့) ရမှာဘဲ.... (မှန်ပါ့) ဘာမှအားငယ်စရာလိုသေးရဲ့လား ... (မလိုပါဘုရား)။

ဒါမှ အားမထုတ်ကြတော့ဘူးလို့ တကာတကာမတွေ ဆိုမယ်ဆိုလို့ရှိယင်ဖြင့် ပျင်းကြမယ်ဆိုယင်ဖြင့် ခန္ဓာကိုယ်နဲ့ ဒယ်အိုးထဲ ဆပ်ရလိမ့် ...(မှန်ပါ့)။

ဘာနဲ့ဆပ်ကြမှာလဲ...(ခန္ဓာကိုယ်နဲ့ ဒယ်အိုးထဲ ဆပ်ကြရမှာပါဘုရား) ဘယ်လောက်ကြာကြာ ဆပ်ရမှာတုံး ... (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်တဲ့ဥစ္စာ ဆပ်ရမယ်....(မှန်ပါ့)ဒါ့ကြောင့် တကာတကာမတွေ ဥာဏ်နဲ့အဲဒါတွေကို ချေမှုန်းပစ်ပါ... (မှန်ပါ့ ဘုရား)။

ဥာဏ်နဲ့ကိလေသာတွေကို ဘာသုပ်ပစ်ရမလဲ.... (ချေမှုန်းပစ်ရပါမယ်ဘုရား)။

ဟာ.. ဒါဖြင့် ကိလေသာချေမှုန်းတော့ ကံတွေက ကိလေသာဝင်ရှိမှ ကမ္မဝင်ရှိတယ် ...(မှန်ပါ့)။

ကိလေသာချေမှုန်းတော့ ကံတွေဘာဖြစ်သွားသတုံး.... (ပြုတ်ပါတယ်)ကံပြုတ်ပေါ့ ဟို... ခန္ဓာနဲ့အချေးဆပ်ရမည့် အပါယ်ထဲမှာ တကာတကာမတို့ဝိပါကဝင်ကြီးက လာဦးမှာလား... (မလာပါဘုရား)။

ဒါကြောင့် ဒီ-အာသဝ ဆိုတဲ့ ကိလေသာတွေကို ခင်ဗျားတို့ ဥာဏ်နဲ့ဆပ်ပစ်လိုက်တဲ့အတွက် ဖျက်ပစ်လိုက်တဲ့အတွက် ခင်ဗျားတို့ ကိလေသဝဋ္ဋကျွတ်ပါတယ် .. (မှန်ပါ့ ကျွတ်ပါတယ်ဘုရား) ကိလေသဝဋ္ဋကျွတ်တဲ့ပုဂ္ဂိုလ်ဟာ ကမ္မဝဋ္ဋလာမြဲဝမ္မတာ ရှိသေးရဲ့လား.... (မရှိပါဘုရား) ဝိပါကဝဋ္ဋဖြစ်မြဲဝမ္မတာ.... (မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ရှိဘဲ့ဝဋ္ဋကို ကိုယ်ကျွတ်ရတဲ့ အလုပ်ကိုဖြင့် မည်သူတဦးတယောကမ္ပ ငါ့မနေဘဲနဲ့ ကိုယ့်အရေး ကိုယ်ကြည့်ပြီး ဒီအတိုင်းကြိုးစားရမယ် .. (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဝမ္မာရုံ၌ - ဟောကြားတော်မူသော
(အားထုတ်နည်းသုံးမျိုးအကြောင်း)

နေ့အလုပ်ပေး-တရားတော်

(၃၁ - ၈ - ၆၁)

တကာတကာမတွေ့ မိမိတို့ခန္ဓာကိုယ်ထဲမှာ အိုဘေးရှိတယ်ဆိုတာလဲ သိကြပါပြီနော် .. (မှန်ပါ့) နာဘေးရှိတယ်ဆိုတာလဲ (သိကြပါပြီဘုရား) သေဘေးရှိတယ်ဆိုတာလဲ.... (သိကြပါပြီဘုရား)။

သြော်.... ဒီဥစ္စာ ခန္ဓာကိုယ်ထဲမှာ ရှိပြီးသကာလနေတာ တခြားက လာပြီးသကာလ ထည့်လာတာလား....၊ ခန္ဓာကိုယ်ဖြစ်ကတည်းက ပါလာတာလားဆိုတာကိုလဲ တကာသစ်တို့, တကာကြွယ်တို့ အကဲခတ်ဘို့လိုပါတယ်... (ခန္ဓာကိုယ်ဖြစ်ကတည်းက ပါလာတာပါဘုရား) ခန္ဓာကိုယ်ရကတည်းက ပါလာကြတယ်....(မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် ခန္ဓာကိုယ်ရကတည်းက ပါလာကြလို့ ရှိယင်ဖြင့် နဂိုရင်က အမှားကျ တာဘဲဆိုတာကို တွေးလိုက်ယင် ပေါ်တယ်....(ပေါ်ပါတယ်ဘုရား)။

အမှားဘယ်ကျ ပါလိမ့်မလဲလို့ မေးဘို့လိုပါတယ်....(မှန်ပါ့) သူများကြည့်ပြီးသကာလ ခုနင်က တိုက်နဲ့,တာနဲ့,နေတဲ့ပုဂ္ဂိုလ်တွေ

ကြည့်၊နတ်ပြည်ကိုကြည့်မှန်းပြီးတော့ပေါ့ဗျာ(မှန်ပါ)ဗြဟ္မာ့ပြည်ကြည့်ပြီး၊ ခန္ဓာတွေကြည့်ပြီး ခင်ဗျားတို့တဏှာမျက်လုံးနဲ့ကြည့်ပြီးသကာလ အကြည့်လဲနဲ့ ကြည့်လိုက်ပြီးသကာလ တဏှာမျက်လုံးနဲ့ ဒီခန္ဓာတွေကြည့်၊ အဲဒီ့တဏှာက စိမ်သလို ကုသိုလ်တွေပြုကြတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဂရုစိုက်ပြီးနားထောင်....(မှန်ပါ့) ကြည့်တာက တဏှာမျက်လုံးနဲ့ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ကြည့်လိုက်တယ်... (မှန်ပါ့) အဲဒီ တဏှာစိမ်တဲ့ ကုသိုလ်တွေ ခင်ဗျားတို့က လုပ်လိုက်တယ်... (မှန်ပါ့)လုပ်လိုက်တော့ အခု အိုဘေး,နာဘေး သေဘေးအတွင်းမှာ ပါပြီးသားဖြစ်တဲ့ ခန္ဓာကြီးရတယ် .... (မှန်ပါ့) သင်ဘာပါကြပလား ... (ပါ-ပ ပြီဘုရား)။

ဩော် ဒို့သည်ကားလို့ဆိုယင် လဲပုံ-ချော်ပုံသည်ကားလို့ဆိုယင် လွန်နေပါပေါ့လားဆိုတာ တကာကြွယ် ပေါ်လားတယ် (မှန်ပါ့ဘုရား)။

နဂိုရိုက လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ကောင်းတယ်လို့ဆိုတာဘာမျက်လုံးနဲ့ ကြည့်လိုက်တာပါလိမ့်....(တဏှာမျက်လုံးနဲ့ ကြည့်လိုက်တားပါဘုရား)။

ဩော်... တဏှာမျက်လုံးနဲ့ ကြည့်လိုက်တယ်....(မှန်ပါ့ဘုရား) တဏှာမျက်လုံးနဲ့ ကြည့်လိုက်ပြီးသကာလ တဏှာစိမ်တဲ့ ကံတွေကို တခါ ပြုလုပ်လိုက်ပြန်တယ် .... (မှန်ပါ့) ဒီပြည်တွေ ရောက်ကြောင်းကံတွေပေါ့ဗျာ.. (မှန်ပါ့ဘုရား)။

တဏှာမျက်လုံးနဲ့ လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာတွေ ကြည့်လိုက်ပြီးသကာလ ချမ်းသာတွေထင်ပြီးသကာလ တဏှာမျက်လုံး

နဲ့ ကြည့်ပြီး တဏှာစိမ်တဲ့ ဒါနကံ, သီလကံတွေ လုပ်လိုက်ပြန်တယ်....(မှန်ပါ့ဘုရား)။

လုပ်လိုက်ပြန်တော့ တဏှာရယ်၊ တဏှာမျက်လုံးနဲ့ ကြည့်ထားတာရယ် ဒါနကံ, သီလကံတွေက စိမ်လိုက်တော့ ယခု တကာကြွယ်တို့၊ တကာသစ်တို့၊ ဦးမာဒင်တို့ ခန္ဓာကြီးရထားတယ်... (ရပါတယ်) အကောင်းရထားတာလား၊ အဆိုးရထားတာလားဆိုတော့ အိုဘား, နာဘား, သေဘားပါတဲ့ ခန္ဓာကြီး ရ,ထားဘယ်....(မှန်ပါ့ဘုရား)။

ဘာ ရ,ထားပါလိမ့် ... (အိုဘား, နာဘား, သေဘားပါတဲ့ ခန္ဓာကြီး ရ,ထားပါတယ်ဘုရား)။

ဒါဖြင့် တကာသစ် လက်သည်အကြောင်းရင်းရှာလိုက်တော့ တဏှာမျက်လုံးနဲ့ကြည့်ပြီး တဏှာအုပ်ချုပ်တဲ့ ကံဆိုတဲ့ ဝဋ္ဋကံတွေနဲ့ လုပ်လိုက်တဲ့အတွက် အခုဖြင့် ဒုက္ခသစ္စာ ခန္ဓာကြီးနဲ့ တကာကြွယ် ခဲ့လို့ ရသေးရဲ့**လား**....(မရပါ)အမှားဖြင့် လွန်ကုန်ပေါ့၊ ကျ,ကုန်ပေါ့ဆိုတာ ပေါ်သွားပြီး .... (ပေါ်သွားပါပြီဘုရား)။

အမှား ကျ,လွန်ကုန်ပြီဆိုတာ တကာတကာမတွေ ဉာဏ်နဲ့ ကြည့်မှ ပေါ်လာတယ်....(မှန်ပါ့) အခုတော့ တကာကြွယ်တို့၊ တကာသစ်တို့ မော်ဇောတ်ကား စီးသွား၊ လေယာဉ်ပျံ စီးသွား၊ အိုဘား, နာဘား, သေဘား ခန္ဓာကိုယ်ကြီးထဲ ပါလျက်ဘဲ .... (မှန်ပါ့) လွတ်အောင်ပြေးနိုင်ပါ့မလား....(မပြေးနိုင်ပါဘုရား)။

သဟဇာတ ဖြစ်နေတာ၊ သဟဇာတဆိုတာ ကျန်ခန္ဓာနဲ့ သင်္ခါရမည့် တေးဇာနဲ့ အိုအောင်လုပ်မည့် တေဇောခတ်

ပေါ့ဗျာ... (မှန်ပါ့) တေဇောဓာတ်ဆိုတာ ခန္ဓာကိုယ်ထဲအပူဓာတ်ကို ဆိုပါတယ်....(မှန်ပါ့)အဲဒါနဲ့ တဲ့ပြီးသကာလနေတော့ အိုရေး, သေရေးက တကာသစ်တို့၊ တကာကြွယ်တို့ ဦးမာဒင်တို့ လွတ်ပါ့မလား... (မလွတ်ပါဘုရား)။

သြော်...ဘာ့ကြောင့် မလွတ်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ သုံးဆဲ့တဘုံကို တဏှာမျက်လုံးနဲ့ကြည့်ပြီး တဏှာစိမ်တဲ့ ကံတွေကိုလုပ်လိုက်တဲ့အတွက် "ဂ:မ္ဘာဝပဋ္ဌယာ ဇာတိ" ဆိုတဲ့ လူခန္ဓာကြီး ရ,ထားတော့ တကာတကာမတွေ သိတဲ့အတိုင်း အိုဘေး,နာဘေး, သေဘေးနဲ့ တဲ့လျက်ကြီး ဖြစ်နေတယ် (မှန်ပါ့) လွတ်သေးရဲ့,လား....(မလွတ်ပါဘုရား)။

ကြပ်ကြပ် ဥာဏ်နဲ့စဉ်းစားပါ၊ ကိုယ့်အလွဲဖေါ်ပြောနေပါတယ်(မှန်ပါ့)တကာကြွယ် ဘယ်သူ့လဲပါလိမ့် (ကိုယ့်အလွဲဖေါ်ပြောနေပါတယ်ဘုရား)။

သြော်... ဒါဖြင့် နဂိုရ်က သုံးဆဲ့တဘုံ ဘာမျက်လုံးနဲ့ကြည့်လိုက်ပါလိမ့်....(တဏှာမျက်လုံးနဲ့ ကြည့်ပါတယ်ဘုရား)။

တဏှာမျက်လုံးနဲ့ ကြည့်လိုက်တော့ ဒါတွေ ဝိပ္ပလ္လာသမျက်လုံးနဲ့ကြည့်လိုက်တော့ ကောင်းတယ်ဟေ့....လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟာ ချမ်းသာတယ်ဟ- ဆိုပြီး၊တဏှာမျက်လုံးနဲ့ ကြည့်လိုက်တယ်နော်....(မှန်ပါ့ဘုရား)။

တဏှာမျက်လုံးနဲ့ ကြည့်လိုက်ပြီးသကာလ တဏှာအုပ်ချုပ်တဲ့ ကံတွေဘဲ ဒီဟာတွေရချင်တော့ ဒီကံတွေ ပြုလုပ်ကြပါတယ် .... (ပြုလုပ်ပါတယ်) ဒါနကံ, သီလကံတွေ ပြုလုပ်ကြပါတယ် ....

(မှန်ပါ့) ပြုလုပ်ကြတဲ့ အခါကျတော့ တကာတကာမတွေမှာ ယခုအကျိုးပေးထားတော့ ခန္ဓာကြီးရ,ထားတယ်.... (မှန်ပါ့) ခန္ဓာကြီးရထားတော့ အိုဘေး,နာမဘေး,သေဘေးက တွဲလျက်ကြီး (တွဲလျက်ပါ) လွတ်ကြရဲ့,လား....(မလွတ်ပါဘုရား)။

ဒါဖြင့် တကာသစ် လက်သည်ပေါ်ပြီ... (ပေါ်ပါပြီ)ငါတို့ အိုဒုက္ခအောင်, နာဒုက္ခအောင်, သေအောင် လုပ်လေသမျှ တဏှာအုပ်ချုပ်ဘဲ့ ကံကဘဲ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ် .... (တဏှာ အုပ်ချုပ်တဲ့ ကံကပါဘုရား) ဒီကံကလဲ ဘယ်သူ့ လက်အောက်မှာ ဖြစ်နေတယ်ဆိုတာ တကာ တကာမတွေ သိကြရောပေါ့....(မှန်ပါ့) တဏှာ့လက်အောက်မှာ သွားဖြစ်နေတယ်... (မှန်ပါ့ဘုရား)။

တဏှာက ဘယ်သူ့ လက်အောက်မှာ သွားဖြစ် သတိုးလို့ မေးတဲ့အခါကျတော့မှ ဒုက္ခသစ္စာမသိတဲ့ အဝိဇ္ဇာလက်အောက်မှာ သွားဖြစ်တယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် အဝိဇ္ဇာလက်အောက်က တဏှာ၊ တဏှာ့လက်အောက်မှာကော၊ ကိုယ်အောက်မှာ အိုဘေး, နာဘေး, သေဘေး ခန္ဓာကြီး.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ) တကာကြွယ် သခင်ပါပြီနော်... (ပါ၊ပါပြီဘုရား)။

အားလုံး တကာ တကာမတွေ စဉ်းစားပြီး ဉာဏ်နဲ့ ထောင်မှသာလျှင် သြော်.. ဒို့မှာ တနေ့သေသော်လဲ အိုရချည်းသား၊ သေရချည်းသားတဲ့... (မှန်ပါ့)တကာသစ် နည်းနည်းကြီးလာ ပင်ညည်းလာပြီ....(ညည်းပါတယ်ဘုရား)။

အိုရချည်သေး, နာရချည်သေး, သေရချည်သေး၊ အဲဒီကဲ့သို့ ညည်းပြီးသကာလ နေတော့ တကာဦးလှဘူးရေ- ညည်းသာ ညည်းတယ်၊ သူ့ဟာ ငါဘာလုပ်ခဲ့လို့ ၊ ငါဘယ်လိုမှားခဲ့လို့ ဒုက္ခကြီး အခုညည်းလုံးထုတ်နေရပါလိမ့်မလဲဆိုတာလဲ တွေးလုံးတော့ မထုတ်ပါဘူး...(မထုတ်ပါဘုရား)။

ကကားကြွယ် ထုတ်ကိုမထုတ်ဘူး.... (မှန်ပါ့ မထုတ်ပါ) အသကားသာ ညည်းနေတာဘဲ .... (မှန်ပါ့) အင်း... သူများဖြင့် ဒီအဘိုးကြီးတွေ, ဒီတကာကြီးတွေ တယ်သူတော်ကောင်းစိတ်ရှိတယ်၊ အိုရချည်သေး, နာရချည်သေး, ညည်းရှာကြတယ်.... (မှန်ပါ့ဘုရား)ညည်းရှာကြတယ်ဆိုတော့ သူများကဖြင့် ခင်ဗျားတို့ကို ဘယ်လိုထင်မတုံးဆိုတော့ သြော်... သူတော်ကောင်းသံဘဲလို့ ထင်လိမ့်မယ်(မှန်ပါ့) ဘယ်ဟုတ်လိမ့်မတုံးဘဲ့ လက်သည်ကို မိုးအောင်မဖမ်းနိုင်တဲ့ အသံ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် .... (လက်သည်ကို မိုးအောင် မဖမ်းနိုင်တဲ့ အသံပါဘုရား)။

အံမာလေး-တကားကြွယ် ခင်ဗျား သူများသာခုခေါ်တ မျှားသွားပြီးမပြုံးပါနဲ့ နော်....(မှန်ပါ့ဘုရား)။

အိုရချည်သေး, နာရချည်သေး, သေရချည်သေ ဆိုပြီး မိုးလင်းထပြီး ညည်းလိုက်တဲ့ အခါကျတော့ သူများကတော့ဖြင့် အင်း.. သတိရရှာတယ်၊ သတိရရှာတယ်နဲ့ သာခုများခေါ်ချင်ခေါ်လိုက်မှာပေါ့ဗျာ...(မှန်ပါ့ဘုရား)။

သူတို့သတိရတယ်ကျုပ်တို့မခေါ့ ဒါတွေကို သဘိမထားနိုင်သေးဘူးဆိုပြီး သတိရတဲ့ပုဂ္ဂိုလ်တွေ ဆိုပြီးသကာလ သာခုများ

ခေါ်လိုက်မယ်ဆို ကိုယ်ကလဲ အကြောင်းရင်းမသိသေးတဲ့ပုဂ္ဂိုလ်နဲ့ တွေ့နေတော့ သူတို့သားမိုးခေါ်တာ ကိုယ့်အပေါ်မှာတောင်မှ အသိဉာဏ်ရှိတယ်ထင်ပြီး ခေါ်လိုက်တာ၊ကိုယ်က အသိဉာဏ်လဲ ရှိတာမဟုတ်ဘဲနဲ့ အလကား ရှတ်နေတာဘဲဆိုတဲ့ အဓိပ္ပါယ် ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီနေ့တော့ဖြင့် တကာတကာမတွေ့ အကြောင်းရှာကြစို့.... (မှန်ပါ) ခန္ဓာကိုယ်ထဲမှာ တေဇောဓာတ်ဟာ အို အောင်လုပ်တာလဲ တေဇော၊ သေအောင်လုပ်တာလဲ... (တေဇောပါဘုရား)။

အင်း....ဒါကြီးနဲ့ အခု ကိုယ့်ရင်ပတ်ကိုယ်စမ်း၊ ကိုယ့်နဖူးကိုယ်စမ်း၊ကြည့်တော့ အပူဇွေ့မျှား ရှိသေးသလားဆိုတာ စမ်းကြည့်ကြစမ်း... (ရှိပါတယ်ဘုရား) အပူဇွေ့ရှိတယ်.... (မှန်ပါ)။

တကာတကာမတွေ့ ဘာဇွေ့ရှိသကုံး.... (အပူဇွေ့ရှိပါတယ်ဘုရား) အဲဒါ အိုအောင်လုပ်နေတာ.... (မှန်ပါ) အတွင်းမီးလောင်ပြီးကျမ်းအောင်လုပ်နေတာ....(မှန်ပါ)။

တကာကြွယ် ဘာလုပ်နေတာတုံး.... (အတွင်းမီးလောင်ပြီးကျမ်းအောင် လုပ်နေတာပါဘုရား)။

အသားအရေတွန့်လိပ်အောင် အားအင်ဗလ ချိန့်ရအောင် ဇီရဏတေဇောပေါ့ဗျာ....(မှန်ပါ)ဇီရဏဆိုတာ ရင့်ကျက်အောင်လုပ်ဘဲ့တေဇောပေါ့.... (မှန်လှပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

စမ်းလဲကြည့်ကြပါဦး၊ စိတ်ချရပါ့မလားဒီခန္ဓာ. (စိတ်မချရပါဘုရား) အင်း... အခုမှ စိတ်မချရဘူးဆိုတော့ ကျ ကုန်ပြီ.... (မှန်ပါ့ဘုရား)။

အခုမှ စိတ်မချရဘူးလို့ သတိရနေတော့ တကာကြွယ်.... နောက်ကျသွားပြီ.... (နောက်ကျသွားပါပြီဘုရား)။

နဂိုရိုက ဒီခံတဲ့ဇောမရှိတဲ့ အလုပ်ကိုလုပ်ပါတော့မယ် တေဇောဟာ သူသတ်ယောကျ်ားပါ၊ သူမရှိအောင်လုပ်ပါတော့မယ် ဆိုတဲ့ ဉာဏ်ကမပါလာခဲ့တော့ အခုတော့ဖြင့် အင်း.. ခက်ရချည်သေး....(မှန်ပါ့) အိုရချည်သေး, နာရချည်သေးဆိုတဲ့ အတောင်ကျိုးတဲ့ ကြိုးကြားအိုကြီးလို ရေကန်ကလဲခန်း၊ ငါးတွေလဲ မရှိ၊ ကိုယ်ကလဲ အခုတောင်ကျိုးလို့ဘယ်မှ မပျံနိုင်တော့ အိုရချည်သေး, သေရချည်ခဲသားသာ ညည်းနေဘို့ရှိတော့တယ်၊ စားဘို့ကတော့ မမြင်တော့ဘူး....(မှန်ပါ့) လွတ်ရေး, ကျွတ်ရေးကော.... (မမြင်ပါဘုရား)။

အဲ ခင်ဗျာ တို့ ကြိုးကြားအို ညည်းနည်း ညည်းနေတာ.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာညည်းနည်း ညည်းနေတာတုံး...(ကြိုးကြာအို ညည်းနည်း ညည်းနေတာပါဘုရား)။

အဲဒါ ဓမ္မပဒမှာ ဒီအတိုင်းလာပါတယ်၊ တကာတကာမတို့ ခင်ဗျားတို့ ညည်းတဲ့ ပုဂ္ဂိုလ်မျိုး ကြိုးကြားအိုညည်း- ညည်းတာ ပါဘူး- လုံ့ရင်.မပါ-ပါဘူးတဲ့....(မှန်ပါ့)ပါကြရဲ့လား....(မပါပါဘုရား)။

ကိုင်း.. ဒါဖြင့် ဒီနေ့တော့ဖြင့် တကာတကာမတွေ သြော်.... ဒီ-အိုဘေး, နာဘေး, သေဘေးသည်ကားလို့ ဆိုယင်ဖြင့် တေဇောဘဲ. (မှန်ပါ့) ခန္ဓာကိုယ်စမ်းကြည့်၊ ပူကြတယ်, နွေးကြ

တယ် ဆိုလို့ရှိယင်ဖြင့် ဒါ....အိုအောင် လုပ်နေတာဘဲ(မှန်ပါ့ဘုရား)။

ဘာလုပ်နေတာ တုံး.... (အိုအောင်လုပ်နေပါတယ်ဘုရား) အင်း... တကာတကာမတော့ ဒီအထဲ စိတ်ချရမည့်လူ ပါပလား.... (မပါ-ပါဘုရား) မအိုမည့်လူမျိုး ပါသေးသလား .. (မပါပါဘုရား)။

စိတ်မချရဘူးနော် သတိထားပါ... (မှန်ပါ့) ဒီဇာတခေါသည် ဥဏှဒေါဒေါဆိုတဲ့ အပူဒေါကတော်ကြယ်, တာဝါသစ်တို့ အေးသွားပြီ၊ အားအားဒေါဖြစ်သွားပြီ သေမည့်သာ ပြင်ပေတော့.... (မှန်ပါ့ဘုရား) အေးယင်သေဘာ့တာဘဲ.... (မှန်ပါ့ဘုရား)။

အေးယင် ဘယ့်နှယ်ဆိုမလဲ.... (သေတော့တာပါဘဲဘုရား) သူကလဲ တနေ့နေ့တော့ အခုကျမ်းအောင်လုပ်ပြီး နောက်တော့ သေအောင်လုပ်မည်ဆိုတဲ့.... ရည်ရွယ်ချက်က တေဇောမှာ ပါပြီးသား....(မှန်ပါ့ဘုရား)။

အခုဘာလုပ်မယ်....(ကျမ်းအောင်လုပ်ပါမယ်ဘုရား)အခု အို့အောင်လုပ်မယ်... (မှန်လုပါ)နောက်တနေ့ ဘာလုပ်မယ်....(သေအောင်လုပ်ပါမယ်ဘုရား)။

အင်း....တေဇောက ပူတုန်းတော့ အပူဓာတ်နဲ့ဘော့ တကာတကာမတော့ လောင်ကျမ်းပြီးသကာလ သွားကျိုး, ဆံဖြူ,အရေတွန့်လိပ် ငယ်မူတွေပျောက်၊ အားအင်ဗလချိန့်အောင်၊ သေခါနီးဖြစ်အောင်တော့ ဘယ်သူက လုပ်သတုံး....(တေဇောကလုပ်ပါတယ်ဘုရား)။

နောက်တော့ တေဇောက ကဲ....မင်းတို့ သွားကြပေတော့ ခေါင်းထဲသာ ဝင်ကြပေတော့ဆိုပြီး တေဇောက တကာတကာ မတို့ အိုရောကနေပြီး သေတဲ့သဘော ရောက်သွားတယ် .. (မှန်ပါ့) သေတဲ့သဘော အဆင့်ဆင့် ပြောင်းပေးလိုက်တဲ့ အခါကျတော့ တကာတကာမတွေ သွေးဆုတ်ကုန်ပြီလို့ ပြောတယ်.... (မှန်ပါ့ဘုရား)။

ဘယ်လို ပြောကြသတုံး.... (သွေးဆုတ်ကုန်ပြီလို့ ပြောပါတယ်ဘုရား)။

ဘယ်သွေးဆုတ်ရမတုံး တကာတကာမတို့ရဲ့ သွေးဆုတ်တာ မဟုတ်ပါဘူး၊ ဥဏှက သိတပြောင်းတာပါ... (မှန်ပါ့)ဒါကို မသိတော့ သွေးဆုတ်တယ်လို့ ပြောနေတာ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဥဏှတေဇောက ကျမ်းအောင်လုပ်ပြီး သိတဲ့တေဇောက ခေါင်းထဲဝင်အောင် လုပ်တယ်.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဥဏှတေဇော အပူတေဇောက ဘာဖြစ်အောင်လုပ်သတုံး.... (ကျမ်းအောင်လုပ်ပါတယ်ဘုရား) ကျမ်းအောင်လုပ်တယ်.... (မှန်ပါ့) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ) သိတတေဇော က ဘာလုပ်လိုက်သတုံး.... (ခေါင်းထဲဝင်အောင်လုပ်ပါဘယ် ဘုရား)။

ရှိရဲ့လား ခန္ဓာကိုယ်ထဲ စမ်းကြည့်ကြပါဦး.... (ရှိပါတယ် ဘုရား) ရှိဘယ်၊ ဒါဖြင့် အိုမှ အိုပါ့မလား....(အိုပါတယ် ဘုရား) သေမှ သေပါ့မလား (သေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သေမင်းကို ခင်ဗျားတို့ ယူလာတယ်.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ သေမင်းကို.... (တပည့်နောက်ကို ယူလာပါတယ် ဘုရား)။

အဲ.... ခင်ဗျားတို့သေမင်း ခင်ဗျားတို့ ယူလာတာ ဆိုတော့ တကာကြွယ်-ရေ....ကံမနောကင်း အခြောင်းမသင့်လို့ သေရတာ လား၊ ကိုယ်ယူတဲ့လက်နက်နဲ့ ကိုယ်အသက်ထွက်ရတာလား.... (ကိုယ်ယူတဲ့လက်နက်နဲ့ ကိုယ်အသက်ထွက်ရတာပါဘုရား)။

ကြောက်စရာကြီးပါလား (မှန်ပါ့) ဒီဟာ သေမင်းယူပြီး လာခဲ့ရတယ်ဆိုတော့ တကာသစ်,ရေ... အတော်ဆိုးဝါးတဲ့လူတွေ မသိတာဖြင့် တန်းကုန်နေပေါ့....(မှန်လှပါ) ဆိုထိုက်, မဆိုထိုက် စဉ်းစားကြည့်ပါ... (ဆိုထိုက်ပါတယ်ဘုရား)။

တကာ့ကြွယ်ကြီးတို့ ပါးသလိုလိုနဲ့ ထူလိုက်တဲ့ ဖြစ်ခြင်း.... (မှန်လှပါဘုရား) ဒီ့ထက်ထူမျှားရှိသေးသလား.... (ရှိပါတယ် ဘုရား) သေမင်း ယူလာခဲ့တယ်....(ယူလာပါတယ်ဘုရား)။

အဲဒီ သေမင်းကို ဘယ်သူက ပေးလိုက်တာတုံး မေးတဲ့အခါ ကျတော့ ကံက ပေးလိုက်တာ (မှန်ပါ့)။

ဒါ့ကြောင့် ကမ္မဇရုပ်တွေ ချုပ်ကုန်ပြီ.. (မှန်ပါ့) ကံကြောင့် ဖြစ်တဲ့ရုပ်တွေ ချုပ်ကုန်ပြီကွ.. ဆိုတော့ သြော်.... ဒါက ကံက ယူလာပြီး ကံကပေးတဲ့အတိုင်း တကာတကားမတွေ ဖြစ်ရတာ ပေါ့ဗျာ....(မှန်လှပါဘုရား)။

ဒီကံပေါ်မှာ ဘယ်သူက အုပ်ချုပ်ပြီး နတ်ပြည်, ဗြဟ္မာ့ပြည် လက်ညှိုးညွှန်ပါလိမ့်မတုံး-(တဏှာကညွှန်ပါတယ်ဘုရား) တဏှာ က လက်ညှိုးညွှန်လိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် တဏှာနောက်ခံ ကံကြောင့် ခင်ဗျားတို့ သေမင်းနဲ့ အတူတူဖြစ်လာကြတယ်....(မှန်ပါ့)။

ဒီပဋိဘာဝကလဲ သူ့ချည့်စွမ်းရည်သတ္တိရှိသလား လို့မေးတဲ့အခါ သူ့ကို မျက်လုံးမှိတ်ပြီး ညားနေတဲ့ အဝိဇ္ဇာကြောင့် တဏှာ ဖြစ်ရတယ်....(မှန်ပါ့)။

အဝိဇ္ဇာကြောင့်.... (တဏှာဖြစ်ရပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ မသိလို့ လိုချင်-လိုချင်လို့ ပြူ၊ပြူလို့ သေခြင်းဆိုး သေရတယ်... (မှန်လှပါဘုရား)။

ဒါ....သေသေချာချာမှတ်ပါ... (မှန်လှပါ) မသိလို့ လိုချင်တယ်... (မှန်ပါ့) လိုချင်လို့ ပြူလုပ်တယ်....(ပြူလုပ်ပါတယ်ဘုရား) ပြူလုပ်လို့ သေခြင်းဆိုးသေရတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မသိလို့....(လိုချင်ပါတယ်ဘုရား) လိုချင်လို့.... (ပြူလုပ်ပါတယ်ဘုရား) ပြူလုပ်လို့.... (သေခြင်းဆိုးသေရပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ခေါင်းထဲဝင် မြေထဲမြှုပ်ပြီး သေခဲ့ရတာ ဟူသ၍ဖြင့် မသိလို့ လိုချင်-လိုချင်လို့ အားထုတ်၊ အားထုတ်လို့ သေခြင်းဆိုးသေရတာချည့် မှတ်ပေတော့ ..(မှန်ပါ့) ဒါ-ပဋ္ဌိစ္စသမုပ္ပါဒ်တမျိုးလို့ မှတ်ပါ... (မှန်ပါ့)။

တကာကြွယ် ဒါ....ဘာတဲ့တုံးဗျ.... (ပဋ္ဌိစ္စသမုပ္ပါဒ်တမျိုးပါဘုရား)။

အဝိဇ္ဇာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ကံဖြစ်တယ်၊ ကံကြောင့် ဇာတိ,ဇရာ,မရဏလက်တွင်း ခေါင်းစင်း အပ်

လိုက်ရတယ်၊ ဒီခန္ဓာကိုယ်ကြီးကို.... (မှန်ပါ့) ကောင်းသေးရဲ့ လား ပကာတကာမတို့ (မကောင်းပါဘုရား)။

ဘကာကြွယ် တယ်ဆိုးပါလား....(ဆိုးပါတယ်ဘုရား) ကိုယ့် ဖြစ်စဉ်ဖြင့် ရှေ့ကို ကျုပ်-ဘာဖြစ်ဦးမည်ထင်သတုံးလို့ ဗေဒင် မမေးပါနဲ့၊ စန်းလက်မျှား ဘယ်ရောက်နေသတုံး .. မေးမနေနဲ့၊ လောင်စာ အတောင်ကျမ်းနေပြီ....(မှန်လှပါ)။

ရှေ့ကောင်းစားဦးမှာလား- ဆိုဝါးဦးမှာလားလို့ ဗေဒင် မျှား သွားမေးမနေကြနဲ့... (မှန်ပါ့)။

ဘကာကြွယ် ဘာဖြစ်ခယ်ထင်သလဲ- (ဆိုးဝါးမှာပါဘုရား) ဆိုးဝါးမှာလဲ။

ဟာ... ဆိုးဝါးရုံတွင်ရပ်မှာလား-ဘကာကြွယ်ရ၊ ခေါင်းထဲ ဝင် ရဦးမှာလား.... (ခေါင်းထဲဝင်ရဦးမှာပါဘုရား) အံမာလေး.... ကြောက်စရာကြီးပါလား....(မှန်ပါ့)။

ဒါ... တကာသစ်တို့-ဦးမာဒင်တို့က မသိတော့ အိုဇာတာမှား ကောင်းဦးမှာလားလို့ မေးချင်မေးဦးမှာလား မပြောတတ်ပါ ဘူး....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အိုဇာတာပါလို့ ဆိုတဲ့ဥစ္စာ ဘယ်ကလာ ကောင်းရမှာတုံး၊ အိုပါတယ် ပြောနေတဲ့ဥစ္စာ .... (မှန်ပါ့) ကောင်းဦးမှာလား ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ လျှာက အညွှန့်တပ်တာရှိတာဘဲ (မှန်ပါ့) ကောင်းစရာတော့ မပါဘူး... (မပါ-ပါဘုရား)။

နဂိုရက်မေးကဘည်းက အိုဇာတာ....တဲ့....(မှန်ပါ့)အိုဇာတာ ဆိုကတည်းက အဲဒီ ဗေဒင်ဆရာက တကာကြွယ်တို့ ပြောလိုက်

မှာပေါ့၊ အို.... ခင်ဗျားတို့ ယခုမေ့းထားတဲ့ မြေးကခလေးဟာ အထောက်အပံ့ရဦးမှာဗျ....(မှန်လှပါ) ကိုယ်က မေးကတည်.က အိုဇာတာကောင်းမှာလား မေးထားတာကိုး....(မှန်လှပါဘုရား) ဒါ.... ဟောရုံရှိမှာဘဲ၊ ဒီ့ပြင်ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာကြွယ်ရေ... ကျုပ်တို့အမှားဟာ ကြီးလွန်းတယ်နော်. (ကြီးပါတယ်ဘုရား)။

ကိုင်း. ဒါဖြင့် တကာတကာမတို့ အိုခအောင်လုပ်တာ တေဇော.. (မှန်ပါ) သေအောင်လုပ်တာ.... (တေဇောပါဘုရား)။

ဒီဘေဇောကို ဘယ်သူက စီမံပါလိမ့် .. (တဏှာစီမံ့ပါတယ်) ဟင့်အင်... ကံကစီမ ံတယ်....(မှန်ပါ) ကံက လူ့ဘဝရ,ရပါလို့၏ ဆိုတော့ လူ့ခတေဇောထည့်တယ်....(မှန်ပါ) နတ်ဘဝရ,ရပါလို့၏ ဆိုတော့ နတ်ဘေဇောထည့်ပေးတယ်....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီကံပေါ်မှာမှ ဘယ်သူ အုပ်ချုပ်နေသတုံး .... (တဏှာအုပ်ချုပ်နေပါတယ်ဘုရား)။

ဩော်... တဏှာက လူ့ပြည်ကောင်းတယ်၊ နတ်ပြည်ကောင်းတယ်၊ဗြဟ္မာ့ပြည် ကောင်းတယ်ဆိုတာနဲ့ ခင်ဗျားတို့ ကျုပ်တို့ကကံလုပ်ဘာကိုး... (မှန်ပါ) ကံလုပ်လိုက်ခတော့ အခုခသပ္ပဲဝင်ရတာပေါ့....(မှန်ပါဘုရား)။

ကံလုပ်လိုက်ဘော့ ဘာလုပ်ရသတုံး .... (သပ္ပဲဝင်ရပါတယ်ဘုရား)။

ဒီကျမှ တကာကြွယ်တို့က ရိပ်မိတယ်၊ ကံများခလိုက်တာဘုရား၊နေချင်သလောက်တောင် မခနရဘူးတဲ့...(မှန်ပါဘုရား)။

ကံက ဘာထည့်လုပ်လိုက်သတုံးဆိုတော့ ၊ငါ်သည်ကားလို့ ဆိုယင်ဖြင့် နောက်နှစ်ပေါင်း ဆယ်နှစ်ရှိ သေရမယ်၊ ကိုးနှစ်ရှိ သေရမယ်ဆိုတဲ့တေးဇော ထည့်ပေးလိုက်တယ်... (မှန်ပါ!) သူတော် ကောင်းလား၊ ခင်ဗျားတို့ကို ချေ့မော့ပြီးသတ်ဘာလား .... (ချေ့မော့ပြီးသတ်တားပါဘုရား)။

အဲဒါ တကာကြွယ်တို့က သြော်... ကံအမိ,ကံအဖဘဲ ဆိုပြီး တော့ အမ်အဖလို့ "မာတာပိတုဂုဏော အနန္တော"မျှား လုပ် လိုက်သေးတယ်.. (မှန်ပါ!) ဖြစ်မှုဖြစ်ရလေဗျာ၊ ရိပ်မိကြပလား။ (ရိပ်မိပါပြီဘုရား)။

"မာတာပိတုဂုဏော အနန္တော"ထဲမျှား ကွင်းလိုက်သေး တယ်၊ တကာကြွယ်တို့က... (မှန်ပါ!) ကံအမိ, ကံအဖကိုးဗျ.... (မှန်ပါဘုရား)။

အံမာလေး .... ရှုးလိုက်တဲ့ဖြစ်ခြင်း ဒီဆရာကောင်း, သမား ကောင်းနဲ့သာ မတွေ့ဘူးဆိုယင်ဖြင့် ကိုယ်ကျိုးလှလှကြီးနည်းပြီး သေပဲ့ချည့် ဝင်နေမှာဘဲ.... (မှန်ပါ!) သဘောပါကြပလား ... (ပါ-ပါပြီဘုရား)။

ဒီတဏှာပေါ်မှာ တကာသစ် ဘယ်သူက အုပ်ချုပ်ပြန်သတုံး (အဝိဇ္ဇာကအုပ်ချုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာက လူ့ပြည်, နတ်ပြည် ဒုက္ခသစ္စာမှန်း မသိအောင် တဏှာက လှည့်ပစ်လိုက်တဲ့အတွက် တဏှာက လူ့ပြည်ကောင်း တယ်၊ နတ်ပြည်ကောင်းတယ် ဖြစ်လာတယ် ... (မှန်ပါ!) တဏှာက လူ့ပြည်ကောင်းတယ်၊ နတ်ပြည်ကောင်းတယ်လို့လဲ ဖြစ်လာ

ပါ၊ရာ ဒါဖြင့် လူ့ပြည် ရောက်ခြောင်း၊ နတ်ပြည်ရောက်ကြောင်းဖြစ်တဲ့ကံ ကြိုးစားမှာဆိုပြီး ခင်ဗျားတို့က ဒါနကံ, သီလကံ,ဝဋ္ဌကံတွေလျှောက်လုပ်တယ်....(မှန်ပါ) ဝိဝဋ္ဌကံတော့ မလုပ်ဘူး....(မလုပ်ပါဘူးရှင်) မဇ္ဈိမ ခန္ဓာပျောက်သွားမှာ စိုးလို့ထင်ပါရဲ့.. (မှန်ပါ) မဇ္ဈိမ ဒီဝေါဟာရတွေ အားနေရစ်မှာ စိုးလို့လား မဇ္ဈိမပြောတတ်ပါဘူး၊ ဖျင်းလိုက်တဲ့ဖြစ်ခြင်းကဖြင့် တကာတကာမတို့ (မှန်ပါ,သစ္စာမသိဘာ တကာကြွယ်တယ်နေပါလား... (နေပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ မသိလို့ လိုချင်-လိုချင်လို့ အားထုတ်၊ အားထုတ်လို့သေပွဲဝင်... (မှန်ပါ) ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

မသိလို့... (လိုချင်ပါတယ်) လိုချင်ဆေး .... (အားထုတ်ပါတယ်) အားထုတ်တာက ဒါနကံ, သီလကံ,ဝဋ္ဌကံတွေနော် .... (မှန်ပါ) အားထုတ်လိုက်တော့ ဘာတွေရသလဲ .... (သေပွဲတွေဝင်ရပါတယ်) သေပွဲချည့်ဆဲရတယ် (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အင်း....ရှေ့ ဒီလို ဆရာကောင်း, သမားကောင်း သားသနာတွဲ့ဉီးနဲ့မကြုံ- လမ်းပြကောင်းနဲ့ မတွေ့သေးသ၍ ကာလပတ်လုံး ခင်ဗျားတို့ကဖြင့် မသိလို့ လိုချင်ဘဲ နေဦးမှာဘဲ.... (မှန်ပါ) လိုချင်တော့ အရမ်းအားထုတ်ဦးမှာဘဲ... (မှန်ပါ)အားထုတ်ယင်လဲ သေပွဲချည့် ဝင်ဦးမှာဘဲ (မှန်ပါ) လွတ်ရေး,ကျွတ်ရေး တကာကြွယ် မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

အဲဒါကြောင့် သစ္စာသိတဲ့တရား ကြိုးစားလိုက်စမ်းပါ .... (မှန်ပါ) ဒီအမှားသက် ရှည်နေမှာစိုးရတယ်.... (မှန်ပါ) ဘာစိုးရိမ်ရသလဲ... (အမှားသက် ရှည်နေမှာစိုးရိမ်ရပါတယ်ဘုရား)။

အခု ဘယ်လောက်ရှည်ခဲ့သလဲဗျ....(မရေတွက်နိုင်ပါဘုရား) အံမာမလေး .... အခုကို မရေတွက်နိုင်ဘူး၊ ရှေ့မှားသက်ကလဲ ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ မတွေ့၊ ကိုယ့်ဉာဏ်ကလဲ မဆည်းကပ်တော့ဘူး ဆိုလို့ ရှိယင်ဖြင့် တကာသစ်ရေ အမှားသက်က ရှေ့လဲ ရှည်လတ္တံ့ ဘဲရှိသေးဘယ်....(မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီနေ့တကာကြွယ် ဘာလုပ်ရမတုံးတဲ့ အမှားဇာတ်သိမ်းရမယ်... (မှန်ပါဘုရား)။

ဘာလုပ်ကြမယ်....(အမှား ဇာတ်သိမ်းရမှာပါ) သိမ်းမည့်ကြံယင် ခင်ဗျားတို့က ဖြေးဖြေးမှ သိမ်းစချင်သလား၊ တကားကြွယ်- ခွေ့ကြ်ခြင်းသိမ်းတာ ကြိုက်သလား .... (ချက်ခြင်းသိမ်းတာ ကြိုက်ပါတယ်ဘုရား)။

မဟုတ်သေးပါဘူး တကာကြွယ်ရ၊ ဒါ လူထဲမို့လျှောက်တာပါ၊ လူထဲမို့လျှောက်တာဗျ... (မှန်ပါ) ဖြေးဖြေးသိမ်းချင်တယ် ခင်ဗျားတို့က၊ ပြုန်းကနဲဆိုယင် သားကဲ့,သမီးကဲ့, ဆွေကဲ့, မျိုးကဲ့နဲ့ ဖြစ်သွားမှာ တကာကြွယ်ရေ- မစိုးရိမ်ဘူးလား.... (စိုးရိမ်ပါတယ်) အတော်ဆိုးနေတာဗျ သူ့ဟာက .... (မှန်ပါဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ အဲဒါတဏှာက ခုထက်တိုင်တိုင် ခင်ဗျားတို့ ချော့တုန်း,မော့တုန်းဘဲ....(မှန်ပါဘုရား)

သားကလေးနဲ့ ချော့ထားလိုက်၊ သမီးကလေးနဲ့ကော ... (ဒချော့ထားပါတယ်) မြေးကလေးနဲ့ဒကာ (ချော့ထားပါတယ်) ပစ္စည်းကလေးနဲ့... (ချော့ထားပါတယ်) အံမာလေး .... ခဲလေး အိုးပုတ်ဝယ်ပေးတာ ခင်ဗျားတို့ကလဲ ပြော့လိုက်တာ လူကြီး စိတ်ကိုမရှိဘူး....(မှန်ပါ့)ခဲလေးအိုးပုတ်ဝယ်ပေးတော့ အင့်တိတ် သွားတယ်... (မှန်ပါ့) မတိတ်ဘူးလား ... (တိတ်ပါတယ်ဘုရား)။

ခင်ဗျားတို့လဲ စိုးပွားရေးကလေးများ ဖြောင့်နေလို့ ရှိယင် ဘယ့်နှယ်ဖြစ်သတုံး....(အင့်တိတ်သွားပါတယ်ဘုရား) အင့်တိတ် သွားတယ် (မှန်လှပါဘုရား) အံ့မာလေး .. ဖြစ်မှုဖြစ်ရပလေ ... (မှန်ပါ့ဘုရား)။

တကာတကာ့တို့ ခင်ဗျားတို့ဟာ ခဲလေးထက်ဆိုးပါသေး သလား .. (ဆိုးပါဘယ်ဘုရား) ခဲလေးက ဒုတ်ကိုင်ပြီးသကာလ ဒီအိုးပုတ် မကိုင်နဲ့ တော့ဆိုယင် မကိုင်တော့ဘူး.... (မကိုင်ပါ ဘုရား) ခင်ဗျားတို့ကတော့ ဟာ ဒါနဲ့ အကျိုးပေးနေတာ ဘုရာ့ .. ဆိုပြီး အိုးပုတ်ကို မဖြုတ်နိုင်ဘူး.... (မဖြုတ်နိုင်ပါ ဘုရား)။

ဒီရက်ကန်းစင်တွေ မဖြုတ်နိုင်ဘူး၊ ဒီစက်တွေ မဖြုတ်နိုင်ဘူး တကာသစ်ရ၊ ဒီအထည်တွေ မစွန့်နိုင်ဘူး....(မှန်လှပါ) ဘာဖြစ် နေတာတုံး၊ ခဲလေးထက်ဆိုးနေတာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်သူ့ထက် ဆိုးနေတာတုံး....(ခဲလေးထက်ဆိုးနေပါတယ် ဘုရား)။

ဒါ.... စကဲ့ဗားတတ်လို့ ပြောတာမဟုတ်ပါဘူး၊ ခင်ဗျားတို့ ဖြစ်စဉ်က ဒီ့ထက်ကြီးပါသေးတယ် .... (ကြီးပါတယ်ဘုရား)။

အင်မတန် ကြီးပါတယ်ဆိုတာ တကာ့ဘဝကာမတွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်ဟာကလေးနဲ့ကိုယ်မျှားတင်းတိမ်ပြီးသကာလ တချို့လဲ အလတ်စား၊ တချို့လဲ နေသာထိုင်သာရှိရဲ့၊ တချို့ကလဲ ဆင်းရဲတယ်၊ အို ကျုပ်တို့ဆင်းရဲပေမဲ့ ကိစ္စမရှိဘူး၊ သူများဆီ တောင်းရမ်းမစားရသေးဘူး၊ တော်နေသေးတယ်ဘဲ့.... (မှန်ပါ့ဘုရား)။

ဟာ....သူ့ဟာနဲ့သူလဲ ပျော်လို့ပါလား .... (မှန်ပါ့ဘုရား) သူ့အိုးပုတ်နဲ့သူကိုးဗျ ... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး တကာကြွယ်ရ ... (သူ့အိုးပုတ်နဲ့ သူပါဘုရား) သူ့ဟာနဲ့သူဟုတ်နေတာ(ဟုတ်နေပါဘယ်) ကျုပ်တို့အလတ်စားကလေးဆိုတော့ အို... အထက်မကျ-အောက်မကျ တော်-တော်သေးရဲ့တဲ့....(မှန်ပါ့) ဘာလုပ်ပြန်တာတုံး သူ့ဟာက ... (သူ့အိုးပုတ်နဲ့သူပါ) သူ့အိုးပုတ်နဲ့ သူပျော်နေတာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

နည်းနည်း အထက်တန်းကလေး ကျသွားပြန်တော့လဲ သူ့ဟာနဲ့သူ အို တခါတည်းဘဝင်မြင့်ပြီးသကာလ တကာ့ကြွယ်ရေ ပြောချင်တဲ့ပုဂ္ဂိုလ်နဲ့မှပြောမယ်၊ မပြောချင်တဲ့ ပုဂ္ဂိုလ်နဲ့မနေပြောဘူးဆိုတဲ့ အသွားဘဲ့၊သူ့အိုးပုတ်နဲ့သူ မာန်တက်မျှားနေလိုက်

သေးတယ်....(တက်ပါတယ်ဘုရား)မလာဘူးလား(လာပါတယ်) ဟော်တော်ဒုတ်ကိုင်လို့ မျှား ရမယ်ထင်သလား .... (မရပါ) မရဘူး-မရဘူး၊ တကယ့်လူပေကြီးတွေဆိုတာ မဒေါသေးဘူး လား... (ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် တကာတကာမတို့အဲဒါ သစ္စာမသိတဲ့အတွက် ကြောင့် ဆိုးချင်သလိုဆိုး၊ ပေချင်သလို ပေနေတာဆိုတာ ပေါ် ကြပလား .. (ပေါ်ပါပြီဘုရား)။

ကဲ... ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဖြင့် မမေ့ပါနဲ့....(မှန်ပါ့ဘုရား) အိုဘေး, သေဘေး ဘယ်ကလာပါလိမ့်.... (ပဋ္ဌိစ္စသမုပ္ပါဒ်ကပါ) ကံကလာတယ်လေ၊ မမေ့ပါနဲ့ဦး....(မှန်ပါ့)။

အိုဘေး, သေဘေး ဘယ်က လာသတုံး.... (ကံကလာပါ တယ်ဘုရား) ကံပေါ်မှာ ဘယ်သူ အုပ်ချုပ်သတုံး.... (တဏှာ အုပ်ချုပ်ပါတယ်) တဏှာ့အပေါ်မှာ ဘယ်သူက ဘုရင်လုပ်နေ သတုံး....(အဝိဇ္ဇာက ဘုရင်လုပ်နေပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့ အိုရ, သေရတာဟာ အဝိဇ္ဇာတဏှာ၏ လက် ချက်လို့ ဘုရားအဆူဆူဟောနေတဲ့ဘုရားဟာ မကိုက်ဘူးလား.... (ကိုက်ပါဘယ်ဘုရား)။

ဝေးသောအခြောင်းက အဝိဇ္ဇာနဲ့ တဏှာ....(မှန်ပါ့)နီးသော အကြောင်းက ကံ... (မှန်ပါ့)ခင်ဗျားတို့ သေလေသ၍ ဒါချည့်ဘဲ သေလေသ၍ဖြင့် ဒါချည့်ဘဲဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

တကာကြွယ် လက်သည်ကလေးဖမ်းရအောင် မနည်းပြောရ တယ်.... (ပြောရပါတယ်ဘုရား) အခု မိပလား.... (မိပါပြီ ဘုရား)။

ကောင်းပြီ ဒီ .... အဝိဇ္ဇာဘဏ္ဍာ တကာ တကာမတို့ကို မင်္ဂဝါးနဲ့မှ မျက်ဖြတ်လို့ရှိယင်လဲ မရဘူး... (မရပါဘုရား) မင်္ဂဝါးနဲ့ မဖြတ်ယင်....(မရပါဘုရား)။

အဝိဇ္ဇာကိုလဲ မင်ဥာဏ်ဝါးနဲ့ဖြတ်မှ ဘဲ....(မှန်ပါ) တဏှာကိုလဲ....(မင်ဥာဏ်ဝါးနဲ့ဖြတ်မှပါဘဲဘုရား) ဒါမှ သူတို့နှစ်ခုပြတ်တော့ တကာသစ်-မစိုးရိမ်နဲ့ ကံဟာ အလိုလို သွားတယ်.... (မှန်ပါ) ကံအလိုလိုသွားယင် အိုဘေး, နာဘေး, သေဘေးနဲ့ တွဲနေတဲ့ခန္ဓာကြီးဟာ မရှိတော့ဘူး (မရှိပါဘုရား) မသေတဲ့သဘောသာရှိတော့တယ်၊ သေတဲ့သဘောဇာတ်သိမ်းပြီ....(မှန်ပါဘုရား)။

ကိုင်း ဒါဖြင့် တကာဘကာမတို့ အလုပ်-လုပ်မှုရမယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘာလုပ်ကြရမယ်... (အလုပ်-လုပ်ကြရပါမယ်ဘုရား) အလုပ်လုပ်မှ ရမယ်ဆိုတာဖြင့် တကာဘကာမတို့ ရှင်းရှင်းလင်းလင်း သေးသေချာချာမှတ်ပါ....(မှန်ပါ) ခင်ဗျားတို့ ပါးစပ်ကလေးနဲ့ တကာကြွယ်တို့ ဟိုဘုရားသွားဆုတောင်း၊ ဒီဘုရားသွားဆုတောင်းပြီ သကာလ ဒီလိုမနေပါနဲ့.... (မှန်လှပါ) ဒီလို မခုံ့ပါနဲ့၊ တောင်းလို့ရှိယင်လဲ တောင်းတဲ့အတိုင်းလုပ်ပါ.... (မှန်လှပါဘုရား)။

လုပ်မှုရတာက တမျိုး၊တောင်းလို့ရတာက တမျိုးလို့ ဆရာဘုန်းကြီးလဲ ခဏခဏ ခွဲပြောတယ်....(မှန်ပါ)။

တောင်းလို့ရတာက လူ့ပြည်,နတ်ပြည်ကဲ့၊ သုံးဆဲ့တဘုံထဲမှာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) လုပ်မှုရမှာကတော့ သုံးဆဲ့တဘုံပြင်ဘက်မှာရှိတဲ့ နိဗ္ဗာန်ကဲ့....(မှန်လှပါဘုရား)။

တောင်းလို့ရတာကတော့ သုံးဆဲ့တဘုံထဲတွင်- (မှန်လှပါ) လုပ်မှုရမှာကဘော့ (သုံးဆဲ့တဘုံ ပြင်ဘက်မှာရှိတဲ့ နိဗ္ဗာန်ပါ) သုံးဆဲ့တဘုံ ပြင်ဘက်ရှိတဲ့နိဗ္ဗာန်၊ သုံးဆဲ့တဘုံ တွင်းရှိနေယင်လဲ မီးတောက်နေဦးမှာကိုး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား)။

အေး.... ဒါဖြင့် နေရာကျပါပြီ တကာတကာမတို့၊ ဒါဖြင့် ခင်ဗျားတို့ကို အိုဘေး, နာဘေးကိုလဲ ကာကွယ်ပေးမယ်၊ ဟုတ်လား ... (မှန်လှပါဘုရား) ဘယ်သူ့ကို ခင်ဗျားတို့ ဖက်ရမလဲ၊ ဘယ်သူ့ကို အားကိုးရမလဲ၊ ဘယ်သူ့ကို မှီဘည်ပြီးသကာလ ဒို့ထားရမလဲဆိုတော့ ဝိပဿနာမဂ်ပညာလို့မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်-(ဝိပဿနာမဂ်ပညာပါဘုရား)ဝိပဿနာ မဂ်ပညာလို့ သေသေချာချာမှတ်ပါ.... (မှန်လှပါဘုန်း) အဲဒီ ဝိပဿနာ မဂ်ပညာကိုလဲ အိမ်နီးချင်း ရှိသေရုံလုပ်လို့ မရဘူး.... (မှန်ပါ့)။

ဝိပဿနာမဂ်ပညာကို.... (အိမ်နီးချင်း ရှိသေရုံလုပ်လို့ မရပါ ဘုရား)။

တချို့က အိမ်နီးချင်း ရှိသေရုံလုပ်ထားတာ၊ တကာကြွယ် ပုတီးကလေး လက်စွပ်ပြီးသကာလ ပြောချင်တာပြောနေတာက ရှိသေးတယ်....(ရှိပါတယ်ဘုရား) အိမ်နီးချင်းရှိသေအောင်တော့ ပုတီးကလေး လက်စွပ်ထားတယ်.... (မှန်ပါ့) ပြောလိုက်တဲ့ ပါးစပ်ကတော့ဖြင့် သမ္မပ္ပလာပတွေများနေတာဘဲ.... (များနေ

ပါတယ်ဘုရား) ကောင်းသေးရဲ့လား ... (မကောင်းပါဘုရား) အဲဒီလူလဲ မရပါဘူးတဲ့- တကာကြွယ်ရ....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် အိမ်နီးချင်းရှိသေရုံ မလုပ်ဘဲနဲ့ တရားက တနေ့က ရိကော်ဒါလဲ မသွင်းရလို့ တကာကြွယ်တို့ ရိကော်ဒါ ထဲမှာလဲ ပါသွားအောင်ဆိုပြီး ဒုတိယရက်ဟောတဲ့ တရားကို ပြန်စ,တယ်နော်....(မှန်လှပါ)။

ဂဲ . ဒုတိယရက်ဟောတဲ့တရားက ဘာပါလိမ့်မလဲဆိုဘော့ စတုက္ကနိပါတ်အဂုံတို့ရဲ့.... (မှန်လှပါ) စတုက္ကနိပ တ်အဂုံတို့ရဲ့ ဆိုတာ လေးခုသော အကြောင်းပြတယ်....(မှန်ပါ့)။

လေးခုသောအကြောင်းက ရှင်အာနန္ဒာ ကောသမ္ဗီပြည်မှာ သီတင်းသုံးပြီးသကာလ နေလိုက်တယ်.... (မှန်ပါ့) အဲဒီမှာ ဘိက္ခုနီမတေးယောက်က သူ-မမာဘူးဆိုပြီးသကာလ သူ့အစေခံ တယောက်ကို ရှင်အာနန္ဒာ အနားရောက်အောင် ပင့်ပေးပါ ကွာ၊ ဘိက္ခုနီမ မမာလို့ ကြည့်ရ,ရှုရအောင်,အားပေးရခေ အောင် ပင့်ပေးပါဆိုပြီးသကာလ သူ့အနားမှာရှိတဲ့ အစေခံတယောက် ကို ခိုင်းလိုက်တယ် .. (မှန်ပါ့)။

ရှင်အာနန္ဒာက ဘယ်ဘိက္ခုနီမတုံး- ဘယ်သူ့ဘယ်သူတုံး.... ဆိုတော့ သူ့မှာ ဘုရားလက်အောက်မှာ အကုန်စောင့်ရှောက် ကြည့်ရှုရမည့်ပုဂ္ဂိုလ်ဖြစ်နေတော့ တကာကြွယ်-ရေ... လိုက်လာ တယ်....(မှန်ပါ့)။

လိုက်လာတော့ ဘိက္ခုနီမကတော့ အကောင်းပါဘဲ (မှန်ပါ့ ဘုရား) ရှင်အာနန္ဒာ လာခါနီးမှ အိပ်ရာထဲ ခေါင်းမြီးခြုံ အိပ်နေတယ်... (မှန်ပါ့)။

ရှင်အာနန္ဒာက ရိပ်မိတယ် ...(မှန်ပါ့ဘုရား) ရှင်အာနန္ဒာက ဒါ၊တော့ သက်သက် ဗေဒေါက်တဲ့ ဘိက္ခုနီမဘဲ.... (မှန်ပါ့ဘုရား) မမာလို့ပင့်တာတော့ မဟုတ်ဘူးဆိုပြီးသကာလ သူသိတာနဲ့ ရှင်အာနန္ဒာက တရားဟောလိုက်တယ်။

"အာဟာရသမ္ဘူ၊တော အယံ ဘဝိနိ ကာ၊ယော၊ အာဟာရံ နိဿာယ အာဟာ့ရော ပဟာတဗ္ဗော" သူ ဟောလိုက်တယ်.... (မှန်ပါ့)။

အာဟာရကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်ဟာ အာဟာရကြောင့်ပင် နိဗ္ဗာန်သွားအောင်လုပ်ပါ.. (မှန်ပါ့)။

အာဟာရကြောင့်ဖြစ်တဲ့ခန္ဓာကိုယ်ကို.... (အာဟာရကြောင့်ပင် နိဗ္ဗာန်သွားအောင်လုပ်ပါဘုရား) အာဟာရကြောင့်ပင် နိဗ္ဗာန်သွားအောင်လုပ်ပါလို့ ဟောလိုက်တယ်....(မှန်ပါ့)။

ပြီးတော့မှ ဘခါ ဒုတိယက " တဏှာ၊ာမ္ဘူ၊တော အယံ ဘဝိန် ကာ၊ယော၊တဏှံ နိဿာယ တဏှာ ပဟာတဗ္ဗော" တဏှာ ကြောင့်ဖြစ်တဲ့ခန္ဓာကိုယ်ဟာ တဏှာကို သတ်ပြီး နိဗ္ဗာန်သွားပါ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

" မ၊နသမ္ဘူ၊တော အယံ ဘဝိနိ ကာ၊ယော၊မာနံ နိဿာယ မာ၊နော ပဟာတဗ္ဗော" ဆိုတဲ့အတိုင်းတဲ့ မာနကြောင့် တကာ တကာ၊မတော့သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ခန္ဓာကိုယ်ဖြစ်ပါ တယ် (မှန်ပါ့) တဏှာ,မာန,ဒိဋ္ဌိက ခန္ဓာကိုယ် ဖြစ်တာကိုးဗျ-(မှန်ပါ့ဘုရား) အဲဒီ မာနအကြောင်းရင်းခံပြီးသကာလ မာနကို ပယ်လိုက်စမ်းပါတဲ့.... (မှန်ပါ့) မာနကြောင့်ဖြစ်တဲ့ခန္ဓာကိုယ်ကို

မာနပယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျေပါပြီ ဘုရား)။

အဲဒီလိုဟောလိုက်ပြီးသကာလ ဒီအဓိပ္ပါယ်က တကာ့တကာ့ မတွေ့ ပြုန်းကနဲဆိုတော့ မရှင်းဘူးပေါ့ဗျာ.... (မှန်ပါ့ဘုရား) ကဲ.... ရှင်းအောင်ပြောပါဟော့မယ်၊ အကျယ် ပြောတော့မယ် ဆိုတော့ တကာ့ကြံ့ခိုင်တို့ အထူးဂရုစိုက် နားထောင်ရလိမ့်မယ် - (မှန်ပါ့ဘုရား)။

"အာဟာရသမ္ဘူတော အယံ ဘဂိနိ ကာယော" ဆိုတော့ နေ့တိုင်းစားသောက်တဲ့ အစာအာဟာရကြောင့် အားအင်ဗလ ကလေးတွေ တကာ့ကြံ့ယိတို့ တကာသစ်တို့ ဦးမာဒင်တို့ ပြည့်ကြ သပေါ့ဗျာ....(မှန်ပါ့) အာဟာရရုပ်ကလေးတွေက မပ္ပဒုးလား... (ပ္ပဒုးပါတယ်ဘုရား)။

အဲ...."အာဟာရသမ္ဘူတော အယံ ဘဂိနိ ကာယော"အယံ ကာယော=ဤယခုရှေ့ထားတဲ့ခန္ဓာကိုယ်ကြီးဟာ၊ အာဟာရသမ္ဘူ တော=အာဟာရကြောင့်ဖြစ်၏ .. (မှန်ပါ့)။

" အာဟာရ နိဿာယ အာဟာရော ပဟာတဗ္ဗော...."တဲ့၊ အာဟာရကြောင့် ဖြစ်ပြားခဲသော်လဲ....တဲ့ အဲဒီ အာဟာရကို အမှီ ပြုပြီးသကာလ တကာ့ တကာ့မတို့ အာဟာရကြောင့် ဖြစ်တဲ့ တဏှာပယ်လိုက်ယင် ရပါ့တယ်... တဲ့ (မှန်ပါ့)။

ဒါဖြင့် ဒီလို လုပ်လိုက်ပါ....တဲ့၊ တကာ့တကာ့မတို့ ဒီခန္ဓာ ကိုယ်ကြီးဟာဖြင့် ကံ- စိတ်- ဥတု- အာဟာရဆိုတဲ့ အကြောင်း လေးပါးလဲ ရှိပါ့တယ်....(ရှိပါတယ်ဘုရား)ရှိတော့ ဒီခန္ဓာကိုယ်

ကြီးမှာ ကံ,စိတ်,ဥတုတို့က တကာတကာမတို့ သွားခဲ့ပါပြီ....တဲ့၊ အခု အာဟာရနဲ့ အသက်ရှင်နေကြတယ်....(မှန်ပါ့)ကံတွေ့ကလဲ ခန္ဓာကိုယ်ဖြစ်အောင်လုပ်ပြီးပါပြီ (မှန်ပါ့) အခု အသက်ရှည် နေတာကဖြင့် နေ့တိုင်းကျေးမွေးမှုကြောင့်ဆိုယင် လဲ့ပါ့မလား (မလဲ့ပါဘုရား)။

ဒါ့ကြောင့် ကံက မွေးထုတ်သမား၊ အာဟာရက နို့ထိန်းနဲ့ တူတယ်၊ သူက ပြုစုလို့ ကြီးပွားလာတယ် ဆိုတဲ့ဥစ္စာလဲ မသေ ချာဘူးလား....(သေချာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် "အာဟာရသမ္ဘူတော အယံ ဘာဂီနိကာယော" ဘိက္ခုနိမကို ဟောလိုက်တယ်....(မှန်ပါ့)။

"အာဟာရံ နိဿာယ အာဟာရော ပဟာတဗ္ဗော" ဆိုတဲ့ အတိုင်းတဲ့တကာတကာမတို့ အခုခန္ဓာကိုယ်ကြီးဟာ အာဟာရ ကြောင့် ကြီးထွားနေတယ်ဆိုတာတော့ဖြင့် ငြင်းစရာမရှိအောင် မှန်ပါတယ်.... (မှန်ပါတယ်ဘုရား)။

အဲဒီတော့ဒီအာဟာရကို နောက်ဘဝတုန်းကလဲ၊ နောက်ခဏ တုန်းကလဲ အာဟာရနဲ့ဘဲ ကြီးပွားခဲ့ရတယ်.. (မှန်ပါ့) အခုလဲ အာဟာရနဲ့ ကြီးပွားတော့ ဒီတခါ အာဟာရကိုတကာတကာမ တို့ စားချင်တဲ့စိတ်မလာဘဲနဲ့ စားချင်တဲ့ သဘောကလေးမလာ ဘဲနဲ့ ဒီအာဟာရ စားဖြစ်ပါ့မလား-(မစားဖြစ်ပါဘုရား)မစား ဖြစ်ဘူးဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)စားချင်တဲ့ စိတ် မလာဘဲနဲ့.. (မစားဖြစ်ပါဘုရား)။

ကဲ....ဒါဖြင့် စားလဲစားပါ တကာတကာမတို့နော်-(မှန်ပါ့) စားချင်တဲ့တဏှာကိုလဲ ဖြစ်ပျက်ရှုပါ....(မှန်ပါ့)။

စားလဲစားပါ....(မှန်ပါ့) စားချင်လဲ စားလိုက်ပါ၊စားတော့ စားချင်တဲ့ ဥပမာ.... ဇီဝဂါပသာဒပေါ် ဖြစ်တဲ့စိတ်ဖြစ်ဖြစ် ဖြစ်ပျက်ရှုပါ... (မှန်ပါ့) သို့မဟုတ် စားချင်တဲ့ တဏှာဖြစ်ဖြစ် ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီတော့ အာဟာရကြောင့်လဲဒီခန္ဓာကိုယ် ကြီးပွားမှာဘဲ.... (မှန်ပါ့) စားလဲစားရပါတယ်တဲ့၊ တကာတကာမတို့ စားကောမစားရဘူးလား....(စားရပါတယ်ဘုရား)ဒီအာဟာရအကြောင်းရင်းခံပြီး ကျုပ်တို့ နိဗ္ဗာန်ကောမရဘူးလား.... (ရပါတယ်ဘုရား)။

ဒါဖြင့် ထမင်းစားရင်းလဲ နိဗ္ဗာန်ရောက်နိုင်ပါတယ် ...(မှန်ပါ့ဘုရား) လဘက်ရည်သောက်ရင်းလဲ... (နိဗ္ဗာန်ရောက်နိုင်ပါတယ်ဘုရား)။

ဘယ်လိုရောက်မလဲလို့ မေးတဲ့အခါ စားလဲစား၊ စားတဲ့စိတ်ကလေးလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒီတော့ စားလဲစားပါဘဲ့ စားတဲ့စိတ်ကလေးလဲ မရှိတော့ဘူး- မရှိတော့ဘူးလို့ တကာကြွယ် သိပေးရမယ် ... (မှန်ပါ့)။

အဲဒီတော့ အာဟာရကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်ဘဲ....(မှန်ပါ့) ရင်းအာဟာရကိုအကြောင်းရင်းခံပြီး ကျုပ်တို့သည်နိဗ္ဗာန်ရောက်ပါတယ် .. (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒါဖြင့် မစားဘဲနဲ့ ကျင့်တဲ့ပဋိပဒါလမ်းများအတွက်ဖြင့် တကာတကာမတို့ ဒီဌိဘက် သက်ရောက်တယ်....(မှန်ပါ့)။

မစားဘဲနဲ့ ကျင့်တာဘာ....(ဒီဌိဘက် သက်ရောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ့ သတိပေးရတယ်....(မှန်ပါ့) တကာတကာမတွေ့ သတိပေးရတယ်တဲ့၊ ဘုရားက ဘာနဲ့ဘဲ စားစား၊ ဝက်သားနဲ့စား ကြက်သားနဲ့စား ကြိုက်ရာနဲ့စားပေါ့ဗျာ.... (မှန်ပါ့) ခန္ဓာကိုယ်ခိုင်မာအောင်တော့ လုပ်ရမယ်.... (မှန်ပါ့ဘုရား)။

သို့သော်....တဲ့ စားတဲ့စိတ်ကိုတော့ဖြင့် ဖြစ်ပျက်ရှု၊ စားတဲ့ တဏှာလာယင်လဲ တဏှာကို ရှုပေါ့ဗျာ (မှန်ပါ့)။

ဟာ.... တဏှာ မလာပါဘုရား.. ၊ စားတဲ့စိတ် ယျှောပေါ်-ပေါ်တဲ့'ဇီဝဂျါဝိညာဏ' အနိစ္စ'ဆိုတဲ့အတိုင်း အဲဒါကလေးရှုရင်း မတ္တာနဲ့စားသွားလဲ ပြီးတာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် အစားကလိုရင်းလား၊ စားတတ်တဲ့တရားကို မဖြတ်နိုင်မှုက လိုရင်းလား....(စားတတ်တဲ့တရားကို မဖြတ်နိုင်မှုက လို ရင်းပါဘုရား)။

ဒါ့ကြောင့် ဘုရားက တနေ့မှ တလုပ်စားတဲ့ အကျင့်မျိုးဟာ ဒါကဘာတဲ့ ကိုယ့်ကိုယ်ညှဉ်းဆဲတဲ့အကျင့်.... (မှန်ပါ့) တနေ့မှာ သုံးလုပ်စားတယ်ဆိုယင်လဲ ကိုယ့်ကိုယ်ညှဉ်းဆဲတဲ့အကျင့်တဲ့ (မှန် လှပုါဘုရား)။

စားတော့စားပါတဲ့၊စားပြီးဒီအာဟာရကြောင့် ဖြစ်တဲ့တရား ကို နိဗ္ဗာန်အပို့ခိုင်းရတာဘဲ.... (မှန်ပါ့) သဘောပါပလား... (ပါ.ပါပြီဘုရား)။

အဲဒါက ဘာတွေ့ကိုပြောပါလိမ့်မတုံးလို့ မေးတော့မှ ဒီ.... သက်သတ်လွတ်တွေ့၊ ဘာတွေ့ရှုပ်နေတာပြောတာ .. (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကကာကြွယ် ဘာပြောတာတုံး....(သက်သတ်လွတ်တွေ, ဘာတွေရှုပ်နေတာပြောတာပါဘုရား)။

ဒီဒါတွေ ဘာမှုမဆိုင်ဘူး... (မှန်လှပါ) အာဟာရကြောင့် ဖြစ်တဲ့တရား၊ အာဟာရကြောင့် စားစိတ်ပေါ်တယ်....(မှန်ပါ) စားတဲ့တဏှာပေါ်တယ်.... (မှန်ပါ) ဒီဒါ ဖြစ်ပျက်ရှုလိုက်ယင် ပြီးတာဘဲ... (မှန်ပါဘုရား)။

အာဟာရက ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်မှာလား အာဟာရကြောင့် ဖြစ်တဲ့စိတ်က ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်မှာလား (အာဟာရကြောင့် ဖြစ်တဲ့စိတ်က ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်မှာပါဘုရား)။

အဲဒါဖြင့် ရှင်းပြလိုက်တယ် ဒါက ဝက်သားဟင်း (မှန်ပါ) ဟုတ်လား... ဝက်သား, ကြက်သား ဒကာကြွယ် ဒီဘက်က ထားလိုက်ပါတော့.... (မှန်ပါ) တကာကြွယ်က လျှာပေါ်တင်လိုက်တယ်....၊ ဒါက တကာကြွယ့်လျှာ, ဒါက ဝက်သားတုံး၊ လျှာပေါ်တင်လိုက်ပါတယ် ထားပါတော့နော်.... (မှန်ပါ့ဘုရား)။

တင်လိုက်တဲ့အခါကျဘော့ဖြင့် "ဇိဝှာဒ္ဓ ပဋ္ဌိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါညာဏ" ဆိုတဲ့စိတ်ကလေးဘော့ပေါ်မှာဘဲ (မှန်ပါ)မပေါ်ပေဘူးလား... (ပေါ်ပါတယ်ဘုရား) အဲဒါကလေးကို ဖြစ်ပျက်ရှုပြီး မျှိုချကြည့်စမ်း....(မှန်ပါ))။

ဖြစ်ပျက်ရှုပြီးမျှိုချလိုက်တော့ ဇိဝှါဝိညာဏ်စိတ်နောက်ကနေပြီး မဂ္ဂင်ပေါ်ပါတယ်....(မှန်ပါ)စားတဲ့စိတ်ကို ဖြစ်ပျက်ရှုပါ.... (မှန်ပါ) ဖြစ်ပျက်ရှုလိုက်တော့ကို ဒီ-ပဋ္ဌိစ္စသမုပ္ပါဒ် လာသေးရဲ့

လား....(မလာပါဘုရား) ဟော....မဂ္ဂင်လာတယ် (လာပါတယ်ဘုရား) မဂ္ဂင်လာတော့ ဒါ-မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ခန္ဓာချုပ်, ဥပါဒါန်ချုပ်, ကံချုပ်တဲ့အတွက် ဇာတိဇရာမရဏကော....(မလာပါဘုရား) ခုနင်ကပြောတဲ့ အိုဘေး, သေဘေးတွေ ဘယ့်နှယ်နေကြသလဲ ... (ချုပ်သွားပါတယ်ဘုရား)။

ဟောဒီမှာ အဝိဇ္ဇာကချုပ်, တဏှာကချုပ်,ကံကချုပ် တကာသစ်....(မှန်ပါ)ဟိုဘက်မှာ ဇာတိ ဇရာမရဏဆိုတဲ့ အိုဘေး, သေဘေးတွေကော လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါကြောင့် ဘုရားက "အာဟာရ သမ္ဘူတော အယံ ဘဂိနီ ကာယော" အာဟာရသမ္ဘူတော= အာဟာရကြောင့်ဖြစ်ဘဲ၊ ကာယော=ကိုယ်သည်၊ အတ္ထိ=ရှိ၏ (မှန်ပါဘုရား)။

"အာဟာရံ နိဿာယ အာဟာရော ပဟာတဗ္ဗော"တဲ့....၊ ဒီအာဟာရကို အကြောင်းရင်းခံပြီးသကာလ ဖြစ်တဲ့စိတ်ကို ဖြစ်ပျက်ရှုပြီး ဒီဘက်သွားလိုက်လို့ ရှိယင် ဒီအာဟာရဟာ ခန္ဓာကိုယ်ထဲ အားဆုတ်နိုင်အောင် ကြီးပွားအောင် လုပ်တာဘဲ ... (မှန်လှပါဘုရား)။

ဒီ-အာဟာရ စားတဲ့စိတ် ဖြစ်ပျက်ရှုလိုက်တဲ့ အတွက်တဲ့ တကာတကာမတို့ ဒီဘက်က အပါယ်သွားမည့် တရားတွေကော မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် အကောင်းအဆိုးကြောင့် တကာ တကာမတွေ အပါယ်သွားတာလားဗျ။ အကောင်းအဆိုးကြောင့်ပေါ်တဲ့စိတ်ကို မရှုနိုင်လို့ အပါယ်သွားတာလား.... (အကောင်းအဆိုးကြောင့် ပေါ်တဲ့စိတ်ကို မရှုနိုင်လို့ အပါယ်သွားတာပါဘုရား) ရှင်းပြီ တကာကြွယ်....(ရှင်းပါပြီဘုရား)။

အဲဒါ မသိတဲ့ပုဂ္ဂိုလ်တွေဆိုလို့ ရှိယင်ဖြင့် ဒီပါဠိတော်တွေလဲ မတွေ့ပြီဆိုမှဖြင့် ဦးမာဒင်ရေ- အို .... သက်သတ်လွတ်စားတော့ လူလဲကျန်းမာတယ်... (မှန်ပါ့) လူလဲကျန်းမာတယ် အစရှိသည်နဲ့ ပြောချင်ပြောလိမ့်မယ်၊ **ဘုရားက ဟောတယ်လို့လဲ ပြောချင်ပြောလိမ့်မယ်**... (မှန်ပါ့ဘုရား)။

ဝင်စစ်တော့ ဘုရားကလဲ ဒီလိုမဟောပါဘူးတဲ့၊ အာဟာရကြောင့် ဖြစ်တဲ့တဏှာ,အာဟာရကြောင့်ဖြစ်တဲ့ စိတ်ကို ဖြစ်ပျက်သာရှု သူ့စိတ်နောက်က တဏှာမလိုက်အောင်လုပ်ယင် ပြီးတာဘဲ... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမယ် ... (တဏှာနောက်က မလိုက်အောင်လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီကဝက်သားတုံးကို ဒီက လျှာပေါ်တင်လိုက်တော့ တကာသစ်ရေ စားစိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) အဲဒီစားစိတ်ကလေးကို ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်လို့ ရှိယင်ဖြင့်တဲ့ "ဝေဒနာပစ္စယာ တဏှာ" လာသေးသလား .... (မလာပါ) ဥပါဒါန်ကော .. (မလာပါ)ကံကော....(မလာပါ) အိုမင်း,သေမင်းဆိုတဲ့ ဇရာမရဏကော....(မလာပါဘုရား)။

ဒါဖြင့် အာဟာရကို ရှုတာလား၊ ကျုပ်တို့က အာဟာရကြောင့်ပေါ်တဲ့စိတ်ကို ရှုတာလား....(အာဟာရကြောင့်ပေါ်တဲ့စိတ်ကို ရှုတာပါဘုရား)။

အဲဒါကြောင့် "အာဟာရံ နိဿာယ အာဟာရော ပဟာတဗ္ဗော"ဆိုတဲ့ အတိုင်းတဲ့ အာဟာရကို အကြောင်းရင်းခံပြီးဖြစ်တဲ့ တရားကို ကျုပ်တို့က ပယ်လိုက်တဲ့အတွက် ဒီဘက်ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်ထွက်သွားတယ်....(ပြတ်ပါတယ်) ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကျတော့ ငါ-သက်သတ်လွတ် ဘယ်နှစ်ရက် ဘုဦးပေးဦးမယ်ဆိုတာ လာကို မလာဘူး....(မှန်ပါ့)လာသေးရဲ့လား... (မလာပါဘုရား)။

မလာပါဘူး တကားကြွယ်ရ၊ လာသေးရဲ့လား.... (မလာပါဘုရား)။

အကြောင်းမည်ညှတ်လို့ ပလလဲတော သွားရတာကတော့ သူ့ဝဋ္ဌပါလို့သွားရတာ....(မှန်ပါ့) အဲဒီမှာ ဆင်ကြီးက ကြံရေတွေ့လှုဒါန်း၊ ငှက်ပျောသီးတွေ ရှာကျွေးဆိုတာကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူ့ဝိပါကဝဋ္ဌကြောင့် ဘုန်းပေးရတာ(မှန်ပါ့ဘုရား)။

ဒါလဲ သက်သတ်လွတ် တမင်တကာ စားရတာလား၊ ဝဋ္ဌကျွေး ခံရတာလား....(ဝဋ္ဌကျွေးခံရတာပါ) သဘောပါပလား(ပါ.ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ "အာဟာရ သမ္ဘူတော အယံ ဘဝိနိ ကာယော၊ အာဟာရံ နိဿာယ အာဟာရော ပဟာ တဗ္ဗော" ဆိုတဲ့အတိုင်းအာဟာရကြောင့်ဖြစ်တဲ့ တရားကို ဖြစ်ပျက်ရှုလိုက်လို့ ရှိယင်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်ပါတယ် (ပြတ်ပါတယ်) စားလဲစားရတာဘဲ....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်လဲ (ပြတ်ပါတယ်) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားလက်ထက်က တပည့်တော်တို့ တနေ့မှ တလုပ်စားပါတယ်ဘုရား၊အို-ဒါ မင့်ကိုယ် မင်းညှဉ်းဆဲတဲ့အတွက် ပြင်စမ်းကွာ၊ ဘုရားက တိတ္ထိတွေဟောနေတာ.... (မှန်ပါ့ဘုရား) တပည့်တော် ခုနစ်ရက်မှ တခါစားတယ်၊ အဲဒါ မင့်ကိုယ်မင်းညှဉ်းဆဲတဲ့အတွက် 'အတ္တကိလမထ' ကွ...(မှန်ပါ့) ငါဘုရားဒီလို အလိုမရှိဘူး....(မှန်ပါ့ဘုရား)။

လိုရင်းတော့ ဒါက လိုရင်းမှမဟုတ်ဘဲ၊ သူ့ခင်တွယ်တဲ့တဏှာတွေ ဖြတ်နိုင်ဘို့ရာက... (လိုရင်းပါ) လိုရင်းဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ စားတိုင်း-စားတိုင်း လျှာပေါ် မှာ ပေါ်တဲ့စိတ် ဘာလုပ်မယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဟာ....မရှုနိုင်ဘူးဘုရား၊ ကျ-ကျခြင်းဆိုတော့ တပည့်တော်တို့က အတော်ခဲယဉ်းတယ်၊စားပြီးမှကောင်းတယ်ဆိုတာကလေးသာ တပည့်တော်တို့က ရောက်ရောက်သွားတယ်၊ အို .... အဲဒီကောင်းတဲ့စိတ်ကလေး ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်) ကောင်းတဲ့စိတ် ဝေဒနာကို ဖြစ်ပျက်ရှုလိုက် .... (မှန်ပါ့ဘုရား)။

ဟာ .... ဝေဒနာလဲ မမိလိုက်ဘူးဘုရာ့- တပည့်တော်က ဒါကလေးကြိုက်တာနဲ့ဘဲ ကြိုက်တဲ့အခါကျမှ၊ သြော် ငါကြိုက်သကိုးလို့ ဆိုတာကလေး သတိရတဲ့အတွက် အဲဒီကြိုက်တဲ့စိတ်ဖြစ်ပျက်ရှိ....(မှန်ပါ့) ဆိုတော့ တဏှာဖြစ်ပျက်ရှိပြန်လဲ ဒီဘက်မပြောတ်ဘူးလား .. (ပြတ်ပါတယ်ဘုရား)။

ကိုင်း....တကာကြွယ်ရေ- အာဟာရရှိရမှာလား၊ သူ့ကြောင့်ပေါ်တဲ့ဘရားတွေ ရှိရမှာလား....(သူ့ကြောင့်ပေါ်တဲ့တရားတွေ ရှိရမှာပါ) သဘောပါပလား .... (ပါ-ပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါ ဘိက္ခုနီမကို ရှင်အာနန္ဒာက ဟောနေတာ.... (မှန်ပါ့) ကိုင်း....ဒါက တနေ့က ဒါလောက်မစုံဘူးတဲ့၊ တကာသစ်နော်.... (မှန်ပါ့ဘုရား)။

ကဲ ဒါဖြင့် ဒုတိယပြောပါတော့မယ် တကာတကာမဘို့၊ ဒါဖြင့် စားတိုင်း·စားတိုင်း ရှုတတ်ကြပလား .... (ရှုတတ်ပါပြီဘုရား)။

ကောင်းပြီ စားစိတ်ရှယင်လဲရှု၊မရှယင်လဲတဏှာပေါ်မှယင်လဲ (ရှုရပါမယ်)ဥပါဒါန်ပေါ်မှယင်လဲ (ရှုရပါမယ်) ကံပေါ်မှယင်လဲ-(ရှုရပါမယ်) အကုန်ရှု၊မိတဲ့နေရာကဖမ်းရှု ...(မှန်ပါ့)မိတဲ့နေရာက ဖမ်းရှုဆိုတော့ ဟိုဘဝတော့ မကူ·တာအမှန်ဘဲ .... (မှန်ပါ့)ဟိုဘဝက သေမှကူးမှာကိုး . (မှန်ပါ့) ဒီဘဝဖြစ်တဲ့စိတ်သိလိုက်ယင်ဘဲ ဟိုဘဝကူးနိုင်သေးရဲ့.လား (မကူးနိုင်ပါဘုရား)။

အေး.... ဒါ့ကြောင့် တကာတကာမတွေ့ အစားအသောက်က လိုရင်းမဟုတ်ဘူး.... (မှန်ပါ့) အစားက ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်သလား၊ စားလို့ဖြစ်တဲ့ ဓမ္မတွေ့ကဆက်သလား .... (စားလို့ဖြစ်တဲ့ ဓမ္မတွေ့ကဆက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဓမ္မမနိုင်တာနဲ့ ဟိုဓမ္မသွားသတ်လို့မရဘူး(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အုံ့မာလေး... တကာတကာမတွေ့ကတချို့ကလဲ ယောင်တယ် ယောင်တယ်၊ ဒီဥစ္စာ...(မှန်ပါ့) အားကြီး ယောင်တယ်နော်.... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်က စားတဲ့အစာက ဆက်နိုင်သလား-ဟုတ်လား၊ စားလို့ပေါ်လာတဲ့ဓမ္မကမှ ပဋ္ဌိစ္စသမုပ္ပါဒ် စတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အစားက စတာလား၊ သူ့ကြောင့်ပေါ်တဲ့ ဓမ္မက စ,တာလား.... (သူ့ကြောင့်ပေါ်တဲ့ ဓမ္မကစပါတယ်) အဲဒီဓမ္မကို ဖြစ်ပျက်ရှုနိုင်လို့ရှိယင် ဦးမာဒင် ဘာကြောက်စရာရှိသတုံး.... (မရှိပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အာဟာရ,လိုရင်းလား၊ အာဟာရကြောင့် ဖြစ်တဲ့ ဓမ္မကလိုရင်းလား .... (အာဟာရကြောင့်ဖြစ်တဲ့ ဓမ္မကလိုရင်းပါဘုရား)။

ဒီဓမ္မဖြတ်နိုင်လို့ ဖြစ်ပျက်ရှုနိုင်လို့ နောက်က မင်္ဂလာ်နိုင်ယင် ဘာမှကိစ္စမရှိဘူး.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ၊ ဒါ ဘိက္ခုနီမကို ရှင်အာနန္ဒာကဟောနေပြီ.... (မှန်ပါ့) နောက်ဟောရမှာက တကာတကာမတို့ဖြစ်ကောင်းတဲ့ တဏှာ....(မှန်ပါ့) ဝိပဿနာရှုတဲ့အခါမှာ ဖြစ်ကောင်းတဲ့တဏှာ ရှိသေးတယ်....(ရှိပါတယ်) ဖြစ်ကောင်းတဲ့မာန .... (ရှိပါတယ်) သဘောကျပြီနော် (ကျပါပြီဘုရား)။

ဝိပဿနာရှုတဲ့အခါ ဖြစ်ကောင်းတဲ့တဏှာ.... (ရှိပါတယ်) ရှိတယ်၊ ဖြစ်ကောင်းတဲ့မာန....(ရှိပါတယ်ဘုရား)။

ဒါ့ဖြင့် တဏှာတိုင်းလဲ မကြောက်ပါနဲ့ တကာသစ်ရာ .... (မှန်ပါ) မာနတိုင်းလဲ....(မကြောက်ပါနဲ့ပါဘုရား)။

အဲဒီမှာ ရှင်အာနန္ဒာက ဘိက္ခုနီမကို ဟောတာဘဲ (မှန်ပါ့) ဘိက္ခုနီမကတော့ ခေါင်းမြီးခြုံ အိပ်နေတာပါဘဲ .... (မှန်ပါ့ဘုရား)။

"တဏှာသမ္ဘူတော အယံ ဘဂိနိ ကာယော တဏှံ နိဿာယ တဏှာ ပဟာတဗ္ဗာ" ဒါကိုဟောလိုက်တယ် .... (မှန်ပါ့ဘုရား) ဘိက္ခုနီမတဲ့....သင့်ခန္ဓာကြီးဟာ တဏှာကြောင့် ဖြစ်လာတဲ့ခန္ဓာ (မှန်ပါ့) ဟုတ်သားဘဲနော်....(မှန်ပါ့ဘုရား)။

တဏှာကြောင့်ဖြစ်တဲ့ ခန္ဓာ၊ "တဏှံ နိဿာယ တဏှာ ပဟာတဗ္ဗာ"တဲ့၊ တဏှာကိုအကြောင်းရင်းခံပြီး တဏှာပယ်ပါတယ်....(မှန်ပါ့ဘုရား)။

တဏှာ အကြောင်းရင်းခံပြီး တဏှာကတော့ ရှိတာဘဲတဲ့၊ အဲဒီ့ခန္ဓာကြီးက ရှိတော့ရှိပြီးသကာလ ဒီခန္ဓာထဲပေါ်တဲ့ တဏှာကို သတ်လိုက်လို့ ရှိယင်လဲ ပြီးတာပါဘဲ....(မှန်ပါ့ဘုရား)။

ဒါက ဘာဟောလိုက်သတုံးဆိုတော့ တကာတကာမတွေ့သေ့သေချာချာမှတ်ပါ၊ ခင်ဗျားတို့ အခုတရားအားထုတ်နေတာ ပြော့နေမှာစိုးတယ်.... (မှန်လှပါ) ပြော့နေမှာ ဘယ်လိုစိုးသလဲလို့ မေးတဲ့အခါကျတော့ ဘယ်သူဖြင့် ဖြစ်ပျက်တွေ့မြင်ပြီ....တဲ့၊ ဘုန်းကြီးတို့ တရားပဲ့မှာပေါ့ဗျာ.... (မှန်ပါ) ဘယ်သူဖြင့် ခန္ဓာကိုယ်ထဲ အနိုစ္စတွေ့မြင်ပြီတဲ့....(မှန်ပါ) ဟာ....မြင်ရုံသက်သက်ကဘူး၊ တချို့မှာ ဒီဖြစ်ပျက်တွေ့ကို မှန်းနေပြီတဲ့. (မှန်လှပါ) ကြားရတာပေါ့ဗျာ... (မှန်ပါ)။

ယောဂီမျင်းတော့ ကြားကြတာဘဲ.... (မှန်ပါ) တချို့ကျတော့လဲ ဒီဖြစ်ပျက်တွေ့ဘဲ မမြင်ပါဘူး... တဲ့၊ ဆုံးသွားပြီ....တဲ့... (မှန်လှပါ)ဆိုတော့ ခင်ဗျားတို့ သူတောင် ဒီဥစ္စာရှိသေးတာဘဲ၊ ငါလဲ ရချင်တယ်ဆိုတဲ့ တဏှာလာကောင်းတယ်- (လာကောင်းပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

သူတောင် ရအောင်လုပ်နိုင်သေးတာဘဲ ငါလဲ ရအောင်လုပ်မယ်ဆိုတဲ့ တဏှာလာကောင်းပါတယ်.... (လာခဲကောင်းပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

သူတောင်မှ ဒီဝိပဿနာဉာဏ်တွေ့ ရသေးတာဘဲ၊ ငါလဲ ရ,ရမယ်....(မှန်ပါ)ဒီတဏှာမျိုး ဖြစ်ကောင်းပါတယ်....(မှန်ပါ) ဒီတဏှာမျိုး....(ဖြစ်ကောင်းပါတယ်ဘုရား)။

ဖြစ်ဘူးကြရဲ့လား.... (ဖြစ်ဘူးပါတယ်ဘုရား) တိုးတိုးပြောပါ၊ ခင်ဗျားတို့ လူဦးရေက နည်းနေတယ်၊ ဖြစ်ကိုမဖြစ်တာက များနေလို့....(များနေပါတယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အတော်ဆိုးတဲ့ တကာတကာမတွေ့ဗျ.... (မှန်ပါ့) ဖြစ်ချင်ပါတယ်ဆိုတဲ့လူဟာ အို....သူ့တော့ ပါရမီနဲ့လာတာ၊ ကျုပ်တို့က ဒါလောက်တော့ မထက်ဘူး....တဲ့၊ နောက်ဆုတ်သွားတယ်.... (မှန်ပါ့) တကာကြွယ် အတော်မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

ရှင်အာနန္ဒာတို့ ဘုရားတို့ကတော့ " တဏှာသမ္ဘူတော အယံ ဘဝိနီ ကာယော၊ တဏှာ နိဿာယ တဏှာ ပဟာတဗ္ဗာ" ဆိုပြီး ဒီတဏှာကို အကြောင်းရင်းခံပြီးဖြစ်တော့ ဖြစ်တာဘဲ၊ နောက် ဒီတဏှာ မဂ်ဆိုက်ယင် ပယ်တာဘဲ.... (မှန်ပါ့) ဆိုတော့ တကာသစ် ဖြစ်ကောင်း-မဖြစ်ကောင်း.... (ဖြစ်ကောင်းပါတယ်ဘုရား)။

အဲဒါ ဖြစ်ကောင်းတာကျတော့ ခင်ဗျားတို့က မဖြစ်ဘူး.... (မဖြစ်ပါဘုရား) တကာကြွယ်တို့လူစုက....(မှန်ပါ့ဘုရား) မဖြစ်ကောင်းတာကျတော့....(ဖြစ်ပါတယ်ဘုရား)။

အင်း....သူတောင် သောင်း,ကိုးထောင်ရအောင် ရှာနိုင်သေးတာ၊ ငါလဲ သိန်း,ကိုးသောင်းတော့ ရမှာပေါ့ကွ .... (မှန်ပါ့) ဒီဟာကျတော့ အတုခိုးက လဲလိုက်တာ.... (လဲပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဟိုမှာတော့ တကာကြွယ်တို့ကိစ္စက တဏှာသေးလို့ တဏှာပွားအောင်လုပ်တာ....(မှန်ပါ့ဘုရား) အခုဟာကဆိုတော့ တဏှာ အကြောင်းရင်းခံပြီး တဏှာပယ်ရမယ်.... (ပယ်ရပါမယ်ဘုရား) မခြားနားဘူးလား....(ခြားနားပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါ... တဲ့၊ ရှင်အာနန္ဒာက ဟော တယ်နော်.... (မှန်ပါ့) ဟိုလူဖြင့် ဖြစ်ပျက်တွေ့မြင်ပြီ၊ ကိုယ်နဲ့ ရှယ်တူချင်းဘဲ၊ သိပ်လဲမကွာဘူး၊ တရားနာတာ သူကတောင် နောက်ကျသေးတယ်၊ သူကတော့ ဒါတွေ့ မြင်ကုန်ပြီ....တဲ့.... (မှန်ပါ့) ဟော.... ကျုပ်တို့ရချင်တယ်၊ ရ,အောင်လုပ်မယ် ... လုပ်သာလုပ်ပါ၊ ဒီတရားသာဖြစ်ပါ.... (မှန်ပါ့) သဘောကျ ပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ဖြစ်ကောင်းတဲ့တရားလား- မဖြစ်ကောင်းတဲ့ဘုရား လား....(ဖြစ်ကောင်းတဲ့တရားပါဘုရား)။

သူများ ဝိပဿနာဉာဏ်ရသလို ကိုယ်ရချင်တဲ့ တရားသည် တကာတကာမတို့ ဖြစ်ကောင်း,မဖြစ်ကောင်း....(ဖြစ်ကောင်းပါ တယ်ဘုရား) သဘောကျပလား .. (ကျေပါပြီ)။

ကိုင်း....ဒါဖြင့် သူများ ဝိပဿနာဉာဏ်ရလို့ ကိုယ်ကရချင် လို့ ဒါ ကိုယ့်ခန္ဓာထား(မှန်လှပါ ,ကိုယ့်ခန္ဓာကို ဖြစ်ပျက်ရှုလိုက်၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ကိုယ် နောက်ကလာမည့်တရား တကာသစ် သေ,မသေ....(သေပါတယ်ဘုရား) ဒါဖြင့် တရား အကြောင်းရင်းခံပြီး တရားသေတယ်....(မှန်ပါ့)။

ရချင်တဲ့တရာ အကြောင်းရင်းခံပြီး အလုပ်,လုပ်လိုက်တာနဲ့ ဘာဖြစ်သွားသတုံး.... (တရားသေပါတယ်ဘုရား) တရားသေ တယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒီတရား ဖြစ်ကောင်း မဖြစ်ကောင်း....(ဖြစ်ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘုရား....၊ တကာတကာမတွေက မေးစရာ အကွက် ပေါ်လာတယ်....(မှန်ပါ့)တရားဟာ အကုသိုလ်မဟုတ်ဘူးလား

ဘုရား့လို့....(မှန်ပါ့) ဟုတ်တယ် တကာတကာမတို့ အကုသိုလ်ဘဲ....(မှန်ပါ့)။

ဒါဖြင့် အကုသိုလ်ဖြင့်ဘုရား.... မကောင်းကျိုးပေးဘို့ပေါ့ ဆိုတော့ အဋ္ဌကထာဆရာက ဖွင့်တယ်....(မှန်ပါ့) ဒီတဏှာမျိုး ဟာ တကာသစ်,ရေ....ဟိုဘက်ကို မလိုက်ဘူးတဲ့၊ ဒီဘက်တွင် နေရစ်တယ် .. (မှန်ပါ့)။

ဟိုဘက် အကျိုးပေးဘက်ကို.... (မလိုက်ပါဘုရား) ဟိုဘက် ပဋ္ဌိသန္ဓေကျအောင် ဇာတိကျအောင် ဒီတဏှာက မလိုက်ဘူးတဲ့ (မှန်ပါ့) ဒီဘက်တွင် ပြီးသွားတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒီတဏှာသည် ပဋ္ဌိသန္ဓေဖြစ်အောင်-ပဋ္ဌိစ္စသမုပ္ပါဒ်အဆုံးမှာ ဇာတိဖြစ်အောင် အကျိုးမပေးဘူး.... (မှန်လှပါ) ဒီဘက်တွင်ဘဲ အကျိုးပေးတယ်....(မှန်ပါ့) သဘောကျပလား....(ကျေးဇူးပြုဘုရား)။

ပဝ်တ္တိအကျိုးသာပေးမယ်၊ စာလိုဆိုယင် ဟိုဘက် ပဋ္ဌိသန္ဓေ အကျိုးမပေးဘူးတဲ့....(မှန်လှပါ) ဒါ့ကြောင့် ဖြစ်ကောင်းတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူမျှားရချင်တဲ့ အလုပ်ကို ကိုယ်ရအောင် လုပ်မယ် ဆိုလို့ ရှိယင်လဲ ချေးထူမနေကြပါနဲ့ တကာကြွယ်တို့ ဦးမာဒင်တို့ နော်...(မှန်လှပါ) သူတောင် ရသေးတာဘဲ၊ ငါလဲ ရအောင် လုပ်မယ်ကွာ .. (မှန်ပါ့ဘုရား) ဖြစ်ကောင်း,မဖြစ်ကောင်း... (ဖြစ်ကောင်းပါတယ်ဘုရား) ဖြစ်ပြီးတော့ ဒီတဏှာ မပယ်နိုင်ဘူးလား ပယ်နိုင်သလား....(ပယ်နိုင်ပါတယ်ဘုရား)။

ဒီတဏှာနဲ့ ရှေးဦးစွာလုပ်လိုက်.... (မှန်ပါ့) လုပ်လိုက်တော့ ဖြစ်ပျက်ကို မဂ်နဲ့မြင်တယ်၊ မဂ်နဲ့ မြင်ကတည်းက နောက်တဏှာက ဘယ့်နှယ်နေသတုံး....(ချုပ်ပါတယ်ဘုရား) ဒါဖြင့် ကျုပ်တို့ဟိုဘဝ အကျိုးပေးမည့်တဏှာမှ မဟုတ်ဘဲ၊ ဘဝပြတ်ဘဲ့တဏှာ ကျုပ်တို့ လုပ်ကောင်းတာဘဲ (လုပ်ကောင်းပါတယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒါ အဌကထာဆရာကလဲ ပဋ္ဌိသန္ဓေ နောက်ဘဝ မဆက်ပါဘူးကွ....တဲ့၊ "ကမ္မဘဝပစ္စယာ ဇာတိ" လို့ မလာပါဘူးကွ....တဲ့....(မှန်ပါ့) ဒီဘဏှာက မလာဘူးတဲ့.... (မှန်ပါ့) အဲဒီကော့ ခင်ဗျားတို့ ကြောက်စရာရှိသေးရဲ့လား- (မရှိပါဘုရား)။

ဇာတိမှုမလာတော့ အပါယ်ဇာတိဆိုဘဲ့ အပါယ်ကျဉ်းမှာလား .. (မကျပါဘုရား) ဒါဖြင့် ဒီတဏှာ ဖြစ်ကောင်းတယ်.... (မှန်ပါ့)။

သူမျှားရသလိုရချင်တဲ့ ဝိပဿနာဉာဏ်ရချင်တဲ့ တဏှာမျိုးကျတော့ ဘယ့်နှယ်ဆိုကြမလဲ.... (ဖြစ်ကောင်းပါတယ်ဘုရား) တကာသစ် ရှင်းပလား (ရှင်းပါပြီ)။

ကဲ....သွားပါဦး တကာတကာမတို့၊ မာနသမ္ဘူတော ဘဂိနီ အယံကာယော" ဒီ ကိုယ်အမှိုပ္ပြုပြီး မာနဖြစ်တာပါဘဲ....တဲ့.... (မှန်လှပါဘုရား) "မာနံ နိဿာယ မာနော ပဟာတဗ္ဗော"တဲ့ ဒီမာနအကြောင်းရင်းခံပြီးသကာလ မာနပယ်တာလဲ ရှိပါတယ်၊ (မှန်လှပါဘုရား)။

သူဟာ အသက်ကလေးငယ်ငယ်ရှိသေးတယ်ဗျ၊ အခု တရားတွေ ပေါက်ရောက်သွားလိုက်တာဖြင့် သောတာပန်,သကဒါ

ဂါမ်,အနာဂါမ်,ရဟန္တာတောင် ဖြစ်သွားပြီ..တဲ့....(မှန်ပါ့)ငါ ဘယ်နှယ်ကြောင့် မရ,ရမလဲကွ....(မှန်ပါ့) ဒီမာနမျိုးတက်သာ တက်ပါ-(မှန်ပါ့ဘုရား)။

ဒီမာန တက်ကောင်း-မတက်ကောင်း... (တက်ကောင်းပါ တယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အို... သူတို့က ပါရမီနဲ့ဘဲ....လို့ တကာကြွယ် လေချိုမသွေးနဲ့.နော်....(မှန်ပါ့)။

တကာကြွယ်တို့က မဟုတ်တဲ့ဘက်ကျယင် စကားက သိပ် တတ်တယ်....(မှန်ပါ့ဘုရား) သူတို့တောင် ရသေးတာဘဲ၊ ငါလဲ ဘယ်နှယ်ကြောင့် မရ,ရမတုံး....(မှန်ပါ့) တကာသစ်တို့,ဦးမာဒင် တို့ ဒီအတိုင်းတက်ရမယ်....(မှန်ပါ့)။

အခုတော့ သူတို့က ငယ်ပမဲ့ ဗဟုသုတကလဲ များတယ်၊ အင်း....တရားရည်ကလေးကလဲ ဝ,တယ်၊ အင်း....ကိုယ့်ဘက်ကျ တော့ ဒီဘက် အဖျင်းဘက်ချည်ထားတယ်.... (မှန်ပါ့) ဘာဖြစ် လို့တုံး၊ ပျင်းသကိုးဗျ....(မှန်ပါ့) ပျင်းတော့ အဖျင်းဘက်ချည် လှည့်ချတယ် (မှန်ပါ့) အဲဒါ ကောင်းသေးရဲ့လား(မကောင်း ပါဘုရား)။

အေး.... ဒါတွေ ကြပ်ကြပ်စဉ်းစားတော့မှ ရှင်အာနန္ဒာက "မာနသမ္ဘူတော အယံ ဘဝိနိ ကာယော" ဘဝိနိ=နှုမ၊ အယံ ကာယော=ဤခန္ဓာကိုယ်သည်၊ မာနသမ္ဘူတော= မာနကြောင့် ဖြစ်လာတယ် .... (မှန်ပါ့) "မာနံ နိဿာယ မာနော ပဟာ တဗ္ဗော"တဲ့၊ ကဲ .... မာနအကြောင်းရင်းခံပြီး သူများတောင်

ရသေးတာ၊ ငါဘယ်နှယ်ကြောင့် မရ- ရမတုံးဆိုပြီး မာန အကြောင်းရင်းခံပြီး လုပ်လို့ရှိယင် မာနပယ်ပြီးသားဖြစ်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဘက်ကနေပြီးပဌမမာနတက်ပြီး ကိုယ့်ခန္ဓာဖြစ်ပျက်ရှု....(မှန်ပါ့) သူမျှားတောင် ရသေးတာကဲ့...၊ ငါရ,ရမယ်-(မှန်ပါ့) မရဘယ်နှယ်ရှိရမတုံးက၊ လူဆို ပုခုံးနှစ်ခုကြားကနေ ခေါင်းပေါက်တာချည့်ဘဲ.... (မှန်ပါ့) လောကီလဲ သူတို့ရှာလို့ လူတန်းစေ့ဖြစ်တယ်ကဲ့၊လောကုတ္တရာလဲ သူတို့လဲ ဒီလိုတက်တယ်၊ ဒို့လဲဒီလိုတက်ယင် ဘယ်နှယ်ကြောင့် မရ, ရမတုံးက ဆိုပြီး သကာလ ခန္ဓာအသက် မင့်ကဲ့ဘဲနဲ့ လုပ်မယ်ဆိုလို့ရှိယင်ဖြင့် ဖြစ်ပျက်နဲ့ မင်္ဂလာသဲ့ကိုက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ နောက်ကဲ့ တဏှာ, မာန လာနိုင်သေးရဲ့လား.... (မလာနိုင်ပါ)ပဋ္ဌိစ္စသမုပ္ပါဒ် ဘယ်နှယ်နေသတုံး....(ပြတ်ပါတယ်ဘုရား) ဟောဒီမင်္ဂ ဖြတ်ချလိုက်တယ်....(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

"မာနသမ္ဘူတော (လ) ပဟာတဗ္ဗော" ဆိုတော့ ဒီမာန ဖြစ်ကောင်းတယ်....(မှန်ပါ့)သူတောင် ရအောင်အားထုတ်သေးတာဘဲ၊ ဒို့လဲရအောင် အားထုတ်မယ်ဆိုတဲ့ မာနမျိုး ဘယ်နှယ်တုံး....(ဖြစ်ကောင်းပါတယ်) တကာသစ် သဘောကျပလား .... (ကျပါပြီဘုရား)။

ဒီမာနမျိုးသည် တကာတကာမတို့ ခင်ဗျားတို့ ကိုယ့်ကိုယ်-ကိုယ်မလုပ်ချင်တဲ့ဘက် မပြေးအောင် ဒီမာန်မျိုးကို တက်ပါလို့

ရှင်အာနန္ဒာကဟောတယ်....(မှန်ပါ့) စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာလာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ တဏှာမှာလဲဘာတုံး ဖြစ်ကောင်းတဲ့တဏှာ, မဖြစ်ကောင်းတဲ့ တဏှာ နှစ်မျိုးပေါ့ဗျာ.... (မှန်ပါ့) မာနမှာလဲ.... (ဖြစ်ကောင်းတဲ့ မာန, မဖြစ်ကောင်းတဲ့ မာန နှစ်မျိုးပါဘုရား)။

အဲ....သူတပါးတောင် သောတာပန်, သကဒါဂါမ်ဖြစ်သေးတာဘဲ၊ ဒို့လဲ သောတာပန်,သကဒါဂါမ် အဖြစ်ကိုရချင်တယ်၊ ယူချင်တယ်ဆိုတဲ့ တဏှာမျိုးကျတော့ .... (ဖြစ်ကောင်းပါတယ် ဘုရား)။

သူတို့တောင်မှ သောတာပန်, သကဒါဂါမ် အဖြစ်တက်နိုင်သေးတာဘဲ၊ ငါလဲ ဘယ်နှယ်ကြောင့် မတက်နိုင်ဘဲရှိရမတုံးဆိုတဲ့ မာနမျိုးကျတော့....(ဖြစ်ကောင်းပါတယ်) သဘောကျပလား-(ကျေပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မာနကြောင့်ဖြစ်တဲ့ အလုပ်,လုပ်ဖြစ်တာကိုလဲ အဲဒီအလုပ်က မာနကိုပယ်ချတယ် (မှန်ပါ့ဘုရား)။

စင်စစ်တော့ အလုပ်,လုပ်ဖြစ်တာ ဘယ်သူ့ကြောင့်လဲ .... (မာနကြောင့်ပါ) သူတော်ကောင်းအလုပ်, လုပ်ဖြစ်တာလေ.... (မာနကြောင့်ပါဘုရား)။

နောက်ကျတော့ လုပ်တဲ့မင်္ဂ ဘယ်သူ့ပယ်လိုက်သလဲ.... (မာနကို ပယ်ပါတယ်ဘုရား)။

သြော်... ဒါဖြင့် ဒီမာနသည်ကား မာနအကြောင်းရင်းခံပြီး အလုပ်,လုပ်ဖြစ်တယ်.... (မှန်ပါ့) အလုပ်အထမြောက်တော့ကို တကာတကာမတို့ အလုပ်က မာနကိုပယ်လိုက်တယ် .... (မှန်ပါ့ဘုရား)။

အလုပ်က ဘယ်သူ့ပယ်လိုက်ပါလိမ့်.... (မာနကိုပယ်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ်ဖြစ်ကောင်း- မဖြစ်ကောင်း(ဖြစ်ကောင်းပါတယ်)တကာသစ် နေရာကျပလား....(ကျပါပြီဘုရား)။

အဲဒီတွင်မှ ဘိက္ခုနီမက အင်း .... ဒီတရားတွေဟောတယ် ရှင်အာနန္ဒာက၊ အာဟာရခြောင့် ဖြစ်တဲ့တဏှာကို ဖြစ်ပျက်ရှိလိုက်လို့ ရှိယင်ဖြင့် အာဟာရလဲ စားရသေးတယ် အာဟာရကြောင့်လဲ နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့ဘုရား)။

တဏှာနဲ့ပတ်သက်ပြီး သူတပါးရတာ ရချင်တာနဲ့အားထုတ်လိုက်တာနဲ့ ပဌမတော့ဖြင့် တဏှာနဲ့ရချင်လို့ အားထုတ်လိုက်တာဘဲ၊ နောက်တော့ ဒီတဏှာကို အားထုတ်ဟဲ့မဂ်က သတ်ပစ်လိုက်ပါတယ်....(မှန်ပါ့ဘုရား)။

တယ်နေရာကျတယ် ဘိက္ခုနီမက တရားနာတော့ ဒီအတိုင်းသူညာဏ်ရောက်တယ် .... (မှန်ပါ့) "မာနသမ္ဘူတော" ဆိုတဲ့အတိုင်းတဲ့ မာနရှိကောင်းတယ်....(မှန်ပါ့)သူများတောင်ရသေးတာဘဲ၊ ငါဘယ်နှယ်ကြောင့် မရဘဲရှိရမလဲဆိုတဲ့ မာန်တက်ရတယ်....(မှန်ပါ့ဘုရား)။

မာန်တက်ပြီးသကာလ အားထုတ်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့မကိုက်ပေဘူးလား.... (ကိုက်ပါတယ်) ဒါဖြင့် ဒီမဂ် ဘာပယ်မတုံးမေးတော့ ...(မာနပယ်ပါတယ်ဘုရား)။

ဟာ....ဒါဖြင့် မာနကြောင့်ဖြစ်တာ၊ မာနဘဲပြန်ပယ်တယ်. (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီဥစ္စာဖြစ်ကောင်း- မဖြ ကောင်း....(ဖြစ်ကောင်းပါတယ်ဘုရား)။

တကာသစ် နေရာကျပလား .... (ကျပါပြီ) ရှင်းပြီနော်.. (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့မှာ ဒီတဏှာ, ဒီမာန် မျိုးမရှိသေးလို့လဲ တကာကြွယ်တို့၊ ဦးမာဒင်တို့၊ တကာသစ်တို့ ဒါလိုနေသေးတယ်... (လိုပါတယ်) မလိုဘူးလားဗျာ .... (လိုပါ တယ်ဘုရား)။

ဒီတဏှာကလဲ လိုနေသေးတယ်.... (မှန်ပါ့)မာနကော .... (လိုပါတယ်ဘုရား)။

ဟာ....ဒီဥစ္စာတွေ ဒီ့ပြင်နေရာကျတော့ ခင်ဗျားတို့က မလို ဘူး....(မလိုပါ)ဒီနေရာကျမှ....(လိုပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ဒါကလေး ပြင်လိုက်ပါဦး....(မှန်ပါ့) မပြော သင့်ဘူးလား... (ပြောသင့်ပါတယ်ဘုရား)။

ဒါကလေး ဘာတဲ့တုံး....(ပြင်လိုက်ပါဦး)ဒီနေရာမှာ တဏှာ ထားကောင်းပါတယ်၊ လောကုတ္တရာနေရာမှာလဲ.... (မှန်ဖ၊) မာနကော....(ထားကောင်းပါတယ်ဘုရား)။

ဒီတဏှာ, မာနသည်ကားလို့ ဆိုယင် တကာ တကာမတို့ နောက်ဘဝ ပဋိသန္ဓေဆိုတဲ့ အပါယ်လေးပါး ရောက်ဦးမှာလား မရောက်ဘူးလား....(မရောက်ပါဘုရား)။

မရောက်ဘူးလို့ သေသေချာချာ အဌကထာဆရာဖွင့်တယ်- (မှန်ပါ) ဘာဖြစ်လို့ မရောက်သတုံးလို့မေးတော့ မင်းက မာနပယ်လိုက်တယ်.... (မှန်ပါ) ဒီမင်းက တဏှာကိုပယ်လိုက်တယ်.... (မှန်ပါဘုရား)။

အစတုန်းကသာ တဏှာနဲ့အားထုတ်တယ်....(မှန်ပါ) မာနနဲ့ အားထုတ်တယ်....(မှန်ပါ) အားထုတ်ပြီးတဲ့ အခါကျလို့ ရှိယင် ဖြင့် အားထုတ်တဲ့မင်းက ဘာပယ်သတုံး.... (မာနပယ်ပါတယ်) တဏှာကော....(ပယ်ပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းရင်းခံဖြစ်တဲ့ တဏှာပယ်နိုင်တဲ့ မင်းလာ တော့ ကျုပ်တို့သည်၊သြော်. ဒီတဏှာ အပါယ်ရောက်ဦးမှာလား ဒီမာန အပါယ်ရောက်ဦးမှာလားဆိုတာ ယနေ့ဆုံးဖြတ်ချက်ချ၊ ဘယ်တော့မှ မရောက်ဘူးတဲ့....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတော့ အားထုတ်တဲ့အခါ မှာ ဒီတဏှာမျိုးလဲ လိုတယ် (လိုပါတယ်ဘုရား)မာနကော.... (လိုပါတယ်ဘုရား)။

ဟာ....တပည့်တော်တို့ တဏှာမာနဟာ သူတို့နဲ့ချည့် အား ထုတ်ရမှာလား၊ ရိုးရိုးသံဝေဂနဲ့ကော မရဘူးလားဆိုလို့ ရှိယင်လဲ ရိုးရိုးသံဝေဂဉာဏ်နဲ့လဲ ရပါတယ်. (ရပါတယ်ဘုရား)။

ဒါဖြင့် အားထုတ်နည်း ဘယ်နှစ်မျိုးသင်ပါလိမ့် ... (နှစ်မျိုး ပါဘုရား) သုံးမျိုးသင်လိုက်တယ် (မှန်ပါ)။

သံဝေဂ အိုဘေး, နာဘေး, သေဘေးကြောက်ပြီးသကာလ အားထုတ်တဲ့ သံဝေဂနဲ့ အားထုတ်ယင်လဲ ရပါတယ်- (မှန်ပါ) ရှင်းပလား. (ရှင်းပါပြီဘုရား)။

သူမျှားရသလို ရချင်တဲ့တဏှာနဲ့ အားထုတ်ယင်....(ရပါတယ်ဘုရား)။

သူမျှားကို မခံချင်လို့ အားထုတ်ယင်ကော.... (ရပါတယ်ဘုရား)။

ဒါဖြင့် သံဝေဂဉာဏ်နဲ့လဲ ဝိပဿနာ အထမြောက်နိုင်ပါတယ်.. (မှန်ပါ) မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါတယ်.... (မှန်ပါ) တဏှာနဲ့လဲ....(ရနိုင်ပါတယ်ဘုရား)မာနနဲ့လဲ.... (ရနိုင်ပါတယ်ဘုရား) ဒါဖြင့် ရနိုင်တဲ့နည်း ဘယ်နှစ်နည်းပါလိမ့်....(သုံးနည်းပါဘုရား)။

အဲဒီသုံးနည်း သပိတ်မှောက်ယင်တော့ဖြင့် သွားပြီ ခင်ဗျားတို့ ဘယ်ဘော့မှမရဘူး....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်နှစ်နည်းဟောသတုံး .... (သုံးနည်း ဟောပါတယ်ဘုရား)။

သံဝေဂဉာဏ်ကြောင့်လဲ ဝိပဿနာအားထုတ်ယင်.... (ရပါတယ်) မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်တယ်. (မှန်ပါ)။

တဏှာနဲ့လိုချင်လို့ အားထုတ်ယင်.. (ရနိုင်ပါတယ်ဘုရား) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရနိုင်တယ်။

မာနနဲ့ မခံချင်လို့ အားထုတ်ယင်ကော....(မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါတယ်ဘုရား)။

ဒါဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရခြင်း၏အကြောင်း ယနေ့ဘယ်နှစ်ကြောင်းဟောပါလိမ့်.... (သုံးကြောင်းဟောပါတယ်ဘုရား)။

သံဝေဂတချက်....(မှန်ပါ့) တဏှာနဲ့.... (တချက်ပါဘုရား) မာနနဲ့....(တချက်ပါဘုရား)။

ဒါဖြင့် တကာသစ် ဘယ်ဟာကြိုက်သတုံး.... (သုံးမျိုးစလုံး ကြိုက်ပါတယ်ဘုရား)။

သုံးချက်စလုံးကြိုက်တယ်.... (မှန်ပါ့)ဟာ.... မဖြစ်ဘူး ဒီလို တော့လဲ ဒီလိုတော့လဲ မဖြစ်ဘူး။

တကာတကာမတို့ ဒီလိုတော့လဲ မဖြစ်ဘူး၊ ဘာဖြစ်လို့ မဖြစ် သလဲလို့ မေးတဲ့အခါကျတော့ သံဝေဂဝင်နေတဲ့ အချိန်ကျ တော့ တဏှာမာနက အနားမကပ်ဘူး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တဏှာဝင်နေတဲ့ အချိန်မှာလဲတဲ့ မာနအနားမကပ်ဘူး.... (မှန်ပါ့) မာနဝင်နေတဲ့အချိန်မှာလဲ.... (တဏှာအနားမကပ်ပါ ဘုရား) တဏှာအနားမကပ်ဘူးဆိုတော့ သူတို့သုံးခုဟာ တခုခုက ဖိုလ်လုပ်နေတယ်....(မှန်ပါ့ဘုရား)။

သံဝေဂဝင်တဲ့အခါကျတော့ ဥာဏ်က ဖိုလ်လုပ်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာဝင်နေတဲ့အခါကျတော့ တဏှာက ဖိုလ်လုပ်တယ် .... (မှန်ပါ့) မာန- ခက်ထန်တဲ့အခါကျတော့.... (မာနက ဖိုလ်လုပ် ပါတယ်ဘုရား)။

အဲဒီတော့ ဖိုလ်- ဖိုလ်ချင်းတော့ဖြင့် မပြိုင်ပေဘူး (မှန်ပါ့) တခုခုနဲ့ဖြင့် တကာတကာမတို့ အားထုတ်ရလိမ့်မယ်.... (မှန်ပါ့ ဘုရား)။

သို့သော် အကောင်းဆုံးကို ပြောရလို့ရှိယင် သံဝေဂနဲ့ အားထုတ်တာ တကာကြွယ် အကောင်းဆုံး.... (မှန်ပါ့ဘုရား)။

တဏှာမာနနဲ့ အားထုတ်တာသည် မဓကောင်းဘူးလား....၊ ကောင်းပါတယ်....(မှန်ပါ့) ဟိုက အကောင်းသာတယ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားထုတ်နည်း ဘယ်နှစ်နည်းသင်ပါလိမ့်....(သုံးမျိုး သင်ပါတယ်) သံဝေဂနဲ့ ဝိပဿနာဉာဏ်က တက်မယ်ဆိုလဲ ရတယ်....(မှန်ပါ့) တဏှာနဲ့ သူတပါးရလို့ ရချင်လို့ တက်ယင်လဲ... (ရပါတယ်ဘုရား) မာနနဲ့ မခံချင်လို့ တက်ယင်လဲ.... (ရပါတယ်ဘုရား)။

အဲဒီသုံးနည်းကိုဖြင့် တကာတကာမတို့ ကြိုက်ရာအားထုတ်ပါ အပြစ်တော့ဖြင့် မရှိတာချည့်ဘဲ....(မှန်ပါ့) သဘောပါပလား.... (ပါပါပြီဘုရား)။

အဲဒီသုံးနည်း တနည်းနည်း လက်ကိုင်ထားယင်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒီဘဝ ရ,ရမယ်လို့ ဆုံးဖြတ်ချက်ချ ... (မှန်လှပါ ဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့၊

သာဓု....သာဓု.. သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်းလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
(ဥာဏ်သုံးပါးခွဲပြပုံ)

နေ့အလုပ်ပေး-တရားတော်

(၁-၉-၆၁)

တကာတကာမတွေ မြို့ကြီးပြကြီးတွေကို သွားကြလာကြတဲ့ အခါကျတော့ ရန်ကုန်တို့, မန္တလေးတို့ မရောက်ဘူးတဲ့နေရာ ကျလာပြီဆိုမှဖြင့် လမ်းပြကောင်းဟာ အရေးကြီးသလိုဘဲ-တဲ့၊ တကာတကာမတို့ နီဗွာန်, မင်, ဖိုလ် တည်းဟူသော မြို့ကြီးကို သွားကြလာကြတော့မယ် ဆိုလို့ရှိယင်ဖြင့် လမ်းပြကောင်းမပါ လို့ရှိယင်လဲမရနိုင်ဘူးဆိုတဲ့ဥစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောခဲ့တယ်....(မှန်ပါ့)။

ဒါဖြင့် လမ်းပြဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျ တော့ သူတော်ကောင်းလို့ မှတ်ကြပါ... (မှန်ပါ့ဘုရား)။

လမ်းပြဆိုတာ ဘာပါလိမ့်.... (သူတော်ကောင်းပါဘုရား) အဲဒီ သူတော်ကောင်းတည်းဟူသော လမ်းပြမရှိမယ်ဆိုလို့ရှိယင် ဖြင့် ကိုယ့်အိမ် ကိုယ့်ရာထဲမှာသာလျှင်နေကြပြီး အခုကဲ့သို့ မရှာ ကြပြီဆိုမှဖြင့် ပြောသံကြားလမ်းနဲ့ သွားနေကြမှာဘဲ.. (မှန်ပါ့ ဘုရား)။

ပြောသံကြားလမ်းနဲ့ သွားနေပြီဆိုမှဖြင့် တကာတကာမတွေ ပြောတဲ့ပုဂ္ဂိုလ်ကလဲ အစုံအလင်မသိတဲ့ပုဂ္ဂိုလ်က ပြောမယ်ဆိုလို့ ရှိယင် တကာသစ်ရေ ကိုယ်လိုချင်တဲ့ခရီးကိုတော့ဖြင့် ရောက်ကြ မယ်မဟုတ်ပါဘူး....(မရောက်ပါဘုရား)။

ဒါကြောင့် တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ် ကြီးကမာဂဏ္ဍ ပုဏ္ဏားကြီးများဟောတဲ့နေရာကျတော့မင်ဘာဏ် ဖိုလ်ဘာဏ်တို့၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်,ဒုက္ခခပ်သိမ်းကင်းတဲ့ နိဗ္ဗာန် ကြီးများ မင်းရောက်ချင်တယ်ဆိုလို့ ရှိယင်ကော--သူတော်ကောင်း ဆည်းကပ်ပါဦး၊ လမ်းပြကောင်းရှာပါဦးဆိုတာကို တကာကြွယ် သေသေချာချာ ဟောခဲ့တယ်....(မှန်ပါ့ဘုရား)။

ဒီသူတော်ကောင်းတည်းဟူသော ပုဂ္ဂိုလ်မှ တကာတကာမ တွေ ဆည်းကပ်မှုမရတော့ဘူး ဆိုလို့ ရှိယင်ဖြင့် ကိုယ် အိမ်ကိုယ့်ရာ ကိုယ် အရပ်ထဲမှာပင် နေကြမယ်ဆိုလို့ ရှိယင်ဖြင့် ဒါနဲ့ တင်း တိမ်ယင်လဲ တင်းတိမ်နေကြမယ်.... (မှန်ပါ့) သီလနဲ့ တင်းတိမ် ယင်လဲ... (တင်းတိမ်နေကြပါမယ်ဘုရား) သမထနဲ့တင်းတိမ်ယင် ကော....(တင်းတိမ်ပါမယ်ဘုရား)။

တင်းသာတင်းတိမ်ရတယ် တကာသစ်ရေ-တကယ် အနုသယ ကိလေသာကို ဒါနက မဖြတ်နိုင်ဘူး.... (မှန်ပါ့) သီလကလဲ.... (မဖြတ်နိုင်ပါဘုရား)သမထကလဲ....(မဖြတ်နိုင်ပါဘုရား)။

အေး....ဒါ့ကြောင့် ဒီ-ကိလေသာ မဖြတ်နိုင်လို့ ရှိယင် ကိလေ သာဆိုတာ တဏှာ၊ တဏှာမချုပ်ဘဲနဲ့ ဥပါဒါန်က မချုပ်၊ ဥပါ ဒါန်က မချုပ်လို့ ရှိယင် ကံက....(မချုပ်ပါဘုရား) ကံကမချုပ် လို့ရှိယင် နောက်လာမည့် ဇာတိဇရာမရဏတွေကော - (မချုပ် ပါဘုရား) မချုပ်ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အဲဒါနေကြောင့် ဝိပဿနာနဲ့ ဝိပဿနာ၏အဆုံးဖြစ်တဲ့ မဂ်စစ်မျှားကို မရသချိုကာလပတ်လုံးဖြင့် တကာဘကာမတို့၏ သန္တာန်မှာရှိတဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဟာ တဏှာလဲ ဘယ်တော့မှမချုပ်ဘူး-ဥပါဒါန်ကံတွေကော ... (မချုပ်ပါဘုရား)။

မချုပ်သချိ ကာလပတ်လုံးလဲ ဇာတိဇရာမရဏက သူ့-ရေသောက်မြစ်မှ မပြတ်ဘဲနဲ့ ဇာတိဇရာမရဏဆိုတဲ့ ပင်စည်ခက်မကြီး အလိုလိုပေါ်ရိုဆွေးသွားပါလိမ့်မယ်ဆိုတဲ့ဥစ္စာ ဘယ်အခါကာလမှ စိတ်ထဲမှာဖြင့် မေ့အာက်မေ့ပါနဲ့၊ မပေါ်မရိမဆွေးပါဘူး-(မှန်ပါ့ဘုရား)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် လမ်းပြကောင်းသည် တကာကြွယ်တို့, ဦးလှဘူးတို့ အလွန်လိုဘယ်ဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ် ဘုရား)။

လောကီဥပမာ ပေသေချာချာ ပြောကြပါစို့ ဆိုပေါ့ ဘုရားတည်းဟူသောလမ်းပြကောင်းတပါးမပေါ်လာသချိကာလ ပတ်လုံးဟာ လူတိုင်း လူတိုင်းဟာ အကုန်ဘဲ မိဘရိုးရာနဲ့ ကိုးကွယ်ချင်ရာ ကိုးကွယ်ပြီးသကာလ အပါယ်ချည့်သွားကြတာဘဲ-(မှန်ပါ့ဘုရား)။

လမ်းပြကောင်းဘုရား ပေါ်လာတဲ့အခါကျတော့မှ နှုတ်ခဲ့လေးသခင်ကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်း အရေအတွက်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ မအို, မသေ အမြဲနေတဲ့ နိဗ္ဗာန်ကြီးကို သူတပါး ဆောင်သွားတာနဲ့ ရောက်ပါတယ်.... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အရေးအကြီးဆုံး အချက်သည် ကလျာဏမိတ္တဆိုတဲ့ လမ်းပြကောင်း အရေးကြီးတယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် မာဂလ္လာ ပုဏ္ဏားကြီးက အရှင်ဘုရား... တဲ့ တပည့်တော်ခန္ဓာကိုယ်ထဲမှာ အနာကင်းတာလဲ သိပါရစေ, နိုဗ္ဗာန်လဲ သိပါရစေဆိုတော့... (မှန်ပါ) အနာရှိတာလဲ သိပါရစေ၊ အနာကင်းတာလဲ သိပါရစေ, နိုဗ္ဗာန်လဲ သိပါရစေဆိုတော့ ဒီအတိုင်းတော့ မသိနိုင်ဘူးဟေ.... လမ်းပြကောင်း ရှာဦးကွဆိုတာ အမိန့်ပေးခဲ့တယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာမှာပါလိမ့်.... (လမ်းပြကောင်း ရှာဦးလို့ မှာခဲ့ပါတယ်ဘုရား)။

ခေါင်းဆောင်ကောင်း,လမ်းပြကောင်း ရှာဦးဆိုတာ တကာတကာမတို့ အလွန်အရေးတကြီး မမှာဘူးလား.... (မှာပါတယ် ဘုရား)။

ဒါက တကာတကာမတို့ ရှေ့သွားခေါင်းဆောင် လမ်းပြကောင်း မရှိပြီဆိုမှဖြင့်လဲတဲ့ လိုရာခရီး အပြီးတိုင် မရောက်နိုင်ဘူးဆိုတာ ဘုရားမြင်တော်မူလို့ ပြောတာဘဲ.... (မှန်လှပါဘုရား)။

နို့-လမ်းပြကောင်းက သူတော်ကောင်းနား ဆည်းကပ်ပေမဲ့ လဲ ကိုယ်က ဝေယျာဝစ္စကလေးနဲ့ အချိန်ကုန်နေကြပြီးဆိုတော့ သူကောင်းကောင်းနားတော့ကပ်ပါရဲ့ ဝေယျာဝစ္စကလေး လှမ္ဘူ, တန်းမှုကလေးနဲ့ ဒီကံမျိုးနဲ့ ကပ်လို့လဲ မရသေးဘူးတဲ့.... (မှန်လှပါဘုရား)။

သူပြောတဲ့တရား, ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်ပုံ, သစ္စာမြင်အောင် ဟောတဲ့တရားတွေကိုလဲ မြင်ရအောင် ကိုယ်ကလဲ ဒီလိုတရားတွေလဲ နာရဦးမှ... (မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့တရား, သစ္စာဆိုက်တဲ့တရားကိုလဲ တကာ ကြွယ် နာရဦးမှတဲ့....(မှန်ပါ) ဒါ့မနာရခဲသးလို့ ခုနင်က ပြော ခဲ့တဲ့ ဒါနတရား, သီလတရား, သမထတရားခလောက်နဲ့လဲ မရ သေးဘူး....(မရသေးပါဘုရား)။

နို့ဒီတရားတွေက နာရပါတယ် ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့တရား, သစ္စာဆိုက်တဲ့တရား နာရပြီးသော်လဲ ကိုယ်.က မကျင့်ကြံပြန်လို့ ရှိယင်လဲ တကာတကာမတို့ မရပြန်ဘူးတဲ့... (မှန်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ခဏခဏပြောခဲ့တယ် တကာသစ်တို့... "သူတော်ဆည်းကပ်၊ မြတ်တရားနာ''ဆိုတာလေ.... (မှန်လှပါ) "လျော်စွာကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ"ဆိုတာ အခြား ကလာတာမဟုတ်ဘူး၊ မာဂဏ္ဍပုဏ္ဏားကြီးကို ဘုရားက မင်းခန္ဓာ ကိုယ်ထဲမှာ အနာရှိတာကို သိချင်, အနာကင်းတာကိုလဲ သိချင် ပါတယ်၊ နိဗ္ဗာန်ကိုလဲ သိချင်ပါတယ်ဆိုယင်ဖြင့် သူတော် ကောင်းဆည်းကပ်ပြီး တရားနာပါကွာ....တဲ့... (မှန်ပါ)။

သူတော်ကောင်းဆည်းကပ်ရမှာ ၁-နံပါတ်ပေါ့ဗျာ-(မှန်ပါ) တရားနာရမှာက.... (၂-နံပါတ်ပါ) နာပြီးသကာလ နာရုံဇွင် ဓမ္မဒေဿနာ, ဓမ္မသ္သဝနကုသိုလ်ကလေးမျှနဲ့လဲ တကာတကာမ တွေ့ ကိစ္စမပြီးဘူးတဲ့နော်....(မှန်ပါ)။

ဓမ္မသ္သဝန=တရားနာတဲ့ ကုသိုလ်ကလေးမျှနဲ့လဲ ကိစ္စမပြီးသေး တော့ ဓမ္မာနုဓမ္မပဋိပတ်ဆိုတဲ့ လျော်စွာကျင့်တဲ့ အလုပ်ကလဲ အပျက်နဲ့မဂ်နဲ့ကိုက်ဘို့ရာအရေးကလဲ ၃-နံပါတ် အရေးကြီးတယ် (မှန်ပါဘုရား)။

သူတော်ကောင်း ဆည်းကပ်ဘို့က ၁-နံပါတ်အရေးကြီးပါတယ်....(မှန်ပါ့) တရားနာဘို့က.... (၂-နံပါတ် အရေးကြီးပါတယ်) လျှောက်စွာကျင့်ဘို့က.... (၃-နံပါတ် အရေးကြီးပါတယ် ဘုရား)။

ဒီ-သုံးချက် ညီလို့ရှိယင်ဖြင့် မာဂဏ္ဍပုဏ္ဏားကြီး မင်းသည်ကားလို့ ဆိုလို့ရှိယင်ပြင့် ခန္ဓာကိုယ်မှာ အနာကင်းတာကိုလဲ သိပါလိမ့်မယ်ကွာ....တဲ့.... (မှန်ပါ့)။

နိုဗ္ဗာန်ကိုလဲ သိပါလိမ့်မယ်....တဲ့၊ ဒီသုံးချက် မပြည့်စုံလို့ရှိယင်ဖြင့် ငါဘုရားမတတ်နိုင်ဘူး တဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီသုံးချက်ဖြင့် ပြည့်စုံအောင်လုပ်ကြပါနော်.. (မှန်ပါ့) သူတော်ကောင်းဆည်းကပ်တာ ၁-နံပါတ်...(မှန်ပါ့) ဟောတတ်ပြောတတ်တဲ့ သူတော်ကောင်းထံမှ သစ္စာတရားနဲ့ ပဋိစ္စသမုပ္ပါဒ်တရား နာရဘို့ရာက.... (၂ နံပါတ်ပါဘုရား) နာရုံတွင်နာပြီး ကိုယ့်ခန္ဓာထဲရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုကိုယ်ပြုတ်အောင်မှ ကိုယ့်ဥာဏ်နဲ့ မရှုနိုင်လို့ရှိယင်လဲ ဓမ္မာနုမေ့ပ္ပဋိပတ္တိဆိုတဲ့ အကျင့်ကလဲ မဖြစ်ပြန်ဘူး.... (မှန်ပါ့ဘုရား)။

မပြစ်ပြန်လို့ရှိယင်လဲ ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ ၃-နံပါတ်လိုရင်းကျမှ ဟာနေပြန်လို့ရှိယင်လဲ သူတော်ကောင်းလဲ ဆည်းကပ်ပါတယ် တရားလဲနာပါတယ်ဘုရား၊ အကျင့်ကိုမလုပ်ဘူးဆိုလို့ရှိယင်လဲ တကာသင်ရေ မပြီးဘူးလို့ဘုရားက ဟောလိုက်တယ်....(မှန်ပါ့)။

ဒါ့ကြောင့်ဘုန်းကြီးတို့ဘကာတကာမခင်ဗျာ သူတော်ခံကောင်းလဲဆည်းကပ်ကြပါ.... (မှန်ပါ့) သစ္စာဘုံးပဋ္ဌိစ္စသမုပ္ပါဒ်ဘရုံးမျှားကိုလဲ....(နာကြရုပါမယ်ဘုရား) နာရလိမ့်မယ်နော်(မှန်ပါ့) နာလို့မှတ်မိတဲ့ဘရားကိုလဲ ခန္ဓာဥာဏ်စိုက်ပြီး ဟောဒါကလေး ဟာက ပဋ္ဌိစ္စသမုပ္ပါဒ် စ,ပေါ်တာပဲ ဟောဒါကလေး ဖြစ်ပျက်ရှုမယ်ဆိုတာကိုလဲ စ,ပေါ်လာလို့ ဖြစ်ပျက်ရှုနိုင်ယင် ရှု၊ မရှုနိုင်လို့ လွန်သွားပြန်ယင်ဒုက်ခယသွန်သွားဘဲ့ဘရားကခေါ်ကိုလဲအနှစ်ခ္ဓ ရှုနိုင်ယင် ရှုပေါ့ဗျာ.. (မှန်ပါ့ဘုရား)။

ကိုယ်သန္ဓာန်ထဲ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကိုမှ ကိုယ်က ဒုက္ခသစ္စာအဖြစ်နဲ့ မရှုဘတ်ခေါ်ခေါ်ကာလပတ်လုံးဖြင့် လျှောက်တဲ့အကျင့် မဟုတ်ခေါ်ဘူးတဲ့....(မှန်ပါ့) သခင်ဘပါပါလား...(ပါ ပါပြီရှုဆုံး)။

ဒါဖြင့် တတိယအချက်ဟာ တကာတကာမတို့ အလုပ်ခွင် ဟောတာဘဲဆိုဘဲ့ဥစ္စာ တကာ့ကြွယ် ဆေသောချောချော မှတ်ပါ.... (မှန်ပါ့ဘုရား)။

ကိုင်း....တကာတကာမတို့ ကိုယ်သန္ဓာန်မှာ တကာသစ်ဘဲ ဖေ...သိပါတယ်ဘဲ့ အဆင်းကလေးတခု မြင်လိုက်ဘယ်.... (မှန်ပါ့)။

အဆင်းကလေးတခု တကာဘကာမခင်ဗျာ မြင်လိုက်တယ်၊ ဝါ ဝါအဆင်းကလေး, ဖြူ||ဖြူ|| အဆင်းကလေး, ချောတဲ့လှတဲ့ အဆင်းကလူး, အရုပ်ဆိုးတဲ့ အဆင်းကလေးပေါ့ဗျာ- (မှန်ပါ့ ဘုရား)။

အဲဒီအဆင်းကလေး မြင်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီ.... အဆင်းကိုတကာ့တကာမတွေ့က ပဋ္ဌိစ္စသမုပ္ပါဒ်ကတော့ဒီအဆင်းကြောင့် စ,တော့မှာဘဲ တကာသစ်ရေ... (မှန်ပါ့ဘုရား)။

ဥပမာ အပြစ်မြင်စရာ, မကြည်ညိုစရာ အဆင်းကလေး တခု မြင်လိုက်ပြီ... (မှန်ပါ့) မြင်လိုက်တည်နဲ့ တပြိုင်နက်တည်း မြင်တဲ့စိတ်တော့ ပေါ်တော့မှာဘဲ... (ပေါ်ပါတယ်ဘုရား) ပေါ်တာဟာ တကာတစာမတို့ မှတ်လိုက် ဒါ....ပဋ္ဌိစ္စသမုပ္ပါဒ်စ,တာဘဲ.... (မှန်ပါ့)။

မြင်တဲ့စိတ်ကလေးဟာ.... (ပဋ္ဌိစ္စသမုပ္ပါဒ် စ,တာပါဘုရား) ကောင်းပြီ၊ ဒါ စ,တာ၊ စ,တော့ .... တကာ တကာမတွေ့ကသြော်.... ဒါ ဘာပါလိမ့်မတုံးလို့ မတွေးပါနဲ့နော်.... (မှန်ပါ့) သြော်... မိမိသန္တာန် ပဋ္ဌိစ္စသမုပ္ပါဒ်စ,တာလို့သာ တွေးလိုက်ပါ- (မှန်ပါ့)။

ဘယ်လိုတွေးကြမယ်.... (မိမိသန္တာန် ပဋ္ဌိစ္စသမုပ္ပါဒ်စ,တာပါဘုရား) အဲ... ပဋ္ဌိစ္စသမုပ္ပါဒ် စ,လာလို့ ရှိယင်ဖြင့် ဒါ-ကိုယ့်ခန္ဓာမှာ အခုနေ့ဟာမှာ အခုပဋ္ဌိစ္စသမုပ္ပါဒ်စ,တာဘဲ....(မှန်ပါ့) ခုနင်ကအဆင်းက မုန်းစရာ,ရွံ့စရာကိုး တကာသစ်ရ... (မှန်ပါ့)။

မြင်လိုက်ပြီဆိုကြပါစို့.... (မှန်ပါ့) မြင်ရုံ အပြစ်မရှိသေးပါဘူး... (မှန်ပါ့)မြင်သည်နဲ့ တပြိုင်နက်တည်းတကာတကာမတွေ့ကဒေါသတွေ့ဖြစ်တယ်... (မှန်ပါ့) ဒေါသတွေ့ဖြစ်လာတယ်ဆိုတဲ့ဥစ္စာ ပဋ္ဌိစ္စသမုပ္ပါဒ် မြင်လိုက်တဲ့အစ,ကခလေးကို ကျုပ်တို့ကပဋ္ဌိစ္စသမုပ္ပါဒ်စ,ပါပေါ့လား၊ ဒီစ,တာကလေးသည်ကား ဘယ်

လိုဖြစ်မည့် တရားကလေးပါလိမ့်မလဲ ဆိုပြီးသကာလ တကာ တကာမတွေက ဆင်ခြင်မှုမရှိလိုက်တော့ မြင်သည်နဲ့ တပြိုင်နက် တည်း ဒေါသကလေး ဖြစ်လာတယ်.... (မှန်ပါ့) မမြင်ချင်တာ မြင်ရလေခြင်းဆိုတဲ့ ဒေါသကလေး မလာဘူးလား.... (လာပါ တယ်ဘုရား)။

သြော်....ဘယ်နှယ်ကြောင့် ဒီဒေါသ လိုက်လာပါလိမ့်မတုံး ဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ် အစ,မမိလိုက်ဘူး....(မှန်လှပါ)။

ဘာမမိလိုက်သတုံး (ပဋ္ဌိစ္စသမုပ္ပါဒ် အစ,မမိလိုက်ပါဘုရား) တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်အစ,မိဘုံဆိုတာ မြင်ယင် တခါ တည်း မြင်စိတ်ကလေးပေါ်ပြီ.. လို့ စိတ္တာနုပဿနာသမားက မြင်စိတ်ကလေးကို မြင်စိတ်ကလေးပေါ်လာတယ်ဆိုယင် ဒါ.... ပဋ္ဌိစ္စသမုပ္ပါဒ်အစ,ဘဲ.. (မှန်ပါ့)။

အဲဒီဥစ္စာကလေးမြင်လိုက်သည်နဲ့တပြိုင်နက်တည်းတကာတကာ မတွေက ဒီမြင်စိတ်ကလေးကို ဖြစ်ပျက်ရှုနိုင်ရှု.... (မှန်ပါ့) ဖြစ် ပျက်ရှုလိုက်တော့ တကာတကာမတွေ အနိဋ္ဌာရုံဆိုတဲ့အာရုံကို မြင်ရပြီးသော်လဲ နောက်က ဒေါသလိုက်သေးရဲ့လား-(မလိုက် ပါဘုရား)။

သြော်.... ဒါ အစ,မိလိုက်ပြန်တော့လဲ တကာ တကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်သည်ဒေါသ,သောက,ပရိဒေဝ,ဥပါယာသ,အဝိဇ္ဇာ သင်္ခါရဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် အဆုံးကနေ ပြန်ပတ်မည့်ဥစ္စာဟာ တကာသစ် လာသေးရဲ့လား....(မလာပါဘုရား)။

အင်း... တကာတကာမတွေ ဘာမိလိုက်လို့ပါလိမ့်.... (အစ မိလိုက်လို့ပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ်အစ,မိလိုက်တယ်.... (မှန်ပါ့ ဘုရား)။

တော်သေးတယ် တကာသစ်ရေ.... (မှန်ပါ) တကာ့ကြွယ် တော်သေးတယ်နော်....(တော်သေးပါတယ်ဘုရား) ဘာမိလိုက် တာတုံး...(ပဋ္ဌိစ္စသမုပ္ပါဒ်အစ,မိပါတယ်ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် အစ,ကလေးကို ဘုန်းကြီးတို့ တကာတကာမ တွေက မိလိုက်တယ်.... (မှန်ပါ) အစကလေးကို နောက်ကနေ မင်နဲ့လိုက်ပြီးသကာလ ဖြစ်ပျက်ရှုနိုင်တဲ့စွမ်းရည်သတ္တိရှိတဲ့အတွက် နောက်က မြင်ရတာ ကျုပ်ဖြင့် စိတ်ပျက်လိုက်ဘာဆိုတဲ့ ဒေါသ မလိုက်ဘူး... (မလိုက်ပါဘုရား) လိုက်သေးရဲ့လား....(မလိုက်ပါ ဘုရား) မလိုက်ဘော့ဘူးဆိုတာ ဘာမိလိုက်လို့ပါလိမ့်....(ပဋ္ဌိစ္စ သမုပ္ပါဒ် အစ,မိလိုက်လို့ပါဘုရား)။

ကိုင်း....ဒါဖြင့် အစ,မိလိုက်ဘော့ကို ဘာဖြစ်သွားသတုံး ဆိုတော့ သူက တကာတကာမတို့ ခင်ဗျားတို့ကိုသံသရာမှာ သူ လှည့်ပြီးသကာလ ဒုက္ခပေးမလို့ စ,လိုက်တာကိုး.... (မှန်ပါ)။

သူ့ကို မိလိုက်လို့ရှိယင်လဲ တကာတကာမတွေ သူက တကာ တကာမတို့အား ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဆက်ဖြစ်သေးရဲ့လား-(မဆက် ဖြစ်ပါဘုရား) ဘယ့်နှယ်ကြောင့် မဆက်ဖြစ်ပါလိမ့်မတုံးဆိုတော့ ကျုပ်တို့က အစ,မိလိုက်လို့....(မှန်လှပါ)။

တကာ့ကြွယ် ဘာတဲ့တုံး....(ပဋ္ဌိစ္စသမုပ္ပါဒ်အစ,မိလိုက်လို့ပါ ဘုရား) စ,လိုက်တဲ့ပဋ္ဌိစ္စသမုပ္ပါဒ် မြင်စိတ်ကလေးကို ကျုပ်တို့က တခါတည်း မြင်တဲ့စိတ်ကလေးဟာ မြင်ပြီးပျက်ဘာဘဲဆိုတဲ့ဉာဏ် ကခလေးက နောက်ကလိုက်လိုက်တယ်....(မှန်ပါ)။

ဉာဏ်ကလေးက ဒနောက်က လိုက်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်၊ နောက်က ရှုတာကမင်ဆိုတော့ ဒီမင်သည်ကား....လို့

ဆိုယင် နောက်က မြင်ရတာ စိတ်ပျက်လိုက်တာလို့ ဆိုတဲ့ ဒေါသကို တကာသစ် ချုပ်စေဘယ်....(ချုပ်ခဲ့ပါတယ်ဘုရား)။

ဘယ်သူ့ကို ချုပ်စေပါလိမ့်.... (ဒေါသကို ချုပ်ခဲ့ပါဘယ်ဘုရား) စဉ်းစားပါ-စဉ်းစားပါ တကာတကာမခေတ္တ ပါ-အာလုပ်ပေးနေတယ်လို့ မှတ်ပါနော်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် မြင်ရတာ စိတ်ပျက်လိုက်တာဆိုတဲ့ ဒေါသချုပ်သွားပါလိမ့်မလဲ.. လို့ တရားတပ်လုံး ဓမ္မလို့ ရှိယင်ဖြင့် တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ် အစ,မိလိုက်လို့.... (မှန်လှပါဘုရား)။

ဘာမိလိုက်သလဲ....(ပဋ္ဌိစ္စသမုပ္ပါဒ်အစ,မိလိုက်ပါတယ်ဘုရား) တယ်လဲ အဘိုးတန်ပါလားဗျ.... (တန်ပါတယ်ဘုရား) အင်မတန်အဘိုးတန်ပါဘယ် တကာတကာမတို့၊ အစ,မိလိုက်တော့ ဆက်မယ်လို့ လာတာ သံသရာလှည့်ပြီးသကာလ ဒုက္ခပေးမလို့ စ,လိုက်တာ၊ အစ,ကိုဘဲ ကျုပ်တို့က ခေါ်မှန် နိုင်ဘဲ့စွမ်းရည်သတ်တို့၊ အနိစ္စတည်းဟူသော ဥာဏ်နဲ့ မင်း-အနိစ္စဘဲဆိုပြီး သကာလ ကျုပ်တို့ရှုမိတဲ့အတွက်... တဲ့ တကာတကာမတို့ ဒီ မြင်တဲ့စိတ်နောက်ကမင်လိုက်ပြီးသကာလ သေသေချာချာ ကျုပ်တို့ ရှုနိုင်တဲ့အတွက် မြင်ရတာ စိတ်ပျက်လိုက်တာ- မလာတော့ဘူး.... (မလာပါဘုရား)။

နို့မဟုတ်လို့ ရှိယင် သူ ဘယ်သွားမလဲ....လို့ မေးလို့ ရှိယင် မြင်ရတာဆိုတော့ မြင်စိတ်ပေါ်တာ သူပြောတာ.... (မှန်ပါ့) စိတ်ပျက်လိုက်တာဆိုတာက ဒေါသလိုက်လာတာ.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

မြင်ရတာ စိတ်ပျက်လိုက်တာဆိုတော့ ဒီမှာ ခင်ဗျားတို့က ခင်ဗျားတို့စိတ်ထဲမှာဘဲ ဒါပြောတဲ့ အတိုင်း ဖြစ်ဘာဘဲ-(မှန်ပါ့) မြင်ရတာဆိုတာက မျက်လုံးက ခုနင်က မကောင်းတာတွေကို မြင်ရတာ....(မှန်ပါ့)။

စိတ်ပျက်လိုက်တာဆိုကဘယ်းက မြင်တာချုပ်သွားပြီး စိတ်ပျက်တာပေါ်နေလို့ စိတ်ပျက်လိုက်တာ စိတ်ပျက်လိုက်တာ ဆိုတဲ့ အသံထွက်လာတယ် (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒါ... တကာသစ် ဘယ်သူက ထွက်လာတဲ့ အသံပါလိမ့်.... (ဒေါသက ထွက်လာတာပါဘုရား) စိတ်ပျက်လိုက်တာ ဆိုတာ လေ...(မှန်လှပါဘုရား)။

သို့သော်... သူ အကြောင်းမကင်းဘူးလဲပြောတယ်....(မှန်ပါ့) အခကြောင်းမကင်းပါဘူးတဲ့ စိတ်ပျက်ဘာ ကျုပ် အကြောင်းမကင်းပါဘူး ဆိုတာလဲ သူ့ဟာသူ လာပါတယ်.... (မှန်ပါ့ ဘုရား)။

ဘယ်နှယ်ကြောင့် တကာသစ် စိတ်ပျက်သတုံး၊ ဦးမာဒင် ဘယ်နှယ်ကြောင့် စိတ်ပျက်သတုံး၊ အို.... မြင်ရလို့ဘုရား... (မှန်ပါ့) သူ့အကြောင်းဘော့ သူပါလျက်ဗျ.... (ပါလျက်ပါ ဘုရား) မပါဘူးလား...(ပါ-ပါတယ်ဘုရား)။

သူ့အကြောင်းနဲ့သူ ပါလျက်ဖြစ်ပြီးသကာလ ဘြော်....မြင် စိတ်ကနေ စိတ်ပျက်တဲ့စိတ်ကို ကျေးဇူးပြုတယ်ဆိုတာလဲ ခင်ဗျား တို့ စကားထဲမှာ ခင်ဗျားတို့ အပြောထဲမှာ ခင်ဗျားတို့ဖြစ်စဉ်ထဲ

မှာ ပါပြီးသား....(ပါပြီးသားပါဘုရား) ဦးလှဘူး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မြင်ရတာဆိုတာက မြင်စိတ်ပေါ်တာ.... (မှန်ပါ့) စိတ်ပျက်လိုက်တာ ဘုံတာက မြင်ရတာချုပ်ပြီးမှ စိတ်ပျက်တာလာတယ်.... (မှန်ပါ့ဘုရား) ဒေါသလာတာပေါ့ဗျာ ...(မှန်လှပါ)။

ဒါဖြင့် တကာတကာမတို့ ဒီလိုမြင်ရတာ စိတ်ပျက်လိုက်တာဆိုတဲ့ ပဋိဂ္ဂုလ်မှာ ပဋ္ဌိစ္စသမုပ္ပါဒ် အစ,မိတယ်ဆိုမလား-မမိလိုက်ဘူးဆိုမလား....(မမိပါဘုရား) မမိလိုက်ဘူး....(မှန်ပါ့)။

သြော်... ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် အစ,မမိလိုက်တော့ စိတ်ပျက်လိုက်တာဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်သွားတယ် .. (မှန်ပါ့ဘုရား) မြင်ရတာ စိတ်ပျက်လိုက်တာ.... (မှန်ပါ့ဘုရား)။

မြင်ရတာဆိုတာ မြင်စိတ် (မှန်ပါ့) ဘာမှ အပြစ်မရှိသေးဘူး....(မှန်ပါ့) စိတ်ပျက်လိုက်တာဆိုတော့ ဒေါသဖြစ်လာတယ်-(မှန်ပါ့)ဒေါသစိတ်က ထွက်တဲ့အသံဆိုတာ မဒေသချာဘူးလား-(သေချာပါတယ်ဘုရား)။

အဲဒီတော့ တကာသစ်ရေ-ဒီဥစ္စာ ဒီကြားမှာ ကျုပ်တို့ဥာဏ်သွင်းရမယ်....(မှန်ပါ့)မြင်ရတာ စိတ်ပျက်လိုက်တာ မဟာအောင် မြင်စိတ်ကလေးကို ဦးလှဘူး ဘာလုပ်ရမလဲ .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မြင်စိတ်ကလေးဟာ သြော်...ပေါ်ပြီးပျက်တာဘဲလို့ တကာတကာမတွေက ရှုလိုက်တော့ သြော်.... မြင်တဲ့စိတ်ကလေးဟာ မြင်ကာမတွေ့ချုပ်သွားလို့ မသိလိုက်ဘူးလား....(သိလိုက်ပါတယ်ဘုရား)စိတ်ပျက်လိုက်တာလာသေးသလား....(မလာပါဘုရား)။

သြော်....မြင်တဲ့စိတ်ကလေးဟာ မြင်ပြီးချုပ်ပျောက်သွားတာ ကိုးလို့ဆိုတော့ အဲဒီမှာလဲ သူ့ဟာက ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့ အသံထွက်လာတယ်....(ထွက်လာပါတယ်ဘုရား)။

မြင်ပြီဆိုတာက မြင်စိတ်....(မှန်ပါ) မြင်တဲ့စိတ်ကလဲ မြင်ပြီးချုပ်သွားတာကိုးလို့ဆိုတာကလဲ ကိုယ့်သန္တာန်မဂ်ကပြောတယ် (မှန်ပါဘုရား)။

ဘယ်သူက ပြောသလဲ(မဂ်ကပြောပါတယ်)မြင်ပြီးသကာလ မြင်တဲ့စိတ်ကလေးဟာ ချုပ်သွားတာဘဲ ဆိုတော့မြင်ပြီးဆိုတာက မြင်စိတ်ကလေးပေါ်တာ.. (မှန်ပါ) မြင်ပြီးချုပ်သွားတာဘဲလို့ ဆိုတာက ဘယ်သူက ပြောတာကိုး ... မဂ်ကပြောတာပါဘုရား)။

ဒါဖြင့် သူ့ဟာနဲ့သူ တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်တာလဲ အခုအတိုင်း အရှင်းသားဘဲ.. (ရှင်းပါတယ်) ဆက်ပုံလဲ အရှင်းသားဘဲ... (ရှင်းပါတယ်ဘုရား)။

မြင်ရတာ စိတ်ပျက်လိုက်တာဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်သွားတယ်....(မှန်ပါဘုရား)။

မြင်ရတာ....(စိတ်ပျက်လိုက်တာ)ဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်သွားတယ်...(မှန်ပါ) မြင်ရတာပြီးတော့ တကာတကာမတို့ စိတ်ပျက်လိုက်တာဆိုတဲ့ ဒေါသဆက်သွားတယ် (ဆက်သွားပါတယ်)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မြင်တတ်တဲ့ တရားကလေးဟာ မြင်ပြီးချုပ်သွားတာဘဲဆိုဘော့လဲ သူဘာပြောတာတုံး....(မဂ်ပေါ်တာ ပြောတာပါ) ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်သွားတာ ပြောတာ .... (မှန်ပါ

ဘုရား)သူ့ဟာပြောတယ် .... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

အင်း .. ပဋ္ဌိစ္စသမုပ္ပါဒ် ဘာဖြစ်သွားပါလိမ့် .... (ပြောသွားပါ့တယ်ဘုရား) ပြောသွားတယ်ဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

အေး...ဒါကြောင့် တကာတကာမတို့ ဒီအရေးသည် ကိုယ့်ဟာကိုယ် အသိဆုံးဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်တာလဲ အခုဆရာဘုန်းကြီးက နည်းပေးလိုက်သဖြင့် တကာတကာမတွေ သိပါပြီ....(သိပါပြီ) မြင်ရတာ စိတ်ပျက်လိုက်တာဆိုယင်... (ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်ပါတယ်ဘုရား) ဆက်ပြီ....(မှန်ပါ့ဘုရား)။

သြော်....မြင်ပြီးတဲ့ တရားကလေးဟာလဲ မြင်ရာတွင်ဘဲ ချုပ်ပျောက်သွားတာဘဲဆိုတော့ ဘာပြောတာတုံး....(ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား)။

အင်း... မြင်တဲ့တရားကလေး ပေါ်တာလဲ သူပြောတယ်.... (မှန်ပါ့)ပြီးတော့ ချုပ်ပျောက်သွားတာဘဲ ဆိုတာက မဂ်ဝင်လိုက်တာလဲ သူပြောတယ်....(မှန်ပါ့) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

မဂ်ဝင်တာလဲ သူပြောလိုက်ပြန်တဲ့အတွက်တဲ့ သြော်....ကိုယ့်သန္တာန်မှာ တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်ပုံလဲ သိရတယ် (မှန်ပါ့)ပြတ်ပုံကော....(သိရပါတယ်ဘုရား)။

အဲဒါ သူမျှားပြောလားတဲ့ ကိုယ့်သန္တာန်မှာ ကိုယ်ဒီအသံတွေနဲ့ ဒီဥာဏ်တွေဟာ ရှိပြီးသားဘဲ....(မှန်ပါ့ဘုရား)။

ဒီအသံနဲ့ ဒီဥာဏ် ဘယ်နှယ်နေကြသလဲ .... (ရှိပြီးသားပါဘုရား)။

မြင်ရဘာ စိတ်ပျက်လိုက်တာဆိုတဲ့ ဒီအသံကလဲ ရှိတာဘဲ .... (မှန်ပါ့)မြင်တဲ့ဘရားကလေးဟာ မြင်တဲ့နေရာမှာ ဘယ်မှုမသွားဘူးဘုရား၊ ဒီနေရာတွင် မျက်လုံးထဲမှာဘဲ ရှာမတွေ့အောင် ချုပ်ပျောက်သွားတာဘဲဆိုတော့ ဥာဏ်ဟာကော .... (ရှိပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ မြင်ပြီးစိတ်ပျက်တဲ့ အသံ-ပဋိစ္စသမုပ္ပါဒ်ဆက်ပုံလဲ ခင်ဗျားတို့သိပါတယ်.... (မှန်ပါ့) မြင်တဲ့တရားကလေးဟာ မြင်ရာတွင် ချုပ်သွားပါတယ်ဆိုတာကော.... (သိပါတယ်ဘုရား)။

အင်း....ဒီလိုဆိုတော့ တကာတကာမတို့ နှစ်ချက်သိရတယ်.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆက်တာလဲ....(သိရပါတယ်) ပြတ်တာလဲ (သိရပါတယ်ဘုရား)။

ဒီစိတ်ပြီး ဒီစိတ်ပေါ်တာကို မှတ်ပါ(မှန်ပါ့)ဒီစိတ်ပြီးတော့ (ဒီစိတ်ပေါ်တာကို မှတ်နေပါမယ်) မြင်ရတာ စိတ်ပျက်လိုက်တာဆိုတော့ မြင်ရတဲ့စိတ်ကလေးချုပ်ပြီး စိတ်ပျက်လိုက်တာ ဆိုတဲ့ဒေါသပေါ်တယ်ဆိုတာ မှတ်လိုက်စမ်းပါ.. (မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဩော်... မြင်တဲ့တရားကလေးကဘဲ မြင်ပြီးချုပ်သွားတာဘဲလို့ ပြောတာက မြင်တဲ့ကရားပေါ်တာကိုလဲ သိလိုက်တယ် ....

(မှန်ပါ့) ချုပ်သွားတာဘဲဆိုတာလဲ မဂ်ကယ္ဒက်လာတဲ့ အသံ.... (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်တာကိုလဲ ခင်ဗျားတို့ ပါးစပ်ထဲမှာဘဲ ဒီအသံရှိပါတယ်.... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ချုပ်တာလဲ ဒီအထဲမှာဘဲ ဒီအသံရှိပါတယ်....(မှန်ပါ့) မရှိဘူးလား .... (ရှိပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် ဒါ သာသနာတွင်းတရားမို့ ဇာတာကြယ်ရေနက်နက်နဲနဲသိရတယ်....(မှန်ပါ့) နို့မဟုတ်လို့ရှိယင်တော့ ပြောနေကျပြောတဲ့ စကားဘဲဆိုတဲ့အဓိပ္ပါယ်.... (ရပါတယ်ဘုရား)။

အခုတော့ ဒီလိုမကပါဘူး၊ မြင်ရတာ စိတ်ပျက်လိုက်တာလို့ ကိုယ့်ဟာကိုယ် တကာသစ် မြင်ရတာစိတ်ပျက်လိုက်တာဆိုလို့ ရှိယင်ဖြင့် သွားပေါ့ဟေ့....(မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်သွားပြီ (ဆက်သွားပါပြီ)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဩော်....မြင်တတ်တဲ့ တရားကလေးကလဲ မြင်ပြီးချုပ်သွားတာဘဲလို့ ကိုယ့်ဟာကိုယ် တွေးလုံးကလေး ပေါ်လာပြန်လို့ ရှိယင်လဲ ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ်ကိုကိုယ့်ဉာဏ်နဲ့ဖြတ်လိုက်တာ.... (မှန်ပါ့ဘုရား)။

ဘာလုပ်လိုက်ပါလိမ့်....(ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်လိုက်ပါတယ်)အဲဒါက သာသနာတွင်း... (မှန်ပါ့ဘုရား)။

ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်လိုက်တာက .... (သာသနာတွင်းပါဘုရား)။

မြင်ရတာ စိတ်ပျက်လိုက်တာဆိုတာက သာသနာပမ္မာတော့ ဒီအနိဋ္ဌာရုံသာမြင်ရယင် စိတ်ပျက်လိုက်တာ ဆိုတာ လူတိုင်း၏ ထုံးစံ....(မှန်ပါ့ဘုရား)။

စိတ်ပျက်လိုက်တာဆိုတာဟာ(လူတိုင်း၏ထုံးစံပါ)လူတိုင်း ၏ ထုံးစံဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် သာသနာပမ္မာ ပဋ္ဌိစ္စသမုပ္ပါဒ်သည် သံသရာလည်တာ သာ ရှိပါတယ်... (မှန်ပါ့)သာသနာတွင်းကျမှ ဖြတ်လမ်းကလေး များ ပေါ်ပါတယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သာသနာတွင်းကျတော့... (ဖြတ်လမ်းကလေးများ ပေါ်ပါ တယ်ဘုရား)။

ဒါဖြင့် သာသနာ ကိုယ့်သန္တာန်ရှိ-မရှိ တကာတကာမတို့ ကိုယ့်ကိုယ်-ကိုယ်အကဲခတ်....(မှန်ပါ့ဘုရား)။

သာသနာ ကိုယ့်သန္တာန်ရှိ မရှိဗျာ.... (ကိုယ့်ကိုယ်-ကိုယ်အကဲ ခတ်ရမှာပါဘုရား)။

မြင်ရတာ စိတ်ပျက်လိုက်တာဆိုတာဆိုယင် ကိုယ့်သန္တာန် သာသနာတွင်းမဟုတ်ဘူး....(မဟုတ်ပါ)မြင်တဲ့တရားကလေးဟာ မြင်ပြီဘုရား၊ မြင်ပြီးချုပ်သွားတာဘဲဆိုးတော့ .... (သာသနာ တွင်းပါ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ သာသနာတွင်း- သာသနာပ ကို တကာတာမတို့ လတွေ့,နှစ်တွေ့အပိုင်းအခြားထဲ ခဲ့ကြမလား ဟုတ်လား... (မှန်ပါ့) ခန္ဓာဖြစ်စဉ်ခဲ့ကြမလား .... (ခန္ဓာဖြစ်စဉ် ခဲ့ကြပါမယ်)ဪ...ဒါဖြင့် သဘောပါလာပြီ ဦးမာဒင်ရေ.... (မှန်ပါ့ဘုရား)။

အင်း...တကာတကာမတို့ တချို့က သာသနာတွင်း, သာသနာပကို နှစ်ထဲမှာ သွားခဲ့နေတယ် ...(မှန်ပါ့) နှစ်တွေ,လခတွေမှာ ကျုပ်တို့ကတော့ သာသနာတွင်း မေးတာဘဲ.... (မှန်ပါ့) အင်း .. သူ့ဟာသူ မေးနေတာ....(မှန်လှပါ) ဝမ်းထဲမှာတော့ ဘုရားအဆုံးအမကတော့ ရောက်,မရောက် မသိဘူး.... (မရောက်ပါဘုရား) မရောက်တဲ့အဓိပ္ပါယ်က ရှင်းနေတယ်.... (ရှင်းနေပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ "ဝိပဿနာ သာသနသို့ယော" ဝိပဿနာ = ဝိပဿနာသည်၊ သာသနသို့ယော = သာသနာတွင်းဌာသာလျှင်၊ ဟောတိ = ဖြစ်၏ဆိုတော့ ခင်ဗျားတို့ သာသနာတွင်း၊ ခင်ဗျားတို့ သာသနာပဆိုတာ ကိုယ့်ခန္ဓာထဲမှာ ကိုယ်ဆုံးဖြတ်ချက်ချ[ကြ]....(မှန်လှပါ)။

ဘယ်လိုမှတ်[ကြ]မယ်.... (ကိုယ့်ခန္ဓာထဲ ကိုယ်ဆုံးဖြတ်ချက်ချ[ကြ]ရပါမယ်ဘုရား)။

ကိုယ့် သန္တာန်ထဲမှာ ကိုယ်ဆုံးဖြတ်ချက် ချ[ကြ]ပါ။ တာ တကာတကာမတွေ ယနေ့ သာသနာတွင်း, သာသနာပပဲ နှစ်တွေ,လတွေ,ထောင်တွေ,သောင်းတွေထက် ငါးဝေါင်းတွေ, နှစ်ထောင့်ငါးရာတွေထဲ မခွဲဘဲနဲ့ ခန္ဓာထဲ အာရုံတခုမြင်တဲ့နေရာ ခွဲလိုက်....(မှန်လှပါဘုရား) သဘောပါ[ကြ]ပလား... (ပါ-ပါဖြို့ဘုရား)။

ဘယ်အချိန်ခွဲ[ကြ]မယ်.... (ခန္ဓာထဲ အာရုံတခုမြင်တဲ့နေရာမှာ ခွဲရပါမယ်ဘုရား)။

အဲ... အာရုံတခုမြင်တဲ့အခါ ခန္ဓာ့ပဋ္ဌိစ္စသမုပ္ပါဒ်ထဲမှာ ဖြတ်နိုင်တဲ့ပုဂ္ဂိုလ် သာသနာတွင်း.... (မှန်ပါ့) မဖြတ်နိုင်တဲ့ပုဂ္ဂိုလ်.... (သာသနာပပါဘုရား)။

ဪ.... သာသနာတွင်း,သာသနာပလဲ ဒို့-ယနေ့မှာဲ ရှင်းပေတော့တယ်....(မှန်ပါ့ဘုရား) ဆိုနိုင်,မဆိုနိုင်....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် နာရီကလေးနဲ့ ကိုယ့် တနာရီအတွင်းမှာ ငါသည် ဝိပဿနာရှုမိ·မရှုမိ အကဲခတ်လိုက်လို့ ရှိယင် မရှုမိတဲ့အချိန် သာသနာပ.... (မှန်ပါ့) ရှုမိတဲ့အချိန်.... (သာသနာတွင်းပါဘုရား) သာသနာတွင်းဆိုဘာ သေချာကြပလား.... (သေချာပါပြီ)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ကိုယ့်သန္တာန်မှာ သာသနာရှိ·မရှိဟာ တကာတကာမတို့ ခန္ဓာထဲမှာ မေးပါ.... (မှန်ပါ့ဘုရား)။

ကိုယ့်သန္တာန်သာသနာရှိ မရှိ(ခန္ဓာထဲမှာမေးရမှာပါ)တကာသစ် ဘယ်ဟာက များမယ်ထင်နေသတုံး .... (သာသနာပက များပါတယ်ဘုရား) သာသနာပက များနေတယ်... (မှန်ပါ့ဘုရား)။

သာသနာပက တကာကြွယ်·မများလားဗျာ (များပါတယ်ဘုရား) အဲဒီတော့ကို သာသနာပမှာ လူဖြစ်ရတဲ့ပုဂ္ဂိုလ်ဟာ တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကမ္မဿကတညာဏ်ဟာ လမ်းဆုံးဘဲ... (မှန်ပါ့) ဒီ့ပြင်တရားကတော့ဖြင့် အပါယ်သွားတဲ့တရားဒတ္တသာ များနေတယ်.... (မှန်ပါ့) ကမ္မ

သကတဉ္ဇာဏ်ဟာ လမ်းဆုံးဘဲ၊ ဒီ့ပြင်တရားခေတ္တဟာ အပါယ်သွားတာချည့်မျှားတယ်ဆိုတာ သဘောကျပလား.... (ကျေးဇူးပြုဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့၌ သာသနာတွင်း, သာသနာပ ဘယ်နေရာခဲ့ကြမတုံး....-(ခန္ဓာဖြစ်စဉ်မှာ ခဲ့ရပါမယ်) ခန္ဓာဖြစ်စဉ်မှာခဲ့ကြ....(မှန်ပါ့) ဘယ်မှာခဲ့ကြမတုံး....(ခန္ဓာဖြစ်စဉ်မှာ ခဲ့ကြပါမယ်ဘုရား)။

ခန္ဓာဖြစ်စဉ်မှာ ခဲ့ကြစမ်းပါ....လို့ ဆွေမျိုး, ဥာတကာ, အမေမိဘတော်ခဲ့ဘူးတဲ့ပုဂ္ဂိုလ်တွေကိုသာ သနာတွင်း-သာသနာပခဲ့နည်းနိဿယည်းကို ယနေ့ ထူးထူးခြားခြားဘဲ တကာသစ် ပြောနေတယ်....(မှန်ပါ့) မပြောထိုက်ဘူးလား... (ပြောထိုက်ပါတယ်ဘုရား)။

သာသနာတွင်း, သာသနာပဆိုတာ တကာတကာမတို့ ခန္ဓာဖြစ်စဉ်မှာ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်တဲ့ ဥာဏ်ဝင်လာယင် သာသနာတွင်း....(မှန်ပါ့) ဖြတ်တဲ့ဥာဏ်ဝင်မလာလို့ တန်းမြဲတိုင်း တန်းနေယင်....(သာသနာပပါဘုရား)။

သြော်...နေရာကျပြီ... တဲ့၊ ဒါဖြင့် အင်မတန် အဘိုးတန်သွားပြီနော်...(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မြင်တဲ့တရားကလေးက မကောင်းတဲ့အာရုံကလေး ဒီဟာက အင်မတန် အကျည်းတန်ပြီး တောင်းစား ခြေကျိုး, လက်ကျိုး၊ သူများအိမ် စောစောစီးစီး လာတောင်းတယ်ဆိုပါတော့ ဇာတာသစ်ရဲ့....(မှန်ပါ့)။

ကိုယ်ကလဲ မင်္ဂလာယူနေတဲ့နေ့... (မှန်ပါ့) ဝင်လာတဲ့လူကလဲ ခြေကျိုး,လက်ကျိုး တောင်းစား အရုပ်ဆိုး အကျည်းတန် အဝတ် အစား အနုပ် အစုတ် အပြတ်နဲ့ဆိုတော့ 'ဖျတ်'ဆို ကကာသစ်က မြင်လိုက်တယ်... (မှန်ပါ့) မြင်လိုက်တဲ့အခါကျတော့ ဒီနေ့တော့ မြင်-မြင်ခြင်းဘဲ စျေးဦးပေါက်ပုံမရဘူး.... (မှန်ပါ့) အင်း.... ဒေါသဆွက်လာတယ်....(မှန်ပါ့)။

သာဖြစ်လာသတုံး....(ဒေါသထွက်လာပါတယ်ဘုရား)ဒါဖြင့် သာသနာတော်ကြီးလား-သာသနာပလား....(သာသနာပပါဘုရား)။

ဒီဒီ.တော့ ဒေါသထွက်တော့ ဒေါသနာက်ကနေပြီးသကာ လ ဒီနေ့အတွက်တော့ စိုးရိမ်တယ်၊သောက ဟုတ်လား-(မှန်ပါ့) ပရိဒေဝဆိုတာ ဝမ်းထဲကလဲ တုန်လှုပ်လာတယ်....(မှန်ပါ့ဘုရား) ဒုက္ခဒေါမနဿကလဲလိုက်မလာဘူးလား.... (လိုက်လာပါတယ် ဘုရား) လိုက်လာလို့ရှိယင်ဖြင့် ဒါ-တကာသစ်-ရေ.... ဒေါသ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ-နော်.... (မှန်ပါ့) ဒီဟာ ခုနင်က သိလုံးဝင်လို့ဖြစ်တာလား-မသိလုံးဝင်လို့ဖြစ်တာ လား... (မသိလုံးဝင်လို့ဖြစ်တာပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့၊ ဒေါသမှာလဲ အဝိဇ္ဇာပါ၏- (မှန်ပါ့) သောကမှ လဲ....(အဝိဇ္ဇာပါ-ပါတယ်ဘုရား) ရှင်းပလား (ရှင်း ပါပြီဘုရား)ပရိဒေဝမှာလဲ....(အဝိဇ္ဇာပါ-ပါတယ်ဘုရား) အဝိဇ္ဇာ ပါတာဘဲ....တဲ့၊ မသိလို့ဖြင့်တာ....(မှန်ပါ့) မသိလို့ဒေါသ၊ မသိလို့သောက၊ တဲ့လျက်ကြီးသွားနေတယ်....(မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

မသိလို့ဒုက္ခ.... (မှန်ပါ့) အဝိဇ္ဇာနဲ့တွဲပလား .. (တွဲပါပြီ ဘုရား) မသိလို့ဘဲ ဥပါယာသ=ပြင်းစွဲ ပင်ပန်းခြင်းဖြစ်ရတယ် ဆိုတာကော မလာဘူးလား....(လာပါတယ် ဘုရား)။

ကဲ....ဒါကလဲ မသိလို့ဘဲဆိုတာ သေချာပြီမဟုတ်လား.... (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာသစ် အဝိဇ္ဇာပါတယ်....(မှန်ပါ့) မပါ သေးဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒေါသထဲမှာလဲ....(အဝိဇ္ဇာပါ-ပါတယ်ဘုရား)သောကထဲမှာ ကော....(အဝိဇ္ဇာပါ-ပါတယ်ဘုရား) ပရိဒေဝထဲမှာ.... (အဝိဇ္ဇာ ပါ-ပါတယ်ဘုရား) ဒုက္ခထဲမှာ.... (အဝိဇ္ဇာပါ-ပါတယ်ဘုရား) ပြင်းစွဲပင်ပန်းတဲ့ ဥပါယာသထဲမှာ.... (အဝိဇ္ဇာပါ-ပါတယ်) အဝိဇ္ဇာပါတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာသစ် ဒီပဋ္ဌိစ္စသမုပ္ပါဒ် ဒီတွင် မရှပ်တော့ဘူး.... (မရှပ်ပါဘုရား) ရှပ်ပါဦးမလား....(မရှပ်ပါဘုရား)။

ဒီအထဲမှာ ဘယ်သူ ဦးစီးနေတယ်ဆိုတာ တကာတရားမတွေ့ ကြည့်စမ်း....(အဝိဇ္ဇာဦးစီးနေပါတယ်ဘုရား)။

ဒါဖြင့် ဒီ နောက်ဆုံးပိတ် အဝိဇ္ဇာက- အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား) ဟော....သင်္ခါရလာပြီ.... (မှန်ပါ့) မလာ ဘူးလား ... (လာပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အဝိဇ္ဇာပစ္စယာ .. (သင်္ခါရာပါဘုရား)။

ကိုင်း... ဒါဖြင့် မိုးလင်းလို့ တောင်းစားတဲ့ပုဂ္ဂိုလ်လဲ အရုပ်ဆိုး အကျည်းတန်လာတာ မြင်မှုကို ပဋ္ဌိစ္စသမုပ္ပါဒ် မဖြတ်နိုင်တာနဲ့

တကာ့ကြွယ်,ရေ.... မိုးလင်းကာရှိသေးတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်က တခါဘည်း အဝိဇ္ဇာပစ္စယာ သင်္ခါရာကျအောင် သွားလိုက်ပြီ.... (မှန်ပါ့) သေယင် ဝိညာဏ်သွားတော့မယ်.... (သွားပါမယ် ဘုရား)။

သင်္ခါရပစ္စယာ....(ဝိညာဏ်ပါဘုရား) အဲဒါကတော့ သေမှု ဖြစ်မယ်... (မှန်ပါ့) အခုတော့ သင်္ခါရတွင်ရပ်တယ်.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဒီဘဝမှာတော့....(သင်္ခါရတွင်ရပ်ပါတယ်ဘုရား) ဒါ့ကြောင့် ဒီနေရာကလေးမှာ ဒီ.ပြင်ဟာ ပြောချင်လို့.မဟုတ်ပါဘူး.. တဲ့၊

အဝိဇ္ဇာ အကွက်တိုင်းပါပုံကိုလဲ တကာတကာမတွေ့သိပြီ... (မှန်ပါ့) ဒေါသဖြစ်တဲ့အခါလဲ မသိလို့ဖြစ်တာမို့ အဝိဇ္ဇာ.... (မှန်ပါ့) သောကဖြစ်တာကော.... (မသိလို့ဖြစ်တာမို့ အဝိဇ္ဇာ ပါဘုရား) ပရိဒေဝဖြစ်တာကော....(မသိလို့ဖြစ်တာမို့ အဝိဇ္ဇာ ပါဘုရား) မသိတာက ပါလျက်ချည့်ဘဲ....(မှန်ပါ့)။

မသိတာက ဘာပါလိမ့်.. (အဝိဇ္ဇာပါဘုရား)ရှင်းပြီ.(မှန်ပါ့) ဒုက္ခဖြစ်နေပြီ တကာသစ်ရ.... (မှန်ပါ့) သိလို့ဖြစ်တာလား.... (မသိလို့ဖြစ်တာပါဘုရား) ဒါဖြင့် အဝိဇ္ဇာနဲ့ဒုက္ခနဲ့ကော.... (တဲ့လျက်ပါဘုရား) အဝိဇ္ဇာနဲ့ ဒေါမနဿနဲ့.ကော .. (တဲ့လျက်ပါ ဘုရား)။

တဲ့လိုက်တော့ ဒီအဝိဇ္ဇာက သူ-ပဋ္ဌိစ္စသမုပ္ပါဒ်တော့ သူ.ထုံးစံ အတိုင်း လာရလိမ့်မယ်.... (မှန်ပါ့) အဝိဇ္ဇာလာလို့ရှိယင်ဖြင့်

အဝိဇ္ဇာဟာ သူပစ္စယာပါလာတယ်....(မှန်ပါ့) အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား)။

ဟော....သင်္ခါရဆိုတဲ့ ခင်ဗျားတို့ မကောင်းတဲ့အကုသိုလ်တွေ ယတြာချေမည့်အလုပ်တွေ ဟုတ်လား.... (မှန်ပါ့) ဒါတွေ မကောင်းတဲ့အကုသိုလ်အလုပ်တွေ မလုပ်ခဲ့ပဘူးလား.... (လုပ်ပါတယ်ဘုရား)။

တနည်းအားဖြင့်လဲ ဒါမျိုးမတွေ့ပါရခဲ့စနဲ့ ဆုတောင်းပြီးသကာလ ဒီနေ့ခေတ်ဖြင့် ဘုရားဆွမ်းတော်ကလေး တင်မှာဲ ဒါမျိုးမတွေ့ချင်လို့ ဆိုပြီးကုသိုလ်တော့လုပ်ချင်လဲလုပ်လိုက်လိမ့်မယ် (လုပ်ပါတယ်ဘုရား) မလုပ်ခဲ့ပဘူးလား.... (လုပ်ပါတယ်ဘုရား) လုပ်ပေမဲ့ ဒါမတွေ့ချင်လို့ ကိုယ့်ဒုက္ခကျတော်ချင်လို့ မဟုတ်ဘူး.... (မှန်ပါ့) အဲဒီတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဘဲသွားတယ်.... (သွားပါတယ်ဘုရား) ရိပ်မိပသား... (ရိပ်မိပါပြီဘုရား)။

ဘယ်သွားသတုံး.... (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာသွားပါတယ်ဘုရား)။

ဩော်.... ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ် ကောင်းတဲ့ကုသိုလ်အလုပ်ကို လုပ်တဲ့အခါလဲ ပါသက္ခတဲ့.... (မှန်ပါ့) မကောင်းတဲ့အကုသိုလ် သင်္ခါရလုပ်တာ ကော....(ပါပါတယ်ဘုရား)။

ဒါ့ကြောင့် ငါက အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ.... (မှန်ပါ့) အပုညာဘိသင်္ခါရာလို့ ငါ-ဟောတယ်.... (မှန်ပါ့ဘုရား)။

ကဲ....တကာသစ် ဟောထိုက်- မဟောထိုက်.... (ဟော့ထိုက်ပါ ဂယ်ဘုရား)။

ဒီကြည့်လေ အခု မနက်စောစော သူတောင်းစားတွေ့ရတယ်၊ သူတောင်းစားတွေ့ရတဲ့ အခါကျလို့ ရှိယင်ဖြင့် တကာသစ်က ဖြစ်ဖြစ်, တကာကြယ်ကဖြစ်ဖြစ်, အစောကြီး မင်္ဂလာမရှိတာကြီး လာတွေ့တယ်....(မှန်ပါ)လာပြီးမြင်ရတဲ့အခါကျတော့ မြင်သည်နဲ့တပြိုင်နက်တည်း စိတ်ထဲမှာ တကာကြယ် ဘယ့်နှယ်နေသတုံး ဒေါမနဿလာတယ်....(မှန်ပါ) မသိလို့လား.... သိလို့လား.... (မသိလို့ပါဘုရား)။

အဲ....ဒါဖြင့် သူ့-ပဋ္ဌိစ္စသမုပ္ပါဒ် ဦးမှာဒင် အကုန်မတန်းပေဘူးလား.... (တန်းပါတယ်ဘုရား) တန်းလိုက်တဲ့အခါကျတော့ ဒီအထဲ အဝိဇ္ဇာကပါလေသည်ဖြစ်ပြီး သကာလနေသောကြောင့် တကာသစ်ရေ.... အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)။

သင်္ခါရာဆိုတာ ခင်ဗျားတို့က မသိပေဘူး.... (မှန်ပါ) ဒီနေ့တော့ဖြင့် စောစောစီးစီး အမင်္ဂလာကြီး တွေ့ရပေတယ်.... (မှန်ပါ)။

နောင်မတွေ့ရစေသတည်းဆိုပြီးသံဃာတွေ့ကြလာတဲ့အခါကျတော့ ဆွမ်းကလေးနဲ့ ဒါတွေနဲ့ နောက်မတွေ့ပါရစေနဲ့ ဘုရား.... ဆိုပြီး ဆွမ်းလှူလိုက်တော့ ပုညာဘိသင်္ခါရဖြစ်သွားထယ်- (မှန်ပါ ဘုရား)။

ဘာမတွေ့ချင်တာတုံး.... ဒီလိုအနိဋ္ဌာရုံတွေနဲ့ မကောင်းတဲ့ အာရုံတွေနဲ့ မတွေ့ချင်လို့.... (မှန်ပါ) နိဗ္ဗာန်, ဒုက္ခငြိမ်းချင်လို့

ပါရဲ့.လား.... (ပပါပါဘုရား) ဒါဖြင့် ကုသိုလ်တော့မဖြစ်ဘူး လား.... (ဖြစ်ပါတယ်ဘုရား) ကုသိုလ်ဖြစ်ခဲပမဲ့ အဝိဇ္ဇာကင်းရဲ့ လား....(မကင်းပါ ဘုရား) ဒါဖြင့် အဝိဇ္ဇာပစ္စယာ ပုညဘိသင်္ခါရာ (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာပစ္စယာ(ပုညာဘိသင်္ခါရာပါ)ပုညာဘိသင်္ခါရာဆိုတာ ပုညကကုသိုလ်၊ အဘိသင်္ခါရကပြုပြင်တာ၊ ကုသိုလ်က မင်းတို့ကို ပဋ္ဌိသန္ဓေပြုပြင်တော့မယ်....(မှန်ပါ) ရှင်းပကြလား... (ရှင်းပါပြီ ဘုရား)။

ဒီနေ့ သဘောတွေ ပြောနေတယ်လို့ တကာကြွယ်မှတ်စမ်း ပါ....(မှန်ပါ)။

ဘာတွေပြောနေသလဲ.... (သဘောတွေ ပြောနေပါတယ် ဘုရား)။

ကောင်းပြီ ဒါက သာသနာတွင်းလား.... သာသနာပလား.... (သာသနာပ,ပါဘုရား)တကာသစ် ပေါ်နေပြီ...(ပေါ်နေပါပြီ ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုသဖြင့် တကာတကာမတို့ ဒီနေ့ ထူးထူးလည်လည်ပြောဘို့ဆုက ဘာတုံးလို့ မေးတဲ့အခါကျ တော့ ဒီဟာလဲ သင်္ခါရတရား... (မှန်ပါ)ဒီဟာလဲ ဒီအနိဋ္ဌာရုံက ပြုပြင်လို့ ပေါ်လာတဲ့ မြင်စိတ်လဲ ဘာတရားခေါ်ကြမလဲ.... (သင်္ခါရတရားပါဘုရား)။

အကြောင်းကြောင့်ပေါ်လာတဲ့ တရားဟူသ၍ ဘာခေါ်ကြ မယ်.... (သင်္ခါရပါဘုရား) ဒါလဲ သင်္ခါရဘဲနော်.... (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့က အဝိဇ္ဇာကြောင့်ဖြစ်ဘဲ့ သခ်ၤါရချည့် မှတ်ပြီးသကာလမနေပါနဲ့၊ ခင်ဗျားတို့ သန္တာန်ပေါ်သၚ် သခ်ၤါရ မှတ်....(မှန်ပါ့)။

ပေါ်သၚ်.... (သခ်ၤါရပါဘုရား)ကြည့်လေ အနိဋ္ဌာရုံကပြုပြင်လိုက်လို့ မြင်စိတ်ပေါ်လာတယ်... (မှန်ပါ့)။

ကဲ....တကာသစ် သူ့ကိုဘာဆိုမလဲ.... (သခ်ၤါရပါဘုရား) အင်း....မြင်စိတ်လို့ လဲဆိုပါ သခ်ၤါရတရားလဲဆိုပါ(မှန်ပါ့)နှစ်နာမည်ရပါတယ်.... (မှန်ပါ့)မြင်စိတ်ဆိုတာလဲဟုတ်တာဘဲ(မှန်ပါ့) ပြုပြင်လို့ ပေါ်လာသောကြောင့် သခ်ၤါရဆိုယင်ကော....(ဟုတ်ပါတယ်ဘုရား)။

အဲ....ဒါ သခ်ၤါရသိပြီနော် (မှန်ပါ့) ကဲ.... တခါ တကာသစ်တို့, တကာကြွယ်တို့က မဖြတ်လိုက်တော့ မြင်ရဘာ ဒေါသဖြစ်လိုက်တယ်ဆိုတဲ့ ဒီဒေါသကလေးဟာလဲ မြင်ခြင်းတည်းဟူသော အကြောင်း ကင်းရဲ့လား.... (မကင်းပါဘုရား) မကင်းယင် သူ့ကို ဘာခေါ်ကြဦးမယ်....(သခ်ၤါရပါဘုရား)။

အဲ.. ဒေါသလဲဆို, သခ်ၤါရလဲဆို.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါက ရှေ့ကို ဝိပဿနာသွားမလို့ တခါ တရားဆင်ပြန်တယ်လို့ တကာသစ်အောက်မေ့စမ်း....(မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ....တခါ ဒေါသဖြစ်တဲ့အခါကျတော့ ဒေါသကို တကာသစ်က ဝိပဿနာမရှုနိုင်ပြန်တော့ သောက,က လိုက်လာတယ်....

(လိုက်လာပါတယ်) ဒါသကဘာဖြစ်အောင် ကျေးဇူးပြုပါလိမ့် (သောကဖြစ်အောင် ကျေးဇူးပြုပါတယ်) သောက,က သူများ ပြုပြင်လို့ ဖြစ်သောကြောင့် သူ့ကို ဘာတရားခေါ်မလဲ-(သခ်ါရ တရားပါဘုရား)။

ဒါဖြင့် ဒီဘက်လာသ၍ ဘာဆိုကြမယ်.... (သခ်ါရပါ ဘုရား)။

သြော်.... ယနေ့ သခ်ါရဟာ အဝိဇ္ဇာပစ္စယာ သခ်ါရာတလုံး တည်းမှတ်နေတယ်....(မှန်ပါ့)ပေါ်လာသ၍ သခ်ါရ (မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြမယ် ... (ပေါ်လာသ၍ သခ်ါရပါဘုရား) တကာကြွယ် ရှင်းပြီဗျာ...(ရှင်းပါပြီဘုရား)။

ကိုယ့်သန္တာန်ပေါ်သ၍ဖြင့် ... (သခ်ါရပါဘုရား) သခ်ါရ တရားလို့ဆိုတာ ရှင်းသွားပါတယ်.... (ရှင်းပါတယ်ဘုရား)ကဲ.... ဦးမာဒင်တို့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားက သဒ္ဒလို့ ထည့်လိုက်တယ်.... (မှန်ပါ့)သဒ္ဒေ ဆိုတာအလုံးစုံဘဲ....(မှန်ပါ့)။

ဒါဖြင့် သူက အလုံးစုံသခ်ါရလို့ ပြောတာ ကျုပ်တို့ကမရိပ်မိ ဘူး....(မှန်ပါ့) အခုတော့ဖြင့် ယခုနေ့ မင်းတို့သန္တာန်ပေါ်လာ သ၍ အလုံးစုံသခ်ါရ ... (မှန်ပါ့) ရှင်းသွားကြပြီ.... (ရှင်းပါပြီ ဘုရား)။

ဒါ တော်တော်မိတ့ဲစကား .. (မိပါတယ်ဘုရား) အင်မတန် သဘောပါတယ်လို့ တကာတကာမတွေ့ မှတ်ဉာဏ်းပါ.... (မှန်ပါ့ ဘုရား)။

အခုမှာပဲ ညြော် စာကတော့ သဇ္ဇသခ်ါရာလို့ အဆိုသား ဒို့က ဒီလို တခုနဲ့တခု အနကြောင်းဆက်တဲ့ဥစ္စာ သခ်ါရလို့မသိ တော့ ဒို့မှာ ဒါအသစ်-အသစ်ယာမှတ်နေတယ်၊ မဟုတ်ဘူး၊ ဒါ တွေဟာ သူ့အကြောင်းနဲ့ သူ့အကျိုး ပေါ်လာတာတွေ ဖြစ် သောကြောင့် ပေါ်လာသ၍သခ်ါရ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်....(ပေါ်လာသ၍ သခ်ါရပါဘုရား)ဒါဖြင့် ပေါ်တာကလဲ ခင်ဗျားတို့သန္တာန်မှာ မျိုးစုံပေါ်မှာကိုး· (ပေါ် ပါတယ်ဘုရား) မျိုးစုံဘဲ ကုသိုလ်လဲပေါ်မှာဘဲ၊ အကုသိုလ် ကော .. (ပေါ်မှာပါဘုရား) တနည်းအားဖြင့် အဗျာကတတွေ ကော....(ပေါ်မှာပါဘုရား) အဲဒါမတွေ ဘယ့်နှယ်ဆိုမတုံးတကာ သစ်ရေ...(သခ်ါရပါဘုရား)။

အဲဒီတော့ ဘုရားက ဘယ့်နှယ်ဟောလိုက်သလဲ .... (သဇ္ဇ သခ်ါရာလို့ ဟောပါတယ်) ဟော ... သဇ္ဇသခ်ါရာ ဟောလိုက် တယ်....(မှန်ပါ့ဘုရား)။

ညြော် သဇ္ဇ=အလုံးစုံသောတရား၊တို့သည်၊သခ်ါရာ=သခ်ါရ လို့ ဟောနေတဲ့ဥစ္စာ ခင်ဗျား၊တို့ သိကြပြီ.... (သိပါပြီ)ဒါဖြင့် ခင်ဗျားတို့သန္တာန် အခုရှိတဲ့ရုပ်ဟာလဲ ဘာတရား၊တုံး . (သခ်ါရ တရားပါ) တခုတရားနာခနေတဲ့ စိတ်တွေလဲ.... (သခ်ါရတရားပါ ဘုရား)။

နေရာကျပြီ - နေရာကျပြီ၊ ညြော်.... ပုဂ္ဂိုလ်သတ္တဝါမရှိပါ လား၊ သခ်ါရအစုအပုံကြီးပါလား ....(မှန်ပါ့)သက္ကာယဒိဋ္ဌိပြုတ် သွားပြီ.. (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီ တကာတကာမတို့၊ ကြည့်စမ်း တကာတကာမတွေ အခုရှိတဲ့ရုပ်ဟာလဲ....(သခ်ၤါရပါ) အခုပေါ်နေတဲ့ နာမ်ကလေးတွေကော....(သခ်ၤါရပါဘုရား)။

နေရာကျပြီ၊ နေရာကျပြီ၊ ဦးလှဘူးရေ နေရာကျပြီ(မှန်ပါ) ဒီမှာ တခုတည်းပြလိုက်ဘာနဲ့ တကာသစ် ရှုပ်သေးသလား.... (မရှုပ်ပါဘုရား)။

တရားနာနေတဲ့ အခုရုပ်တွေဟာလဲ ဘာတရားတုံး (သခ်ၤါရတရားပါ) အခုပေါ်နေတဲ့ နာမ်တရားတွေကော .... (သခ်ၤါရတရားပါ) အင်း... ပြုပြင်လို့ ပေါ်ပေါ်နေတာ.... (မှန်ပါ) ဒါဖြင့် သူတို့ကို ဘာတရားခေါ်ကြမလဲ .... (သခ်ၤါရတရားပါဘုရား)။

သြော်....ဒါဖြင့် နေရာကျပြီ တကာတကာမတို့ ဝိပဿနာနဲ့ သခ်ၤါရတရားတွေ ဖြစ်နေတာ့ သေသေချာချာသိတော့ ပဋိဂ္ဂိုလ် သတ္တဝါပါသေးရဲ့လား....(မပါ-ပါ) သြော်....ဒါဖြင့်ပေါ်တိုင်း ပေါ်တိုင်း သခ်ၤါရတရားလို့မှတ်....(မှန်ပါဘုရား)။

တရားနှလုံးသွင်းကြ၊ ဒါဖြင့် တကာတကာမတွေ သန္တာန်မှာ အခုပူတဲ့ ရုပ်ကလေးပေါ်လာတာလဲ ဘာဆိုကြမယ်.... (သခ်ၤါရတရားပါ)အခု အေးတဲ့ရုပ်ကလေးပေါ်တာလဲ.... (သခ်ၤါရတရားပါဘုရား)။

အင်း....ငါအေးတာလား- ငါပူတာလား- သခ်ၤါရပေါ်တာလား....(သခ်ၤါရပေါ်တာပါ) သေသေချာချာ ဉာဏ်ရောက်ကြပါနော်....(မှန်ပါ) အေးတိုင်း,ပူတိုင်း သြော်....ဒါသခ်ၤါရပေါ်

တာဘဲ၊ သခ်ၤါရပေါ်တာဘဲ ဆိုတာကို တရားနှလုံးသွင်းလိုက်တော့ကို ဦးမာဒင်ရေ သက္ကာယဒိဋ္ဌိ မပြုတ်ပါနဲ့ဆိုလို့ မရဘူး... (မရပါဘုရား)။

အခု ပေါ်လာတာကလေးတွေဟာ စားချင်တဲ့စိတ်ပေါ်လာတယ်၊ တရားနာချင်တဲ့စိတ် ပေါ်လာတယ်၊ တရားဆွေးနွေးချင်တဲ့စိတ်ပေါ်လာတယ်၊ ကျင်ကြီး စွန့်ချင်တဲ့စိတ် ပေါ်လာတယ်၊ ကျင်ငယ်စွန့်ချင်တဲ့စိတ် ပေါ်လာတယ်၊ ထမင်းစားချင်တဲ့စိတ် ပေါ်လာတယ်၊ ပေါ်လာတာဟူသ၍ ဘာဆိုကြမလဲ .... (သခ်ၤါရတရားပေါ်တာပါ)ရှင်းပြီ....(မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် နေရာကျပြီ တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဘာတွေသာ အပြည့်အစုံရှိပါလိမ့် ... (သခ်ၤါရတရားတွေသာ အပြည့်အစုံရှိပါတယ်ဘုရား)။

ဒါဖြင့် နေရာကျပြီ၊ ကဲ .... ဘုရားဟောတော်မူတာထဲသွင်းလိုက်တော့ ဒို့သန္တာန် ဖြစ်လေသမျှ အလုံးစုံသခ်ၤါရ... (မှန်ပါ့ ဘုရား)။

ဒို့သန္တာန်ဖြစ်လေသမျှ...(အလုံးစုံသခ်ၤါရပါ)အဲဒီကျတော့မှ သဗ္ဗေသခ်ၤါရာ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား) သဗ္ဗေသခ်ၤါရာ သဘောကျပလား .. (ကျပါပြီဘုရား)။

တကာတကာမတွေ ရှုပ်သေးသလား... (မရှုပ်ပါ)ခင်ဗျားကို့ သန္တာန်ပေါ်လေသ၍ ဘာတဲ့... (သခ်ၤါရပါဘုရား)။

အဲဒီတော့ ဘုရားက ငါတော့ကွာတဲ့ တခုတခုရေတွက်ဟောနေလို့ တော့ ဆုံးမှာမဟုတ်ဘူး၊ မင်းတို့သန္တာန် ပေါ်လေသမျှ အလုံးစုံသခ်ၤါရ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သခ်ၢါရခန္ဓာကိုယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ယောဂျားမိန်းမ မရှိပါဘူး....(မရှိပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (သခ်ၢါရခန္ဓာကိုယ်ပါ) အခုမှပေါ်တဲ့ရုပ်နဲ့ - အခုမှပေါ်တဲ့နာမ်နဲ့ နေကြတာကိုးဗျ.... (မှန်ပါ့)အဲဒီတော့ သူ့ကိုဘယ်နှယ်ဆိုကြမလဲ....(သခ်ၢါရတရားပါဘုရား)။

ဟုတ်ပြီ ဟုတ်ပြီ တကာတကာမဒတ္၊ ဒီတလုံးသဘောကျတာနဲ့ ဒီတရားပဲမှာ တကာသစ် သေပျော်တယ် .... (မှန်ပါ့) ဘာဖြစ်လို့ သေဒပျော်သတုံးလို့ တကာကြွယ်တို့၊ ဦးမာဒင်တို့က မေးလို့ရှိယင် ပေါ်လာသ၍ဟာ သခ်ၢါရချည့်ဘဲ ဆိုတာက ယောဂျားပေါ်လာတာမဟုတ်ဘူး၊ မိန်းမပေါ်လာတာမဟုတ်ဘူး၊ငါပေါ်လာတာမဟုတ်ဘူး၊သူပေါ်လာတာမဟုတ်ဘူး၊ကိုယ့်ရုပ်ကလေးတခု ထူးထူးခြားခြား စိတ်ကလေးတခု ထူးထူးခြားခြားဆိုတော့ ဒါ သခ်ၢါရတွေပေါ်လာတာ .... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် (သခ်ၢါရတွေပေါ်လာတာပါ) ဟာ.... တကာသစ် အဘိုးတန်လိုက်တာ...(တန်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဟိုဘက်သွားလိုက်ပါတော့(မှန်ပါ့ဘုရား) သဗ္ဗေသခ်ၢါရဆိုတော့ ဩော်....အလုံးစုံဟာဒို့ သန္တာန်ပေါ်လေ သ၍ သခ်ၢါရတဲ့၊ သဗ္ဗေဆိုတာ မကျန်ဘူး...(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သဗ္ဗေသခ်ၢါရ ဆိုတာဖြင့် ကြေနပ်ကြပလား .... (ကြေနပ်ကြပါပြီ)ဘယ်လိုကြေနပ်ပါလိမ့်မတုံးလို့ တကာကြွယ်မေးယင် ဘယ်နှယ်ခြေပါ့ဒလဲ...(အလုံးစုံသခ်ၢါရမို့ပါ) အလုံးစုံ

ဘာပေါ်ပေါ် ခင်ဗျားတို့ သန္တာန်မှာ....(သခ်ၢရပါ) ရုပ်ပေါ်လဲ....(သခ်ၢရပါ) နာမ်ပေါ်လဲ...(သခ်ၢရပါ) နေရာကျပြီ....(မှန်ပါ) ဒါဖြင့် ဟောကျား- မိန်းမပါသားသားလား....(မပါ-ပါ) ဘာတွေပါလိမ့်... (သခ်ၢရတွေပါဘုရား)။

ဩော် .... ဒါ့ကြောင့် သခ်ၢရတွေဘဲ သခ်ၢရတွေဘဲဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ အရင်တုန်းက ပြောနေကြတာတွေ ပေါ်ပြီ-(ပေါ်ပါပြီဘုရား)။

သခ်ၢရဘဘဲ- သခ်ၢရတွေဘဲနဲ့ တကာသစ်တို့ပြောကြတယ်နော်... (ပြောပါတယ်) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဩော်....ဒါတွေ အရင်တုန်းကဆရာ့ သူများပြောသံကြားနဲ့ ပြောနေတာ....(မှန်ပါ့) အခုဘာ့ဖြင့် ကိုယ့်သန္တာန်ရုပ်ကလေးပေါ်လာလဲ....(သခ်ၢရပါ)အပူရုပ်ကလေးပေါ်လာတယ် သခ်ၢရ၊ အေး .. ရုပ်ကလေးပေါ်လာတယ် သခ်ၢရ၊ ညောင်းရုပ်ကလေးပေါ်လာတယ်...(သခ်ၢရပါ) အညောင်းပြတာကလေးပေါ်လာတယ်....(သခ်ၢရပါ) သဘောကျပလား (ကျပါပြီ) နာမ်ဘက်ကလဲ ဒီအတိုင်းပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ကဲ .... ဒါဖြင့် ဒီလိုဆိုလို့ရှိယင် သခ်ၢရတွေယင် တကာ တကာမတွေမပူနဲ့တော့တဲ့မဂ်ဉာဏ်ရတော့မယ်....(မှန်ပါ့ဘုရား)။

သခ်ၢရတွေယင်.... (မဂ်ဉာဏ်ရပါတော့မယ်) မဂ်ဉာဏ်ရပါတော့မယ် တကာကြွယ်ရ....(မှန်ပါ့ဘုရား)။

သခ်ၢါရတွေ့ယင်....(မဂ်ဉာဏ်ရပါတော့မယ်) ပုဂ္ဂိုလ်သတ္တဝါ ချည့် ခင်ဗျားတို့က လုပ်လုပ်နေလို့ မဂ်ဉာဏ်မရတာ....(မှန်ပါ့ ဘုရား)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်မရတာ သိကြပလား....(သိပါပြီဘုရား) ပေါ်တာကသခ်ၢါရ၊ ခင်ဗျားတို့က ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား မိန်းမလုပ်နေဘာနဲ့ဘဲ တခါဘည်း ပဋ္ဌိစ္စသမုပ္ပါဒ်က ဒိဋ္ဌိ,ဒိဋ္ဌပါ ဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေချည့် တန်းနေတယ်.... (မှန်ပါ့ဘုရား) မတန်းဘူးလား....(တန်းပါတယ်ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့်တုံး-ပေါ်တဲ့သခ်ၢါရကို ခင်ဗျားတို့က ပုဂ္ဂိုလ်သတ္တဝါလုပ်နေတာနဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် တန်းထွက်သွားတယ် (မှန်ပါ့ဘုရား)။

တကာကြွယ်ရေ ကြောက်စရာကြီးပါလား.... (ကြောက်စရာ ကြီးပါဘုရား)။

ဒါ့ကြောင့် ယခုနေ ဟောရတဲ့တရားမှာ ဘုန်းကြီးများလဲ သိပ်ဝမ်းသာပါတယ်....(မှန်ပါ့)သြော်.... ငါတို့သန္တာန်ပေါ်လေ သမျှ သခ်ၢါရ....(မှန်ပါ့) ပူတာလဲသခ်ၢါရ, အေးတာလဲသခ်ၢါရ၊ စားချင်တာလဲသခ်ၢါရ၊ကျင်ကြီး,ကျင်ငယ်စွန့်ချင်တာကလေးတွေ ကော....(သခ်ၢါရပါဘုရား)။

ဒီစိတ်ကလေးတွေဟာလဲ သခ်ၢါရဘဲ....(မှန်ပါ့)နာဘာ, ယား တာကလေးတွေကော....(သခ်ၢါရပါ) ကောင်းမြတ်တာကလေး တွေကော....(သခ်ၢါရပါ) စိတ်ထဲချမ်းသာလုံးကလေးပေါ်လာ တာကော....(သခ်ၢါရပါဘုရား)။

တကာသစ် နေရာကျပြီ.... (ကျပါပြီဘုရား) ပုဂ္ဂိုလ်သတ္တဝါ ပျောက်ပလား....(ပျောက်ပါပြီဘုရား)။

အဲဒါ ဒီတရားနာလို့ ပျောက်တဲ့ အပျောက်ဟာလဲ တဒင်္ဂ ကုသိုလ်တော့ရပါပြီ...(မှန်ပါ့) သို့သော် ခင်ဗျားတို့ နှလုံးသွင်း တဲ့အခါမှာလဲ ဩော်... ပူလာပြန်လဲ သခ်ါရဘဲ, အေးလာပြန်လဲ သခ်ါရဘဲ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)စားချင်တဲ့စိတ် ပေါ်လာပြန်လဲ....(သခ်ါရပါဘုရား)။

ဒါဖြင့် သခ်ါရတွေ့ယင် နေရာကျတော့မှာ တကာသစ်မပူနဲ့ တော့ ဒီဌိကွာပြီ....(မှန်ပါ့)။

ဘားကွာသွားသတုံး... (ဒီဌိကွာပါတယ်ဘုရား)ဘာကွာသွား သတုံး.... (ဒီဌိကွာသွားပါတယ်ဘုရား)။

သခ်ါရတွေကတည်းက တကာတကာမတွေ ဒီဌိကွာတယ် ဆိုတာ ပြုပြင်လို့ မပေါ်လာတာ.... (မှန်ပါ့) ပြုပြင်လို့ပေါ်လာ တာ သိလိုက်ကတည်းကိုက ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးဆိုတဲ့ သက္ကားယဒိဌိကော ..(ကွာပါတယ်ဘုရား)။

ဩော်....ပြုပြင်လို့ပေါ်လာတာသိသဖြင့် ဥစ္ဆေဒဒိဌိလဲ ကွာ သွားတယ်....(ကွာသွားပါတယ်ဘုရား)။

ပြုပြင်ယင် ပေါ်မှာဘဲ- ပြုပြင်ယင်ပေါ်မှာဘဲ ပြတ်ကယ်လို့ မရှိဘူး....၊ ဟုတ်လား.... (မှန်ပါ့) ဥစ္ဆေဒဒိဌိဆိုတာက တကာ သစ် ပြတ်တာကိုယူတာ.... (မှန်ပါ့) အခုတော့ ပြုပြင်ယင်ဘာ တုံး .. (ပေါ်ပါတယ်ဘုရား) ပေါ်တာဘားခေါ်ကြမယ်.... (သခ်ါရပါဘုရား)။

ပြုပြင်လို့ပေါ်လာတာ.... (သခ်ၢါရပါဘုရား) ဒါဖြင့် ပြုပြင်ယင် ခင်ဗျားတို့သန္တာန်ရုပ်လဲ ပြုပြင်လို့ပေါ်တာဘဲ....(မှန်ပါ့) အစားက ပြုပြင်လို့ပေါ်တာရှိတယ်၊ ဥတုကပြုပြင်လို့.... (ပေါ်တာရှိပါတယ်) စိတ်ကပြုပြင်လို့ ပေါ်တာကော.... (ရှိပါတယ်ဘုရား) ကံကပြုပြင်လို့ပေါ်တာကော....(ရှိပါတယ်ဘုရား)ပေါ်တာ ဘာတရားတွေလဲ....(သခ်ၢါရတရားတွေပါဘုရား)။

အဲ...ဒါဖြင့် ပြုပြင်သမျှပေါ်လာတာ သခ်ၢါရတရား၊ ဒါဖြင့် ဒီလိုယူလိုက်တော့ စားချင်တဲ့စိတ်လဲ သခ်ၢါရ, အိပ်ချင်တဲ့စိတ်လဲ-(သခ်ၢါရပါဘုရား)။

တကာတကာမတွေ ယားတဲ့စိတ်ကလေးလဲ.... (သခ်ၢါရပါ) အောင့်တဲ့စိတ်ကလေးလဲ....(သခ်ၢါရပါဘုရား)။

အေး....ဒါဖြင့် သခ်ၢါရတွေကတည်းက တကာသစ် သက္ကာယ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးက တလုံးဘဲတိုးပေးဘို့ ရှိတော့တယ်... (မှန်ပါ့) သဗ္ဗေသခ်ၢါရဆိုပြီး အနိစ္စဘဲတိုးဘို့ ကျန်တော့တယ်.... (မှန်ပါ့)။

ဒါဖြင့် သဗ္ဗေသခ်ၢါရသိလိုက်သဖြင့် သက္ကာယနဲ့ ဥစ္ဆေဒ စင်ပြီ....(မှန်ပါ့)။

သဗ္ဗေသခ်ၢါရ သိလိုက်သဖြင့်.... (သက္ကာယနဲ့ ဥစ္ဆေဒ စင်ပါပြီဘုရား)။

သူက ပြုပြင်လို့ပေါ်တာ.... (မှန်ပါ့) အခြေကြောင်းအကျိုးက မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား) ဆက်တော့ကို ဥစ္ဆေဒ ဒိဋ္ဌိရှိသေးရဲ့လား....(မရှိပါဘုရား)။

အခုတော့ သခ်ၢိရသာပေါ်တာ ပုဂ္ဂိုလ်သတ္တဝါ ပေါ်တာ မဟုတ်ပါဘူး.... ဆိုသဖြင့် သက္ကာယဒိဋ္ဌိကော.... (မရှိပါဘုရား) ငါပေါ် သူပေါ်ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

ယောကျ်ားကလေး ထွန်းကားလာတယ်, မိန်းကလေး ထွန်းကားလာတယ် ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) ဒါဖြင့် သက္ကာယဒိဋ္ဌိကော....(မရှိပါဘုရား)။

ဒါဖြင့် သဗ္ဗေသခ်ၢိဆုတလုံး သဘောကျလိုက်တာနဲ့ ဒိဋ္ဌိဘယ်နှစ်ပါးစင်သတုံး... (နှစ်ပါးစင်ပါတယ်ဘုရား)က... ဘယ်သူပါလိမ့်ဗျာ....(သက္ကာယဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

နေရာကျပြီ တကာသစ်ရေ....၊ သေပျော်တဲ့တရားပါဘဲ.... (မှန်ပါ့ဘုရား)။

ကဲ... ဒါဖြင့် အားလုံးရတဲ့ ပါဠိအတိုင်း သဗ္ဗေသခ်ၢိရာအနိစ္စာ (မှန်ပါ့ဘုရား) ရှတ်ကြစမ်းပါ.... (သဗ္ဗေသခ်ၢိရာ အနိစ္စာပါဘုရား)။

ကြောင်....ဒီ-သခ်ၢိရသည် ဘယ်လမ်းဆုံးမလဲ.... (အနိစ္စလမ်းဆုံးပါမယ်ဘုရား) ပေါ်ပြီ....(မှန်ပါ့)။

ဒီ-သခ်ၢိရဘုရားဟာ တကာတကာမတို့ သခ်ၢိရကလေး ပေါ်လာတာ ဘာလုပ်ဘို့ပေါ်လာပါလိမ့်.... (အနိစ္စရောက်ဘို့ ပေါ်လာတာပါ) ပျက်ဘို့ပေါ်လာတယ်၊ အနိစ္စရောက်ဘို့ ပေါ်လာတယ်ဆိုတော့ ရှင်းသွားတယ်.... (မှန်ပါ့)။

ဒါဖြင့် ဟောဒီမြင်စိတ်ကလေးဟာ တကာတကာမတို့ ပေါ်ပေါ်ခြင်း ဘာဆိုကြမယ်.... (သခ်ၢိရတရားပါဘုရား) ပေါ်ပြီး

တော့ ပျက်သွားယင် ဘယ့်နှယ်ဆိုမလဲ.... (အနိစ္စရောက်ပါတယ် ဘုရား)။

သြော်... ဒါ့ကြောင့် ပေါ်တာ သခ်ါရ, ပျက်တာ အနိစ္စ... (မှန်ပါ့)ဆိုတော့ ဘုရားဟာ တယ်အခရေးတကြီး ဟောပါလား၊ "သဗ္ဗေသခ်ါရာ အနိစ္စာ"ဆိုတော့ ပေါ်တာကိုဘာတဲ့....(သခ်ါရ ပါဘုရား) ပေါ်တာသိလိုက်သဖြင့် တကာသင်္ဂ ဒီဋ္ဌိဘယ်နှစ် ပါးစင်သလဲတဲ့.....(နှစ်ပါးစင်ပါတယ်ဘုရား) သက္ကာယနဲ့ ဥစ္ဆေဒ စင်သွားတယ်....(မှန်ပါ့)။

တခါ အနိစ္စလို့ဆိုတာကလေးကို တကာတကယ်ခံတော့ကဲ သြော်- သခ်ါရဟာ အနိစ္စမှာလမ်းဆုံးရှာသကိုးလို့ သိလိုက်ပြန်ပြီ ဗျာ၊ နောက်ကဝိပဿနာဉာဏ်နဲ့....(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်နဲ့ သခ်ါရတရားကလေးဟာ တကာတကာမ တို့ ပေါ်တုန်းက သခ်ါရ ဓနာက်- ပျက်သွားရှာတယ်ဆိုတာ အနိစ္စလမ်းဆုံးတယ်....(မှန်ပါ့ဘုရား)။

ဘယ်လမ်းဆုံးပါလိမ့် ... (အနိစ္စလမ်းဆုံးပါဘယ်ဘုရား) အဲဒီ ကျတော့ အနိစ္စလမ်းဆုံးတာလဲ မြင်လိုက်ပါရော တကာတကာမ တို့ သဿတဒိဋ္ဌိ စင်ပြန်တယ်... (မှန်ပါ့)။

ဘယ်နှစ်ခု စင်သွားသတုံး....(သုံးခုစင်ပါတယ်ဘုရား)သခ်ါရ မြင်တုန်းက နှစ်ခု .. (မှန်ပါ့) အနိစ္စမြင်တော့.... (တခုပါဘုရား)

ဘယ်သူပါလိမ့် အနိစ္စမြင်တော့.... (သဿတဒိဋ္ဌိပါဘုရား) ခိုင်တယ်, မြဲတယ်လို့ ယူသေးရဲ့လား.... (မယူပါဘုရား)။

အဲ- ဒါ့ကြောင့် ခင်ဗျားတို့ သြော်... သခ်ါရမြင်တုန်းက ဒိဋ္ဌိ နှစ်ခု သေခဲ့တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)

အနိစ္စမြင်လိုက်ပြန်တော့လဲ.... (ဒီဌိတခုသေးပါတယ်) ဘာဒီဌိပါ လိမ့်....(သဿတဒိဌိပါဘုရား)။

သဿတဒိဌိစင်တော့ သြော်. ဒို့ရှုနေတဲ့ သင်္ခါရဆိုတဲ့ ဖြစ်မှု တကာတကာမတွေ့ အနိစ္စဆိုတဲ့ ပျက်မှု (ဝါ) ဖြစ်မှု, ပျက်မှု နှစ်ခုရှုလိုက်တာ ဒို့သည်ကားလို့ ဆိုယင် ဘာလုပ်နေတာတုံး ... မေးတော့ တကာတကာမတို့ ဒီဌိသတ်၍ ပဋိစ္စသမုပ္ပါဒ် ပြတ် အောင်လုပ်နေတာ....(မှန်ပါ)။

ဒီဌိသတ်ပြီးတော့- (ပဋိစ္စသမုပ္ပါဒ်ပြတ်အောင်လုပ်နေတာပါ ဘုရား)။

ကိုင်း....ရှင်းပြမယ်၊ ဟောဒါက အဆင်း၊ ဟောဒါက မြင်တဲ့ စိတ်ကလေးနော်.... (မှန်ပါ) မြင်တဲ့စိတ်ကလေးဟာ သင်္ခါရ တရား၊ ပေါ်တော့ သင်္ခါရပေါ့ဗျာ....(မှန်ပါ)ဒီဌိနှစ်မျိုးကဖြင့် ရှင်းသွားပြီ...(ရှင်းပါပြီဘုရား)။

'ဖျတ်'ဆို တကာတကာမတွေ့ ပေါ်လာတာကလေး မိအောင် ရှုဆိုတော့ ရှုလိုက်တော့ ပျက်သွားတယ်.... (မှန်ပါ) ပျက်သွား တော့ အနိစ္စမြင်လိုက်တယ်....(မှန်ပါ)။

အင်း....ဒါဖြင့် ဖြစ်မှုပျက်မှု မြင်လိုက်တာ ဒီဌိ ဘယ်နှစ်မျိုး သေသတုံး.. (သုံးမျိုးသေပါတယ်ဘုရား) ဒီဌိသုံးမျိုးသေတယ်- (မှန်ပါ့ဘုရား)။

ဇကာဇကာမတို့ ဒီမှာ ရှေ့ပိုင်းမှာ ဖြစ်မှုပျက်မှုနှစ်ခု မြင် လိုက်တယ်.... (မှန်ပါ) ဒါက ဖြစ်မှု၊ အစိမ်းကလေးက ဖြစ်မှု- ဒီစကားရောင်ကလေးက ပျက်မှု ဟုတ်လား.... (မှန်ပါ) ဖြစ်မှု

ပျက်မှု နှစ်ခုမြင်လိုက်တယ် စိတ်ကလေးတခုမှာ....(မှန်ပါ) ဘယ်နှစ်ခု သေသတုံး....(သုံးခုသေပါတယ်ဘုရား)။

ဒါဖြင့် ဒီမင်္ဂလာသည် တကာတကာမတို့ ဒီဌိ ဘယ်နှစ်မျိုး သတ်သတုံး...(သုံးမျိုးသတ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဌိသုံးမျိုးကို ဒီအမြင်မှန်က သတ်လိုက်တယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဌိသုံးမျိုးကို ဘယ်သူက သတ်လိုက်သတုံး .... (အမြင်မှန်က သတ်ပါတယ်ဘုရား) နေရာကျပြီ....(မှန်ပါ)။

ဒါဖြင့် သူ့ကို အမြင်မှန်ဆိုလေသေးကြောင့် သူကတော့ သမ္မာဒိဌိ....(မှန်ပါ)။

ဒါဖြင့် သမ္မာဒိဌိလာလို့ ဒီအသဲ မိစ္ဆာဒိဌိ သုံးခုသေတယ်.... (မှန်ပါဘုရား) သမ္မာဒိဌိလာလို့... (မိစ္ဆာဒိဌိသုံးမျိုးသေပါတယ်ဘုရား)။

တကာသစ်ရေ.... သိပ် အဘိုးတန်ပါလား ... (တန်ပါတယ်) အင်မတန် မိပါတယ် တကာတကာမတွေ၊ အင်မတန်ထက်တဲ့ တကာတကာမဆိုယင် ဒီနေရာတွင်ဘဲ သောတာပန်, သကဒါဂါမ်တည်နိုင်တဲ့တရား.... (မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒီဘက်က သခ္ခါရတွေလဲ ဖြစ်လာတာလဲ ကျုပ်တို့ တွေ့လိုက်တာဘဲ.... (မှန်ပါဘုရား) ပျက်တာလဲ.... (တွေ့လိုက်ပါဘယ်ဘုရား)။

အင်း... ဒါကလေးဖြစ်မှုပျက်မှုနှစ်ခုကို ကျုပ်တို့က ဆရာသမားကလဲ သင်ထားတယ် တကာတကာမတို့၊ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ပါစေ... (မှန်ပါ့)။

ဖြစ်ပျက်နဲ့မဂ်နဲ့... (ကိုက်ပါစေ)မဂ်ဆိုတာ နောက်က ရှုတာ ကိုမဂ်... (မှန်ပါ့)။

အဲ... ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပါစေဆိုတော့ တကာတကာမတွေက ကိုက်အောင် လုပ်လိုက်တယ်.... (မှန်ပါ့) ကိုက်အောင် လုပ်လိုက်တဲ့အခါကျတော့ ဒီအထဲမှာ ဘယ်နှစ်ခု သေသတုံး.... (သုံးခုသေပါတယ်ဘုရား)။

အင်း... သေချင်လို့ သေတာလား၊ ဒီသမ္မာဒိဋ္ဌိနဲ့ အမှန်အကန် မြင်လို့ သေတာလား....(သမ္မာဒိဋ္ဌိနဲ့ အမှန်အကန်မြင်လို့ သေတာပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ကိုကနေပြီး မြင်ရတာ စိတ်ပျက်လိုက်တာဆိုတဲ့ ဒေါသကော သေရဲ့လား... (သေပါတယ်ဘုရား)။

ဒါဖြင့် ဒေါသဘဲ သေသလား- မသိတဲ့ မောဟပါသေးသလား....(မသိတဲ့မောဟပါသေပါတယ်ဘုရား)။

ဒါဖြင့် ဟိုဘက်မှာ အကုန်အဝိဇ္ဇာပစ္စယာ သင်္ခါရတွေကော လာသေးရဲ့လား....(မလာပါဘုရား)။

ဪ-ဒါဖြင့် ဘုရားသခင်ကိုယ်မြတ်ကြီးက "သဗ္ဗေ သင်္ခါရ အနိစ္စာ"... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) သူက ဘာတဲ့....(သဗ္ဗေ သင်္ခါရ အနိစ္စာပါဘုရား)။

ဒီက 'သဗ္ဗေ သင်္ခါရ' ဆိုတော့ သူက ပေါ်တာဘဲ ရှိသေးတယ်....(မှန်ပါ့) ဒီတရားက ဘာတဲ့... (အနိစ္စပါဘုရား) ဒါဖြင့်

"သဗ္ဗေ သခ်ၢါရ အနိစ္စာ"... (မ္ပန်ပါ့ဘုရား)သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါ့ကြောင့် တကာသစ်တို့ ခဏခဏပြောနေရှုတယ်၊ "ယဒါ ပညာယ ပဿတိ" ... (မ္ပန်ပါ့ဘုရား) သူတို့နှစ်ခုပေါ်လာယင် ဒီပညာနဲ့ ကြည့်ပါကွာ... တဲ့... (မ္ပန်လှပါ)။

ဘာတဲ့တုံး....(သူတို့နှစ်ခုပေါ်လာယင် ဒီပညာနဲ့ ကြည့်ရပါမယ်ဘုရား) ဝိပဿနာပညာ,မဂ်ပညာနဲ့ကြည့်ပါကွ.... (မ္ပန်ပါ့ဘုရား)။

ကဲ... တကာတကာမတွေ ဒါကလေး ထောက်လိုက်တော့ သဗ္ဗေ သခ်ၢါရ.... (မ္ပန်ပါ့) ဒါကလေး ထောက်လိုက်တော့.... (အနိစ္စပါဘုရား) ဘာလုပ်ရမတဲ့တုံး... (ပညာနဲ့ကြည့်ရပါမယ်ဘုရား)။

ယဒါ= အကြင်ခါ၌၊ သူဖြစ်ပျက်နေတဲ့အခါ၌၊ ပညာယ= ဝိပဿနာပညာဖြင့်၊ ပဿတိ=ကြည့်၏....(မ္ပန်ပါ့) မပေါ်သေးဘူးလား ...(ပေါ်ပါပြီဘုရား)။

ယဒါ=အကြင်ဖြစ်မှုပျက်မှုရှိတဲ့အခါ၌၊ ပညာယ=ပညာဖြင့် ဘာလုပ်ရမလဲ... (မြင်အောင်ကြည့်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီ-ထောက်လိုက်တော့ သဗ္ဗေသခ်ၢါရ၊ ဒီထောက်လိုက်တော့....(အနိစ္စပါဘုရား) ဒီ ထောက်လိုက်တော့....(ယဒါ ပညာယ ပဿတိပါဘုရား) 'ယဒါ ပညာယ ပဿတိ' ဘဲ.... (မ္ပန်ပါ့)။

ယဒါဆိုတာက အခုချက်ခြင်းရှုပြောတာ....(မ္ပန်ပါ့) ယဒါ= အကြင်အခါ၌ဆိုတော့ အခုဖြစ်ပျက်ရှိတဲ့အခါ အခုရှုလိုက်ပါပြောတာ....(မ္ပန်ပါ)။

ယဒါ=အကြင်အခါ၌၊ ပညာယ=ပညာဖြင့်၊ ယဒါ=အကြင်အခါ၌ဆိုတာ သူတို့ဖြစ်ပျက်နေတဲ့အခါ၌ဆိုတာ.... (မှန်ပ!) ဘာနဲ့ရှုရမတုံး...(ပညာနဲ့ရှုရပါမယ်ဘုရား)။

ဒါဖြင့် "ယဒါ ပညာယ ပဿတိ" ကိုက်ပလား.... (ကိုက်ပါပြီဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကဲ....ဒါထောက်လိုက်တယ်၊ ခင်ဗျားတို့က ပါဠိရှတ်သွား... (သဗ္ဗေသခ်ါအုပါ) ဒါထောက်လိုက်တော့ ....(အနိစ္စပါဘုရား) ဒါထောက်လိုက်တော့ (ယဒါပညာယပဿတိပါ)ဒါခင်ဗျားတို့ အလုပ်စဉ်ဘဲ....(မှန်ပါ) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်"သဗ္ဗေသခ်ါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ" ဆိုလို့ရှိယင် တကာသစ်- ယထာဘူတဉာဏ်ရပြီ .... (မှန်ပါ့ဘုရား)။

ဘာဉာဏ်ရသတုံး....(ယထာဘူတဉာဏ် ရပါပြီ) သာသနာတွင်းမှာ မျက်စိနှစ်ကွင်း အလင်းရပြီကွ...(မှန်ပါ)အရှုး,အကန်း ပျောက်ပြီကွ....(မှန်ပါ့ဘုရား)။

ဘုရားက "သဗ္ဗေ သခ်ါရာ အနိစ္စာ, ယဒါပညာယ ပဿတိ" မင်းတို့လုပ်နိုင်ယင်ဖြင့် အရှုး,အကန်းပျောက်ပါပြီတဲ့ .... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီအထဲမှာရှိတဲ့ဉာဏ်၊ ဘာဉာဏ်ခေါ်ကြမယ် .... (မဂ်ဉာဏ်ပါ) မဂ်ဉာဏ်ခေါ်ချင်ခေါ်၊ ယထာဘူတဉာဏ်ကောခေါ်နိုင်ပါတယ်ဘုရား)။

ဟုတ်တိုင်းမှန်စွာ သိသပေါ့ဗျာ....(မှန်ပါ့)သခ်ၢါရလဲသူသိပြီ (မှန်ပါ့) အနိစ္စကောာ....(သိပါပြီ) အဲဒီတော့ ဒီဥာဏ်ဘာဥာဏ် ခေါ်မတုံး .. (ယထာဘူတဥာဏ်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ၁-နံပါတ်ဥာဏ် ယနေ့အောင်ပြီလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဟုတ်လား....(မှန်ပါ့ဘုရား)။

သို့သော် ဒါလောက်နဲ့ မရပ်ပါနဲ့တဲ့၊ ကဲ.... တကာသစ်တို့ အယင်တုန်းကလဲ သင်ထားတယ်၊ နဂိုရိုကလဲရဘူးတယ်နော် .... (မှန်ပါ့)"အထ နိဗ္ဗာန္ဒတိဒုက္ခေ"(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အထ=ထိုအခါ၌၊ နိဗ္ဗာန္ဒတိ= ငြိုးငွေ့အောင်ကြည့်တဲ့ ဒီဖြစ်ပျက်ကို .. (မှန်ပါ့) ;အထ=ထိုသို့ ဖြစ်ပျက်နေတဲ့အခါ၌၊ နိဗ္ဗာန္ဒတိ ငြိုးငွေ့အောင် ပြန်လုပ်ဦးကွ....(မှန်ပါ့ဘုရား)။

ဘာလုပ်ရဦးမတဲ့လဲ.... (ငြိုးငွေ့အောင် လုပ်ရုပါမယ်ဘုရား) ဖြစ်ပျက်အပေါ်၌ ဘာလုပ်ရမယ် .... (ငြိုးငွေ့အောင် လုပ်ရပါမယ်ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ငြိုးငွေ့အောင်လုပ်၊ ငြိုးငွေ့ပြီးတယ်ဆိုလို့ ရှိယင်ဖြင့် "အထ နိဗ္ဗာန္ဒတိ ဒုက္ခေ"ကိုးဗျနော်....(မှန်ပါ့) ဒီဥစ္စာတွေဟာ ဖြစ်ပျက်ဒုက္ခတွေဘဲလို့ ငြိုးငွေ့အောင်ကြည့်လိုက်ပါတဲ့... (မှန်ပါ့ဘုရား)။

ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေဘဲလို့ ဘာတုံး .. (ငြိုးငွေ့အောင်ကြည့်ရပါမယ်) ဦးမာဒင်ရေ-သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဖြစ်ပျက်တွေကို ဘယ်လိုကြည့်ရမလဲ .... (ငြိုးငွေ့အောင်ကြည့်ရပါမယ်)အဲ .. မုန်းသည့်တိုင်အောင်၊ ရှုံ့သည့်တိုင်အောင်၊

ငြိုးငေ့ သည့်တိုင်အောင် ကြည့်ပါတဲ့နော် .... (မှန်ပါ့ဘုရား) နောက်ကျတော့ကိုတဲ့ ငြိုးငေ့အောင် ကြည့်ပြီးလို့ ရှိယင်ဖြင့်တဲ့ တကာတကာမတို့ ခင်ဗျားတို့ရ,ထားတဲ့ ပါဠိဘဲ၊ ငြိုးငေ့ပြီးယင် "သေမဂ္ဂေါ ဝိသုဒ္ဓိယာ"(မှန်ပါ့) သေသော=ဤငြိုးငေ့ တဲ့ မက်သည်.... (မှန်ပါ့) ဝိသုဒ္ဓိ ယာ= စင်ကြယ်သောနိဗ္ဗာန် ဆိုတော့ ဒီရှေ့မှာ စင်ကြယ်ရမယ်....(မှန်ပါ့) ဖြစ်ပျက်ကိုမတွေ့ ရဘူး....(မှန်ပါ့) ဘာဖြစ်သွားသတုံး.... (စင်ကြယ်သွားပါတယ် ဘုရား)။

စင်ကြယ်သောနိဗ္ဗာန်သို့၊ မဂ္ဂေါ=မက်ကမြင်သည်၊ ဟောတိ= ဖြစ်၏....(မှန်ပါ့) စင်ကြယ်အောင်မြင်မှ နိဗ္ဗာန်ရတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆုံးအောင်လိုက်မှမက်ရတယ် ... (မှန်ပါ့) ဒါဖြင့် ၁-နံပါတ်က ဖြစ်ပျက်မြင်အောင်ကြည့်.(မှန်ပါ့ဘုရား)။

၂-နံပါတ်က... (မုန်းအောင်ရှုရပါမယ်) ဖြစ်ပျက်မုန်းအောင် ကြည့်....(မှန်ပါ့ဘုရား)။

၃-နဲ့ပါတ်က....(နိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်ဘုရား)အဲဒီ ဂါထာကလာတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအတိုင်းဘဲ သခ်ါရနဲ့ အနိစ္စလဲ ကဲ့ပြီ....(ကဲ့ပါပြီ) ပညာနဲ့ကြည့်ရမယ်ဆိုတာကော.... (ကဲ့ပါပြီ) ငြိုးငေ့အောင်ကြည့်ရမယ်ဆိုတာကော... (ကဲ့ပါပြီ) နောက် ဖြစ်ပျက်တွေ့ စင်ကြယ်သည်ကျအောင် ကြည့်ရမယ်ဆိုတာကော- (ကဲ့ပါပြီဘုရား)။

ဒါဖြင့် ဥာဏ်ဘယ်နှစ်ဆင့်တုံး.... (သုံးဆင့်ပါ) ယထာဘူတ ဥာဏ် .. (မှန်ပါ) နိဗ္ဗိဒဉာဏ်.... (မှန်ပါ) စင်ကြယ်တာမြင်တဲ့ မဂ်ဥာဏ်.... (မှန်ပါ) ဒီသုံးဥာဏ်ဆိုယင်ဖြင့်တဲ့ရဟန်းငါးရာကျွတ်တယ်ဆိုတာ ဒါဘဲ....(မှန်ပါ) ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ဒီတွင်တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
(လုပ်ငန်းအစနှင့် အဆုံးပြသည့်)

နေ့ အလုပ်ပေး-တရားတော်

(၂-၉-၆၁)

ကဲ .... တရားနှလုံးသွင်းကြ၊ ဒီနေ့ ဘုရားသခင်ကိုယ်တော် မြတ်ကြီး ပရိနိဗ္ဗာန်စံတဲ့အချိန်မှာ ဘုရားရှိတုန်းကဟည်းကဟော ထားခဲ့တဲ့တရား၊ နောက် သီကြားမင်းက ဘုရားပရိနိဗ္ဗာန်စံ ကာနီးကျတော့ ဘုရားပရိနိဗ္ဗာန်စံတဲ့ အချိန်မှာဘဲ သူ့ရှေ့တ်ပါ တယ်နော်. (မှန်ပါ့) ဘာတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ ကိုယ်ရပြီးသား ဂါထာလို့မှတ်ရလိမ့်မယ်နော် .... (မှန်ပါ့ဘုရား)ဘာတုံးဆိုတာ....

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဆိုတာ သီကြားမင်းက ဘုရားပရိနိဗ္ဗာန်စံလို့ ရှတ်တဲ့ဂါထာ (မှန်ပါ့ဘုရား)။

အဲဒါ တကာတကာမတွေ ဘာဂါထာပါလိမ့်မလဲလို့ မသိ မှာစိုးတဲ့အတွက် အလုပ်အစနဲ့ အလုပ်အဆုံးကိုပြတဲ့ ဂါထာလို့ မှတ်ပါ....(မှန်ပါ့ဘုရား)။

ဘာပြုပါလိမ့် ... (အလုပ်အစနဲ့ အလုပ်အဆုံးပြတဲ့ ဂါထာပါဘုရား)။

ဒါဖြင့် တကာတကာမတွေကို ဝိပဿနာဥာဏ်- မဂ်ဥာဏ် ပြမှာဘဲ....(မှန်လှပါ)။

ဝိပဿနာဥာဏ်နဲ့ မဂ်ဥာဏ်ကိုဘဲ ပြမှာဖြစ်နေတော့ သြော်.... ဒို့ အလုပ်သမားတွေ အတွက်မှာဖြင့် ဒီဂါထာ ရပြီး ဒီဂါထာ အတိုင်း အလုပ်,လုပ်ရလို့ ရှိယင်ဖြင့် ဒို့သည် လိုရာခရီး အပြီးတိုင် ရောက်မှာဘဲဆိုတာကို ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားဘို့ပါဘဲ... (မှန်ပါ)။

ကိုင်း....ဒါဖြင့် ပြောကြပါစို့၊ သူ့ဂါထာက အနိစ္စာဝတ သင်္ခါရာ၊ ဝတ= စင်စစ်ကေန် အမှန်ပြောရမှာဖြင့်၊ သင်္ခါရာ= မင်းတို့သန္တာန်၌ အခုမှ၊ပါ၀ါလာတဲ့ တရားတွေသည်၊ အနိစ္စာ= ပျက်မှာချည်ဘဲ....(မှန်လှပါ)။

မင်းတို့သန္တာန်ပေါ်လာမည့်တရားဟူသ၍ ဘာတဲ့.... (ပျက်မှာချည်ပါဘုရား)။

ဒါဖြင့်.... တကာတကဲ့ဘမတွေက ဥာဏ်ကလေးနဲ့ စောင့်ပြီး သကာလ ပေါ်တာကြည့်နေဘို့ အရေးကြီးတယ်.... (မှန်ပါ့) ဥာဏ်ကလေးနဲ့ စောင့်ပြီး ပေါ်တာကြည့်နေတော့ ပေါ်တဲ့ တရားသည် ဝတ=ကေန်ဆန်=စင်စစ်အားဖြင့်၊စင်စစ်တော့ကဘ....တဲ့ အနိစ္စမှာ သူ့လမ်းဆုံ'လိမ့်မယ် တဲ့....(မှန်ပါ့)။

ပေါ်တဲ့တရားကလေး ဘယ်လမ်းဆုံးမယ်.... (အနိစ္စမှာ လမ်းဆုံးပါမယ်ဘုရား)။

အဲဒါ ဘုရားက မသိမှာစိုးလို့ သခ်ၢါရ= မင်းတို့သန္တာန်၌ အခုမှ ပေါ်လာတဲ့တရားတွေသည်၊ ဝတ= စင်စစ်၊ အနိစ္စာ= ဖြစ်ပြီး၍ ပျက်ကြလေကုန်၏. (မှန်ပါ) သြော်....ဒို့သန္တာန်မှာ ဖြင့် ဘယ်ဓမ္မပေါ်လာလာ ဖြစ်ပြီးပျက်မှာဘဲ၊ ဖြစ်ပြီးပျက်မှာဘဲ ဆိုပြီး တကာတကာမတွေက စောင့်ကြည့်နေဘို့ အရေးကြီးတယ် (မှန်ပါဘုရား)။

တကာတကာမတွေ အရေးကြီးတာက ဘာပါလိမ့် .... (စောင့်ပြီးကြည့်နေဘို့ အရေးကြီးပါတယ်ဘုရား)။

သြော် .... ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့်မတုံးလို့ အောက်မေ့နေတယ် တကာတကာမတွေ ဉာဏ်နဲ့စောင့်ကြည့်ဘို့ဘဲ....(မှန်ပါဘုရား)။

ဝိပဿနာအလုပ်ဆိုတာ....(ဉာဏ်နဲ့စောင့်ကြည့်ဘို့ပါဘုရား) ဉာဏ်နဲ့စောင့်ပြီးသကာလ တကာတကာမတွေက ခန္ဓာကြည့်ပါတဲ့၊ တခြားလဲမကြည့်နဲ့နော်....(မှန်ပါဘုရား)။

ခန္ဓာကြည့်ဆိုတော့ ဝေဒနာကြည့်တဲ့ပုဂ္ဂိုလ်က ဝေဒနာကခန္ဓာဘဲကြည့် .... (မှန်ပါ) ဝိညာဏ်ဆိုတဲ့ စိတ်ကြည့်မည့် ပုဂ္ဂိုလ်က စိတ်ကိုဘဲကြည့်ရလိမ့်မယ်- (မှန်ပါ)ဒီ့ပြင်တရားကိုမကြည့်ပါနဲ့။

အဲဒီ့တရားကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရော၊ သီကြားမင်းက ပရိနိဗ္ဗာန်စံတော့ ဘုရားကို ဒီဂါထာနဲ့ပူဇော်တာ ထောက်လိုက်တော့ သခ်ၢါရာ=အခုမှပေါ်လာတဲ့ သခ်ၢါရတရားတွေသည်၊ဝတ=စစ်စစ်၊ အနိစ္စာ = မမြဲကြကုန် (ဝါ) ပျက်စီးကြကုန်၏ ဆိုတော့ မင်းတို့သန္တာန်မှာကဲ့ဘဲ့ တရားတွေ ရှည်ရှည်

ရှာမနေပါနဲ့ ပေါ်လာတဲ့တရားပျက်တာကိုသာ ကြည့်နေပါတဲ့ (မှန်ပါ့)။

ပေါ်လာတဲ့တရား.... (ပျက်တာကိုသာ ကြည့်နေရပါမယ် ဘုရား)။

ပေါ်တာပျက်တာ,ပေါ်တာပျက်တာလဲ ကြည့်ပါလို့ ဆိုတာ ဘုန်းကြီးဘို့ တကာတကာမတွေ့ မှတ်ထားပါ.... (မှန်ပါ့ဘုရား) သြော်....ဘုရားရှိစဉ်အခါတုန်းကလဲ ဟောထားတယ်....(မှန်ပါ့) ဘုရားပရိနိဗ္ဗာနစံတော့လဲ သြော် ဒီကိုယ်တော်ကြီး ဘာဖြစ်ပါလိမ့်မတုံးဆိုတာ မအောက်မေ့ပါနဲ့....တဲ့၊ ပြောတာသာ ပရိနိဗ္ဗာန်စံတာပါ၊ စင်စစ် သခ်ၸါရချုပ်တာ...(မှန်ပါ့)။

စင်စစ် ဘာပါလိမ့်....(သခ်ၸါရချုပ်တာပါဘုရား) သြော်.... ဒါဖြင့် တကာတကာမတွေလဲ မိုးပေါ်ကျတွေလား.... တဲ့၊ အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာကြတဲ့ သခ်ၸါရတရားတွေလို့ အခုဘရားနာနေတဲ့ တကာတကာမတွေနဲ့ တရားဟောတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူမှ မိုးပေါ်ကျမရှိဘူးနော်.... (မှန်ပါ့) အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ သခ်ၸါရချည့် မှတ်လိုက်ပါ (မှန်ပါ့)။

အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့....(သခ်ၸါရတရားချည့်ပါဘုရား)။

အဲဒါကို....တဲ့ သေသေချာချာ ပြောမယ်၊ စင်စစ်အားဖြင့် ကဲ... အနိစ္စပါဘဲ....(မှန်ပါ့)။

ဖြစ်ပေါ်လာတဲ့တရားက သခ်ၸါရ.... (မှန်ပါ့) သူဆုံးသွားတဲ့ အခါကျတော့အနိစ္စ.... (မှန်ပါ့) ဒါဖြင့် 'အနိစ္စဝတ သခ်ၸါရာ၊ သဘောကျကြပလား ... (ကျပါပြီ)။

တကာကြွယ် ဘာတဲ့... (အနိစ္စ၁၀တ သခ်ၤါရုပါဘုရား)အဲ.... ကိုယ်ရပြီးသားဂ ါထာဖြစ်နေတော့ သြော်-ဒို့သန္တာန်မှာဒီဥစ္စာဘဲ ရှိတယ်ဆိုတာကို သိကြားကလဲရှတ်၊ ဘုရားကလဲ သက်တော်ထင်ရှား ရှိစဉ်အခါတုန်းက ဟောပြီးသကာလထားတော့ ဒီဥစ္စာက ရှေ့ပိုင်းက ဝိပဿနာဥာဏ်ပြတာ(မှန်ပါ့)နောက်ပိုင်းက နိဗ္ဗာန်ပြတာ....(မှန်လှပါ)။ ရှေ့ပိုင်းက.... (ဝိပဿနာဥာဏ်ပြ်ပါတယ် ဘုရား) နောက်ပိုင်းက....(နိဗ္ဗာန်ပြပါတယ်ဘုရား) နိဗ္ဗာန်ပြမယ် ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ သြော်... ဝိပဿနာ အလုပ်ဆိုတာ တခြားလား အောက်မေ့နေတာဘဲ၊ ရှေ့ပိုင်းက အနိစ္စနဲ့ သခ်ၤါရ၊ သခ်ၤါရနဲ့အနိစ္စ၊ ဒို့-မြင်အောင်ကြည့်ဘို့ဘဲ.... (မှန်လှပါဘုရား)။

သခ်ၤါရနဲ့ အနိစ္စ....(မြင်အောင်ကြည့်ဘို့ပါဘုရား) ဒါဖြင့်.... ဦးလှဘူး နေရာကျပြီ....(ကျပါပြီ) နေရာကျပြီ၊ ဥပမာ တကာ တကာမတွေ့ ကိုယ့်လက်မောင်းကလေးကိုဘဲ လက်သည်းကလေး နဲ့ နည်းနည်းခြစ်ကြည့်၊ ဘယ်ဘက်လက်မောင်းကလေး တန်းပြီး သကာလ ညာဘက်လက်သည်းကလေးနဲ့ ခြစ်လိုက်တာပေါ့ဗျာ- (မှန်ပါ့) ခြစ်လိုက်တဲ့အခါကျတော့ သြော်....ဒီ ပေါ်လာတာ ကလေး ဘာခေါ်ကြမယ်.... (ဝေဒနာပါဘုရား) ပေါ်လာတဲ့ တရားကလေးဟာလေ... (သခ်ၤါရတရားပါဘုရား)။

အင်း....တကာသစ်-ရေ.... ပေါ်လာတဲ့တရား သခ်ၤါရတရား ဟုတ်ပြီ.... (မှန်ပါ့) ဒီဖောင္ဒေးရှင်းဆိုဘဲ့ လက်သည်းနဲ့ မထိဘဲနဲ့ ပေါ်ပါ့မလား....(မပေါ်ပါဘုရား) ဒါဖြင့် လက်သည်းပြုပြင်လို့ ပေါ်လာတဲ့ ဝေဒနာသခ်ၤါရ....(မှန်ပါ့)။

လက်သည်း ပြုပြင်လို့ ပေါ်လာတဲ့.... (ဝေဒနာသခ်ၢရပါဘုရား) ဒါ-မှတ်ထားလိုက်တော့ သြော်....ပြုပြင်လို့ပေါ်လာတာ သခ်ၢရ....(မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်မှတ်မတုံး ...(ပြုပြင်လို့ ပေါ်လာတာ သခ်ၢရပါဘုရား)။

ပြုပြင်လို့ပေါ်လာတာ သခ်ၢရဆိုတော့ ခင်ဗျားတို့ တကာ တကာမတွေ့မှာလဲ ခန္ဓာကိုယ်ထဲမှာ အခုလို လေထိုလို့ လေက ပြုပြင်လို့ ပေါ်လာတဲ့ အေးတဲ့ဝေဒနာ....(မှန်ပါ့) နေက ပြုပြင်လို့ ပေါ်လာတဲ့ ပူတဲ့ဝေဒနာ....(မှန်လှပါဘုရား)ကိုယ်ပေါ်မှာ ပေါ်လာတာကလေးတွေ့ပေါ့ဗျာ....(မှန်ပါ့)။

အဲဒါကလေးတွေ့ဟာ ပြုပြင်လို့ ပေါ်လာသောကြောင့် သခ်ၢရလို့မှတ်လိုက်....(မှန်လှပါ)သဘောကျပလား....(ကျေပါပြီ ဘုရား)။

ပြုပြင်လို့ပေါ်လာသောကြောင့်....(သခ်ၢရပါဘုရား) ဒီနေ့ တရားအထူး ဂရုစိုက်ပါ တကာတကာမတို့... (မှန်လှပါ)အလုပ် တရားကို နှစ်ရက်ဆက်ပြောတယ်လို့ မှတ်ရမယ်နော်....(မှန်လှပါ ဘုရား)။

ကဲ... တကာသစ်ကဘဲ စဉ်းစား....၊ ဦးမာဒင်တို့က စဉ်းစား၊ လက်သည်းတည်းဟူသော ဖောင်ဗဟာရုံဆိုတဲ့တရားနဲ့ မထိခိုက်လို့ ရှိယင် သူမှ မပြုပြင်ယင် ဝေဒနာသခ်ၢရ ပေါ်ပါ့မလား(မပေါ်ပါဘုရား)။

ဒါဖြင့် ပေါ်လာတဲ့တရား ဘာကလေးဖြစ်ဖြစ် တကာတကာ မတို့ နာတာကလေးဖြစ်ဖြစ် ဒါ- ဘာတရားလို့ ခေါ်ကြမလဲ....

(သခ်ၢိရတရားပါဘုရား) အို....အလိုလိုပေါ်တာလား၊ တကာ တကာမတို့ ပြုပြင်လိုက်လို့ ပေါ်တာလား.... (ပြုပြင်လိုက်လို့ ပေါ်တာပါဘုရား)။

အဲ.... နေက ပြုပြင်-ပြုပြင်၊ လေက ပြုပြင်-ပြုပြင်- ခုနင်ကပြောတဲ့ လက်သည်းတွေကဘဲ ပြုပြင်-ပြုပြင်၊ အစားက ပြုပြင်ပြုပြင် အစားကြောင့်လဲ ဝမ်းနာလာတာ အရှိသားဘဲ (ရှိပါတယ်ဘုရား) ဒါကျတော့ အာဟာရက ပြုပြင်တဲ့သခ်ၢိရ.... (မှန်ပါ့) ခုနင်က နေပူကြောင့် ဖြစ်လာတဲ့ခန္ဓာကိုယ်ထဲ စပ်တယ် ဆိုတာတွေကျတော့ ခုနင်က ပြုပြင်တဲ့သခ်ၢိရ.... (မှန်ပါ့ဘုရား) ဆိုတော့ ခန္ဓာကိုယ်ထဲမှာက ဘာတွေများ စုပုံနေသတုံး....လို့ မေးတဲ့အခါ သခ်ၢိရတွေချည့် စုပုံနေတယ်....(မှန်လှပါ)။

ဘယ်လိုမှတ်ကြမယ်.... (သခ်ၢိရတွေချည့် စုပုံနေပါတယ်ဘုရား) အို. တကာတကာမတို့ သခ်ၢိရတွေချည့် စုပုံနေတယ်လို့ သိလိုက်တာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မနေ့ကပြောတဲ့တရားနဲ့ တထပ်တည်းသာမှတ် သြော်....ယောကျား-မိန်းမဆိုတာ အပြောကိုး... ....(မှန်ပါ့) စုနေတာတွေကတော့.... (သခ်ၢိရပါဘုရား)။

စုနေတာတွေကတော့ ဘာမှ မတွေးကြနဲ့၊ တကာတကာမတို့ သူများပြုပြင်လို့ ပေါ်နေတဲ့သခ်ၢိရတွေဘဲ.... (မှန်ပါ့) သူများ ပြုပြင်လို့ ပေါ်နေတဲ့.... (သခ်ၢိရတွေပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဥပမာမယ်.... ငြုတ်သီးကလေး လျှာပေါ်တင်လိုက်တယ်၊ စပ်တဲ့ဝေဒနာကလေး ပေါ်လာတယ်.... (မှန်ပါ့) ငြုတ်သီးက

ပြုပြင်လို့ပေါ်လာတာ.... (မှန်ပါ့) ရေအေးကလေး သောက်လိုက်တယ်၊ လျှာပေါ်မှာ အေးသွားတယ်၊ သွားကလေးတွေ ကျင်သွားတယ်... (မှန်ပါ့) ရေတည်းဟူသော ဂရားက ပြုပြင်လိုက်လို့ပေါ်လာတဲ့ ကျင်တဲ့ဝေဒနာ, စပ်တဲ့ဝေဒနာ မလာဘူးလား....(လာပါတယ်ဘုရား) အဲဒါတွေ ဝေဒနာကွန္ဓာပေါ့ဗျ-(မှန်ပါ့) ဒီဝေဒနာကွန္ဓာတွေကို ဘာတရားလို့ခေါ်ကြမလဲ.... (သင်္ခါရတရားပါဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတို့ သင်္ခါရတရားတွေစုနေတာကိုး ...(မှန်ပါ့ဘုရား) ယောကျ်ား-မိန်းမဆိုတာ ပေါင်းပြီးတော့ ခေါ်လိုက်တာ....(မှန်ပါ့) စင်စစ်တော့ ဘာတွေစုနေတာတုံး.... (သင်္ခါရတရားတွေစုနေတာပါဘုရား)။

သင်္ခါရတရားတွေစုနေတယ်ဆိုတော့ တကာသစ်တို့-ဦးမာဒင်တို့ ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူး.... (မှန်ပါ့) သင်္ခါရအစုဘဲ ရှိတယ်....(မှန်ပါ့) ဘာတွေမျှားရှိသတုံး .... (သင်္ခါရအစုဘဲ ရှိပါတယ်ဘုရား)။

သင်္ခါရအစုဘဲရှိတယ်ဆိုတာ မှတ်ထားလိုက်တော့မှ ဩော်.... ဒါ-ဘာလုပ်တာပါလိမ့်မတုံး....ဆရာဘုန်းကြီး ဘယ်နှယ်ကြောင့် သေသေချာချာ ဟော့နေပါလိမ့်မတုံး .. ဆိုတော့ ဩော်.... ယောကျ်ား,မိန်းမ နဂိုရ်က မရှိတာ ပေါ်အောင်ပြောနေတာ.... (မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ.... (ယောကျ်ား,မိန်းမ နဂိုရ်က မရှိတာ ပေါ်အောင်ပြောနေတာပါဘုရား) ဒါဖြင့် ဘာတွေရှိသတုံး... (သင်္ခါရအစုတွေရှိပါတယ်ဘုရား)။

သြော်....ယောဂျ၊းမိန်းမ-မရှိဘူး၊ ယောဂျ၊းမိန်းမဟာ စုပေါင်းပြီးခေါ်တဲ့ ပညတ်....(မှန်ပါ့) ရှိတဲ့ပရမတ်ကတော့... သခ်ါရ....(မှန်ပါ့)။

ရှိတဲ့ပရမတ်ကတော့ ...(သခ်ါရပါဘုရား) သခ်ါရလို့ မှတ်ထားလိုက်ကြပါ.... (မှန်ပါ့) ဒါဖြင့် သခ်ါရာ=သခ်ါရတရားတို့သည်ဆိုတော့ သြော်.... ဒို့ခန္ဓာကြီး ဆိုနေတာပါကလား.... (မှန်ပါ့ဘုရား)။

ဘာဆိုနေတာတုံး.... (တပည့်တော်တို့ခန္ဓာကြီးဆိုနေတာပါ) ဒီခန္ဓာကြီးဆိုနေတာ... (မှန်ပါ့)။

ဒီခန္ဓာကြီးဆိုနေတာ တကာတကာမတို့....(မှန်ပါ့) ဥာဏ်ကခန္ဓာလှည့်လိုက်ပါ... (မှန်ပါ့)။

အင်း ... သခ်ါရာ= သခ်ါရတရားတို့သည်... လို့ ဘုရားကဘဲ ဟောဟော၊ဆရာဘုန်းကြီးကဘဲ ဘုရား၏ တရားယူဟောဟော၊ အင်း....ဒါ-ဘယ်သူ့ ဆိုနေတာပါလိမ့်.... (ဒီခန္ဓာကြီးဆိုနေတာပါဘုရား) ဒီခန္ဓာကြီးဆိုနေတာ....(မှန်ပါ့) အခု တရားနာနေတဲ့ ခန္ဓာကြီးဆိုနေတာ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဝတ=စင်စစ်ကေန်အမှန်ပြောရမှာဖြင့်....တဲ့၊ ဘုရားက ငါအမှန် ပြောရမှာဖြင့်ကဘာ-တဲ့....၊ အနိစ္စာ = အနိစ္စ လမ်းဆုံးကြကုန်၏....တဲ့... (မှန်ပါ့)။

သြော်.... မင်းတို့ပေါ်လာတဲ့ သခ်ါရတွေဟာ စင်စစ် ဘယ်လမ်းဆုံးသတဲ့လဲ....(အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေ့ ခန္ဓာဥာဏ်လှည့်လိုက်တဲ့ အခါကျတော့ သင်္ခါရတွေ့လိုက်,အနိစ္စတွေ့လိုက်၊ ဒါဘဲရှိမယ်-(မှန်ပါ) ဒီ့ပြင် ဘာရှိသေးသတုံး....(ဘာမှမရှိပါဘုရား)။ ဘာတွေ့မျှား တွေ့ကြသလဲ.... (သင်္ခါရတွေ့လိုက်,အနိစ္စတွေ့လိုက် ပါဘုရား)။

ရုပ်လဲ မတွေ့ဘူး၊ နာမ်လဲမတွေ့ဘူး တကာသစ်-ရေ....(မှန်ပါ့ ဘုရား)ဘာတွေ့မျှားတွေ့သလဲ....(သင်္ခါရနဲ့ အနိစ္စဘဲ တွေ့ပါတယ် ဘုရား)။

ပါဠိတော်နဲ့ကော ကိုက်ကဲ့လား.... (ကိုက်ပါတယ်) ကြည့်.... 'အနိစ္စာဝတသင်္ခါရာ'ဒါသံယုတ်ပါဠိတော်နော်....(မှန်ပါ့ဘုရား) သံယုတ်ပါဠိတော်မှာ သိကြားက ဘုရားပရိပနိဗ္ဗာန်စံတော့ - ဘုရားပရိနိဗ္ဗာန်စံတာ မဟုတ်ပါဘူး၊ သင်္ခါရတရား အနိစ္စလမ်း ဆုံးတာပါ... (မှန်ပါ့ဘုရား)။

လောကပြောတော့ ပရိနိဗ္ဗာန်စံတယ်လို့ ပြောကြတာပါတဲ့၊ စင်စစ်တော့ သင်္ခါရတွေ့ အနိစ္စလမ်းဆုံးကြတာပါ .... (မှန်ပါ့ ဘုရား)။

တကာကြွယ်·ရှင်းသွားပြီ....(ရှင်းပါပြီ)သင်္ခါရတရားတွေ့ဟာ (အနိစ္စလမ်းဆုံးတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာဖြစ်ချင်တယ်ဆိုတာ သင်္ခါရပေါ် ချင်တာဆိုတာဘဲ....(မှန်ပါ့) တပည့်တော် လူဖြစ်ချင်ပါတယ် ဘုရားဆိုတော့ ဘာပေါ်ချင်တာတုံး....(သင်္ခါရပေါ်ချင်တာပါ

ဘုရား)နတ်ဖြစ်ချင်ပါတယ် ဆိုတာကော .... (သခ်ၢါရပေါ်ချင်တာပါဘုရား)။

ဩော်.... ခင်ဗျားတို့ အနိစ္စဆိုတဲ့ဥစ္စာ ခင်ဗျားတို့ သခ်ၢါရပေါ်ချင် ခင်ဗျားတို့ သေချင်သေးလို့ပေါ့....(မှန်ပါ့) အနိစ္စရောက်ချင်သေးလို့ပေါ့....(မှန်ပါ့) ဒီ့ပြင် ဘာပြောစရာရှိသေးသတုံး....(မရှိပါဘုရား)။

ဩော်....ဒီတော့ 'အနိစ္စာဝတ သခ်ၢါရာ'ကို အခု ၁၅-မိနစ်လောက် ပြောလိုက်တော့ ဩော်.... ဒို့လူဖြစ်ချင်, နတ်ဖြစ်ချင်, ပေးကမ်းလှူဒါန်းပြီး လူဖြစ်ချင်, နတ်ဖြစ်ချင်တာဟာ ပေါ်ချင်တာကိုး၊ ပေါ်ချင် သေဦးမှာဘဲ....(မှန်ပါ့ဘုရား)။

ပေါ်ချင်ယင်ဖြင့်....(သေဦးမှာပါ) သေဦးမှာဘဲဆိုတဲ့ဥစ္စာက တကာ့ကြွယ် အထူးထင်ရှားနေတယ်....(ထင်ရှားပါတယ်ဘုရား) တကာတကာမတို့ အထူးမထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား)။

ဩော် ....ဒါ့ကြောင့် ဘုန်းကြီးတို့ ဆရာကောင်း, သမားကောင်းတွေက တကာသစ်၊ ဦးမာဒင်တို့၊ တကာ့ကြွယ်တို့ဘာမှ မဖြစ်ချင်နဲ့နော်လို့ သတိပေးလိုက်တာမျိုး ရိပ်မိဘို့သိပ်ကောင်းတယ်....(မှန်ပါ့) ဘာမှမဖြစ်ချင်ပါနဲ့လို့ သတိပေးလိုက်တယ်-(မှန်ပါ့ဘုရား)။

ဘာစိုးရိမ်တာပါလိမ့်....(သခ်ၢါရဖြစ်မှာ စိုးရိမ်တာပါဘုရား) သခ်ၢါရမဖြစ်ချင်နဲ့... (မှန်ပါ့) သဘောကျပလား .... (ကျေပါပြီဘုရား)။

ဘာစိုးရိမ်တာပါလိမ့်....(သခ်ၢါရဖြစ်မှာ စိုးရိမ်တာပါဘုရား) **မဟုတ်**ဘူးတဲ့၊ သခ်ၢါရဖြစ်ယင် ခင်ဗျားတို့ အနိစ္စလမ်း ဆုံးလိမ့် **မယ်**.. (မှန်ပါ့) ဒီအနိစ္စစိုးရိမ်လို့....(မှန်ပါ့) သဘောကျပလား (ကျေပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီစကားရှင်းရှင်းကလေး မှတ်**ပါ**ဦး၊ ဦးမာဒင်တို့.... (မှန်ပါ့ဘုရား) ခင်ဗျားတို့က လူဖြစ်ချင် **တ**ယ်ဆိုတော့ သခ်ၢါရဖြစ်ချင်တယ်....(မှန်ပါ့) နတ်ဖြစ်ချင်တယ် ဆိုတော့....(သခ်ၢါရဖြစ်ချင်တာပါ) ဗြဟ္မာဖြစ်ချင်တယ် (သခ်ၢါရ ဖြစ်ချင်တာပါ) ဒီသား, ဒီသမီးနဲ့ မခွဲဘဲ ဖြစ်ချင်တယ်-(သခ်ၢါရ ဖြစ်ချင်တာပါဘုရား)။

ဩော်....မဖြစ်ချင်ကြပါနဲ့လို့ ဆရာဘုန်းကြီးကရော-ဘုရားက **ရော**၊ ကန့်ကွက်တယ်....(မှန်ပါ့) ဦးလှဘူး ဘာကြောင့်ကန့်ကွက် **တ**ယ် ထင်သတုံးဗျ....(အနိစ္စလမ်းဆုံးမှာ စိုးလို့ပါဘုရား)မင်းတို့ မျက်ရည်ကျရလိမ့်မယ်....(မှန်ပါ့ဘုရား)။

မင်းတို့မျက်ရည်ကျရလိမ့်မယ်၊ အနိစ္စရောက်တော့ မင်းတို့ **မျ**က်ရည်ကျရလိမ့်မယ်....(မှန်ပါ့)သဘောကျပလား....(ကျေပါပြီ **ဘ**ုရား)။

အနိစ္စရောက်တော့....(မျက်ရည်ကျရမှာပါ) အဲ.... မျက်ရည် **ကျ**ရမှာစိုးရိမ်လို့ မဖြစ်ချင်မှ မပျက်မှာကိုးဗျ .... (မှန်ပါ့) ဖြစ်ချင်ယင် တကာသစ်ရေ....(ပျက်မှာပါ)သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတို့ ဘာလှလှ၊ ဘာတန်း **တ**န်း၊ ဘာပေးပေး၊ ဘာကမ်းကမ်း- သခ်ၢါရတို့၏ချုပ်ရာ ရောက်

ရပါလို့၏....(မှန်ပါ့) သခ်ၻာရဇာတ်သိမ်းရာ-(ရောက်ရပါလို့၏)။

သခ်ၻာရဇာတ်သိမ်းရာ ရောက်ရပါလို့၏ ဆိုတော့ သခ်ၻာရဇာတ်သိမ်းလို့ ရှိယင်ဖြင့် အသခ်ၴာဖြစ်ရတယ်.... (မှန်ပါ့ဘုရား) အသခ်ၴာနိဗ္ဗာန်ရောက်သွားတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေက သခ်ၻာရကိုမလိုချင်ပါနဲ့ အသခ်ၴာကို ရအောင်ယူပါ.. (မှန်ပါ့ဘုရား)။

သခ်ၻာရကို ....(မလိုချင်ပါနဲ့) အသခ်ၴာကို....(ရအောင်ယူပါဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ ဖြစ်နေတာက သူ့ဟာက အဖြစ်သာကြိုက်နေတာကိုးဗျ- (မှန်ပါ့)အဖြစ်နောက်က အနိစ္စလိုက်လာတယ်ဆိုတာ တကာကြွယ်တို့က နည်းနည်းမှမစဉ်းစားတော့ ဒီဆုံမ်း·ဒီကုမ်းကြောင့် နတ်ဖြစ်ချင်တယ်လို့ ဆိုတော့ နတ်ဖြစ်ပါပြီဆိုတော့ ဖြစ်ပေါ်လာတာကို တကာသစ်ကဘာဆိုမတုံး....(သခ်ၻာရပါဘုရား)။

ဒါဖြင့် နတ်ဖြစ်ချင်ယင် နတ်ပြည်သေရမှာဘဲ .... (မှန်ပါ့) ဗြဟ္မာဖြစ်ချင်....(ဗြဟ္မာ့ပြည် သေရမှာပါဘုရား)။

သြော်....ဘုန်းကြီးတို့ တကာတကာမတွေ မသိသေးတော့လဲ သူမျှားပါးစပ်လမ်းဆုံးပြီး မင်း-နတ်ဖြစ် မကောင်းဘူးလားကွာ-(မှန်ပါ့)မင်း- ဗြဟ္မာဖြစ်ယင် မကောင်းဘူးလား....(မှန်ပါ့) အဲဒီတော့ မင်း ဗြဟ္မာ့ပြည်ဆုတောင်း, နတ်ပြည်ဆုတောင်းလို့ ဆိုတော့ ပြောတဲ့ပုဂ္ဂိုလ်ကလဲ ဖြောရက်ပါပေတယ်(မှန်ပါ့)ခင်ဗျားတို့ကလဲ ယောင်ပြီးလိုက်ရက်ပါပေတယ်....(မှန်ပါ) ဆိုထိုက်·မဆို

ထိုက်....(ဆိုထိုက်ပါတယ်) သူတို့ ဘာကို အဖြစ်ခိုင်းတာတုံး မေးတော့ သခ်ါရအဖြစ်ခိုင်းတာ.... (မှန်ပါ့) ဘာကိုဆုတောင်းခိုင်းတာတုံး....(သခ်ါရဆုတောင်းခိုင်းတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ရှတ်ကြည့်ပါ၊ "အနိစ္စာဝတသခ်ါရာ".... (မှန်ပါ့)သခ်ါရာ=ပြုပြင်လို့ ပေါ်လာတဲ့ သခ်ါရတရားတို့သည်၊ ဝတာ=စင်စစ်၊ အနိစ္စာ=ပျက်ကြကုန်၏....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပျက်ဆုတောင်းယူဟေ့ ဆိုယင်လဲ တောင်းမှာဘဲ .... (မှန်ပါ့) သခ်ါရဆုတောင်းယူဟေ့....ဆိုလဲ တောင်းယူတာဘဲ....(မှန်ပါ့) အပျက်ဆုတောင်းယူပါဆိုတော့-(တောင်းယူပါတယ်) အဖြစ်ရှိယင် အပျက်က .... (ရှိပါတယ်ဘုရား)။

အဲဒါတော့ ထည့်ပြီးသကာလ ခင်ဗျားတို့ကလဲ မစဉ်းစား၊ ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ မပြောတော့ကို ခင်ဗျားတို့ အစကလေးပြထားပြီးသကာလ တကာတကာမတို့ အဆုံးမပြတဲ့ အတွက် ခင်ဗျားတို့ ကျုပ်တို့မှာ ကိုယ်ကျိုးနည်းရတယ် .... (မှန်ပါ့) ကိုယ်ကျိုးမနည်းဘူးလား .... (နည်းပါတယ်ဘုရား)။

သူက ဘာပြသတုံး- အစကလေးပြတယ် .. (မှန်ပါ့) အစကလေးပြထားတော့ ဒီအစကလေးက ဒီအတိုင်းနေမှာလား-ပျက်ဦးမှာလား....(ပျက်ဦးမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒီလိုဆုတောင်းတဲ့ပုဂ္ဂိုလ်ဟာ ဘာနဲ့ တူသတုံးလို့ မေးဘို့လိုလာတယ် ....(လိုပါတယ်)တကာကြွယ်မလို့ လားဗျာ-(လိုပါတယ်ဘုရား)။

သင်ဓုန်းသွားပေါ်-သင်ဓုန်းထက်လောက်အောင်သွေး(မှန်ပါ့) သွေးပြီးသကာလ ဦးလှဘူး ပျားရည်ကလေး သုတ်ထား .... (မှန်ပါ့) ဟောဟို ပျားရည်ကလေးဟာ မင်းအရသာရှိတယ် ဆိုပြီး လူမိုက်က သွားလျှက်မယ်....(မှန်ပါ့)ချိုတာနဲ့ လျှာပြတ်တာနဲ့ .... တကာသစ် ဘယ်သူက နစ်နာမယ်ထင်သတုံး .... (လျှာပြတ်တာက နစ်နာပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့က ချိုတာသာမြင်တယ်၊ လျှာပြတ်မှာ မမြင်ဘူး....(မမြင်ပါ) တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

ချိုတာသာမြင်တယ်....(လျှာပြတ်မှာ မမြင်ပါ) အဲ....ခင်ဗျားတို့ ဘာဖြစ်ချင်,ညာဖြစ်ချင် ဆိုတာဟာကိုဘဲ မြင်တယ်(မှန်ပါ့) အနိစ္စကို....(မမြင်ပါ) လျှာပြတ်တာနဲ့တူတဲ့ အနိစ္စမမြင်ဘူး.... (မှန်ပါ့ဘုရား)။

အဲဒီမှာ ခင်ဗျားတို့ တသံသရာလုံး ကိုယ်ကျိုးနည်းခဲ့တာ .... (မှန်ပါ့)သခ်ါရကိုကြိုက်လို့ အနိစ္စကိုခင်ဗျားတို့မမြင်ဘဲနဲ့ နောက်ဆုံးပိတ်ကျတော့ မတ္တေ့ချင်ဘဲနဲ့ တ္တေ့ရတယ်.... (တ္တေ့ရပါတယ်) မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)။

ကဲ .. ဒါဖြင့် လောကီဥပမာနဲ့ ရှင်းအောင်ပြောကြပါစို့ ဆိုတော့ တကာကြွယ်ရေ....တကာကြွယ် လူပျိုကြီးလုပ်နေတယ် ထားတော့....(မှန်ပါ့) လူပျိုကြီးသာလုပ်နေမယ်ဆို တကာကြွယ် ဘယ်သူနဲ့ခွဲစရာမျှား ရှိသေးသတုံး.... (မရှိပါ)သားနဲ့ခွဲစရာ ကော... (မရှိပါ) သမီးနဲ့ခွဲစရာ .... (မရှိပါ) မြေးနဲ့ခွဲစရာ.... (မရှိပါ) ခင်ပွန်းမနဲ့ခွဲစရာ....(မရှိပါဘုရား)။

အခုတော့ ဘယ့်နှယ်ဖြစ်နေသတုံးဆိုတော့ ဖြစ်မှုအလိုရှိတဲ့အတွက် ပျက်မှုတွေ့ရလိမ့်မယ်.... (တွေ့ရမှာပါ) နောက်ဆုံးပိတ်တနေ့ သားနဲ့လဲခဲ့ရမယ်....(မှန်ပါ့) သမီးနဲ့ကော....(ခဲ့ရမှာပါ) ခင်ပွန်းမနဲ့ကော....(ခဲ့ရမှာပါဘုရား)။

အို... သခ်ၢါရအလိုရှိတဲ့ပုဂ္ဂိုလ်ဟာ အနိစ္စခဲ့ခန်းတော့....(တွေ့ရမှာပါဘုရား) ငြင်းလို့ရပါ့မလား....(မရပါဘုရား)။

အဲဒါ ခင်ဗျားတို့က သခ်ၢါရကြိုက်နေလို့ အနိစ္စမျက်ရည်ဟာ အလိုလိုပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

သခ်ၢါရကြိုက်ယင် (အနိစ္စမျက်ရည်အလိုလိုပေါ်လာပါတယ်ဘုရား) အနိစ္စမျက်ရည်ရတယ်....(ရပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သင်ခန်းသွားပေါ်မှာရှိတဲ့ ပျားရည်ကလေး ဦးမာဒင်တို့လျက်မိတာနဲ့ဘဲ ပျားရည်ချိုတာကလေး သခ်ၢါရမြင်တာနဲ့ လျှာပြတ်တဲ့ကိစ္စက မသက်သာဘူး.... (မှန်ပါ့ဘုရား) သက်သာသေးရဲ့လား....(မသက်သာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သခ်ၢါရနယ်ကလွတ်မှမင်းတို့ချမ်းသာမယ်တဲ့....(မှန်ပါ့)ပေါ်ချင်တာ, ပျက်ချင်တာ,မင်းတို့လွတ်မှအသခ်ၢတဆိုတဲ့နိဗ္ဗာန်၊ မပြုပြင်ဘဲနဲ့တည်တံ့တဲ့နိဗ္ဗာန်ရမယ်လို့ ပြောတာ ခင်ဗျားတို့က သခ်ၢါရတွေချည့်ဆုတောင်းယူနေတော့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သခ်ၢါရတွေချည့်ဘဲ ဆုတောင်းယူနေတော့ အနိစ္စနဲ့ချည့်ဘဲ မျက်ရည်ကျနေတယ်....(ကျပါတယ်ဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာနဲ့မျက်ရည်ကျရသလဲ.... (အနိစ္စနဲ့ချည့် မျက်ရည်ကျပါတယ်ဘုရား) အို... ဘာဆုတောင်းမိလို့တုံး....(သခ်ၢါရဆုတောင်းမိလို့ပါဘုရား)။

ဖြစ်မှုဖြစ်ရပလေ....၊ သင်ခုန်းသွားပေါ်မှာရှိတဲ့ ပျားရည်လျက်မိတာနဲ့ လျှာပြတ်တဲ့ဒုက္ခနဲ့ လမ်းဆုံးရတယ်.... (မှန်ပါ့) ချိုတာက နည်းနည်း၊ လျှာပြတ်တာက နာတယ်၊ နာချက်ကပြင်းထန်တယ်....(မှန်ပါ့) ဘယ်လောက်ဆိုးသွားသတုံး.... (ဆိုးပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ.. အခု တကာသစ်တို့လဲ အိမ်ထောင်ပြု၊ တကာကြွယ်တို့လဲ အိမ်ထောင်ပြုတော့ ချိုတာနဲ့ပူဆွေးသောကမျက်ရည်ကျရတာနဲ့ တကာကြွယ် ဘယ်ဟာကမျှားသတုံး.... (ပူဆွေးသောကမျက်ရည်ကျရတာကမျှားပါတယ်ဘုရား)။ .

အဲဒါ နဂိုရ်က ဘာကြိုက်မိလို့ပါလိမ့် ... (သခ်ၢါရကြိုက်မိလို့ပါဘုရား) ဩော် ... ရှိမှတော်မည်ဆိုတဲ့ သခ်ၢါရကြိုက်မိလို့.... (မှန်ပါ့)။

ရှိမှတော်မည်ဆိုတဲ့ ... (သခ်ၢါရကြိုက်မိလို့ပါဘုရား) သခ်ၢါရကြိုက်မိလို့ ယခုအခါမှာ ဘာအမြတ်တွေထွက်နေသတုံးဆိုတော့ ရင်ထုရတာ, မျက်ရည်ကျရတာ ဟုတ်လား.... (မှန်ပါ့) စိုးရိမ်ရတာ ဒါတွေဘဲ ခင်ဗျားတို့အမြတ်ထွက်တယ်.... (မှန်ပါ့)။

အမြတ်ထွက်တော့ အဲဒီ ရင်ထု· စိုးရိမ်တွေက ပဋ္ဌိစ္စသမုပ္ပါဒ်တန်းလိုက်တော့ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ,

အဝိဇ္ဇာ,သင်္ခါရဆိုပြီး တခါတည်း သံသရာ့ခရီးသည် ဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

သံသရာ့ခရီးသည် ဖြစ်ချင်လို့ ဖြစ်ရတာလားလို့ မေးတော့ တကာတကာမတို့ ဘာသဘောကျမိလို့ပါလိမ့်-(သင်္ခါရသဘောကျမိလို့ပါဘုရား)။

သင်္ခါရသဘောကျမိတော့ အနိစ္စနဲ့က ခွဲလို့ရသေးရဲ့လား-(မရပါဘုရား)။

မရတော့ တကာသစ်တို့ကလဲ ဥာဏ်ကမပါတော့ သောကပရိဒေဝ ဒုက္ခ,ဒေါမနဿတွေက ငြိမ်းသေးသလား.... (မငြိမ်းပါဘုရား) မငြိမ်းတော့ နောက်ဘဝ ပဋိစ္စသမုပ္ပါဒ်ကြီးနဲ့ မကြုံရဘူးလား....(ကြုံရပါတယ်) နောက်ဘဝခန္ဓာတွေ့ မရဘူးလား.... (ရပါတယ်ဘုရား)။

အဲဒါ ဘာသဘောကျမိလို့ပါလိမ့်.... (သင်္ခါရသဘောကျမိလို့ပါဘုရား) တကာကြွယ် သင်္ခါရနှိပ်စက်တာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

အားလုံး တကာတကာမတွေ့ ဥာဏ်နှားနဲ့ထောင်စမ်းပါ-(မှန်ပါ့) ဩော်....ဒီမှာ သင်္ခါရနှိပ်စက်လို့ မျက်ရည်တွက်ရတာပါလား (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(သင်္ခါရနှိပ်စက်လို့ မျက်ရည်ထွက်ရတာပါဘုရား) ခင်ဗျားတို့က နဂိုရိုက ဘာသဘောကျသတုံး.... (သင်္ခါရသဘောကျပါတယ်ဘုရား)။

သင်္ခါရဆိုတာ အသစ်ပေါ်မှု, အသစ်တွေ့မှုကို သဘောကျတယ်.... (ကျပါတယ်ဘုရား) အသစ်ပေါ်မှု, အသစ်တွေ့မှုကို

သဘောကျတဲ့အတွက် နောက်ဆုံးပိတ် အသစ်ပေါ်ယင် အသစ်ပျက်တာဘဲ. (မှန်ပါ့)။

ပျက်တော့ တကာသစ်တို့က ဒီအတိုင်းနေလို့ဖြစ်သလား၊ စိတ်သောကဗျာပါဒတွေ များရသလား...(စိတ်သောကဗျာပါဒတွေများရပါတယ်ဘုရား) အင်း....ဘာလမ်းဆုံးသွားလို့ပါလိမ့်-(အနိစ္စလမ်းဆုံးသွားလို့ပါဘုရား)။

ဘယ်နှယ်ကြောင့် ခင်ဗျားတို့ အနိစ္စလမ်းဆုံးကြီးဟာ ဘွေ့ရပါလိမ့်....(သခ်ၸါရသဘောကျလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ သခ်ၸါရနယ်ထဲကိုက မထွက်ချင်လို့ အသခ်ၸတနဲ့လဲဝေး... (မှန်ပါ့) အနိစ္စနဲ့တော့နီး.... (မှန်ပါ့)သွားပြီကိုးဗျ... (မှန်ပါ့ဘုရား)။

အသခ်ၸတဆိုတဲ့တရားနဲ့တော့....(ဝေးပါတယ်ဘုရား)အနိစ္စနဲ့တော့....(နီးပါတယ်ဘုရား) ဒါဖြင့် မျက်ရည်နဲ့သာနီး၍ နိဗ္ဗာန်နဲ့ဝေးတယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမယ်....(မျက်ရည်နဲ့သာနီး၍ နိဗ္ဗာန်နဲ့ဝေးပါတယ်ဘုရား)အမ်ားလေး....ခင်ဗျားတို့ ဖြစ်ချက်က ဆိုးလှချည့်...(ဆိုးပါတယ်ဘုရား)။

မျက်ရည်နဲ့တော့.... (နီးပါတယ်ဘုရား) နိဗ္ဗာန်နဲ့တော့....(ဝေးပါတယ်ဘုရား)။

ဟာ....သွားပြီ တကာကြွယ်.... (မှန်လှပါ) သွားပြီ-သွားပြီ၊ ဒါ-ဘာသဘောကျမိတာတုံးဆိုတာ ကောင်းကောင်းရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘာသဘောကျတာတုံး.... (သခ်ၸါရသဘောကျတာပါဘုရား)။

အင်း....သူနဲ့ အတူနေရကောင်းနိုးနိုး၊ နတ်ဖြစ်ရကောင်းနိုးနိုး၊ ဗြဟ္မာဖြစ်ရကောင်းနိုးနိုး, သားကလေးထွန်းကားလာကောင်းနိုးနိုး၊ သမီးကလေးထွန်းကားလာ ကောင်းနိုးနိုးဆိုတဲ့ သခ်ၢိရ သဘောကျလိုက်တာ ဘာတွေ အမြတ်ထွက်သတုံး.... (မျက်ရည်အမြတ်ထွက်ပါတယ်) မျက်ရည်အမြတ်ထွက်လာတယ် (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) အသခ်တ နိဗ္ဗာန်နဲ့တော့ (ဝေးပါတယ်ဘုရား)။

တကာကြွယ် ဒီနေ့တရား ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဘာသဘောကျလို့တုံး.... (သခ်ၢိရသဘောကျလို့ပါ) သခ်ၢိရ သဘောကျမိတော့ဘာအမြတ်ထွက်သတဲ့တုံး....(မျက်ရည်အမြတ်ထွက်ပါတယ်ဘုရား)အံ့မာလေး.... မျက်ရည်တော့ အမြတ်မလိုချင်ပါနဲ့ဗျာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အခု တကာတကာမတွေမှာ အားလုံးဘဲ အသေးအကြီး ကိုယ့်မျက်ရည်ကလေးနဲ့ ကိုယ်နေကြရတယ်....(မှန်ပါ့) အင်း.... ဘာသဘောကျလို့ မျက်ရည်တွေ အမြတ်ထွက်နေကြပါလိမ့်.... (သခ်ၢိရသဘောကျလို့ပါဘုရား)။

အင်း... တည်ထောင်မိတဲ့သခ်ၢိရ....(မှန်ပါ့) ကိုယ့်ခန္ဓာ တည်ထောင်မိတဲ့ သခ်ၢိရ...(မှန်ပါ့) ကိုယ့်ခန္ဓာပေါ်လာတဲ့ သခ်ၢိရ၊ ကိုယ့်ခန္ဓာကပ္ပားလာတဲ့ သခ်ၢိရကလေးတွေကြောင့် ဒါကလေးတွေက သခ်ၢိရဆိုတာ အနိစ္စလမ်းဆုံးတယ်.... (မှန်ပါ့) တကာတကာမတွေက သခ်ၢိရသာ သဘောကျတယ်၊ အနိစ္စကျယင် မျက်ရည်ထွက်လာပြီ....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတွေ့ မျက်ရည်ထွက်တာမျိုး သနားစရာမရှိဘူး....(မှန်ပါ့) သူဟာ ပျားရည်သာ သဘောကျတယ်၊ လျှာပြတ်မှာ မသိလို့....(မှန်ပါ့)။

ပျားရည်လျက်တာ၊ သင်ခုန်းအဖျားမှာ ပျားရည်သုတ်ထားတာတွေကို ပျားရည်သာ သူမြင်၍ လျှာပြတ်မည့် သင်ခုန်းဓါးထက်တာကို သူမသိဘူး....(မသိပါဘုရား)။

အဲဒါ့ကြောင့် သူ လျှာပြတ်တဲ့ မျက်ရည်ထွက်နေတာ....(မှန်ပါ့)မထွက်ရဘူးလား.... (ထွက်ရပါတယ်ဘုရား)။

ကိုင်း....တကာတကာမတွေ ရှေ့-တပည့်တော်တို့ ကောင်းစားမှာလားဘုရား - မကောင်းစားမှာလား ဘုရာ့....လို့ ဘာမှ ပေဒင်မမေးနဲ့.... (မှန်ပါ့) သခ်ါရသဘောကျယင် မျက်ရည်ထွက်မယ်ဆိုတာမှတ်....(မှန်ပါ့)။

သခ်ါရသဘောကျယင်.... (မျက်ရည်ထွက်မှာပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာသစ် ရှေ့- သခ်ါရနယ်က ထွက်မှ ကောင်းမယ်....(မှန်ပါ့) ဘယ်နယ်က ထွက်ရမလဲ....(သခ်ါရနယ်က ထွက်ရပါမယ်ဘုရား)။

ဒါက နားထောင်နေကျ တကာတကာမတွေမှ ဒီသဘောကို ပေါက်တယ်....(မှန်ပါ့) ဒါ.... ဝိပဿနာဉာဏ် နေရာတွေ.... (မှန်ပါ့) ဒီ့ပြင် အခုမှ လာနာတဲ့ တကာဘကာမတွေဆိုယင် မလွယ်ဘူး.... (မလွယ်ပါဘုရား) လွယ်ပါ့မလား.... (မလွယ်ပါ

ကဲ....ဒါဖြင့် ဒီဥစ္စာ နိဗ္ဗာန်ရောက်ပါလိမ့်မယ် တကာတကာမ တို့....(မှန်ပါ့) ဒါ....နိဗ္ဗာန်ရောက်ပါလိမ့်မယ်....တဲ့၊ ဒီဂါထာကို က ဦးမာဒင် နိဗ္ဗာန်ရောက်အောင် ပို့မည့်ဂါထာ... (မှန်ပါ့ ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့.... တကာ တကာမတွေမှာ ဘယ်သူနိပ်စက်နေသတုံး... လို့ မေးလို့ရှိယင် သခ်ါရ နိပ်စက်နေတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) သခ်ါရ နိပ်စက်နေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

သခ်ါရကိုတော့ ခင်ဗျားတို့က အကြိုက် ဖြစ်နေတော့ ဒီသခ်ါရကလဲ စင်စစ် ဘုရားက အနိစ္စလမ်းဆုံးမယ်တဲ့....(မှန်ပါ့ ဘုရား)။

သခ်ါရ ဘယ်လမ်းဆုံးသလဲ....(အနိစ္စလမ်းဆုံးပါတယ်ဘုရား) ဒါဖြင့် လူ့ဓနွှာရချင်လို့ရှိယင် လူသေ,သေရပါလို့၏....(မှန်ပါ့) နတ်ဓနွှာရချင်ယင်....(နတ်သေ,သေရပါလို့၏) ဒီတွင် မရပ်နဲ့ဦး- နတ်သေ,သေ၊ နတ်ပူ,ပူပြီး နတ်ရူး,ရူးရပါလို့၏တောင် ပါသေးတယ်.... (ပါ-ပါတယ်ဘုရား) မပါဘူးလား.... (ပါ-ပါတယ် ဘုရား)။

လူရူး,ရူးရတာ အားမရလို့ နတ်ပြည်မှာ ခင်ဗျားတို့က အဲဒီ မှာ အရူးပဲ့ခံနေတာ....(မှန်ပါ့)ဒီအဓိပ္ပါယ်မရဘူးလား.... (ရပါ တယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ မှားချက်သန်ထားတာတွေ တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

လူ့ပြည်မသာပို့ရတာဖြင့် အလောင်းမြေပေါ်ထပ်နေပြီ....၊ နတ်ပြည်မသာ မမြုပ်ရဘူးသေးဘူး.... (မှန်ပါ့) အံ့မာလေး.... ဖြစ်ရပလေ....(မှန်ပါ့)။

တကာသစ် ဘာတဲ့တုံး- (နတ်မသာမမြုပ်ဘူးသေးပါဘုရား) သဘောကျပလား.. (ကျပါပြီ) ဝိရိယအစိုက်နည်းတာ၊ ဟိုမှာ သုံးဂါဝုတ်လောက်ရှိတဲ့ခန္ဓာကြီး မြုပ်ရဦးမယ်....(မှန်ပါ့)တပည့်တော် ကြိုးစားမယ်.. (မှန်ပါ့ဘုရား)ကောင်းကြသေးရဲ့လား.... (မကောင်းပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

အံ့မာလေး.... တကာတကာမတွေ့ သခ်ါရ သဘောကျတာ သခ်ါရရဲ့ ဆိုးဝါးပုံ ရှေးဦးစ္စာ တကာကြွယ် ရှင်းပြနေတယ်.... (မှန်ပါ့)။

တကာသစ် သခ်ါရအကြောင်းသိပလား.... (သိပါပြီဘုရား) ဖြစ်ပေါ်လာတာဟူသ၍....(သခ်ါရပါဘုရား)။

ခင်ဗျားတို့က ဖြစ်ချင်တဲ့တဏှာမသေသေးတော့ ဖြစ်ဘို့ရာဘဲ ကြိုးစားနေကြတယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက တခါတခါဟောရတယ်၊ တကာတကာမတို့ သခ်ါရကြီးလေ ခက်လေဘဲ....(မှန်ပါ့)။

သခ်ါရကြီးလေ.... (ခက်လေပါဘုရား) ဥပမာ.... ရှေးကဘုန်းကြီးတို့ အင်္ဂလိပ်မင်းလက်ထက်တုန်းက ငွေဒင်္ဂါးတွေ ရှိကြတယ်၊ လူတိုင်းသိပါတယ်နော်....(မှန်ပါ့)။

ဒီတကျပ်နဲ့ ဥပမာ. တကာသစ် ရင်ပတ်ကို တယောက်သော ပုဂ္ဂိုလ်က ပေါက်လိုက်တယ်၊ တဆယ်ထုပ်နဲ့ ပေါက်လိုက်

တာနဲ့ ဘယ်သူက နာပါ့မလဲ.... (တဆယ်ထုပ်က နာပါတယ်ဘုရား) ဘာဖြစ်လို့တုံး... ဟိုက သခ်ၢါရများတယ်.... (မှန်ပါ့) တကျပ်က....(နည်းပါတယ်ဘုရား)။

ခင်ဗျားတို့က ဘာကြိုက်သတုံး....ဆိုတော့ လူခန္ဓာထက် နတ်ခန္ဓာက သုံးဂါဝုတ်ဆိုတော့ နတ်ခန္ဓာက ကြီးတယ်.... (ကြီးပါတယ်ဘုရား)။

အဲဒီတော့ အထုပ်ကြီးနဲ့ ပေါက်တာကို ရင်ပတ်ကို ပက်လက်လဲသေတာမှ ကြိုက်တယ်.... (ကြိုက်ပါတယ်ဘုရား) ဖြစ်မှဖြစ်ရပလေ၊ ပေါ်ပလား တကာတကာမတို့....(ပေါ်ပါပြီ)။

ဒါဖြင့်.... အခု ကုန်ကူးနေကြတာ တကာကြွယ် များများမြတ်တာ ကြိုက်သလား- နည်းနည်းဘဲကြိုက်သလား....(များများမြတ်တာ ကြိုက်ပါတယ်ဘုရား) အံမာလေး....နောက်ပြန် လှည့်သေချင်တာကိုး .. (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာဖြစ်ချင်တုံး.... (နောက်ပြန်လှည့်သေချင်တာပါဘုရား) အထုပ်ကြီးမှန်ပြီးတော့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ပျောက်ကြည့်စမ်းပါ တကာသစ်,ရ.... တကျပ်ပျောက်တာနဲ့ တသောင်းပျောက်တာ ဘယ်သူက ထိခိုက်သတုံး (တသောင်းပျောက်တာက ထိခိုက်ပါတယ်ဘုရား)။

ဒါ....အထုပ်ကြီးမှန်တာဗျ (မှန်ပါ့) သို့သော်....ခင်ဗျားတို့က ဘယ်ဟာလိုက်ရှာသတုံး.... (အထုပ်ကြီးမှန်တာ လိုက်ရှာပါတယ်ဘုရား) ဘာဖြစ်လို့တုံး၊ ရင်ကဲ့ပက်လက် သေချင်လို့လား- (မှန်ပါ့) ဒီအဓိပ္ပါယ်ဘဲ မရဘူးလား, ရသလား.... (ရပါတယ်ဘုရား)။

ဉာဏ်နဲ့စဉ်းစားဗျ.... (မှန်ပါ့) ဉာဏ်နဲ့စဉ်းစားမှ တကာ တကာမတို့ ပေါ်လာတယ်.. (ပေါ်လာပါတယ်ဘုရား) ဒါဖြင့် သခ်ါရကြီးလေ ဘာတုံး၊ နှိပ်စက်လေဘဲ....(မှန်ပါ့)။

သခ်ါရကြီးလေ....(နှိပ်စက်လေပါဘုရား) ဒါဖြင့်.... တကာ ကြွယ်ရေ.... တကာ့ကြွယ်တို့ သခ်ါရကြီးတာ ကောင်းသလား.... သခ်ါရချုပ်တာ ကောင်းသလား ... (သခ်ါရချုပ်တာ ကောင်း ပါတယ်ဘုရား)။

တကာ့ကြွယ်တို့ ရက်ကန်းစင်တွေတိုးတာကတော့ ဘာလုပ် တာတုံးဗျ....(သခ်ါရကြီးအောင်ပါဘုရား)။

သခ်ါရကြီးအောင်၊ ဩော်....တပည့်တော် ရိုးရိုးမသေချင်ဘူး ဘုရား၊ နောက်ပြန်ပြီးသကာလ လဲသေချင်တယ်.... (မှန်ပါ့) ဒီအဓိပ္ပါယ်မရဘူးလား-ရသလား....(ရပါတယ်ဘုရား) အတော် ဆိုးတာဗျ....(ဆိုးပါတယ်ဘုရား)။

သခ်ါရနဲ့ပတ်သက်လို့ ဒီအဓိပ္ပါယ်ကိုရှင်းမှ တကာသစ်ရ၊ သူဟာ အသေဆိုးပါလား....(မှန်ပါ့ဘုရား)။

အထုပ်ကြီးမှန်တာကိုးဗျ(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား)။

ဒါဖြင့် တကာ့ကြွယ် ကြီးချင်သေးသလား.... တော်လောက် ပလား....(တော်လောက်ပါပြီဘုရား) တော်လောက်ပြီ-(မှန်ပါ့) ဒီထက်ကြီးယင်ဖြင့်အရိုးတောင် ရှာတွေ့မှာမဟုတ်ဘူး... (မှန်ပါ့) အတော်ဆိုးနေပြီဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီ ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့သား,တယောက်,နှစ်ယောက် မေ့ဖွားရတာ ပြုစုရတာနဲ့ ကိုယ့်တယောက်ပြုစုရတာနဲ့ ဘယ်သူက သက်သာသတုံး....(ကိုယ့်တယောက်ပြုစုရတာက သက်သာပါတယ်ဘုရား) ဟိုဘက်က သခ်ၢါရတွေများသကိုးဗျ.... (များပါတယ်ဘုရား)။

သခ်ၢါရတွေများတော့ နှိပ်စက်တာများလို့ သားသမီးများတဲ့လူမှာ အမေသွားကြည့်ပါ လူရုပ်မပီဘူး.... (မှန်ပါ့) ပီသေးရဲ့လား....(မပီပါဘုရား)ဘာဖြစ်လို့တုံး.... သခ်ၢါရတွေနှိပ်စက်ထားလို့.... (မှန်ပါ့) ဖြစ်ပေါ်လာတာတွေက.... (သခ်ၢါရတွေပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အဖြစ်ကို သဘောကျကြလို့ရှိယင်ဖြင့် အပျက်ကျတော့ မျက်ရည်အမြတ်ထွက်မယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

အပျက်ကျတော့....(မျက်ရည်အမြတ်ထွက်မှာပါဘုရား)မျက်ရည်အမြတ်ထွက်ပြီးသကာလ အပါယ်လေးပါး အညွှန့်ပေါက်မယ်....(မှန်ပါ့)။

အံ့မာလေး....လွန်လှချည့်လား တကာတကာမတို့ အမြတ်ကလဲ မျက်ရည်တဲ့.... (မှန်ပါ့) အညွှန့်ပေါက်လာတာ အပါယ်လေးပါးရောက်မယ်....(ရောက်ပါမယ်ဘုရား)။

ဒါဖြင့် တကာသစ် ဘယ်ဟာကြိုက်သတုံး.... (ဘယ်ဟာမှ မကြိုက်ပါဘုရား) ဘယ်ဟာမှမကြိုက်ဘူးဆိုယင် သခ်ၢါရရှောင်ရလိမ့်မယ်....(ရှောင်ရပါမယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ သခ်ါရနယ်မှလွတ်ကင်းတဲ့ အသခ်ၢတနယ်သွားပေါ့တဲ့.... (မှန်ပါ့)မဆိုဘူးလား.... ဆိုသလား....(ဆိုပါတယ်ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီဂါထာကိုအလုပ်ထဲ စ,ကြပါစို့....(မှန်ပါ့)။

တကာတကာမတို့သန္တာန်မှာ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ဘာခေါ်ကြမလဲ.... (သခ်ၢရပါဘုရား) သခ်ၢရ.... (မှန်ပါ့)။

စားချင်တဲ့စိတ်ပေါ်လာတာ စားစရာကြောင့်ပေါ်လာတာ-(မှန်ပါ့) စားချိန်ရောက်လာလို့ ဟိုမှာ ထမင်းတွေ, ဟင်းတွေ, အနံ့နံ့လာလို့ စားချင်တဲ့စိတ်ပေါ်လာတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် စားချင်တဲ့စိတ်ကလေး ဘာခေါ်ကြမယ်....(သခ်ၢရပါဘုရား) သခ်ၢရတရား ဘယ်မှာလမ်းဆုံးရမလဲ....(အနိစ္စလမ်းဆုံးရပါမယ်ဘုရား)။

ဟုတ်မှ ဟုတ်ပါ့မလားဆိုတော့ ဝတ=စစ်စစ်ကဲ့.... (မှန်ပါ့) အနိစ္စာဝတကိုးဗျ(မှန်ပါ့) သခ်ၢရာ=သခ်ၢရတရားတို့သည်၊ဝတ=စင်စစ်၊ အနိစ္စာ=ဖြစ်ပြီးပျက်တာဘဲကဲ့တဲ့.... (မှန်ပါ့) ဆိုတော့ တကာတကာမတို့ သခ်ၢရတရားဟာ ဖြစ်ပြီးဘာတဲ့.... (အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

မပျက်တဲ့တရား ရှိသေးသလားလို့မေးတော့ စင်စစ်ကဲ့လို့ ဘုရားကဆက်လိုက်တယ်....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

အဲဒီ အနိစ္စသခ္ခါရတရားပျက်ပြီ၊ သခ္ခါရတရားကလေး ပျက်တယ်၊ ပျက်တယ်ဆိုတာ ခင်ဗျားတို့က နောက်ကနေလိုက်ပေး.... (မှန်ပါ့ဘုရား)။

ဒါဖြင့် သခ္ခါရတရားပျက်တာသည် တကာတကာမတို့ ခန္ဓာပျက်တာဘဲ....(မှန်ပါ့)။

သခ္ခါရတရားပျက်တာသည်....(ခန္ဓာပျက်တာပါ)အဲဒါ ခန္ဓာပျက်တာကို ခင်ဗျားတို့က ဥာဏ်နဲ့လိုက်....(မှန်ပါ့)ဥာဏ်နဲ့ လိုက်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)လိုက်-လိုက်တော့ သခ္ခါရကဖြစ်တာ၊ အနိစ္စကပျက်တာဆိုတော့ ဒါ့ကြောင့် ဆရာဘုန်းကြီးက ဖြစ်ပျက်ရှုပေး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာအရှုခိုင်းနေတာတုံး.... (ဖြစ်ပျက်အရှုခိုင်းတာပါဘုရား) ဒါ- သခ္ခါရနဲ့ အနိစ္စအရှုခိုင်းတာ.... (မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဝတ=စင်စစ်၊ဒီ-နှစ်ခုရှိတယ်ကဲ့....တဲ့.... (မှန်ပါ့) သခ္ခါရတရားဟာ ကေန်ပျက်တာဘဲရှိတယ်လို့ ဆိုတော့ ယားတဲ့နေရာကလေး ခုနင်က ပေါ်လာတယ်....၊ ပိုးကောင်ကလေးတက်လို့.... (မှန်ပါ့) ပိုးကောင်ကလေးတည်းဟူသောတရားက ပြုပြင်လိုက်လို့ ယားတဲ့သခ္ခါရ ပေါ်လာတယ်... (မှန်ပါ့) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒီ ယားတာကလေးဟာ တော်တော်ကြာ ပျောက်သွားတယ်....(မှန်ပါ့) အဲဒါ ပျောက်သွားတာက ဘာခေါ်ကြမယ်....

(အနိစ္စပါဘုရား) ယားတာက.... (သင်္ခါရပါဘုရား)ပြောင်းပြန်ပါလား....(မှန်ပါ့)။

သြော် .. ခင်ဗျားတို့သန္တာန် ဒီဝေဒနာကို ဝေဒနာကွန္ဓာကောင်ကြီးလို့ ဆိုထားတော့ ဒီဝေဒနာပေါ်ပြီး ဒီဝေဒနာပျက်သွားတာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒီဝေဒနာပေါ်ပြီး .... (ဒီဝေဒနာ ပျက်သွားပါတယ်ဘုရား) ဒီဝေဒနာဘဲ ပျက်သွားတယ်ဆိုတော့ ဘုရားက ပျက်မှ ပျက်ပါ့မလားလို့ ဆိုတော့ တကာကြွယ် သူ့ပါဇိုဘုရားကိုက ဝတပါပါတယ်....(မှန်ပါ့) ဝတဆိုတာဘာလဲ....(စင်စစ်ပါဘုရား) စစ်စစ်တဲ့....(မှန်ပါ့) စင်စစ်ပျက်တယ်ကွ.... (မှန်ပါ့) ငါဘယ်နည်းနဲ့မှ ဒီဥစ္စာကို လျှော့စေးမဟောနိုင်ဘူး....(မှန်ပါ့)။

သင်္ခါရတရားပျက်တယ် - (မှန်ပါ့) စင်စစ်ပျက်တယ်၊သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဘာကလေးပေါ်လာလာ- ပေါ်တာ သင်္ခါရ၊ ပျက်တာအနိစ္စ....(မှန်ပါ့) ပေါ်တာ....(သင်္ခါရ) ပျက်တာ....(အနိစ္စပါဘုရား)။

ဒါဖြင့် ဘယ်ဆုမှ မတောင်းကြနဲ့တဲ့ တကာတကာမတို့.... (မှန်ပါ့) သင်္ခါရနယ်အတွင်းမှ လွတ်ကင်းရပါလို့၏လို့ သာတောင်း....(မှန်ပါ) သဘောကျပလား.... (ကျေပါပြီ) ဘယ်လိုတောင်းကြမတုံး.... (သင်္ခါရနယ်အတွင်းက လွတ်ကင်းရပါလို့၏ဘုရား)။

ဒါဖြင့် ဖြစ်ပျက်နယ်မှ လွှတ်ရပါလို့၏.... (မှန်ပါ့) ဒါမှ နိုဗ္ဗာန်ဗျ....(မှန်ပါ့)။

ဖြစ်ပျက်ဒုက္ခမှ ကျွတ်ရပါလို့၏ဆိုမှ ဘာတုံး.... (နိုဗ္ဗာန်ပါ ဘုရား) နိုဗ္ဗာန်ဘဲဆိုတာ သဘောကျပလား.... (ကျပါပြီ ဘုရား)။

သြော်....ဒါဖြင့် ယနေ့တရားမှာ နိုဗ္ဗာန်ရောက်အောင်ဖြင့် တကာတကာမတို့ ဥာဏ်တက်- တက်တော့မှဘဲဆိုတာ အောက် မေ့ပါ...(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ပေါ်လာတဲ့တရားကလေး သခ်ါရ၊ ဝေဒနာ ပေါ်လဲ သခ်ါရ၊ စိတ်ပေါ်လဲ သခ်ါရ၊ ပူတဲ့ရုပ်ကလေးပေါ် တာလဲ.... (သခ်ါရပါဘုရား) အေးတဲ့ရုပ်ကလေးပေါ်တာလဲ.... (သခ်ါရုပါဘုရား) အေးဒါလဲ အေးတာကလေးပေါ်ပြီး တခါ အေးတာပျောက်ဦးမှာဘဲ .. (မှန်ပါ့) ပူတာကလေးပေါ်ပြီး တော့ကော ... (ပူတာပျောက်ဦးမှာပါဘုရား) ပူရုပ်ပျောက်ဦး မှာဘဲ....(မှန်ပါ့)။

ဒါဖြင့် သခ်ါရတရား ဘယ်လမ်းဆုံးသတုံး.... (အနိစ္စလမ်း ဆုံးပါတယ်ဘုရား)။

သြော်....ဒါ့ကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးကအနိစ္စာ ဝတ-သခ်ါရာ....(မှန်ပါ့)တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

အဲဒါ မင်းတို့မသိမှာလဲ ငါက သိပ်စိုးရိမ်တယ်ကွာ.... တဲ့၊ စင်စစ်တော့ ငါဟောချင်တာက ဥပဒါဒနဲ့ ဝယဗါဘဲတဲ့ ....

(မှန်ပါ့) ဖြစ်ပျက်ရှိပါတယ်....(မှန်ပါ့) ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

"ဥပါဒဝယ ဓမ္မေနော" ဥပါဒဝယဓမ္မေနော=ခုနင်က နှစ်ခုပြောရလို့ရှိယင် ဥပါဒနဲ့ ဝယဘဲရှိတယ်(မှန်ပါ့) ဖြစ်ပျက်ရှိပါတယ်ကဘဲတဲ့.... (မှန်ပါ့) ဒီပါဠိကလာတာဘဲ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ဒီသံယုတ်ပါဠိတော်ကလာတာ....(မှန်ပါ့ဘုရား)။

တကာကြယ် ရှတ်ကြည့်စမ်းပါလား၊"အနိစ္စာဝတ သင်္ခါရာ" ပြီးတော့ ဘာကိုဘုရားက ဆက်ဟောသတုံး .... (ဥပါဒဝယ ဓမ္မေနောပါဘုရား)။

. အဲ....ဓမ္မေနော = တရားသဘောကို ပြောရလို့ရှိယင်....တဲ့၊ မင်းတို့သန္တာန်ဖြစ်တဲ့ တရားသဘောတော့ ငါပြောရလို့ရှိယင် ဥပါဒနဲ့ ဝယဘဲရှိတယ် .... (မှန်ပါ့) မြန်မာလိုပြန်လိုက်တော့ ဘယ်နှယ်ဖြစ်နေသလဲ....(ဖြစ်ပျက်ဘဲရှိပါတယ်ဘုရား)။

ဖြစ်ပျက်ဘဲရှိတယ်တဲ့၊ ယောကျ်ား,မိန်းမ မပါပါဘူးတဲ့ .... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာသာပါသတုံး .... (ဖြစ်ပျက်ဘဲပါ-ပါတယ်ဘုရား) ယောကျ်ား,မိန်းမ....(မပါ-ပါ) ပုဂ္ဂိုလ်သတ္တဝါ.... (မပါ-ပါဘုရား)။

အင်း . ဒါဖြင့် မနေ့ကတရားအတိုင်းဘဲ တကာကြယ်ရေ-သက္ကာယဒိဋ္ဌပြုတ်ပြီ....(မှန်ပါ့ဘုရား)။

ပြုတ်ပြီ၊ သက္ကာယဒိဋ္ဌ သေသေချာချာပြုတ်ပြီ ဦးမာဒင် .... (မှန်ပါ့) တရားသဘောပြောရမှာဖြင့် ဘာရှိသတဲ့တုံး....(ဖြစ်ပျက်ဘဲရှိပါတယ်ဘုရား)။

အဲ....ပါဦးလိုတော့ ဥပ္ပါဒနဲ့ ဝယ.... (မှန်ပါ့) မြန်မာလိုပြန်လိုက်တော့....(ဖြစ်ပျက်ပါ) ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ် .... (မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ် မှန်ပလားဗျာ....(မှန်ပါပြီ)ဒါဖြင့် ဒီအထဲမှာ ယောဂျားတွေ ပါသေးသလား- မိန်းမတွေပါသေးသလား လို့ မေးကြလို့ ရှိယင် အခေါ်သာပါပါတယ်ဘုရား-အရှိကတော့ ဖြစ်ပျက်ချည့်ပါဘဲ...(မှန်ပါ့ဘုရား)။

အခေါ်ကတော့....(ပါ-ပါတယ်) အရှိကတော့.... (ဖြစ်ပျက်ချည့်ပါဘုရား)။

အရှိကတော့ ဖြစ်ပျက်ချည့်ဘဲဆိုတာဖြင့် ဒီပါဦးတော်နဲ့လဲ ကြေနပ်ပါတော့၊ ခင်ဗျားတို့ ဖြစ်စဉ်နဲ့လဲ အမှန်မြင်လို့ ရှိယင်ဖြင့် သြော်....ဒါဘဲရှိပါတယ်လို့ ဆုံးဖြတ်ချက်ချပါတော့ ...(မှန်ပါ့) ဆိုထိုက်ပလား....(ဆိုထိုက်ပါပြီဘုရား)။

ဒါမှာ ရှိတာကတော့ဖြင့် ဖြစ်ပျက်ရှိတာဘဲ ဆိုပြီးသကာလ ဘုရားက သေချာသည်ထက် သေချာအောင်ဆိုပြီး တကာကြွယ် ထပ်ပြန်တယ်နော်. (မှန်ပါ့)ဥပ္ပဇ္ဇတ္တာ=ဖြစ်ပေါ်ပြီး၍၊ နိရုဇ္ဈတိ ချုပ်ကြကုန်၏တဲ့....(မှန်ပါ့) မင်းတို့သန္တာန်မှာ ဖြစ်ပြီးချုပ်မှာသာ ရှိပါတယ်ကွာတဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့သန္တာန်မှာ.... (ဖြစ်ပြီးချုပ်တာသာရှိပါတယ်ဘုရား)။

ဆံပင်ကြည့်လိုက်ပြန်လဲ ဖြစ်ပြီးချုပ်မှာဘဲ....(မှန်ပါ့)မျက်လုံးကြည့်လိုက်ပြန်လဲ....(ဖြစ်ပြီးချုပ်မှာပါ) ဝေဒနာတွေကြည့်လိုက်

ပြန်လဲ....(ဖြစ်ပြီးချုပ်မှာပါ) စိတ်တွေ့ကြည့်လိုက်ပြန်လဲ .... (ဖြစ်ပြီးချုပ်မှာပါ) ရုပ်တွေ့ကြည့်လိုက်ပြန်ကော... (ဖြစ်ပြီးချုပ်မှာပါဘုရား)။

သြော်- တကာတကာမတို့ခင်ဗျားတို့သန္တာန်မှာဘာအမြဲတမ်းရှိပါလိမ့် (ဖြစ်ပြီးချုပ်တာရှိပါတယ်ဘုရား)။

ဖြစ်ပြီးချုပ်တာဘဲ.... (မှန်ပါ) ဒါဖြင့် ဒီလိုလုပ်ကြစို့တော့၊ ခင်ဗျားတို့ စိတ်နာအောင် ပြောကြစို့တော့နော် .... (မှန်ပါ ဘုရား)။

တပည့်တော်တို့ ခန္ဓာကိုယ်ထဲမှာ မေ့သေဘဲရှိတယ်ဘုရား .... (မှန်ပါ) မသာပေါ်လာတာနဲ့ မသာဖြစ်တာနဲ့ ဒါဘဲရှိတယ် .... (မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(မသာပေါ်လာတာနဲ့မသာဖြစ်တာဘဲ ရှိပါတယ်)ခန္ဓာကိုယ်တကိုယ်လုံးမှာ ဒါဘဲရှိတယ် .... (မှန်ပါ) ဖြစ်ပေါ်လာတာက မသာပေါ်လာတာ....(မှန်ပါ)ပျက်သွားတာက မသာဖြစ်တာ... (မှန်ပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲ မသာပေါ်တာရယ် ဟုတ်လား၊ တကာတကာမတို့ မသာဖြစ်တာရယ် .... (ဒါဘဲရှိပါတယ်) သဘောကျပလား .. (ကျပါပြီဘုရား)။

မသာဖြစ်ဘို့ ပေါ်လာတာရယ်၊ နောက် မသာဖြစ်သွားတာရယ်၊ ဒါဘဲရှိတယ်....(မှန်ပါဘုရား)။

တကာတကာမတို့ ဘာဘဲရှိပါလိမ့်.... (မသာဖြစ်ဘို့ပေါ်လာတာရယ်၊ မသာဖြစ်သွားတာရယ်၊ ဒါဘဲရှိပါတယ်ဘုရား)။

မသာဖြစ်ဘို့ ပေါ်လာတာက သခ်ၤါရ၊ မသာဖြစ်သွားတာက (အနိစ္စပါ) ဒါဘဲရှိတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်, ကျုပ်တို့ခန္ဓာကိုယ်ထဲမှာ ဖြင့် တကာတကာမတို့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခသာရှိပါတယ် .... (မှန်ပါ့)ဒီလိုရှုပေး....(မှန်ပါ့ဘုရား)။

ဝိပဿနာရှုလို့ရှိယင် ဖြစ်ပျက်ဘဲ၊ အင်း....ဒါ ဖြစ်တာလဲ ဒုက္ခဘဲ,ပျက်တာလဲဒုက္ခဘဲ၊ဒါဖြင့် ဖြိုင်ဖြိုင်ရှုပေး ... (မှန်ပါ့)ခန္ဓာကိုယ်ထဲမှာ ဘာဘဲပေါ်လာလာ၊ ဝေဒနာပေါ်လဲ ဖြစ်ဒုက္ခ, ပျက်ဒုက္ခဘဲ....(မှန်ပါ့)စိတ်ကလေးပေါ်လာလဲ... (ဖြစ်ဒုက္ခ,ပျက်ဒုက္ခပါဘဲ)အဲဒီလို ရှုပေး-ရှုပေး....(မှန်ပါ့ဘုရား)။

အဲဒီလို ရှုပြီးသကာလ တကာကြွယ်ရေ ဥာဏ်ထဲမှာဖြင့် ဖြစ်တာတွေ, ပျက်တာတွေ အနိစ္စနဲ့ သခ်ၤါရဘဲရှိတယ်၊ဥပါဒနဲ့ ဝယဘဲရှိတယ်၊ ဒါစကားသာ ထပ်ပြောနေတာ တကာသစ်တမျိုးထဲဘဲ....(မှန်ပါ့) ဥပ္ပဇ္ဇတ္တာ= ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ= ချုပ်ကြကုန်၏၊ဒါလဲ ထူးသေးရဲ့လား....(မထူးပါ) ဖြစ်ပြီးချုပ်တာဘဲကဲ့တဲ့....(မှန်ပါ့ဘုရား)။

ဒါက တကာတကာမတို့ အခုပြောခဲ့တာက "အနိစ္စာ ဝတ သခ်ၤါရာ"ဆိုတာလဲ ဝိပဿနာဥာဏ် ဟောတာဘဲ... (မှန်ပါ့) "ဥပ္ပါဒဝယ ဓမ္မိနော"ဆိုတာကော (ဝိပဿနာဥာဏ်ဟောတာပါဘုရား)"ဥပ္ပဇ္ဇတ္တာနိရုဇ္ဈန္တိ"ဆိုတာကော.... (ဝိပဿနာဥာဏ်ဟောတာပါဘဲ)အင်း....ဖြစ်ပျက်ချည့်ဆက်ဟောတယ်.... (မှန်ပါ့ဘုရား)။

ဘုရားဘာတွေချည့် ဟောပါလိမ့်- (ဖြစ်ပျက်တွေချည့် ဟောပါတယ်)အို.... တကာတကာမတွေ နေရာကျလိုက်တာ ဒို့သည် ကားလို့ဆိုလို့ရှိယင်တရားရှာနေကြတာကြာလိုက်တာ၊ဒီဂါထာ ဒို့လဲရသားဘဲ၊ အခု မရသေးတဲ့ပုဂ္ဂိုလ်လဲရပြီ၊ ဒို့သန္တာန်မှာ ဘယ်အချိန်ကြည့်ကြည့် ဖြစ်ပျက် တွေ့ရမတဲ့.... (မှန်ပါ့ဘုရား)။

ဒို့သန္တာန်မှာ ဘယ်အချိန်ကြည့်ကြည့်....(ဖြစ်ပျက်တွေ့ရမှာ ပါဘုရား)ဖြစ်ပျက်တွေ့တော့ ဖြစ်ပျက်က ဖြစ်ပျက်၊တွေ့တာက မဂ်.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်က... (ဖြစ်ပျက်ပါ)တွေ့တာက.... (မဂ်ပါ)ကဲ.... တကာသစ် နေရာကျပြီ....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဖြစ်ပျက်က ဖြစ်ပျက်၊ တွေ့တာကမဂ် ဆိုတော့ ဒါဘာဉာဏ်တွေတုံး မေးလို့ရှိယင်ဖြင့် ဒီမဂ်ဟာ ဝိပဿနာမဂ်ဉာဏ်....(မှန်ပါ့ဘုရား)။

ဒီမဂ် ဘယ့်နှယ်ဆိုကြမလဲ(ဝိပဿနာမဂ်ဉာဏ်ပါ) ဖြစ်ပျက်နဲ့ တွေ့တဲ့မဂ်သည် ဘာဉာဏ်ပါလိမ့် .... (ဝိပဿနာမဂ်ဉာဏ်ပါ ဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြန်တယ်....(မှန်ပါ့) တကာကြွယ် ဒီဂါထာရတယ်နော်(ရပါတယ်) ဥပဓိတ္ဌာ နိရုဇ္ဈန္တိ ကျအောင် ဖြစ်ပျက်ချည့်လို့ဟောတယ်.... (မှန်ပါ့ဘုရား)။

ကဲ.... ရှေ့ဆက်စမ်းပါ တကာကြွယ်ရ ဘာတဲ့.... (တေသံ ဝူပသမော သုခေါပါဘုရား) အေး.... တေသံ ဝူပသမော သုခေါ....(မှန်ပါ့)။

တေသံဆိုတာ တကာတကာမတို့ ရှင်းပြမယ်၊ တေသံ=ခုနင် က ဖြစ်ပျက်နှစ်ခုတို့၏၊ တေသံဆိုတာ ဒီဖြစ်ပျက်နှစ်ခုထပ်နေတာ (မှန်ပါ့) ဝူပသမော=ချုပ်ငြိမ်းသောနိဗ္ဗာန်သည်၊ သူတို့နှစ်ခု မရှိ တာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့) သုခေါ=ချမ်းသာ၏....တဲ့ တကာ တကာမတို့၊ သူတို့နှစ်ခု ချုပ်ငြိမ်းမှ ခင်ဗျားတို့မှာ ချမ်းသာတဲ့ မဂ်ရမယ်....(မှန်ပါ့) သူတို့နှစ်ခုမချုပ်ငြိမ်းသေးယင် (မရသေး ပါဘုရား)။

ဩော်-ဒါဖြင့် ဒို့ဖြစ်ပျက်ဆုံးအောင်လိုက်ဆိုတာ ဒီဂါထာက လာတာ....(မှန်ပါ့) တေသံ= ထိုဖြစ်ပျက်နှစ်ပါးတို့၏ ဟုတ်လား (မှန်ပါ့) ဝူပသမော=ချုပ်ဆုံးသောနိဗ္ဗာန်သည်၊ သုခေါ= ချမ်း သာ၏....တဲ့... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကဲ....ဒါဖြင့် "တေသံ ဝူပသမော သုခေါ" ဆိုတာက နိဗ္ဗာန် ကို ဟော့တာ....(မှန်ပါ့) ဖြစ်ပျက်ချုပ်ဆုံးယင် ဘာတဲ့တုံး ... (နိဗ္ဗာန်ပါဘုရား)။

တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော=ချုပ်ဆုံးသွား ခြင်းသည်၊ သုခေါ=ချမ်းသာ၏၊ ခင်ဗျားတို့စိတ်ထဲမှာ ချမ်းသာ ပြီ.... (မှန်ပါ့ဘုရား)ချုပ်ဆုံးသွားတာက နိဗ္ဗာန်ပါဘဲ... (မှန်ပါ့ ဘုရား)။

တေသံ= ထိုဖြစ်ပျက်နှစ်ပါးတို့၏ ၊ဝူပသမော= ချုပ်ဆုံးရာ နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာအစစ်ဘဲ.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ဖြစ်ပျက် မြင်အောင်ရှု....(မှန်ပါ့) ဒါ့ကြောင့် ကြားဉာဏ်ကလေးကျတော့ ဖြစ်ပျက်မှန်းအောင်ရှု....(မှန်လှပါဘုရား)။

နောက် တတိယဉာဏ်တော့ တကာသစ် ဘာတဲ့....(ဖြစ်ပျက်မှန်းအောင်ရှုရပါမယ်ဘုရား)။

အဲဒါ ဘယ်ကလာတာတုံး....မေးတော့မှ ပါဠိ ရှုတ်စမ်းပါ တကာကြွယ်ရာ.... (တေသံ ဝူပသမော သုခေါ) ရှင်းပလား ... (ရှင်းပါပြီ) တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော=ချုပ်ဆုံးခြင်းသည်၊ ချုပ်ဆုံးရာဖြစ်တဲ့နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာတယ်....(မှန်ပါ့) ဒါ....နိဗ္ဗာန်ဘဲကွ.. တဲ့၊ နိဗ္ဗာန်ဆိုတာ တခြားမဟုတ်ဘူး....တဲ့... (မှန်ပါ့)။

တကာတကာမတို့ ဖြစ်ပျက်ဆုံးတာ ဘာတဲ့.... (နိဗ္ဗာန်ပါ့ဘုရား) အင်း....တကာကြွယ် ဘယ်ပါဠိဘော်က လာပါလိမ့်.... (တေသံ ဝူပသမော သုခေါပါဘုရား)။

ဒါဖြင့် ဒီနေ့ ဒီဂါထာတခုတည်းနဲ့ရှေ့ပိုင်းက 'အနိစ္စာ ဝတ သင်္ခါရာ'ကိုမြင်အောင်ကြည့်နိုင်လဲ ဝိပဿနာဉာဏ်ဘဲ. (မှန်ပါ့) 'ဥပ္ပါဒဝယ ဓမ္မိနော' ကြည့်ယင်လဲ- (ဝိပဿနာဉာဏ်ပါဘုရား) 'ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဈန္တိ' ကြည့်ယင်လဲ.... (ဝိပဿနာဉာဏ်ပါဘုရား) ဒါတွေကဘုရားက မြဲအောင်းလျှောက်ပြနေဘာ....(မှန်ပါ့ဘုရား) စင်စစ်တော့ ဖြစ်ပျက်ချည့်ကြည့် ဖြစ်ပျက်ချည့်ကြည့်ပြောနေတာ (မှန်ပါ့)။

ဘာ အကြည့်ခိုင်းတာပါလိမ့်....(ဖြစ်ပျက်အကြည့်ခိုင်းတာပါဘုရား) ဖြစ်ပျက်ကြည့်-ဖြစ်ပျက်ကြည့်-ဖြစ်ပျက်ကြည့်လို့ သုံးခါပြောနေတာ....(မှန်ပ)။

တကာကြွယ် ဘယ်နှစ်ခါ ပြောသလဲ....(သုံးခါပြောပါတယ်ဘုရား) 'အနိစ္စာ ဝတ သင်္ခါရာ'တုန်းက တခါ ပြောခဲ့တယ်....(မှန်ပါ) သခင်ဘာကျပလား....(ကျပါပြီ)။

'အနိစ္စာ ဝတ သင်္ခါရာ'တုန်းကလဲ.... (တခါပြောခဲ့ပါတယ်ဘုရား) 'ဥပ္ပါဒဝယ ဓမ္မိနော'တုန်းကလဲ.... (တခါပြောခဲ့ပါတယ်ဘုရား) 'ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ'' ကျတော့လဲ....(တခါပြောပါတယ်ဘုရား)။

အဲဒါ ဖြစ်ပျက်ချည့် မင်းတို့ကြည့်ပေးပါကွာ- ကြည့်ပေးပါဆိုတာကို သုံးခါထပ်ပြောတယ်....(မှန်လှပါ)။

တကာကြွယ် ဘယ်နှစ်ခါပြောပါလိမ့်... (သုံးခါထပ်ပြောပါတယ်ဘုရား)။

သုံးခါထပ်ပြောတော့ ကျုပ်တို့ကလဲ ဒါလောက်ဆို ဟာ.... ဒါဖြင့် တပည့်တော်တို့ ဝိပဿနာဉာဏ်တော့ဖြင့်ဘုရား-ဖြစ်ပျက်မြင်ယင် ဝိပဿနာဉာဏ်ကိုက်ပြီဘုရာ့....(မှန်ပါ့ဘုရား) ဝိပဿနာဉာဏ် ရပြီဘုရာ့...၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲ... ဝိပဿနာဉာဏ်တော့ မင်း-ရပြီ၊ ဝိပဿနာဉာဏ်အဆုံး ဝိပဿနာဉာဏ်ဘယ်တော့ ပြီးတယ်ဆိုတာ ငါပြောဦးမယ်... တဲ့.... (မှန်ပါ့) ဝိပဿနာကိစ္စဟာ မသေမခြင်း ရှုနေရမှာ မဟုတ်ပါဘူး- (မှန်ပါ့ဘုရား)။

ဝိပဿနာကိစ္စဟာ-(မဒေသမခြင်း ရှုနေရမှာမဟုတ်ပါဘုရား) မဒေသမခြင်း ရှုရမှာမဟုတ်ပါဘူးကွာ....တဲ့.... (မှန်ပါ့) မင်းတို့ ဝိပဿနာပြီးတာကို မသိဘဲနေမှာစိုးလို့ တေသံ= ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော= ချုပ်သွားခြင်းသည်၊ သုခေါ=နိဗ္ဗာန်ဘဲတဲ့....(မှန်လှပါ)။

မင်းတို့ ဒါချုပ်အောင် ရှုနိုင်ယင် ဘာတဲ့တုံး.... (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့်.... ဒီဂါထာသည် တကာတကာမတို့ ဖြစ်ပျက်ဆုံတဲ့ ဝိပဿနာဉာဏ်ကိုလဲ ရှေ့ထားပြီး လုပ်ကြ... လို့ ပြောတာ.... (မှန်ပါ့)နိဗ္ဗာန်မြင်တဲ့ဉာဏ်နောက်လာလိမ့်မယ်လို့လဲ ပြောတာ (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဘယ်နှစ်ဉာဏ်ဟောပါလိမ့်.... (သုံးဉာဏ်ဟောပါတယ်ဘုရား)။

အဲ... သုံးဉာဏ်ဆိုလဲဟုတ်တယ်၊ တိုတိုပြောယင် နှစ်ဉာဏ်ထဲလဲ ဟုတ်တယ်....(မှန်ပါ့)။

နှစ်ဉာဏ်ထဲလဲ-(ဟုတ်ပါတယ်ဘုရား)ရှေ့က ဝိပဿနာဉာဏ်-(မှန်ပါ့) နောက်က....(မဂ်ဉာဏ်ပါဘုရား) သဘောကျပလား-(ကျပါပြီဘုရား)။

ကဲ.. ဒါဖြင့် တကာတကာမတို့ တခခါက်ပြန်ပြောပါဦးမယ်တဲ့ နာရီနည်းနည်းကျန်နေတယ်၊ "အနိစ္စာ ဝတ သင်္ခါရာ" ဒါဘာ အကြည့်ခိုင်းပါလိမ့်.... (ဖြစ်ပျက် အကြည့် ခိုင်းတာပါဘုရား)။

တကာကြွယ် ဒီပါဠိက ဘာအကြည့်ခိုင်းတာတုံး- (ဖြစ်ပျက်အကြည့်ခိုင်းတာပါဘုရား) သခ်ၢါရတရား ပျက်တတ်တယ်လို့ ကြည့်ပေး....(မှန်ပါ့)။

သခ်ၢါရတရား.... (ပျက်တတ်တယ်လို့ ကြည့်ပေးရပါမယ်ဘုရား) အဲ....ဒါ-ခင်ဗျားတို့ ရှေ့တင်ပေးရမှာနော် ... (မှန်ပါ့) ပေါ်လာတာ သခ်ၢါရ၊ ပျက်တာ အနိစ္စ .. (မှန်ပါ့) တကာကြွယ် ဒီအတိုင်းဘဲ မဟုတ်လား....(မှန်ပါ့) ကိုယ်ဉာဏ်ထဲ ကြည့်လိုက်ယင် ဒါတွေ့မှာဘဲ....(မှန်ပါ့)။

ကဲ....တခါသွားပါဦးတဲ့ တကာသစ်ရ....(မှန်ပါ့) ဘုရားကဘာဟောပြန်ပါလိမ့်၊ 'ဥပါဒဝယ ဓမ္မံနော' တဲ့... (မှန်ပါ့) ဒီဟာတွေ ဟာတောဘုကွာ .... တဲ့ ဖြစ်ပြီး ပျက်တာပါဘဲ ဆိုတာ ထပ်ပြောတယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဓမ္မံနော=တရားသဘောကို ပြောရမှာဖြင့်....တဲ့ ဥပါဒနဲ့ဝယဘဲ ရှိတယ် .. (ဖြစ်တာနဲ့ပျက်တာဘဲရှိတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ ။

တခါထပ်ပြောပြန်တယ် ဘုရားက 'ဥပဓိတ္ဌာ နိရုဒ္ဓန္တိ'....တဲ့၊ ဥပဓိတ္ဌာ=ဖြစ်ပြီး၍၊ နိရုဒ္ဓန္တိ=ချုပ်ကုန်၏ . တဲ့၊ ဖြစ်ပျက်ဘဲ ရှိတယ်... (မှန်လှပါ)။

တခါ အဲဒီလို ကြည့်ကြည့်- ကြည့်ကြည့်ပေးပါတဲ့၊ ဖြစ်ပျက်ကို ကြပ်ကြပ်ကြည့်ပေးပါလို့ မဟောဘူးလား... (ဟောပါတယ် ဘုရား)။

ဘာ ကြည့်ကြည့် - ကြည့်ကြည့်ပေးရမလဲ.... (ဖြစ်ပျက်ကို ကြည့်ကြည့်ပေးရပါမယ်ဘုရား ။

ကဲ.... တကာတကာမတို့ ဖြစ်ပျက်လာတဲ့ ပါဠိတော် ရှင်းပလား....(ရှင်းပါပြီ)။

မဟာပရိနိဗ္ဗာနသုတ် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီး သိကြားက ရှတ်တာ.... (မှန်ပါ) ကိုယ်တော်မြတ်ကြီးရှိတုန်းက ကိုယ်တော်တိုင် ဟောခဲ့တာ....(မှန်ပါ)။

အဲဒါ သိကြားက အတုခိုးပြီးတော့ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတာမဟုတ်ပါဘူးတဲ့၊ သင်္ခါရတရားတို့ အနိစ္စတရားတို့ ကုန်သွားတာပါတဲ့....(မှန်ပါ)။

သင်္ခါရတရား အနိစ္စတရားကုန်သွားဘာ၊ အဲဒါ ဘာခေါ်ကြမယ်... (နိဗ္ဗာန်) သဘောကျပလား....(ကျပါပြီ)။

သင်္ခါနဲ့ အနိစ္စကုန်သွားယင်....(နိဗ္ဗာန်ပါဘုရား)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သင်္ခါရနဲ့ အနိစ္စကို ဆက်တွေ့နေသေးတယ်ဘုရာ့.... (မှန်ပါ) အဲဒါ ဝိပဿနာဉာဏ်လုပ်တုန်းလို့ မှတ်.... (မှန်ပါ)။

သင်္ခါရတွေ အနိစ္စတွေဘဲ ဖြစ်ပျက်တွေဘဲ တွေ့နေသေးတယ်ဘုရာ့....ဆိုယင်ဖြင့် တကာတကာမတွေ ဘာဉာဏ်ရနေပါလိမ့် (ဝိပဿနာဉာဏ်ရနေပါတယ်ဘုရား)။

ဟာ....တပည့်တော်ကြည့်ဘာဘုရား-ကြည့်ရင်းမတ္တာနဲ့ ဒုါတွေ ရှာမတွေ့ဘူးဘုရာ့....(မှန်ပါ) ရှာမတွေ့တော့ဘူး။

ဒီ သခ်ၢိရ အနိစ္စတွေ့ တကာကြွယ် ဘာတဲ့.... (ရှာမတွေ့ပါ ဘုရား) ရှာမတွေ့တော့ သခ်ၢိရတွေ့ဆုံးပြီ.... (မှန်ပါ့) သခ်ၢိရ အနိစ္စတွေ့....(ဆုံးပါပြီဘုရား)။

ဒါဖြင့်ဒီနေရာ ထူးထူးခြားခြားကလေးမှတ်၊ သခ်ၢိရဆုံးတော့ အသခ်ၢတတွေ့တယ်....(မှန်ပါ့ဘုရား)။

သခ်ၢိရဆုံးတော့...(အသခ်ၢတတွေ့ပါတယ်ဘုရား) အနိစ္စဆုံး တော့ နိစ္စနိဗ္ဗာန်တွေ့ဘယ်.... (မှန်ပါ့) ရှင်းရဲ့လား.... ရှင်းရဲ့ လား....(မှန်ပါ့)။

သခ်ၢိရဆုံးတော့ ဘာတွေ့သလဲ.... (အသခ်ၢတတွေ့ပါတယ်) အနိစ္စဆုံးတော့.... (နိစ္စနိဗ္ဗာန်တွေ့ပါတယ်) နိစ္စနိဗ္ဗာန်တွေ့တော့ ဒီ- ဘက်မှာ နိဗ္ဗာန်လာတွေ့တယ်....(မှန်ပါ့ဘုရား)။

ဆုံးအောင်လိုက်တဲ့ပုဂ္ဂိုလ် ဒီနိဗ္ဗာန်လာတွေ့တယ်....(မှန်ပါ့) အသခ်ၢတ, နိစ္စနိဗ္ဗာန်တွေ့တယ်... (မှန်ပါ့ဘုရား)။

အသခ်ၢတဆိုတာ ဘယ်သူမှမပြုပြင်ဘဲနဲ့ ပေါ်နေတာ(မှန်ပါ့) ပြီးတော့လဲ ခိုင်မြဲလိုက်တာလဲ လွန်လို့ဆိုတော့ မပြုပြင်ဘဲနဲ့ ခိုင်မြဲတဲ့ နိဗ္ဗာန်တွေ့တယ် .. (မှန်ပါ့) သခ်ၢိရဆုံးအောင်လိုက်ကြ- (မှန်ပါ့) တော်တော် သဘောပါတယ်နော်.... (ပါ-ပါတယ် ဘုရား)။

သခ်ၢိရဆုံးအောင်လိုက်ယင် ဘာတွေ့မယ်.... (နိဗ္ဗာန်တွေ့ပါ မယ်ဘုရား) အသခ်ၢတ နိစ္စ,နိဗ္ဗာန်....(မှန်ပါ့)။

ကြည့်လေ သခ်ၢိရဆုံးသွားတော့ အသခ်ၢတဘာက်တွေ့ပြီ.... (မှန်ပါ့) အနိစ္စက ဆုံးသွားပြီးတွေ့တဲ့အခါမှာ ဘာတွေ့သလဲ....

(နိဗ္ဗာန်တွေ့ပါတယ်) ဒါဖြင့် အသခ်ံတ နိစ္စနိဗ္ဗာန်တွေ့တယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာတွေ့ပါလိမ့် .... (သခ်ံတ အနိစ္စ နိဗ္ဗာန် တွေ့ပါတယ် ဘုရား)။

ဒါဖြင့် တကာသစ်တို့ ဒီလိုနေလို့မတော်ဘူး.... (မှန်ပါ့) နိဗ္ဗာန်သည် တကာတကာမတို့ ဘယ်မှာရှိသတုံးဆိုတော့ သခ်ါရ အဆုံး, အနိစ္စအဆုံးမှာရှိတယ်.... (မှန်ပါ့)။

သြော် .. နိဗ္ဗာန်ဟာ ဘယ်မှာရှိပါလိမ့်....(သခ်ါရအဆုံး အနိစ္စ အဆုံးမှာ ရှိပါတယ်ဘုရား)။

မှတ်မိပြီ တကာကြွယ်ရေ.... (မှတ်မိပါပြီ) ဦးလှဘူး ဘယ် မှာရှိသတုံး....(သခ်ါရအဆုံး အနိစ္စအဆုံးမှာရှိပါတယ်) ဦးမာဒင် ဘယ်မှာရှိသတုံး .... (သခ်ါရအဆုံး အနိစ္စအဆုံးမှာရှိပါတယ် ဘုရား)။

သြော်.... ဟုတ်ပြီ....၊ ဟုတ်ပြီ တကာတကာမတို့ ဒါဖြင့် သခ်ါရနဲ့ အနိစ္စဆိုတော့ ဖြစ်ပျက်မှုမတွေ့သေးတဲ့ပုဂ္ဂိုလ် ဘယ် တော့မှ နိဗ္ဗာန်မရဘူး... (မရပါဘုရား) သူ့တွေ့ပြီးမှ နိဗ္ဗာန် တွေ့ရမယ်....(မှန်ပါ့)။

သခ်ါရနဲ့ အနိစ္စကိုတွေ့ပြီးလို့ တော်တော်ကြာလို့ သူ့ကို ရှုံ့မှန်းလို့ ဆုံးတဲ့အခါကျတော့မှ အသခ်ံတနဲ့ နိစ္စနိဗ္ဗာန်တွေ့ မယ်....(တွေ့ပါမယ်ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်မြင်တဲ့နိဗ္ဗာန် ဘယ် တော့မှမရဘူး....(မရပါဘုရား)။

ဝိပဿနာဥာဏ် အမြင်မရှင်းဘဲနဲ့.... (မဂ်ဥာဏ်မြင်တဲ့နိဗ္ဗာန် မရပါ) နိဗ္ဗာန်မြင်တဲ့ မဂ်ဥာဏ်ကို... (မရပါဘုရား)။

မရနိုင်ဘူးဆိုတဲ့ဥစ္စာ ကဲ....အားလုံး တကာတကာမတွေ့ဘဲ ဆုံးဖြတ်ချက်ချ၊ ဒါ- ဆုတောင်းသမားမှတ္တမ္ပာလား.... အလုပ်သမားမှတ္တမ္ပာလား....(အလုပ်သမားမှ တ္တမ္ပာပါဘုရား)။

တကာကြွယ် ပေါ်ပြီဗျာ.... (ပေါ်ပါပြီဘုရား)ဆုတောင်းသမားနဲ့ နည်းနည်းမှ မဆိုင်ဘူး ...(မှန်ပါ)။

သူက အလုပ်သမားမှ ရှေးဦးစွာ ဘာတွေချည့် တ္တနေရမတုံး တကာတကာမတို့ စဉ်းစားကြည့်စမ်း.... (သခ်ါရ အနိစ္စ တ္တနေရပါမယ်ဘုရား)။

အဲ .. သခ်ါရ အနိစ္စ, ဥပ္ပါဒဝယ, ဥပဇ္ဇ ိတ္ဘာ နိရုဇ္ဈန္တ ိ ဒါဘဲ တ္တရမယ်....(မှန်ပါ) ဒီ.ပြင် ဘာတ္တစရာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား)။

ဒီသုံးခုကို တကာသစ်ပေါင်းချင်တိုင်းပေါင်း ဖြစ်ပျက်ဘဲ.... (မှန်ပါ) ဒီသုံးခုဟာ ဖြစ်ပျက်ထပ်ဆိုနေတာ .... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်တ္တဲ့ဥာဏ် ဘာဥာဏ် ခေါ်ကြမလဲ ... (ဝိပဿနာဥာဏ်ပါဘုရား)။

ဟာ....တပည့်တော်ဖြင့် အဖြစ်လဲမတ္တတော့ဘူး၊ အပျက်လဲ မတ္တတော့ဘူးဘုရာ့၊ ခန္ဓာကိုယ်မရှိတော့ပါဘူး ... (မှန်ပါ) ဘာတ္တသွားသ တုံး.... (နိရောဓနိဗ္ဗာန်တ္တပါတယ်ဘုရား)။

နိုဗ္ဗာန်တွေ့တယ်... (မှန်ပါ့) သခ်ၢါရအဆုံးတွေ့တယ် (မှန်ပါ့) အနိစ္စအဆုံး....(တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာ တကာတကာမတို့ နိုဗ္ဗာန်ဘယ်မှာ ရှိသတုံးလို့ သူများကခမ်းလို့ရှိယင် အို... သခ်ၢါရအဆုံးမှာရှိပါတယ်.... (မှန်ပါ့) အနိစ္စအဆုံးမှာ....(ရှိပါတယ်ဘုရား)။

ဩော်... ဒါဖြင့် နိုဗ္ဗာန်ဟာ ရှိတဲ့ဘရားလား.... မရှိတဲ့တရားလား....(ရှိတဲ့တရားပါဘုရား)။

ရှိတဲ့ဘရား ဘယ်နှယ်ကြောင့် ဒီတကာတကာမတွေ့ မတွေ့ကြ မရောက်ကြပါလိမ့်မတုံးဆိုတော့ အို....သူက သခ်ၢါရနဲ့ အနိစ္စကို မတွေ့သေးဘူး....(မှန်ပါ့)။

မတွေ့သေးတော့ သခ်ၢါရအဆုံး အနိစ္စအဆုံးဆိုတဲ့ဥစ္စာ လမ်းစ,မှုမတွေ့ဘဲနဲ့ ဦးမာဒင် လမ်းဆုံးတွေ့ချင်လို့.... (မရပါဘုရား) ဖြစ်နိုင်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် အားလုံး အရင်းအချာတွေ့ပြောရတယ် တကာတကာမတို့... (မှန်ပါ့) ဖြစ်ပျက်တွေ့ယင် မပူနဲ့တော့ဟေ.... (မှန်ပါ့)။

ဘာတဲ့တုံး.. (ဖြစ်ပျက်တွေ့ယင်မပူနဲ့)မင်း- သခ်ၢါရတွေ့ပြီ... အနိစ္စတွေ့ပြီ... (မှန်ပါ့) မင်း-အဲဒီအတိုင်းသာ ဥာဏ်ကမ္မေးလိုက်သွား....(မှန်ပါ့) ဖြစ်ပျက်ဘဲ ပေပြီးရှိနေ.... (မှန်ပါ့)။

ပေရှိနေယင် ဖြစ်ပျက်တွေ့ဟာ ကြာတော့မုန်းလာတယ်၊ မလိုချင်အောင်ဖြစ်လာတယ်ဆိုတာလာဦးမှာဘဲ....(လာမှာပါဘုရား) ဥာဏ်ကမရှင်ပေဘူးလား .... (ရှင်ပါတယ်ဘုရား) ရှင်တော့ သူ-ဘာဖြစ်သွားမတုံး .... (ဆုံးသွားပါမယ်ဘုရား)။

ဆုံးသွားတော့ သခ်ၢရလဲဆုံးသွားရော ဘာတွေ့သတုံး.... (နိဗ္ဗာန်တွေ့ပါတယ်) အသခ်ၢတနိဗ္ဗာန်... (မှန်ပါ့)။

အနိစ္စဆုံးသွားတော့ ဘာတွေ့သတုံး (အသခ်ၢတနိဗ္ဗာန်တွေ့ပါတယ်) အဲ.. သူတို့အဆုံးမှာနေတာဗျ....(မှန်ပါ့)။

နိဗ္ဗာန်ဟာ တကာကြွယ် သခ်ၢရ၏ အဆုံးမှာနေတယ်ဗျ.... (မှန်ပါ့) အနိစ္စ၏အဆုံးမှာ.... (နိဗ္ဗာန်နေပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်တို့, ဦးမာဒင်တို့က စဉ်းစား သြော်.... ဒီ-နှစ်ခုမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်မျိုး နိဗ္ဗာန်ဟာ ဝေးပါသေးရဲ့.... (မှန်ပါ့) ဆုံးဖြတ်ချက်ချပါ ယနေ့တရားပွဲမှာ.... (မှန်ပါ့)။

သခ်ၢရနဲ့ အနိစ္စမှ မတွေ့းသေးတဲ့ပုဂ္ဂိုလ်ဖြင့်.... (နိဗ္ဗာန်ဟာ ဝေးပါတယ်ဘုရား)။

ကဲ....တိုတိုပြောကြစို့ ဖြစ်ပျက်မှုမတွေ့သေးတဲ့ ပုဂ္ဂိုလ်ဖြင့် (နိဗ္ဗာန်ဟာ ဝေးပါတယ်ဘုရား)။

တကာကြွယ် နိဗ္ဗာန်မရောက်ဘူးဗျ.... (မှန်ပါ့) ဦးမာဒင် ဆုံးဖြတ်ချက်ချ .. (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မှု မတွေ့တဲ့ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်ဘယ်နှယ်တုံး.... (ဝေးပါတယ်) ဘယ်တော့မှ မရောက်ဘူးလို့ ဆုံးဖြတ်ချက်ချ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီဂါထာအကြောင်းကို တကာသစ် ကောင်းကောင်း ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မေးပြီတဲ့၊ ဒီဂါထာ လူတိုင်းလဲရအောင် ကျက်ထားပါ....(မှန်ပါ့) ကိုယ့်အလုပ်စဉ်လဲ ဖြစ်ပါတယ်နော်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဘုန်းကြီးက ဒီကရှေ့က ရှုတ်မယ်၊ဟောဒါက ဝိပဿနာဥာဏ်၊ ဟောဒါက မဂ်ဥာဏ်လို့ ခင်ဗျားတို့ရှေးနိုင်ရမယ်... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် "အနိစ္စာ ဝတ သင်္ခါရာ"ကိုမြင်ယင် ဒါမြင်ယင် ဘာဥာဏ်ခေါ်ကြမလဲ....(ဝိပဿနာဥာဏ်ပါဘုရား)။

"ဥပ္ပါဒဝယ မမ္မိနော"တဲ့၊ ဖြစ်ဘာနဲ့ ပျက်တာကိုမြင်ယင် ကော....(ဝိပဿနာဥာဏ်ပါဘဲဘုရား)။

"ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဈန္တိ"တဲ့၊ ဖြစ်ပြီးချုပ်တာ မြင်ယင်ကော.... ဝိပဿနာဥာဏ်ပါဘုရား)။

ဩော်....ဝိပဿနာဥာဏ် ဖြစ်ပျက်ဟောနေတာ ဒီပါဠိကိုး.... (မှန်ပါ့) သေချာပလား....(သေချာပါပြီဘုရား)။

"တေသံ ဝုပသမော သုခေါ" ဆိုတော့ ဘယ်ဥာဏ်ပြတာ တုံး... (မဂ်ဥာဏ်ပြတာပါဘုရား)။

တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝုပသမော=ဖြစ်ခြင်း ကုန်ခြင်းသည်(ဝါ) ချုပ်ရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်သည်၊ သုခေါ= နိဗ္ဗာန်ဘဲတဲ့....(မှန်ပါ့) (ဝါ) ချမ်းသာအစစ်ဘဲ ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နောက်ပါဠိက နိဗ္ဗာန်ပြတာ....(မှန်ပါ့) အာရင်ပါဠိ သုံးခုက ဝိပဿနာဥာဏ်ပြတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာရှုမှ နိဗ္ဗာန်ရမယ် .... (မှန်ပါ့) ဝိပဿနာ မရှုယင်....(နိဗ္ဗာန်မရပါဘုရား)။

အဲဒါ ဘုန်းကြီးကပြောတာလား- ဘုရားကဟောတာလား.... (ဘုရားကဟော့တာပါဘုရား) သေချာပလား.... (သေ့ချာပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ဝိပဿနာဥာဏ် ရှေ့သွားလို့ရှိယင် မဂ်ဉာဏ်ဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ဟာ ဧကန်ရပါတယ်.... (မှန်ပါ့ဘုရား) တစ္ဆာကြွယ် သေချာပလား.... (သေချာပါပြီ ဘုရား)။

ကဲ....ယနေ့ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော
(ကိုယ့်ကိုယ် သုံးသပ်နည်း)

နေ့အလုပ်ပေး-တရားတော်

(၃-၉-၆၁)

အားလုံး တကာတကာမတွေ့ တရားနာပြီးသကာလ နေကြတာ ဘယ်အကျိုးဌာတုံးလို့ မေးလို့ရှိယင်ဖြင့် တပည့်တော်တို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့၊ အိုဘေးကို ဖြစ်စေတတ်တဲ့တရား ခန္ဓာကိုယ်ထဲမှာ ရှိတယ်လို့ မှတ်ပါ... (မှန်ပါ့) နာဘေးကို ဖြစ်စေတတ်တဲ့ တရားလဲ ခန္ဓာကိုယ်ထဲမှာရှိတယ်.... (မှန်ပါ့) သေဘေးကိုဖြစ်စေတတ်တဲ့ တရားလဲ ခန္ဓာကိုယ်ထဲမှာရှိတယ်.... (မှန်ပါ့) အဲဒီရှိတဲ့ တရားတွေကို သိမ်းချင်, ဆုံးချင်, ရှုန်းချင်, မရှိချင်, ကုန်ချင်လို့ တပည့်တော်တို့ တရားနာပါတယ် ဘုရားလို့ စိတ်ထဲမှာတခါတည်း မှတ်ထား....(မှန်ပါဘုရား)။

တကာ တကာမတို့ ခန္ဓာကိုယ်ထဲမှာ မအို- အိုအောင် လုပ်တတ်တဲ့ တရားလဲရှိတယ်.... (ရှိပါတယ်ဘုရား) မနာ-နာအောင် လုပ်တတ်တဲ့တရားလဲ .... (ရှိပါတယ်) မသေ- သေအောင်လုပ်တတ်တဲ့တရားလဲ....(ရှိပါတယ်ဘုရား)။

အဲဒါတွေကို ကုန်အောင်, သိမ်းအောင်, ချုပ်အောင်, ငြိမ်းအောင်, နောင်ကို ဘယ်ဘော့မှ မပေါ်အောင်ဆိုပြီး သကာလ တရားနာပြီး မှတ်ကြပါ ... (မှန်ပါ့) ပြီးတော့မှ သူ့ကို တကာ တကာမတွေက အလုပ်နဲ့သိမ်းပစ်လိုက်လို့ ရှိယင်ဖြင့် အိုစရာ, နာစရာ, သေစရာဟာ အလုပ်နဲ့, သိမ်းလိုက်လို့ ရှိယင်ဖြင့် မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အိုချင်လို့ အိုရတာမဟုတ်ဘူး၊ နာချင်လို့ နာရတာမဟုတ်ဘူး၊ သေချင်လို့ သေရတာမဟုတ်ဘူး၊အပါယ်သေးပါးရောက်ချင်လို့ ရောက်ရတာ မဟုတ်ပါဘူး၊ တကာဘကာမတို့ ခန္ဓာထဲမှာရှိတာကို မသုတ်သင်တတ်လို့ ဖြစ်ရတဲ့ ဖြစ်ဆဲဘဲဆိုတာ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာထဲမှာ သုတ်သင်ရှင်းလင်းတတ်တဲ့နည်းကို ဆရာကပေးလိုက်လို့ ရှိယင်ဖြင့် တကာဘကာမတွေကလဲ ဒီတရားတွေ သုတ်သင်ပစ်မယ် ဆိုလို့ ရှိယင်ဖြင့် တကာသစ်, တကာကြွယ်တို့ ကျုပ်တို့သည် အိုခဲဘးနာခဲဘး, သေဘေးကင်းတဲ့ နိဗ္ဗာန်ဆိုတာ တခါဘည်းပေါ်လာမယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် အားလုံး တရားနာလာကြတဲ့ တကာတကာမတွေ အားကိုးအားထားပြုပြီးသကာလ လာကြခြင်းကြောင့်အန္တရာယ်ကင်း, ဘေးရှင်းဆိုတာက ဘေးကအန္တရာယ်တွေက အရေးမကြီးပါဘူး....(မှန်ပါ့) အတွင်း အန္တရာယ်ကို ရှင်းနိုင်ဘို့အရေးကြီးပါတယ်... (မှန်ပါ့ဘုရား)။

ဘေးက အန္တရာယ်ကို ဘာမှမကြောက်ပါနဲ့၊ ရှောင်ယင်လွှတ်တယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)အတွင်းအန္တရာယ်ကတော့ သွားရာပါ- လာရာပါ- စားရာပါ-အိပ်ရာပါ- နေရာပါ ဖြစ်နေသောကြောင့် အတွင်းအန္တရာယ် အရေးကြီးတယ်ဆိုတာ ယနေ့ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်အန္တရာယ် အရေးကြီးပါလိမ့် .... (အတွင်းအန္တရာယ် အရေးကြီးပါတယ်) အတွင်းအန္တရာယ် အရေးကြီးတယ်ဆိုတာ မသေသေချာချာ ဆုံးဖြတ်ချက်ချပါ .... (မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝတ္ထုကလေး အကြောင်းပြပါဦးမယ်၊ ကုရုတိုင်းမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးပြီးသကာလနေတဲ့ အချိန်ရှိပါတယ်....(မှန်ပါ့) အဲဒီ အချိန်မှာ ရဟန်းတွေကလဲ တရားနာဘို့ဆု ဝိုင်းပြီးသကာလ ဘုရားဆီမှာနေကြပါတယ်....(မှန်ပါ့ဘုရား)။

ဒီအချိန်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတွေ မေးလိုက်ပါတယ်၊ ရဟန်းတို့- မင်းတို့သည် အတွင်းများမှာ သုံးသပ်ကြရဲ့လားလို့ မေးလိုက်တယ်နော်.... (မှန်ပါ့)အတွင်းများ သုံးသပ်ကြရဲ့လားလို့ မေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီတုန်း ရဟန်းတပါးက တပည့်တော် သုံးသပ်ပါတယ် ဘုရားလို့ ထ,လျှောက်တယ်.... (မှန်ပါ့) ထ, လျှောက်တဲ့အခါ ကျွတော့တဲ့ ကဲ .... မင်းသုံးသပ်တာ ငါ့ပြောစမ်းပါကွာလို့ ဆိုတော့ တပည့်တော်တို့က သုံးဆဲ့နှစ်ကောင်ဘာသ "ကေသာ

လောမာ နခါ ဒန္ဓာ တစောဆို”တဲ့ ခန္ဓာကိုယ်ထဲမှာ အသုဘ တရားတွေသုံးသပ်ပါတယ်လို့ လျှောက်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူသုံးသပ်တဲ့ ဉာဏ်သည် သစ္စာမဆိုက်လို့ ဘုရားကမကြေနပ်ဘူး....(မှန်ပါ့ဘုရား)။

ဘာကြောင့် မကြေနပ်ပါလိမ့်...(သစ္စာမဆိုက်လို့ မကြေနပ်ပါဘုရား)။

သစ္စာမဆိုက်လို့ မကြေနပ်ဘူးဆိုတော့ ဘုရားက သုံးဆဲ့နှစ်ကောင္ဘာသဏကနေပြီးသကာလ သစ္စာတက်ရဉ်းမှာကိုး (မှန်ပါ့) သူနဲ့ တင်မပြီးနိုင်ဘူး ... (မှန်ပါ့ဘုရား)။

မပြီးနိုင်လို့ သစ္စာတက်ရမည့် ကိစ္စရှိပြီးသကာလ နေတော့ ဘုရားက သူလျှောက်တာကို တကာကြွယ် သဘောမကျဘူး ... (မှန်ပါ့ဘုရား)။

ဘုရားက သဘောမကျတော့ ကို တကာ တကာ့ဆရာတို့ .... ရှင်အာနန္ဒာက အနားမှာရှိတယ်၊ သံဃာထဲပါလာတယ်-(မှန်ပါ့) သြော် .. ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရဟန်း လျှောက်တာ အလိုမကျပါကလား-ဆိုပြီးသကာလ အရှင်ဘုရား-အရှင်ဘုရားဖွင့် ဟောမှ တပည့်တော်တို့က အတွင်းသုံးသပ်ရမည့်တရားမျှ၊ ဘယ်တရားသုံးသပ်ရမည်ဆိုတာ အရှင်ဘုရားက စ,ပြောမှ ဟောမှ သိရမဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်တဲ့....၊ ဒါ့ကြောင့် အရှင်ဘုရား ဟောချိန်, အရှင်ဘုရားပြောချိန်, အရှင်ဘုရားဆုံးမချိန် ရောက်ပါပြီဘုရား၊ တပည့်တော်တို့ကတော့ မှတ်သားပြီး နာခံယူရမည့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဆိုပြီးသကာလ ဘုရားကိုလျှောက်တာပဲ.... (မှန်ပါ့ဘုရား)။

ဒီတွင်မူ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲကွာ·ကောင်းကောင်းမွန်မွန် နာကြ၊ ကောင်းကောင်းမွန်မွန် ကြိုးစားကြ၊ ကောင်းကောင်းမွန်မွန်သတိထားပြီးသကာလ ခန္ဓာထဲ သုံးသင်ပုံ ငါ- ရှင်းပြမယ်ကွ .. ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှင်းပြပါတယ်....(မှန်လှပါ)။

တကာတကာမတို့ အင်မတန် အဘိုးတန်မည့်တရား....လို့ မှတ်ထားစမ်းပါ....(မှန်ပါ့)။

အင်မတန် အဘိုးတန်မည့်တရားဆိုတာ တကာ တကာမတို့ သေသေချာချာမှတ်ပါ... (မှန်ပါ့) နိဒါနဝဂ္ဂသံသုတ်ပါဇိုတော်မှာ ကိုယ်တော်တိုင်ဟောတဲ့တရားဖြစ်ပါကယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အတွင်းသုံးသပ်ကြရဲ့လား.. လို့ ငါမေးတာ တခြားမဟုတ်ပါဘူးကွာ တဲ့၊ မင်းတို့ ခန္ဓာကိုယ်ထဲမှာ စမ်းကြည့်ပါတဲ့၊ ကိုယ်ခန္ဓာ ကိုယ်ရင်ပတ်ကို ကိုယ့်လက်နဲ့စမ်းကြည့်ပါ၊ စမ်းကြည့်တဲ့ အခါကျတော့ ပူတာရှိလိမ့်မယ် .. တဲ့၊ တကာတကာမတို့ ကိုယ့်ဟာကိုယ် စမ်းကြည့်တဲ့အခါကျတော့ ပူဘာကခေါ်ရမလဲ ဘုရားလား (တော်ပါတယ်ဘုရား)။

အဲဒီ ပူတာကခေါ်ရမယ်ကို တကာတကာမတွေက မှတ်လိုက်တာပေါ့၊ တေဇောလို့ မှတ်လိုက်နော်... (မှန်ပါ့)။

အဲဒီ တေဇောသည် တခြားလားမှတ်နေတယ် တကာတကာမတို့ သေသေချာချာစဉ်းစားကြည့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို မအို့အို့အောင် လုပ်နေတာ သူပေါင်နေတာလို့ မှတ်လိုက် (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီး မအို,အိုအောင်လုပ်နေတာ ဘယ်သူပါလိမ့်.... (တေဇောပါဘုရား) တေဇောဘဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဩော်.... ဒီတေဇောသည် တကာတကာမတို့ ထိုင်နေလဲ သူ့လောင်လျက်ဘဲ၊ သွားနေကော.... (လောင်လျက်ပါဘုရား) အိပ်နေကော ... (လောင်လျက်ပါဘုရား) တရားဓမ္မအားထုတ်နေကော....(လောင်လျက်ပါဘုရား)။

ဩော်.... ဒီတေဇောကဖြင့် တကာတကာမတို့ ခင်ဗျားတို့ အိုမင်းဆိုတာ အဲဒါမှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

အင်း....သူက ဘာလုပ်ပါလိမ့်.... (အိုမင်းပါဘုရား) အိုမင်းလို့ မှတ်လိုက်စမ်းပါဆိုတာ သတိပေးလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

ဒီတကာတကာမတွေကို တနေ့ထက်-တနေ့ တနာရီထက်-တနာရီ မအို,အိုအောင်လုပ်နေတဲ့ အိုမင်းဟာဖြင့် တကာကြီးယ် သူပါဘဲ....(မှန်ပါ့)။

အဲဒီလို အတွင်းသုံးသပ်စမ်းပါ၊ ငါ့မှာ ဘာရှိနေသတုံး၊ အတွင်းသားမှာ ဘာမျှားရှိနေသတုံး... လို့ မင်းတို့ သုံးသပ်စမ်းပါဆိုတော့ တကာတကာမတွေ ကိုယ့်ရင်ပတ် ကိုယ်စမ်းကြည့်လိုက်တဲ့အခါ နွေးမှုကလေး မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား) အဲဒါ အိုအောင်လုပ်တဲ့တရား .. (မှန်ပါ့)။

တကာတကာမတွေ ဘာလုပ်နေပါလိမ့်....(အိုအောင်လုပ်နေတဲ့တရားပါဘုရား) အိုအောင်လုပ်တဲ့တရား၊ ဩော်....ဒါဖြင့်

ဘုန်းကြီးတို့ တကာတကာမတွေက ဒီနေရာပူလို့ ဟိုနေရာ အေးအောင် သွားနေပါဦးယဉ်ဆိုတော့လဲ သူက နေရစ်သလားပါ။ လာသလားပါ။ (ပါ။ လာပါတယ်ဘုရား) ဒါဖြင့် ရောက်ရာ ကပ်နှိပ်စက်နေတဲ့တရားပေါ့ဗျာ။ (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်။ (ရောက်ရာ ကပ်နှိပ်စက်နေတဲ့တရားပါ ဘုရား)။

ဒါ့ကြောင့် တကာ့တကာမတို့ အိုမင်းဆိုတာ အိုအောင်လုပ်တတ်တဲ့ ခင်ဗျားတို့ အပေါ်မှာ အုပ်ချုပ်နေတဲ့မင်းဖြစ်လေသောကြောင့် တကာကြွယ် သူ့ကို ဘာခေါ်ပါ့မယ်။ (အိုမင်းပါ ဘုရား) အိုမင်းလို့ ဦးလှဘူးတို့ ခေါ်လိုက်စမ်းပါ။ (မှန်ပါ့ ဘုရား)။

တကာတကာမတွေ ဒီအိုမင်းနဲ့ ယခုအခါ အတူနေကြရသလား-ခွဲနေကြရသလား စဉ်းစားကြည့်စမ်း။ (အတူနေကြရ ပါတယ်ဘုရား) သြော်။ ဒါ့ကြောင့် ကပ် နှိပ်စက်နေတာပဲ။ (မှန်ပါ့)။

တကာတကာမတွေ ဘာလုပ်နေပါလိမ့်။ (ကပ်နှိပ်စက်နေ ပါတယ်ဘုရား)။

အဲဒါကြောင့် သူသည် အိုအောင်လုပ်တတ်တဲ့တရားဖြစ်သောကြောင့် ဒုက္ခသစ္စာ၊ သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်သောကြောင့် အိုတတ်ဘဲ့ တေဇောကို တကာတကာမတို့ ဒုက္ခသစ္စာလို့ မှတ်လိုက်စမ်းပါ။ (မှန်ပါ့)။

သြော်... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘယ်သူနဲ့ ဆုတူတူနေရပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ အိုမင်းနဲ့ အတူတူနေရတယ်။ (မှန်ပါ့)။

သူက အန္တရာယ်ကင်း,ဘေးကင်းအောင်လို့ လာနေတာလား၊ တကာတကာမတွေကို လူချင်းမတူ သူချင်းမမျှအောင်လုပ်ဘို့ လာနေတာလားဆိုတာလဲ တကာသစ်က အကဲခတ်တာပေါ့... (လူချင်းမတူ သူချင်းမမျှအောင်လုပ်ဘို့ လာနေတာပါဘုရား,။

လူချင်းမတူ သူချင်းမမျှအောင် လာလုပ်နေတာနော်.... (မှန်ပါ!) ဪ.... ဒါဖြင့် သူနဲ့လဲ ခဲ့လို့ကမရ၊ ယပ်ခတ်ပြီး ကာကွယ်လို့ကလဲ သူ့အပူက မလျော့ဘူး....(မှန်ပါ!) မင်းလောင် လောင်အောင်ဘဲ လုပ်နေတယ်ဆိုတာကော ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဪ... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ပရိတ်ဘွဲ့နဲ့ တားတာပေါ့ဗျာ၊ ရပါ့မလား... (မရပါဘုရား) ကမ္မဝါဘတ်ပြီး တားယင်ကော....(မရပါဘုရား)။

ဘယ်နှယ်ကြောင့် ဒါခင်ဗျ မရပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ ကိုယ်ဆုတောင်းပြီးတော့ ယူထားတဲ့ ပစ္စည်းဖြစ်သောကြောင့် တကာကြွယ် ပါလားတာ.... (မှန်ပါ!)။

ဆုခံတားင်းယူထားလို့ဘာဘုံး.... (ပါလာတာပါဘုရား) လူဖြစ်ရပါလို့၏....ဆုခံတော့ ခေတ်လေ ပါးထဲက တေဇော ပါရပါလို့၏ဆိုတဲ့ အဓိပ္ပါယ်က ရှင်းသွားပြီ... (ရှင်းပါပြီ)။

ဪ.... ဘုန်းကြီးတို့ တကာတကာမတွေ မသိပြီဆိုမှဖြင့် ကိုယ်သတ်မည့်တရား၊ ကိုယ်နှိပ်စက်မည့်ဘရားကိုပင်လျှင် ဆုတောင်းပြီးမျှား ယူလိုက်သေးတာဟာ တကာကြွယ်,ရေ-အဟော်ဆိုးဝါးပါတယ်....(ဆိုးဝါးပါတယ်ဘုရား)။

အားလုံး တကာ့တကာမတွေ ဥာဏ်ထဲမှာ ရှင်းကြရဲ့လား... (ရှင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကို ဒီတေဇောက လောင်ချင်လို့ လောင်ရတာ လား.... ခင်ဗျားတို့ကဘဲ လူဖြစ်ရပါလို့၏ ဓာတ်ခလေးပါးနဲ့ ပြည့်စုံရပါလို့၏ဆိုလို့ သူလိုက်တာလား.... အကဲခတ်စမ်း.... (ဓာတ်လေးပါးနဲ့ ပြည့်စုံရပါလို့၏ဆိုလို့ သူလိုက်လခတာပါဘုရား)။

ဩော်-ခင်ဗျားတို့ဆုတောင်းပြည့်တာတောင်းလိုက်တဲ့ဆုက လဲ လူဖြစ်ချင်လိုက်တာ.... (မှန်ပါ့) လူဖြစ်ချင်လို့ရှိယင် တေဇော လောင်လို့ အိုရပါလို့၏, ရင့်ရပါလို့၏ဆိုတဲ့ အဓိပ္ပါယ်ကပါသွား တယ်... (မှန်ပါ့) တယ်လဲမသိတာ မျှားလွန်းတယ်ဗျာ.... (မျှား ပါတယ်ဘုရား)။

တကာတကာမတို့ ဘယ်လိုဆိုကြပါ့မယ်.... (မသိတာ မျှား လွန်းပါတယ်ဘုရား) မသိတာ လွန်လွန်းတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းပါပြီ....(ရှင်းပါပြီဘုရား)။

ဩော် တကာတကာမတွေ ကိုယ့်လက်နဲ့ ကိုယ်စမ်းတာ တောင်မှ ဒါဘာပါလိမ့်မလဲဆိုတာ ဩော်... ဒါသည် သတ္တဝါ ကို ညှာတာမဖက် အမြဲနှိပ်စက်နေတဲ့ ဒုက္ခသစ္စာပါလား...၊ နှိပ် စက်တတ်ဘဲ့ ဒုက္ခသစ္စာပါလားလို့ ခုထက်တိုင်တိုင် ဘုန်းကြီးတို့ တကာ့တကာ့မတွေ့ မတွေ့းမဆဘဲနဲ့ နေပြီးသကာလ အို....မင်း ဝမ်းထဲမှာ ရှိပါ့လျက်သားနဲ့ တကာ့သစ်ရေ သားနဲ့ပြုံ, သမီးနဲ့ ပြုံ, ပစ္စည်းကလေးရလို့ ပြုံးပြီးခနတဲ့ဥစ္စာမျှား သေခါနီးပြုံး ဖြစ်ပါလိမ့်မယ်... (မှန်ပါ့ဘုရား)။

ဘာဖြစ်ပါတုံး.... (သေခါနီးပြုံးပါဘုရား) တကာကြွယ် လူထဲမှာ ရမ်းမပြုံးလိုက်ပါနဲ့ဗျာ၊ ဆရာပါ နာမည်ပျက်နေပါ လိမ့်မယ်....(မှန်ပ!) သဘောကျပလား.... (ကျေပါပြီ)။

တကာသစ် လူထဲများ.... (ရမ်းမပြုံးပါနဲ့) ရမ်းပြုံးလိုက်လို့ ရှိယင် ကိုယ်လဲ အရှုံးကျတယ်....(မှန်ပ!) သူတို့ ဆရာဆုံးမသွန်သင် နဲလိုက်တာဆိုတာ ဆရာလဲထိခိုက်တယ် .... (မှန်ပ!) မထိခိုက်ပေဘူးလား....(ထိခိုက်ပါတယ်ဘုရား)။

အဲဒါဉာဏ်နဲ့ သေသေချာချာ စဉ်းစားတော့မှ သြော်.... အိုမင်းရှိလျက်နဲ့ ပြုံးနေတဲ့ဥစ္စာသည် တကာတကာမတို့ မပြုံးသင့်ဘဲနဲ့ ပြုံးတယ်ဆိုတော့ ခလေးများ မုံ့ပေးလို့ ပြုံးသလို.... (မှန်ပ!)။

ခင်ဗျားတို့မှာလဲ တေဇောလောင်လျက်နဲ့ မအို- အိုအောင် လုပ်နေတဲ့အတွက် ဒဏ်ချက်တွေထဲက ပြုံးတယ်ဆိုလို့ ရှိယင်ဖြင့် ဘုန်းကြီးကို တကာတကာမတွေ ခလေးဉာဏ်,ခလေးစိတ်လောက် ဘဲရှိသေးတယ်လို့ ဆုံးဖြတ်ချက်ချရလိမ့်မယ်....(မှန်ပ!) အင်မတန် မဆိုးဝါးဘူးလား... (ဆိုးဝါးပါတယ်ဘုရား)။

ဉာဏ်နဲ့စဉ်းစားပါ ဉာဏ်နဲ့ စဉ်းစားပါ တကာတကာမတို့.... (မှန်ပ!) ဉာဏ်နဲ့စဉ်းစားတော့မှ အိုမင်းလောင်တာကို ပြုံးနေခဲ့သည်ရှိသော် တကာတကာမတို့ ခလေးစိတ်လောက်မှ အလေးပြုလောက်အောင် တခါတည်း ထိုက်တန်တဲ့ စိတ်မဖြစ်သေးတဲ့ အဓိပ္ပါယ်ရောက်ပါတယ်....(ရောက်ပါတယ်ဘုရား) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အေး.... ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ယခု သားကလေးနဲ့ပြုံးတာလဲ မသိပြုံးပေါ့ဗျာ.... (မှန်ပါ) သမီးကလေးနဲ့ပြုံးနေတာ... (မသိပြုံးပါဘုရား)ပစ္စည်းရလို့ပြုံးတယ်-(မသိပြုံးပါဘုရား)။

ဒါ-လွန်လွန်းလှတယ် တကာတကာမတို့.... အိုမင်းဝမ်းထဲမှာ ညှာတာနေသလား....၊ နှိပ်စက်ရင်းပြုံးတာလား.... (နှိပ်စက်ရင်းပြုံးတာပါဘုရား)။

ဟာ... လွန်ကုန်ပြီ... (မှန်ပါ) ဦးခင်မောင်ကြီး လွန်ကုန်ပြီ.... (မှန်ပါ)။

တကာတကာမတွေ ဘယ်လိုအောက်မေ့ကြမလဲ... (လွန်ကုန်ပါပြီဘုရား)။

ဒီနေ့ကစပြီးသကာလ မင်းနဲ့ ငါနဲ့ အိုးစားမကွဲသ၍ ငါ့မှာ ပြုံးချိန်မရှိသေးဘူး.... (မှန်ပါ) မင်းသည်သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်နေတာမင်းဘဲ....(မှန်ပါ) ဘယ်သူမှမညှာဘူး၊ ဘုရားတောင်မညှာဘူး.... (မှန်ပါ) ညှာရဲ့လား.... (မညှာပါဘုရား)။

အဲဒါတွေ ဥာဏ်နဲ့စဉ်းစားတော့မှ အိုမင်းရှိလျက်နဲ့ ပြုံးနေတာသည် တကာတကာမတို့ ကျုပ်တို့၏မသိမှု ဆိုးဝါးမှုဘဲ.... (မှန်ပါဘုရား)။

ဘယ်လိုဆိုကြပါ့မယ်.... (မသိမှုဆိုးဝါးမှုပါဘုရား) မသိဆိုးဝါးမှုဆိုလို့ရှိယင်လဲကြပါ့မလာ.... (မလဲပါဘုရား)။

ဩော်.... တကာတကာမတွေ ဒါ ဘာမသိတာတုံးလို့ တကာကြယ် .... မေးလို့ရှိယင်ဖြင့် "ဇရာပိဒုက္ခ" သူမသိရှာဘူး.... (မှန်ပါ)။

ဘာမသိတာတုံး.... (ဇရာပိဒုက္ခ မသိပါဘုရား) အဲ... ဒါကြောင့် ဘုန်းကြီးဟောမည့် တရားသည် အိုမင်းနယ်မှ လွတ်ဘို့ဟောပါလိမ့်မယ်.... (မှန်ပါ့) သဘောကျပလား... (ကျေးဇူးပြုပါဘုရား)။

သူ့နယ်မှ လွတ်တဲ့တရားကို တကာတကာမတွေ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ရှိယင်ဖြင့် မလွတ်မရှိပါဘူး (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ကြိုးစားကြစမ်းပါဆိုတာကိုလဲ အမြဲတိုက်တွန်းပါတယ်၊ တကာတကာမတွေကလဲ ကိုယ်လုပ်ခဲ့ကိုပ်ရခဲ့ဖြစ်လေသောကြောင့် ကိုယ့်ဟာကိုယ်ကြိုးစားပြီး မဂ်ဉာဏ်-ဖိုလ်ဉာဏ်ရမှ မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့မှတကာကြွယ် နှင်လို့ရမှာနော်....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ရောက်ရာမှာ ခင်ဗျားဟို့ လူဖြစ်ရပါလို့၏ ဆိုယင် ငါ-လိုက်နှိပ်စက်ဦးမယ်ဆိုပြီးပါလာဘယ်....(မှန်ပါ့)နတ်ဖြစ်ရပါလို့၏ဆိုယင်ကော (ငါလိုက်နှိပ်စက်ရပါလို့၏ ပါလာပါတယ်) ငါ-လိုက်နှိပ်စက်ဦးမယ်ဆိုတာ မပါဘူးလား.... (ပါပါတယ်ဘုရား)။

ဒါ. ရှိ-မရှိကို တကာတကာမတွေက ဘုန်းကြီးက အရမ်းပြောနေတယ်၊ဘုရားက အရမ်းဟောနေတယ်လို့ မယူပါနဲ့.... (မှန်ပါ့) ကိုယ့်ရင်ပတ်ကိုယ် လက်ကလေးနဲ့ စမ်းကြည့်ပါတဲ့၊ ရင်ပတ်က ပူခဲသးသလား- မပူခဲတာ့ဘူးလား.... (ပူပါတယ်ဘုရား)။

ဟာ....ဒါဖြင့် လောင်နေပြီ တကာတကာမတို့ - (မှန်ပါ့) လောင်နေတာ ဘာလုပ်ဘာတုံးမေးတဲ့အခါ အိုအောင်,ရင့်အောင် လောင်တာ .. (မှန်ပါ့)။

ဘယ်လိုအကျိုးဌာ လောင်ပါလိမ့်.... (အိုအောင်, ရင့်အောင် လောင်ပါတယ်ဘုရား)။

ဒါဖြင့် တကာဘကား၊တို့ ရင့်လို့ရှိယင် သရက်သီးမှား ကြေမှ ကြေပါ့မလားဆိုတာ သံသယမရှိဘို့မလိုသလိုပေါ့ဗျာ.... (မှန်ပါ) ဘုန်းကြီးတို့ တကာတကာမတွေ့လဲ ရင့်လို့ရှိယင်ဖြင့် သူသည် သေအောင်လုပ်တော့မှာဘဲဆိုတဲ့ အဓိပ္ပါယ်ရတယ်.... (ရပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခေးလုံးတကာတကာမတွေ့ အိုအောင်လုပ်နေတာ ဖြင့် ဝမ်းထဲမှာအပူခတ်ဘဲ... (မှန်ပါ့ဘုရား)။

အိုအောင်လုပ်နေတာ ဘယ်သူပါလိမ့် .... (အပူခတ်ပါ ဘုရား) ဘယ်အချိန်စမ်စမ်း ရှိပါရဲ့လားမေးယင်.... (ရှိပါတယ် ဘုရား)။

ကြောင်....ဒါဖြင့် ဘယ်အချိန် မနှိပ်စက်တဲ့ အချိန်ရယ်လို့ တကာကြွယ်ရှာစမ်း....(မရှိပါဘုရား) ဦးလှဘူး ရှိသေးသလား- (မရှိပါဘုရား) နောက်က တကာတကာမတွေ.... (မရှိပါဘုရား) သေချာပလာ....(သေချာပါပြီဘုရား)။

ဒါဖြင့် နှိပ်စက်တတ်တဲ့ တရားရှိတုန်းကို ပြုံးချိန်ဟုတ်ကြရဲ့ လား....(မဟုတ်ပါ) သူနဲ့ အိုးစားကဲ့ဘို့လုပ်တဲ့ အချိန်သာလျှင် ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) သူနဲ့ သေခဏ်း· ရှင်ခဏ်းပြတ်ဘို့

အလုပ်ကို လုပ်ဘို့ အချိန်ရောက်ခဲပါ့ ဆိုတာသာ ဆုံးဖြတ်ချက်ချဘို့ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ယနေ့ဖြင့် သြော်....အိုမင်းအကြောင်းဖြင့် အသိဉာဏ်တိုးပြီဘုရာ့၊ သူ့နယ်က မလွတ်သ၍ တပည့်တော်တို့ သွားကျိုးဆံဖြူ ငယ်မူပျောက်ပြီးသကာလ သားသမီးမှန်း, အများမှန်းတဲ့ဆိုတော့ ခန္ဓာကြီးရောက်တော့မှာဘဲ .... (မှန်ပါ့) မဆိုထိုက်ဘူးလား .. (ဆိုထိုက်ပါတယ်ဘုရား)။

အေး .... ဒါတွေပဉ္စင်းစားတော့မှ ဒီအိုမင်းဟာလဲ တကာတကာမတို့ ဆံပင်ဖြူတာလဲ သူလုပ်တာဘဲ....(မှန်ပါ)သွားကျိုးတာလဲ... (သူလုပ်တာပါ) အရေတွန့်လိပ်တာလဲ .... (သူလုပ်တာပါဘုရား) အာ:အင်ဗလချိန်အောင် လုပ်တာကော .... (သူလုပ်တာပါဘုရား)။

တကာကြွယ် စမ်းကြည့် ဝမ်းဆဲမှာနွေးနွေး ရှိခဲသးသနော်.... (ရှိပါတယ်) ပူပူကာမရှိဘူးလား....(ရှိပါတယ်ဘုရား)။

အင်း... တကာကြွယ်တို့သနားလို့ သူကလာပြီး စောင့်ရှောက်နေတာလား၊မအို- အိုအောင်လုပ်နေတာလား....(မအို အိုခဲအောင်လုပ်နေတာပါဘုရား)။

ဒါဖြင့် ဒီတေဇော ဘာသစ္စာလို့ ဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်နေတဲ့ တေဇော-(မှန်ပါ့ဘုရား)။

သတ္တဝါကို....(ညှာတာမှဖက် အမြဲနှိပ်စက်နေတဲ့ တေဇောပါဘုရား)။

တကာဘကာမတွေတေဇောနှိပ်စက်ရင်းမျှား တကာတကာမတွေက အနောင်းမပျက် အဝယ်မပျက် အပြုံးမပျက်ဘဲနဲ့မျှားနေဘာဖြင့် တကာကြွယ်ရေ ကိုလေသာရှုးထ,တာ ဖြစ်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘာပါလိမ့်....(ကိုလေသာရှုးထ,တာပါဘုရား) တကားကြွယ် ဒါ့ကြောင့် မပြုံးနဲ့.လို့.ပြောတာ... (မှန်ပါ့) တကာတကာမတွေ ဘုန်းကြီးမှာတာ ကျေနပ်ပလား .. (ကျေနပ်ပါပြီဘုရား)။

ပြုံးတဲ့အချိန်လား သံဝေဂရရမည့် အချိန်လား.... (သံဝေဂရရမည့်အချိန်ပါဘုရား)။

သံဝေဂမရရမည့်အချိန်မှာ တကာသစ်တို့ အားလုံး တကာတကာမတွေက ပြုံးနေကြမယ် ဆိုလို့.ရှိယင်ဖြင့် တကာသစ်မျက်လုံးနဲ့ကြည့်ကြည့်၊ အရိယာမျက်လုံး တပ်ကြည့်ကြည့် အရှုံးပြုံးဖြစ်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘာပြုံးပါလိမ့်မလဲ....(အရှုံးပြုံးပါ) သဘောပါပလား.... (ပါ ပါပြီဘုရား)။

အိုအောင် ရိုက်နှက်နေတုန်း ပြုံးတာ....(မှန်ပါ့) တကာတကာမတို့ ဘယ်အချိန်ပြုံးတာပါလိမ့် ... (အိုအောင် ရိုက်နှက်နေတုန်း ပြုံးတာပါဘုရား)။

ပြုံးရမှာလား တကာတကာမတို့ အလှတ်ရှောင်ဘို့ဉာဏ်ရှာရမှာလား... (အလှတ်ရှောင်ဘို့ ဉာဏ်ရှာရမှာပါ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

သဘောပါကြပါပြီတဲ့၊ အဲဒီ့တေဇောက တကာတကာမတို့ အခုတော့ အိုအောင်လုပ်တယ်နော်.. (မှန်ပါ့) နောက်မကြာခင် ဒီတကာတကာမတွေ့ ဒီတရားဟောတဲ့ ဘုန်းကြီးပါ သေအောင် လုပ်ပါလိမ့်ဦးမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ့ နောက်မကြာခင် ဘာလုပ်မယ်ထင်သတုံး (သေအောင်လုပ်မှာပါ) သေအောင် လုပ်ပါလိမ့်ဦးမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

သေအောင်လုပ်တယ် ဆိုတော့ တေဇောက ကဲ.... ငါမပ္ပ တော့ဘူး၊ အပ္ပတေဇောကနေပြီး အအေးတေဇော အမွေ့ပေး ပါတော့မယ်ဆိုပြီး အပ္ပဒတေဇောချုပ်ပြီး အဒအေးတေဇောလဲ ရောက်ပါရောသွေးဆုတ်ပြီဆိုပြီးသေတော့တာဘဲ(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘယ်သူက သတ်တာပါလိမ့် .. (တေဇောကသတ်တာ ပါဘုရား)အင်း....အအေးတေဇောက သတ်တာ(မှန်ပါ့ဘုရား)။

တကာတကာမတို့ မသာတွေ့ဟူသ၍ဟာဖြင့် တကာသစ် စဉ်းစားစမ်းတဲ့၊ ဘယ်သူသတ်တာပါလိမ့်.... (တေဇောသတ်တာ ပါဘုရား)တေဇော သတ်တာဘဲဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဩော် .. ဒီတကာတကာမတွေ့ အခုတရားနာပြီး နေကြတယ် နော်...(မှန်ပါ့)ဘယ်သူနဲ့မျှား တရားနာနေကြသလဲ .. (နှိပ်စက်ခံ ရင်း တရားနာနေတာဘုရား)။

ဘယ်လိုပါလိမ့် .. (နှိပ်စက်ခံရင်းတရားနာနေတာပါ)နှိပ်စက် ခံရင်း တရားနာနေကြရတယ် (မှန်ပါ့) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

အင်း... ဘယ်လိုမျှား တရားနာနေကြသလဲ.... (နှိပ်စက်ခံရင်း တရားနာနေကြပါတယ်) အနှိပ်စက်ခံရင်း တရားနာနေကြရတယ် ဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားနာရင်းဘဲ နှလုံးသွင်းပါ တော့(မှန်ပါ့)ဒီဝေဒနာတို့၏ ငါတို့သည်ကားလို့ ဆိုယင်ချုပ်ရာ ငြိမ်းရာသိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုရအောင်နှလုံးသွင်းရမယ်နိဗ္ဗာန်မှာ ပထဝီ အာပေါ တေဇောမရှိဘူး(မှန်ပါ့)ဒါ့ကြောင့် နိဗ္ဗာန်ရောက် တဲ့ပုဂ္ဂိုလ်မျှား သေစရာ ကြေစရာရှာမတွေ့ပါဘူး ... (မှန်ပါ့) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ တေဇောမရှိလို့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သေစရာမရှိတာ ဘာခေါ်ကြမယ် .... (နိဗ္ဗာန်ပါ) သေစရာရှိတာသည် လောက....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သေစရာရှိတာက....(လောကပါ) သေစရာမရှိတာက လော ကုတ္တရာနိဗ္ဗာန်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေစရာရှိတာက....(လောကပါ) သေစရာမရှိတာက .... (လောကုတ္တရာနိဗ္ဗာန်ပါ) လောကုတ္တရာနိဗ္ဗာန်၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ ဥကာတကာမတွေ့ ဘယ်လိုပင် ခေတ်စာတွေ့ကျား၊ ဘယ်လိုပင် အခင်းမ့ေ.ရာတွေ့နဲ့အိပ်၊ ဘယ် လိုပင် ဆေးအမျိုးမျိုး ဝါးအမျိုးမျိုးတွေ့ အနားမှာ ဆောင် ထားပြားသော်လဲ တေဇောကဖြင့် မင်းတို့ ဆုတောင်းပြည့်

အောင်တော့ ငါအိုအောင်လုပ်မယ်ဆိုတဲ့ သတ္တိကို တကာကြွယ် စွန့်ပါ့မလား...(မ့စွန့်ပါ) ကြောက်စရာပါလား .... (ကြောက်စရာပါဘုရား)။

သေသေချာချာ စဉ်းစားကြပါ တကာတကာမတို့ တေဇောတလုံးကို ဟာနေတယ်.... (မှန်ပါ့) ဒီတေဇောနဲ့ ခင်ဗျာတို့ မကွဲသ၍ ကာလပတ်လုံးဖြင့် အိုပွဲနဲ့ သေပွဲဟာဖြင့် ဒို့ခံရမည့်ပွဲချည့်....(မှန်လှပါဘုရား)။

အိုပွဲ,သေပွဲဟာ ဘာပွဲပါလိမ့်....(တပည့်တော်တို့ ခံရမည့်ပွဲပါဘုရား)။

သြော်....ဘုန်းကြီးတို့တကာဘကာမတွေမှာ လူဖြစ်ရပါလို့၏ ဆိုတော့ တေဇောက ငါလိုက်ခဲ့ဦးမယ်... (မှန်ပ့ါ) နတ်ဖြစ်ရပါလို့၏ဆိုယင်ကော....(တေဇောက ငါလိုက်ခဲ့ဦးမယ်) ပြဟ္မာဖြစ်ရပါလို့၏ဆိုတော့ကော.... (တေဇောက ငါလိုက်ခဲ့ဦးမယ်ဘုရား)။

သြော်.... ဒါဖြင့် တကာတကာမတွေ ဆွမ်းကုန်, ကွမ်းကုန်, ဖဆယာင်းတိုင်အကုန်ခံပြီး ဝဋ္ဌဒါနတွေများ လုပ်နေလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် တနေရာက တခြားနရာရှေ့ပြီး သေပွဲနဲ့ရပါလို့၏ ဘုရား....လို့ ဆုတောင်းတာနဲ့တူလိုက်တာ....(မှန်ပါ့)။

ဒီနေရာ သေပွဲဖြင့် တယ်မခေါ်ပါဘူး၊ ဟိုသေပွဲ တပည့်တော်တို့ဆက်ရပါလို့၏....(မှန်လှပါ)တယ်လဲ ဆိုးဝါးပါလား... (ဆိုးဝါးပါတယ်ဘုရား)။

တကာကြွယ် ဘာမသိတာတုံးဗျ၊ သစ္စာမသိတာ.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာမသိတာပါလိမ့်....(သစ္စာမသိတာပါ) ဦးဘတင် သိပ်ကြောက်စရာ ကောင်းပါကလား .... (ကောင်းပါတယ်) ဥာဏ်ရောက်ကြရဲ့လား....(ရောက်ပါတယ်ဘုရား)။

စမ်းကြည့်ပါ-စမ်းကြည့်ပါ တကာတကာမတို့ အခု တေဇော လောင်လို့ ချေးတွေသုတ်နေရပြီနော်....(မှန်ပါ့) ဒါ ဘာလုပ်နေ တာတုံး မေးတော့မအို့-အို့ အောင်လုပ်မကွ.... (မှန်ပါ့) မသေ-သေအောင်ကော....(လုပ်မှာပါ)ဘယ်သူပါလိမ့်ဗျာ... (တေဇော ပါဘုရား)။

ဘယ်ပုဂ္ဂိုလ်များ သူမနှိပ်စက်တယ်ရယ်လို့ ရှိသေးသတုံး.... (မရှိပါဘုရား)။

ဒါဖြင့် သစ္စာဆိုတာ မှန်လိုက်တာ၊ ဘုရားတောင် အရေတွန့် အောင်နှိပ်စက်တယ်.... (မှန်ပါ့) အားအင်ဗလ ချိန့်အောင်.... (နှိပ်စက်ပါတယ်)ဒါဖြင့်ဒုက္ခသစ္စာဟုတ်ပါရဲ့လား တေဇောဟာ (ဟုတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ သူ့နယ်ကလွတ်အောင်ဖြင့် ဘုန်းကြီးကလဲ ကယ်တင်ပါ့မယ်၊ တကာတကာမတွေကလဲ ကိုယ့် ကိုယ်သနားသောအားဖြင့် လုပ်စမ်းပါဆိုတာကို မေတ္တာရပ်ရ တယ်... (မှန်ပါ့ဘုရား)။

ဘုန်းကြီးကလဲ ကယ်တင်ပါ့မယ်၊ နည်းပေးပါ့မယ်(မှန်ပါ့) တကာတကာမတွေကလဲ ကိုယ့်ကိုယ်သနားယင်ဖြင့် အသေမရှိတဲ့ နေရာရခအောင် လိုက်ကြစမ်းပါ... (မှန်ပါ့) မပြောသင့်ဘူးလား-(ပြောသင့်ပါတယ်ဘုရား)။

ခင်ဗျားတို့ဉာဏ်နဲ့ တော့ဖြင့် ဒီတေးဇာကို ဘယ်နည်းနဲ့မှ မိအောင်မဖမ်းဘူး.. (မှန်ပါ) ဖမ်းပြန်လို့ရှိယင် သူနှိပ်စက်နေ တယ်လို့လဲမသိဘူး....(မှန်ပါ)။

တေးဇာကင်းရှုဌာနလဲ ခင်ဗျားတို့မရှာဘူး.... (မှန်ပါ)ဘယ် လောက်မျှားဉာဏ်တုံ့,ကံတုံ့ ဖြစ်နေတယ်ဆိုတာဖြင့် ပြောစရာ မရှိပါဘူး....(မရှိပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ် လာတဲ့ဝါနေ့ကျတော့ သတ္တဝါတွေ ရင်ဝယ်သားကဲ့သို့ သနား တယ်ဆိုတာ ဒီ ထူလပိန်းတွေဖြစ်နေလို့ သနားတာ (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုကြောင့် သနားဘာပါလိမ့်... (ထူလပိန်းတွေဖြစ်နေ လို့ သနားတာပါဘုရား)။

ဒါ-အခုလို ဆရာကောင်း သမားကောင်းနဲ့ လဲ မတွေ့ခဲတာ့ ပါဘူးဆိုလို့ရှိယင်ဖြင့် ထူလပိန်းတယောက်ကော ပြန်ပြီဘဲဖြစ်မှာ ဘဲ....(မှန်ပါ့ဘုရား)။

သေသွားပြီး နောက်ဘာဖြစ်မှာတုံး၊ ထူလပိန်းတယောက်ဘဲ ဖြစ်ဦးမှာဘဲ....(မှန်ပါ) ဒီ့ပြင် ဘာဖြစ်စရာရှိသေးသတုံး.... (မရှိ ပါဘုရား)။

အဲဒါကြောင့် အားလုံး တကာတကာမတို့ တရားယ် အရေး ကြီးတဲ့ တရားကို ဟောကြားညွှန်ပြ ဆုံးမနေပါကလား ....၊ ငါတို့မှာ အိုမင်းလဲ ရှိပါကလား...၊ ဒီ အိုမင်းကနေပြီးသကာလ တကာသစ်ရေ.... အေးသွားတဲ့အခါကျတော့ သေမင်းဖြစ်သွား

တယ်....(မှန်ပါ့)အေးသွားတော့ အအေးတေဇောက မသတ်ဘူးလား.... (သတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် သွေးဆုတ်ပြီဘုရား....မရတော့ဘူးဘုရား၊ ဒါ....ဇောက အေးသွားတာ....(မှန်ပါ့) အအေးသတ်လိုက်တော့ တကာ့တကာမတို့ ခံနိုင်ရည်ရှိသေးသလား.... (မရှိပါဘုရား)။

ကိုင်း.... တကာ တကာမတို့ အခု ပူနေတာကလေး အေးတဲ့ အဆုံးကျတော့ ခေါင်းသာပြင်ပေတော့....(မှန်ပါ့)။

အခုပူတာ အေးယင်....(ခေါင်းသာပြင်ပေရော့....) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် အိုအောင်လုပ်တာ တေဇော၊ ခေါင်းပြင်ခိုင်းတာ ကလဲ တေဇော....(မှန်ပါ့)။

အိုအောင်လုပ်တာကလဲ.... (တေဇောပါဘုရား) သူက ဥဏှ တေဇော... (မှန်ပါ့) ခေါင်းပြင်ခိုင်းတာက.... (သီတ တေဇောပါဘုရား)။

ရှိကြရဲ့လား ဇမ်းထဲမှာ စမ်းပါဦး-(ရှိပါဘယ်ဘုရား) ရှိတယ်နော်....၊ အခု ဘာဖြစ်နေသတုံး၊ အခုတော့ အိုအောင်လုပ်တုန်း ရှိသေးတယ်... (မှန်ပါ့ဘုရား) အင်း.... နက်ဖြန်သဘက်ကုတော့ တကာသစ်,ရေ....'အဇ္ဇဝ သုဝေ'နဲ့ စဉ်းစားလိုက်တဲ့ အခါကျတော့ အေးတဲ့တေဇောက သူ ခေါင်းပြင်ခိုင်းတော့မယ်- (ခိုင်းပါမယ်ဘုရား) မခိုင်းပေဘူးလား.... (ခိုင်းပါတယ်ဘုရား)။

ဒီဒါ ဥာဏ်နဲ့ စဉ်းစားကြည့်မှ ဘုန်းကြီးတို့ တကာ့တကာမတွေမှာ အင်း....ဒို့ဘည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဥပမာ . ဒီနှာ

နတ်ပွဲရှိတယ်၊ ဇာတ်ရုံတွေကလဲ့ မျှားပါဘိန့်၊ တကာ့တကာမ တွေက ပျော်ကြ, ရှင်ကြ, ရောင်းကြ, ဝယ်ကြ အစရှိသည်နဲ့ ပျော်ချင် ပျော်ကြမယ်ပေါ့ဗျာ.... (မှန်ပါ့) ထိုကဲ့သို့ ပျော်မယ် ကြံလို့ရှိယင် ကိုယ့်ကိုယ်,ကိုယ် စမ်းကြည့်ပါဦး....(မှန်ပါ့ဘုရား) ငါ့-အိုမင်းက ဘာလုပ်နေသတုံး.... (မှန်ပါ့) စဉ်းစားဘို့ မသင့် ဘူးလားဗျာ....(သင့်ပါတယ်ဘုရား)။

ဒီအိုမင်းက သေမင်းဖြစ်အောင်မျှား ကြိုးစားလိုက်မယ်ဆို လို့ရှိယင်ဖြင့် မျက်စိတမှိတ်ခံနိုင်ပါ့မလား....(မခံနိုင်ပါဘုရား)။

တကာ့တကာမတို့ ခန္ဓာကိုယ်ထဲမှာ ဒါ ပါ-မပါစဉ်းစားစမ်း (ပါ-ပါတယ်ဘုရား) ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ မင်းနှစ်ပါး ရှိနေ တယ်....(မှန်ပါ့)။

တကာသစ် မင်းနှစ်ပါးရှိဘယ် ... (မှန်ပါ) ယခု အိုမင်းနဲ့ အတူနေရတယ်၊ နောက် ခဏကြာလို့ရှိယင်ဖြင့် သေမင်းနဲ့.... အတူတူမနေရပေဘူးလား....(နေရပါတယ်ဘုရား) တကာ့ဘကာ မတို့ အဲဒီကျခေတာ့ နာလန်ထူပါဦးမလား.... (မထူပါဘုရား)။

အဲဒါတွေ ဉာဏ်နဲ့စဉ်းစားတော့မှ ရှေ့ကြေ.... မလွတ်လပ်တဲ့ ဘဝမျှား တယ်ဆိုးပါကလား ... (မှန်ပါ့) အိုမင်း၏လက်အောက် ခံ ဆိုလို့ရှိယင် ကျုပ်တို့က တော်လှန်နိုင်ရဲ့လား....(မတော်လှန် နိုင်ပါဘုရား) သေမင်း၏ လက်အောက်ခံဖြစ်လို့ကော တော် လှန်နိုင်ရဲ့လား.... (မတော်လှန်နိုင်ပါဘုရား) ဒီထဲကနေပြီး ကျုပ်တို့က ပစ္စည်းရလို့ပြုံး, သားသမီးကလေးတွေနဲ့ပြုံးဆိုတဲ့ ဥစ္စာ တကာ့ကြွယ်,ရေ...အရှေးသန်လွန်းဘယ် ...(မှန်ပါ့) ဘုရားက

မဆိုထိုက်....(ဆိုထိုက်ပါဘယ်ဘုရား) အရှုံးမ ဃန်လွန်းဘူးလား (သန်လွန်းပါ'ဗ.ယ်ဘုရား)။

အေး....ဒါတွေ ဥာဏ်နဲ့ စဉ်းစားတော့မှ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက ဒီလို သုံးသပ်စမ်းပါကွ....၊ ခန္ဓာကိုယ်ထဲမှာ အိုမင်း,သေမင်းရှိတယ်လို့ သုံးသပ်စမ်းပါတဲ့....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီ ဘုရား)။

တကာဟကားမတွေ ခန္ဓာကိုယ်ထဲမှာ ဘာမျှားရှိနေပါလိမ့် (အိုမင်း သေမင်းရှိပါတယ်ဘုရား) အိုမင်းသေမင်းရှိနေတယ် နော်....(မှန်ပါ့)။

ကဲ...ခင်ဗျားတို့ဘဲ တရားပွဲထဲမှာလျှောက်ပြီး ကိုယ့်မျက်လုံး နဲ့ ကိုယ် ကြည့်ပါ၊ တခြို့ အိုမင်းအုပ်စိုးနေလို့ အတော်ကို ဆိုးဝါးသွားပြီ....(ဆိုးဝါးပါတယ်ဘုရား)။

တခြို့ လဲ ဆိုးဝါးဆဲ.... (မှန်ပါ့) တခြို့ကတော့ အကြီး အကျယ်ဆိုးဝါးနေပြီ.... (မှန်ပါ့) တခြို့ကလဲ တကာသစ်ဘို့ မျက်လုံ နဲ့ ဦးလှဘူးတို့ မျက်လုံးနဲ့ ကြည့်လိုက်တော့ ဩသြ... သုဿာန်နားနီးလှပါပေါ့လားလို့ မပြောဘူးလား.... (ပြောပါ တယ်ဘုရား)။

အင်း... အိုမင်းတာ သူ့သေမင်းဖြစ်အောင် တေဇောက အေး လိုက်သည်နဲ့တပြိုင်နက်တည်း တကာတကာမတို့ တတိုင်းတပြည် လုံးရှိတဲ့ လူတွေ သူ့တခါအေးတာနဲ့ အကုန် မြေကြီးထဲရောက် တယ်.... (မှန်ပါ့ဘုရား) မရောက်ဘူးလား... (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမဇ္ဈတ္တသယ်သူကလာသတ်လို့မှသေတာ မဟုတ်ဘူး၊ သဘောကျပလား....(ကျပါပြီ) ကိုယ့်ဆုံးတောင်း အမှားတောင်းမိလို့ လူဖြစ်ရပါလို့၏ဆိုလို့သေရဘာ.... (မှန်ပါ ဘုရား)။

တကာသစ် ဘယ်နှယ်ဆိုပါ့မယ်.... (လူဖြစ်ရပါလို့၏ဆိုလို့ သေရတာပါဘုရား) နတ်ဖြစ်ရပါလို့၏ဆိုလို့.... (သေရတာပါ ဘုရား)။

သြော်....ခင်ဗျားတို့ကလဲ အဖြစ်သာမြင်၍ ဤတေဇော ဒုက္ခ သစ္စာကြီး မမြင်တော့ တကာကြွယ်တို့မျှား ရမ်းလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့....(မှန်ပါ့)တကာတကာမတို့ ကိုယ့်ဟာကိုယ် ရမ်းလားတာ သိပလား...(သိပါပြီ) အခုတော့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ ရှေ့ကို ဘာမျှားဖြစ်ချင်ကြသေး သတုံး....(ဘာမှ မဖြစ်ချင်ပါဘုရား) ဖြစ်ယင် အိုမင်းပါမယ်.... (ပါ-ပါမယ်ဘုရား) ဖြစ်ယင် သေမင်းကော.... (ပါ-ပါမယ် ဘုရား)။

သြော်..ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့တော့ဖြင့် သစ္စာရိပ်မိတဲ့အတွက် သံသရာစခန်းတော့ဖြင့် ပြတ်တော့မှာဘဲ (မှန်ပါ့) ဘာရိပ်မိလို့ပါလဲ....(သစ္စာရိပ်မိလို့ပါဘုရား)။

သစ္စာရိပ်မိတဲ့အတွက် သံသရာစခန်းတော့ဖြင့် ပြတ်တော့ မှာဘဲဆိုတာ ယနေ့ တော်းတော် အဘိုးတန်လာပြီ... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ ဥာဏ်ကလေးပေါ်လာတာ ဘယ်လောက် အဘိုးတန်သတုံး....(တန်ပါတယ်ဘုရား)။

ကိုင်း....အခု တရားနာနေကြတာ ဘယ်သူနဲ့ နာနေကြပါလိမ့်.... (အိုမင်းနဲ့နာနေပါတယ်ဘုရား) အိုမင်းနဲ့နာနေတယ်.... (မှန်ပါ့) နောင် အခြောင်းမည်ညွှတ်လို့ ရှိယင်ဖြင့် သေမင်းလာယင် နာလိုဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ဒါဖြင့် ဒီကြားထဲက အိုမင်းက သေမင်းကို ထိုးမအပ်ခင်.... (မှန်ပါ့) မြန်မြန်ကလေး တခါတည်း အိုမင်း, သေမင်းလွတ်ရုံကို ကျုပ်တို့ အာရုံပြုနိုင်အောင် ဥာဏ်ထဲ မြင်နေနိုင်အောင် ဘကာကြွယ် လုပ်ထားဗျာ...(မှန်ပါ့ဘုရား)။

တကာတကာမဘို့ ဘုန်းကြီးပြောနေတာ လိုက်လိုက်လဲလဲ ပြောနေတယ်လို့ အောက်မေ့ပါ.. (မှန်ပါ့)ခင်ဗျားတို့လဲ လိုက်လိုက်လျှဲလျှဲနဲ့ သြော်.... ဒီအမှားတယ်ကြီးပါလားလို့ အောက်မေ့လိုက်စမ်းပါ.... (မှန်ပါ့) အမှားဘယ်လောက်များ ကြီနေတယ်ဆိုတာ ပေါ်ကြပလား..(ပေါ်ပါပြီဘုရား)။

ဘာဇတ္တဆုတောင်းယူခဲ့ကြသလဲ....(အိုမင်းပါဘုရား) အိုမင်းဆုတောင်းယူခဲ့တယ်....(မှန်ပါ့) သေမင်းကော....(ဆုတောင်းယူခဲ့ပါတယ်ဘုရား)။

သြော် နဂိုရိုက ကျုပ်တို့က ပါတယ်မထင်ဘူးနော်.(မှန်ပါ့) အခုတော့ဖြင့် လက်တွေ့ဘဲ စမ်းလိုက်တော့ ပုမ္မတွေ့ရတယ်.... (တွေ့ရပါတယ်) အင်း.... ဒါဟာ ဘာတွေ့ဆုံးတာင်းထားလို့ ဘာတွေ့ပြည့်နေတာပါလိမ့်ဗျာ....(အိုမင်းဆုတောင်းထားလို့ ပါ

ဘုရား) အိုမ္ဘုဆုတောင်းထားလို့ အိုမင်းနဲ့အတူတူဖြစ်နေတာ.... (မှန်ပါ့) သေမင်းနဲ့အတူတူကော.... (ဖြစ်ပါဘယ်ဘုရား)။

တကာတကာ၃တို့ ဒီအိုမင်းက အေးလိုက်သည်နဲ့ တပြိုင်နက်တည်း သေမင်းဖြစ်သွားတယ်... (မှန်ပါ့)။

အိုမင်းက အေးလိုက်ယင် .... (သေမင်းဖြစ်သွားပါတယ် ဘုရား)။

ဥဏှတေဇောက ဦးခင်မောင် သီတာတေဇောဖြစ်ယင် ဒသွားဆုတ်ပြီပြောတာဘဲ...(မှန်ပါ့) မ၁ပြောသေးဘူးလား....(ပြောပါတယ်ဘုရား)အိုမင်းက သေမင်းဖြစ်မလာဘူးလား... (ဖြစ်လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သူ-ဘယ်အချိန်မှာ ငါအေးလိမ့်မယ်ဆိုတာတော့ ပြောတော့မထားဘူး....(မှန်ပါ့) တကာကြွယ် အေးချင်တဲ့အချိန် အေးလိုက်မယ်....(မှန်ပါ့)။

အေးချင်တဲ့အချိန် အေးလိုက်သည်နဲ့တပြိုင်နက်တည်း တကာကြွယ် သမီးနှုတ်ဆက်နိုင်သေးရဲ့လား.... (မဆက်နိုင်ပါဘုရား) ခင်ပွန်းမကော.... (နှုတ်မဆက်နိုင်ပါဘုရား) သြော်....သူစိမ်သလို မခံရဘူးလား....(ခံရပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့,ကျုပ်တို့ ဒီ-ဒုက္ခသစ္စာနယ်ကဲ့ မလွတ်သေးသ၍, နိရောဓသစ္စာ မရောက်သေးသ၍, တကာတကာမတွေ့ သေပွဲနဲ့ အိုပွဲချည့် နဲ့ရမယ်.... (မှန်ပါ့)။

ဘာတွေ့နဲ့ရမတုံး.... (အိုပွဲနဲ့ သေပွဲချည့် နဲ့ရပါမယ်) အိုပွဲ, သေပွဲချည့် မနဲ့ရပေဘူးလား....(နဲ့ရပါတယ်ဘုရား)။

သြော်... ကြောက်စရာကောင်းလိုက်တာ တကာတကာမတို့ ကျုပ်တို့မျက်စိလည်လို့ ဒီရောက်နေတာနော်.... (မှန်ပါ့)။

ဘာကြောင့် ဒီရောက်နေပါလိမ့်.... (မျက်စိလည်လို့ ရောက်နေတာပါဘုရား)။

ဥာဏ်နားနဲ့ထောင်... ဥာဏ်နားနဲ့ထောင်၊ ခင်ဗျားတို့ လူ့ပြည်ရောက်လာတာ သာမညဒုလ္လဘတရားနဲ့ဆိုယင်ဖြင့် ကံကောင်းအကြောင်းသင့်လို့ ရောက်တယ်လို့ ဦးမောင်တို့ထင်ကြမှာဘဲ.... (မှန်လှပါ) သေသေချာချာ သတ္တဝါဏ်နဲ့ ကြည့်လိုက်ကဲ့အခါကျတော့ မျက်စိလည်လို့ အဝိဇ္ဇာဖုံးပြီး တဏှာက ထင်ရာလုပ်လိုက်တာနဲ့ တပည့်တော်တို့ အိုပဲ့သေပဲ့ကြီး နဲ့ရပါပေါ့လားဘုရား.... လို့ သိပ်ဝမ်းနည်းစရာကောင်းတယ်....(ကောင်းပါတယ်ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

သူစဉ်, တန်းစဉ် အခါတုန်းက အဝိဇ္ဇာကဖုံးလိုက်လို့.... (မှန်ပါ့) တဏှာက သူရမ်းပြီး လိုချင်လိုက်တယ်.... (မှန်ပါ့)လူ့ဘဝ, နတ်ဘဝတွေ့မလိုချင်လိုက်ဘူးလား....(လိုချင်လိုက်ပါတယ်ဘုရား)။

လူ့ဘဝ, နတ်ဘဝ၏ဒုက္ခသစ္စာကိုဖုံးပေးသမား၊ အဝိဇ္ဇာ.... (မှန်ပါ့) ရမ်းလိုချင်တာက... (တဏှာပါဘုရား)။

အဲ....သူတို့နှစ်ခု စိမ်လိုက်ကာ ကျုပ်တို့ဖြင့် အခု အိုပဲ့နဲ့လို့ လဲ့ မအားဘူး... (မှန်ပါ့) သေပဲ့နဲ့ရမှာလဲ နီးနေပြီ.... (မှန်ပါ့) တကာသစ်တို့ လွတ်ရေး, ကျွတ်ရေးရှိရဲ့လား .... (မရှိပါဘုရား)။

ဒါဖြင့် ကျုပ်တို့ အင်မဘန်မှတ်စရာကောင်းတဲ့ တရုပ်လူမျိုးများမှာ အင်မတန် ရင်းနှီးတဲ့ အင်မတန်မြတ်နိုးတဲ့ ချွေးမတယောက် ရှမယ်ဆိုလို့ ရှိယင်ဖြင့် တကာကြွယ်ဝရ အဘိုးတန်တဲ့ ခေါင်းကြီးဘလုံး လက်ဖွဲ့တယ် မင်္ဂလာ အခမ်းအနားမှာ .... (မှန်ပါ)။

မင်္ဂလာအခမ်းအနားမှာ ဘာလက်ဖွဲ့လေ ရှိသတုံး ... (အဘိုးတန်တဲ့ ခေါင်းကြီး လက်ဖွဲ့လေ ရှိပါ'တယ် ဟုရား)ဗမာမျက်လုံးနဲ့ ကြည့်တော့ မကြိုက်ဘူး.... (မကြိုက်ပါဘုရား)စင်စစ်ပေါ့ မှန်လိုက်တာ....(မှန်ပါဘုရား)။

စင်စစ်တော့ ဘယ်နှယ်တုံး... (မှန်ပါတယ်ဘုရား) ဟကာတကာမတို့ ခင်ဗျားတို့လဲ ဘာလက်ဖွဲ့ဘို့သင့်နေသတုံး... (ခေါင်းကြီးလက်ဖွဲ့ဘို့ သင့်ပါတယ်ဘုရား) ဒါဟာ လက်မဖွဲ့လဲခံရမှာဘဲ-(မှန်ပါ) လက်ဖွဲ့လဲ ဒီခေါင်းထဲ အဆင်သင့်ဝင်ရုံဘဲ.... (မှန်ပါ) လက်မဖွဲ့လဲ အသစ်လုပ်ရမှာဘဲ....(မှန်ပါ) ဒီလမ်းဘတော့ လွှတ်ပါ့မလား....(မလွှတ်ပါဘုရား)။

အဲဒီတော့ တရုပ်လူမျိုးများမှာ အင်မဘန် ချစ်လှစွာသော ချွေးမကို ဒီ့ပြင်ပစ္စည်းထက် ခေါင်းလက်ဖွဲ့တာ အရေးကြီးတယ် (မှန်ပါ)ဒီမှာလဲ တကာတကာမတို့ ခင်ဗျားတို့ ဆုခတောင်းလဲတာဟာ ခေါင်းလက်ဖွဲ့ဘို့ဘဲ ရှိတော့တယ်.... (မှန်ပါဘုရား)။

ဆုတောင်းလဲတာ ဘာပါလိမ့်....(ခေါင်းလက်ဖွဲ့ဘို့ပါဘုရား) တယ်လဲဆိုးပါကလား....(ဆိုးပါ့တယ်ဘုရား)။

တကာကြွယ် ခေါင်းလက်ဖွဲ့တာမှားဘယ်ထင်သလား-(မထင်ပါဘုရား) လက်ခံဘို့အဆင်သင့်ဘဲဆိုတာ အသစ်တောင်မရှာရတော့ဘူးမှန်လိုက်တာ....(မှန်ပါတယ်ဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအို့ပ,သေပ,သည်ကားလို့ ဆိုယင်ဖြင့် ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါ) သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တယ်ဆိုတာ သဘောကျပလား၊ တေဇောကလေ....(မှန်ပါ) ဘယ်ပုဂ္ဂိုလ် ရွေးသေးသတုံး .... (မရွေးပါဘုရား)။

ကိုင်း...ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ် ရင်ပတ်ကလေးစမ်းကြည့်၊ ကျောကလေးစမ်းကြည့်၊ ကိုယ့်လက်မောင်းကလေးကို ညာဘက်က ဘယ်ဘက်ဆုပ်ကြည့်တော့ နွေးနွေးကလေးမျိုးရှိကြရဲ့လား .... (ရှိပါတယ်)အင်း .... ဘာလုပ်နေပါလိမ့်သူက...(အို့အောင်လုပ်ပါတယ်ဘုရား)။

နောက်ဆုံးပိတ် တနေ့ အို့အောင်လုပ်တဲ့ အပူးတဇောက အအေးကို အခွင့်ပေးလိုက်သည်နဲ့ တပြိုင်နက်တည်း ခေါင်းပြင်ပေရော့....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ အချိန်ဝေးသလား- အချိန်နီးပလား...(နီးပါပြီဘုရား)။

ဘားဖြစ်လို့ နီးရတာတုံးဆိုတော့ ခင်ဗျားတို့ အဝိဇ္ဇာကဖုံး၊ တဏှာက လူ့ဘဝကောင်းတယ်လို့ လက်ညှိုးညွှန်ပြလိုက်တာနဲ့ ခင်ဗျားတို့က လူ့ပြည်ရောက်ကြောင်း ကံတွေကြိုးစားလိုက်တာနဲ့

အခုတော့ဖြင့် ခေါင်းလက်ဖွဲ့ ခံရပါပေါ့လား.... (မှန်ပါ့ဘုရား) အံမာကလေး ကြောက်စရာကြီးပါလား....(မှန်ပါ့ဘုရား)။

တကာသစ် ဘာလက်ဖွဲ့ခံနေရသတုံး.... (ခေါင်းလက်ဖွဲ့ခံနေရပါတယ်) အုံ့မာ....ကြောက်စရာကြီးဘဲ....(မှန်ပါ့ဘုရား)။

နဂိုရှိက ခေါင်းလက်ဖွဲ့ခံရမယ် ဆိုလို့ရှိယင် ခင်ဗျားတို့ဗမာ မျက်လုံးနဲ့ ကြည့်မယ်ဆိုယင်ဖြင့် အမင်္ဂလာကြီးလို့ ထင်မှာဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာကြီးကိုက မင်္ဂလာလား· အမင်္ဂလာလား .... (အမင်္ဂလာပါ) အိုပ္ပဲခန္ဓာကြီးလဲ သူဘဲ.... (မှန်ပါ့)သေပ္ပဲခန္ဓာကော .. (သူပါဘုရား)။

ဒါဖြင့် တကာတကာမတွေ နောက်ဘဝက အဝိဇ္ဇာက ဉာဏ်မျက်လုံးဖုံး၊တဏှာက အရမ်းဆုတောင်းထားလို့ အခုခန္ဓာကြီးရတော့ အိုပ္ပဲ,သေပ္ပဲနဲ့ အထည်ကြီးရတယ်.... (ရပါတယ်) အိုပ္ပဲ သေပ္ပဲ အထည်ကြီးမရဘူးလား....(ရပါတယ်ဘုရား)။

အခုတော့ဖြင့် တကာတကာမတွေ တခါတခါလေ ခေါင်းတောင် မရှာနိုင်ဘူး.. (မှန်ပါ့) ဖြစ်ချင်သလိုဖြစ်ပြီး ရေထဲသေတော့ တကာသစ် ခေါင်းရှာနိုင်သေးရဲ့လား.... (မရှာနိုင်ပါ) သဘောပါကြပလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တေဇောနယ်က မလွတ်သရှိ ကာလပတ်လုံး ကျုပ်တို့သည် ချမ်းသာရေး, ကျန်းမာရေး မြင်သေးရဲ့လား ...(မမြင်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဘုရားက ဒီလိုသုံးသပ်စမ်းပါကွဆိုတော့ ယနေ့တကာတကာမတွေ့ခန္ဓာကိုယ်ထဲမှာ ဘာရှိတယ်လို့ ဆိုတာသုံးသပ်မြင်ကြပလား....(သုံးသပ်မိပါပြီ)အိုတတ်တဲ့ တေဇောရှိ-မရှိ (ရှိပါတယ်ဘုရား) သေတတ်တဲ့ တေဇော....(ရှိပါတယ်ဘုရား)။

အဲဒီလိုသိလာတော့မှ တကာကြီးယ် ဒါ ဘာသုံးသပ်ခိုင်းတာတုံး မေးတော့မှ သစ္စာကိုသုံးသပ်ခိုင်းတာ (မှန်ပါဘုရား)။

ဘာသုံးသပ်ခိုင်းတာလဲမို့ (သစ္စာသုံးသပ်ခိုင်းပါတယ်) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်လိုက်ယင်ကွဲတဲ့မင်းတို့သုံးသပ်နည်းသည်ကားလို့ ဆိုယင် ဒါကမင်းတို့ ဆုတောင်းသမားခြောင့် အရမ္မာဖြစ်ခဏတာတော့ဖြင့် သိပြီ...(မှန်ပါ့ဘုရား)။

ဒီ အိမ့,သေမ့ဆိုတဲ့ တရားနှစ်ခုက ဘယ်တော့လာပါလိမ့်မလဲ ဆိုတာကို ပဋ္ဌိလောမ ပြန်တွေးပါတဲ့ (မှန်ပါ) ပြောင်းပြန်-ပြန်တွေးကဲ့ တကာတကာမတို့....(မှန်ပါ့ဘုရား)။

ကဲ... ဒါဖြင့် ဒီမှာနဲနဲမို့တဲ့ ပုဂ္ဂိုလ်က ကြည့်တာပေါ့ဗျာ (မှန်ပါ) မိုးကဲ့ပုဂ္ဂိုလ်က နဲနဲကြည့်ပါနော်....(မှန်ပါ့ဘုရား) ဒီနှစ်ခုဟာ တကာတကာမတို့ အိုပဲ, သေပဲ.... (မှန်ပါ) ဒီနှစ်ခုဟာ ဘယ်ကမျိုးလားလို့ ကျုပ်တို့မှာ အိုရ, သေရ ပါလိမ့်မတုံးစဉ်းစားတော့မှ တကာတကာမတို့ မှတ်ထားစမ်းပါ။ ခန္ဓာငါးပါးရှိလို့လာတာ.. (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်သူရှိလို့လဲ...(ခန္ဓာငါးပါးရှိလို့ပါ) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ခန္ဓာငါးပါးရှိလို့ လာတာခနာ - (မှန်ပါ) တကာတကာမတို့ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အိုပ္ပဲ့,သေပ္ပဲဟာ ဘယ်ကလာတာတုံး .... (ခန္ဓာငါးပါးကလာတာပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကအကြောင်း....(မှန်ပါ) အိုပ္ပဲ့,သေပ္ပဲက (အကျိုးပါ) အကျိုးဘဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတွေ ဒီခန္ဓာငါးပါး၊ဒါဖြင့် ခန္ဓာငါးပါးကိုလူ့ခန္ဓာငါးပါး ရရပါလို့၏ ဆုံးတာင်းယင်ဖြင့် အိုပ္ပဲ့,သေပ္ပဲ, နဲ့ရပါလို့၏....(မှန်ပါ) နတ်ခန္ဓာငါးပါးရရပါလို့၏ ဆိုယင်ကော(အိုပ္ပဲ့,သေပ္ပဲ, နဲ့ရပါလို့၏) ပြဟ္မာခန္ဓာ,စကြာဝဠာ ခန္ဓာရရပါလို့၏ ဆိုယင်ကော....(အိုပ္ပဲ့,သေပ္ပဲ,နဲ့ရပါလို့၏ဘုရား)။

ဒီလိုသိလို့ရှိယင် ခင်ဗျားတို့ သစ္စာသိလို့ ဘယ်နည်းနဲ့မှ ခန္ဓာကိုယ်တော့ဖြင့် ဆုတောင်းယူကြမယ် မဟုတ်ပါဘူး ... (မှန်ပါ)သဘောပါကြပလား ... (ပါ-ပါပြီဘုရား)။

ကိုင်း... တကာတကာမတို့ ဒီအိုပ္ပဲ့,သေပ္ပဲ ဘယ်ကလာသလဲ.... (ခန္ဓာငါးပါးကပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးက အကြောင်း ဖြစ်သောကြောင့် သမုဒယသစ္စာ....(မှန်ပါ)အိုပ္ပဲ့,သေပ္ပဲက.... (ဒုက္ခသစ္စာပါဘုရား)။

ဒါ သေသေချာချာစဉ်းစားပါ တကာတကာမတို့ သစ္စာ ဟောနေတယ်....(မှန်ပါဘုရား)။

ခန္ဓာငါးပါးက အကြောင်းဖြစ်သောကြောင့် ဘာသစ္စာတုံး (သမုဒ္ဒယသစ္စာပါ) အိုပ္ပဲ့,သေပ္ပဲ့က....(ဒုက္ခသစ္စာပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီနှစ်ခုမျှား မရှိမယ်ဆိုလို့ရှိယင် ခန္ဓာလဲမရှိယင် အိုပ္ပဲ့, သေပ္ပဲ့, ကော....(မရှိပါ)အင်း....ဒါ ဘာသစ္စာခေါ်ကြမလဲ.... (နိရောဓသစ္စာပါ)နိဗ္ဗာန်ဘဲ .... (မှန်ပါ့) တကာကြယ် ပေါ်ပလား.... (ပေါ်ပါပြီ) ဦးလှဘူးပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ခန္ဓာမရှိယင် အိုပ္ပဲ့,သေပ္ပဲ့ကော ... (မရှိပါ) အဲဒီသူတို့မရှိလို့ရှိယင် ကျုပ်တို့သည် အိုစရာလဲမရှိ, နာစရာလဲမရှိ, ခန္ဓာလဲမရှိတဲ့ အတွက် ကျုပ်တို့ဖြင့် အဓသလွတ်, အအိုလွတ်ဆိုတဲ့ သဘောမဖြစ်ပေဘူးလား...(ဖြစ်ပါတယ်) အဲဒါ ဘာသစ္စာတုံး .... (နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် တကာဘကာမတို့ ခန္ဓာငါးပါးလွတ်ရေး,ကျွတ်ရေး ကျင့်ရမည့် အကျင့်ကဖြင့် မဂ္ဂသစ္စာဘဲ.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒီမဂ္ဂသစ္စာမကျင့်ယင်တော့ဖြင့်.... (မရပါ) မရဘူးဆိုတာ ပေါ်လာကြပလား ... (ပေါ်လာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာဘကာမှတို့ ပြန်ပြီး နောက်ဆုတ်တွေးစမ်းပါကွာ .. တဲ့ ဘုရားက ခန္ဓာကိုယ်ပြန်သုံးသပ်စမ်းပါဆိုတော့ တကာဘကာမဘို့ ဒီခန္ဓာကြီး ဘယ်ကလာသလဲ ဘုံ....ဆိုတဲ့ဥစ္စာ ပြောင်းပြန်တွေးဦးဗျ ကာကာ ပစ်....(မှန်ပါ့) ပြောင်းပြန်ခတွေးတဲ့ အခါကျတော့ တဏှာ(ဟ) လာတယ် .. (မှန်ပါ့)။

ဟောဒီအစိမ်းကဲ့လေးဟာ ဘာ့ပါလိမ့် တကာတကာမတို့.... (တဏှာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တဏှာကြောင့် ခန္ဓာဖြစ်တယ်.... (မှန်ပါ့ဘုရား) ဟုတ်မှ ဟုတ်ကဲ့လားလို့ စဉ်းစားကြည့်တော့မှ ခင်ဗျားတို့ လူဖြစ်ရပါလို့၏ဆိုတာ သူက တောင်းတာ-(မှန်ပါ့) နတ်ဖြစ်ရပါလို့၏.... (သူက တောင်းတာပါဘုရား) တဏှာက တောင်းတာနော်....(မှန်ပါ့) ပြဟ္မာဖြစ်ရပါလို့၏ (တဏှာက တောင်းတာပါဘုရား) တောင်းတော့ ခန္ဓာရ,မရ.... (ရပါတယ် ဘုရား) ခန္ဓာရယင် အိုပ,သေပ ဝင်ရ,မဝင်ရ.... (ဝင်ရပါတယ် ဘုရား)။

ဟာ.... ဒါဖြင့် တကာတကာမတို့ လက်သည်တောင်မပြီ - (မှန်ပါ့)ဘယ်သူ့ မိပါလိမ့်.... (တဏှာမိပါတယ်ဘုရား) တဏှာ ဆိုတဲ့ လက်သည် မမိခဲ့သေးဘူးလား....(မိပါ့ဘယ်ဘုရား) တဏှာ ဆိုတဲ့လက်သည် မိကြပလား....(မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ ကြွယ်ရေ တော်တော်ဒုက္ခပေးဘုန်း သွားပြီ...(တန်ပါတယ်ဘုရား)။

တကာတကာမတွေ တရားဘပ်လုံး စဉ်းစားပါဦး၊ အိုပ,သေပ ဘယ်က လာသတုံး ....(ခန္ဓာဝါးပါးက လာပါတယ် ဘုရား)။

ကဲ....ပြောင်းပြန်သွားလိုက်၊ ခန္ဓာဘယ်ကလာသတုံး-(တဏှာ က လာပါတယ်) ဩော်.... ဆုခဘားင်းတဏှာ ကလာတယ်.... (မှန်ပါ့)။

ဘာ့ကြောင့်ခင်းရတာတုံး....(ခင်စရာ, မင်စရာကြောင့် အိုပ္ပဲ့, သေပ္ပဲ့ ခင်းရတာပါဘုရား) အဲဒါ စောစောစီးစီးက ရှင်းလိုက်လို့ရှိယင် အိုစရာ, သေစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုင်း....တကာတကာမတို့ ပြန်ပြီးသကာလ ဒီ-ပဋ္ဌိစ္စသမုပ္ပါဒ် အတိုကိုပြန်ရှင်းပါဦး....(မှန်ပါ့ဘုရား)။

အို, သေ ဘယ်ကလာတာတုံး... (ခန္ဓာငါးပါးကလာတာပါ) ခန္ဓာငါးပါး ဘယ်ကလာတာတုံး.... (တဏှာကလာပါတယ်) တဏှာဘယ်ကလာတာတုံး.... (ခင်စရာ, မင်စရာက လာပါတယ်ဘုရား)။

ဒါဖြင့် လက်သည်သိပြီ....(မှန်ပါ့) လက်သည်မိပြီ-(မှန်ပါ့) တကာကြွယ် လက်သည်မိပြီဗျ- (မှန်ပါ့) ဘာတွေ့ကြသတုံး.... (ခင်စရာ, မင်စရာတွေ့ပါတယ်ဘုရား)။

ခင်စရာ,မင်စရာ တွေ့တယ်ဆိုတော့ တကာတကာမတို့ ဒီဥစ္စာ လက်သည်မိလို့ရှိယင်ဖြင့် ခင်စရာ, မင်စရာကို ကျုပ်တို့သည် ကားလို့ ဆိုလို့ရှိယင် ခင်စရာ, မင်စရာ မဟုတ်ကြောင်းကို ကောင်းကောင်းသိတဲ့ ဉာဏ်ဝင်လိုက်ယင် ဒီတဏှာ သေ,မသေ-(သေပါတယ်ဘုရား) ဒီတဏှာသေယင် ဒီခန္ဓာလာပါ့မလား.... (မလာပါဘုရား) ဒီခန္ဓာမရှိဘဲနဲ့ အိုပ္ပဲ့, သေပ္ပဲ့ဆိုစရာကော.... (မရှိပါဘုရား)။

ဒါဖြင့် မိပြီ တကာတကာမတို့ ခင်စရာ, မင်စရာကို ခင်စရာ မင်စရာမဟုတ်ကြောင်းကို ဆရာကသော်ရင်း, ဘုရားကသော်ရင်း ရေရေလည်လည် ဟောဘို့အခွင့်ဟာဖြင့် ဒီ- ၄-နံပါတ်ဘဲ-(မှန်ပါ့ဘုရား) ၁-၂-၃-၄....(မှန်ပါ့)။

ဒါဖြင့် ဦးလှဘူးရေ ၄-နံပါတ်ကို ရေလည်အောင်ပြောဘို့ အရေးကြီးတယ်....(မှန်ပါ့)။

၄-နံပါတ်က ဘာပါလိမ့် တကာတကာမတို့.... (ခင်စရာ, မင်စရာပါဘုရား)။

နေရာကျပြီ....၊ နေရာကျပြီ တကာတကာမတို့၊ သြော်....ခင်စရာ, မင်စရာကြောင့် တဏှာဖြစ်တယ်....(မှန်ပါ့)တဏှာဖြစ်လို့ ဘာရသလဲ....(ခန္ဓာရပါတယ်) ခန္ဓာရလို့ ဘာဖြစ်သလဲ... (အိုပ်သေပ် ဝင်ရပါတယ်) အဲ .. အို, သေရတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးကဒီလိုပြောင်းပြန်ပြန်ပြီးသုံးသပ်မှ နေရာကျမယ်ကဆိုတဲ့ အတိုင်း ကိုယ့်ကိုယ်သုံးသပ်တတ်ကြပလား.... (သုံးသပ်တတ်ပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ အခု ဒီအထဲမှာ အိုဘေး, သေဘေးနဲ့တွဲနေတဲ့ပုဂ္ဂိုလ်ချည့် တရားနာနေတာဘဲ....(မှန်ပါ့)။

အင်း... ဘယ်ကလာပါလိမ့်မတုံး ... (ခန္ဓာငါးပါးကလာတာပါဘုရား) ခန္ဓာရှိလို့လာတာ....(မှန်ပါ့)။

ဒီခန္ဓာ ဘယ်ကလာပါလိမ့်....(တဏှာကလာပါတယ်)ဒီတဏှာကလဲ မိုးပေါ်ကျလား.... (မဟုတ်ပါဘုရား) ဘယ်ကလာတာတုံး....(ခင်စရာ, မင်စရာကလာပါတယ်ဘုရား)။

ခက်တယ် ဒါဖြင့် တဏှာသည် ခင်စရာ, မင်စရာကလာဘယ်ဆိုဘော့ စာလိုသုံးတော့ "ပိယရူပံ သာတရူပံ".... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

စာလိုသုံးတော့....(ပိယရူပံ သာတရူပံပါဘုရား)ပိယရူပံ,သာတရူပံလို့ ဘုရားကဟောလိုက်တယ်....(မှန်ပါ့)ပိုယသာတဖြစ်တဲ့ဓမ္မတွေကြောင့် မင်းတို့မှာ တဏှာဖြစ်တယ်ကဲ့၊ တဏှာဖြစ်လို့ ခန္ဓာရတယ်ကဲ့...၊ ခန္ဓာရလို့ အိုရ, သေရတယ်ကဲ့ဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်၊ ပဋ္ဌိလောမ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြင့် တကာတကာမတွေ ရှင်းပါပြီ....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ယနေ့ လက်သည်မိပလား . (မိပါပြီဘုရား) နောက်ဆုံးပိတ်ဖမ်းလိုက်တော့ ဘုရားက ဘယ်ဟာကို အဓိကထားပြီး ဖမ်းလိုက်ပါသိမ့်....(ခင်စရာ, မင်စရာပါဘုရား)။

အဲ....ခင်စရာ, မင်စရာကို အဓိကထားပြီး ဖမ်းလိုက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တကာတကာမတို့ ဘယ်အကျိုးငှာ ပဋ္ဌိလာသတုံးဆိုတဲ့ **အမေးဟာ** ဒီနေရာမှာ တွက်လာတယ်....(မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်အကျိုးငှာ ပဋ္ဌိလာပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် တကာတကာမတွေ အမှားပြင်မယ်လို့ ပဋ္ဌိလာဘယ် (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်အကျိုးငှာ ဘုရားပဋ္ဌိလာသတုံး.... (အမှားပြင်မလို့ ပဋ္ဌိလာပါတယ်ဘုရား)။

ခင်ဗျားတို့က ဒီဟာကိုဘယ့်နှယ်ထင်ကြသတုံး.... (ခင်စရာ, မင်စရာပါဘုရား) ဘုရားက ဒီဥစ္စာ ခင်စရာ, မင်စရာ မဟုတ်ဘူးဆိုပြီးတော့ ပဋ္ဌိလာတာ....(မှန်ပါ့)။

ဘုရားကတော့ မင်းတို့ ခင်စရာ,မင်စရာ မဟုတ်ဘူး....လို့ ဟောလိုက်ဘယ်... (ဟောပါတယ်ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ဘုရားက ဘယ်လိုဟောပါလိမ့်....(ခင်စရာ, မင်စရာ မဟုတ်ဘူးလို့ ဟောပါတယ်ဘုရား)။

ဒါဖြင့် ဘုရားပွင့်လာဘာ ရိပ်မိရောပေါ့....(ရိပ်မိပါပြီ) ခင်ဗျားတို့ ဖြစ်နှင့်ဘာကတော့ ဘုရားထက်စောတယ်....(မှန်ပါ့ ဘုရား)။

ဘုရားထက် ခင်ဗျားတို့ စောတယ်ဆိုတော့ ခင်ဗျားတို့က ဘာစောသတုံး မေးဘဲ့အခါကျတော့ ခင်စရာ, မင်စရာလဲ လုပ်ပြီးပြီ....(မှန်ပါ့) ခင်တဲ့စိတ်လဲ ပေါ်ပြီးပြီ.... (ပေါ်ပြီးပါပြီ) ပေါ်လို့လဲ ယခုခန္ဓာကြီးကော .. (ရပါတယ်) ရလို့လဲ အိုပဲ့, သေပဲ့ ဘယ်နှစ်ပဲ့နဲ့ခဲ့ပြီလဲ....(မရေတွက်နိုင်ပါ) အ•မာ.... ဘုရားထက်ခင်ဗျားတို့ကစောတယ်....(မှန်ပါ့)ဘုရားထက်စောနေတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရားက ကိုင်း....ဒါလောက်တောင် ရှုးလှ၊ ဒါလောက်တောင် အ,လှတယ်- သေလို့ မဝနိုင်သေးဘူး.... (မှန်ပါ့)သေခါနီးကျပြန်တော့လဲ သူတို့မသေရအောင် ကြိုးစားချင်တဲ့စိတ်တော့ပေါ်သား....(မှန်ပါ့)။

သို့သော်လဲ ခင်စရာ,မင်စရာတော့ သူတို့ မစ္စန့်နိုင်ဘူး ဆိုပြီး ဘုရားသခင်ကိုတော်မြတ်ကြီးက ဒီအနားကပ်ပြီးသကာလ ဟော•လှမ်းက်- မင်းတို့ခင်နေတဲ့ဥစ္စာ တကာတကာမတို့ မခင်နဲ့,

မသောက်နဲ့,မမျိုနဲ့., ဒီတဏှာနဲ့ပေါ့ဗျာ....(မှန်ပါ့)ဒါ-အရက်ကို အဆိပ်နဲ့ရောထားတယ်....(မှန်ပါ့)။

ဘာတဲ့တုံး .. (အဆိပ်နဲ့ရောထားတဲ့အရက်ပါဘုရား)အဆိုပ်နဲ့ ရောတဲ့ အရက်ဗျ (မှန်ပါ့) မင်းကတော့ မြင်တော့ ပုထုဇန်က အင်တိမ့် သောက်ချင်လိမ့်မယ်... တဲ့....(မှန်ပါ့)။

ပုထုဇန်ကတော့ဘာတဲ့(အင်တိမ့် သောက်ချင်မှာပါ)သောက် ချင်လိမ့်မယ်, သောက်ချင်လို့ရှိယင် အဆိပ်နဲ့ရောထားတဲ့အရက် ဖြစ်သောကြောင့် မင်း သေပွဲချည့်ဝင်ရမယ်ဆိုတာ မမှန်ဘူး လား....(မှန်ပါတယ်ဘုရား)။

မယုံယင် ဒီဟာတွေကို တဏှာနဲ့သောက်ကြည့်ပါ၊ခင်ကြည့်၊ ခင်ယင်ဘာရမလဲ....(ခန္ဓာရပါမယ်) ခန္ဓာရယင် ဘာပွဲနဲ့ရမလဲ.... (အိုပွဲ, သေပွဲနဲ့ရပါမယ်) သောက်တဲ့ပုဂ္ဂိုလ်နဲ့ရမယ်... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူနဲ့ရတာပါလိမ့်.... (သောက်တဲ့ပုဂ္ဂိုလ်နဲ့ရတာပါ) သောက်တဲ့ပုဂ္ဂိုလ် နဲ့ရတယ်ဆိုတာသဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါ့ကြောင့် ဘုရားသည် ကျုပ်တို့ကို ပြင်ဘို့,ဆင်ဘို့ ပို့ဉ်လာ တာ....(မှန်ပါ့) သူ့တော့ ပြင်ဘို့,ဆင်ဘို့ မလိုပါဘူးတဲ့၊ သူ- သုမေဓာလက်ထက်ကတည်းက ပြင်ပြီးသား, ဆင်ပြီးသား သူ တယောက်တည်း အို့,သေလုတ်တဲ့ နိဗ္ဗာန်သွားမယ်ဆို သွားနိုင် တယ်....(မှန်ပါ့)။

ငါ့မသွားသေးဘူး၊ သတ္တဝါတွေပြင်ပေး, ဆင်ပေးဦးမယ် ဆိုပြီး လေးသခြေ့နဲ့ ကမ္ဘာတသိန်းပါရမီဖြည့်ရတယ်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် ဘယ်နေရာ ကိုယ်တော်မြတ်ကြီး ပြင်ပေးမှာတုံး မေး တော့မှ ဟော....ပုထုဇဉ်မိုက်- ခင်စရာ,မင်စရာမဟုတ်ဘူး၊ ဒါ.... အဆိပ်နဲ့ရောထားတဲ့အရက်တွေ . (မှန်ပါ့) မင်းတို့က အင်တ်မို့ ရောက်ယင် သောက်ချင်တာဘဲ....(မှန်ပါ့)။

တကာတကာမတွေက ဘာတဲ့တုံး.... (အင်တ်မို့ ရောက်ယင် သောက်ချင်ပါတယ်ဘုရား) ရောက်ယင် သောက်ချင်တာဘဲ ဆို တာ ရောက်ရာ ခင်တာကိုဆိုတာ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (ရောက်ယင် သောက်ချင်ပါတယ် ဘုရား)။

ဒီဘဝ ဒီပြည်ရောက်ပြန်ယင် ရောက်တဲ့အိမ်နီးချင်းနဲ့ ခင်ချ လိုက်တာဘဲ....(မှန်ပါ့) ရောက်တဲ့သားမယားနဲ့.... (ခင်ပါတယ် ဘုရား) မွေးတဲ့သား,သမီးနဲ့....(ခင်ပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့ကလဲ ရောက်ရာမှာ တခါတည်း အင်တ်က မပြေတော့ အကုန်သောက်တာဘဲ....(မှန်ပါ့)။

ရောက်ရာမှာ အင်တ်က မပြေတော့.... (အကုန်သောက်ပါ တယ်ဘုရား) အကုန်သောက်တာဘဲဆိုတာ ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

အဲဒီ သောက်တဲ့သဘောကိုဘဲ တကာကြွယ်တို့က ဂုဏ်များ ယူလိုက်သေးတယ်....(မှန်ပါ့)။

တကာတကာမတွေ့ ဘာလုပ်ကြသတုံး.... (ဂုဏ်ယူပါတယ် ဘုရား) ကျုပ် မျက်စိမျက်နှာမှတ်ထားနော်....ကျုပ်က မျက်လုံး မဲ့ဘယ်၊ ကျုပ်ကတော့ ဝမ်းထဲကတော့ ခင်တတ်,မင်တတ်တယ်-(မှန်ပါ့)။

ဝမ်းထဲကတော့ ဘာတဲ့....(ခင်တတ်,မင်တတ်ပါတယ်ဘုရား) ကျေးဇူးလဲ မမေ့တတ်ပါဘူးတဲ့၊ ခင်တတ်မင်တတ်တယ်၊ ကျုပ်က မျက်လုံးမဲ့လို့ ရှိယင်လဲ နှုတ်ဆက်ပါ....(မှန်ပါ့) ခင်ရှုမင်ရှု ပျောက်သွားမှာစိုးလို့....(မှန်ပါ့) မဘော် မသေရမှာစိုးလို့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့က မြို့သုံးဖြစ်နေပြီ...(မှန်ပါ့) ဘာသုံးတဲ့ တုံး....(မြို့သုံးပါဘုရား)။

တကာကြွယ် သုံးမိသလား....(သုံးမိပါတယ်ဘုရား) သေချင် သေးလို့ ခင်ဗျားက.... (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

အဲဒါတွေ့ ဥာဏ်လှည့်ကြည့်ခဲတာ့မှ ခင်ဗျားတို့ နှုတ်ဆက်နေ တဲ့ အသွား မြို့သုံးဟူသ၍, ယဉ်ကျေးတာဟူသ၍, ယဉ်ကျေးမှု ဟူသ၍ တဏှာက လှည့်နေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

အစိုးရကလဲ ယဉ်ကျေးမှု အရေးကြီးလိုက်တာ.... (မှန်ပါ့) သူ ယဉ်ကျေးမှုအရေးကြီးသလို ခင်ဗျားတို့ကလဲ တဏှာနဲ့ ယဉ် ကျေးနေမယ်ဆို သေပဲက လွတ်မှာတော့ မဟုတ်ပါဘူး ... (မဟုတ် ပါဘုရား) လွတ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘုရားပွင့်လာတာသည် ဘယ်အကျိုးငှါ ပွင့်လာတာတုံးလို့ မေးတဲ့အခါ ပြင်စရာ-ဆင်စရာရှိလို့ ပွင့်လာတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘုရားက တကာဘကာမတို့ ဟော့ဒီအနား ကပ်ပွင့်ပြီ.... (မှန်ပါ့)ဟောဒါက တဏှာသမားက ပုထုဇန်....(မှန်ပါ့)ပုထုဇန်ဟူသ၍ကဖြင့် ခင်ရာ,မင်ရာကို ခင်တဲ့မင်တဲ့ဥစ္စာ တွေ့တော့တာဘဲ... (မှန်ပါ့) ဒါ....အဆိပ်နဲ့ရောထားတဲ့အရက်သောက်တယ် မှတ်ပါ... (မှန်ပါ့) သသောကျပလား....(ကျပါပြီ)။

သောက်တဲ့အခါကျတော့ အသောက်မှားလို့ အိုတတ်-နာတတ်တဲ့ခန္ဓာကြီး မရဘူးလား....(ရပါတယ်) အင်း... တော်တော်ကြာ ဒီခန္ဓာကြီး ဖောက်ပြန်လာတော့ သေပဲ့မဝင်ဘူးလား.... (ဝင်ပါတယ်ဘုရား) အဲဒါ တကာတကာမတို့ ခင်ရာမင်ရာကို တဏှာနဲ့သောက်မိလို့ ဒီ-ရောဂတော-ဆိုတဲ့ ခန္ဓာကြီးရတယ်.... (မှန်ပါ့) ရောဂါရတဲ့ခန္ဓာကြီးဖြစ်သောကြောင့် သေပဲ့ဝင်လိုက်ရတယ် (မှန်ပါ့)။

ကဲ တကာတကာမတို့ ဘာပြင်ပေးရမှာတုံးဆိုတာ ယနေ့တရားပေါ်ပြီ....(ပေါ်ပါပြီဘုရား) ခင်ရာ မင်ရာကို မဟုတ်ဘူးဆိုတာ ပြင်ရတော့မယ်....(မှန်ပါ့)။

ဘာပြင်ပေးရမတုံး .. (ခင်ရာမင်ရာကို မဟုတ်ဘူးဆိုတာ ပြင်ပေးရပါမယ်ဘုရား)။

ဒါဖြင့် တပည့်တော်တို့ကလဲ့ ဒါမရှိ နေမဖြစ်၊ ဘုရားကလဲ့ ဒါ-ပြင်ရမယ်ဆိုတော့ ဘုရားကို တပည့်တော်တို့က လူမျှားစု.... (မှန်ပါ့) ဒီမိုကရေစီနည်းနဲ့ သပိတ်မှောက်မှာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒီလိုကျနေတယ်....(မှန်ပါ့)။

တကာကြွယ် ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တဲ့အခါ မဟောချင်ပါဘူး ပေါ်လာတာ....(မှန်ပါ့) ပေါ်သင့်-မပေါ်သင့်....(ပေါ်သင့်ပါတယ်ဘုရား) ခင်ဗျားတို့က လူထုနဲ့တိုက်မှာဗျ.... (မှန်ပါ့ဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီ ဘုရား)။

ဘာနဲ့တိုက်မယ်ထင်သတုံး.... (လူထုနဲ့တိုက်မှာပါဘုရား) ခင်ဗျားတို့ သောက်မည့်အရက်ကိုလဲ ဘုရားက သိတယ်-(မှန်ပါ့) ခင်ရှာမင်ရှာတွေဟာ အဆိုပ်နဲ့ရောထားတဲ့အရက်၊ တဏှာနဲ့ သူ့သောက်လိမ့်မယ်၊ သောက်ယင် ခန္ဓာရရှာတော့မယ် . (မှန်ပါ့) ခန္ဓာရယင် အိုပဲ့-သေပဲ့ သူ့ဆီရတော့မယ်....(မှန်ပါ့)။

အဲဒီတော့ ငါသည်ကားလို့ဆိုယင်ဖြင့် အရက်ထဲ အဆိပ်ပါ ပါတယ်လို့ ငါပြောရလို့ရှိယင်ဖြင့် သူတို့က သောက်နေကျတော့၊ သောက်တဲ့ပုဂ္ဂိုလ်တွေချည့်က မျှားတယ်....(မှန်ပါ့) ငါက တယောက်တည်းဖြစ်ပြီးသကာလ သူတို့က လူထုနဲ့သပိတ်မှောက်ခဲ့လို့ရှိယင်ဖြင့် ငါဘဲ ဒုက္ခရောက်ဦးမလိုလိုကျနေတယ်- (မှန်ပါ့) ဒီအထဲကတိုးပြီး ဟောရရှာတာ....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုန်းတော်အနန္တတွေ လုပ်ရတယ်... (မှန်ပါ့ဘုရား)

နိဗ္ဗာန်သိဘို့ အလုပ်ဆိုယင် ဒါလောက် မလုပ်ရဘူး.... (မှန်ပါ) သတ္တဝါတွေကို ဂုဏ်အားဖြင့် ဖိနှိုင်အောင်....(မှန်ပါ) တန်ခိုးအားဖြင့်....(ဖိနှိုင်အောင်) အဲဒီလိုလုပ်နေရလို့ ဘုရားအဖြစ်ဟာ ကြာနေတာ....(မှန်ပါ) သဘောကျပလား.... (ကျေပါပြီဘုရား) နိဗ္ဗာန်လိုချင်ယင် တကာသစ် သုမေဓာလက်ထက်ကရတယ်.... (မှန်ပါဘုရား) အမျှားရတဲ့နိဗ္ဗာန် လိုချင်လို့ရှိယင်.... (မှန်ပါ ဘုရား)။

လူထုတွေက တော်လှန်မှုစိုးပြီး သူပြောတာ မယုံမှုစိုးတာနဲ့ ပါရမီဆယ်ပါးအပြားသုံးဆယ်လုပ်ရတယ် (မှန်ပါ)။

ဒါဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ဟာ လူတိုင်း လုပ်ရတဲ့ အလုပ်လား- ဘုရားဖြစ်ချင်မှလုပ်ရတဲ့ အလုပ်လား- (ဘုရားဖြစ်ချင်မှ လုပ်ရဘဲ့အလုပ်ပါဘုရား)။

အဲ....ခင်ဗျားတို့က ဒီအထဲမှာ ဘုရားဖြစ်ချင်တဲ့လူများ ပါသေးသလား.... (မပါ-ပါဘုရား) ဘုရားဖြစ်ချင်တဲ့လူမပါဘူး၊ အခုရယင် အခု နိဗ္ဗာန်ယူမည့် ပုဂ္ဂိုလ်ချည့်ဘဲ.... (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ဘာမှလုပ်မနေနဲ့ အရက်နဲ့ ရောထားတဲ့ အဆိပ်ကို ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မသောက်ဖြစ်အောင် အရေးဟာ ဒို့အရေး....(မှန်ပါ)။

တဏှာနဲ့မသောက်ဖြစ်အောင် အရေးဟာ .... (ဒို့အရေးပါ) အဲဒီအရေးကို ပိုင်လို့ရှိယင် ဒီခန္ဓာရပါ့မလား.... (မရပါဘုရား) ဒီခန္ဓာမရယင် ဒီအိုပ်-သေပ်ဟာ တကာတကာမဘို့ နဲ့စရာရှိသေးသလား....(မရှိပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့တော့၊ တကာတကာမတို့ အလုပ်ဝင်မှ နေရာကျမယ်....(မှန်ပါ့) အလုပ်မဝင်လို့ရှိယင်....(နေရာမကျပါဘုရား) နေရာမကျဘူးဆိုတာ ပေါ်လာကြပလား...(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ရာမင်ရာဆိုတာ သားကလေးဆိုကြပါစို့....(မှန်ပါ့) သမီးကလေးဆိုကြပါစို့.... (မှန်ပါ့) ခန္ဓာ ဘယ်နှစ်ပါးရှိသတုံး... (ငါးပါးပါဘုရား) သဘောကျပြီနော်....(မှန်ပါ့)။

တကာတကာမတို့ ခင်ဗျားတို့ကလဲ သားကလေးဆိုလို့ရှိယင် ထွန်းကားလာတယ် ယူကြတယ်....(မှန်ပါ့)။

သားကလေးဆိုယင်.... (ထွန်းကားလာတယ် ယူပါတယ်) ထွန်းကားလာတယ်သာ ယူတယ် တကာသစ်ရော- အိုရ, သေရ ဦးမှာဘဲလို့ယူရဲ့လား... (မယူပါ)သူ့အတွက်နဲ့ အိုရ, သေရဦး တော့မှာဘဲလို့ယူရဲ့လား....(မယူပါဘုရား)။

ဟာ....ဘယ့်နှယ်ဖြစ်နေတာတုံး တကာကြွယ်၊ ဘယ့်နှယ်ဖြစ်နေတာတုံး .... (မပြောတတ်ပါ) ရှုးပုံက ဆန်းလှန်းလို့ .... (မှန်ပါ့)ဒါဘဲ အဖြေထွက်မယ်၊ ဒီ့ပြင်ထွက်စရာရှိသေးရဲ့လား- (မရှိပါ) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ကဲ... ဒါဖြင့် တကာတကာမတို့ ဒီလိုလုပ်ကြစို့-အခင်ဆုံးဟာ တကာတကာမတို့ ဘယ်သူ့ အခင်ဆုံးတုံးလို့ သုံးဆဲ့တဘုံမှာ ဝေဘန်ပြီးသကာလ တကာတကာမတို့ ဥာဏ်နဲ့ဆန်းစစ်ကြစို့.... (မှန်ပါ့) ကိုယ့်ကိုယ်အခင်ဆုံး....(မှန်ပါ့ဘုရား)။

ဘယ်.နှယ်ဆိုကြမလဲ.... (ကိုယ်.ကိုယ် အခင်ဆုံးပါ) တကာ တကာမတို့ ဒီအထဲ ဘယ်သူ. အခင်ဆုံးပါလိမ့် ... (ကိုယ်.ကိုယ် အခင်ဆုံးပါဘုရား)။

မင့်ကိုမျှားငါကြီးသွားလို.သာ၊ငယ်လို.ရှိယင်မျိုဘောင်ထားချင်သေးတယ်ဆိုတာက သူသေမယ်ပြောတာလားတဲ့၊ သူနဲ့အတူနေမယ်ပြောတာလား (သူနဲ့.အတူနေမယ် ပြောတာပါ) သူနဲ့အတူနေမယ်ပြောတာ....(မှန်ပါ့) သဘောကျပလား .. (ကျေပါပြီဘုရား)။

အဲဒီတော့ သူတော့ သေရမှာအကြောင်းကို သူတော့ သေချင်တဲ့သဘော ပါရဲ.လား....(မပါ-ပါ)ဒါဖြင့် သူ.အခင်ဆုံး ... (မှန်ပါ့ဘုရား)။

ပြောတဲ့ပုဂ္ဂိုလ်က နင့်မျှားပါးစပ်ထဲ ငုံ'ကောင်ထားချင်သေးတယ်လို. တကယ်ချစ်ရှာတာကိုး....(မှန်ပါ့) သူသေမယ်ပြောတာလား....(မဟုတ်ပါဘုရား)။

မပြောပါဘူးဆိုတဲ့ အဓိပ္ပါယ်ကလဲ ရှင်းနေဘော့ သူတော့ အမြဲရှင်နေရမယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီ) ဒါဖြင့် ဘယ်သူ.အခင်ဆုံးလဲ....(သူ.ကိုယ်သူ အခင်ဆုံးပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က တလွဲယုံနေလို.....(မှန်ပါ့) တကာကြွယ်တို့က ယုံပုံကမှားနေတယ်.... (မှန်ပါ့ဘုရား)။

ဟာ .... တကာကြွယ်ကြီးကို ဥပမာမယ်- တယောက်သော ပုဂ္ဂိုလ်က တကာကြွယ်.အမေက နင့်ငါခင်ရတာတော့ မပြောနဲ့

တော့ နင်အခု လူကလေး ဖြစ်နေလို့ ငါ ငယ်လို့ရှိယင် ဇီးဖြူသျှဲသျှားဖြင့် ငုံထားပါရဲ့ အစရှိသည်နဲ့ သုံးလိုက်တော့ တကာကြွယ်က အတော်ခင်ပါလားလို့ အောက်မေ့တယ်....(မှန်ပါ့)မအောက်မေ့ဘူးလား....(အောက်မေ့ပါတယ်ဘုရား)သူ့ကိုယ်နဲ့ ဘယ်သူ့ခင်တုံး....(သူ့ကိုယ်သူခင်ပါတယ်) သူ့ကိုယ်သူ ပိုခင်တယ်ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

သူ့ကိုယ်နဲ့လုံခြုံအောင်သူလဲကျန်းမာအောင်ဒီသားကလေးလဲ ကျန်းမာအောင်ဆိုယင် နှစ်ကျန်းမာပါတယ်.... (မှန်ပါ့)မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

နှစ်ကျန်းမာမှာလဲ ဒီသားကျန်းမာတာနဲ့ သူကျန်းမာတာနဲ့ ဘယ်ဟာပိုအရေးကြီးသတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ကိုယ်ကျန်းမာလို့ရှိယင် ဒီခလေးတွေအတွက်ဟာ ဘာမှမပူရဘူး... (မှန်ပါ့)ဆိုတော့ ဘယ်သူ့သာပြီး အရေးကြီးလာသတုံး .. (ကိုယ့်ကိုယ် အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ကိုယ့်ကိုယ် ဝိပဿနာရှုရလိမ့်မယ်-(မှန်ပါ့ဘုရား)။

ခင်စရာ, မင်စရာဆိုတာ ဘယ်ဟာတုံး ... (ကိုယ့်ကိုယ်ပါ) ကိုယ့်ကိုယ် . (မှန်ပါဘုရား)။

ဦးခင်မောင် ဘာပါလိမ့် ... (ကိုယ့်ကိုယ်ပါ) သဘောကျပလား . (ကျပါပြီဘုရား)။

ဘယ်သူ့ အခင်ဆုံးတုံး.... (ကိုယ့်ကိုယ် အခင်ဆုံးပါဘုရား) နောက်က မနှင်းအေးကများ စိတ်ဆိုးနေမှာလား မပြောတတ်

ဘူး၊ သဘောကျပလား....(ကျပါပြီ) ဘယ်သူ့အခင်ဆုံးတုံး.... (ကိုယ့်ကိုယ် အခင်ဆုံးပါဘုရား)။

ကိုင်း....တကာဘကာမတို့ မယုံလို့ရှိယင်အိမ်မီးရှို့ကြည့်ကြ-(မှန်ပါ့) ဘယ်သူ အရင်ထွက်မတုံး-ဆိုလို့ရှိယင်ဖြင့် ဥပမာမယ် တကာဦးခင်မောင်က အရင်နိုးတယ် ဆိုပါတော့.. (မှန်ပါ့) ဟာ... မီးတွေ့ပါလားဆိုပြီး ကိုယ့်ဟာကိုယ်လန့်ပြီး ကိုယ့်ကိုယ်ကို အပြင်ထုတ်မယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘယ်သူ့အရင် အပြင်ထုတ်မယ်ထင်သတုံး.... (ကိုယ့်ကိုယ် အရင်ထုတ်ပါမယ်) ဒီ့ပြင်လူတွေ့ နောက်သတိရ မှုသာလျှင် ဘာတုံးဗျ.... (ထုတ်မှာပါ) အရင်ဆုံးထုတ်မှာက တော့.. (ကိုယ့်ကိုယ်ပါဘုရား)။

အဲဒီလို စဉ်းစားကြည့်တော့မှ ကိုယ့်ကိုယ် အခင်ဆုံးပေါ်လာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မီးလောင်ကြည့်တော့မှ ဦးခင်မောင်ရေ ဘယ်သူ့အခင်ဆုံးပါလိမ့်... (ကိုယ့်ကိုယ်အခင်ဆုံးပါ)ဘယ်သူ့ကို အရင်ပြင်ဘက်သယ်သတုံး.... (ကိုယ့်ကိုယ်အရင် ပြင်ဘက်သယ်ပါတယ်ဘုရား) တကာကြွယ်ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ရာ,မင်ရာ ဘယ်သူတုံး .... (ကိုယ့်ကိုယ်ပါဘုရား) ဒါဖြင့် ကိုယ့်ကိုယ်ထဲမှာရှိတဲ့ ခန္ဓာငါးပါး-တပါးပါးဝိပဿနာ ရှုရမယ် .. (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်ထဲမှာရှိတဲ့ခန္ဓာငါးပါးကို....(တပါးပါးဝိပဿနာ ရှုရပါမယ်ဘုရား)။

တပါးပါး ဝိပဿနာရှုလို့ ဆရာဘုန်းကြီးက ဘယ်နေ့ယ် ကြောင့်ခိုင်းရပါလိမ့်မတုံးဆိုတော့၊ အို.. ခင်ရာ့မင်ရာဟာ သူ့အကြီးဆုံး....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တကာတကားမတို့ ခင်ရာ့မင်ရာဟာ ဘာပါလိမ့် (ကိုယ်ကိုယ် အကြီးဆုံးပါ) ဘယ်သူပါလိမ့်ဗျာ .... (ကိုယ်ကိုယ်ပါ) ကိုယ်ကိုယ်ဘဲဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အေး... ဒါ့ကြောင့်ခင်ဗျားတို့မှာတော့ အပြောကလွန်နေလို့ စင်စစ် ကိုယ်ကိုယ်အခင်ဆုံး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဥပမာ- သား လင်၊ခင်ပွန်းသေတဲ့ ပုဂ္ဂိုလ်မျိုး ပြောသွားရှာတယ်၊ ငါမရှိသိရစ်လိမ့်မယ်လို့....(မှန်ပါ့) ဒါတွေ အခု နားထဲကမထွက်သေးဘူး....(မှန်ပါ့) အလကားလုပ်တာ-(မှန်ပါ့ဘုရား)။

အလကားလုပ်တာ၊ ဟိုမှာ အတူတူသေပါလား ဆိုတော့ ပြန်တက်လာမှာပေါ့ဗျာ....(မှန်ပါ့) ဘယ်သူ့အခင်ဆုံးတုံးဗျ.... (ကိုယ့်ကိုယ်အခင်ဆုံးပါ)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာရှုမတော့ ဘယ်သူ့ရှုရမှာတုံး....(ကိုယ့်ကိုယ်ရှုရမှာပါ) အဲ....ကိုယ့်ကိုယ်- ကိုယ်ရှုရမယ် ဆိုတာ တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကျုပ်ပါ သေလိုက်ပါ့မယ်လို့ တွင်းထဲဆင်းတဲ့ အခါကျ တော့ တကယ်တမ်းဖို့ကြည့်၊ မရဘူး....(မရပါဘုရား) ရရဲ့လား- (မရပါ)မလုပ်ကြပါနဲ့ဆိုပြီး လန့်တက်မှာဘဲ.... (မှန်ပါ့)သဘော ပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ရာ,မင်ရာဆိုတာ ဘယ်သူပါလိမ့်....(ကိုယ့်ကိုယ်ပါ ဘုရား)ကိုယ့်ကိုယ်ဘဲဆိုတာ ပေါ်လာကြပလား .... (ပေါ်လာ ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်ထဲမှာလဲ စိတ်ဟာ တကာတကာမတို့ ကိုယ့်စိတ်ပါဘဲ .. (မှန်ပါ့) ဒါလဲခန္ဓာပါဘဲ. (မှန်ပါ့)ကိုယ့်ခန္ဓာ ကိုယ်အခင်ဆုံး (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ စိတ်ပေါ်သ၍ခင်ဗျားတို့သန္တာန် ဘယ်စိတ်လာလာ- ဖြစ်ပျက်ရှုပါ....(မှန်ပါ့) ဘယ်စိတ်လာလာ- (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ အဆိပ်နဲ့ရောတဲ့အရက်ကို သောက်မိသေးသလားတဲ့၊ ဒါအနိစ္စပါလားဆိုပြီးတော့ တကာ တကာမတွေ ဥာဏ်ထဲမှာ သိမ်းပိုက်သလားတဲ့၊ အနိစ္စဆိုပြီး စွန့် ချင်တာလား....(အနိစ္စဆိုပြီး စွန့်ချင်တာပါဘုရား)။

ဒါဖြင့် မမျှိုတော့ပါဘူး....(မှန်ပါ့) တဏှာနဲ့ ခင်ရာ,မင်ရာ မျှိုမိသေးရဲ့လား.... (မမျှိုမိပါဘုရား) မမျှိုမိလို့ရှိယင်ဖြင့် တဏှာမရှိဘူး... (မှန်ပါ့) တဏှာမရှိယင် ခန္ဓာရပါ့မလား... (မရ ပါဘုရား)။

ခန္ဓာမရယင် ဦးခင်မောင်ရေ အိုပဲ့,သေပဲ့....(မရပါ) လူတ်ရ မယ်ဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

ဒါကြောင့် ဘုရားက ကိုယ့်စိတ်ကိုရှုဟော....တဲ့.... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ စားချင်တဲ့စိတ်လာယင် ဘာလုပ်ရမယ် .. (ဖြစ်ပျက်ရှုရပါမယ်) အိပ်ချင်တဲ့စိတ်လာယင်.... (ဖြစ်ပျက်ရှု ရပါမယ်)ငိုက်မျည်းတဲ့စိတ်လာယင်(ဖြစ်ပျက်ရှုရပါမယ်)ကျင်ကြီး

စုန့်ချင်တဲ့စိတ်လာယင်ကော....(ဖြစ်ပျက်ရှုရပါမယ်) သွားချင်တဲ့ စိတ်ကလေးပေါ်လာယင် .... (ဖြစ်ပျက်ရှုရပါမယ်) ထိုင်ချင်တဲ့ စိတ်ကလေးပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီဥစ္စာ မျိုမိ,သိပ်မိသေးရဲ့ လားတဲ့ .... အနိစ္စလို့မြင်မိသလား.... (အနိစ္စလို့ မြင်မိပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်က အနိစ္စ- မြင်တာက.... (မဂ္ဂပါ) သေတာက.... (သမုဒယပါ) ဟောဒီဘက်ကခန္ဓာတွေ အိုဘေး, သေဘေးတွေ့မရှိတာက နိရောဓ.... (မှန်ပါ့) ရိပ်မိပ လား.. (ရိပ်မိပါပြီဘုရား)။

နာရီကလဲ့ စေ့သွားပြီ....၊ တရားကမဆုံးဘူး ... (မှန်ပါ့) နောက်မှဆက်နာကြ၊ တော်ကြဦးစို့....။

သာဓု...သာဓု သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်းလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
(ပုဂ္ဂိုလ်လေးမျိုး ခွဲပြခြင်း)

နေ့အလုပ်ပေး-တရားတော်

(၄-၉-၆၁)

ဒီ- အိုဘေး, နာဘေး, သေဘေးဟာ တဏှာ၏လက်ချက်ဘဲ ဆိုတာ သေသေချာချာ မှတ်ရမယ်.... (မှန်ပါ့ရှာရား)။

အိုဘေး, နာဘေး, သေဘေးဟာ ဘယ်သူ၏လက်ချက်ပါ လိမ့်....(တဏှာ၏လက်ချက်ပါဘုရား)။

တဏှာ၏လက်ချက်ကို တကာ့ဘကာမတွေက သိထားတော့ တဏှာကို နှိုင်တာရှာမယ်ဟ.... ဆိုပြီးသကာလ တကာ့တကာမ တွေက ရှာကြပါနော်....(မှန်ပါ့)။

တဏှာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မင်ကမှနှိုင်တယ်လို့လဲ မှတ်ထားကြပါ....(မှန်ပါ့)။

အဲဒီကဲ့သို့ မင်ကနှိုင်တော့ ဒီမင်ဖြင့် အရယူမှာဘဲ....ဒီတဏှာ ကြောင့် အိုဘေး, နာဘေး, သေဘေးတွေ, အပါယ်ဘေးတွေ ဖြစ်နေတဲ့ဥစ္စာ သုံးဆဲ့တဘုံမှာ အိုအောင်, နာအောင်, သေ အောင် အပါယ်လေးပါးရောက်အောင် လုပ်တတ်တာကဖြင့် တဏှာဘဲဆိုပြီးသကာလ ဒီတဏှာကိုဖြင့် မင်မှာဘဲ နှိုင်တယ်ဆိုပြီး

သကာလ မဂ်ဉာဏ်ပေါ်အောင် တကာတကာမတွေက ကြိုးစား ရမယ်....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ မဂ်ဉာဏ်ပေါ်အောင် ကြိုးစားတဲ့အခါကျတော့ ကျင့်ရတာကလဲဆင်းရဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပေါ်လာတာကလဲ နေ့းတယ်....(မှန်ပါ့) ဒီလိုပုဂ္ဂိုလ်လဲ ရှိတယ်.... (မှန်ပါ့)။

ကျင့်တုန်းကတော့ ဘာတဲ့....(ဆင်းရဲပါတယ်)မဂ်ဉာဏ်ပေါ် ဘို့ဘာကျတော့ (နေ့းတယ်) ဪ....ဒီလိုပုဂ္ဂိုလ်က တမျိုးပါ လား.. (မှန်ပါ့)။

ကျင့်ရတာကတော့ဘာတဲ့....(ဆင်းရဲပါတယ်)အို ရောဂါတွေ ကြားထဲ ဟိုရှေ့ချင့် ဒီရှေ့ချင့်နဲ့ ထမင်းဆာသလိုလို၊ အညောင်း ကမျှားလိုလို၊ သလိပ်က ကပ်သလိုလို၊ ဝမ်းကနာသလိုလိုနဲ့ ကျင့် ရတာကတော့ တကာကြီးယ် ဆင်းရဲတယ်....(မှန်ပါ့ဘုရား)။

ပြီးတော့ ဒီဒုက္ခချုပ်ငြိမ်းတဲ့ နိဗ္ဗာန်မြင်ဘို့ရာ မဂ်ဉာဏ်ပေါ် ဘို့ရာကတော့ နေ့းတယ်....(မှန်ပါ့) ဪ....ဒီလိုပုဂ္ဂိုလ်လဲတမျိုး လို့ မှတ်စမ်းပါ....(မှန်ပါ့)။

ဆင်းဆင်းရဲရဲကျင့်၍ မဂ်ဉာဏ် အပေါ်နေ့းတာက တမျိုး.... (မှန်ပါ့)ဒါ- တယောက်နော် (မှန်ပါ့)။

ဘယ်လိုကျင့်ရပါလိမ့်....(ဆင်းဆင်းရဲရဲကျင့်ရပါတယ်ဘုရား) မဂ်ဉာဏ်အပေါ်ကျတော့ နေ့းတယ်....(မှန်ပါ့)။

ဪ ဒီလိုပုဂ္ဂိုလ်လဲရှိတယ်....(မှန်ပါ့) မှတ်မိကြပလား... (မှတ်မိပါပြီဘုရား)။

ဒုတိယပုဂ္ဂိုလ်ကတော့ တကာတကာမတို့ ဆင်းဆင်းရဲရဲတော့ သူကျင့်ဝ.ဘဲ... (မှန်ပါ့) မဂ်ဉာဏ်ပေါ်လာတဲ့အခါ သူကမြန်

သတဲ့....(မှန်ပါ့)အင်း... ဒီပုဂ္ဂိုလ်ကလဲ တမျိုးဘဲလို့ တကာ တကာမတွေ့မှတ်ရမယ်....(မှန်ပါ့)။

ဘယ်နှစ်မျိုးရှိသွားပလဲ-(နှစ်မျိုးရှိသွားပါပြီ)အင်း.... ဒုတိယ ပုဂ္ဂိုလ်က ကျင့်ရတာတော့ဘာတဲ့....(ဆင်းရဲပါတယ်) မဂ်ဉာဏ် ပေါ်လာတာက....(မြန်ပါတယ်ဘုရား) သြော် ... ဒီပုဂ္ဂိုလ်ကလဲ တမျိုးဘဲလို့ ဆိုတာ မှတ်ရလိမ့်မယ်.... (မှန်ပါ့) ဘယ်နှစ်မျိုးရှိသွားပလဲ....(နှစ်မျိုးရှိသွားပါပြီဘုရား)။

နှစ်မျိုးရှိသွားပြီဘဲ့ .... တကာ တကာမတို့ လေးမျိုးစေ့ အောင်နာကြပါနော်....(မှန်ပါ့) စတုက္ကနိပါတ်အဂုံတို့ရ်မှာလာ ပါတယ်၊ အားတော့ လျှော့စရာ တက္ကမ်မှမရှိပါဘူး.... (မှန်ပါ့ ဘုရား)။

အချို့- အချို့ ပုဂ္ဂိုလ်ကျတော့ကိုတဲ့ ချမ်းချမ်းသာသာနဲ့ ကျင့်ရပါတယ်တဲ့ တကာတကာမတို့နော်....(မှန်ပါ့)။

ဘာတဲ့တုံး....(ချမ်းချမ်းသာသာနဲ့ ကျင့်ရပါတယ်ဘုရား) မဂ်ဉာဏ်ပေါ်တာကျတော့ နေးတယ် (မှန်ပါ)အင်း....သူကလဲ တမျိုးဘဲ....(မှန်ပါ့) ဘယ်နှစ်မျိုးရှိသွားပလဲ.... (သုံးမျိုးရှိသွား ပါပြီဘုရား)။

အချို့- အချို့ ပုဂ္ဂိုလ်ကျတော့ တကာတကာမတို့ ကျင့်ရ တာကလဲ ချမ်းချမ်းသာသာ.... (မှန်ပါ့) သဘောကျပလား.... မဂ်ဉာဏ်ပေါ်တာကလဲ မြန်သတဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ သူကဘယ်လိုပါလိမ့်ဗျာ... (ကျင့်ရတာက လဲ ချမ်းသာပါတယ်) ဉာဏ်ပေါ်တာကလဲ.... (မြန်ပါတယ်) မဂ်ဉာဏ်ပေါ်လာတာကလဲ မြန်တယ်....(မှန်ပါ့)။

သြော်... ဒါဖြင့် လောကကြီးထဲမှာဖြင့် တကာတကာမတို့ ပုဂ္ဂိုလ်လေးမျိုးရှိတယ်.... (မှန်ပါ့) ပုဂ္ဂိုလ်လေးမျိုးရှိတော့ကို ၁-နံပါတ် ပုဂ္ဂိုလ် ပြန်ပြီးရှင်းပေးပါဦးမယ် တကာတကာမတို့ (မှန်ပါ့)။

ဆင်းဆင်းရဲရဲကျင့်ပြီးသကာလ မဂ်ဉာဏ်ပေါ်တာ မြန်တာက တယောက်... (မှန်ပါ့)ချမ်းချမ်းသာသာ ကျင့်ရပြီးသကာလ တကာတကာတို့ မဂ်ဉာဏ်ပေါ်တာ နှေးတာက(တယောက်ပါ) ချမ်းချမ်းသာသာလဲ ကျင့်ရတယ်၊ မဂ်ဉာဏ်ပေါ်တာလဲ မြန်တယ်.... (အဲဒါက တယောက်ပါဘုရား) အားလုံးဘယ်နှစ်ယောက်ပါလိမ့်....(လေးယောက်ပါဘုရား)။

ကောင်းပြီ....ဒီလိုသိထားတော့မှ သြော်... မဂ်ဉာဏ်ကတော့ ပေါ်ကြတာချည့်ဘဲ(မှန်ပါ့) ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ကတော့ဖြင့် တကာကြွယ် ပေါ်တာချည့်ဘဲ....(ပေါ်တာချည့်ပါဘုရား)။

သို့သော်... ကျင့်ပုံကျင့်နည်းကဖြင့်လေးမျိုးရှိတယ်.... (မှန်ပါ့) ဆင်းဆင်းရဲရဲကျင့်ရတာက နှစ်ယောက်.... (မှန်ပါ့) ချမ်းချမ်းသာသာကျင့်ရတာက နှစ်ယောက်၊ တကာတကာမတို့ လေးမျိုးရှိတယ် ဘုရားက ဟောတယ်....(ဟောပါတယ်ဘုရား)။

ကိုင်း....တရားနှလုံးသွင်းကြ-တရားနှလုံးသွင်းကြ၊ အခု တရားအားထုတ်တဲ့ တကာ တကာမတွေထဲမှာလဲ ဒီလေးမျိုးဟာ ငါဘယ်အမျိုးလဲဆိုတာကိုလဲ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချကြနော်(မှန်ပါ့) အားလျှော့စရာတော့ တက္ကာမှ မပါဘူးဆိုတာကိုလဲ ကိုယ့်ဟာကိုယ်မှတ်ထားကြ....(မှန်ပါ့)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်တော့မရလဲမရှိဘူး.... (မှန်ပါ့) နေ့းတာ နဲ့ မြန်တာတော့ ကွာကြလိမ့်မယ်....(မှန်ပါ့)။

အဲဒီတော့ကို အရှင်ဘုရားက တပည့်တော်တို့ တကာတကာ မတွေ့ကတော့ အရှင်ဘုရားမျှားလိုဘဲ ကျမ်းဂန်မနှ ့ တော့ တပည့်တော်တို့ အကုန်ရထိုက်တဲ့အထဲ သင်းရမလား ဆိုလို ့ရှိယင် ဖြင့် တကာတကာမတို့ သူ ့အလုပ်ကဘဲ ပြောလာလိမ့်မယ်... (မှန်ပါ့) အလုပ်က ပြောလာတော့ သံသယရှိစရာ လိုသေးရဲ ့ လား (မလိုပါဘုရား)။

အဲဒါ့ကြောင့် တကာတကာမတို့ ကိုယ် ့ကိုယ်ကိုယ် အကဲခတ် ဘို့ တရားလေးပါး လို ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ပြောကြပါစို ့....တဲ့၊ ၁-နံပါတ်ပုဂ္ဂိုလ်က ဆင်း ဆင်းရဲရဲကျင့်ပြီး မဂ်ဉာဏ်,ဖိုလ်ဉာဏ်အရနေ့းတယ်.... (မှန်ပါ့) ရတော့·ရတယ်၊ နေ့းသွားတယ်....(မှန်ပါ့)။

ကောင်းပြီ....တဲ့ တကာတကာမတို့ ဘယ်လိုကြောင့် ဆင်း ဆင်းရဲရဲကျင့်ရသတုံး လို ့ မေးတဲ့အခါကျတော့ တရားကလေး ဖြစ်ပျက်နှလုံးသွင်းလိုက်၊ ကိလေသာက ကြားထိုးလာလိုက်.... (မှန်ပါ့)။

တရားကလေးနှလုံးသွင်းလိုက်.... (ကိလေသာက ကြားထိုး လိုက်ပါဘုရား) ဒီလိုဆိုတော့ တကာတကာမတွေ့ ကျင့်ရတာက နေ့းသွားတယ်၊ ဆင်းဆင်းရဲရဲပေါ့ဗျာ၊ သူ ့ဖယ်နေရတာနဲ့ ကြာ နေတယ်....(ကြာပါတယ်ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေမှာ တယ်လဲ မဂ်ဉာဏ်,ဖိုလ်ဉာဏ်က ရခဲ့သကိုး....ဆိုတဲ့ ဆင်းရဲတဲ့စိတ်တွေ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဆင်းဆင်းရဲရဲ ကျင့်ရတာသည် ဘယ်နှယ်ကြောင့်တုံး.. လို့ မေးတဲ့အခါကျတော့မှ ကိုလေသာထူပြောလို့....လို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ဆင်းဆင်းရဲရဲကျင့်ရတာ- (ကိုလေသာထူပြောလို့ပါဘုရား) သေသေချာချာမှတ်ပါ တကာတကာမတို့ ကိုယ်တိုင်ဟာကိုယ် အားထုတ်တော့မှ သြော်... ငါ ကိုလေသာတူပြောလို့ အားထုတ်နေတဲ့ အထဲမှာ ကြားစိတ်တွေက ဝင်,ဝင်ထိုးသကိုး....ဆိုပြီးသကာလ ကိုယ်စိတ်ထဲမှာ မရနိုင်တော့ မဆင်းရဲဘူးလား....(ဆင်းရဲပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဆင်းရဲတဲ့ပုဂ္ဂိုလ်မှာ ကိုလေသာ ထူပြောလို့ ဆင်းရဲတယ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါ)။

ဘယ်လိုမှတ်ကြမယ်....(ကိုလေသာထူပြောလို့ ဆင်းရဲပါတယ်ဘုရား)ကိုလေသာထူပြောလို့ ဆင်းရဲတာဘဲ တကာတကာမတို့....(မှန်ပါ့)။

ဘယ်လိုကြောင့် ဆင်းရဲပါလိမ့်.... (ကိုလေသာထူပြောလို့ ဆင်းရဲပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်ကဘဲ အကဲခတ်တာပေါ့၊ သူများ အပြစ်လား....တဲ့၊ ကိုယ်အပြစ်လား.... (ကိုယ်အပြစ်ပါဘုရား) ဒါကြောင့် ဆင်းရဲနေတာ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဆင်းဆင်းရဲရဲကျင့်ပြီး ရတဲ့အခါကျလို့ ရှိယင်လဲ နေးတယ်....(မှန်ပါ့)။

ရတဲ့အခါကျတော့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရတော့-ရတာဘဲတဲ့၊ သူနေးသွားတယ်....(မှန်ပါ့) အချိန်ကြာတယ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ကြာသတုံးမေးတော့ သဒ္ဓါကလဲမထက်၊ ဝီရိယကလဲမသန်၊ သတိကလဲ လစ်လစ်နေပြန်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သမာဓိကလဲ တကာတကာမတို့ စူးစူးစိုက်စိုက်မရှိ.... (မှန်ပါ့) ပညာကလဲ နုံ့ပြီးနေတာနဲ့ နေးသွားတယ်.... (မှန်လှုပါဘုရား) ရတော့ ရပါတယ်....တဲ့ (မှန်ပါ့ဘုရား)။

ဒါဖြင့် ၁-နံပါတ်ပုဂ္ဂိုလ်ကဖြင့် ကိုလေသာထူပြောရှိပည်ဆွေ့ညံ့ခဲ့သော်...တဲ့ တကာတကာမတို့ ဆင်းဆင်းရဲရဲလဲ ကျင့်ရတယ်....(မှန်ပါ့) ဂ္ဂဆွေ့မထက်တဲ့အတွက်လဲ အရနေးရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဆင်းဆင်းရဲရဲလဲ....(ကျင့်ရပါတယ်ဘုရား) ဘယ်နှယ်ကြောင့် ဆင်းဆင်းရဲရဲကျင့်ပါလိမ့် .... (ပည်ဆွေ့ညံ့လို့ပါ) အင်း....ကိုလေသာထူပြောလို့ တကာသစ်ရ....(မှန်ပါ့)ဘယ်နှယ်ကြောင့် အချိန်ကြာသွားပါလိမ့်-နေးပါလိမ့်မတုံးဆိုတော့ ဂ္ဂဆွေ့မထက်လို့....(မှန်ပါ့)။

သဒ္ဓါဆွေ့, ဝီရိယဆွေ့,သတိဆွေ့, သမာဓိဆွေ့,ပညာဆွေ့ မထက်လို့....(မှန်လှုပါ) တိုတိုပြောတော့ ဝိပဿနာပညာမထက်လို့ ...(မှန်ပါ့)။

ဒါဖြင့်.... ၁-နံပါတ်ပုဂ္ဂိုလ်မှာ တကာတကာမတို့ ကိုယ်ပိုင် ဉာဏ်နဲ့ ကိုယ်တိုင်ရှင်းကြတာပေါ့ဗျာ....(မှန်ပါ့) ဆင်းဆင်းရဲရဲ ကျင့်ရတာ ဘာ့ကြောင့်ပါလိမ့်မတုံး ... (ကိလေသာထူပြောလို့ ပါဘုရား) အရနှေးတာက ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး... (ဂျနြေနုံ့လို့ပါဘုရား) ဂျနြေနုံ့လို့ (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

သဒ္ဓေနြေ, ဝီရိယနြေ, သတိနြေ, သမာဓိနြေ, ပညာနြေ ဆိုတဲ့ ဂျနြေငါးပါးက ဘာဖြစ်နေသတုံး....(နုံ့ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ်ကသိတယ်....(မှန်ပါ့ဘုရား) ဩော်....ငါ့မှာ ဆင်းဆင်းရဲရဲကျင့်ရတာလဲ တခြားကြောင့်မဟုတ်ဘူး.... (မှန်ပါ့ ဘုရား) အရနှေးတာလဲ တကာ တကာမဇတ္တ သိတဲ့အတိုင်း ပညာနြေအစရှိသည်ညံ့လို့....(မှန်ပါ့)မဆိုထိုက်ဘူးလား-(ဆိုထိုက် ပါတယ်ဘုရား)။

ဒါ-ဘုရားဟောပါ-ဘုရားဟောပါ တကာတကာမတို့ စတုက္ကနိပါတ်အဂုံတို့ရှိမှာဟောတယ်....(မှန်ပါ့)။

တကာတကာမတို့ ၁-နံပါတ်ပုဂ္ဂိုလ်က ဆင်းဆင်းရဲရဲ ကျင့်ရ တယ်ဆိုတာ ဘာကြောင့်ပါလိမ့်.... (ကိလေသာ ထူပြောလို့ ပါ့ ဘုရား) မှန်းပြီနော်... (ရှင်းပါပြီဘုရား)။

ဘယ်နှယ်ကြောင့် နှေးနှေးကေ့းကေ့းမှ မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ရပါလိမ့်.... (ဂျနြေနုံ့လို့ပါဘုရား) ဂျနြေနုံ့လို့.... (မှန်ပါ့) ရှင်းပြီ....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီလိုလုပ်လိုက်၊ တကာတကာမတွေ ဒါက ဘုရားဟောတဲ့နည်း၊ ဘုန်းကြီးက ပြင်ပြီးသကာလ ပေးပါဦးမယ် ဒီဥစ္စာကို၊ ဘုရားကတော့ဖြင့် ကိုလေသာထူပြောလို့ရှိယင်ဆင်းရဲမယ်ကွ... (မှန်ပါ့) ဂွေးနှိုး.လို့ရှိယင်လဲ အရေးနှေးလိမ့်မယ်ကွ.... (မှန်ပါ့) ဘယ်နှစ်ချက်ပြသတုံး.... (နှစ်ချက်ပြပါတယ်ဘုရား)။

နှစ်ချက်ပြပြီးသကာလ နေတော့ ကျုပ်တို့က ဒီလိုလုပ်ပါလို့.. တကာတကာမတွေ နည်းပေးရတယ်....(မှန်ပါ့) ကြိုးစားလဲ ကြိုးစားကြပါ၊ နည်းတော့ အစုံပေးတာဘဲနော်....(မှန်ပါ့) ကြိုးစားပါလို့.ဆိုတာ သတိပေးလိုက်ပါတယ်... (မှန်ပါ့ဘုရား)။

ဆင်းဆင်းရဲရဲ ကျင့်ရတာ ဘာ့ကြောင့်ပါလိမ့် (ကိုလေသာထူပြောလို့ ပါ)သြော် ဝိပဿနာရှုလိုက်၊ ကိုလေသာက ကြားခိုလိုက်....(မှန်ပါ့ဘုရား)။

ဝိပဿနာရှုလိုက်....(ကိုလေသာက ကြားခိုလိုက်ပါဘုရား) ကိုလေသာက ကြားခိုလိုက်ဆိုတော့ တကာတကာမတွေ့ဖြစ်ပျက်မြင်လိုက်၊ အင်း....သားသမီးစိတ် အိမ်စိတ်တွေက ဝင်လာလိုက်၊ အလုပ်စိတ်တွေက ဝင်လာလိုက်၊ တကာကြွယ်ရေ တယ်နာပါလား....(နာပါတယ်ဘုရား)။

အဲဒါ သူ့မှာ သူများဖယ်နေရတာ· ကိုလေသာဖယ်နေရတာနဲ့ဘဲ ကြာသွားရော.... (ကြာပါတယ်) ကြာတော့ ဆင်းရဲတယ်....(မှန်ပါ့)မဆင်းရဲပေဘူးလား....(ဆင်းရဲပါတယ်ဘုရား)။

အဲဒီတော့ ၁-နံပါတ်၏ ၁-ကိုပြင်ချင်လို့ရှိယင် ကိုယ်ကဖြစ်ပျက်ကလေးတွေ့ပြီး ပဌမတချက်တွေ့လိုက် ... (မှန်ပါ့)

တွေးလိုက်တဲ့ အချိန်မှာ ကိုလေသာက ကြားဝင်ခိုလာတော့ တနေ့က တကာသစ်တို့ သင်လှတ်လိုက်တယ်၊ လာတဲ့ကိုလေသာ ဖြစ်ပျက်ရှုလိုက် (မှန်ပါ့ဘုရား)။

ဘယ်လိုလုပ်ကြမယ် .... (လာတဲ့ ကိုလေသာ ဖြစ်ပျက်ရှုရပါ မယ်ဘုရား)။

ဟာ .... ဒါဖြင့် တကာတကာမတို့ ကိုလေသာထူပြောလို့ ကျုပ်တို့မှာ ဆင်းဆင်းရဲရဲ ကျင့်ရမှာ သူ့ကိုပင်လျှင်ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တဲ့အခါတော့ ကိုလေသာကိုပင်လျှင် ဖြစ်ပျက်ရှု လိုက်တဲ့အတွက် ကျုပ်တို့မှာ ဆင်းရဲစရာကော ရှိသေးသလား.... (မရှိပါဘုရား)။

ဆရာဘုန်းကြီး သင်လိုက်တဲ့အတိုင်း ဣန္ဒြေဟာလဲကိုလေသာ ရှုချလိုက်တယ်....(မှန်ပါ့) ပင်ကိုယ်ရုပ်တွေ, ဝေဒနာတွေသာ ရှုမနေနဲ့၊ ဝေဒနာဖြင့် ဝေဒနာသာရှုမနေနဲ့ ကိုလေသာလာလဲ ကိုလေသာရှုချလိုက်ဆိုတော့ ပညိန္ဒြေကလဲ ထက်မသွားဘူးလား (ထက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဆင်းရဲတာလဲ ကိုလေသာကြား ထိုးလို့....(မှန်ပါ့)ကြားထိုးတဲ့ ကိုလေသာ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ကို တကာတကာမတို့ ဆင်းရဲမှုပျောက် ဥာဏ်ထက်မှုလဲ ရောက်တယ်... (မှန်ပါ့ဘုရား)။

ဆင်းရဲမှုလဲ....(ပျောက်ပါတယ်ဘုရား) ဥာဏ်တက်မှုကော.... (ရောက်ပါတယ်ဘုရား)။

ကိုင်း....တကာကြွယ် ပြင်တတ်ပလား.... (ပြင်တတ်ပါပြီ) အင်း....တကာကြီးဦးမာဒင် ပြင်တတ်ပလား .... (ပြင်တတ်ပါပြီ ဘုရား)။

ဒါအရေးကြီးတယ်၊ အရေးကြီးတယ် တကာတကာမတို့ ဒါလူနည်းတဲ့နေ့မှာ အရေးကြီးတဲ့ အချက်အလက်ကလေးတွေ ချည့်ဘဲ အလုပ်သမားတွေကို သက်သက်အကူအညီပေးတဲ့တရား လို့မှတ်ပါ....(မှန်ပါ့ဘုရား)။

အလုပ်သမားတွေကို.... (သက်သက် အကူအညီပေးတဲ့ဘရား ပါဘုရား)။

သက်သက် အကူအညီဘုရားပေးတဲ့ နည်းတွေကို အမျိုးမျိုး တခါတည်း မြန်မြန်ရသည်ထက်ရအောင် နည်းပေးနေတယ်ဆိုတဲ့ ဥစ္စာကိုလဲ ဦးလှဘူးတို့ မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ကဲ....ပဌမပုဂ္ဂိုလ် ပြန်ရှင်းပါဦးမယ် တကာတကာမတို့.... နော်....(မှန်ပါ့) ပဌမပုဂ္ဂိုလ်ကတော့ ဆင်းဆင်းရဲရဲ ကျင့်ပြီး မဂ်ဥာဏ်,ဖိုလ်ဥာဏ် အရနေးသတဲ့.... တကာသစ်ရာ.... (မှန်ပါ့) ဒီပုဂ္ဂိုလ်က တမျိုးဆိုပါလား....(မှန်ပါ့ဘုရား)။

အင်း .... ဘယ့်နှယ်ကြောင့် ဆင်းဆင်းရဲရဲ ကျင့်ရပါလိမ့်ဆိုတော့ တကာသစ်တို့၊ ဦးမာဒင်တို့က ဘယ့်နှယ်ဖြေကြပါ့မလဲ (ကိုလေသာကြားခိုလို့ပါဘုရား)။

ဟာ....နေရာကျပြီ၊ လက်သည်တွေ့ပြီ .. (မှန်ပါ့) သူ့ကြောင့် ကျုပ်တို့ ဆင်းဆင်းရဲရဲကျင့်ရတာ.... (မှန်ပါ့) သူ့ကိုပင်လျှင် ဆရာဘုန်းကြီးပေးတဲ့နည်းနဲ့ ဟိပသိကောကို လက်မလွှတ်ဘဲနဲ့

ဟေ=လာခဲ့၊ ပဿ=ငါ့ကိုရှု၊ ကြားထိုးတာဘဲရှုဆိုပြီး တကာ တကာမတွေက ဆင်းရဲဘို့ လာပေးတဲ့တရားကိုပင်လျှင် သူ့ကို ကျုပ်တို့က မိတ်ဆွေအဖြစ်နဲ့ တကာသစ် ဘာလုပ်လိုက်ရမတုံး.... (ဖြစ်ပျက်ရှုလိုက်ရပါမယ်ဘုရား)။

ဒါဖြင့် သူက ဆင်းရဲပေးသလားတဲ့ ကျုပ်တို့ကိုဥာဏ်ထက်မှ ပေးသလား....(ဥာဏ်ထက်မှ ပေးပါတယ်ဘုရား)။

ဒါဖြင့် ဒီနည်းရကတည်းက ဒို့နေရာကျပဟေ့၊ ဆင်းဆင်းရဲရဲကျင့်ပြီး နေ့နေ့မှုရမည့်ပုဂ္ဂိုလ်ဟာ ဆင်းဆင်းရဲရဲလဲမကျင့်ရဘူး၊ မြန်မြန်လဲရမယ်....(မှန်ပါ့)၁-က ၄-သွားဖြစ်တယ်.... (မှန်ပါ့ဘုရား)။

၁-က ဘာသွားဖြစ်သတုံး....(၄-သွားဖြစ်ပါတယ်) ဩော်.... တကာကြွယ် တသက်မှ တခါကြားရတယ်လို့ မှတ်စမ်းပါ .... (မှန်ပါ့) စာမှာ ဒီ ၄-ခုသာရှိတယ်....(မှန်ပါ့ဘုရား)။

ဒီ့ပြင်နည်း ဆင်နည်းက ဒီ့ပြင်ကျမ်းဂန်မှာ ဘုရားဘဲဟောထားတာရှိတယ် (မှန်ပါ့) အဲဒါ အခု ဘုန်းကြီးက ဒါတွေ တကာတကာမတွေကိုသူ့အတွက်အကြီးအကျယ်ဆုံးသောဥာဏ်နဲ့ အကူအညီပေးလိုက်တော့ ကိုလေသာကြောင့် ဆင်းရဲတယ်ဆိုတာ ဘုရားကဟောတယ် (မှန်ပါ့) ဥာဏ်နှေးတာကဏ္ဍန္ဒြေမရင့်လို့ လို့ ဟောဘယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဥာဏ်နှေးတာက.... (ဏ္ဍန္ဒြေနဲ့ လို့ပါ)အေး....သဒ္ဓေန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေဆိုတဲ့ ဏ္ဍန္ဒြေငါးပါး

ရှိတယ်....(မှန်ပါ့) အဲဒါတွေက မရင့်ကျက်လို့လို့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့) နေ့းတာနေ့းတာ....(မှန်ပါ့) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ၁.နံပါတ်ဘဲ မေးလိုက်ပါတယ်၊ ၁ . နံပါတ်တို့၏ ၁ - ကို မေးလိုက်တော့ တကာတကာ့မတွေ ဘယ့်နှယ်ကြောင့် ဆင်းဆင်းရဲရဲရဲ ကျင့်ရသတုံး....(ကိုလေသာကြားခိုလို့ပါဘုရား)။

ဒါဖြင့် ဆရာဘုန်းကြီးပြင်တဲ့ဆီ လိုက်ကြ....(မှန်ပါ့) လာတဲ့ ကိုလေသာ ဘာလုပ်ကြမယ် .. (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

သြော်-ပင်ကိုယ်ကလဲကျုပ်တို့က ဝေဒနာဖြင့်ဝေဒနာ၊စိတ်ဖြင့် စိတ် ရှုနေတုန်းကိုလေသာက ကြားထိုးလာတယ်(မှန်ပါ့) ကြား ထိုးလိုက်တဲ့အခါကျတော့ ဟေပဿီကောကိုလက်မလှတ်နဲ့(မှန်လှ ပါ) ဟေ=လာခဲ့၊ ပဿ=ရှုပါလို့ သူကနေပြီးသကာလ ခေါ်ရာ မရောက်ဘူးလား ... (ရောက်ပါတယ်) ဒါဖြင့် ကြားထိုးတဲ့ ကိုလေသာ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အတွက်....တဲ့ ၁-နံပါတ်၏ ၁.ဟာလဲ တကာတကာ့မတို့ သိလဲအတိုင်းတဲ့ ဆင်းဆင်းရဲရဲ မဖြစ်တော့ ဘူး....(မဖြစ်တော့ပါဘုရား)။

ရှုစရာမျှားဘယ်.... (မှန်ပါ့) ကိုလေသာကြားထိုးယင်သာ ရှုစရာမရှိမှာကိုး ...(မှန်ပါ့) အခုတော့ ကြားထိုးတဲ့ကိုလေသာ ဘာလုပ်ပစ်လိုက်သလဲ... (ဖြစ်ပျက်ရှုပါတယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ သြော်... နဂိုရိုကလဲ ဖြစ်ပျက်ရှုတဲ့ဉာဏ် (မှန်ပါ့) ကြားထိုးတဲ့ကိုလေသာကိုလဲ ဆရာဘုန်းကြီးကပေးလို့ ဖြစ်ပျက်ရှုတဲ့ဉာဏ်နဲ့ဆိုတော့ ဉာဏ်က ဉာဏ်ချင်း နီးမသွားဘူးလား . (နီးပါတယ်ဘုရား)။

ခုနင်က ရိုးရိုးဝေဒနာရှုနေတာဖြစ်ပျက်အပေါ်မှာ ကြားထိုးတဲ့ ကိုလေသာကို ဖြစ်ပျက်ရှုလိုက်ရပြန်တော့ ကျုပ်တို့မှာ ဉာဏ်ချင်းက မနီးဘူးလား (နီးပါတယ်ဘုရား) ဉာဏ်ချင်းက အာသေဝနုပစ္စယော ဆိုတဲ့ အဖန်တလဲလဲက ကပ်လာတယ်.... (မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတို့ သြော်.... ဆင်းရဲစ္စာဖြင့် ကျင့်ပြီး နှေးနှေးမှရမည့် ပဋိဂ္ဂုလ်ကိုပင်လျှင် ဆရာဘုန်းကြီးက ကူပေးလိုက်တယ်၊ဘုရားက တ၀ေနရာမှာ ဟောတာကြည့်ပြီးတော့ (မှန်ပါ့)။

လာတဲ့ကိုလေသာ ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တော့ ဉာဏ်ချင်းက ဘယ့်နှယ်နေသတုံး.... (နီးသွားပါတယ်ဘုရား)။

အရင် ဝေဒနာရှုနေတဲ့ဉာဏ်၊ စိတ်ရှုနေတဲ့ဉာဏ်နဲ့ နောက်ကြားထိုး အိမ်ကိစ္စ ရုကိစ္စတွေ ပေါ်လာတဲ့ ကြားထိုးစိတ်ကို ရှုလိုက်တဲ့ဉာဏ်နဲ့. ဉာဏ်ချင်း မနီးဘူးလား.... (နီးပါတယ် ဘုရား)။

ဉာဏ်ချင်းနီးတော့ ဣန္ဒြေကလဲထက်....(မှန်ပါ့) ဆင်းရဲစ္စာ ကျင့်မှုကလဲပျောက်....ဆိုတော့ ၁-နံပါတ်ပဋိဂ္ဂုလ်ပင် ဖြစ်လင့်

ကစား တကာကြွယ်ရေ....၄-နံပါတ်ထဲ ဝင်သွားတယ်.... (မှန်ပါ့ဘုရား) ချမ်းချမ်းသာသာကျင့်၍ မြန်မြန်ရတဲ့အထဲ ပါတယ် ... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဘုန်းကြီးများကလဲ အင်မတန် အကူအညီပေးပြီးသကာလ အရေးကြီးတဲ့အကူအညီ၊ နို့မဟုတ်လို့ရှိယင် သူတို့ ဒီဘဝ အသေကစော ဆင်းဆင်းရဲရဲကျင့်ပြီးသကာလ ဥာဏ်ကနေးလို့ မရင့်ဘဲနဲ့ သေသွားမယ်ဆိုတော့ နောက်ဘဝမှရမည့်အဓိပ္ပါယ်က ရောက်နေတယ်.... (ရောက်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီလို နောက်ဘဝမှ ရမယ်ဆိုတော့လဲ တကာတကာမတို့ ပဋ္ဌိသန္ဓေတခါနေရလို့ရှိယင်ဘဲ အပြစ်ကြီးစွာသင့်တယ်....(မှန်လှပါဘုရား)။

ပဋ္ဌိသန္ဓေတခါနေရယင်- (အပြစ်ကြီးစွာသင့်ပါတယ်ဘုရား) တကာသစ် ဒီအပြစ်ကိုတောင်မှ ဆရာဘုန်းကြီးက မသင့်စေချင်တာနဲ့ တကာ တကာမတို့ ဆင်းဆင်းရဲရဲကျင့်ဆိုတာ ဘာ့ကြောင့် ကျင့်ရပါလိမ့်....(ကိုလေသာကြားခိုလို့ ပါဘုရား) သေသေချာချာမှတ်။

တကာကြွယ် ဆင်းဆင်းရဲရဲကျင့်ဆိုတာ ဘာ့ကြောင့်ပါလိမ့်. (ကိုလေသာကြားခိုလို့ ပါဘုရား)။

ကဲ ဦးမာဒင်တို့က ဘယ်လိုလုပ်မယ်....(ဖြစ်ပျက်ရှုရပါမယ်) ကြားထိုးကို... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ... ပင်ကိုယ်ရှိဘာကိုလဲ ဖြစ်ပျက်ရှု... (မှန်ပါ့) ရှုနေတုန်း သူက ကြားထိုးလာတော့ သူလဲ ဖြစ်ပျက်ဘဲ အနိစ္စဘဲလို့ တကာ

တကာမတွေကရှုလိုက်တော့ ဉာဏ်ချင်းက နီးသွားတယ်... (နီးသွားပါတယ်ဘုရား) ဉာဏ်ချင်းက နီးသွားတော့ ဉာဏ်ကလဲ မထက်ဘူးလား.... (ထက်ပါတယ်ဘုရား) ဒါဖြင့် ဣန္ဒြေထက်သွားပြီ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဆင်းရဲအောင်လုပ်တဲ့ ကိလေသာကလဲ ကျုပ်တို့ကို အကူအညီပေးတယ်....(မှန်ပါ့)။

ဆင်းရဲအောင်လုပ်တဲ့ ကိလေသာကလဲ.... (အကူအညီပေးပါတယ်ဘုရား) ဉာဏ်နဲ့ နေတာကလဲ ဘာဖြစ်သွားသတုံး.... (ထက်သွားပါတယ်ဘုရား)။

အို....သေပျော်ပြီ၊ ဒီအတိုင်းသာလုပ်.... (မှန်ပါ့) ဒီအတိုင်းသာလုပ် တကာကြွယ် (မှန်ပါ့) အားလုံး တကာဘကာမတွေ နားလည်ကြရဲ့လား... (နားလည်ပါတယ်ဘုရား)။

ဆင်းရဲတာ ဘယ်သူ့ကြောင့် ဆင်းရဲပါလိမ့်.... (ကိုလေသာကြားခိုလို့ပါဘုရား) ဉာဏ်မထက်တာသည် ဘယ့်နှယ်ကြောင့် မထက်ပါလိမ့်မတုံးဆိုတော့ ဉာဏ်ချင်းဝေးလို့.... (ဝေးလို့ပါဘုရား)။

အခုတော့ဖြင့် ကြားထိုးကို တကာတကာမတွေက ဝိပဿနာရှုလိုက်တဲ့အတွက် ဉာဏ်ချင်းကကော....(နီးပါတယ်ဘုရား)ကြားထိုး အဖျက်ကလဲ ကျုပ်တို့ကို အကူအညီမပေးဘူးလား.... (ပေးပါတယ်ဘုရား)။

ဒါဖြင့် အဖျက်က အကူအညီပေး၊ ဉာဏ်ချင်းက နီးလို့ တကာတကာမတို့ ဣန္ဒြေကရင့်တယ်....(မှန်ပါ့)ဆိုတော့ အင်း....

၁-နံပါတ်ပုဂ္ဂိုလ် ဒို့ဖြစ်နေဘောင်မှ ဆရာဘုန်းကြီးပေးတဲ့နည်းနဲ့ လုပ်လိုက်လို့ ရှိယင်ဖြင့် ချမ်းချမ်းသာသာ ကျင့်ပြီးသကာလ အမြန်ရတဲ့ စတုတ္ထပုဂ္ဂိုလ်ဖြစ်နိုင်တယ်... (မှန်လှပါ) ဒါ....လွယ်တဲ့ အခေါ်ပွါယ်မဟုတ်ဘူး....(မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်တုံး....(မလွယ်ပါဘုရား)မလွယ်ဘူးတဲ့ ဘုရားက လေ့မျိုးဘဲ ဟောထားတယ်....(မှန်ပါ့ ဘုရား) ဘုရားက လေးမျိုးဘဲဟောထားတယ်ဆိုဘော့ ဘုန်းကြီးက တခြားသော ကျမ်းဂန်တွေ၊ ဘုရားဟောတာတွေဘဲ၊ နောက်ပိုင်းနဲ့ ရှေ့ပိုင်း ညှိလိုက်ဘော့မှ ဟာ....ဒီလိုလုပ် ဖြစ်တာဘဲ... (မှန်ပါ့) ဆိုတော့ ၁-နံပါတ်က ၄ နံပါတ်ဖြစ်အောင် တကာ့တကာမတို့ ဘယ်လို လုပ်မလဲ....ဆိုတော့ ၄-ဟာ တကာတကာမတို့ အကြိုက်ဆုံးဘဲ.... (မှန်ပါ့) ချမ်းချမ်းသာသာကျင့်ပြီး အမြန် မဂ်ဖိုလ်ရတယ်.... ၄-နံပါတ်ဟာလေ.. (မှန်ပါ့)။

၄-နံပါတ်က ဘာတဲ့.... (ချမ်းချမ်းသာသာကျင့်ပြီး အမြန် မဂ်ဖိုလ်ရပါတယ်ဘုရား)။

အဲဒီပုဂ္ဂိုလ်ဖြစ်ချင်တော့ ကိုယ်ကလဲ ၁-နံပါတ်ပုဂ္ဂိုလ်ဖြစ်နေ ပြန်တော့ ၄-နံပါတ်ပုဂ္ဂိုလ်ဖြစ်ဘို့ ဘယ်လိုမျိုး အကြံဆုတ်ပြီး ဘယ်လို ကြိုးစားရပါ့မလဲဆိုဘာ တကာ့ဘကာမတွေ ဥာဏ်ထဲ တော့ ဝေနေမှာစိုးရတယ်.... (မှန်လှပါ) မဒေဝေပဘူးလား... (ဝေပါတယ်ဘုရား)။

အဲ....အခုတော့ဖြင့် တကာတကာမတို့ စိတ်တွေကာတွေ ဝေ နေစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ကဲ....ဒါဖြင့် လုပ်ကြပါစို့... တဲ့ ဟကာတကာမတို့ ၁-နံပါတ် ပြန်မေးတယ်၊ ဆင်းဆင်းရဲရဲကျင့်ပြီး နေ့နေ့မှုရတာ ၁-နံပါတ် ပုဂ္ဂိုလ်... (မှန်ပါ့ဘုရား)ဘာ့ကြောင့် ဆင်းဆင်းရဲရဲ ကျင့်ရသတုံး-(ကိုလေးသာကြားထိုးလို့ပါ) ကိုလေးသာထူပြောလို့....(မှန်ပါ့) ကိုလေးသာကြားထိုးလို့ (မှန်ပါ့) အဲဒါ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဟကာတကာမတို့ ကိုလေးသာသည် ဘုန်းကြီးတို့အ ဆင်းဆင်းရဲရဲကျင့်ရအောင်လို့ လားလုပ်တယ် (မှန်ပါ့) ဆင်းဆင်းရဲရဲကျင့်ရအောင်လို့ လာလုပ်တယ်ဆိုတာ သေချာပလား....(သေချာပါပြီ) အဲဒါ ကျုပ်တို့က မင်းဘဲ ဒုက္ခ အကုန်အညီပေးပါကွယ်ဆိုတဲ့ သဘောမျိုးလို့ (မှန်ပါ့) သဘော ကျပလား... (ကျွေးပါပြီ) ကျုပ်တို့က သူ့ကိုဘဲ ဝိပဿနာဉာဏ်နဲ့ ရှုလိုက်ပါဘယ်....(မှန်ပါ့)။

ကိုလေးသာ ဘာလုပ်လိုက်သလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ရုပ်လေးယင်း ရုပ်ကို ဖြစ်ပျက်ရှု....(မှန်ပါ့) စိတ်မချဘာလားယင် စိတ်မချတဲ့ဒုက္ခသည်ကို (ဖြစ်ပျက်ရှုရပါမယ်)ငါက ဒီလောဇနတယ်၊ အိမ်မှာ ဘာမျှားဖြစ်နေမလဲဆိုကဲ့သံသယလားယင် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)သံသယ ဝိစိကိစ္ဆာကို ဖြစ်ပျက်ရှုချ...(မှန်ပါ့)။

ဖြစ်ပျက်ရှုချလိုက်တော့ ဟကာတကာမတွေဘဲ စဉ်းစားပါတော့ ဉာဏ်ချင်း ဘယ်နှယ်နေသလဲ....(နီးပါတယ်ဘုရား)။

မူလ ရှုနေတဲ့ကမ္မဋ္ဌာန်းဉာဏ်နဲ့ ကြားထိုးရှုလိုက်တဲ့ ဉာဏ်နဲ့က မနီးဘူးလား... (နီးပါတယ်ဘုရား) ဉာဏ်နီးခြင်းကြောင့် ဂုဏ်ပြု ရင့်တယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဥာဏ်နီးခြင်းကြောင့်... (ဂ္ဂဇ္ဇေရင့်ပါတယ်ဘုရား) တယ်လဲ အဘိုးတန်ပ'ါကလား....(အဘိုးတန်ပါတယ်ဘုရား)။

နှောင့်နှေးဘို့ရာကိုလဲ ကိုလေသာကြားထိုးယင် သူက ပဋ္ဌိစ္စသမုပ္ပါဒ်တန်းမလို့လာတာ.... (မှန်ပါ့) တန်းခွင့်ရသေးသလား-(မရပါဘုရား)။

အဲ... ဒါဖြင့် ကျုပ်တို့သည်ကားလို့ဆိုယင် ချမ်းသာစ္ဌာကျင့်ပြီးသကာလ တကာတကာမတို့ မြန်မြန်ရလိမ့်မယ်.... (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီ)ချမ်းသာစ္ဌာကျင့်ပြီး... (မြန်မြန်ရမှာပါဘုရား)။

ဒီနည်းပေးချင်တာ တကာကြွယ် ကြာလှပြီ....(မှန်ပါ့ဘုရား) ဒီအကြောင်းက မတိုက်ဆိုင်တာနဲ့ တကာသစ်ရေ... အချိန်တွေ့ဆဲ-ဆဲထားရတယ်၊ ဒီ့ပြင် သီဝရာတွေကလဲ မျှားသကိုးဗျ.... (မျှားပါတယ်ဘုရား)။

ကဲ....အခုတော့ဖြင့် ယနေ့ တကာဘကာမတွေ အထူး ကံကောင်းတဲ့ နေ့ဘဲဆိုတော့ ကိုယ်ကတော့ဖြင့် ဒီအထဲ မျှားသောအားဖြင့် ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးမှရမည့်ပုဂ္ဂိုလ် မျှားလိမ့်မယ် ဆိုတာကဖြင့် ကိုယ့်ကိုယ်ကိုယ်အသိဆုံး...(မှန်လှပါ)။

ဘယ်လိုဆိုကြမယ်(ကိုယ့်ကိုယ်ကိုယ်အသိဆုံးပါဘုရား) ကဲ.... ဒါဖြင့် ကိုယ့်ကိုယ် ကိုယ့်ဆရာဘုန်းကြီး ပေးတဲ့နည်း, ဘုရားပေးတဲ့နည်းနဲ့ ပြင်တတ်ပလား.... (ပြင်တတ်'ပါပြီဘုရား) တယ်အဘိုးတန်ပါလား... (တန်ပ'ါတယ်ဘုရား) အင်မတန် အဘိုးတန်တယ်ဆိုတာ တကာတကာမတွေ သေသေချာချာ နားကြီးကြီး

ဉာဏ်ကြီးကြီးနဲ့ ထောင်ကြည့်တော့မှ ဩော်.... ဆရာဘုန်းကြီး ကူလိုက်တဲ့ အချက်ဟာက ၁-ကကိုဘဲ ၄-နံပါတ်ဖြစ်ရပါလား.... (မှန်လှပါဘုရား)။

၁-နံပါတ်က.. (၄-နံပါတ်ဖြစ်ရပါတယ်ဘုရား) ၄-နံပါတ် ဆိုတာက တကယ်.ကို တကာတကာမတို့ ချမ်းချမ်းသာသာ ကျင့်ပြီးသကာလ အမြန်ရတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့)။

ချမ်းချမ်းသာသာကျင့်ပြီး (အမြန်ရတဲ့ပုဂ္ဂိုလ်ပါဘုရား) ကဲ.... တကာ့သစ် သေပျော်တယ်.... (သေပျော်ပါတယ်ဘုရား) သေးပျော်ပါတယ် တကာ တကာမတို့ ပါရမီ စောင့်မနေနဲ့.... (မှန်ပါ့) ကိလေသာကြားထိုးတယ်ဆိုတာ သူ-ပါရမီညံ့လို့.... (မှန်ပါ့)မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) ကိလေသာ ထူပြောတဲ့ပုဂ္ဂိုလ်ဟာ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရခဲတာကိုးဗျ....(မှန်ပါ့ဘုရား)။

အခုကြည့်စမ်း... ၁-နံပါတ်ပုဂ္ဂိုလ်မှာ နဂိုရ်ဘုရားဟောထားတာက ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးမှုရမယ်တဲ့.... (မှန်ပါ့) ဆင်းဆင်းရဲရဲကျင့်ရတာ တခြားမဟုတ်ဘူးကွဲ့ ကိလေသာ ထူပြောလို့....(မှန်ပါ့) နှေးနှေးမှုရတာက ဟောဒီဉာဏ်တွေက မထက်လို့.... (မှန်ပါ့) ဂ္ဂန္ဒြေတွေ့ဏာမထက်လို့... (မှန်ပါ့) ဂ္ဂန္ဒြေဆိုတော့ စာသံပါနေတယ်၊ ဉာဏ်မထက်လို့-လို့ ပြောလိုက်တယ်. (မှန်ပါ့)။

ကိုင်း ဒါဖြင့် တကာသစ် နည်းရပလား . (ရပါပြီ) ဆင်းဆင်းရဲရဲကျင့်ရတာ ဘာထူပြောလို့တုံး.... (ကိလေသာထူပြောလို့ပါဘုရား)။

ကဲ....ကြားထိုးတဲ့ ကိုလေသာ ခဏခဏလာမှာဘဲ... (လာမှာပါ) လာယင်ဘယ့်နှယ်လုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

သြော်....တကာကြွယ် နေရာကျပြီ.... (ကျပါပြီ) ဖြစ်ပျက်ရှုလိုက်တော့ကို နှစ်ကိစ္စပြီးတယ်....(မှန်ပါ့) နေ့းမှာလဲမြန်တယ် ... (မှန်ပါ့) တခါဆင်းရဲမှာလဲ ချမ်းသာတယ်.... (မှန်ပါ့) ဉာဏ်ကလဲ....(ထက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ နှစ်ခုစလုံးကိုစွဲပြီးစေနိုင်တဲ့စာလိုသုံးယင်"ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ" (မှန်ပါ့)ရှင်းပလား.... (ရှင်းပ'ါပြီ) အခုတော့ဖြင့်"သုခပဋိပဒါ ခိပ္ပါဘိညာ" သွားဖြစ်တယ်....(မှန်ပါ့)။

ချမ်းချမ်းသာသာလဲကျင့်ရတယ်၊ ကျင့်တာဘယ့်နှယ်ကြောင့် ချမ်းချမ်းသာသာ ကျင့်ရသလဲ....၊ ရှုစရာတွေ များလို့ရှိယင် ကျုပ်တို့ဉာဏ်ထက်တယ်... (မှန်ပါ့)။

ရှုစရာတွေ များလို့ရှိယင်.... (ဉာဏ်ထက်ပါတယ်ဘုရား) သြော်....တကာသစ်ရေ ၁-က ဘာသွားဖြစ်သလဲ ... (၄- နံပါတ် သွားဖြစ်ပါတယ်) ၄-နံပါတ် သွားဖြစ်တယ်ဆိုဘာ ခင်ဗျားတို့ တကာကြွယ်တို့, ဦးလှဘူးတို့ အင်မတန်ကံကောင်းလို့ ဒီဟာကြားရတာဗျား....(မှန်ပါ့ဘုရား)။

ဒါ. ထုံးစံအတိုင်း ဟောနေမယ်ဆိုယင် ခင်ဗျားတို့က ဒီလေးယောက်တောင်ရှိတာဘဲ၊ ဒို့က ပဌမပုဂ္ဂိုလ်ထဲကဘဲ...၊

အင်း....ဆင်းဆင်းရဲရဲကျင့်ရမှာဘဲ၊ ဖြေးဖြေးမှလဲရမယ်! **မတတ်**နိုင်ဘူး၊ ဒီအတိုင်းသွားရမှာဘဲ...၊ ဆင်းရဲလုံခံရုံဘဲ၊ ဖြေးဖြေးမှရလဲ ဖြေးဖြေးမှယူရုံဘဲ၊ ဘာမှမတတ်နိုင်တော့ဘူး၊ ခင်ဗျားတို့ ဥာဏ်စွမ်း, ကံစွမ်းကုန်နေပြီ... (ကုန်နေပါပြီဘုရား)။

အခုတော့ဖြင့် ဆရာဘုန်းကြီးက အကူအညီပေးလိုက်တယ်... (မှန်ပါ့) အကူအညီပေးလိုက်တယ် တကာတကာမတို့ ဆင်းရဲတာ ဘယ်သူ့ကြောင့် ဆင်းရဲတာတုံး. (ကိုလေးသာကြားထိုးလို့ပါ ဘုရား)။

နေ့နေ့ရတာက ဘယ်နှယ်ကြောင့် နေ့နေ့ရပါလိမ့်... (ဥာဏ်မထက်လို့ပါ) ဥာဏ်မထက်လို့....၊ ဥာဏ်ချင်းဝေးနေတယ်... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒါ ဘုန်းကြီးတို့ တကာတကာမတွေက စဉ်းစားလိုက်တာပေါ့.... ဆရာဘုန်းကြီး ၂သတိပဋ္ဌာန်ပါဠိတော်ကြီး ကြည့်ပြီးသူ- အကူအညီပေးလိုက်ပြီ ဆိုတော့.... ဆင်းရဲလုံးတွေ့ဆိုတာ ကိုလေသာကြားထိုးလို့ ဆင်းရဲတာ.... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပါလိမ့် (ကိုလေသာ-ကြားထိုးလို့ပါဘုရား) ကိုင်း... တကာတကာမတွေက ဘယ်နှယ်လုပ်လိုက်မယ်.... (ဖြစ်ပျက်ရှုလိုက်ရပါမယ်ဘုရား)။

ဒါဖြင့် သူ-ကိုလေသာဆိုတာ ကျုပ်တို့ကိုပင်ပန်းအောင်လုပ်မလို့....(ဝါ)ဆင်းရဲအောင်လုပ်မလို့ လာတာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အခုသူကဘဲ ကျုပ်တို့ကို မိတ်ဆွေအဖြစ်နဲ့ ခင်ဗျား ကျုပ် အမှီပြုပြီးရှုပါဗျာ...၊ ဥာဏ်ထက်ပါလိမ့်မယ်လို့ မပြောသော်လဲ ပြောဘိသကဲ့သို့သော အခြေအနေရောက်တယ် ဦးလှဘူး.... (ရောက်ပါတယ်ဘုရား) မရောက်ဘူးလား... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ၁-နံပါတ်နံပဋ္ဌိုလ်က ၄-နံပါတ် ပဋ္ဌိုလ် အဖြစ်သို့ ရောက်တယ်... (မှန်ပါ)။

ဒါ- ခင်ဗျားတို့ ကိုယ်-ကိုယ်တိုင် ဒီအတိုင်းလုပ်ကြလို့ရှိယင်ဖြင့် ၁-က ၄-ရောက်ဘို့ဆိုတာ ခင်ဗျားတို့ရှေ့က ထုံးစံအတိုင်းဆိုလို့ရှိယင် ဦးမာဒင်တို့ သြော်-ဒို့က ၁-နံပါတ်ပဋ္ဌိုလ်ဆိုတော့ ဆင်းဆင်းရဲရဲလဲ ကျင့်ရမှာဘဲ....(မှန်ပါ)နှေးနှေးမှလဲ... (ရမှာပါဘဲဘုရား) သြော်.... သူ့ပါရမီနဲ့ သူလာတာကိုး.... (မှန်ပါ) ပါရမီကို သူ-မမြင်တော့ဘူး.... (မှန်ပါ)။

အခုဟာက ဒီလိုမဟုတ်ဘူး၊ ခင်ဗျားတို့နောက်က ဘယ်လိုဘဲ ထိုင်းခဲ့ထိုင်းခဲ့ ဆင်းရဲတာကိုလဲ ချမ်းသာအောင်လုပ်ပေးတယ်.... (မှန်ပါ) ပါရမီနှောင့်နှေးတာကိုလဲ ထက်ခအောင်လုပ်ပေးတယ်- (မှန်ပါ) သခင်ဘာကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်ရေ သိပ်အာဘိုးတန်တဲ့နေ့... (မှန်ပါ)တကာသစ် နည်းရပလား....(ရပါပြီ) နောက်က တကာတကာမတွေ.... (ရပါပြီဘုရား)။

ဆင်းရဲတာ ဘယ်သူ့ကြောင့် ဆင်းရဲသတုံး ... (ကိုလေသာကြားထိုးလို့ ပါဘုရား) ဥာဏ်ဘယ့်နှယ်ခြောင့် မထက်သတုံး ဆိုတော့ ဥာဏ်ချင်းဝေးနေလို့... (မှန်ပါဘုရား)။

ကဲ.... ဒါဖြင့် တကာတကာမတို့ ကိုလေသာကြားထိုးလို့ ဆင်းရဲတော့ ကိုလေသာဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါ့မယ်) သူလဲ အနိစ္စဘဲ... (မှန်ပါ့)နဂိုရိုက်ရှုနေတာလဲ(အနိစ္စပါဘဲဘုရား) သူ့ရှုလိုက်ပြန်တော့....(အနိစ္စပါဘုရား)။

အဲဒါ ဘုန်းကြီး အကူအညီပေးတယ်လို့ဆိုတာ ခင်ဗျားတို့ ဘုန်းကြီးက ဂုဏ်ယူရာရောက်မှာစိုးလို့ ဘုရားက သဗ္ဗေသခ်ါရာ အနိစ္စာ လာတာရှုတဲ့.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

"သဗ္ဗ သခ်ါရာ အနိစ္စာ" လာတာကို ဘာလုပ်ရမလဲ.... (ရှုရပါမယ်ဘုရား) ကဲ....မရှုကောင်းတာရယ်လို့ ပါရဲ့လား.... (မပါပါဘုရား) သခ်ါရတရားတွေ ဟူသ၍ အကုန်ရှုပါက.... (မှန်ပါ့)ဆိုတော့ လာတာကို ကျုပ်တို့က ရှုပစ်လိုက်... (မှန်ပါ့ ဘုရား)။

လာတဲ့ ကိုလေ သာသခ်ါရကို ကျုပ်တို့က ဘာလုပ်ပစ်လိုက်သတုံး.. (ရှုပစ်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဆင်းဆင်းရဲရဲကျင့်ဘဲ့ အဓိပ္ပါယ်ကော ရသေးသလား .. (မရပါဘုရား) နှေးနှေးမှုရမယ်ဆိုတဲ့ အဓိပ္ပါယ်ကော ရောက်သေးရဲ့လား....(မရောက်ပါဘုရား)။

ဒါဖြင့် ဘယ်အဓိပ္ပါယ်ရောက်ပါလိမ့်မတုံးလို့ တကာတကာ မတွေ့ကမေးတော့မှ မဆင်းရဲဘဲနဲ့ အမြန်ရတယ်.... (မှန်ပါ့ ဘုရား)။

မဆင်းရဲဘဲနဲ့.... (အမြန်ရုပါဘယ်ဘုရား) ဒါ. ခင်ဗျားတို့ ရိုးကော်ဒါထဲပါတယ်၊ အင်မတန်ကောင်းတဲ့ အဓိပ္ပါယ်-(ကောင်း ပါဘယ် ဘုရား ။

ခင်ဗျားတို့ကိုယ်တိုင် ရိုးကော်ဒါမရှိတဲ့ ပုဂ္ဂိုလ်မျိုးလဲ ဒီ.... အတိုင်းဥာဏ်ထဲမှာ မှတ်ထား....(မှန်ပါ) မှတ်ပြီး တခါတည်း ဩော် ဒို့ဆရာဘုန်းကြီးကဘုရားတနေရာမှာဟောတာကို တနေ ရာဟောတဲ့ အကူအညီပြန်ပေးလိုက်တဲ့ အခါကျတော့လဲ ၁-က ၄-နံပါတ်ဖြစ်တယ်ဆိုတော့ နည်းတဲ့အဓိပ္ပါယ်မဟုတ်ဘူး-(မှန်ပါ ဘုရား)။

၁-က ဘာဖြစ်သွားသတုံး.... (၄-နံပါတ် ဖြစ်သွားပါတယ် ဘုရား) ။

၄-နံပါတ်က တကာသစ်တို့, တကာကြွယ်တို့, ဦးမာဒင်တို့ဘဲ စဉ်းစားကြည့်ပါလား....၊ ချမ်းချမ်းသာသာကျင့်၍ အမြန်ရ,ရ မယ်... (မှန်ပါဘုရား) ဒီရောက်သွားတယ်.... (ရောက်ပါတယ် ဘုရား)။

ချမ်းချမ်းသာသာကျင့်၍....(အမြန်ရ, ရပါမယ်)ကဲ....ဒါဖြင့် ၁ လောက်ဘဲ အစုမ်းရည်သတ္တိရှိတဲ့ ပုဂ္ဂိုလ်ကို ၄-အဖြစ်ကို ထိုး တင်ခေးလိုက်တယ်ဆိုကတည်းက တကာကြီး ဦးမာဒင် နည်းတဲ့ ဥာဏ်ဟုတ်ဘူး (မနည်းပါဘုရား) အင်မတန်အခရေးကြီးဘယ် (ကြီးပါတယ်ဘုရား) တကာကြွယ် ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ကဲ.... တကာသစ် သေပျော်ပြီဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ဒီအတိုင်းသာ လုပ်ပါ တကာတကာမတို့ ၁-နံပါတ်ပုဂ္ဂိုလ် ဟာ ၄-နံပါတ်ပုဂ္ဂိုလ်ဖြစ်ရမယ်....(ဖြစ်ရပါမယ်)၄-နံပါတ်ပုဂ္ဂိုလ် ဖြစ်ရမယ်ဆိုတာ သေချာကြပလား .... (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ၁-နံပါတ်ဖြင့် ၁-က ၄- ဖြစ်ခဲအောင် ဆရာ ဘုန်းကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ နည်းအမျိုးမျိုးနဲ့ ကူညီလိုက်တဲ့အတွက် တကာတကာမတို့ ၁ က ၄-ဖြစ်တာဟာဖြင့် ဒို့ပါရမီထူးလို့ဘဲ....(မှန်ပါ) နည်းပေးကောင်းလို့ဘဲ(မှန်ပါ) ဒို့ဖြင့် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်မို့ဘဲဆိုပြီး ဒီနည်းအတိုင်းသာလုပ်၊ ၁-က ၄-ဖြစ်ရမယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကဲ....တခါသွားကြဦးစို့၊ ၂-နံပါတ်ပုဂ္ဂိုလ်ကရော တကာ တကာမတွေ ဆင်းဆင်းရဲရဲကျင့်ပြီးသကာလ ဘာတဲ့တုံး(မြန်မြန် ရပါဘယ်) ဆင်းဆင်းရဲရဲကျင့်ပြီး မြန်မြန်ရရမယ်ဆိုတော့ သူက ဆင်းဆင်းရဲရဲ ကျင့်ရဘာကရော တကာတကာမတွေ တမူ တည်းသာမှတ် .... (မှန်ပါ) ဩော် ကိုလေသာများလို့ .... (မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဆင်းဆင်းရဲရဲ ကျင့်ရတာကဖြင့်.... (ကိုလေသာများလို့ပါ) ကိုလေသာထူပြောလို့....(မှန်ပါ) ရှင်းကြပါပြီ(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် တကာသစ်တို့၊ ဦးမာဒင်တို့က အကူအညီခုနင်က ပေးတဲ့အတိုင်း ပေးလိုက်တာပေါ့.. (မှန်ပါ) ကဲ... ကိုလေသာ

ပေါ်တော့ ပေါ်ဘဲ့ကိုလေသာ ဘာလုပ်မလဲ .... (ဖြစ်ပျက်ရှုရပါ မယ်ဘုရား) ဒါဖြင့် ဉာဏ်ချင်းကကော .... (နိုးသွားပါတယ် ဘုရား)။

ဉာဏ်ချင်းကလဲ နိုးသွားပြီ၊ သူနဂိုရ်ကလဲ ရင့်နေတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့) နဂိုရ်ကလဲ ရင့်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ တကာတကာမတို့ နဂိုရ်ကလဲ ဆင်းဆင်းရဲရဲကျင့်ပြီး သူအမြန်ရမည့် ပုဂ္ဂိုလ်ကိုး.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဆင်းဆင်းရဲရဲကို ကျုပ်တို့က ဝိပဿနာဉာဏ်နဲ့ အကုန်ရှုပစ်လိုက်သဖြင့် ဆင်းရဲတတ်တဲ့တရားတွေ အကုန်ရှုပစ် လိုက်သဖြင့်(၀၊) ကန့်ကွက်တတ်တဲ့ တရားတွေအကုန်ရှုပစ်လိုက် သဖြင့်တဲ့ ကျုပ်ဘို့သည် ၄-နံပါတ်ဘဲ ပြန်ဖြစ်တယ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဘာပြန်ဖြစ်ပါလိမ့်(၄-နံပါတ်ဘဲ ပြန်ဖြစ်ပါတယ်) ၄-နံပါတ် အဓိပ္ပါယ်က ဘာပါလိမ့်.... (ချမ်းချမ်းသာသာကျင့်ပြီး မြန်မြန် ရပါတယ်)။

ချမ်းချမ်းသာသာ ကျင့်ပြီး သကာလ အမြန်ရတယ် .... (မှန်ပါ့)ဒီမှာလဲ ကိုလေသာနိုင်ယင် အမြန်ရတာချည့်မှတ်လိုက် (မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဩော်... ဒါဖြင့် တကာကြွယ်ရေ သိပ်အဘိုးတန်ပါကလား.... (တန်ပါတယ်ဘုရား)။

ဒီလိုသာ ဆရာကောင်းနဲ့ မတ္တေဘုး၊ နည်းပေးကောင်းနဲ့ **မတ္တေဘုး**ဆိုယင် ဦးမာဒင်တို့ စဉ်းစားကြည့်ပါ ဩော်... ကျုပ်

တို့ကလဲ ဘဝပါရမီက ကိုလေသာက ထူပြောတော့ ကျုပ်တို့ကာ ပုဂ္ဂိုလ်သုံးယောက်ထဲကတယောက်ယောက်ဖြစ်နေတော့ဖြေးဖြေးနဲ့ နှေးနှေးသွား။ လိပ်သွားသလို သွားရမှာပါဘဲ....(မှန်ပါ့) အင်း....ကိုယ့်ဟာကိုယ် လျှော့ပစ်လိုက်ပြီ....(မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ် လျှော့ပစ်လိုက်တော့ တကာတကာမတို့ အသေစားသွားတယ်....(မှန်ပါ့) အသေစားသွားတော့ နောက်ဘဝ ပဋိသန္ဓေနေရာယ်... (မှန်ပါ့) နေရတော့ တဘဝနှစ်ဘဝ ရတယ်ဆိုယင် နည်းတဲ့ဒုက္ခလား....(မနည်းပါဘုရား)။

ဒီကပါသွားတာကလေးတွလဲ အကုန် မပျောက်သေးဘူးလား .... (ပျောက်ပါတယ်) ပျောက်သွားလို့ရှိယင် တကာတကာမတို့ ကိုယ်ကျိုးနည်းပြီ....(နည်းပါပြီ) အင်မတန်မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အခုပြောတဲ့ အတိုင်းလိုက်နာလို့ရှိယင်ဖြင့် ၁-ကလဲ ၄-ဖြစ် . (မှန်ပါ့) ၂-ကလဲ.... (၄ ဖြစ်ပါတယ်)သြော်.... တယ်အဘိုးတန်ပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် တကာကြွယ်ခရ သိပ်အဘိုးတန်တဲ့ အဝိပ္ပါယ်ကို ခင်ဗျားတို့ ကိုယ်ပိုင်ရလိုက်သဖြင့် ခင်ဗျားတို့ သာမညပါရမီရှိတဲ့ ပုဂ္ဂိုလ်လို့ မဆိုနဲ့.... (မှန်ပါ့) ခင်ဗျားတို့ အကူအညီခေါ်တဲ့ ပုဂ္ဂိုလ်ဟာ ခင်ဗျားတို့၏ ပါရမီကို အထမြောက်အောင်လုပ်ပေး

နေတဲ့ပုဂ္ဂိုလ်ရှိပြီးသားဘဲ၊ ခင်ဗျားတို့ သေချာတယ် .... (မှန်ပါ့) သေချာပလား....(သေချာပါပြီဘုရား)။

ဒို့ဟာ မင်ဖိုလ်မှုရထိုက်တဲ့ ပုဂ္ဂိုလ်ဟုတ်ပါရဲ့လားလို့ ဆိုတာ သံသယမရှိနဲ့ .... (မှန်ပါ့) လူမစွမ်း နတ်မ,ဆိုတာဖြစ်ခဲ့ပြီ .... (မှန်ပါ့ဘုရား)။

လူမစွမ်းနတ်မ,ဆိုတာ.... (ဖြစ်နေပါပြီ) ဖြစ်နေပြီတဲ့၊ ကိုယ့် ဉာဏ်စွမ်းနဲ့ တော့ ဒါ ဒီဥစ္စာ ဒီလိုမသွားနိုင်တော့ဘူး...(မသွားနိုင်ပါ) ၁ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ ရှိယင်လဲ ကျုပ်ဟာ လူ ပျိုတုန်းအားထုတ်၊ သေခါနီးမှ ရချင်ရမှာထင်ပါရဲ့တဲ့... (မှန်ပါ့)ဒီလိုလဲ တခါတည်းဘုတ်ထိုင်- ထိုင်ပစ်မယ်.... (ထိုင်ပါတယ်) ဦးလှဘူး မထိုင်ပေဘူးလား....(ထိုင်ပါတယ်ဘုရား)။

ဒီလိုဆရာကောင်း သမားကောင်းနဲ့ ပြင်ဆင်ပေးမည့်လူနဲ့ နည်းနာနိသယနဲ့ ဘုရားဟောခဲတော်မူတာတွေ ညှိနှိုင်းပြီးတော့ ပြင်ပေးမည့်လူမရှိယင် တကာသစ် သိပ်ကျပ်သွားမယ်... (မှန်ပါ့ ဘုရား)။

သူကျပ်ပုံက သူ့စိတ်ကူးဘယ်လိုလာမတုံးဆိုတော့ ကိုယ့်ဟာ ကိုယ်အားထုတ်ကြည့်တယ်၊ ကိလေသာကြားထိုးတယ်၊ သြော်.... ဒ ဖြင့် ဘုန်းကြီးဟောတဲ့အတိုင်း၊ ဘုရားဟောတော်မူတဲ့အတိုင်း ဒို့က ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးမှရမှာ၊ အဲဒီတော့ ခပ်နှေးနှေးဘဲဆိုပြီး ကိုယ့်ဟာကိုယ် တခါတည်း တကာတကာမတို့ အကုန်ဘဲ ပြော့လျော့ကုန်တယ်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်လာ

တယ် (ရောက်ပါတယ်) မနစ်နာဘူးလား ... (နှစ်နာပါတယ်) အမြန်ရမှာ ဘယ်နှယ်ဖြစ်သွားသတုံး.... (နှေးသွားပါတယ်)နှေးသွားတော့ အသေကခံစားသွားပြန်ပြီဆိုတော့ ကိုယ်ကျိုးကနည်းတယ် (မှန်ပါ) အင်မဂန်ကြောက်စရာ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

အေး ... ဒါကြောင့် တကာတကာမတို့ အခုဒီနေ့ပြောတဲ့ အခေါ်ဝေါ်ကြောင့် ကိုယ့်ခန္ဓာကြီး ကိုယ့်ဒုက္ခကိုယ်သိမ်းချင်တဲ့ နည်းမှာဖြင့် အမြန်သိမ်းနည်း အနှေးသိမ်းနည်း နှစ်မျိုးပါရမီတော့ကာ ဘယ်လိုပင်မရှိစေကာမူ အကုန်အညီ ကောင်းပြန်လို့ ရှိယင် အနှေးသိမ်းမည့်ပုဂ္ဂိုလ်တောင်မှ အမြန်သိမ်းနိုင်တယ် (မှန်ပါဘုရား)။

အနှေးသိမ်းရမည့် ပုဂ္ဂိုလ်တောင်မှ....(အမြန်သိမ်းရပါတယ်) **အမြန်သိမ်းနိုင်တယ်ဆိုတဲ့**ဥစ္စာ တကာဘကာမတို့လဲ ဆရာနည်း အခပါ မှာမို့တယ်....(မှန်ပါဘုရား)။

ရှင်းကြည့်ပါတဲ့ တကာတကားမတို့၊ ရှင်သာရိပုတ္တရာ ဝါတွင်းသုံးလခဟာတဲ့ ပန်းတိမ်သည်ကခလေးဟာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရဘူး....(မှန်ပါ) နိမိတ်ခေတာင် မထင်လာဘူးတဲ့ .... (မှန်ပါ) ဘုရားကို မနက်အပ်သွားတယ် နည်းပေးကောင်းတော့ ညနေရတယ်... (မှန်ပါဘုရား)။

ရှင်သာရိပုတ္တရာဆိုမှာ ဝါတွင်းသုံးလ.... (မှန်ပါ) ဘုရား**ဆီ**ကျတော့ မနက်အပ်သွားတယ်၊ ညနေကျတော့ ရဟန္တာ**ဖြစ်နေ**တယ် (မှန်ပါဘုရား)။

ဘာကွာသွားတုံးဆိုတော့ နည်းပေးကွာသွားတာ.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဘာကွာသွားပါလိမ့်.... (နည်းပေးကွာသွားပါတယ် ဘုရား)။

ဒါဖြင့် အခုနည်းဖြင့် တကာကြွယ် လိုလေသေးမရှိဘူး.... (မှန်ပါ)ရှိသေးရဲ့လား... (မရှိပါဘုရား)။

ကဲ....ဒါဖြင့် အားလုံးတရားနာလာကြတဲ့ တကာတကာမတွေ ဩော်....ဒီနေ့ ပါရမီ အကြီးအကျယ်ပြည့်တဲ့နေ့ပါလား· (မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြမယ်....(ပါရမီ အကြီးအကျယ်ပြည့်တဲ့ နေ့ပါ ဘုရား)။

ပါရမီ အကြီးအကျယ်ပြည့်ဘဲ့ နေ့ဘဲဆိုတာ ခင်ဗျားတို့ဉာဏ်နဲ့ သေးသချာချာ စဉ်းစားကြည့်တော့ ဆင်းဆင်းရဲရဲကျင့်ပြီး သကာလ နေ့းနေ့းမှုရမယ်လို့ ဘုရားကိုက ဟောတာ....(မှန်ပါ) သဘောကျပလား ..(ကျပါပြီ) ဒီပုဂ္ဂိုလ်ရှိသေးဘယ်ကွဘဲ့ .... (မှန်ပါ) တကာကြွယ်- မဟောဘူးလားဗျာ .... (ဟောပါတယ် ဘုရား)။

စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာ ကိုယ်ဘော်တိုင် ဟောပါတယ်....(မှန်ပါ့ဘုရား)။

နည်းပေးကောင်းပြန်တော့လဲ ခုနင်က ရှင်သာရိပုတ္တရာက သုံးလနည်းပေးတယ် မရဘူး....(မှန်ပါ)ဘုရားက မနက်မှာနည်း ပေးတယ်၊ ညနေရဟန္တာဖြစ်တယ်....(မှန်ပါ) ဒီတယောက်တည်း

ဒီတယောက်တည်း....(မှန်ပါ့) သဘောကျပလား .... (ကျေးဇူးပြု ဘုရား)။

ဒါဖြင့် ဆရာ့နည်းပေါ်မှာလဲ မှီသေးတယ်ဆိုတဲ့ဥစ္စာ ပါရမီချည့် မချနဲ့....(မှန်ပါ့) သဘောကျပလား....(ကျေးဇူး)။

ဒုဿဝက ညံ့ဖျင်းခဲ့တယ်-ဘဝတွေချမနေနဲ့....(မှန်ပါ့) ဒီဘဝတွေ့ရတဲ့ ဆရာအမှီပြုပြီးသကာလ အမြန်သွားနိုင်တဲ့ နည်းဟာလဲ တကာကြွယ် ရှိသေးတယ်မှတ်လိုက်ပါ....(မှန်ပါ့)။

ကဲ....ဦးမာဒင်တို့ သေပျော်ပလား....(သေပျော်ပါပြီဘုရား) သေးပျော်ပြီ... တဲ့ တကာတကာမတို့ ဒီဥစ္စာ ချီးမြှောက်ပြီး ပြောနေတဲ့ စကားလို့ မအောက်မေ့နဲ့....(မှန်ပါ့) အမှန်ရှိပြီးသား ပုဂ္ဂိုလ်ကို အမြန်ဖြစ်အောင်လုပ်တာ... (မှန်ပါ့)။

အမှန်ကတော့ ခင်ဗျားတို့ ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးမှ ရ,ရမှာချည့်ဘဲ ဒီပုဂ္ဂိုလ်တွေဟာ....(မှန်ပါ့) သဘောကျပလား-(ကျေးဇူး)။

အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြင်ပေးသလို ရှင်သာရိပုတ္တရာတောင်မှ အပေးမှားနေလို့ ဘုရားပြင်ပေးရသလို ဒီမှာလဲ ဘုရား ဒီနေရာမှာ ဒီဟာ ဟောပြောသင်လဲ ဟိုနေရာမှာ ဘုရားက ဒီလိုရှယင် ရသေးတယ်ဆိုတဲ့ဥစ္စာ တနေ့က ပါဠိတော်နဲ့တော့ ကိုက်သွားရောပေါ့ တကာသစ်ရာ....(မှန်ပါ့)။

ကိုလေသာကြားမခိုယင် မြန်မြန်ရုမယ်.. (မှန်ပါ့) အဲဒီ ပါဠိကို သွင်းလိုက်.... (မှန်ပါ့) တကားကြွယ် နေရာကျပလား.... (ကျေးဇူးဘုရား)။

ကိုင်း .. ဒါဖြင့် တကာတကာမတို့ ၁-ကလဲ ၄-ဖြစ်ပါဘယ်.... (မှန်ပါ) ၂-ကခေကာ . (၄-ဖြစ်ပါဘယ်ဘုရား)။

ဩော်....နေရာကျလိုက်တာ တကာသစ်ရေ- နေရာကျဘယ်- နေရာကျတယ် တကာတကာမတို့နော်....(မှန်ပါ)။

ဩော်... ခင်ဗျားတို့ ဆရာဘုန်းကြီးကလဲ ကျန်းကျန်းမာမာနဲ့ ခင်ဗျားတို့ကလဲ ထောင်နိုင်တဲ့နားနဲ့ ကျန်းကျန်းမာမာလဲရှိလို့ ဒို့ဘာလိုသေးသတုံးလို့ တွေးမနေနဲ့တော့နော်....(မှန်ပါဘုရား) လာတာရှုပေး.... အမြန် ဥာဏ်ထက်မှာဘဲဆိုတာ တွေးတော့.... (မှန်ပါ) လာတာရှုယင်ဖြင့် တကာတကာမတို့ မဆင်းရဲပါဘူး (မှန်ပါဘုရား)။

ကြားထိုးလာတာတွေ့သာရှုယင် (မဆင်းရဲပါဘုရား)ဘာဖြစ်လို့ မဆင်းရဲသတုံးဆိုတော့ ကြားထိုးလာတာက ပဋ္ဌိစ္စသမုပ္ပါဒ်တန်းမလို့ လာတာ....(မှန်ပါဘုရား) အဲ- တန်းမလို့ လာတာကို ကျုပ်တို့က သူ့အတန်းခံသလား၊ သူ့ကြောင့် မဂ်ဖြစ်စေသလား (သူ့ကြောင့် မဂ်ဖြစ်စေပါတယ်ဘုရား)။

အင်း... လာတာ ဖြစ်ပျက်ရှုလိုက်၊ ကျုပ်တို့ဥာဏ်က မဂ်ကနေပြီး ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်ချလိုက်.... (မှန်လှပါ) ဖြတ်ချလိုက်တော့ ဦးလှဘူ,ရေ... မြန်သွားတယ်....(မြန်ပါတယ်ဘုရား) မမြန်ဘူးလား....(မြန်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဆင်းရဲစ္စာကော ကျင့်ရခဲသးသလား-(မကျင့်ရပါဘုရား) ဥာဏ်ချင်းကလဲ ဆက်သွားတဲ့အတွက် ဥာဏ်ကလဲ ထက်သွားပြီ..၊ ဥာဏ်ချင်း မဝေးလို့ ဆိုတဲ့ ဥစ္စာလဲ

တကာတကာမတွေ့ သိပါပြီ....(မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကားကြွယ်တို့-ဦးမာဒင်တို့ သြော်... တယ်လိုပါက လားဆိုတာ ပေါ်လာဘယ်... (ပေါ်ပါတယ်ဘုရား)။

တယ်လိုပါကလားဆိုတာ ကြည့်ပါလား... ပန်းတိမ်သည် ကလေး ရှင်သာရိပုတ္တရာက သူ့ဆွမ်းခံအိမ်က ခလေးကလေး သူ သက်နှီးဝတ်ပေးတယ်... (မှန်ပါ့) တခါတည်း သက်နှီးဝတ်ပြီး ကျင့်ကွာ၊ အသုဘကိုတွဲ.... (မှန်ပါ့) တော်တော်ကြာ တလ လောက်ရှိတော့ ဝါဆိုလပြည့်က ဝါခေါင်လပြည့်လောက်ကျ ရောဲ့ မေးကြည့်ဘယ်၊ မင်းဘယ်နှယ်နေသတုံး ပြောစမ်းပါ ဦး... တဲ့၊ ဘာမှ မမြင်သေးပါဘူးဘုရာ့....(မှန်လှပါ)။

ဝါခေါင်လပြည့်က တော်သလင်း လပြည့်လောက်ကျတော့ တခါခေါ်ပြန်ဘယ်၊ မင်းဘယ်နှယ်တုံး....ကွ ငါပေးထားတဲ့ ကမ္မဋ္ဌာန်း မမြင်သေးဘူးလားတဲ့၊ မမြင်သေးဘူးဘုရာ့၊ အင်း... ကိုယ်ခေတ်ကြီးက လျှော့ချင်လာဘယ်၊ မင်း ငါချွတ်လို့ ကျွတ် မထင်ပါဘူ တဲ့....(မှန်ပါ့)။

နောက် သိတင်းကျွတ်ခတော့ မေးကြည့်တော့လဲ ဦးမာဒင် မရှောင်းနိုင်ပြောတယ်....(မှန်ပါ့) ဒီတွင် ကိုယ်တော်ကြီးက ဆုံးဖြတ် ချက်ချတယ်....(မှန်ပါ့) ငါက သာဝက... တဲ့၊ သာဝကချွတ်လို့ ရမည့်ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ဗုဒ္ဓဝေနေယျထင်ပါရဲ့၊ ဘုရားချွတ်မှ ရမှာထင်ပါရဲ့လို့ သူက အောက်မေ့တယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားဆီ ဒီရဟန်းကလေးခေါ်ပြီးသွားတော့ ဘုရားက ပြုံးတာပေါ့ဗျ (မှန်ပါ့) အင်း....ရှင်သာရိပုတ္တရာ ကမ္မဋ္ဌာန်းပေးလဲနေပြီ....တဲ့....(မှန်လှပါ)။

လဲနေပြီ၊ ဘယ်လိုလုပ်,ဘယ်လိုကိုင်ဆိုတာ သူ့မှာ အပြင်အဆင်မရှိဘူး၊ အမေမှာတဲ့ဆန်ဟခဲ့ သုံးစိတ်နဲ့မလဲ ဖြစ်နေပြီ....(မှန်ပါ့) ဒါ..ပညာတေဒဂ်ရပြီးသားဗျ....(မှန်လှပါ)ဒါတောင် တကာကြွယ် ခြေချော်နေတယ်ဆိုတော့ ပြောဘို့လိုသေးသလား (မလိုပါဘုရား)။

သြော်....ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲကွာ....တဲ့၊ မင်းတပည့် အပ်သားခဲ့ဘာပေါ့၊ မင်း ညနေဘခေါက်လာခဲ့တာပေါ့တဲ့...(မှန်ပါ့) ပြောတောင် ပြောလိုက်သေးတယ်....(မှန်ပါ့)။

အင်း.... ကိုယ်တော်မြတ်ကြီးက ကြာပွင့်ကြီး သဲပုံခပါမှာ တန်ခိုးနဲ့ စိုက်ပြီး ကြာပွင့်တွေကြွကျတာ အနိစ္စအဖြစ်ကို ပေးချလိုက်ဘယ်.... (မှန်ပါ့) အဲဒါရှုကွာ....အဲဒါရှုကွာ...တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ အဲဒီလို ကြွကျတာမျိုး ခင်စရာမင်စရာရှိရဲ့လား.... (မရှိပါ) ခင်စရာ မင်စရာမရှိယင် တဏှာသေတာဘဲ၊ တဏှာသေလို့ရှိယင် ကမက်ရနိုင်တာဘဲ၊ နောက် မျှားမျှား သေလို့ရှိယင် ဇာတ်ကောင်ကောင်ကောင

ကြာပန်းလိုဘဲ ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ အနီစွတ်ဝေလည်နေတယ်၊ ပြန်ကြည့်လိုက်ဆိုတော့ ဟိုမှာ ရဟန္တာဖြစ်နေပြီ... (မှန်ပါ့)။

ညနေကျတော့ ရှင်သာရိပုတ္တရာလာတော့ အံ့အားသင့်တယ် (မှန်ပါ့ဘုရား) တကာကြွယ် ဘာဖြစ်လို့ အံ့အားသင့်နေသလဲ၊ သူ နည်းပေးလွှဲနလို့... (မှန်ပါ့-နည်းပေးလွှဲနေလို့ပါဘုရား)။

ဟိုမှာတော့ တရက်နဲ့ပြီးတယ်.. (မှန်ပါ့) သူ့မှာတော့ ရက်ပေါင်း ကိုးဆယ်....(မှန်ပါ့ဘုရား) ကိုးဆယ်နဲ့ တရက်နဲ့ဆိုတော့ ဦးလှဘူး မကွာလား....(ကွာပါတယ်ဘုရား)။

အဲဒါ ဘာလိုလို့ဆိုတာလဲ တကာတကာမတွေ နှိုင်းချိန်ကြည့် ပေါ်ပါပြီ... (နည်းပေးလိုလို့ပါဘုရား) နည်းပေးဆရာလိုနေတယ်....(မှန်လှပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့်ခင်ဗျားတို့ ဆရာကတော့ဖြင့် အခု နည်းပေးမလိုပါဘူး (မလိုပါဘုရား) ခင်ဗျားတို့က လိုယင်တော့ ကြာလိမ့်မယ်... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဆရာကတော့ဖြင့်... (နည်းပေးမလိုပါဘုရား) နောက် ကြာနေယင်တော့ ဘယ်သူလိုလို့လဲ.... (တပည့်တော်တို့ လိုလို့ပါဘုရား)။

အဲဒါလဲ ဂုဏ်မယူကြပါနဲ့... (မှန်ပါ့) ဟာ.. တပည့်တော်တို့ လိုတယ်ဘုရား၊ လိုတာတော့ မပြောနဲ့တော့ဘုရား၊ အို.... ပြောပါရစေဦး၊ ရိပ်မိပလား.. (ရိပ်မိပါပြီ) လိုတာတော့ ပြောပါရစေဦး တကာကြွယ်၊မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်

ဘုရား) ဘယ်နှယ် ဖျင်းတာတွေ အကုန်ဖေါ်ပါရစေဦး-(မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါလောက် ခင်ဗျားတို့ ဖျင်းတာတွေသည်ကားလို့ ဆိုယင် ကိုယ်လိုလို့ သာမှတ်ပေတော့၊ ဒီဥစ္စာ နည်းပေးဖြင့် ကုန်နေပြီ... (ကုန်နေပါပြီဘုရား)။

တကာကြွယ် နောက် မည်ည်းနဲ့နော်.... (မည်ည်းပါဘုရား) ဩော်.... နိဗ္ဗာန်ဆိုတာ လွယ်လွယ်လား မှတ်တယ်ဘုရား၊ လုပ်တော့ အတော်လုပ်ရပါကလား....(မှန်ပါ့)။

အံမာ...လေချိုတော့ မသွေးလာနဲ့.... (မှန်ပါ့) နေရာ မကျဘူး....တဲ့၊ ကိုယ်လိုတာသက်သက်....(မှန်ပါ့)။

လာတာရှုတယ်ဆိုကတည်းက အနိစ္စဥာဏ်ပြတ်သေးရဲ့လား (မပြတ်ပါဘုရား) ဘယ်ကလာပြီး ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်နိုင်သေးရဲ့လား....(မဆက်နိုင်ပါဘုရား)။
မဆက်နိုင်လို့ ရှိယင် မဆက်တာဟူသ၍ နိဗ္ဗာန်ချည့်ကျေးဇူးပြုတယ်....(မှန်ပါ့)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဆုံးယင် ဘာဆိုကြမယ်.... (နိဗ္ဗာန်ပါဘုရား) ဘယ်နေရာကဆုံးဆုံး တဏှာကဆုံးလဲ တဏှာဆုံးလို့ နိဗ္ဗာန်ဘဲ (မှန်ပါ့) ဥပါဒါန်ဆုံးယင်ကော....(နိဗ္ဗာန်ပါဘုရား)ကံဆုံးယင်ကော....(နိဗ္ဗာန်ပါဘုရား)။

အဲဒါတွေ သေသေချာချာ မှတ်ထားပါ... (မှန်ပါ့)တဏှာငြိမ်းလဲနိဗ္ဗာန်၊ ဥပါဒါန်ငြိမ်းလဲ....(နိဗ္ဗာန်ပါ)ကံငြိမ်းလဲ-(နိဗ္ဗာန်ပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး "ကုသလာကုသလံ ဇဟာ" ဆိုတော့ ဘုရားဖြစ်တာဘဲ....(မှန်ပါ)။

ဟာ.... ဥပါဒါန်မရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘဝပဋိသန္ဓေမနေဘူး ဆိုတော့လဲ နိဗ္ဗာန်ဘဲ... (မှန်ပါ)"တဏှာနိရောဓော နိဗ္ဗာနံ"လို့ ဆိုလိုက်ပြန်တော့ တဏှာချုပ်တော့ကော....(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သူ့အဆက်မခံနိုင်တဲ့ ကျုပ်တို့လာ သၚ် ဖြစ်ပျက်ရှိနေတဲ့ကံသည် တဏှာကိုလဲငြိမ်းစေလို့ နိဗ္ဗာန်.... (မှန်ပါ) ဥပါဒါန်လဲ ငြိမ်းစေလို့.... (နိဗ္ဗာန်ပါဘုရား)ကံကိုလဲ ကုန်စေလို့.... (နိဗ္ဗာန်ပါဘုရား) ကဲ....တကာကြွယ် ဝေးသလား (မဝေးပါဘုရား)။

ကိုင်း.... တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်တာဟာ နိဗ္ဗာန်ဘဲ ကိုယ်ကမပြတ်လို့ မပြတ်တာ....(မှန်ပါ)ကိုယ်က လာ တိုင်းသာ ဥာဏ်နဲ့ဖြတ်ပေးနေယင်.... (ပြတ်ပါတယ်ဘုရား) ပြတ်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားက"ယထာယထာ ပနဿ ကာယော ပဏိ ဟိတော၊ တထာတထာ ပဇာနာတိ" အို....လာတာသာရှိနေကဲ့-တဲ့....၊ နောက်ဆုံးပိတ် နိဂုံးချုပ်လိုက်တယ်....(မှန်ပါ)။

တကာကြွယ် ဘာတဲ့.... (လာတာကိုရှိနေပါတဲ့ဘုရား) လာ တာရှိနေကဲ့....အကုန်ကြားထိုးလဲရှိ၊ပင်ကိုယ်ရှိတာလဲရှိ(မှန်ပါ) ပင်ကိုယ်ရှိတဲ့နေရာမှာ ကြားထိုးလာယင်လဲ.... (ရှိရမှာပါဘုရား) ဒီလိုဆိုတော့ တကာသစ် ဥာဏ်ပြတ်သေးရဲ့လား.... (မပြတ်ပါ ဘုရား)။

ဉာဏ်မပြတ်လို့လဲ ဉာဏ်ထက်တယ်....(မှန်ပါ့) အရှုပ်တရား တွေကိုလဲ အကူအညီယူသောကြောင့် ကျုပ်တို့သည် ချမ်းသာတယ်....(မှန်ပါ့ဘုရား)။

အရှုပ်တရားတွေ အကူအညီရသောကြောင့်.... (ချမ်းသာပါတယ်) ဉာဏ်ကလဲ လာဘာရှုနေသောကြောင့်....(ထက်ပါ့တယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ချမ်းသာစွာကျင့်၍ မြန်မြန်ရမယ် (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဘယ်လိုပါလိမ့်ဗျာ.... (ချမ်းသာစွာကျင့်၍ မြန်မြန်ရမှာပါဘုရား) ချမ်းသာစွာကျင့်၍ မြန်မြန်ရမည့်နည်းကို ယနေ့ပေးတာဘဲ....(မှန်ပါ့)။

ကိုင်း....တကာတကာမတို့ ၃-နံပါတ်ကလေး ပြောပါဦးတဲ့-(မှန်ပါ့) ချမ်းချမ်းသာသာ ကျင့်ပြီးတော့ နှေးနှေးမှရမယ်....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး.... (ချမ်းချမ်းသာသာ ကျင့်ပြီးတော့ နှေးနှေးမှရပါမယ်ဘုရား)။

ချမ်းချမ်းသာသာကျင့်ပြီး နှေးနှေးမှရမယ်လို့ ဆိုထားပြန်တော့ အင်း... သူချမ်းသာတာကတော့ ကိုးလသာတော့ဖြင့် ပါးရဲ့ပေါ့ဗျာ....(မှန်ပါ့)။

ကိုလေသာကတော့ ပါးတယ်တဲ့ တကာတကာမတို့(မှန်ပါ့) ကိုလေသာပါးတဲ့အတွက် ကျင့်ရတာတော့ဖြင့် သိပ်ပြီးသကာ

က မပင်ပန်းဘူးပေါ့ဗျာ....(မှန်ပါ) နေ့းတော့.... (နေ့းပါတယ်ဘုရား)။

အဲဒီနေ့းတဲ့ ပုဂ္ဂိုလ်ကလဲ တကာတကာမတို့ တခြားမှဟုတ်ဘူးတဲ့၊ ဉာဏ်ဝေးလို့ နေ့းတာ... (မှန်ပါ့)။

ဘယ်လိုယူကြမယ်....(ဉာဏ်ဝေးလို့ နေ့းတာပါ) ဉာဏ်ဆက်ဝေးလို့-လို့ ယူလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုယူကြမယ်.... (ဉာဏ်ဆက်ဝေးလို့ပါ) ဉာဏ်ဆက်ဝေးလို့ နေ့းတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ဉာဏ်ဆက်ဝေးလို့ နေ့းပါတယ်ဆိုတာလဲတကာသစ်တခါတည်း သံသယရှိဘို့လိုသေးသလား.... (မလိုပါဘုရား) ဉာဏ်ဆက်နီးယင် အမြန်ရမယ်.... (မှန်ပါ့)။

ဉာဏ်ဆက်နီးယင်.... (အမြန်ရပါမယ်) အမြန်ရမယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားက ဒီပုဂ္ဂိုလ်လဲ ရှိသေးသကဲ့ တဲ့.... (မှန်ပါ့)ချမ်းချမ်းသာကျင့်ပြီးသကာလ နေရငြားသော်လဲ အရနေ့းတယ်ကဲ့ဆိုတော့ သြော်... ဉာဏ်,တဉာဏ်က တဉာဏ်ဖြစ်ပျက်မြင်တာ တော်တော်ဝေးနေလို့ဘဲ.... (မှန်ပါ့) မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီလိုဆိုထိုက်တော့ ဘုန်းကြီးတို့က တကာတကာမတွေ့ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောသားတာ ရှိသေးတယ်....၊ ဟုတ်လား... (မှန်ပါ့)။

နေ့းတယ်ဆိုတာကလဲ တကာတကာမတို့ ဝိရိယပေါ့လို့....၊ ဒါ့ကြောင့် တပည့်တော်တို့ ဆွမ်းကလေး,ကွမ်းကလေးနဲ့သင်္ခါရ ပြုတော့ လူ့သင်္ခါရ, နတ်သင်္ခါရ ကျတော့ ဝိရိယက မပြော့ဘူးလား....(ပြော့ပါတယ်ဘုရား)။

အဲဒီတော့ အဲဒီနေရာကျတော့ တကာသစ်တို့က ဝိရိယပြင်းထန်ပေးလိုက်....(မှန်ပါ) လာသ၍ရှုဗျာ၊ မလွတ်စေဘူးဟော့ ဆိုတဲ့ ဝိရိယ ဘာလုပ်ပေးရမလဲ.... (ပြင်းထန်ပေးရပါမယ်)ပြင်းထန်ပေးရမယ်ဆိုတာ ပေါ်လာပလား .... (ပေါ်လာပါပြီ ဘုရား)။

ဒါဖြင့် ဝိရိယ ပြင်းထန်ပေးလိုက်တဲ့ အခါကျတော့ နေ့းသလား.... (မနေ့းပါဘုရား)။

သူ့ဟာသည်ကား... လို့ ဆိုယင် ကံပေးမှ ယူမယ်ဆိုတဲ့ အဓိပ္ပါယ်ကိုး.... (မှန်ပါ) ဘုန်းကြီးများက အို... ဝိရိယနဲ့သာ မြန်မြန်ယူလိုက်တာ အေးပါဘယ်ဆိုတော့ လာသ၍သာခင်ဗျားတို့က ဖြစ်ပျက်ရှုပေး၊ ဝိရိယ ပြင်းပြင်းထန်ထန်နဲ့ လုပ်လိုက်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမယ်.... (ဝိရိယ ပြင်းပြင်းထန်ထန် လုပ်ကြရပါမယ်ဘုရား)။

ဝိရိယ ပြင်းပြင်းထန်ထန်နဲ့ လုပ်လိုက်ပြီဆိုမှဖြင့် မရဒဿနတာ ရအောင်ဘဲလုပ်မယ်၊ ရပြီးသား ခိုင်မြဲအောင် လုပ်မယ်ဆိုတဲ့ ဝိရိယ နှစ်ခုသုံးလိုက်တာပေါ့....(မှန်ပါ)။

ဘုရားက ဒီဥစ္စာ ချမ်းချမ်းသာသာကျင့်ပြီး နေ့နေ့မှုရမယ် ဆိုတော့ နေ့တာတော့ ကျုပ်တို့မခံနိုင်ဘူး ဆိုပြီး ကိုယ့်စိတ်ထဲ ကအမြန်ဘဲရချင်တယ်၊ အသေကစောသွားယင် ခက်မယ်ဆိုပြီး သာကာယ... တဲ့၊ ချမ်းချမ်း သာသာနဲ့ ကျင့်ရငြားသော်လဲ လာသ၍ကိုဖြင့် တကာတကာမတို့ ကိလေသာကတော့ဖြင့် သူ-ပါးတော့ပါးတယ်၊ ပါးပေမဲ့လဲ ပါးသလောက် ကြားတော့ထိုး ဦးမှာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပါးသလောက်... (ကြားထိုးဦးမှာပါ) ကြားထိုးဦးမှာဘဲ.... (မှန်ပါ့)။

အဲဒီကြားထိုးကို တကာတကာမတွေက ဘယ်လိုလုပ်မလဲ.... (ဖြစ်ပျက်ရှုရမှာပါဘုရား)သူကတော့ ဖြေးဖြေးမှ ကြားကလေး တခါ-တခါထိုးမယ်....(မှန်ပါ့) ကိလေသာ ပါးတဲ့ပုဂ္ဂိုလ်ကိုးဗျ- (မှန်ပါ့)။

သို့သော် ထိုးတာကိုပင်လျှင် ကျုပ်တို့က ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကိုင်း... ဒါဖြင့် ဖြစ်ပျက်တွေ့ချည့် ရှုထားတာကလဲ ဥာဏ်က လဲထက်... (မှန်ပါ့) ကြားထိုးကိလေသာက ပဋ္ဌိစ္စသမုပ္ပါဒ်ဆက် မလို့ လာတာလဲ ကျုပ်တို့ ဆက်ရသေးရဲ့လား.... (မဆက်ရပါ ဘုရား)။

မဆက်ရတော့ နဂိုရ်ကလဲ ဥာဏ်ရှိန်ကကြီး လာတာကလေး ကိုလဲ ဥာဏ်အဖြစ်နဲ့ဘဲ ဥာဏ်နဲ့ဘဲ အသုံးချလိုက်တယ်- (မှန်ပါ့ ဘုရား)။

ဘယ်လိုလုပ်လိုက်သလဲ....(ဥာဏ်နဲ့ဘဲ အသုံးချလိုက်ပါတယ် ဘုရား)။

ဥာဏ်နဲ့ဘဲ အသုံးချလိုက်ခဲတာ့ တကာတကာမတို့ ချမ်းချမ်းသာသာလဲ ကျင့်ရ.... (မှန်ပါ့) ဥာဏ်ချည့်အသုံးချတဲ့ အတွက် မြန်မြန်လဲရ....(မှန်ပါ့) ဒါဖြင့် စတုတ္ထထဲဝင်သွားတယ်- (မှန်ပါ့ ဘုရား)။

ဒါဖြင့် ပဌမလဲ စတုတ္ထထဲဝင်တာဘဲ.... (မှန်ပါ့) ဒုတိယကော....(စတုတ္ထထဲဝင်ပါတယ်ဘုရား)တတိယကော.... (စတုတ္ထထဲဝင်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့ အသက်တမ်းကလဲ တကာကြွယ် အင်မတန်တိုပါတယ်... (တိုပါတယ်ဘုရား)။

အသက်တမ်းက....(တိုပါတယ်) အင်း....လေကလေးပြင်ဘက်ထုတ်တဲ့စိတ်ကလေးပြီးယင် နောက်ရှိုက်တဲ့စိတ် ဝမ်းထဲကမပေါ်တော့ဘူးတကာကြွယ်ဘယ်လိုဆုံးဖြတ်ချက်ချမလဲ(သေပါတယ်) သြော်.... တယ်တိုဘဲ့ အသက်တမ်းပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

အခုလိုတခါ အတွမ်းမစ်တွေ့ ဘာတွေ့ အသံတွေ့,ပလုံတွေ့နဲ့ ရှုပ်လာပြန်တော့လဲ အင်း... ကမ္ဘာကြီးတောင် ပျက်နိုင်ပါလားဆိုတဲ့ အတိုကကော....(တိုပါတယ်) မရှိဘူးလား .... (ရှိပါတယ်ဘုရား)။

အဲဒါတွေရှိနေတော့ ဒါ့လောက်တိုတဲ့ အထဲမှာ ကျုပ်တို့က ဆင်းဆင်းရဲရဲကျင့်၊ နှေးနှေးမှုရမယ်... (မှန်ပ၊) ဆင်းဆင်းရဲရဲ ကျင့် မြန်မြန်ရမယ်၊ ဒါလဲမလိုချင်ဘူး.... (မှန်ပ၊) ချမ်းချမ်း သာသာကျင့်ပြီး နှေးနှေးမှုရမှာကော....(မလိုချင်ပါဘုရား)။

ဟာ- မြန်မြန်ကြီးတခါတည်း တကာတကာမတို့ ချမ်းချမ်း သာသာလဲကျင့် မြန်မြန်လဲရတဲ့နည်းကိုလိုက် .... (မှန်ပ၊ဘုရား)။

ဘယ်ဟာလိုက်ကြမယ်.... (ချမ်းချမ်းသာသာကျင့်ပြီး မြန်မြန် ရတဲ့နည်းကို လိုက်ရပါမယ်ဘုရား)။

တကာတကာမတွေ ကျင့်တဲ့အခါလဲ ချမ်းချမ်း သာသာ ဆိုကော့ တကာတကာမတို့ အကြိုက်ဘဲကျမယ် .. (ကျပါတယ်) အမြန်ရတယ်ဆိုတော့ .. (အကြိုက်ဘဲ ကျပါတယ်) ဒါဖြင့် ကိုယ့် အကြိုက်က ဟိုမှာ ၄-နံပါတ်မှာသွားနေတယ်.... (မှန်ပ၊ဘုရား)။

ကိုယ့်အကြိုက်က.... (၄-မှာသွားနေပါတယ်) ၄· ဆိုတာ ဘာပါလိမ့် တကားကြွယ်ရေ .... (ချမ်းချမ်းသာသာကျင့်ပြီး မြန် မြန်ရတာပါဘုရား)။

ချမ်းချမ်းသာသာလဲ ကျင့်ရတယ်၊ အမြန်လဲရတယ်၊ ၄-နံပါတ်ကလေ.... (မှန်ပ၊ဘုရား)။

ခင်ဗျားတို့အကြိုက်ဆုံးဒီထဲမှာဘယ်ဟာပါလိမ့်....(၄-နံပါတ် ပါဘုရား)၄-နံပါတ်ဘဲ....(မှန်ပ၊ဘုရား)။

ဒါဖြင့် ၄-နံပါတ်ဟာ ခင်ဗျားတို့၏ ခေတ်ကြိုက်ဘဲဆိုယင်လဲ မလဲ့ပါ.. (မှန်ပ၊) ၄-နံပါတ်ဟာ ခေတ်အကြိုက်ဘဲဆိုယင် .... (မလဲ့ပါဘုရား)။

အဲဒီ၄-ဖြစ်ချင်လို့ ရှိယင်လဲ ၁-ကိုလဲပြင်ယင်ရပါတယ်(မှန်ပါ့) ၂-ကိုပြင်ယင်လဲ....(ရပါတယ်) ၃-ကိုပြင်ယင်... (ရပါတယ်) ဒါကတော့ ဆရာသမားအပေါ်မှာ မှီတယ်.... (မှန်ပါ့ဘုရား)။

ပင်ကိုယ်ပါရမီက ၁-ပုဂ္ဂိုလ်လဲပါကြတာဘဲ....(မှန်ပါ့ဘုရား) ၂-ပုဂ္ဂိုလ်လဲ....(ပါ ပါတယ်) ၃-ပုဂ္ဂိုလ်.... (ပါ-ပါတယ်) ပါကြတာဘဲ၊ သို့သော် မျိုးသောအားဖြင့် ၁-၂-၃- ကတော့ မျိုးတယ်....(မှန်ပါ့) ၄-ဟာ ဘုရားလက်ထက်က လူတွေ့မျိုးတယ်.... (မှန်ပါ့ဘုရား)။

၄-ဟာ....(ဘုရားလက်ထက်က လူတွေ့မျိုးပါတယ်)သဘောကျပလား....(ကျေပါပြီဘုရား)။

အခု အမျိုးဆုံးကို ရေတွက်ယင်ဖြင့် ၁-ပုဂ္ဂိုလ်မျိုးတယ်.... (မှန်ပါ့) အဲဒီ ၁-ပုဂ္ဂိုလ်ကို ၄-ပုဂ္ဂိုလ်ဖြစ်ချင်ယင်လဲ ခင်ဗျားတို့ အခုပြောတဲ့နည်းကိုသာ လိုက်ပါ... (မှန်ပါ့ဘုရား)။

၁-ပုဂ္ဂိုလ်ဟာ ၄-ဖြစ်ချင်ယင် .... (အခုပြောတဲ့နည်းကိုသာ လိုက်ရပါမယ်ဘုရား)။

ပြောတဲ့နည်းဆိုဘာက ကြားထိုးကိလေသာကို ကိုယ်ပိုင်ဖြစ်အောင်လုပ်ဘို့ဘဲ .. (မှန်ပါ့ဘုရား)။

ဘာဆိုကြမယ် (ကြားထိုးကိလေသာကို ကိုယ်ပိုင်ဖြစ်အောင်လုပ်ဘို့ပါ) သဘောကျပလား... (ကျေပါပြီဘုရား)။

ကြည့်ပါဘဲ့ တကာဘကာမတို့ ဒါချစ်ရိုယတို့ ယူဇနာ တရာ့နှစ်ဆယ်ခရီး ညတွင်းပေါက်ပြေးတယ်.... (မှန်ပါ့) ဘုရားက

ဆွမ်းခံသွားနေတာ၊ ဆွမ်းခံရင်းမတ်တတ် အရှင်ဘုရား တရားဟောပါတဲ့....(မှန်ပါ့ဘုရား)။

ဆွမ်းခံရင်းမတ်တတ် တရားဟောပါဆိုတော့ ဟာ... ဒါရှစ်-ဘယ်ဆွမ်းခံရင်း တရားဟောရမှာတုံး၊ မဟုတ်ပါဘူးကွ၊ ဝတ္တရား ပျက်ကုန်လိမ့်မယ်....(မှန်ပါ့ဘုရား)။

မဟုတ်ဘူးဘုရာ့၊အရှင်ဘုရားဆွမ်းဘုန်းပေးရဘာကြောလှုပါပြီ ဘဝမျှားစွာသံသရာမှာ ဆွမ်းမစားဘူးခဲ့တာ မရှိပါဘူး(မှန်ပါ့) မြန်မြန်သာဟောပါ.... (မှန်ပါ့) အရှင်ဘုရားခန္ဓာကိုယ်ကလဲ အနိစ္စ၊ တပည့်ဒေါ်ခန္ဓာကိုယ်ကလဲ အနိစ္စ၊ ဒါ့ကြောင့်မြန်မြန် ဟောပါလို့ ပြောဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တားမြစ်တယ်၊ ဒါရှစ်ရိယက အမောဆိုက်နေတော့ ဥာဏ်ကလေးက မထက်ဘဲဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

သူက ယူဇနာ တရာ့နှစ်ဆယ်ခရီး ညတွင်းချင်းလာခဲ့ရတယ် (မှန်ပါ့)အဲဒီတွင် ဥာဏ်ကတိမ်နေတယ်... (မှန်ပါ့) ဟိုဝိတက် တွေက ဝင်နေတယ် .. (မှန်ပါ့ဘုရား)။

ဒီတွင် ဘုရားက ဆိုင်းပါဦးကွဆိုပြီး နောက်တပြုလောက် ဆွမ်းခံသွားပြန်တော့ အရှင်ဘုရား- ဟောပါတော့ဘုရား မဖြစ်ဘူး ဆိုပြီးသကာလဟောခိုင်းတော့လဲ နေပါဦးကွတဲ့၊အမောက ကောင်းကောင်းမပြေသေးလို့....(မှန်ပါ့ဘုရား)။

အမော ကောင်းကောင်းမပြေသေးတော့ ဥာဏ်က ထက်ပါ့မလား....(မထက်ပါဘုရား)။

အဲဒါနဲ့ နောက်သုံးခါကျတော့ ကဲကွာ မင်းသည်ကားလို့ ဆိုယင် မြင်တာ ဖြစ်ပျက်ရှု....(မှန်ပါ့) ကြားတာကို....(ဖြစ်ပျက်

ရှုရပါ့မယ်) အေး.. အဲဒါ အကုန်ရှုလိုက်လို့ရှိယင် ပြီးတာပါ ဘဲကဆိုတော့ ဘုရားလဲဟောပြီးရော သူလဲရှုလိုက်တာဘဲ၊ရှုလိုက် သည်နဲ့တပြိုင်နက်တည်း မဂ်လေးတန်ကို ခြေထောက်မှီရင်း ရတယ်....(မှန်ပါ့)မမြန်ဘူးလား.. (မြန်ပါတယ်ဘုရား)။

အဲဒါ ဘာတုံးဆိုလို့ရှိယင် တကာတကာမတို့ ကဲ... မြင်တာ ရော,ကြားတာရော,ဘာရော အကုန် လုံးပြီးသကာလ အကုန်သာ ဖြစ်ပျက်ရှုတော့ကဆိုတော့ ဒီတရားထဲပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လာသ၍ကို အကုန်ဘာလုပ်မယ်... (ဖြစ်ပျက်ရှုရပါမယ်) အဲ... လာသ၍ ဖြစ်ပျက်ရှုဆိုတော့ တကားတကာမတို့ ဒီကိုလေ သာ အလုပ်ကြီးကော ဆင်းရဲပေးမလို့ လာတာကော ကျုပ်တို့ ကို ကန့်ကွက်နိုင်သေးရဲ့လား....(မကန့်ကွက်နိုင်ပါဘုရား)။

သူလာလို့ရှိယင် သူ့စကားနားထောင်လို့ရှိယင် ကျုပ်တို့ အလုပ်ရှည်သွားမယ်....(မှန်ပါ့) အရေးနှေးသွားမယ် ... (မှန်ပါ့ ဘုရား)။

အဲဒီတော့ သူ့စကားလဲနားမထောင်ဘူး တခါတည်း ကြား ထိုးပါ ဖြစ်ပျက်ရှုလိုက်လို့ ဘုန်းကြီးတို့ပြောတာ ဒါရှုစိုရ် ပ ဟောနည်းကို ပြောလိုက်တာ....(မှန်ပါ့ဘုရား)။

တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ)ဦးမာဒင် ရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကပြန်တော့ထိုင်တာပေါ့ဗျာ(မှန်ပါ့) ထိုင်ကြည့်လိုက်တဲ့အခါကျတော့ လာတော့ ကြားထိုးကတော့

လာမှာဘဲ....(လာပါတယ်) လာတာဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမှ်ယ်ဘုရား)။

အဲ .... ဖြစ်ပျက်ရှုလိုက်တော့.... ပင်ပန်းဘို့ရာ သူက ကျုပ်တို့ကို အဖျက်သဘောနဲ့ လာတာ.... (မှန်ပါ့) ကျုပ်တို့က အပြုသဘောနဲ့ ရှုကြည့်လိုက်တော့ အဖျက်သဘောက အပြုသဘောဖြစ်သွားတဲ့အခါကျတော့ ကျုပ်တို့၏ရန်သူသည် ဟုတ်လား.... (မှန်ပါ့)။

ရည်ရွယ်ချက်က ရန်သူအဖြစ်နဲ့ လာတာ....(မှန်ပါ့) ကျုပ်တို့ဆီရောက်တဲ့ အခါကျတော့ မိတ်ဆွေအဖြစ်နဲ့ အမှုထမ်းသွားတယ်.. (မှန်ပါ့ဘုရား)။

ဒီလိုလုပ်ပစ်လိုက်လို့ ရှိယင် မကြာပါဘူး.... (မှန်ပါ့) ကဲ.... တကားတကားမတွေ့ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ကိလေသာကြားထိုးတိုင်း, ကြားထိုးတိုင်း ဘာလုပ်မယ်... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အတွက် ဆင်းရဲစွာ ကျင့်ရမှာလား တကာတကာမတို့တဲ့၊ ချမ်းချမ်းသာသာ ကျင့်ရမှာလား.... (ချမ်းချမ်းသာသာ ကျင့်ရမှာပါဘုရား)။

ဟာ... ကိုယ်က နဂိုရ်က ဖြစ်ပျက်ရှုနေတာဘဲ၊ သူကြားထိုးပေမဲ့ သူ့စကားမှ နားမထောင်တော့ ကျုပ်တို့က သူလဲ အရှုခံလာတာဘဲဆိုပြီး ဖြစ်ပျက်သာရှုလိုက်....(မှန်ပါ့ဘုရား)။

အဲဒါ ဉာဏ်ဘယ့်နှယ် ဖြစ်သွားသတုံး.... (ထက်သွားပါတယ်) ဉာဏ်ထက်ပြီးတော့လဲ ဂုဏ်ကြီးက မရင့်လား....(ရင့်ပါတယ်ဘုရား) ပညာရှိရင့်လာတယ်... (မှန်ပါ့)။

ဒါဖြင့် ချမ်းချမ်းသာသာကျင့်ရ၍ ဟုတ်လား... (မှန်ပါ) ဣန္ဒြေရင့်လွယ်သောကြောင့် တကာတကာမတို့ စတုတ္ထပုဂ္ဂိုလ် ဖြစ်ရတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ အလုပ်ပေးနည်းကို သေသည့် တိုင်အောင် ခင်ဗျားတို့ မဖျောက်ပါနဲ့.... (မှန်ပါ) အလွန်အရေးကြီးတဲ့ စကားဆိုတာလဲ သိလောက်ပါပြီ... (သိပါပြီဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ကဲ....ယခုနေ့ ဒီတွင်တော်ကြဦးစို့ ။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်းလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
(ကြီးပွားရေးဖျက်ဆီးသူဟု....ဘုရားကိုစွပ်စွဲသော)
မာဂဏ္ဍိပရိုင်ဝတ္ထု (၁)

နေ့အလုပ်ပေး-တရားတော်

(၅-၉-၆၁)

မျက်လုံးပေါက်က ပွားစည်းလို့ရှိယင် မျက်လုံးပေါက်က သံသရာထဲမှာ လည်လိမ့်မယ်နော်.... (မှန်ပါ့) မျက်လုံးပေါက်က မပွားစည်းဘူးဆိုလို့ရှိယင် မျက်လုံးပေါက်ကနေပြီး သံသရာ စခန်းဖြင့်လို့လဲ ရတယ်လို့မှတ်ကြပါ... (မှန်ပါ့ဘုရား)။

မျက်လုံးပေါက်က ပွားစည်းယင်လဲ မျက်လုံး ပေါက်က သံသရာလည်သွားမှာဘဲ . (မှန်လှပါ) မျက်လုံးပေါက်က နေပြီး သကာလ ဖြင့်လိုက် ပြန်လို့ရှိယင်လဲ တဏှာဥပါဒါန် မပွားလို့ ရှိယင်လဲ ဘုန်းကြီးတို့ တကာတကာမတွေ သံသရာပြတ်သွား တာဘဲ... (မှန်ပါ့ဘုရား)။

အဲဒါ ဘယ်သူ့ကို အကြောင်းပြုပြီး ဟောပါလိမ့်မတုံးဆိုတော့ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ မာဂဏ္ဍိပရိုင်ကို အကြောင်းပြုပြီး ဟောတယ်လို့ တကာတကာမတွေ မှတ်ထားရမယ်နော်.... (မှန်ပါ့)။

အဲဒီတော့ ယခုလို မျက်လုံးပေါက်ကနေပြီး သကာလ တကာ တကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ပုံးပုံကို ကြည့်ကြ၊ ဒါစို့ ဆိုတော့ .... ဒါ .... ကိုယ်ဖြစ်စဉ်လို့ အောက်မေ့ရမယ်နော် .... (မှန်ပါ့ ဘုရား)။

ဩော်....စာကဒီလိုဆိုတယ်လို့ ဒီလိုမယူပါနဲ့... (မှန်၊ ပါ့)စာက ဒီလိုဆိုတယ်လို့ မယူဘဲနဲ့ ဩော်... ဒို့ မျက်လုံးပေါက်က ဒီလို စိတ်စဉ်လဲ တန်းတတ်ပါကလား... ဒီလိုခန္ဓာစဉ်လဲ တန်းတတ် ပါလား၊ ဆိုတာလဲ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

မျက်လုံးပေါက်ကနေပြီး ဒီခန္ဓာအစဉ် ပြတ်တဲ့သဘောလဲ ရှိသေးတယ်ဆိုတာကိုလဲ မှတ်ရမယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ၊ တကာမတွေ သေသေချာချာ ပြတဲ့အခါကျလို့ ရှိယင် ဩော်... ဒီဥစ္စာ ဒို့ မျက်လုံးဖွင့်လိုက်လို့ ရှိယင် ဒီလိုလဲဖြစ်တတ်တယ်၊ ဒီလိုလဲ ပြတ်တတ်တယ်ဆိုတဲ့ နှစ်မျိုးကိုဖြင့် တကာသစ်တို့, တကာကြွယ်တို့ မှတ်ရလိမ့်မယ်.... (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် သံသရာထဲမှာ....၊ သံသရာဆိုတာကဘာ့ ခန္ဓာတို့ ဆက်စပ်သွားတာဟာ သံသရာ... (မှန်ပါ့) ခန္ဓာဟူသည် ဘာသစ္စာတုံး....(ဒုက္ခသစ္စာ၊ ပါဘုရား)။

ဩော်....ဒုက္ခသစ္စာတွေ ဆက်သွားလို့ ရှိယင်ဖြင့် ဒုက္ခဆက် တာ သံသရာလို့ ခေါ်တယ်....(မှန်ပါ့)ဒုက္ခ ပြတ်တာဟာ သံသရာ စခန်းပြတ်တယ်လို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

ဒုက္ခဆက်တာဟာ.... (သံသရာပါဘုရား) ဒီ-ဒုက္ခအဆက်တွေ ဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် သံသရာပြတ်တယ်လို့ ဆိုတာ မှတ်ပါ- (မှန်ပါ့ဘုရား)။

အဲဒီတော့ သံသရာသည် မိမိစိတ်စဉ်မဖြတ်နိုင်မှုဟာ သံသရာရှည်မှာဗဲ....(မှန်ပါ) ဟို-သံသရာကြီးက နှစ်တွေ, လတွေနဲ့ ဘာမှ မဆိုင်ပါဘူး....(မှန်ပါ့ဘုရား)။

နှစ်တွေ, လတွေ, ကမ္ဘာတွေချိပြီး ပြောနေကြငြားသော်လဲ သံသရာအစစ်ကတော့ဖြင့် ကိုယ့်စိတ်စဉ်တွေ ဆက်ပြီး စိတ်စဉ်, ရုပ်စဉ် ဆက်တာ ဘာခေါ်ကြမယ်.... (သံသရာပါဘုရား)။

ဟာ... ဒီဘဝမှာဗဲ စိတ်စဉ်,ရုပ်စဉ်တွေ ပြတ်ထွက်သွားတယ်လို့ ဆိုလို့ရှိယင်လဲ သံသရာစခန်း သတ်တယ်ဆိုရမယ်... (မှန်ပါ့) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ကိုင်း... တကာတကာမတွေ အကြိုက်ကလဲ သံသရာပွားမှုကို ကြိုက်တယ်....နော်.... (မှန်ပါ့) ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သံသရာပြတ်မှုကိုကြိုက်တယ်....(မှန်ပါ့)။

သံသရာပွားမှုဆိုတဲ့ဥစ္စာ သံသရာဆိုတာ ခန္ဓာတွေ.... ဥပမာမယ် တကာတကာမတွေသန္တာန်မှာ စိတ်စဉ်တွေ တန်းပြီး သကာလ စုတိပဋိသန္ဓေအထက် တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာမရဏာ၊ နောက်က သောက,ပရိဒေဝတွေကနေပြီး အဝိဇ္ဇာဆက် "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"လို့ ခန္ဓာကြီးတွေဆက်ပြီး ပတ်ဝိုင်းနေတာ သံသရာခေါ်တာဗဲ.... (မှန်ပါ့) ရှင်းပြီ... (ရှင်းပါပြီဘုရား)။

သံသရာပြတ်တယ်ဆိုတာကတော့ တကာတကာမတွေ ဒီကိုယ်လုပ်နေတဲ့အလုပ်က မဂ်ဉာဏ်က ဝင်ပြီး ကြားဖြတ်လိုက်ပြီဆိုမှုဖြင့် တဏှာ,ဥပါဒါန်ကံတွေ ချုပ်၊ သောက, ပရိဒေဝ, ဒုက္ခ,

ဒေါ်မနုဿတွေက မဆက်နိုင်တော့"အာသာ သမုဒယာ အဝိဇ္ဇာ သမုဒယော" "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတာတွေ ပြတ်ထွက်သွားတာကို သံသရာပြတ်နိုဗ္ဗာန်လို့ ခေါ်ပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ သေသေချာချာ စဉ်းစားကြည့်ဒေတာ့မှ ဒို့ဟာ သံသရာက ဘယ်သံသရာတုံး .... နှစ်သံသရာ-လ,သံသရာကို တကာကြွယ်တို့, ဦးမာဒင်တို့ မယူပါနဲ့.... (မှန်ပါ့) ခန္ဓာသံသရာကို ယူကြပါ....(မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

သံသရာဆိုတာ ဘာပါလိမ့်....(ခန္ဓာအစဉ်ပါဘုရား)ခန္ဓာတွေဆက်တန်းသွားတာ ဘာခေါ်မတုံး.... (သံသရာပါ) ခန္ဓာဆက်ပြတ်သွားတာကို သံသရာပြတ်တဲ့ နိုဗ္ဗာန်လို့,မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အလုပ်သဘောကို ပြောကြစို့....(မှန်ပါ့) ဥပမာ....ဒီဘက်က တကာတကာမတွေ အင်မတန် ချစ်နှစ်သက်တဲ့အာရုံတခု ဆိုကြပါစို့ တကာကြွယ်ရာ-(မှန်လှပါဘုရား)။

အဲဒီ အာရုံတခုကို တကာတကာမတွေက မျက်လုံးဖွင့်ပြီး သကာလ ကြည့်လိုက်တယ်၊ သားကလေး, သမီးကလေးအာရုံ၊ ပွဲလမ်းသဘင်အာရုံ၊ ဒါတွေ မျက်လုံးဖွင့်ပြီး ကြည့်လိုက်တယ်နော်...(မှန်လှပါ) ကြည့်လိုက်တယ်ဆိုကတည်းက ဒါ-သံသရာအစ,ပေါ်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

မြင်စိတ်ကလေးပေါ်လာတာ ဘာပါလိမ့်....(သံသရာ အစ, ပေါ်တာပါဘုရား)။

သံသရာ အစ,ပေါ်တယ်....(မှန်ပါ) ဩော်.. သံသရာဆိုတာ သည်ကားလို့ ဆိုလို့ရှိယင် တခြားလား အောက်မေ့နေတယ်၊ ဒို့ မျက်လုံးဖွင့်လိုက်လို့ ပေါ်လာတဲ့ မြင်စိတ်ကလေးကို ဆိုတာ ပါလား .... လို့ မှတ်လိုက်တာပေါ့...(မှန်ပါ)ဒီ့ပြင် " တိုက္ကာ သင်္ဂီတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" တွေ အသာထားပါဦး နော်....(မှန်ပါ) တကာတကာမတွေ နားလည်မှုနဲ့ပြောတော့ မျက်လုံးဖွင့်လိုက်တဲ့အခါ သားကလေးမြင်လိုက်,သမီးကလေးမြင် လိုက်,ကပြနေတာမြင်လိုက်၊ မြင်လိုက်တဲ့ စိတ်ကလေးဟာ ဘာ ခေါ်ကြမတုံး....(သံသရာ အစ,ပါဘုရား)။

သံသရာအစ၊ ဒါ....ခန္ဓာစ,တာဘဲ.... (မှန်ပါဘုရား) သူဟာ ဝိညာဏကွန္ဓာဘဲ... (မှန်ပါ)။

ဝိညာဏကွန္ဓာဆိုကတည်းက ဦးမာဒင်တို့က စဉ်းစားလိုက် ဒါ....ခန္ဓာစ,တာ၊ သံသရာအစ ခန္ဓာက,လို့မှတ်ပါ.... (မှန်ပါ) သဘောကျပလား....(ကျေပါပြီ)။

သံသရာအဆုံးလဲ ခန္ဓာဆုံးယင် ဆုံးတာဘဲ....(မှန်ပါ)သံသရာ အဆုံးဆိုတာ....(ခန္ဓာဆုံးယင် ဆုံးပါတယ်ဘုရား)။

သံသရာအစလဲ ခန္ဓာက စ,ဖြစ်တာဘဲ....(မှန်ပါ) စာလိုပြော လို့ ရှိယင်ဖြင့် အဝိဇ္ဇာတဏှာက စ,တယ်လို့ပြောလဲမှန်တာဘဲ.... (မှန်ပါဘုရား) သို့သော်လဲ အဝိဇ္ဇာလဲ သင်္ခါရကွန္ဓာ၊ တဏှာလဲ သင်္ခါရကွန္ဓာမို့ သံသရာအစ ခန္ဓာက,ဆိုတော့ မလွဲတော့ဘူး.... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဆင်းကလေး မြင်လိုက်ပါပြီ တကာ တကာမတို့ မြင်စိတ်ကလေးတော့ အစ,ပေါ်ပြီ....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ဒါ ဘာဖြစ်တာတုံးမေးယင် ဘယ်,နှယ်ပြောကြမယ်... (သံသရာစ,တာပါဘုရား)။

ဒါ.... သူ,ဟာသူ ခင်ဗျားတို့ မနေနိုင်လို, ကြည့်မိလို့,တော့ သံသရာတော့ ဖြစ်စ,ပေါ့... (မှန်ပါ့) သားကလေးကြည့်မိ, သမီးကလေးကြည့်မိ, ရွှေ-ငွေ-ကျောက်သံပတ္တမြားကြည့်မိ၊ မြင်တယ်ဆိုတာကလေးကတော့ စ,တာဘဲ....(မှန်ပါ့)။

မြင်ပြီးသကာလ တကာတကာမတွေ့သည်ကား... လို, ဆိုလို, ရှိယင်ဖြင့် မြင် လိုချင်ဆိုတဲ့ဥစ္စာ တခါတည်း နောက်က လိုက်လာတယ်.... (လိုက်ပါတယ်ဘုရား) မြင် ချစ်ခင်ဆိုတာကော်ဝ.... (လိုက်ပါတယ်ဘုရား) ဟာ....ဒါဖြင့် တသံသရာတိုးလာတယ်-(မှန်ပါ့) တသံသရာတိုးလာတယ်....။

တကာတကာမတို့ အရင်တုန်းကဘော့မြင်တဲ့စိတ် သံသရာခန္ဓာပေါ်တယ်.... (မှန်လှပါဘုရား) အခုတော့ ဂဏှာဆိုတဲ့ သင်္ခါရကွန္ဓာတို့ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်) အင်း ... ခန္ဓာနှစ်ခု ရှိသွားပြီ....(မှန်ပါ့) ခန္ဓာနှစ်ခုမရှိသေးဘူးလား.... (ရှိပါတယ်ဘုရား)။

အရင်တုန်းက မြင်ခန္ဓာ၊ အခုဟာက လိုချင်တဲ့ခန္ဓာ- (မှန်ပါ့ဘုရား) ဒါ....ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ပေါ်လို, ခန္ဓာဘဲ.... (မှန်လှပါဘုရား)။

တခြားကဟာလား၊ ခန္ဓာထဲပေါ်လို့ ခန္ဓာလား....(ခန္ဓာထဲပေါ်လို့ခန္ဓာပါဘုရား)။

ဒါဖြင့် အခု သံသရာနှစ်ခုရှိသွားပြီ....(မှန်ပါ့) သံသရာနှစ်ခုရှိသွားပြီတကာတကာမတို့.... (မှန်ပါ့) အင်း... သံသရာသည်ကားလို့ ဆိုယင် တခုက နှစ်ခုဖြစ်လာပြီ....(မှန်ပါ့)။

ဒါဖြင့် မြင်တယ်ဆိုတာ ချုပ်သွားယင် လိုချင်တယ်ဆိုတာ ခန္ဓာထဲ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

လိုချင်လို့ရှိယင် "တဏှာပစ္စယာ ဥပါဒါနံ"ဆိုသောကြောင့် စဲ့လမ်းတဲ့ ဥပါဒါန်ကော...(လာပါတယ်ဘုရား)။

အင်း....တကာသစ်ရေ....သံသရာတိုးလာတယ်.... (တိုးလာပါတယ်ဘုရား) ဦးမာဒင် ဘာဖြစ်လာသတုံး....(သံသရာတိုးလာပါတယ်ဘုရား)။

အင်း....ခန္ဓာသုံးခုဖြစ်လာတယ်....(သုံးခုပါဘုရား) တခုချုပ်လိုက်, တခုဖြစ်လိုက်၊ အခု သုံးခါရှိပြီ....တဲ့ ဖြစ်တာ.... (မှန်ပါ့) ဒါက တန်းပြတာနော်....(မှန်ပါ့) ဖြစ်စဉ်ကတော့ဖြင့် တခုချုပ်ပြီးမှ တခုဖြစ်ဘယ်ဘဲ မှတ်ကြတာပေါ့...(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ဥပါဒါန်သံသရာကြီးပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ဥပါဒါန်ဆိုတဲ့ ခန္ဓာသံသရာကြီးမပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒီဥပါဒါန်ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ-တဲ့ ဒီမြင်တာကလေးကို အနားကပ် ကြည့်မယ်ဆိုတဲ့ ကာယကံ....(မှန်ပါ့) သူနဲ့ပြောဆိုချင်တဲ့ ဝစီကံ...(မှန်လှပါ) စိတ်ထဲက ချစ်ခင်နှစ်သက်နေတဲ့ မနောကံ

တွေ့ကော.... (လာပါတယ်ဘုရား) ဒါဖြင့် ကံသုံးပါး ဒီရောက်လာတယ်....(မှန်ပါ့) ကံ-သံသရာပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ခုနင်က စဲ့လမ်းတဲ့ သံသရာချုပ်သွားတော့ ဘယ်သံသရာပေါ်လာသတုံး.... (ကံ-သံသရာပေါ်လာပါတယ်ဘုရား) ကံသံသရာပေါ်လာတယ်၊ သဘောကျပြီ....(မှန်ပါ့)။

ဒါက တကာတကာမတို့ ကြည့်မိလို့ပေါ်တဲ့သံသရာ·(မှန်ပါ့ဘုရား) ကြည့်မိလို့.... (ပေါ်တဲ့သံသရာပါဘုရား) ဪ.... ကြည့်မိလို့ပေါ်တဲ့ မျက်လုံးပေါက်ကနေပြီးသကာလ ပေါ်တဲ့သံသရာဆိုလို့ရှိယင် မလဲ့ဘူး... (မလဲ့ပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီကမ္မဘဝဆိုတာ ကံပေါ်လာတာ.... (မှန်ပါ့) ဒါဖြင့် တဏှာ ဥပါဒါန် ကံပေါ်လာတယ်... (မှန်ပါ့ဘုရား) ကံပေါ်လာတဲ့အခါကျတော့ စုတေမနေ သေလွန်တဲ့အခြားမဲ့ဌ် တကာတကာမတို့ " ကမ္မဘဝပစ္စယာ ဇာတိ " .... (မှန်ပါ့)။

ဇာတိဆိုတဲ့ ခန္ဓာငါးပါးပေါ်လာတယ်၊ စုတေသွားတော့လေ....(မှန်ပါ့) ကံက ဇာတိကိုဖြစ်ခွင့်မပေးဘူးလား.... (ပေးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီပဋိစ္စသမုပ္ပါဒ် နောက်ခန္ဓာပွားသောကြောင့်.... (မှန်ပါ့) နောက်ခန္ဓာပွားသွားတယ်ဆိုတာ မြင်လိုက်ပလား.... (မြင်လိုက်ပါပြီဘုရား) အခုခန္ဓာက ဆက်လိုက်တာ နောက်ခန္ဓာထိအောင်ဘဲ ဆက်မသွားဘူးလား....

(ဆက်ပါတယ်ဘုရား) ဒါ.... ဘာခေါ်ကြမယ်.... (သံသရာပါဘုရား) သံသရာရှည်တယ်....(မှန်ပါ့)။

ဒီဘက်သံသရာနဲ့ ၊ ဒါ...ပစ္စုပ္ပန်ဘဝသံသရာ....(မှန်ပါ့ဘုရား) ဒီဘက်က အနာဂတ်ဘဝသံသရာ... (မှန်ပါ့)။

အနာဂတ် သံသရာဆိုတော့ ဇာတိလာတော့ ဇရာ မရဏာ ဆိုတာက တကာတကာမတွေ့ရပြီးသိပြီးဖြစ်တဲ့ အိုမှု,သေမှု လိုက်လာတယ်.... (လိုက်လာပါတယ်ဘုရား) လိုက်လာတော့ ဒါလဲ သံသရာဘဲ . (မှန်ပါ့) ခန္ဓာတို့၏ အိုမှု,ခန္ဓာတို့၏သေမှုဘဲ.... (မှန်ပါ့)။

တကာတကာမတို့ ၁-၂-၃-၄ ဒါက ပစ္စုပ္ပန်သံသရာ- (မှန်ပါ့ဘုရား) ဒီဘက်က ဇာတိ ဇရာ မရဏာက အနာဂတ်သံသရာ.... (မှန်ပါ့)။

ဒါဖြင့် ဒီဘဝက စုတေမနေ သေလွန်ကော့ နိဗ္ဗာန်ရသလားတဲ့၊ ခန္ဓာတွေ့ပြန်ဖြစ်သလားဆိုယင်....(ခန္ဓာတွေ့ ပြန်ဖြစ်ပါတယ် ဘုရား)။

သြော်... ဒီဘဝတုန်းက သူ-မျက်လုံးပေါက်ဖွင့်လိုက်တုန်းကလဲ ဘာတွေ့ဖြစ်ပါလိမ့်....(ခန္ဓာဖြစ်ပါတယ်ဘုရား) ခန္ဓာသံသရာတွေ့ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

မျက်စိမှိတ်ပြီး သေပွဲဝင်လိုက်တော့လဲ ဘာတွေ့မျှား သူ့ရပါလိမ့်.... (ခန္ဓာသံသရာတွေ့ရပါတယ်ဘုရား) ဒါ... သံသရာရှည်တယ်လို့ ဆိုတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

စေ၊ဣန္ဒြေစောင့်ကြပါကွ....(မှန်ပါ့) သေသေချာချာ ဟောရှာ တယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီး ပစ္စုပ္ပန်သံသရာထဲမှာ အဖြတ်ခိုင်းပါလိမ့်မတုံးဆိုတဲ့ ကိုယ်တော်မြတ်ကြီး၏ စိတ်ထား ကရုဏာတော်သွားကို သိပလားလို့ မေးလို့ရှိယင် တကာ တကာမတွေ့ သိကြပလား....(သိပါပြီဘုရား) အနာဂတ် ဒုက္ခ သံသရာကြီး ဆက်လာမှာစိုးလို့....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်....(အနာဂတ် ဒုက္ခသံသရာကြီး ဆက်မှာစိုးလို့ ပါဘုရား)။

အနာဂတ် ဒုက္ခသံသရာကြီး ဆက်လာမှာစိုးလို့ တကာကြွယ် ရေ....(မှန်ပါ့)အားလုံး တကာတကာမတွေ့ ဉာဏ်ရောက်ပလား-(ရောက်ပါပြီဘုရား)။

ဩော်—ဒါဖြင့် သံသရာနှစ်ခု ပွားစည်းတဲ့ သံသရာတမျိုး-(မှန်ပါ့) တကာတကာမတို့ မပွားစည်းတဲ့ သံသရာတမျိုး ....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ပွားစည်းမှုကို သံသရာခေါ်တာဘာမျိုး....(မှန်ပါ့) ပွားစည်း မှု ရပ်စဲတာကို သံသရာပြတ်တယ်လို့ ခေါ်ပါတယ် .... (မှန်ပါ့ ဘုရား)။

ပွားစည်းမှု ရပ်စဲယင်....(သံသရာပြတ်တယ်လို့ ခေါ်ပါတယ် ဘုရား)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

တကာကြွယ် ဒီဥစ္စာက သူများဖြစ်စဉ် ပြောတာလား၊ မိမိ မိမိတို့၏ အားလုံးဆိုင်ရာတို့၏ မျက်လုံးဖွင့်မှုက သံသရာပေါ်

တာ ပြောတာလား .... (အားလုံး ဆိုင်ရာတို့၏ မျက်လုံးဖွင့်မှုက သံသရာပေါ်တာ ပြောတာပါဘုရား)။

ဩော်... ဒါဖြင့် သံသရာကို တကာတကာမတို့သံသရာကြီးက နောက်ကလဲ ရှည်ခဲ့ပြီ၊ ရှေ့လဲအရှည်ရှိသေးတယ်လို့ ခင်ဗျားတို့ ညည်းလုံးထုတ်မနေနဲ့....(မှန်ပါ) ပဋ္ဌမပြန်သံသရာ ဖြတ်လိုက်ယင် သံသရာပြတ်တယ်... (ပြတ်ပါတယ်ဘုရား)။

ပစ္ဆိမပြန်သံသရာ ဖြတ်လိုက်ယင်.... (အနာဂတ်သံသရာပြတ်ပါတယ်) အနာဂတ်သံသရာ ပြတ်တယ်ဆိုတာ ဦးလှဘူးယုံပလား (ယုံပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အခုပြထားတဲ့ ပစ္ဆိမပြန်နဲ့ အနာဂတ်ဆက်ပြတဲ့ သံသရာကြီးကတော့ဖြင့် ပဌားစည်းမှသံသရာလို့ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ပဌားစည်းမှ သံသရာပါ) ပဌားစည်းမှ သံသရာလို့ မှတ်ကြပါနော်... (မှန်ပါဘုရား)။

ကိုင်း ... ဒါဖြင့် အားလုံးတကာတကာမတွေ အကြိုက်ကအဆင်းကလေးမြင်တယ်ဆိုလို့ ရှိယင်ဖြင့် ဒီအဆင်းကလေးလှတာပ,တာမြင်တယ်ဆိုတဲ့စိတ် မြင်ပြီးယင် ဘယ်နည်းနဲ့မှ သူ့ကို မြင်တာတွင်မရပ်ခေတ့ဘူး(မှန်ပါ)မြင်ယင်ခင်တာဘဲ.... (မှန်ပါ) ခင်ယင် စဲ့လမ်းတာဘဲ....(မှန်ပါ) စဲ့လမ်းလို့ ရှိယင်ဖြင့် ဒီနေရာမရောက်-ရောက်အောင် သွားကြည့်မယ်ဟုတ်လား....(မှန်ပါ) ကိုယ့်သားသမီးဖြစ်လို့ ရှိယင်လဲ မရောက်-ရောက်အောင် စမ်းသပ်ကြည့်မယ်ဆိုတဲ့ ကာယကံ, ဝစီကံတွေက မလားဘူးလား ...

(လာပါတယ်)ဒါ ပြဌားစည်းမှုဆိုတာ ပေါ်လာကြပလား .... (ပေါ်လာပါပြီဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်တွေ စုတေမနေ သေလွန်တော့ ဒီကြားထဲမှာ စုတေစိတ်ကလေးကျပြီး သေလွန်တော့"ကမ္မဘဝ ပစ္စယာ ဇာတိ"(မှန်ပါ) အင်း....ဒီဘဝပြားလို့ဟိုဘဝလဲ ဘာဖြစ်ရသလဲ (ဇာတိဖြစ်ပါတယ်ဘုရား)။

ဒီဘဝမှာ ပြားပို့ အနာဂတ်နှာလဲ....(ပြားရပါဘယ်ဘုရား) ဩော် .... ဒီဘဝမှာမပြားယင် အနာဂတ်လဲ မပြားပါဘူး .... (မှန်ပါဘုရား)။

ဒီဘဝ မပြားလို့ရှိယင် (အနာဂတ်လဲမပြားပါ)အနာဂတ်လဲ မပြားပါဘူးဆိုတာ သေခဲ့သချာချာမှတ်ပါ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ပဓာနတကာမတို့ ဒီနေရာမှာ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဘုရားသခင်ကိုယ်ခန္ဓာမြတ်ကြီး ကုရုတိုင်းမှာ သီတင်းသုံးပြီးနေတဲ့အခါမှာ ဦးရိုးမောဂလ္လိပုဏ္ဏားက ဘုရားသခင်ကိုယ်ခန္ဓာမြတ်ကြီးဆီမှာ တရားဓမ္မတဲ့နှာလို့ တရားဓမ္မတော့ အားထုတ်တဲ့အတွက် ရဟန္တာဖြစ်သွားတယ်....(မှန်ပါဘုရား) သူ့တူ မာဂဏ္ဍ ပရိုင်ဆိုတာက သူ့တို့ မာဂဏ္ဍ မျိုး ဖြစ်သောကြောင့် သူကလဲ မာဂဏ္ဍ ဘဲ....(မှန်ပါဘုရား)။

အဲဒီမာဂဏ္ဍ ပရိုင်ကို သူ့စိတ်ထဲမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ၏သားဝကဖြစ်တယ်၊ ကျွတ်တမ်းငင်ရအောင် သူ့အတွက်ဖြင့် ကြိုးစားဦးမှာဘဲ ဆိုပြီးသကာလ ဘုရားသခင်

ကိုယ်တော်မြတ်ကြီးသည်ငါသည်တဲ့ ဒီဂန္ဓကုဋ္ဌိကျောင်းတော်ကြီး မှာနေလို့မတော်ဘူး(မှန်ပါ့)သူတပါးအတွက် ငါဘုရားဖြစ်လာ တာ....(မှန်ပါ) ကိုယ့်အတွက်ကတော့ သုမေဓာ ရသေ့လက် ထက်ကတည်းက နိဗ္ဗာန်ရတယ် .... (မှန်ပါ့) ပါရမီဆယ်ပါး အပြားသုံးဆယ်ကတော့ သူတပါးအတွက်-(မှန်ပါ့)ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

သူတပါးအတွက် ဆိုတာကတော့ တကာတကာမတို့ဂုဏ်နဲ့ ပြပြီးချွတ်ချင်တာ....(မှန်ပါ့) တန်ခိုးနဲ့ပြပြီးတော့....(ချွတ်ချင်ပါ တယ်ဘုရား)။

သူ့အတွက် နိဗ္ဗာန်ကို သူရိုးရိုးနဲ့ယူမယ် ဆိုလို့ရှိယင်ဖြင့် သုမေဓာရသေ့အဖြစ်က ရတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ဟာ သူ့အတွက် လား- သူဘပါးအတွက်လား .. (သူတပါးအတွက်ပါ) ရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား)။

သြော်.... ခင်ဗျားတို့က နဂိုရိုက သိထားတဲ့ဥစ္စာက ပါရမီ ဆယ်ပါး အပြားသုံးဆယ်ဆိုတဲ့ဥစ္စာသည်ကားလို့ ဆိုလို့ရှိယင် ဘုရားတို့၏ ကျင့်စဉ်ထုံးတမ်းဆိုတော့ ဟုတ်တော့ ဟုတ်ပါတယ် (မှန်ပါ့) သို့သော် သူ့အတွက်လား၊ သူတပါး ချွတ်ချင်လို့ ဒီဂုဏ်တွေယူရတာလား....(သူတပါးချွတ်ချင်လို့ ဒီဂုဏ်တွေ ယူရ တာပါဘုရား)။

သူတပါးချွတ်ချင်တော့ အတုမရှိဆိုပြီးသကာလ အတုမရှိတဲ့ အကျိုးပေးတွေနဲ့ သူတပါးပြပြီး ချွတ်ချင်လို့....(မှန်ပါ့ဘုရား)

ဒီပါရမီဆယ်ပါး အပြားသုံးဆယ်စွန့်ခြင်းကြီးငါးပါးတွေ လုပ်ရပါတယ်.. (မှန်ပါ့) ဒါ....အဌကထာမှာလဲ ဒီအတိုင်း ဖွင့်တာဘဲ....နော်....(မှန်ပါ့)။

အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီး စိတ်ကူးတာ ကြည့်တော့.. (မှန်ပါ့)သူ့ဦးရီး မာဂဏ္ဍပုဏ္ဏားကြီးကို ငါ....ရဟန္တာဖြစ်အောင်ချတ်ပြီးပြီ....တဲ့.... (မှန်ပါ့) သူ့တူ မာဂဏ္ဍပရိုင်ကို ချတ်ဘို့အရေး ငါ့မှာ ကျန်သေးတယ်....တဲ့....(မှန်ပါ့)။

အဲဒါကြောင့် . တဲ့ ငါသည်ကားလို့ဆိုယင်ဖြင့် ဒီ ဂန္ဓကုဋီတိုက်မှာနေလို့ မတော်ဘူး....၊ တောထဲမှာ ဘာရဒ္ဒါဇပုဏ္ဏားဆိုတာရှိတယ်....(မှန်ပါ့) အဲဒီပုဏ္ဏားဟာလဲ သူ မီးပိုပြီးသကာလ မီးရှူး,မီးပူဇော်တဲ့ပုဏ္ဏားဖြစ်တယ်၊ ဗြဟ္မာပူဇော်ဘာပေါ့ဗျာ.... ပုဏ္ဏားတို့ထုံးစံ....(မှန်ပါ့) အဲဒီတဲနားမှာ သွားပြီးသကာလ ငါမြက်အခင်းပေါ် နှစ်ရက်, သုံးရက်နေရမယ်တဲ့(မှန်ပါ့)တူဖြစ်ဘဲ့ ဒုတိယမာဂဏ္ဍကိုချတ်ချင်လို့....(မှန်ပါ့)။

တူ,ဖြစ်တဲ့ (ဒုတိယ မာဂဏ္ဍကိုချတ်ချင်လို့ ပါဘုရား) အဲဒီဘော့ သူ စိတ်ကူးလိုက်တယ်၊ ဩော်.... ငါ ဘုရားဖြစ်လာတာ ငါ့အကျိုးငါဆိုယင် သုမေဓာရသေ့လက်ထက်က ပြီးခဲ့ဘယ်၊ နိဗ္ဗာန်ရနိုင်တယ်၊ သူတပါးအကျိုးဌ ပါရမီဆယ်ပါး အပြားသုံးဆယ်တွေ ကျင့်လာခဲ့တာ အခု ဒုတိယတူ မာဂဏ္ဍအတွက် ချတ်စရာကျန်သေးတယ်(မှန်ပါ့) အဲဒီတော့ ငါ နတ်ဘုံ,နတ်နန်းနဲ့တူတဲ့ ဂန္ဓကုဋီတိုက်ထဲမှာနေလို့ မတော်ဘူးဆိုပြီး ဘာရဒ္ဒါဇ

ပုဏ္ဏား၏ မီးတင်းကုပ်အနားမှာရှိတဲ့ မြက်အခင်းကလေးပေါ် နှစ်ရက်, သုံးရက် သွားသွားထိုင်တယ်....(မှန်ပါ့)။

ထိုင်ချင်လို့ ထိုင်တာလား၊ သူတပါးအကျိုးငှါ ထိုင်တာလား (သူတပါးအကျိုးငှါထိုင်ပါတယ်ဘုရား)။

နဂိုရိုရည်ရွယ်ချက် သူ့စိတ်ထားလဲ ခင်ဗျားတို့ သိပါပြီ.... (သိပါပြီဘုရား) ပါရမီဆယ်ပါး အပြားသုံးဆယ်ဟာ သူ့တပါး အတွက်လား....(သူတပါးအတွက်ပါဘုရား)။

အေး-ဒါ့ကြောင့် ခင်ဗျားတို့ ဘုရားဆုပန်ယင်တော့ ဒါတွေ လုပ်ရမှာဘဲ....(မှန်ပါ့) သူတပါးအတွက်ကိုစွတွေ.... (လုပ်ရမှာပါဘုရား) ဘုရားဆုမပန်တော့ပါဘူး၊ ကိုယ်ရတဲ့နိဗ္ဗာန် ကိုယ်ယူပါတော့မယ်ဆိုယင်လဲ ဒီ ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး၊ကိုယ့် အတွက် မလိုဘူးမှတ်....(မှန်ပါ့ဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား) ဒါတွေလဲ ရှုပ်မှာစိုးလို့ ရှင်းပေးနေရတယ်... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီ ဒုတိယ မာဂဏ္ဍ ပရိုင်ဇကာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘာရဒ္ဒါဇပုဏ္ဏားရဲ့မီးတင်းကုပ်နားမှာမြက်အခင်းကလေးပေါ်သွားထိုင်တော့ ဘာရဒ္ဒါဇပုဏ္ဏား.... တဲရှင်ပုဏ္ဏားကလဲ သြော်....ဂန္ဓကုဋ္ဌကျောင်းတော်ကြီးစွန့်ပြီးသကာလ မြက်အခင်းကလေးထဲ လာထိုင်တယ်၊ ငါ- ကောင်းကောင်းမှန်မှန် ခင်းထားမှာဘဲ တော်မယ်ဆိုပြီး သူကလဲ မြက်အခင်းကလေး ခင်းထားတယ်....(မှန်ပါ့ဘုရား) ပြုပြင်ပြီးတော့ညီညီညွတ်ညွတ်ရှိတဲ့ မြက်အခင်းကလေးခင်းထားလိုက်တယ်.... (မှန်ပါ့ဘုရား)။

တနေ့သဘ္ဘကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကြည့်လိုက်တယ်၊ သြော်.... မာဂဏ္ဍိဟာ နက်ဖြန်ဆိုယင် သူသည်မြက်အခင်းကလေးနဲ့ ပတ်သက်ပြီး စကားပြောလိမ့်မယ်၊ သူလာတော့မှာဘဲဆိုတာလဲ ဘုရားကမြင်ပြီးသား....(မှန်ပါ)။

ဒါနဲ့ ဘုရားက နှစ်ရက်,သုံးရက် ထိုင်ပြီးသကာလနေတော့ ခြေရာလဲမထင်ဘူး....(မှန်ပါ) လက်ရာလဲမထင်ဘူး.... (မှန်ပါ) ထိုင်တဲ့ တင်ပါးရာတွေလဲမထင်ဘူး....(မှန်ပါဘုရား) ဘာ့ကြောင့် မထင်သတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ခြေတော်ရာထင်တယ်ဆိုတာ အဓိဋ္ဌာန်ချရတယ်....(မှန်ပါ) အဓိဋ္ဌာန်ချလို့ရှိယင် ဒီမြက်အခင်းပေါ်မှာ ခြေတော်ရာချည့် ရှုပ်နေမှာပေါ့....(မှန်ပါ) အဲဒီမှာ လူတွေ,ဘာတွေ နင်းလိုက်လို့ရှိယင် စေတီကို ဖျက်ဆီးရာ မရောက်ပေဘူးလား.... (ရောက်ပါတယ် ဘုရား)။

အဲဒါ့ကြောင့် ထင်စေချင်မှ ထင်တယ်ဆိုတာကိုလဲ တကာကြယ် မှတ်ရမယ်....(မှန်ပါ) ထင်စေချင်မှထင်တယ်၊ မထင်စေချင်ယင်... (မထင်ပါဘုရား)။

ဒါနဲ့ ကိုယ်တော်မြတ်ကြီးက နှစ်ရက်,သုံးရက်ထိုင်ပြီးသကာလနေတော့ ဘာရဒ္ဒါဇပုဏ္ဏားကလဲ အင်း.... သာကီဝင်မင်းမျိုးကဘုရားဖြစ်လာတဲ့ဥစ္စာ ငါ....ကောင်းကောင်းမှန်မှန်ပြုစုမှဘဲဆိုပြီးမြက်အခင်းကလေး ထားတယ်....(မှန်ပါ)။

တနေ့သဘ္ဘကျတော့ ခုနင်က တူဖြစ်တဲ့ မာဂဏ္ဍိပရိုင်ကတာ ဘာသစ်-ရေ....စကြ်ံ လျှောက်ရင်း ဒီနေရာရောက်လာတယ်....

(မှန်ပါ့ဘုရား) ဒီတောထဲရောက်ပြီးသကာလလာတော့ သူနဲ့လဲ ဘာရဒ္ဒါဇပုဏ္ဏားနဲ့ မိတ်ဆွေဖြစ်တာနဲ့ ဒီတဲ့ဝင်လိုက်တဲ့အခါ ဒီမြက်အခင်းကလေးမြင်တယ်....(မှန်ပါ့)။

ဘာရဒ္ဒါဇ.... ဒီမြက်အခင်းကလေးဟာ တော်တော် သန့်သန့် ရှင်းမျင်းလဲ လုပ်ထားတယ်၊ ရဟန်းများနေတဲ့နေရာနဲ့ တူပါတယ် ဆိုပြီး သူက အကဲခတ်လိုက်တယ် .. (မှန်ပါ့)။

ဟာ....မင်းမသိဘူးလားကွာ၊ ဂေါတမဘုရားဆိုတာ သာကီဝင်မင်းမျိုးထဲကမှ ရဟန်းဖြစ်ပြီးသကာလ ဘုရားအဖြစ်သို့ ရောက်လာတာ၊ လူ.ပြည်,နတ်,ဗြဟ္မာ့ပြည်မှာ အင်မတန် ကျော်စောနေတဲ့ ပုဂ္ဂိုလ်တဦးတယောက်နေတဲ့နေရာကွ၊ ဒါ့ကြောင့် ငါက ရှင်းလင်းပြီးထားရတယ်၊ သူက ပြောလိုက်တယ်....(မှန်ပါ့ ဘုရား)။

သူက ပြောလိုက်တဲ့အခါကျတော့ ဟိုပရိုင်ဇ်က မိစ္ဆာဒိဋ္ဌိ ကိုးဗျ....(မှန်ပါ့ဘုရား) ပရိုင်ဇ်ပုဏ္ဏားက မိစ္ဆာဒိဋ္ဌိဖြစ်နေတော့ သြော်.... ယနေ့တော့ဖြင့် ကံမကောင်း အကြောင်းမသင့်တော့ ဘူး၊ မမြင်ချင်တဲ့နေရာ မြင်ရလေခြင်း.... (မှန်လှပါ) သူသည် ဘုရားထိုင်နေတဲ့နေရာကို သူ မကြည့်နိုင်ဘူး... (မှန်ပါ့)။

ဟိုကလဲ ဂေါတမ လာလာပြီး သီတင်းသုံးတဲ့နေရာလို့ ဘာရ ဒ္ဒါဇက ပြောတာကိုး....(မှန်ပါ)။

မာဂဏ္ဍိက တကာသစ်တို့- တကာကြွယ်တို့- ဦးမာဒင်တို့ ကျေနပ်ကဲ့လား.... (မကျေနပ်ပါဘုရား) မကျေနပ်ဘူး....တဲ့၊

သူမမြင်ချင်တဲ့နေရာကြီး မြင်ရတဲ့အတွက် သူ့မှာ မကောင်းသ ဖြင့် မြင်ရတာဘဲ.. တဲ့....(မှန်ပါ့)။

တကာဘကာမတို့ ဘုရားနေရာ, ထိုင်ရာ ပရိဘောဂစေတီ ထိုက်တဲ့နေရာတောင်မှ သူ့စိတ်ထဲမှာ မကျေနပ်နိုင်ဘူး၊ အဲဒါ ဟာ ကျွတ်တမ်းဝင်မည့်ဘဝ....(မှန်ပါ့) ကျွတ်တမ်းဝင်မည့်ဘဝ ကောင်းတောင်မှ တကာတကာမတို့ သိပ်ဆိုးဝါးပါကလား.... (ဆိုဝါး ပါတယ်ဘုရား)။

ဒီတော့ ဘာရဒ္ဒါဇပုဏ္ဏားကိုမေးတယ်၊ မာဂဏ္ဍိက ဒါ.... ရဟန်းများနေတဲ့နေရာနဲ့တူတယ်....တဲ့...(မှန်ပါ့) ဟုတ်ပါတယ် ကဲ...တဲ့၊ ဂေါတမဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ သာကီ ဝင်မင်းမျိုးက ရဟန်းဖြစ်ပြီး ရဟန်းကမှ ဘုရားအဖြစ်သို့ရောက် လာပြီး ဒီမှာလာပြီး သီဘင်းသုံးတာကဲ့၊ ဒါ့ကြောင့် ငါက ကောင်းကောင်းမွန်မွန် ပြင်ထားတာဆိုတော့ သူက မကောင်း သဖြင့် မြင်ရလေခြင်း ဘာရဒ္ဒါဇရာ၊ကျုပ်လာမိတာ မှားတယ် ပေါ့လေ....(မှန်ပါ့ဘုရား)။

မဟုတ်ပါဘူး၊ မင်းစကားလဲ စည်းစောင့်ပြီး စကားပြော စမ်းပါတဲ့ ဘာရဒ္ဒါဇက၊ အရမ်းစကားတွေ မပြောစမ်းပါနဲ့တဲ့ (မှန်ပါ့ဘုရား)။

သူကပြောလိုက်တယ်၊ မဟုတ်ဘူးတဲ့ ကျုပ်မပြောဘဲ မနေ နိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာဘဲ့တုံး.... (မပြောဘဲ မနေနိုင်ပါဘူးတဲ့ဘုရား) မပြောဘဲ မနေနိုင်ပါဘူးတဲ့ .... (မှန်ပါ့)ပြောရလိမ့်မယ်တဲ့၊ ဒီပုဂ္ဂိုလ်ဟာ အတော်ဆိုးတဲ့ပုဂ္ဂိုလ်တဲ့ (မှန်ပါ့)။

ကြည့်စမ်းပါဦး တကာတကာမတို့ ဘုရားကိုအတော်ဆိုးတဲ့ ပုဂ္ဂိုလ်တဲ့... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ဆိုးတာတုံးလို့ ဘာရဒ္ဓါဇက မေးတဲ့အခါ သူဟာတဲ့ ပွဲားစည်းခြင်းကို ဖြတ်တတ်တဲ့ပုဂ္ဂိုလ်ဖြစ်လို့ ကျုပ်က မကြည်ညိုနိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

ပွဲားစည်းခြင်းဆိုတာက ခုနင်က ဒီဘက်က ဒီဘက်ကူးသွားတော့ ဒါဘာတုံး....(ပွဲားစည်းတာပါ) ပစ္စုပ္ပန်ဘဝက အနာဂတ်ဘဝကူးယင်... (ပွဲားစည်းတာပါဘုရား)။

အဲဒီ ပွဲားစည်းခြင်းဖြတ်လို့ သူကမကျေနပ်ဘူးတဲ့(မှန်ပါ့) အံမာလေး .... တကာတကာမတွေ ဒါသာအကဲခတ်တော့ .... (မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ် ပေါ်ပလား .. (ပေါ်ပါပြီ) ဒီဘဝကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်တောင် ပွဲားစည်းခြင်းဖြတ်လို့ မကြိုက်ဘူးတဲ့....(မှန်ပါ့)ဒါ့ကြောင့် ဒီကိုယ်တော် ဒီရဟန်းထိုင်တဲ့နေရာ သူကြည့်ရတာ မကောင်းသောမြင်ခြင်းဘဲတဲ့....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံး မေးတဲ့အခါကျတော့ ပွဲားစည်းခြင်းဖြတ်တဲ့ ပုဂ္ဂိုလ်တဲ့၊ အဲဒီတော့ ပွဲားစည်းခြင်းဖြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ကျုပ်တို့က မကြည်ညိုနိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

မဟုတ်ပါဘူးကွာ....တဲ့၊ မာဂဏ္ဍိပရဿိုင်ကို သေသေချာချာ ပြောတယ်၊ ဒီပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး၊မင်း- စည်းစောင့်ပြီး စကားပြောစမ်းပါတဲ့....(မှန်ပါ့) လူနတ်ဦးခိုက်ပူဇော်ထိုက်လို့ဘဲ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, ဒီပညာရှိခေတ္တဟာ

အကုန်သူ့ဆီမှာ ဒုံးတုပ်ဝပ်ချပြီး ကျွတ်တမ်းဝင်သွားကြတာ တွေ့ မင်းအမြင်သားဘဲတဲ့....(မှန်ပါ့ဘုရား)။

အို....ကျုပ်တို့စာက ပွားစည်းခြင်းဖြတ်တဲ့ ပုဂ္ဂိုလ်လို့ ဆိုထားတယ်....(မှန်ပါ့) စာကိုက ဒီအတိုင်းရေးထာတယ် ... (မှန်ပါ့) သူကစာနဲ့ကိုင်တယ်....(မှန်ပါ့ဘုရား)။

ပွားစည်းခြင်း ဖျက်ဆီးတဲ့ပုဂ္ဂိုလ်မို့ မကြည်ညိုထိုက်ဘူးတဲ့.... (မှန်ပါ့) သူတို့စာက ဒီအတိုင်းလာပါတယ်တဲ့၊ ယုတ်စွအဆုံးဗျာ ဘာရဒ္ဒါ၇ပြောနေတဲ့ ဂေါတမနဲ့ အခုတွေ့ယင် အခုဒီအတိုင်း ပြောချင်သေးတယ်... (မှန်ပါ့) အံမာလေး ... ကြောက်စရာလူ ပါကလား- တကာတကာမတို့....(မှန်ပါ့) အတော်ဆိုးဝါးတယ် ဆိုတာ တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကြည့်စမ်း ဦးမာဒင် ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်တော့ ခက်နေ တယ်....(မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်ဘူး၊ ဒီဘက်ကဟာတွေ့ကလဲ ဘာ သစ္စာတွေ့တုံး....(ဒုက္ခသစ္စာတွေ့ပါ) ဒီဘက် ပွားလာတာက ကော....(ဒုက္ခသစ္စာပါ) သစ္စာမသိလို့ သူ့ခမျာ ပြောချင်တာ ပြောနေတာ....(မှန်ပါ့ဘုရား)။

သစ္စာမသိတာနဲ့.... (ပြောချင်တာ ပြောနေတာပါဘုရား) တကာကြွယ် ဒါ့ကြောင့် သစ္စာသိအောင် လုပ်စမ်းပါဆိုတဲ့ ဥစ္စာမျှား တကာသစ်တို့၊ ဦးမာဒင်တို့ ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)။

သစ္စာမသိတော့ ကြည့်စမ်း၊ ပ္ဌားစည်းတာ ဒုက္ခပ္ဌားတဲ့ဥစ္စာ သူကကြိုက်နေတယ်.... (မှန်ပါ့) ဒုက္ခမပ္ဌားရယင် သူ့စိတ်ထဲ ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား)။

ဒါဖြင့် ဂေါတမဘုရား နေတာ ထိုင်တာ သူမကြည့်ချင် တာကဘခြားကြောင့် မဟုတ်ဘူး၊ ပ္ဌားစည်းခြင်းဖြတ်တဲ့ပုဂ္ဂိုလ်မို့ ကျုပ်တို့က မကျေနပ်တာ....(မှန်ပါ့ဘုရား)။

အုံ့မာလေး .... ကြောက်စရာကြီးပါလား တကာကြွယ်ရ ... (ကြောက်စရာကြီးပါ)ဘယ့်နှယ်ကြောင့် သူမကြည်ညိုနိုင်တာတုံး (ပ္ဌားစည်းခြင်းဖြတ်တဲ့ ပုဂ္ဂိုလ်မို့ တဲ့... (မှန်ပါ့ဘုရား)။

ကဲ....တကာသစ်တို့ ကျုပ်တို့ ခင်ဗျားတို့လဲ သစ္စာမသိယင် ပ္ဌားစည်းခြင်း ကြိုက်နေမှာဘဲ....(မှန်ပါ့) မကြိုက်ပေဘူးလား.... (ကြိုက်ပါတယ်ဘုရား)။

ကြိုက်လို့ဘဲ ခင်ဗျားတို့ ပ္ဌားစည်းခြင်းကြိုက်တာ ဘုန်းကြီး ရှင်းပြမယ်....(မှန်ပါ့) သြော်....ဒီဘဝက စုတေမနေ သေလွန် ရလို့ရှိယင် နတ်ပြည်, လူ့ပြည် အကြိမ်ကြိမ်စံစား၍ ဆိုတော့ ဒုက္ခတေ့ပ္ဌားတာ ခင်ဗျားတို့ကြိုက်နေတယ်....(မှန်ပါ့)ခင်ဗျားတို့ ကိုယ်တိုင်ပါ....(မှန်ပါ့ဘုရား)။

ဒီမာဂဏ္ဍိပရိုင်ကတော့ အခု ဘောက်ပြောနေတယ်သာထင်တာ၊ ကိုယ်လဲ ဘောက်ထဲက.... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

တကာကြွယ်- ဆရာကောင်း သမားကောင်းမတွေ့လို့ သစ္စာ မသိသေးယင် ကိုယ်လဲ မာဂဏ္ဍ ိမျိုးဗျ.... (မှန်ပါ့) ပ္ဌားစည်း ခြင်းကို....(ကြိုက်ပါတယ်ဘုရား)။

ကြိုက်တယ်ခင်ဗျားတို့....(မှန်ပါ့) မြေးကလေးထွန်းလာတယ် (ကြိုက်ပါတယ်) ပွားစည်းလာတာကိုး....(မှန်ပါ့) မြစ်ကလေး ထွန်းကားလာလဲ....(ကြိုက်ပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့က အလကားပြောနေတာတဲ့၊ ခင်ဗျားတို့ ကိုယ်တိုင် မာဂဏ္ဍမျိုးဖြစ်နေတယ်....(မှန်ပါ့) ပွားစည်းခြင်းကို (ကြိုက်ပါတယ်) ကြိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ရောက်တယ် .... (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘာတွေပွားစည်းတာ ကြိုက်နေတာတုံးလို့ သေသေ ချာချာမေးတော့မှ ဒုက္ခပွားတာကြိုက်တာ .... (မှန်ပါ့ဘုရား)။

ဒါက သစ္စာသိပြီးသားလူမို့ နားထောင်လို့ရတာပါ .... (မှန်ပါ့) သစ္စာမသိသေးတဲ့ပုဂ္ဂိုလ် တကာသစ်၊ ဦးမာဒင်တို့ ဆိုယင် နည်းနည်းမှ မကြိုက်ပါဘူး....(မကြိုက်ပါ)တယောက်က နှစ်ယောက်ထွန်းကားလာယင် ထွန်းကားလာတယ်လို့ ပြော တာဗျ.... (မှန်ပါ့) မကြိုက်လို့ပြောတာလား- အညွှန့်တင်ပြော တာလား-(အညွှန့်တင်ပြောတာပါဘုရား)။

ထွန်းကားလာပြန်ပြီ-သတင်းစာထဲမျှား ကြော်ငြာလိုက်တာ ဟင်... (မှန်ပါ့) အင်း .... အခု သတင်းစာကြော်ငြာပုံတွေက သာဆိုးသေးတယ်....(မှန်ပါ့) မင်္ဂလာဦးတွေဘာတွေနဲ့အမျိုးမျိုး အဖုံဖုံ ဟင်....(မှန်ပါ့) ရတနာဂဏလေးတယောက် ထွန်းကား လာတဲ့ အဓိပ္ပါယ်မျိုး....(မှန်ပါ့) ဒါတွေ ဘာထင်ကြသလဲ .... (ပွားစည်းခြင်းကြိုက်လို့ပါ) ပွားစည်းခြင်းကြိုက်တယ်၊ မာဂဏ္ဍီ မျိုးတွေ... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

တကာကြွယ်၊ ကဲ .... ဘယ်နှယ်တုံးဗျာ၊ မတော် ဆွေဆက် မျိုးဆက်များပြတ်သွားလို့ရှိယင် ခက်ချည်ရဲ့ဆိုတာတွေ့ ဘာ ကြိုက်တာတုံး.... (ပွားစည်းခြင်းကြိုက်တာပါ) အံမာလေး-ခက် ကောင်းခက်ရချည်ရဲ့ .... (မှန်ပါ့ဘုရား)။

တကာကြွယ်ရေ....ခင်ဗျားတို့ ကျုပ်တို့ဟာ အခုဒီဟာမျိုးကို အခု ဒီမာမလွှာ ပြောတော့ သြော်.... ကျွတ်တမ်းဝင်မည့် ဘဝ တောင် ကြည့်စမ်းပါဦး....ပွားစည်းခြင်းဖြတ်တဲ့ပုဂ္ဂိုလ်၏ နေရာ ထိုင်ခင်း သူမကြည့်နိုင်ဘူးတဲ့- (မှန်ပါ့) တွေ့များ တွေ့လို့ ရှိယင်ဖြင့် သူ-သေသေချာချာ မျက်နှာကိုလက်ညှိုးထိုးပြောချင် သေးတဲ့ အဓိပ္ပါယ်.... (မှန်ပါ့ဘုရား)။

အရှင်ဘုရားဟာ ပွားစည်းခြင်းဖြတ်တဲ့ ပုဂ္ဂိုလ်ဘာမှအသုံး မကျဘူး၊ ကျုပ်တို့စာက ပွားစည်းရမယ်လို့သာ လာထားတယ် (မှန်ပါ့ဘုရား)။

ဟိုက ခုနင်ကပြောခဲ့တဲ့ သံသရာ လူ့ပြည်, နတ်ပြည်အကြိမ် ကြိမ် စံစားတဲ့ အသွားကြိုက်နေတယ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲ....တကာကြွယ်တို့လူစု, တကာသစ်တို့, ဦးမာဒင်တို့လူစု တွေ့နဂိုရိုက ဒီတရားထူးတရားမြတ်ကို သစ္စာတရားနဲ့ ပတ်သက်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်ခန်းကို မနာရယင် ခင်ဗျားတို့ဟာ ဘယ်အထဲ ကတုံးမေးယင် မာဂဏ္ဍိထဲက... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်.... (မာဂဏ္ဍိထဲကပါဘုရား) မာဂဏ္ဍိ မျိုးက ဘာကြိုက်သတုံး....(ပွားစည်းတာကြိုက်ပါတယ်ဘုရား)။

ဒီဘဝစုတေမနေ သေလွန်ရလို့ ရှိယင် နောက်ဘဝ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ စံစားရပါလို့၏ဆိုတာ ဦးမာဒင်ဘဲစဉ်းစားကြည့်၊ဘာကြိုက်တာတုံး(ပွဲားစည်းရေးကြိုက်တာပါဘုရား)။

ကဲ....သစ္စာသိပြီးသားဥာဏ်နဲ့ တွေးလိုက်တော့ ဒုက္ခပွဲားတာကြိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် .... (ဒုက္ခပွဲားတာ ကြိုက်နေပါတယ်ဘုရား) အဲ.... သစ္စာဥာဏ်ကလေးရလို့ ဒီအသံထွက်တာကိုးဗျ.... (မှန်ပါ့ဘုရား) နို့မဟုတ်ယင် ထွက်ပါ့မလား.... (မထွက်ပါဘုရား)။

အင်း....သားညှန့်ကလေးကလဲ တလူလူ၊ မြေးညှန့်ကလေးကလဲ တလူလူနဲ့ ခင်ဗျားတို့က အရိပ်ကလေး ကြည့်ကာကြည့်ကာနဲ့ ဟုတ်ကိုမဟုတ်ဘူး....(မှန်ပါ့) ဘာကြိုက်နေသလဲ....(ပွဲားစည်းတာကြိုက်နေပါတယ်ဘုရား)။

တကာကြွယ်ရေ.... မျက်ခြေပြတ်ခံနိုင်ရဲ့လား.... (မခံနိုင်ပါဘုရား) ဒါလောက်အကြိုက်သန်တယ်ဆိုတာကော ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အပြီးသတ်တော့ ကိုယ့်ဒုက္ခဘက် ကိုယ်ပွဲားစည်းလေလေ ဒုက္ခတွေခြုံရုံလေလေ....(မှန်ပါ့) မျက်ရည်ကျစရာ .. (များလေလေပါဘုရား) သောကပရိဒေဝဖြစ်စရာ.... (များလေလေပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဘာဖြစ်နေတာတုံး....(ကြိုက်နေပါတယ်ဘုရား) ဟာ....တကာသစ်တို့အမျိုးက ဘာမျိုးပါလိမ့်(မာဂဏ္ဍ

မျိုးပါဘုရား) ပေါ်ပြီ- ပေါ်ပြီ၊ ခုမှပေါ်လာပြီ၊ တကာကြွယ် ဘာမျိုးတုံးဗျ... (မာဂဏ္ဍိမျိုးပါဘုရား)။

အဲ....ဒါမှ နေရာကျတယ်၊ ဒီဘဝ ခင်ဗျားတို့ ဗုဒ္ဓဘာသာ ထင်နေတာ၊ မာဂဏ္ဍိတိတ္ထိမျိုး ဖြစ်နေတယ်....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

မာဂဏ္ဍိတိတ္ထိမျိုးဖြစ်နေတယ်ဆိုတာကော ခင်ဗျား သေသေ ချာချာမှန်နေပါပြီ....(မှန်ပါတယ်ဘုရား)။

ဒါနဲ့ ခုနင်က ဘာရဒ္ဒါဇပုဏ္ဏားကပြောတယ်၊ မင်း ပြောတဲ့ စကားဟာ အလွန်ချည့်ဘဲ....(မှန်ပါ့) ပွားစည်းခြင်းကိုဖြတ်ခြင်း ကြောင့် ကျုပ်ဖြင့် ဒီနေရာကြည့်ရတာကို မကောင်းသဖြင့် မြင် ရတာဘဲ... သူထိုင်တဲ့နေရာကြည့်ရတာ .. (မှန်ပါ့)။

သူနဲ့မျှား အခုနေတော့မယ်ဆို ကျုပ်က မျက်နှာလက်ညှိုးထိုး ပြီးသကာလ ပွားစည်းခြင်းဖြတ်တဲ့ ကိုယ်တော်ကြီးလို့ ကျုပ်က တိုင်းရိုက်ပြောလိုက်ချင်တယ်....တဲ့.... (မှန်ပါ့ဘုရား)။

မဟုတ်ဘူးကွဲ့- ဘာရဒ္ဒါဇပုဏ္ဏားကလဲ မင်းစကား မလွန် စေနဲ့နော်.... (မှန်ပါ့) သူဟာ လူ,နတ် ဦးခိုက်ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကွ....၊ လောကကြီးထဲမှာ လူထူးကွဲ့.... (မှန်ပါ့)။

ဟာ တွေ့သာတွေ့ပစေ ပြောရတယ် .. (မှန်ပါ့) မလျှော့ဘူး ထဲကဘဲ....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဖြစ်နေတာတုံး တကာကြွယ်ရေ . (ပွားစည်းခြင်း ကြိုက်လို့ပါ) ပွားစည်းခြင်းကြိုက်တယ်....(မှန်ပါ့)။

တကာကြွယ်တို့က ဘယ်ဘက်က မဲထည့်မယ်ထင်သတုံး၊သစ္စာ တရားသာမနာရယင် မာဂဏ္ဍိဘက်က ထည့်ပါလိမ့်မယ်(မှန်ပါ့

ဘုရား)ဘုရားဘက်က ထည့်ပါ့မလား.... (မထည့်ပါဘုရား)ဘယ်နည်းနဲ့မှ မကြိုက်ဘူးဗျ....(မှန်ပါ့ဘုရား)။

ဟာ....သားညွှန့်, သမီးညွှန့်, မြေးညွှန့် ဆိုတာကလေးတွေက ဒီလိုဆုမျှားပေးလိုက်မယ်ဆိုယင် ခင်ဗျားတို့က ပြုံးမျှားလာတယ် (မှန်လှပါ) မလာဘူးလား.... (လာပါတယ်ဘုရား) ဘာကြိုက်လို့တုံး....(ပွဲားစည်းခြင်းကြိုက်လို့ပါဘုရား)။

အင်း ...ခက်ပကော....၊ အခုပြထားတော့ အကြောင်း သမုဒယ၊ ဒီဘက်ကလဲ ခန္ဓာတွေက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒီဘက်ပွဲားစည်းတဲ့ ခန္ဓာကကော.... (ဒုက္ခသစ္စာပါ) အဲဒါကို တကာကြွယ်တို့က ပြုံးပြီးလက်ခံတယ်.... (မှန်ပါ့)။

သားညွှန့်ကနေ မြေးညွှန့်၊မြေးညွှန့်ကနေ မြစ်ညွှန့်ကျအောင် ဒီအဘိုးကြီး အဖွားကြီးတွေနဲ့ တွေ့ဆုံပြီးသကာလ နေကြရမည့် ကံဇာတာဘဲ....လို့ တယောက်ကနေပြီး မြှောက်မျှားပြောလိုက်မယ်ဆိုယင်ဖြင့် တကာကြွယ်ရေ ခပ်ပြုံးပြုံးဘဲ (မှန်ပါ့)ငါးကျပ်ထည့်မည့်နေရာ တဆယ်ပေါ့ဗျာ (မှန်ပါ့)မထည့်ရပေဘူးလား.... (ထည့်ပါတယ်ဘုရား)။

အင်း .. ငါးကျပ်ထည့်မည့်နေရာတဆယ်၊ ဒါလောက်ထိ အောင် ပွဲားစည်းခြင်းကို မြှောက်သံကြားလိုက်တာနဲ့ကို တဏှာက လှမ်းကြိုက်ပစ်လိုက်တယ်... (မှန်ပါ့)။

ကဲ....ဒါဖြင့် တကာသစ်တို့ဘဲ စဉ်းစားပါ ခဏနားကြဦးစို့ (မှန်ပါ့)။

ကဲ... တရားနှစ်လုံးသွင်းကြ၊မာဂဏ္ဍိပရိုင်ကပဋ္ဌိစ္စသမုပ္ပါဒ်ကို တဘဝထက်ဆက်သွားတာကြိုက်တယ်....(မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဒီဘဝဒုက္ခကို ဖြတ်လိုက်လို့ရှိယင် နောက်ဒုက္ခတွေ အကုန်သိမ်းတယ်ဆိုပြီး ဘုရားကဖြတ်မှုကိုကြိုက်တယ်.... (မှန်ပါ့) မာဂဏ္ဍိက ပွားစည်းမှုကို ကြိုက်တယ် ... (မှန်ပါ့)။

အဲဒါ ဘယ့်နှယ်ကြောင့် အကြိုက်မတူပါလိမ့်မလဲလို့ တကာတကာမတွေကဘဲ ဆုံးဖြတ်ချက်ချပါဆိုလို့ရှိယင် အားလုံးက သစ္စာသိပြီးသားဖြစ်နေတယ်.. (မှန်ပါ့)။

ဒီက သစ္စာသိပြီးသားဖြစ်နေတော့ ဒီဒုက္ခပြီးယင် နောက်ဒုက္ခဆက်တာ ဘယ်သူမှမကြိုက်ဘူး....(မကြိုက်ပါဘုရား)။

သူကတော့ သစ္စာမသိသေးတော့ကို ဒီဒုက္ခပြီးယင် အခု ပွားစည်းရတယ်၊နောက်ဒီ့ထက်ပွားစည်းယင်ကြိုက်တယ် ဆိုတဲ့ဥစ္စာ သစ္စာမသိလို့ကြိုက်တာ (မှန်ပါ့)

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သစ္စာမသိယင် ဘုရားက သုတ်မဟာဝဂါပါဠိမှာ သံသရာရှည်တယ်ကွလို့ ဟောတာရိပ်မိကြပြီ.... (ရိပ်မိပါပြီဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မကြာလာမီ သူတို့ မာဂဏ္ဍိနဲ့ ဘာရဒ္ဒါဇနဲ့ မင်းဒီလိုမပြောပါနဲ့ဆိုတော့ သူကလဲ ပြောရလိမ့်မယ်....၊ သူက ကြီးပွားခြင်းကို ဖြတ်တတ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ ဒါ့ကြောင့် ကျုပ်တို့စာကလဲ ဒီအတိုင်းလာတယ်....

(မှန်ပါ) ဒါ့ကြောင့် ကျုပ်ဟာ အရမ်းပြောတာမဟုတ်ဘူး....တဲ့ စာကိုက ဒီလိုလာလို့ ပွားစည်းခြင်းဖြတ်ဘဲ့ပုဂ္ဂိုလ်ဟာ မပေါင်းထိုက်ဘူး ဆိုတဲ့အဓိပ္ပါယ် ကျုပ်တို့ စာတွေမှာပါတယ်၊ ဒါ့ကြောင့် စာ အားကိုးနဲ့လဲ ကျုပ်က ပြောတယ်....(မှန်လှပါ)။

ဒါ့ကြောင့် တကာတကာမတွေ စာပေမဲ့လဲ ဟုတ်ဆိုက်-မဟုတ်ထိုက်ကိုလဲ တွေးရသေးတယ် ဆိုတာကိုလဲ တကာကြွယ်-ဟောရတယ် ..(မှန်လှပါ)စာအတိုင်းအတည်ပြုလို့ရပါ့မလား.... (မရပါဘုရား)။

မရဘူး တဲ့၊ အခုခေတ်မှာဆိုတော့ ဥပမာ.... ကွန်မြူနစ်ကရေးလိုက်၊ ခရစ်ယန်ကရေးလိုက်၊ မဟာဗေဒင်ကရေးလိုက်၊ ဗုဒ္ဓဘာသာထဲကဘဲ တချို့ မပိုင်မနိုင်ဘဲနဲ့ ရေးလိုက်...(မှန်လှပါ) ဒါတွေက ရှိသေးနေတော့ တကာသစ်တို့- ဦးမာဒင်တို့ စာလာတိုင်းလဲ မဟုတ်ခသေးဘူး ...(မှန်လှပါဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

စာသားတိုင်းလဲ မဟုတ်ခသေးဘူး ဆိုတာ သေသေချာချာ မှတ်ကြပါ...တဲ့ အခုကြည့်စမ်း... ဘုတို့စာက ဒီလိုလာသတဲ့၊ ပွားစည်းခြင်းဖြတ်တဲ့ပုဂ္ဂိုလ် ဦးမတိုက်ရဘူး ! ရှိမခိုးရဘူးဆိုတဲ့ အဓိပ္ပါယ်ခပါ့ဗျာ... (မှန်လှပါ)။

ဒီဘုင်မှ ဘာရဒ္ဒ ဇပုဏ္ဏားနဲ့ မာဂဏ္ဍိက အငြင်းထုတ်နေကာ၊ ပြောနေတာဘုရားကဂုရုတိုင်းမှာဆွမ်းခံပြီးသကာလ ကောသမ्बမှာ ဖလသမာပတ်ဝင်စား၊ဝင်စားရာက ထ,ပြီးသကာလ နားခဏ ထိုင်လိုက်တဲ့အခါ ဒီဗွမသောတအဘိညာဏ်နဲ့ ကြားတယ်၊ သြော်.... သူတို့ ဒီအကြောင်း ပြောနေကြတာကိုး....(မှန်လှပါ)။

ဘုရားက ကြားတယ် (မှန်ပါ့) ကြားတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်း... ဒီနေ့တော့ ကျွတ်ဘို့အချိန်ကျပြီ၊ တရားဟောဘို့ အချိန်ရောက်လာပြီဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နဂိုရှိ သုံးလေးရက်ကတည်းက သူ့ကျွတ်ဘို့ စောင့်ရတာကိုးဗျ....(မှန်လှပါ)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြွလာတယ်၊ ကြွလာပြီး သူ့မြက်အခင်းကလေးပေါ်ဘဲ ထိုင်တယ်....(မှန်ပါ့) ထိုင်ပြီးသကာလ ဘုရားက ဘာမှမပြောဘဲနဲ့ မာဂဏ္ဍိကတော့ ဘုရားကြွလာမှန်းသိတော့ ဘေးမှာ စကြိ်ုလျှောက်နေတယ်.... ဘာရဒ္ဒါဇပုဏ္ဏားကတော့ အနား ကပ်လာတယ်၊ ဘာရဒ္ဒါဇပုဏ္ဏားအနားကပ်လာတော့ ဘုရားက မေးလိုက်တယ်၊ ဘာရဒ္ဒါဇပုဏ္ဏားပေါ်မလာခင်က ဒီမြက်အခင်းအကြောင်းကိုမင်းတို့မာဂဏ္ဍိ ပရိုင်နဲ့ဘာဝေဒမျှား ပြောနေကြသတုံး... တဲ့.... (မှန်လှပါ)။

ဒီလိုဘဲ လှမ်းမေးလိုက်တော့ ဟိုက ကြက်သီးမွေးညှင်းထ,တယ်....(မှန်ပါ့ဘုရား) ဒို့နှစ်ယောက်တည်း အငြင်းအခုံဖြစ်ပြီးသကာလနေတဲ့ဥစ္စာ ဒီအထဲ သုံးယောက်လဲ မဟုတ်ပါဘူး.... (မှန်ပါ့) ဂေါတမဘုရားက ကြားလာတယ်ဆိုတာ အင်မဘန်ထက်တဲ့နားရှိလို့ကြားတာ....(မှန်ပါ့) အဲဒါကြောင့် သူ့စိတ်ထဲမှာ ကြက်သီးမွေးညှင်းထ,တယ်...(မှန်ပါ့) ဘာရဒ္ဒါဇပုဏ္ဏားမှာ တခါတည်း ကြောက်အား,လန့်အားနဲ့ ကြက်သီးမွေးညှင်းထ,ပြီးသွားတယ် (မှန်ပါ့)။

ဒီလိုနဲ့နေပြီးသကာလ ခုနင်ကဘောက်ပြောတဲ့ မာဂဏ္ဍိကပွားစည်းချင်းကြိုက်တဲ့ မာဂဏ္ဍိက လှည့်ပတ်ပြီးသကာလ မနေ

သာဘာနဲ့ ဘုရားသခင်ကိုယ်ခေါ်မြတ်ကြီးက ထိုင်ပြီးနေတော့ သူ အနားရောက်လာတယ်....(မှန်ပါ့) စကြီသွားရင်းနဲ့ အနား ရောက်လာပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီ မာဂဏ္ဍ ပရိုဇ်ပြောတဲ့စကားတွေ အကုန်ကြားတယ်....(မှန်ပါ့) ကြားပင် ကြားပြားသော်လဲ ဘာမှ ဘုရားက မပြောဘဲနဲ့ တခါတည်း တကာတကာမတို့ ခုနင်က ရှေ့ပိုင်းက ပြောတာကို ဟောတော့ တာဘဲ....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီ မြင်စရာကလေးကို မြင် တယ်ဆိုကြပါစို့....(မှန်ပါ့) မြင်တယ်ဆိုတော့ စက္ခုဝိညာဏ် ပေါ့ဗျာ....(မှန်ပါ့)

မြင်တယ်ဆိုယင်ဘဲ တကာတကာတွေက လိုချင်တယ်(မှန်ပါ့) လိုချင်ယင် စဲ့လမ်းတယ် (မှန်ပါ့,စဲ့လမ်းယင် အားထုတ်မယ်ဆိုတဲ့ ကံကော.... (လာပါတယ်ဘုရား) အားထုတ်လိုက်လို့ ရှိယင် တကာတကာမတို့ နောက်ဘဝ ဇာတိ, ဇရာ, မရဏ ရ-မရ... (ရပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "**စက္ခုံ ခေါ** ပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ" ငါသည်ကား လို့ ဆိုယင်ဖြင့်-တဲ့ ရူပါရုံအကြောင်းရင်းခံပြီး ဒီတဏှာ ဥပါဒါန် ကံတွေ့ပ္ပဌားမှာ ငါက စောင့်ရှောက်ရဘယ် ကဲ့....တဲ့၊ စောင့် ရှောက်မှသာလျှင် ဒီဘက်က ဒုက္ခဇတ္တကင်းတယ်...တဲ့ (မှန်ပါ့) ဆိုပြီးသကာလ ငါ...ဒါကြောင့် မျက်လုံးပေါက်ကနေ တဏှာ ဥပါဒါန် ကံမလာဘူး၊ ကံလာခဲ့လို့ ရှိယင် ဟိုဘက် ဒုက္ခတွေ ပ္ပဌား

မှာစိုးလို့ မျက်လုံးပေါက်ကနေပြီး မျက်လုံးမြင်စိတ်ကို စောင့်ရှောက်ပါ... လို့ ငါသည် ဟောပြောနေပါတယ်... တဲ့၊ မင်းက ဘာဆိုချင်သေးသတုံး... တဲ့... (မှန်လှပါဘုရား)။

မဘဂ္ဂေါ်က အနားနေတုံး မေးတာပေါ့လေ .... (မှန်ပါ့) ဒီကျတော့လဲ သူ့ဟာက ဘာမှမဆိုလိုပါဘူး ပြောတာဘဲ.... (မှန်ပါ့) ဘာမှမဆိုလိုပါဘူး....တဲ့။

ကဲ ဇကာတကာမတို့ ခင်ဗျားတို့ ကျုပ်တို့မှာလဲ သူ့ဟာတဲ့ တရားဖြစ်လင့်ဇစား ကျုပ်တို့ အတုယူတို့အဓိပ္ပာယ်ပါ (မှန်လှပါဘုရား) ကျုပ်တို့အတုယူတို့အဓိပ္ပာယ်က မြင်တယ်ဆိုလို့ရှိယင် မြင်စိတ်ပေါ်တယ် (ပေါ်ပါတယ်ဘုရား) မြင်စိတ်ကနေပြီး ပွားများလို့ရှိယင် ဒီက ဇာတ်ကောင်ပါဒါနဲ့ ကံဆိုတဲ့ အနာဂတ်အကြောင်း ပွားစည်းလို့ရှိယင် ဇာတိ,ဇရာ,မရဏဆိုတဲ့ အနာဂတ် အကျိုးတွေ လာမလား-မလားဘူးလား.... (လာပါဘယ်ဘုရား) လာလို့ရှိယင် ပွားစည်းတဲ့အဓိပ္ပါယ် ရောက်ပါတယ်.... (မှန်ပါ့)။

ဒီဖြင့်... ကကာ ကကာတို့ ဒီအကြောင်းသုံးခု မလာယင် ဒီဒုက္ခကျိုးသုံ့ခုကော (မလာပါဘုရား)။

ဒါဖြင့် ကျုပ်တို့က ဒီကမနေပြီးသား လ မြင်တိုင်း မြင်တိုင်း မြင်ပဲ့ဝင်ကမလေ ကိုကျုပ်တို့ ဖြစ်ပျက်ရှုရလိမ့်မယ်....(မှန်ပါ့)။

မြင်စိတ်ကလေးက ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုနေပါမယ် ဘုရား) မြင်စိတ်ကလေး ဖြစ်ပျက်မရှုနိုင်လို့ ရှိယင်ဖြင့်....တဲ့ ဒါက မြင်စိတ်ရှုတဲ့မင်္ဂလာ ဆိုကြပါစို့နော်....(မှန်ပါ့) ဝိပဿနာ မင်္ဂလာ... ဒါက မြင်စိတ်ကနေလား... (မှန်ပါ့)။

ဒီမြင်စိတ်ကလေး လာတိုင်း,လာတိုင်း ကျုပ်တို့က ဘာလုပ်ရ မလဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဒီမြင်စိတ်မရှုနိုင်လို့ရှိယင်လဲ အဆင်းကို ဘာလုပ်ကြ ရမယ်... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ.... အဆင်းရှုမိအောင်ရှုလို့ရှိယင်လဲ အဆင်း အနိစ္စလို့ ရှုလို့ရှိယင်ဖြင့် ရှုမိတဲ့ဉာဏ်က မဂ်ဝင်မှာဘဲ...(မှန်ပါ့)။

ဟာ.... အဆင်းတော့ဖြင့် တပည့်တော် မမိလိုက်ဘူးဘုရား ကိုယ်မြင်တဲ့စိတ်ကလေးဘဲ တပည့်တော် ကပျောက်ရာ ဖြစ်မှုပျက်မှု မြင်လိုက်ပါတယ်လို့ဆိုပြီး ဝိပဿနာရှုပေး...(မှန်ပါ့) ဒီဘက်ကာ ပွဲားစည်းကြောင်းလာသေးရဲ့လား....(မလာပါဘုရား) ပွဲားစည်း ကျိုးကော....(မလာပါဘုရား)။

သြော်....ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပွဲား စည်းမှုကို ဖြတ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ သြော်... မြင်တဲ့စိတ်ကို ဖြစ်ပျက်ရှုရမှာပါကလား...(မှန်ပါ့) သို့မဟုတ် မြင်တဲ့ရူပါရုံကို (ဖြစ်ပျက်ရှုရမှာပါဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ဒီတဏှာ ဥပါဒါန်ကံသွား မယ်....(မှန်ပါ့) သွားလို့ရှိယင် ဟိုဘက် အနာဂတ်ဘဝဆိုတဲ့ ဇာတိ ပဋိသန္ဓေနေမှု ဇရာဗျာဓိမရဏဆိုတာ၊တို့ ဦးမဘခင် လာ-မလာ ...(မလာပါ ဘုရား)။

သြော်....ဒါ့ကြောက်ရှာလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ပွဲားစည်းမှုကို ဖြတ်တောက်ရမယ်လို့ ဆိုတာ မာဂဏ္ဍိကဲ့တော့ ပွဲားစည်းမှုကြိုက်ရမယ်....(မှန်ပါ့)။

တကၢတကၢမတို့ ပ္ဍားစည်းမ္ယကြိုက်ယင် ဒုက္ခသစ္စာကြိုက်တ၀ဲ... (မ္ယန်ပါ့ဘုရား)။

ပ္ဍားစည်းမ္ယကို မကြိုက်လို့ ပ္ဍားတဲ့စိတ်ကလေး အဆင်းကို သော်ရုင်း ဖြစ်ပျက်ရှု၊မြင်စိတ်ကိုသော်ရုင်း....(ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

စက္ခုဝိညာဏ် အနိစ္စ ဆိုပြီး ဖြစ်ပျက်သာရှုချပါ... (မ္ယန်ပါ့) ဖြစ်ပျက်ရှုတဲ့ ဝိပဿနာမဂ်ဟ် မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) မဂ်လားကတည်းက တဏှာဥပါဒါန်ကံ ဘယ့်နှယ်နေသလဲ.... (မလာပါဘုရား)တဏှာဥပါဒါန် ကံချုပ်တယ်....(ချုပ်ပါတယ် ဘုရား)။

ဒါ ပ္ဍားစည်းမ္ယကိုဖြတ်လိုက်တာ....(မ္ယန်ပါ့) ဒီအကြောင်းဖြတ်လိုက်သဖြင့် ဒီအကျိုးအထူးဖြတ်ဘို့လိုသေးသလား.... (မလိုပါဘုရား) ပေါ်ကြပြီ.. (ပေါ်ပါပြီ)ဒါက ဘုရားဝါဒ....(မ္ယန်ပါ့ ဘုရား)။

မားဂဏ္ဍိ၏ဝါဒကတော့မြင်ချင်တယ်, လိုချင်ရမယ်-(မ္ယန်ပါ့) လိုချင်လို့ရှိယင် မရ-ရအောင် အားထုတ်ရမယ်... (မ္ယန်ပါ့)အားထုတ်ပြီး လွန်ကျူးရမယ်....(မ္ယန်ပါ့)သူက ဒီလိုကိုးဗျ.... (မ္ယန်ပါ့ ဘုရား)။

လွန်ကျူး ရမယ်၊ ကားယကံ, ဝစီကံ, မနောကံနဲ့ လွန်ကျူးရမယ်၊ မရသေးတားရအောင်လုပ်ရမယ်၊ ရပြီးသား လွန်ကျူးရမယ်... (မ္ယန်ပါ့) သူက ဒီလိုပ္ဍားစည်းမ္ယသူတို့စားမ္ယာလာတယ်.... (မ္ယန်ပါ့)။

ဒါ့ကြောင့် ဘုရားက ပွားစည်းမှု ဖျက်နေသောကြောင့် သူသည် မကြည်ညိုနိုင်ဘူးတဲ့... (မှန်ပါ့) ဆိုတော့ တကာတကာမတွေ အခု မာဂဏ္ဍ ကို ပွားစည်းမှုဖျက်ပြလိုက်ပါပြီ... (မှန်ပါ့) တကာတကာမတွေသဲ ပွားစည်းမှုဖျက်နည်းကို ရှုတတ်ပါပြီ.... (မှန်ပါ့)။

မြင်စိတ်လာယင် ဘာလုပ်မယ်....(ဖြစ်ပျက်ရှုပါမယ်) အင်း.... ကြားစိတ်ကလေးပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်) နံစိတ်ကလေးပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်) စားတဲ့ လျှာလယ်မှာ စိတ်ကလေးပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်) ကိုယ်ပေါ်မှာယားတဲ့ ယံတဲ့, နာတဲ့ စိတ်ကလေးပေါ်ယင် .... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ကိုယ်ပေါ်မှာ လေကလေးဘာကလေးတိုက်လို့ ချမ်းသာတဲ့ စိတ်ကလေးပေါ်ရာမှာ.... (ဖြစ်ပျက်ရှုရပါမယ်) မနောထဲမှာလဲ ဝမ်းသာလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်)ဝမ်းနည်းတာလဲ.... (ဖြစ်ပျက်ရှုရပါမယ်) အလတ်စားဥပေက္ခာပေါ်လဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်မဂ်- ဖြစ်ပျက်မဂ်ဆိုတော့ ဒီ-ပွားစည်းမှုအကြောင်းတွေ ဘယ်နှယ်နေကြသလဲ.... (ပြတ်ပါတယ်ဘုရား) ပွားစည်းမှုအကျိုးတွေကော လာသေးရဲ့လား ... (မလာပါဘုရား)။

ဩော်.. တကာသစ် ဘုရားက သမုဒယနဲ့ ဒုက္ခဖြတ်တယ်.... (မှန်ပါ့)ဟိုက သမုဒယပွားပြီး ဒုက္ခ အကြိမ်မနားလိုက်ယင် ကြိုက်တယ် ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလို ဘုရားနဲ့ မဂဏ္ဍိမျိုးတွေနဲ့ ခြားနားတယ်ဆိုတာကို လဲ တကာတကာမတွေ ယနေ့သိရပြီ.... (သိရပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ အလုပ်ပေးပုံကော....တဲ့၊မဂဏ္ဍိ နဲ့ပတ်သက်ပြီး အလုပ်ပေးပုံ စက္ခုဣန္ဒြေစောင့်ဆိုတာ၊ မျက်လုံး ပိတ်ထားရမှာမဟုတ်ဘူး၊ မြင်စိတ်က မြင်ရုံတွင်မြင်တာ၊ ဘာမှ ကိစ္စမရှိဘူး.... (မှန်ပါ့) နောက်ကလိုချင်တယ်, စဲ့လမ်းတယ်, အားထုတ်တယ်ဆိုမှ အပြစ်ရှိတယ်.... (မှန်ပါ့)။

မြင်တာဟာ"ဥပေက္ခာသဟဂတံ စိက္ခုဝိညာဏ"ဆိုလို့ ဘာမှ ကိစ္စမရှိဘူး... (မှန်ပါ့) ဥပေက္ခာဘဲမြင်ကာမတ္တာဘဲ.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ဇကာတကာမတို့ ဒီမြင်စိတ် ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ကြားစိတ်ကော.... (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

ရှုလိုက်တော့ တကာသစ်တို့ ဦးမာဒင်တို့ ဘာဖြစ်သွားသတုံး ပွားစည်းမှုပျက်တယ်....(မှန်ပါ့ဘုရား)။

ရှုလိုက်တော့ ဘာဖြစ်ပါလိမ့်.... (ပွားစည်းမှုပျက်ပါတယ်) ပွားစည်းမှုပြတ်ထွက်သွားတယ်ဆိုတာ သေချာပလား.... (သေ ချာပါပြီ) တဏှာပွားသေးရဲ့လား... (မပွားပါဘုရား)ဥပါဒါန် (မပွားပါဘုရား) ကံ.... (မပွားပါဘုရား) နောက်ဘဝ ဇာတိ ဇရာမရဏ....(မပွားပါဘုရား)။

အဲဒါ့ကြောင့် ဘုရားသခင်ကိုတော်မြတ်ကြီးကငါကတော့ကွာ တဲ့ ရှုပါရုံကိုမြင်လိုက်တယ်ဆိုယင်တဲ့ မင်းတို့ကသာယာတယ်,နှစ်

သက်တယ်, စ္ဓလမ်းတယ်ဆိုတာ မင်းတို့က လာတယ်တဲ့....(မှန်ပါ့ ဘုရား)။

အဲဒီတော့ ငါကတော့ ဒါတွေ သားယာနှစ်သက်စ္ဓလမ်းတာ တွေကို မလာရအောင် စောင့်ရှောက်ရမယ်လို့ ငါကဟောလေ့ ရှိတယ်... (မှန်ပါ့)။

စောင့်ရှောက်ဘို့ဆိုတော့ မျက်လုံးပိတ်ထားဘို့မဟုတ်ဘူး....၊ မြင်စိတ်ကိုဘာလုပ်မလဲ- (ဖြစ်ပျက်ရှုရပါမယ်)အဲ....စောင့်ရှောက် ပြီးသားဖြစ်တာဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့သည်...တဲ့ ဒီတရားကို ရှေ့ဘက်... မာဂဏ္ဍိကားလို့ ဆိုယင် ပဋ္ဌားစည်းမှုကို သူ- အလို့ရှိတာဟာ သံသရာခွဲတွင်မှုကို သူတို့အကြိုက်ဖြစ်နေတယ်....(မှန်ပါ့)သံသရာ ပြတ်မှုဟာ....(သူတို့မကြိုက်ပါဘူး) မကြိုက်ဘဲ ဖြင့်ပြီးသကာလ နေတာ ကျွတ်တမ်းဝင်မည့်ဘဝလို့ ဦးမာဒင် မှတ်ရမယ်.... (မှန်ပါ့ဘုရား)။

ဘုရားတည်းဟူသော ကလျာဏမိတ္တ - ဆရာကောင်းမရှာဘူး ဆိုယင် ကျွတ်တမ်းဝင်ဘို့ အတော်ခဲယဉ်းတယ်....(ခဲယဉ်းပါတယ် ဘုရား) ရပါ့မလား ...(မရပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့လဲတဲ့ တကာ ကြွယ်တို့ သေသေချာချာစဉ်းစား... ၊ ကိုယ်ပင်ကိုယ်အကြိုက်က ပဋ္ဌားစည်းမှုကြိုက်တယ်... (မှန်ပါ့)။

ပင်ကိုယ်အကြိုက်ပြောကြစမ်းပါ.... (ပ္ဌားစည်းမှုကြိုက်ပါတယ်) တထောင်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လောက်ဖြစ်ချင်သလဲ.... နှစ်ထောင်, သုံးထောင်, တသောင်းထိအောင်မဖြစ်ချင်ဘူးလား- (ဖြစ်ချင်ပါတယ်ဘုရား)။

တသိန်းရှိတဲ့ပုဂ္ဂိုလ်ကလဲ သိန်းပေါင်းများစွာ မဖြစ်ချင်ဘူးလား.... (ဖြစ်ချင်ပါတယ်ဘုရား) ဘာတွေကြိုက်နေကြသလဲ.... (ပ္ဌားစည်းမှုကြိုက်နေပါတယ်ဘုရား)။

ပ္ဌားစည်းမှုကြိုက်တော့ တဏှာဥပါဒါန်ကံတွေ မဖြစ်ရဘူးလား....(ဖြစ်ရပါတယ်) နောက်ဘဝ ဇာတိဇရာမရဏတွေကော- (ဖြစ်ရပါတယ်ဘုရား) ပ္ဌားစည်းမှုကြိုက်ယင် ဒီအတိုင်းလာမှာဘဲ- ...(မှန်ပါ့ဘုရား)။

သို့သော် ပုထုဇဉ်မှန်က သစ္စာမသိသေးခင်မှာ တကာသစ်တို့ ဦးမာဒုင်တို့ ဘာကြိုက်လေ.ရှိသတုံး .... (ပ္ဌားစည်းမှုကြိုက်လေ. ရှိပါတယ်ဘုရား)။

ကိုင်း .... ပ္ဌားစည်းလို. အခုသစ္စာတွေဟောဒါက သမုဒယသစ္စာဘုရာ့၊ နောက်ပ္ဌားမှာက ဒုက္ခသစ္စာဘုရာ့ဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ် သေသေချာချာ တန်းပြတယ်....(မှန်ပါ့ဘုရား)။

ဒါ မာဂဏ္ဍိကို ဘုရားက တန်းပြပြီး ဟောနေတယ် .... (မှန်ပါ့) အဲဒီလိုဟောလိုက်တော့ သြော် .... ဒီဘက်ကသမုဒယ သုံးခုကြောင့် ဒီဘက်က ဒုက္ခသုံးခုဟာဖြင့် မလွတ်နိုင်တော့ ပါလားဆိုတာ ဒီဇာတိကလဲ အပါယ်ဇာတိလဲဖြစ်နိုင်တယ် .... (မှန်ပါ့) မဖြစ်နိုင်ဘူးလား....(ဖြစ်နိုင်ပါတယ်) ဇာတိသာဆို

တာကိုး အပါယ်ဇာတိ, တိရစ္ဆာန်ဇာတိ မဖြစ်နိုင်ဘူးလား ....(ဖြစ်နိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဒီပဋ္ဌားစည်းမှာ တကာတကာမတို့ ကြိုက်သင့်သလားတဲ့၊ ဖြတ်သင့်သလား....(ဖြတ်သင့်ပါတယ်ဘုရား)။

ဖြတ်သင့်လို့ ရှိယင်ဖြင့် ဒီအကျိုးကိုဖြတ်မနေနဲ့၊ ဒီအခြောင်းမလာအောင်လုပ်ပါ...(မှန်ပါ့)တဏှာ,ဥပါဒါန်,ကံမလာအောင်လုပ်ပါ၊ သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာ, ဥပါဒါန်, ကံဆိုတာမြင်တဲ့ပုဂ္ဂိုလ်မှ လိုချင်တာ....(မှန်ပါ့) ကြားဘဲ့ပုဂ္ဂိုလ်မှ ကောင်းတယ်၊ ဆိုးတယ်ဆိုတဲ့ တဏှာလာတာ....(မှန်ပါ့) မလာဘူးလား(လာပါတယ်ဘုရား)။

အဲဒီဘော့ မြင်စိတ်ကို ဘာလုပ်မယ် .. (ဖြစ်ပျက်ရှုရပါမယ်) ကြားစိတ်ကို .. (ဖြစ်ပျက်ရှုရပါမယ်) ကြံစိတ်ကို . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီ စိတ္တာနုပဿနာ ရှုလိုက်တော့ တကာတကာမတွေက စဉ်းစားတာပေါ့တဲ့၊ စိတ်က ဖြစ်ပျက်ရှုတာက မဂ်ဖြစ်သွားရော-(မှန်ပါ့) အဲဒီတော့ ပဋ္ဌားစည်းခြောင်း ပေါ်သေးရဲ့လား .... (မပေါ်ပါ)ဒါဖြင့် ပဋ္ဌားစည်းကျိုး ဒုက္ခတွေကော ... (မလာပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ပဋ္ဌားစည်းခြောင်း သုံးခုက သမုဒယသစ္စာ....(မှန်ပါ့) ပဋ္ဌားစည်းကျိုးသုံးခုက- (ဒုက္ခသစ္စာပါ) အဲ....ရှုလို့ ရှိယင် သမုဒယနဲ့ ဒုက္ခပြတ်တယ်.... (မှန်ပါ့ဘုရား)။

ရှုလို့ရှိယင်....(သမုဒယနဲ့ ဒုက္ခပြတ်ပါတယ်) ဟောဒီဘက်က သမုဒယ၊ ဟောဒီဘက်ကကော....(ဒုက္ခပါဘုရား)။

ဒါဖြင့် ပွားချည်းတဲ့ပုဂ္ဂိုလ်မှာ သမုဒယနဲ့ ဒုက္ခအဝိုင်းကြီး နောက် ပွားမယ်..(မှန်ပါ) မပွားပေဘူးလား....(ပွားမှာပါ) သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သန္တာန်မှာ ပေါ်တဲ့ စိတ်ကို ဘယ်စိတ်ပေါ်ပေါ် ခင်ဗျားတို့သန္တာန်မှာ ရဟန္တာ စိတ်ကလဲ ပေါ်မှာမဟုတ်ပါဘူး....(မှန်ပါ) ပုထုဇန်ဒုဿီတ်ဖြင့် ဒုဿီတ်စိတ်ပေါ်မှာဘဲ.... (မှန်ပါဘုရား) တိဟိတ်ပုဂ္ဂိုလ်ဖြင့်.... (တိဟိတ်စိတ် ပေါ်မှာပါဘုရား)။

အဲဒီ ကိုယ့်ပေါ်တဲ့ စိတ်ကို ဘာကလေးပေါ်ပေါ်မျက်လုံး ပေါက်ကပေါ်ပေါ်၊နှားပေါက်က ပေါ်ပေါ်၊နှာခေါင်းပေါက် က ပေါ်ပေါ်၊ပေါ်ချင်တာ ပေါ်ပါစေ၊တကာတကာမတို့ ဖြစ် ပျက်နောက်ကမင်္ဂလာ(မှန်ပါ)ရှင်းပလား(ရှင်းပါပြီဘုရား)။

ဖြစ်ပျက် မင်္ဂလာက လိုက်လိုက်တဲ့ အခါကျတော့ ဒီသမုဒယသစ္စာ ဘာဖြစ်မယ်....(ချုပ်သွားပါတယ်) ချုပ်တယ်၊ ဒီဒုက္ခသစ္စာ....(မလာပါဘူးဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဖြစ်ပျက်ကဒုက္ခသစ္စာ....(မှန်ပါ) ရှုတာက....(မဂ္ဂသစ္စာပါ) သေတာက.... (သမုဒယသစ္စာပါ) ချုပ်တာက (နိရောဓသစ္စာပါ) ဒီမှာ- ဒီနိုဗ္ဗာန်ရမယ်ဆိုတဲ့ဥစ္စာ သစ္စာလေးပါးဟောလိုက်တာ.... (မှန်ပါ) ရိပ်မိကြပလား .... (ရိပ်မိပါပြီဘုရား)။

တကာတကာမတို့ ဒါဖြင့် စက္ခုနွေစောင့်ပါဆိုတာ မျက်လုံးပိတ်ထားရမှာမျိုး၊ သက်သတ်လွတ် စားရမှာမျိုး၊ဇီဝ့ေနွေစောင့်ဆိုဘာမျိုး ဒါမဟုတ်ပါဘူး....(မှန်ပါ့) ပေါ်လာတဲ့စိတ်ကလေး တကာကြွယ် ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ....မျက်လုံးထဲပေါ်ပေါ်၊ နားထဲပေါ်ပေါ်၊ နှာခေါင်းထဲပေါ်ပေါ်၊ လျှာထဲပေါ်ပေါ်၊ ကိုယ်ပေါ်မှာဘဲ ပေါ်ပေါ်၊ ပေါ်တဲ့စိတ်ဘာလုပ်မလဲ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုတော့ ဒီပေါ်တဲ့စိတ်တွေ မမိလိုက်ဘူးဘုရား.... တကဲ့ဘကျမှ မိတယ်ဆိုတာတောင်မှ ဖြစ်ပျက်ရှု-ရတယ်-(မှန်ပါ့) ဥပါဒါန်နဲ့. ကံနဲ့ချုပ်ရေးတယ်...(မှန်ပါ့ဘုရား)။

ဟာ... တဏှာမမိလိုက်ဘူးဘုရား ကျေဇူးသွားတယ်၊ တပည့်တော်က သတိလစ်သွားတယ်ဆို ဥပါဒါန် လာလို့ရှိယင်လဲ ဖြစ်ပျက်ရှုလိုက်၊ဒီဘက်ကပြတ်သေးတာဘဲ (မှန်ပါ့ဘုရား)။

ဟ....ဥပါဒါန်လဲ မရှုမိဘူးဘုရား၊အားထုတ်နေလို့ ကာယကံ ဝစီကံက မှာဘဲ သတိရခဏတော့တယ်ဆို ဒီကံတွေကို ဘာလုပ်ရမလဲ-(ဖြစ်ပျက်ရှုရပါမယ်)အဲ....ဖြစ်ပျက်ရှုလိုက်တဲ့အခါ ဖြစ်ပျက်မင်ဆိုယင်ဘဲ ကံဖြတ်သေးဘာဘဲ.... (မှန်ပါ့) ကံဖြတ်တယ်ဆိုက တည်းက တကာတကာမတွေ့ သိတဲ့အတိုင်း နောက်ဒုက္ခလာသေးရဲ့လား . (မလာပါဘုရား)။

ကိုင်း....ဒါဖြင့် ကိုယ့်သန္တာန်ပေါ်တဲ့ စိတ်ခဏတွေကို ကိုယ်ရှုရမည့် အဓိပ္ပါယ်ကို တကာတကာမတို့ ဒါဘာ့ကြောင့် ဘုရားက

အရှုခိုင်းတယ်ဆိုတဲ့ဥစ္စာ သံသရာပ္ပဗန္ဓစည်းခြင်းကို အဖြတ်ခိုင်းတာ (မှန်ပါ့)ရှင်းကြပလား....(ရှင်ပါပြီဘုရား)။

ဘာပါလိမ့်ဗျာ....(သံသရာပ္ပဗန္ဓစည်းခြင်းကို အဖြတ်ခိုင်းတာ ပါဘုရား) သံသရာပ္ပဗန္ဓစည်းခြင်းကို အဖြတ်ခိုင်းတာ ဆိုတာ တကာတကာမတွေ့ ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ဒါနဲ့ ဒီအတိုင်းဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါကပ္ပဗန္ဓစည်းခြင်း ဒီလိုဖြတ်တယ်ကွာ၊ မင်းကပ္ပဗန္ဓစည်းခြင်းသဘောကျတယ်၊ ငါဟောနေတာ ဘာမျှားပြောချင်သေးသတုံးတဲ့ .... (မှန်ပါ့)ဘုရားက မာဂဏ္ဍိပရိုင်ကိုမေးတယ်.... (မှန်ပါ့ဘုရား)။

ရှင်ကြီးဂေါတမတဲ့ဘာမှမပြောလိုပါဘူး၊ကျုပ်တို့စားကတော့ ဒီလိုလာနေတယ်တဲ့ စာနဲ့ကိုင်ပေါက်တယ်.... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဘာနဲ့ကိုင်ပေါက်သလဲ .... (စာနဲ့ကိုင်ပေါက်ပါတယ်) ကျုပ်တို့စာက ဒီလိုလာတယ်တဲ့၊ ပ္ပဗန္ဓစည်းခြင်းမဖြတ်ရဘူးတဲ့... (မှန်ပါ့ဘုရား)။

တကာကြွယ်ဘာတဲ့တုံး.... (ပ္ပဗန္ဓစည်းခြင်း မဖြတ်ရပါဘုရား) မြင်တယ်ဆို လိုချင်ရမယ်.... (မှန်ပါ့) သဘောကျပလား .... (ကျေပါပြီဘုရား)။

မြင်တယ်ဆိုယင်....(လိုချင်ရမယ်) လိုချင်ရမယ်- အားထုတ်ရမယ်၊ လွန်ကျူးရမယ်.... (မှန်ပါ့) လွန်ကျူးတော့ ကာယကံ ဝစီကံပေါ့...(မှန်ပါ့ဘုရား)။

ကြားတယ်ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ လိုချင်ရမယ်၊ သာယာရမယ်- ဟုတ်သား .... (မှန်ပါ့) စွဲလမ်းရမယ်၊ ကြားတဲ့နေရာကို မရောက်-ရောက်အောင် ကာယကံ,ဝစီကံနဲ့ သွားရမယ်-လာရမယ်....(မှန်ပါ!) သူ့ဟာက လွန်ကျူးရမှာချည့်ဘဲ.... (မှန်ပါ့) နောက်သံသရာလဲ ပွားရမယ်ဆိုတဲ့ အဓိပ္ပါယ်ကော မရဘူးလား....(ရပ်ါတယ်ဘုရား)။

အဲဒါ သူတို့စာမှာ လာပါတယ်တဲ့၊ ဒါ့ကြောင့်ကျုပ်ပြော နေတာပါဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အေး-မင်း တို့စာက စာဆိုတာက ပိဋ္ဌကခေါ်ပါတယ်ကွာတဲ့(မှန်ပါ့) ပိဋ္ဌက ပြည့်စုံကာမျှနဲ့တဲ့ မင်းအမှန်မယူလိုက်ပါနဲ့တဲ့(မှန်ပါ!)သဘောကျ ပလား....(ကျေးဇူးဘုရား)။

ပိဋ္ဌကပြည့်စုံကာမျှနဲ့.... (အမှန်မယူလိုက်ပါနဲ့ဘုရား) အမှန် မယူလိုက်ပါနဲ့.တဲ့၊ ပိဋ္ဌကဆိုတာသူ့.လဲပိဋ္ဌကရှိတယ်၊ ငါ့လဲပိဋ္ဌက ရှိဘယ်....(မှန်ပါ!) ဘာသာမျိုးစုံရှိတယ်... (မှန်ပါ!) သဘောကျ ပလား (ကျေးဇူးဘုရား)။

အဲဒါကြောင့် ဒါတော့အမှန်မယူဘဲနဲ့ ခန္ဓာဖြစ်စဉ်ပြတ်-မပြတ် ကို အမှန်ထားကြ....(မှန်ပါ!ဘုရား)။

ဘယ်ဟာ အမှန်ထားကြရမလဲ....(ခန္ဓာဖြစ်စဉ်ပြတ်- မပြတ်ကို အမှန်ထားကြရပါမယ်ဘုရား)။

အဲဒီတော့ တကာကြွယ်တို့၊ ဦးမာဒင်တို့၊ တက:သစ်တို့ ဒါကဆတော့ဖြင့် ခန္ဓာဖြစ်စဉ်ပြတ်တာကတော့ ဖြစ်တာကိုလဲသိတာ ဘဲ(မှန်ပါ!)ပြတ်သွားတာလဲ...(သိပါတယ် ဘုရား)။

အဲဒါကတော့ဖြင့် စာနဲ့ခန္ဓာနဲ့ စဉ်းစားကြည့်၊ဖြစ်စဉ်က ခန္ဓာမှာ... (မှန်ပါ့) စာက မှတ်တမ်းမှာ.... (မှန်ပါ့) ဒါဖြင့် မှတ်တမ်းဆိုတာ ဖြစ်စဉ်၏မှတ်တမ်း....(မှန်ပါ့) သဘောကျပလား-- (ကျေပါပြီဘုရား)။

မှတ်တမ်းဆိုတာ .. (ဖြစ်စဉ်၏မှတ်တမ်းပါဘုရား) အဲဒီတော့ ဘယ်ဟာကို ခင်ဗျားတို့ လေးစားမလဲလို့ မေးလို့ ရှိယင် ဘယ့်နှယ် ပြေပါ့မလဲ.. (ဖြစ်စဉ်ပါဘုရား) ဖြစ်စဉ် လေးစားရမယ်- (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ကိုယ့်ခန္ဓာထဲမှာ ကိုယ်ပြစ်ပျက်ရှုနိုင်တဲ့ဂုဏ်လိုလ်ဟာ တဲ့ ကိုယ်အနေကြီးတဲ့အလုပ် ကိုယ်လုပ်နေတယ်လို့ မအောက်မေ့စမ်းပါ.. (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)

ဒါဖြင့် တကာတကာမတို့ နာရီကလဲ မရ ဒီနေ့တော့နော်.... (မှန်ပါ့ဘုရား) ဒီဝတ္ထုသည် အင်မတန်မှ အဘိုးတန်ပြီးတော့ကို ကျွတ်တမ်းဝင်သည်တိုင်အောင် ဥပမာ ဥပမေယျနဲ့ တက-တကာ သစ်ကြားရမယ် (မှန်ပါ့)။

အဘိုးတော့ အင်မတန်-တန်ပါတယ်....(မှန်ပါ့) နောက်ဆုံးပိတ် ကျွတ်တမ်းဝင်သည်တိုင်အောင်တဲ့ ရုပါတယ်.. (မှန်ပါ့ဘုရား) ဒီကြားထဲ ဘုရားက ပရိယာယ်တွေနဲ့ ဟောကိုက်တာလဲ အမျိုးမျိုးဘဲ.... (မှန်ပါ့) ကျွတ်တမ်းလဲဝင်မှာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတရားဖြစ်လေသောကြောင့် ဆက်ပြီးနာပါလို့ ဆိုတာ ပြောရတယ်....(မှန်ပါ့)။

ကဲ....ယနေ့တော့ အချိန်လွန်ပြီ.. ၊ ဒီတွင်တော်ကြပါဦးစို့....။

သာဓု....သာဓု... သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်းလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ခမ္မာရုံ၌ - ဟောကြားတော်မူသော
(မဘဂဏ္ဍိပရိုင်ဝတ္ထု (၂)

နေ့ အလုပ်ပေး-တရားတော်

(၆ - ၉ - ၆၁)

ကဲ... တရားနှစ်လုံးသွင်းကြ။ တရားနာနည်း နိဿယည်းကလဲ တကာတကာမတွေ့ ခဏခဏ သတိပေးပါတယ်.... (မှန်ပါ့) နားက ဘုန်းကြီးပြောဆိုတဲ့တရားကို နာပါလို့ သတိပေးလိုက်ပါတယ်နော်.... (မှန်ပါ့)။

ဉာဏ်ကတော့ဖြင့် ဘုန်းကြီးဟာနေတာ ဘယ်နေရာဟာနေတယ်ဆိုတဲ့ ဝေဒနာဟောယင် ဝေဒနာဉာဏ်ကလည့်၊ စိတ်ဟောလို့ရှိယင် စိတ်ကိုဉာဏ်ကလည့်၊ ဒီကဲ့သို့ဉာဏ်က အလည့်တည့်သွားပြန်လို့ရှိယင်လဲ တရားနာရင်း ဉာဏ်ထက်ပြီးသကာလ တရားပဲ့ထဲတွင် သောတာပန် သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်ပါတယ်... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ့ တရားနာတဲ့အခါ နားကတော့ဖြင့် ဘုန်းကြီးဟောတဲ့တရား နာရမှာဘဲ (မှန်ပါ့) ဉာဏ်ကတော့ဖြင့်... တဲ့ သြော်....ဒါ ဝေဒနာဟောနေပါကလားဆိုပြီး ဉာဏ်က ဝေဒနာစိုက်လိုက်.... (မှန်ပါ့) စိတ်ဟောနေယင်ကော- (စိတ်စိုက်ရမှာပါဘုရား)။

အဲဒီကဲ့သို့ စိုက်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် စိတ်တွေက အနိစ္စသဘော....(မှန်ပါ့)ဝေဒနာက အနိစ္စသဘောကို တရားကပြောပါလိမ့်မယ် .... (မှန်ပါ့ဘုရား)။

တရားက ပြောတဲ့အခါကျတော့ တကာတကာမတွေက ဉာဏ်က သြော်.... ခန္ဓာက ဒီလိုပြောနေပါကလား.... အနိစ္စသဘောတွေပြောနေပါလားလို့ ဆိုလို့ရှိယင်ဖြင့်... တဲ့ ဟောရင်း မတ္တာနဲ့ ယထာဘူတဉာဏ်ရတယ်.... (မှန်ပါ့)။

ဟောရင်း မတ္တာ နာရင်းမတ္တာနဲ့ ဘာရပါလိမ့်.... (ယထာဘူတဉာဏ်ရပါတယ်ဘုရား)။

ယထာဘူတဉာဏ်ရပြီးသကာလနေတော့ ဒီအတိုင်းဘဲ ဉာဏ်ကစိုက်ပြီး ခန္ဓာကိုယ်ထဲမှာ တရားကို နားထဲကတော့ကြားနေတာဘဲ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲ စိုက်မယ်ဆိုလို့ရှိယင်ဖြင့် သြော်....ဒီခန္ဓာကြီးဟာ ဖြစ်ပြီးပျက်တဲ့ ဓမ္မမှုတပါး ဘာမှုမရှိပါကလား.. လို့ ဆုံးဖြတ်ချက်ချလိုက်လို့ရှိယင် သက္ကာယဒိဋ္ဌိဟာ ကွာသွားတယ်....(မှန်ပါ့ဘုရား)။

ကွာပြီးသည်၏ အခြားမဲ့ဌ် ဘုန်းကြီးတို့ တကာတကာမတွေ ဉာဏ်ဘဲ လှည့်စိုက်နေလို့ရှိယင်ဖြင့် သြော်.... ဒီ ဖြစ်ပျက်တွေဟာ တခြားမဟုတ်ပါလား....၊ တရားနာတဲ့ ခန္ဓာ၏ ဖြစ်ပျက်တွေပါကလား ၊ ဒါ အနိစ္စ သဘောတွေပါကလား...၊ သင်္ခါရအနိစ္စ လမ်းဆုံးနေတာတွေပါကလားဆိုတာ သူ့ဟာသူ ဉာဏ်ထဲမှာ တရားကပြောတာနဲ့ ဉာဏ်က သဘောကျသွားတယ်....(မှန်ပါ့ဘုရား)။

တရားကပြောတော့ ဘယ်သူကသဘောကျသတုံး.... (ဥာဏ်ကသဘောကျပါတယ်ဘုရား)။

အဲဒီတော့ တကာဘကာမဘို့ တရားကပြော ဥာဏ်ကသဘောကျသွားပြီဆိုမှဖြင့် ဒီဥာဏ်သည် အမြင်ကျယ်ကျယ်·ကျယ်ကျယ်လာပြီးသကာလ ဒီခန္ဓာ၏ ဖြစ်ပျက်ကြီးကို မှန်းလာပါလိမ့်မယ်-(မှန်ပါ)။

ဒီခန္ဓာ၏ ဖြစ်ပျက်ကြီးကို တကာတကာမတွေ့က မှန်းလာတဲ့အခါကျလို့ ရှိယင်ဖြင့် တရားနာရင်း ဥာဏ်က စိုက်လိုက်တော့ ဒီခန္ဓာကြီး ဆုံးရှုသာရောက်ချင်တော့ တယ်ဆိုတာ လာတော့ တာဘဲ....(မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီး၏ ဆုံးရှုသ့ာရောက်ချင်တော့တယ်ဆိုတာ တကာသစ်ရေ.... တကာကြွယ်တို့ ဥာဏ်တက်သ့ားတာ အောက်မေ့.... (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ဆုံးရှုသာ ရောက်ချင်တော့တယ် ဆိုလို့ရှိယင်ဖြင့် တဏှာပါးလို့ ဒီဥာဏ်တက်လာတာမှတ်လိုက် .. (မှန်ပါ့ဘုရား)။

တဏှာပါးလို့ ဒီဥာဏ်တက်လာပြီလို့ တကာတကာမတွေ့ကကိုယ်·ဟာကိုယ် သိပြီဆိုမှဖြင့် ဆုံးချင်တဲ့ဥာဏ်နဲ့ ကြည့်ရင်း မတ္တာနဲ့ဘဲ ..တဲ့ ဒီခန္ဓာ ဖြစ်ပျက်ကြီးဟာ ဆုံးသ့ားတယ်.... (မှန်ပါ့ဘုရား)။

ဆုံးသ့ားသည်နဲ့ တပြိုင်နက်တည်း "ဒုက္ခဿ အန္တံ သဗ္ဗံ ကရိဿတိ"ဆိုတဲ့အတိုင်း၊ ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံးဖြစ်တဲ့

နိဗ္ဗာန်ကို (ဝါ) ဖြစ်ပျက်တို့၏ အဆုံးဖြစ်ဘဲ့နိဗ္ဗာန်ကို၊ သစ္ဆဝ် ကရိယတိ=မျက်မှောက်ပြုနိုင်လတ္တံ့ လို့ဆိုတော့ တကာတကာမ တော့ အဲဒီကျတော့ တရားကမပြားတော့ဘူး... (မှန်ပါ့) တရား မပြားဘဲနဲ့ ဉာဏ်က နိဗ္ဗာန်သာ အာရုံပြုနေတော့တာဘဲ.... (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားလက်ထက်က တရားနာကြတယ်၊ ဘုရားမရှိ သည့်နောက် တရားနာကြတာသည် တကာသစ်တို့, တကာကြွယ် တို့, ဒီအတိုင်းနာတာနဲ့ကဲ့ ကိစ္စပြီးသွားကြတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် တရားနာလို့ ကိစ္စပြီးတာလား....၊ တရားနာရင်း ဉာဏ်လှည့်လို့ ကိုးပြီးတာလား....(တရားနာရင်းဉာဏ်လှည့်လို့ ကိစ္စပြီးတာပါဘုရား)။

အဲဒါ မသိတဲ့ပုဂ္ဂိုလ်တွေက ဘယ်လိုပြောလေ့ ဆိုလေ့ရှိသ တုံးလို့ မေးတဲ့အခါကျတော့ ဦးမာဒင်တို့မှတ်ရမယ်....၊ တရား နာရင်း နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့)။

ဘယ်ဟုတ်လိမ့်မတုံး နာရုံနဲ့တော့ မရောက်တာအမှန်ဘဲ.... (မှန်ပါ့) ဉာဏ်ခန္ဓာလှည့်လို့ ဉာဏ်တက်သွားလို့ ရောက်တာ လို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့) တကာကြွယ် သဘောရှင်း သွားပြီ....(ရှင်းပါ ပြီဘုရား)။

တရားက နားကသာ နာတာကိုးဗျ....(မှန်ပါ့)ဉာဏ်ကဘယ် လှည့်သတုံး....(ခန္ဓာလှည့်ရမှာပါဘုရား)။

ဥာဏ်ကခန္ဓာလှည့်လိုက်တော့ တကာသစ်တို့, ဦးမာဒင်တို့, ဥာဏ်မတက်ဘဲ ခံနိုင်ပါ့မလား... (မခံနိုင်ပါဘုရား)။ ဒီကလဲ တရားနဲ့ ရှေ့.က လမ်းပြပေးနေပြန်ပြီဆိုတော့ တကာ တကာမတို့ ဥာဏ်တော့ကလဲ လမ်းပြသလောက် တက်လိုက်သွားတယ်....(မှန်ပါ့)ဥာဏ်တော့ကလမ်းပြသလောက် တက်လိုက်သွားတော့ ခန္ဓာကလဲ ပြောနေတာက ကြာလေရှင်းလေ-ခန္ဓာကပြောတာကလဲ ကြာလေရှင်းလေဘဲ....(မှန်ပါ့)။

အဲဒီကဲ့သို့ ခန္ဓာက ကြာလေရှင်းလေ--ကြာလေရှင်းလေ သူ့.အကြောင်း သူ့.သဘော ပြောတော့ကိုဘဲ့ လောကီဥပမာနဲ့ တကာကြယ် ရှင်းပြမယ်နော်....(မှန်ပါ့)။

ခွေးသေကောင်ပုပ်တခုကို ခွေးသေတာကို စိုက်ကြည့်နေ၊ ခွေးက အရှင်လတ်လတ်ဘဲ သေသွားတယ်ဆိုပါတော့ (မှန်ပါ့) ပဌမတော့ဖြင့် ခွေးသေတာ မြင်တာဘဲ .. (မှန်ပါ့)။

နောက် ကြည့်လှမက ကြည့်လာလို့.ရှိယင် ခွေးသေကောင် ခွေးသေကောင်ပုပ်၏ ရောင်ဖေါလာတာ မြင်လာတယ်... (မြင်ပါဘယ်ဘုရား)။

နောက် ခွေးသေကောင်ပုပ်၏ ပိုးတွေ, လောက်တွေကျလာတာကော....(မြင်ပါတယ်ဘုရား)။

နောက် ခွေးသေကောင်ပုပ်ကို ဋ္ဌင်းတတွေ ဘာတွေစားလို့.ကုန်သွားတာဘဲ.... (မှန်ပါ့) ဥာဏ်မပြတ်လို့.ရှိယင် ကုန်တာကျအောင် ရောက်တာပါဘဲ....(မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ ထူးထူးလည်လည် သြော်... ဒို့ ဥာဏ်မပြတ်ဘို့ အရေးဟာ ဒို့-အရေးပါလားဆိုတာ ဦးမာဒင်တို့ သေသေချာချာမှတ်ရမယ်.... (မှန်ပါ့)။

ဥာဏ်မပြတ်ဘို့ အရေးဟာ.... (တပည့်တော်တို့ အရေးပါဘုရား)အေး....တကာ့သစ်တို့၏ အရေး, တကာ့ကြွယ်တို့၏အရေး, ဦးလှဘူးတို့၏ အရေးဆိုတာသေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ဒါဖြင့်.... တကာတကာမတို့ ဒီဥာဏ်က နိဗ္ဗာန်အာရုံပြုပြီး သကာလ သွားတော့ ဒီဥာဏ်က နိဗ္ဗာန်ကိုလဲမြင်တယ်....(မှန်ပါ့ဘုရား) အပါယ်လေးပါးသွားစေတတ်တဲ့ ဒိဋ္ဌ,ဝိစိကိစ္ဆာ,ကိလေသာတွေလဲ သတ်တယ်....(မှန်ပါ့)။

ဒါ့ကြောင့် တရားနာရင်း သောတာပန်တည်ပြီး အပါယ်လေးပါး တံခါးပိတ်သွားတယ်ဆိုတဲ့ပုဂ္ဂိုလ်မျှားကျတော့ တရားပဲပြီးယင် မပြန်ချင်သေးဘူး....(မှန်ပါ့)သူ့ဖြစ်စဉ်တွေ ဘုရားကို လျှောက်ချင်သေးတယ် .. (မှန်ပါ့ဘုရား) သူ့ဖြစ်စဉ်တွေ ဘုရားလျှောက်ချင်သေးတဲ့ အဓိပ္ပါယ်မျိုး ပေါ်-ပေါ်လာတယ်.... (မှန်လှပါ) သဘောကျကြပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေလဲ သြော်.... တရားတော့ သိမ်းသွားပြီ၊ ကိုယ့်ဖြစ်စဉ်ကလေးက အင်မတန်နေရာကျနေတော့ မတွေ့ဘူးတဲ့ နိဗ္ဗာန်ကြီးတွေ့ရ၊သေယင် စိတ်ချရတဲ့ အပါယ်လေးပါး တံခါးပိတ်တဲ့ ဥာဏ်ကြီးကိုလဲ ရ,ရတော့

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို လျှောက်ချင်သလို တကာ တကာမတို့လဲ ဆရာသမား လျှောက်ချင်တဲ့ စိတ်ပေါ်အောင် ဒီတရားကို နားကနာပြီး ဥာဏ်က ခန္ဓာကို လှည့်ပါဆိုတာ ရှေ့ ပိုင်းမှာ တကာသစ် ပြောပေးနေတယ်.... (မှန်ပါ့) ကြိုးစားကြ စမ်းပါဆိုတာကို သတိပေးရတယ်နော်....(မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်ကြောင့် ဒီဥစ္စာ တိုက်တွန်းရပါလိမ့် မလဲ၊ကြိုးစားကြပါဦး .... ကြိုးစားကြပါဦး ဆရာဘုန်းကြီးကလဲ နေ့တိုင်းလိုလို တိုက်တွန်းဘယ်၊ ဒို့ကလဲ ဘယ်လို အချိုးအစား တွေ့မို့ ဒါလောက် တိုက်တွန်းရပါလိမ့်မလဲလို့ ဒီတရားပဲ ဘခ္ဍ လုံးကတကာတကာမတွေ့က အမေးပုစ္ဆာထုတ်လာခဲ့သည်ရှိသော တကာ တက်ာမတို့ ဟောတဲ့ပုဂ္ဂိုလ်ကလဲ အနိစ္စခန္ဓာကိုယ်နဲ့ ဟောနေပါတယ်....(မှန်ပါ့) နာတဲ့ပုဂ္ဂိုလ်ကလဲ အနိစ္စခန္ဓာကိုယ် ကြီးနဲ့ နာနေရတော့ကို ဟောတဲ့ပုဂ္ဂိုလ်ကလဲ သေရာသုသာန် ပြေးလျက်.... (မှန်ပါ့ဘုရား) နာတဲ့ပုဂ္ဂိုလ်ကလဲ သေရာသုသာန် ပြေးလျက်.... (မှန်ပါ့) လမ်းမှာ တရားဟောနေကြတာကိုး.... (မှန်ပါ့ဘုရား) လမ်းမှာ တရားနာနေကြတာကိုး.... (မှန်ပါ့ ဘုရား)။

အဲဒီတော့.... သုသာန်သွားရင်းဟောရ၍ သုသာန်သွားရင်း တရားနာနေကြတဲ့ အလုပ်ကို ဦးမာဒင်,ရေ.... မတိုက်တွန်းယင် မဖြစ်ဘူး....(မှန်လှပါဘုရား) သဘောပါကြပလား .. (ပါ-ပါပြီ ဘုရား)။

တိုက်တွန်းတာ တိုက်တွန်းသင့်-မသင့်၊ဘုန်းကြီးကလဲ နေ့တိုင်း တိုက်တွန်းတယ်၊ လွန်,လွန်လွန်းတယ်လို့ တကာကြွယ်က ဒီလို

အပြစ်မတင်နဲ့....(မှန်ပါ့ဘုရား) တင်လို့ရှိယင် တင်တဲ့ပုဂ္ဂိုလ်မှာ အလဲကြီး လဲလိမ့်မယ်....(မှန်ပါ့)။

ဟောတဲ့ပုဂ္ဂိုလ်ကလဲ နေ့တိုင်း သယ်ယူ ပို့ဆောင် နေငြားသော်လဲ သူကလဲ ထိုင်ရင်းမတ္တန့် သုသာန်နဲ့နီးတယ်.... (နီးပါတယ်ဘုရား) နာဘဲ့ ပုဂ္ဂိုလ်ကလဲ နားရင်း ထိုင်ရင်းမတ္တန့်.... (သုသာန်နဲ့နီးပါတယ်ဘုရား) အဲဒီတော့ အသေမဦးခင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်က ဦးပါမှ ကျုပ်တို့မှာတဲ့ လူ့ဘဝရကျိုးနပ်မယ်... (မှန်ပါ့) ဉာဏ်ကိုလဲ အသုံးချတာ အပြီးအပိုင် ရောက်သွားမယ်....(မှန်ပါ့)။

အဲဒါတွေ သေသေချာချာ တကာတကာမတွေက ဆရာ့သဘောလဲသိကိုယ့်သဘောလဲသိ၊သိတော့မှ ဩော်....ဒါ့ကြောင့် တိုက်တွန်းတာကိုး... (မှန်ပါ့) ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဩော် .... တိုက်တွန်းချင်လို့ တိုက်တွန်းတာလား .... ဆိုတော့ မဟုတ်ဘူး .... ၊ လမ်းသွားရင်း ကယ်တင်မနေကြတာ သုသာန်ရောက်မှတော့ မည်သူတဦးတယောက်မှ ကယ်နိုင်မယ်မဟုတ်ကြတော့ဘူး....(မှန်ပါ့) ဘုန်းကြီးကလဲ မကယ်တင်နိုင်ဘူး၊တကာတကာမတွေကလဲ ကယ်တင်တာခံယူနိုင်မှု မရှိတော့ဘူး ... (မရှိတော့ပါဘုရား)။

အဲဒါကြောင့် ဦးမာဒင်တို့ ခန္ဓာ့သဘောကြည့်ပြီး ပြောနေတာ....(မှန်ပါ့ဘုရား)ဘာသဘောကြည့်ပြောနေတာတုံး- (ခန္ဓာ့သဘောကြည့်ပြောနေတာပါဘုရား)။

အေး....ဒါ့ကြောင့် ပျော်တဲ့ပုဂ္ဂိုလ်ကတော့ မသိတော့ဘူးဗျ (မှန်ပါ့) ကျုပ်တို့ ဥာဏ်သမားတွေ တွေးလုံးသန်တဲ့ပုဂ္ဂိုလ်တွေ ကျတော့ တကာကြွယ်,ရေ... ဒီအချိန်ကလေးကိုဘဲ လွတ်သွားလို့ ရှိယင်ဖြင့် သြော်....မိုက်ချိန်ပါကလား. (မှန်ပါ့)။

ဒီအချိန်ကလေး ဖြစ်ပျက်မတွေ့လိုက်လို့ ဥာဏ်နှလုံး မသွင်းလိုက်ရလို့ ရှိယင်ဖြင့် "အသေဝနာစ ဗာလာနံ" မမှီဝဲကောင်းတာ မှီဝဲလိုက်လို့ မိုက်သွားတယ်....(မှန်ပါ့)မိုက်ချိန်ကလေး ဖြစ်သွားတယ်....(မှန်ပါ့)။

'ဖျတ်'ဆို နှလုံးသွင်းလိုက်လို့ တကာတကာမတွေ့ ဖြစ်ပျက်ကလေးနဲ့ ဥာဏ်ကလေးနဲ့ စိုက်ကန်-စိုက်ကန် တွေ့တဲ့အခါကျတော့ "ဝ ံ" ဝ ဝ ၀ ် ် ဝ ပဏ္ဍိတာဝနဉ္ဇ သေဝန ပဏ္ဍိတာ ရှမ့. မှစဝဏ္ဍကတ္တ အနစ္စ မှီဝဲနေတာဘဲ....(မှန်လှပါဘုရား)။

ကိုယ့်ကိုယ်ကို လူမိုက်နဲ့ လူလိမ်မာခွဲတာကိုလဲ ဥာဏ်နဲ့ ခန္ဓာကိုယ် အာရုံပြုတဲ့အချိန်မှာ လူလိမ်မာ၊ မပြုနိုင်တဲ့အချိန်မှာ လူမိုက်...(မှန်ပါ့)။

ဒါတွေ သိနေတော့ သြော်....မိုက်ချိန်, လိမ်မာချိန်ဆိုတာကလဲ တသက်လုံး ဆုံးဖြတ်ချက်ချရတာ မဟုတ်ပါလား၊ခဏခဏဘဲ ကိုယ်ပြုတဲ့ ကိုယ့်စိတ်ပေါ်တဲ့ခဏနဲ့ ဆုံးဖြတ်ချက်ချရတာပါကလားဆိုတာ တကာသစ် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

မိုက်ချိန် လိမ်မာချိန်ကို အသက်တမ်းနဲ့ ဆုံးဖြတ်ချက်ချကြမလား၊ ခဏနဲ့ ဆုံးဖြတ်ချက်ချကြမလား....(ခဏနဲ့ ဆုံးဖြတ်ချက်ချကြပါမယ်ဘုရား)။

အခု တကာတကာမတွေ့ သိထားတာက ကြောင်... ငယ်သေး မိုက်သေးတာဘဲ၊ ပြီးတော့....လိမ်မာလိမ့်မယ်ဆိုတော့ နှစ်အပိုင်းနဲ့ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့) မလွဲဘူးလားဗျာ.... (လွဲပါတယ်ဘုရား)။

အဲ....အားလုံး တကာတကာမတွေ့ နှစ်ပိုင်း၊ လ,ပိုင်းနဲ့ ဆုံးဖြတ်ချက်ချနေတာဟာ အလွန်ဥာဏ်တုံးတဲ့ ပုဂ္ဂိုလ်တွေဘဲလို့ တကာကြွယ် ဆိုလိုက်ယင်မလွဲဘူး....(မလွဲပါဘုရား)။

ကိုယ့်ကိုယ်ချိန်ကြည့်ပါ ဦးလှဘူးရေ- ဖြစ်ပျက်နှုလုံးမသွင်းတဲ့ အချိန်- အဝိဇ္ဇာချိန်ဖြစ်သောကြောင့် မိုက်သဗျာ....(မှန်ပါ့) ဖြစ်ပျက်မြင်တဲ့အချိန်ကျတော့ ဝိဇ္ဇာချိန်ဖြစ်သောကြောင့်လိမ်မာသဗျာ....(မှန်ပါ့) တကာသစ် ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် မိုက်ချိန်- လိမ်မာချိန်ကို တကာတကာမတို့ နှစ်ပိုင်း လပိုင်းနဲ့ဆုံးဖြတ်ချက်ချမလားခဏနဲ့ ဆုံးဖြတ်ချက်ချမလား(ခဏနဲ့ ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ တရားသဘောဆိုတာသေသေချာချာ နှိုက်နှိုက်ချွတ်ချွတ် သဘောပါတဲ့ပုဂ္ဂိုလ်က ပြောမှလဲ တကာကြွယ်- သဘောပါတာ....(မှန်ပါ့) နို့မဟုတ် မိဘရိုးရာကဖုံးလွှမ်းသွားပြန်လို့ရှိယင် အို--ငယ်သေး-မိုက်သေးမှာပေါ့၊ဒို့လဲ ငယ်ငယ်တုန်းက မိုက်ခဲ့တာဘဲဆိုတော့ အနှစ် နှစ်ဆယ်ကျအောင် သူ့ဟာက မိုက်ဦးဆိုတဲ့ အဓိပ္ပါယ်ရနေတယ်...(မှန်ပါ့ဘုရား) အနှစ် နှစ်ဆယ်ကျော်တော့ လိမ်မာသွားမှာပေါ့ကွာ၊သူ့ဟာသူ

သိလားပါလိမ့်မယ်ဆိုတော့ နှစ်ဆယ်ကျော်မှ လိမ်မာမှုကိုသူ ဆုံးဖြတ်ချက်ချမယ်....(မှန်ပါ့ဘုရား)။

အဲဒါ လုံ့ပါတယ်လို့ဆိုတာကို ဦးမာဒင်တို့ ဆုံးဖြတ်ချက်ချကြပါ၊ သေသေချာချာ လုံ့ပါတယ်လို့... (မှန်ပါ့)စိတ္တကွဏ္ဍတကာတကာမတို့ ဥာဏ်မပါတဲ့အချိန် မိုက်ချိန်... (မှန်ပါ့ဘုရား) ဥာဏ်နဲ့နှလုံးသွင်းတဲ့အချိန်....(လိမ်မာချိန်ပါဘုရား)။

ကိုင်း....ဒါဖြင့် လူလိမ်မာ- လူမိုက်သည် သေသေချာချာ ခင်ဗျားတို့ .... စဉ်းစားကြည့်မယ်ဆိုလို့ရှိယင် တကာကြွယ်တို့ လူမိုက်ဟာ အပါယ်သွားတယ်....(သွားပါတယ်) လူလိမ်မာဟာ သုဂတိသော်ရင်း၊ နိဗ္ဗာန်သော်ရင်း သွားတယ်... (မှန်ပါ့) ဒီလို ဆုံးဖြတ်ချက်ချယင် မှန်တယ်မဟုတ်လား ...(မှန်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့- ဖြစ်ပျက်မတွေ့တဲ့ အချိန်ကျတော့ မိုက်ချိန်....(မှန်ပါ့ဘုရား)။

မိုက်ချိန်ဆိုတော့ တကာတကာမတို့က မသိလို့မိုက်တော့ ပစ္စုပ္ပန်ဘဝမှာမိုက်တာကတော့ဖြင့် အဝိဇ္ဇာကဖုံးလွှမ်းလို့ ၊တဏှာ ဦးစီးလို့ မိုက်တာ .... (မှန်ပါ့) ဒါဖြင့် ဒီအချိန်မှာ တဏှာ, ဥပါဒါန်, ကံ ဖြစ်မဖြစ်....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာ, ဥပါဒါန်, ကံဆိုတော့ ဒီကံဟာဘယ်သွားမည့်ကံတုံး....(အပါယ်သွားမည့်ကံပါ) ဒါမိုက်ချိန်ဆိုထိုက်- မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီအချိန်မှာ ဖြစ်ပျက်ကလေးတွေ ခန္ဓာကိုယ်ထဲ အနိစ္စကလေးတွေ တကာတကာမတွေက နှလုံးသွင်းပြီး သကာလ နေတော့

တကာတကာမတို့ နှလုံးသွင်းတဲ့ဥာဏ်က ခုနင်က တဏှာဖြတ်လိုက်တယ်....(မှန်ပါ့) တဏှာဖြတ်လိုက်တော့ ဥပါဒါန်,ကံတွေကပြတ်ပြီးသကာလ ဘဝတွေ နောက်လာမည့် ဇာတိ, ဇရာ, မရဏတွေကော ချုပ်ငြိမ်း ရုပ်သိမ်းသွားတယ်ဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါ) အဲဒါ လိမ်မာတဲ့ပုဂ္ဂိုလ်မို့ ဒီအချိန်သူသည် နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်တာသည် တကာတကာမတို့အိုမှုရောက်ရမှာလား- ပျို့မှုရောက်ရမှာလား- ခဏထိန်းနိုင်လို့ရှိယင် ရောက်ရမှာလား....(ခဏထိန်းနိုင်လို့ရှိယင် ရောက်ရမှာပါဘုရား)။

အို....ဒါလောက်နားလည်တာ တကာကြွယ် သိပ်အဘိုးတန်သွားပြီ....(မှန်ပါ့ဘုရား)။

ခဏနဲ့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒါလောက်တောင် စိပ်စိပ်ကြီး ပြောနေပါလိမ့်မလဲလို့ တကာသစ်တို့၊ ဦးမာဒင်တို့က မေးလို့ရှိယင် ခန္ဓာကိုယ်ကခဏအသက်ရှည်တာ....(မှန်ပါ့ဘုရား) ဒီခဏစိတ်ပြီး ဟိုခဏစိတ်မလာယင် သေတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ရတာလဲ ဒီခဏထဲမှာဘဲ ဆုံးဖြတ်ချက်ချရမယ်....(မှန်ပါ့) သေတာလဲ ဒီခဏပြီး နောက်ခဏမလာယင်....(သေပါတယ်ဘုရား)။

နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်လဲမင်း ခဏပြီးတော့ နောက်ကိုလေသာ ခဏမလာတော့ဘူးဆိုယင် နိဗ္ဗာန်ရောက်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်တာသည် တကာတကာမတို့ဒါ့ကြောင့် ခုနစ်နှစ်အရွယ်လဲ ရောက်ကြတာဘဲ....(မှန်ပါ့)ဆယ်နှစ်, ဆဲ့ငါးနှစ်အရွယ်လဲ...(ရောက်ပါတယ်ဘုရား)။

တကာကြီးတွေ တကာမကြီးတွေ ပြောတဲ့အတိုင်း နှစ်ဆယ်ကျော် လိမ်မာလိမ့်မပေါ့ကွာလို့ တော့ မဟုတ်ပါဘူး.... (မဟုတ်ပါဘုရား) ကိုယ့်ဟာကိုယ် ခင်ဗျားတို့ပြောသံကြားနဲ့ စကားဆုံးနေကြတာလို့ တကာကြွယ် ဆိုယင် မလွဲပါ .... (မလွဲပါဘုရား)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ အခုတရားနာတဲ့အချိန် ဘာအချိန်ပါလိမ့်ဗျာ ... (လိမ်မာတဲ့အချိန်ပါ) လိမ်မာချိန်ဘဲ....(မှန်ပါ့ဘုရား)။

အိမ်ကျတဲ့ အခါကျတော့ တပည့်တော်များကဘုရား....သားကိစ္စ, သမီးကိစ္စ, အရောင်းကိစ္စ, အဝယ်ကိစ္စတွေနဲ့ ဒီတရားကလေးဟာ လက်လွှတ်တဲ့အခါလဲ ရှိသေးတယ်ဘုရာ့ .... (မှန်ပါ့ဘုရား)။

အဲဒါ သာမည်ဆရာနဲ့. တွေ့မယ်ဆိုတော့ ဦးမာဒင် ဒီလိုပြောမယ်၊ အို....နင်တို့ဟာက ဒါလောက်ဆိုဘဲ တော်လှပါပြီ.... (မှန်ပါ့) ဘယ်တော်ရမလဲ- အဲဒီ့အချိန်ဟာ အပါယ်သွားတဲ့အချိန်-တော်လှပါပြီလို့. ဆိုနိုင်ကြပါ့မလား(မဆိုနိုင်ပါဘုရား)။

တကာကြွယ် ဒီဟာ ဘယ်သူပြောပြော မယုံနဲ့နော် .... (မှန်ပါ့) မယုံနဲ့ တကာကြွယ် ဒီဥစ္စာသည်ကားလို့ ဆိုယင် လူကြီးကပြောပြော ဘယ်သူကပြောပြောကွာ၊ အိမ်ကျတော့

မေ့တာပေါ့၊ နောက် ပြန်နှလုံးသွင်းတော့လဲ ရပြန်တာပေါ့၊ တော်သေးတာပေါ့ကွာ....(မှန်ပါ့) တော်ရဲ့လား.... (မတော်ပါဘုရား)။

ဘယ်နှယ်အပါယ်ရောက်သွားနေပြီးတောင် တော်တုံးရှိသေးတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ နိုဗ္ဗာန်ရောက်- မရောက်၊ လိမ်မာ-မလိမ်မာ ဆိုတာကို ဘယ်အပေါ်မှာ မှီပြီးဆုံးဖြတ်ချက်ချရပါမလဲလို့မေးတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့ ဥာဏ်ပေါ်မှာ မှီပြီး လိမ်မာတာဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့) မပြတ်ယင် မိုက်တယ်....(မှန်ပါ့) ပြတ်ယင်....(လိမ်မာပါတယ်ဘုရား)။

အဲဒီမှီမှ ဒီဟာပြောမှ ဦးမာဒင် အစစ်ကြီးတယ်....(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီ) တကာကြွယ် နေရာကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် လိမ်မာချိန်,မိုက်ချိန်ဟာ ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ ဆုံးဖြတ်ချက်ချ .... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့ အချိန်သည် (လိမ်မာဘဲ့အချိန်ပါ) ဆက်နေတဲ့အချိန်သည်.... (မိုက်တဲ့အချိန်ပါဘုရား)။

အဲဒါသည်ကားလို့ ဆိုလို့ရှိယင် မလွဲတန်းမှန်တဲ့ ဘုရားဥာဏ်ဘဲဆိုတာ သေသေချာချာမှတ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ သေချိန်ဆုံးဖြတ်ချက်ချပြန်တော့လဲ ဒီစိတ်ပြီးနောက်စိတ်မလာယင် ဘာတုံး....(သေတာပါ) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒီစိတ်ပြီးယင်နောက်စိတ်တွေကဆက်ပြီးသကာလမကောင်းတဲ့စိတ်တွေလာပြန်လို့ရှိယင်လဲ မိုက်သက်ရှည်နေတယ်.... (မှန်ပါ့) ဆိုနိုင်ကြပလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီစိတ်ပြီးသည့် အခြားမဲ့ဌ် နောက်မင်စိတ် ပေါ်လာတယ်၊ ကိုလေသာစိတ်တော့ မလာဘူး၊ ကုသိုလ်ဇောတွေချည့်ဘဲ၊ မင်ဇော,ဖိုလ်ဇော, ပစ္စဝေက္ခဏာ ဇောတွေချည့်ဘဲ လာနေမယ်ဆိုတော့လဲ ဒါ လိမ်မာသက်ရှည်တာ... (မှန်ပါ့) လိမ်မာသက်ရှည်တာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ဘယ်သူ့မေးကြမတုံး၊ လိမ်မာသက်ရှည်နေဘာနဲ့ မိုက်သက်ရှည်တာ ဘယ်သူ့မေးမတုံး....ဆိုတော့ ခန္ဓာကိုယ်ထဲ ပဋိစ္စသမုပ္ပါဒ်ပြတ်,မပြတ် ဥာဏ်နဲ့မေးလိုက်ယင် တကာသစ် ရှင်းသွားတယ်....(ရှင်းပါဘယ်ဘုရား)။

ကျုပ်ဟာဗျာ .... အရင်လိုတော့ မမိုက်တော့ပါဘူး....လို့သူများပြောတာက မမှန်ဘူးဗျ.... (မှန်ပါ့) ကိုယ့်ဟာကိုယ် သိတယ်...(သိပါတယ်ဘုရား)။

တကာကြွယ် ဘယ်နှယ်တဲ့.... (ကိုယ့်ဟာကိုယ် သိပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် တန်းတဲ့အချိန်ဟာ ဘာတဲ့.... (မိုက်တဲ့အချိန်ပါဘုရား) ပြတ်တဲ့အချိန်ဟာ.... (လိမ်မာတဲ့အချိန်ပါ) အဲဒါ သူများမေးရမှာလား၊ ကိုယ့်ဟာကိုယ် အသိဆုံးလား.... (ကိုယ့်ဟာကိုယ် အသိဆုံးပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ယမမင်းကြီးကမျှား ငရဲရောက်လို့ စစ်တဲ့အခါ ကျတော့ မင်း.... ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်တာဟာ မင်းဘဲအသိဆုံး မင်းပြုတဲ့အကုသိုလ်ကို.... (မှန်လှပါ) မင့်အမေနဲ့လဲ မဆိုင်ဘူး.... မင့်အဖေနဲ့လဲ မဆိုင်ဘူး၊ ရဟန်းသံဃာတွေနဲ့လဲမဆိုင်ဘူး၊ နတ်ဗြဟ္မာတွေနဲ့လဲ မဆိုင်ဘူး၊ ဒီ မင်းဆက်ထားတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ဟာ မင်းဘဲ ရောက်ထိုက်တယ်.... (မှန်ပါ့) ဒီလိုဆုံးဖြတ်ချက်ချတယ်.... (မှန်လှပါဘုရား) ကဲ....တကာသစ် ပေါ်ပလားဗျာ.... (ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်သူ့စပ်စဲ့ချက်တင်မတုံး....(ကိုယ့်ကိုယ် တင်ရမှာပါ) ကိုယ့်ကိုယ် ပဋ္ဌိစ္စသမုပ္ပါဒ် စဲ့ချက်တင်လိုက်တယ်.... ယမမင်းက.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ သိကြတဲ့အတိုင်းတဲ့၊ ခြေ.... ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ် မပြတ်လို့ရှိယင် ကိုယ့်ဒုက္ခဆက်တာဘဲ.... (မှန်ပါ့ဘုရား)။

ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ့်ဥာဏ်နဲ့ ဖြတ်လိုက်လို့ရှိယင်ဖြင့် ကိုယ့်ဒုက္ခကိုယ်သိမ်းတာဘဲ.... (မှန်ပါ့) တကာကြွယ်သဘောပါ ပလား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သူမျှားက မိုက်တယ်, လိမ္မာတယ် လို့ လက်ခုပ်တီးပြီး မျက်နှာရှင်ပျ ဂူဇွန်ဒေါ့ပြောပြော မယုံနဲ့.... (မှန်ပါ့) ယုံစရာရှိကြရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် ကိုယ်မိုက်တာ ကိုယ်လိမ္မာတာကို တကာသစ်ဘာနဲ့ ဆုံးဖြတ်ချက်ချမလဲ.... (ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ ဆုံးဖြတ်ချက်ချရပါမယ်ဘုရား) ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ်အကဲခတ်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာအကဲခတ်ကြမယ်....(ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ်အကဲခတ်ရပါမယ်ဘုရား) ဆက်သွားယင်....(လူမိုက်ပါ) ပြတ်တဲ့ဥာဏ်ဝင်လာယုင်....(လူလိမ္မာပါဘုရား)။

ကဲ....ယမမင်းက စစ်တော့ တကာတကာမတို့ သူတပါး မေးသလား....၊ ဒီပဋ္ဌိစ္စသမုပ္ပါဒ်ကို သူကြည့်စစ်သလား.... (ပဋ္ဌိစ္စသမုပ္ပါဒ်ကို သူကြည့်စစ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အဝတ်ဖြူ၊ကြီးဝတ်-ပုတီးကြီး လည်ပင်းစွပ်ပြီးသကာလပုဝါဖြူ၊လောကပတ်ထိုးပြီးသကာလ နေ့ခြားသော်လဲ တကာကြွယ် လိုရင်း မဟုတ်သေးဘူး.... (မဟုတ်ပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ်က လိုရင်း....(လိုရင်းပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်မပြတ်တဲ့ပုဂ္ဂိုလ်ဖြင့် တကာတကာမတို့ သံသရာ့ထောင်ထဲကျမယ်(ကျမှာပါဘုရား) ပြတ်တဲ့ပုဂ္ဂိုလ်ဖြင့် သံသရာ့ထောင်ထဲက လွတ်တာဘဲ... (မှန်ပါ့) ဆိုတော့ ဒီဥစ္စာက အခု ပါ အဝတ်ခြုံက လိုရင်းလား၊အတ္တပဋ္ဌိစ္စသမုပ္ပါဒ်စိတ်စဉ်က လိုရင်းလား... (အတ္တပဋ္ဌိစ္စသမုပ္ပါဒ်စိတ်စဉ်က လိုရင်းပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သူတပါးကို ဟန်လုပ်နေဘို့သက်တကာကြွယ် ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချဘို့က အခရုးကြီးပါတယ်....(မှန်ပါ့)။

သူတပါးကြည်ညိုမှုကို ဟန်လုပ်နေရတာက ပင်ပန်းပါ့တယ်၊ ဟုတ်လဲ မဟုတ်ဘဲနဲ့....(မှန်လှပါ) ကိုယ့် ဟာကိုယ် ဆုံးဖြတ်ချက် ချပြီးသကာလ ကိုယ်-သူတော်ကောင်းဖြစ်တဲ့အချိန် ကိုယ်ဝမ်းသာ ပါ...(မှန်ပါ့) ကိုယ်မိုက်နေတာကို မိုက်သက်မရှည်အောင် ကိုယ့် ဉာဏ်နဲ့ ကိုယ်ဖြတ်ပါ.... (မှန်ပါ့) ဒါသာလျှင် လိုရင်းကျတော့ တယ်ဆိုတာ တကာသစ်-ဦးမာဒင်တို့ ရိပ်မိလောက်ပါပြီ....(ရိပ်မိ ပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဆုံးမတဲ့ရှေ့ပိုင်းမှာ တကာတကာမတို့ မိနစ် အစိတ်လောက် ဆုံးမသွန်သင်ပြီးသကာလ နေတာသည် ကိုယ့် ကိုယ်ကိုယ် အသိဆုံးလို့ပြောတာ....(မှန်ပါ့)။

တကာကြွယ် ဘာတဲ့တုံး.... (ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါ ဘုရား) မှန်ပါရဲ့လား... (မှန်ပါတယ်ဘုရား)။

အရင် တရားမနာတုန်းကတော့ ဒါလောက် မသိဘူးပေါ့ ဗျာ၊ ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်တယ်·မပြတ်ဘူး... (မှန်ပါ့) အခုဘော့ ဖြင့် အင်း .... ဖြစ်ပျက်ရှုလိုက်ယင် ပြတ်တာဘဲ .... (မှန်ပါ့) ဖြစ်ပျက်မရှုလိုက်ယင်... (မပြတ်ပါဘုရား)။

ဆက်တာဘဲဆိုတော့ ဝိပဿနာကင်းယင် မိုက်တဲ့အချိန်... (မှန်ပါ့ဘုရား) ဝိပဿနာဝင်လာယင်... (လိမ်မာတဲ့အချိန်ပါ ဘုရား)။

ယမမင်းက ဆုံးဖြတ်ချက်ချတဲ့အခါကျတော့ကို....တဲ့ တကာ တကာမတို့ .... ပုဂ္ဂိုလ်မိုက်တာကို ဆုံးဖြတ်ချက်ချသလား .... မင်း ပဋ္ဌိစ္စသမုပ္ပါဒ်မင်းဆက်လို့ ဒီနေ့ကလာတာလို့ ဆုံးဖြတ်

ချက်ချသလား....(မင်း-ပဋ္ဌိစ္စသမုပ္ပါဒ် မင်းဆက်လို့ ဒီရောက်လာ တာလို့ ဆုံးဖြတ်ချက်ချပါတယ်ဘုရား)။

လူ့ပြည်က နေပြီး ငရဲကောင် ယမမင်းရှေ့မှာ အစစ်ခံရဘဲ့ ငရဲကောင်ဖြစ်အောင် ကံက ဆက်ပေးချလိုက်တယ်... (မှန်ပါ့ ဘုရား)။

အဲဒီတော့ တကာတကာမတို့ အမှန်သည်ကားလို့ ဘုံယင် ဓမ္မသာ အမှန်ဆုံး... (မှန်ပါ့) ဓမ္မဆုံးဖြတ်ချက်ချရာ ကျုပ်တို့ ခံကြရတယ်....(မှန်ပါ့)။

တကာကြွယ် ဘာခံရသတုံး....(ဓမ္မဆုံးဖြတ်ချက်ချတာ ခံရပါ တယ်ဘုရား)။

တကာတကာမတွေ သေသေချာချာမှတ်ကြနော်....(မှန်ပါ့) ပုတီးကလေးစွပ်ပြီးသကာလ ဘုရားကလေး ရှိခိုးနေကြားသော်လဲ စိတ်ထဲက ရှေ့-စိတ်မချ, နောက်-စိတ်မချနဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် ဆက် နေမည့်ဘေးက သာဓုခေါ်ကြားသော်လဲ ကိုယ့်အလုပ်က မဟုတ် ဘူး....(မှန်လှပါ) ဟုတ်ကြရဲ့လား .. (မဟုတ်ပါဘုရား)။

ကိုယ့်အလုပ်က မဟုတ်ဘူး တကာကြွယ်ရ (မှန်ပါ့) မဟုတ် တာလဲ ဘယ်သူအသိဆုံးပါလိမ့်....(ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါ ဘုရား)။

အေး.... ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "အတ္တာ ဟိ အတ္တနော နာथော"... (မှန်ပါ့)အတ္တာဟိ အတ္တာ ဝေ=မိမိ အားထုတ်ထားတဲ့တရားသည်ပင်လျှင်၊အတ္တနော=မိမိ၏ နာထော=ကိုးကွယ်ရာတည်း....(မှန်ပါ့) ပဓေ=တပါးသောသူက

သာဓုခေါ်တာသည်၊ နာဒဏာ=မင်းတို့၏ ကိုးကွယ်ရာ မဟုတ်ဘူး တဲ့.... (မှန်ပါ့) ခင်ဗျားတို့က သာဓုခေါ်ကြိုက်နေလို့ ပြောတာပါ... (မှန်ပါ့)။

သူမျှား သာဓုခေါ်တာနဲ့ ကိုယ့်ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်-မပြတ်၊ မပြတ်တုန်း သာဓုခေါ် သာဓုမှားကြီး.. (မှန်လှပါ) ကိုယ်ပြတ်နေတုန်းခေါ်မိယင် တော်သေးတယ် .... (တော်ပါသေးတယ် ဘုရား)။

ဒါ့ကြောင့် ဘုရားက အတ္တာဟိ အတ္တာ=မိမိမင်နဲ့ ဖြတ်နိုင်တဲ့အချိန်သည်သာလျှင်၊ အတ္တနော=မိမိ၏၊ နာထော= ကိုးကွယ်ရာတည်း... (မှန်ပါ့)။

မိမိ ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့အချိန်သည်သာလျှင် မိမိ၏အပါယ်လေးပါး တံခါးပိတ်၍ နိဗ္ဗာန်မြင်ရသည် ဖြစ်လေသောကြောင့် ကိုးကွယ်ရာတည်း... တဲ့... (မှန်လှပါဘုရား) ပရောဟ=တပါးသော ပုဂ္ဂိုလ်က သာဓုခေါ်ပြီးသကာလ အမေမိဘတွေက ချစ်မှုခင်မှုကြောင့် နာမှုတွေသည်၊ နာထော=မင်းတို့၏ အမထောက်အပံ့ အကူအညီရသည်၊ နဟောတိ=မဖြစ်နိုင်ဘူးတဲ့....(မှန်ပါ့)။

တကားကြွယ်,ရေ.... **အမေမိဘက** ချီးမွမ်းရုံနဲ့လဲ ကျုပ်တို့**က** အပါယ်လေးပါး မလွတ်ဘူးဆိုပါလား.... (**မလွတ်ပါဘုရား**) ရုပ်ထဲရှာထဲက သာဓုခေါ်ရုံမျှနဲ့ကော.... (**အပါယ်လေးပါး** **မလွတ်ပါဘုရား**) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါတွေ မလိုပါဘူး....တဲ့....(မှန်ပါ့) ဦးလှဘူး ဒါတွေ**မလိုပါ**ဘူး .. (**မလိုပါ**ဘုရား)။

သူတို့ ခေါ်ချင်ခေါ်- မခေါ်ချင်နေပေါ့ဗျာ.... (မှန်ပါ့) ကိုယ့်ဟာကိုယ် ကိုးကွယ်ရာဖြစ်တဲ့ မဂ်ဉာဏ်ကိုရဘို့ အရေးကြီးပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ဟာကိုယ် ကိုးကွယ်ရာ မဂ်ဉာဏ်ရတာလဲ တကာကြွယ် သူမျှားသိသလား- ကိုယ်သိသလား- (ကိုယ်သိပါတယ်ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကိုယ်ကိုယ် ကယ်ဘင်တာကဖြင့် မဂ္ဂင်ဘဲ....(မှန်ပါ့)။

တကာသစ် ဘယ့်နှယ်ဆိုပါ့မလဲ.... (ကိုယ့်ကိုယ်ကိုယ် ကယ်တင်တာ မဂ္ဂင်ပါဘုရား)။

သားသမီးကတော့ လဲတယ်ဆို ထူပေးရုံဘဲ....(မှန်ပါ့)ဒီဟင်းမကြိုက်ဘူးဆို ဟိုဟင်းချက်ပေးရုံဘဲ ... (မှန်ပါ့) အပါယ်လေးပါး တားမြစ်နိုင်ရဲ့လား...(မတားမြစ်နိုင်ပါဘုရား)။

တခါ ရှာထားတဲ့ပစ္စည်းတွေကလဲ တကာတကာမတို့ မဂ်မပေါ်လို့ရှိယင် တားမြစ်နိုင်ပါ့မလား... (မတားမြစ်နိုင်ပါဘုရား) သူ-စားသောက်ပြီး မဂ္ဂင်အလုပ်-လုပ်ယင်တော့ဖြင့် အကျိုးအညီရသပေါ့ဗျာ... (မှန်ပါ့)။

ဒါ့ကြောင့်... တပါးသော တရားတွေက နိဗ္ဗာနပစ္စယောဟောတု....(မှန်ပါ့) နိဗ္ဗာန်သွားတဲ့ မဂ်ဉာဏ်၏ အထောက်အပံ့ဖြစ်စေသတည်း... တဲ့... (မှန်ပါ့ဘုရား) ဒီလိုသားရတယ်၊ သူတို့ကမဂ်ဉာဏ်ပေါ်အောင်တော့ မတတ်နိုင်ဘူး....(မှန်ပါ့)မဂ်ဉာဏ်က

တော့ ကိုယ့်ဟာကိုယ် ဆရာကောင်းဆီကပ်ပြီး ပေါ်အောင် လုပ်ရတယ်....(မှန်ပါ့)။

ဒါဖြင့် 'နိဗ္ဗာနပစ္စယော ဟောတု'ဆိုတဲ့သဘောနဲ့ နိဗ္ဗာန်ကို တကယ်ရောက်ကြောင်း အစစ်နဲ့ အကူအညီနဲ့ဟာ နှစ်ပါးလို့ ခွဲခြားပြီး တကာကြွယ် မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဦးမာဒင် သေသေချာချာမှတ်စမ်း....(မှန်ပါ့)။

တပါးသောတရားတွေကတော့ဖြင့် မဂ္ဂင်၏ အကူအညီ ဖြစ်သောကြောင့် နိဗ္ဗာန်၏ အထောက်အပံ့ဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) နိဗ္ဗာန်ပေါ်အောင်လုပ်တဲ့ပုဂ္ဂိုလ်ကတော့ တိုက်ရိုက်ဝင်....(မှန်ပါ့)။

ဒါဖြင့် အထောက်အပံ့နဲ့ တိုက်ရိုက်ဝင်နဲ့သည် ဘယ်သူက နိဗ္ဗာန်နီးကပ်ပါလိမ့်.... (တိုက်ရိုက်ဝင်က နီးကပ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဘာကလေးလှလှ 'နိဗ္ဗာနပစ္စယော ဟောတု'ပါဘုရား၊ ထောက်ပံ့ပြီး ရုပါရစေ....(မှန်ပါ့)။

ဟာ.... ဒါကြာလှဘယ် တကာကြွယ်ရာ.... (မှန်ပါ့ဘုရား) ဒါကကြာလှတယ်၊ ဒီဥစ္စာက မသိသေးခင်ကတော့ အတော်ဟုတ်နေတယ်....(မှန်ပါ့) တိုက်ရိုက်ဝင်တာ လုပ်မကွာဆိုးတော့ တခါတည်း ဖြစ်ပျက်တွေ့ခေတော့ မဂ်တိုက်ရိုက် ဝင်လာတယ် .... (မှန်ပါ့ဘုရား)။

တကာသစ် ဘယ်ဟာက နီးကပ်သတုံး .... (တိုက်ရိုက်ဝင်ကနီးကပ်ပါတယ်ဘုရား)။

အထောက်အပံ့နဲ့ တိုက်ရိုက်ဝင်နဲ့ဟာ ဒီလိုကွာသွားတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ်က ဘယ်ဟာကြိုက်သတုံး .... (တိုက်ရိုက်ဝင်တာ ကြိုက်ပါတယ်) ဟုတ်ကဲ့သားဗျ .... (မှန်ပါ့) ဟုတ်ကဲ့လား ခင်ဗျားတို့ စဉ်းစားကြဦးနော်....(မှန်ပါ့ဘုရား)။

ဟိုဟာက တိုက်ရိုက်မဝင်တာကခေတာ့ ဘယ်သူဖြစ်ဖြစ် လွယ်ကူဘယ်.... (မှန်ပါ့) တိုက်ရိုက်ဝင်တာကျတော့ ခင်ဗျားတို့က ခေါင်းကိုက်သလား, ရင်နာသလေးနဲ့ တော်ခေတာ်ရှုပ်တဲ့ လူတွေ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဟို အထောက်အပံ့ ကျလာလို့ရှိယင်ဖြင့် တကာကြွယ်တို့က ရော့ဟေ့ အင့်....တွေက တယ်များတယ်.... (များပါတယ်) မလွယ်ဘူးလားဗျာ ...(လွယ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ အထောက်အပံ့နဲ့ တိုက်ရိုက်ဝင်နဲ့ ကိုယ့်ကိုယ်ကိုယ် ချိန်ကြည့်၊ ငါဘယ်ဘက်က သန်နေပါလိမ့်မတုံးလို့....(မှန်ပါ့ဘုရား)။

မလိမ်နဲ့ တကာကြွယ် ဘယ်ဘက်က သန်နေသတုံး .... (အထောက်အပံ့ဘက်က များပါတယ်) တော်တော်ဆိုးဝါးနေသေးတယ်....(မှန်ပါ့) မဆိုးဝါးဘူးလား .... (ဆိုးဝါးပါတယ်ဘုရား)။

အဲ....တိုက်ရိုက်ဝင်တဲ့ တရားကျလာလို့ရှိယင် ခင်ဗျားတို့သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် ခေါ်းထူဘယ်....(မှန်ပါ့)အင်း-နေရာက မကောင်းလို့လိုလို၊ အရပ်က မကောင်းလို့လိုလို၊ ခန္ဓာက

မကောင်းလို့ လိုလို....(မှန်ပါ့) တိုက်ရိုက်ဝင်ကျယင် ရှုပ်ကုန်ပြီ.... (မှန်ပါ့)။

ဟို အထောက်အပံ့တွေ ကျလို့ရှိယင် ဟိုနေရာ ရေအိုးစင် တည်လိုက် မကောင်းဘူးလား.... (မှန်ပါ့) မှလာဘူးလား.... (လာပါတယ်) အထောက်အပံ့ကျတော့ ခင်ဗျားတို့က လွယ်ကူသကိုးဗျ....(မှန်ပါ့ဘုရား)။

ကိုယ့်စိတ်ကိုယ် ထိန်းရမည့်နေရာ၊ ကိုယ့်စိတ်ကိုယ်ခိုင်ရမည့်နေရာကျတော့ ခင်ဗျားတို့က တော်တော်ရှော်တယ်.. (မှန်ပါ့) မလုပ်ချင်ဘူး....(မှန်ပါ့ဘုရား)။

တကာကြွယ် ဒါ့ကြောင့် အစစ်ကိုပြောပေးနေတယ်ဆိုတာလဲ တကာသစ် သဘောကျဘို့ကောင်းပါပြီ... (ကောင်းပါပြီဘုရား)။

ဒီဟာ ဘာပြောတာပါလိမ့်....(အစစ်ကိုပြောတာပါဘုရား) အထောက်အပံ့နဲ့ တိုက်ရိုက်ဝင် နှစ်ခုရှင်းပြတယ်(မှန်ပါ့ဘုရား)။

တိုက်ရိုက်ဝင်က တကယ်အားထုတ်တဲ့ မဂ္ဂင်နဲ့ ဖြစ်ပျက်ကို မြင်ယင် တိုက်ရိုက်ဝင် .... (မှန်ပါ့) အထောက်အပံ့က ဒီမဂ္ဂင်ပေါ်အောင်ကိုဘဲ တကာတကာမတို့ အထောက်အပံ့ တွေက အများကြီးလုပ်ရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ဘုန်းကြီးကပြောပါတယ်၊ အင်း.... အထောက်အပံ့တွေ ခင်ဗျားတို့စုံလို့ လူ့ဘဝလဲရပါပြီ၊လူ့ဘဝမှာလဲ ကိုယ့်တန်သလောက်တော့ဖြင့် ကျန်းမာ ချမ်းသာကြပါတယ်....(မှန်ပါ့) အထောက်အပံ့တွေကတော့ စုံပြီ၊တိုက်ရိုက်

စင်နားကျမှ မဝင်တော့ဘူးမျှား ပြန်နေကြသလားလို့ ဆိုတာ ကိုလဲ သတိပေးခဘယ်.... (မှန်ပါ့) ပေးထိုက်မပေးထိုက် .... (ပေးထိုက်ပါတယ်ဘုရား)။

တကာကြွယ် မနာနဲ့နော် .. (မှနာပါဘုရား)ဟာ နာချင်လဲနာ ခင်ဗျားဖျင်းလို့ဘဲ နာလို့ရှိယင်.... (မှန်ပါ့) သဘောပါကြပ လား... (ပါ-ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဘုရားလက်ထက်ကစဉ်းစား ကြည့်ပါတဲ့ ချမ်းသာတဲ့ပုဂ္ဂိုလ်လဲ နိဗ္ဗာန်ဝင်တာ အများကြီးပါဘဲ (မှန်ပါ့) ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေ ဝင်သွားတာကော....(အများကြီး ပါဘုရား)။

ဒါ ဘာနဲ့ဝင်ကြသတုံး မေးတဲ့အခါကျလို့ရှိယင်ဖြင့် တကာ တကာမတို့ နိဗ္ဗာနပစ္စယောနဲ့ ဝင်တာနဲ့ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"နဲ့ဝင်တာနဲ့ တကာတကာမတို့ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"က များတယ်...(များပါတယ်)သဘော ကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာနပစ္စယောသမားက တကာတကာမတွေ နေ့းတယ်.... (မှန်ပါ့)"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"က များတယ် (များပါတယ်)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ရေ အခုပစ္စည်းတွေစုံ၊ လူ့ဘဝနဲ့ကြုံ-ထောင်တတ်တဲ့ နားနဲ့လဲဆုံ- ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ကြုံပြီ .... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဟိုက်ရိုက်ဝင်တဲ့ မဂ္ဂင်အလုပ်ကို ဒီတခါ လျှောလိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ပစ္စယောနဲ့ဘဲ နေရစ်ပေ ဦးတော့....(မှန်ပါ) သဘောကျပလား....(ကျေပါပြီ) အထောက် အပံ့နဲ့ဘဲ နေရစ်ဦးတော့ အရောက်မပါဘူး...(မှန်ပါ) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး တရားနာလာကြတဲ့ တကာတကာမတွေ တကယ်တိုက်ရိုက် ဝင်တာကို တကယ်ကြိုးစားလိုက်ကြ စမ်းပါ ဆိုတာဖြင့် လေးစားစွာနဲ့ တိုက်တွန်းပါတယ်....(မှန်ပါဘုရား) တကာသစ် သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ မာဂဏ္ဍိ ပရိုင်ဘဲ ပြန်ဆက်ကြဦးစို့ ၊ဒါရှေ့ပိုင်းမှာ ခင်ဗျားတို့ လိုရင်းပြောတာလို့ မှတ်လိုက်ပါ....(မှန်ပါဘုရား)။

ကုရုတိုင်းမှာ ဘုရားသီဘင်းသုံးနေတယ်.... (မှန်ပါ)ဘာရ ဒ္ဒါဇပုဏ္ဏားက တောထွက်တယ်၊ ပုဏ္ဏားတို့ ထုံးစံအတိုင်း .... (မှန်လှပါ)သူမနေတဲ့တဲ၏ ဘေးနားမှာ မီးပူဇော်တဲ့ တဲကလေး တခုရှိတယ်၊အဲဒီ တဲနားမှာ မြက်အခင်းကလေးတခုရှိတယ်၊ အဲဒီ မြက်အခင်းကလေးကို ဘုရားက လာတဲ့အခါကျလို့ ရှိယင်ဖြင့် လာထိုင်တော့ ဒီနေရာ ဂေါတမလာထိုင်တယ်၊ ငါ မြက်အခင်း ကလေးကို အညီအညွတ်ထားမယ်ဆိုပြီး ထားလိုက်ပါတယ်— (မှန်ပါဘုရား)။

ဘုရားက လာချင်လို့ လာတာလားဆိုတော့ နောက်နှစ်ရက် သုံးရက်နေယင် မာဂဏ္ဍိ ငါ ချုတ်ရလိမ့်မယ်၊ ဒီမြက်အခင်းကို အကြောင်းပြုပြီး ချုတ်ရမယ်....(မှန်ပါဘုရား)။

ဒါ့ကြောင့် နတ်ဘုံ နတ်နန်းနဲ့ တူတဲ့ ဂန္ဓကုဋီတိုက်ကြီးစွန့်ပြီး သကာလ မြက်အခင်းပေါ်လာထိုင်တယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

နောက်တရက် နှစ်ရက်တော့ မာဂဏ္ဍိပရိုင်ကာ ဘာဝရဒ္ဓါရဇပုဏ္ဏားဆီကို အလည်လာတယ်တဲ့၊ အညောင်းပြေ အညာပြေ၊ လာရင်းမတ္တာနဲ့ ဒီမြက်ခင်းကလေး မြင်လိုက်တယ်၊ ဟာ- ဘာရဒ္ဓါဇပုဏ္ဏား ဒီမြက်အခင်းကဖြင့် ရဟန်းများနေတဲ့နေရာနဲ့ တူလိုက်တာ... (မှန်ပါ့) ရဟန်းများနေတဲ့ နေရာနဲ့ တူလိုက်တာလို့ ဘာကြောင့် သူဒီအသုံးကို သုံးပါလိမ့်မဘုံးဆိုတော့ လူတွေလို့ ဘိုးပ်တွေ ဘာတွေလဲ ဘုရားကမစီးတော့ တကားတကာမတို့ ခြေရာ လက်ရာလဲ မထင်လာဘူး.... (မှန်ပါ့) ဒါတွေအကဲခတ်လိုက်တော့ ရဟန်းတွေသွားတာဘဲလို့ သူအကဲခတ်လိုက်တယ် (မှန်ပါ့ဘုရား)။

အဲဒီတုန်း အကဲခတ်မိတော့ ဘာရဒ္ဓါဇပုဏ္ဏားက ပြောလိုက်တယ်၊ ဟာ....ဂေါတမမြတ်စွာဘုရား ဒီလာ-လာပြီး ညနေပိုင်းသီတင်းသုံးတယ်ကွ၊ ဒါ့ကြောင့် ဒီမြက်အခင်းကားလေး ငါရှင်းပြီး သကာလ ထားတယ်ဆိုတော့ ဦးမာဃင်ရေ ကျွတ်တမ်းဝင်မည့် ဘဝတောင်မှ ဒီနေရာမြင်ရတာ သူ့မှာမကောင်းသဖြင့် မြင်ခြင်းဘဲတဲ့... (မှန်ပါ့) မာဂဏ္ဍိက- မာဂဏ္ဍိက... (မှန်ပါ့ဘုရား)။

ဘုရားနေတဲ့ နေရာဆိုဘာ"ပရိဘောဂစေတီ"ထိုက်ပါတယ်... (မှန်ပါ့) ဒီနေရာရှိခိုးယင် ကျုပ်တို့ ခင်ဗျားတို့ နတ်ရွာသုဂတိ

ရောက်ပါတယ်၊ နိဗ္ဗာန်တော့မရောက်ဘူး .... (မှန်ပါ့)နတ်ရှာ သုဂတိတော့ ရောက်နိုင်ပါတယ်... (မှန်ပါ့ဘုရား)။

အဲဒါနတ်ရှာသုဂတိရောက်နိုင်တဲ့"ပရိဘောဂစေတီ"ထိုက်တဲ့ မြက်အခင်းနေရာတောင်မှ မြင်ရဘဲ တကာသစ်ရေ သူ့မှာ ကံမကောင်း အကြောင်းမသင့်လို့ မြင်ရဘဲ့သဘော .... (မှန်ပါ့) ဒီလိုဖြစ်သွားတယ်....(မှန်ပါ့)။

ကဲ....တကာကြည်ကာ စဉ်းစား....၊ နောက်ဆုံးပိတ် နိဗ္ဗာန်ဝင် မည့်ဘဝပါ....(မှန်ပါ့) နောက် ၄-၅-ရက်နေယင် သူ- ရဟန်း ဖြစ်ပြီးတော့နိဗ္ဗာန်ဝင်မှာဘဲ....(မှန်ပါ့)။

ဒါကိုဘဲ အခုဘာဖြစ်နေတယ်ဆိုတာ ကိုးလသာတောထပြီး ဗေဒေါက်နေတယ်ဆိုတာ ဒီဌိကိလေသာ လွှမ်းမိုးနေတယ်ဆိုတဲ့ ဥစ္စာဖြင့် ဦးမာဒင် သိလောက်ပါပြီ.... (သိပါပြီဘုရား)။

ဒါနဲ့ ဘာရဒ္ဒါဇပုဏ္ဏားက ပြောပါတယ် တကာဘကာမတို့.... ဟာ.... မင်းသည်ကားလို့ဆိုယင် စကား အရမ်းပြော တာကိုး မာဂဏ္ဍိမတောပါဘူးကွ၊ ဒီဂေါတမဘုရားဆိုတာ သာကိုဝင် မင်းမျိုးကွ၊ အဲဒီကနေပြီး ရဟန်းဖြစ်လာတယ်... - အဲဒီကနေပြီး ဘုရားရယ်လို့ နာမည်ရလာတယ်....၊ လူနတ်ဦးခိုက် ပူဇော်ထိုက် တယ်ဆိုတာသူကွ....(မှန်ပါ့)။

မင်းက မကောင်းသဖြင့် မြင်ရတယ်ဆိုတော့ စကားစောင့် စည်းပြောစမ်းပါကွ... တဲ့၊ဟိုကလဲ အဓိကောင်း ဆုံးမ ရှာတယ်.... (မှန်ပါ့)။

အို....ကျုပ်ပြောရလိမ့်မယ်တဲ့၊ဒီဥစ္စာ၊ကျုပ်တို့စာက ဒီအတိုင်းလာတယ်တဲ့.. ၊ ဂေါတမဘုရားဆိုတဲ့ပုဂ္ဂိုလ်ဟာ ကြီးပွားရေးကို ဖျက်ဆီးတဲ့ပုဂ္ဂိုလ်မို့ ဒါတွေဟာ မကောင်းသဖြင့် မြင်ရတယ်.... သူထိုင်တဲ့နေရာ မကောင်းသဖြင့် မြင်ရတယ်လို့ ကျုပ်က စာ ကြည့်ပြောတာ....(မှန်ပါ)။

အံမာသေး....သူ့စာကလဲ အတော်ခက်ပါလား.... (ခက်ပါတယ်ဘုရား)။

ကြီးပွားခြင်းကို ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်တဲ့ ပုဂ္ဂိုလ်ကို ကြီးပွားတယ်၊ သူတို့က ယူတာကိုးဗျ.... (မှန်ပါ) ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ကြီးပွားခြင်း ဖျက်ဆီးတဲ့ပုဂ္ဂိုလ်.... (မှန်လှပါဘုရား)။

တကာ့ကြွယ် စာပေမဲ့ မလွယ်ပါလား....(မလွယ်ပါဘုရား) တကာသစ် စာတိုင်းကြည့်လို့ မတော်ပါလား.... (မတော်ပါ့ဘုရား)။

မတော်ဘူး. တဲ့ ဒါ့ကြောင့် ကိုလေသာပွားတဲ့ စာအုပ်တွေကျတော့ မကြည့်ဘို့.... (မှန်ပါ့) ကိုလေသာချုပ်ငြိမ်း ရုပ်သိမ်းတာကျတော့ ကြည့်ဘို့ပေါ့.... (မှန်ပါ့) စာပေမဲ့ လဲမရှေးရပေဘူးလား... (ရှေးရပါတယ်ဘုရား) ရှေးရမယ်ဆိုတာ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ စာတိုင်းလဲ ခင်ဗျားတို့ အားရေးတယူပြုနေဘို့ မလိုဘူးပေါ့....(မှန်ပါ့ဘုရား)။

အခု သူ-ကိုးလိုက်တာ ကြည့်ပါလား .... ကြီးပွားခြင်းကို

ဖြတ်တယ်လို့ သူတို့စာက ရေးထားတယ်တဲ့....၊ ပုဏ္ဏားစာမှာ.... (မှန်ပါ)။

အဲဒီလို ရေးထားတဲ့အတွက် ဒီပုဂ္ဂိုလ်ထိုင်တဲ့နေရာ မြင်ရတာ ဟာ သူသည် မကောင်းသဖြင့် မြင်ရခြင်းဖြစ်ပါတယ်လို့ သူ-ပြောလိုက်တယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ကျွတ်တမ်းဝင်မည့် ဘဝကိုဘဲ ဘုရား ပရိဘောဂစေတီ ထိုက်တာကို မဖူးနိုင်, မတွေ့နိုင်ဘူး...(မှန်ပါ) ဒါနဲ့ဘဲ ရန်မျှားဖြစ်လိုက်သေးတယ်... (မှန်ပါ) ဘယ်လောက် မျှားဆိုးတယ်ဆိုတာ ....(ဆိုးပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ.... ဒါနဲ့ဘဲ ဘာရဒ္ဒါဇပုဏ္ဏားက ပြောရှာတယ်.... (မှန်ပါ) မင်းကဲ့သ.... မင်းတို့ပုဏ္ဏားစာမှာ ဒီအတိုင်းလာတယ်၊ ဆေးပြတ်, မျိုးပြတ်, ကြီးပွားခြင်းကို ဖြတ်တဲ့ပုဂ္ဂိုလ်မို့ ဒီပုဂ္ဂိုလ် မင်းတို့က သူ့နေရာကောင်မှ မကြည့်နိုင်တဲ့ အဓိပ္ပါယ်ရောက် တော့ မင်းတို့ဥစ္စာ အင်မတန်ဆိုးဝါးနေပြီ..၊ သူဟာ အင်မတန် ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ်..၊ သူတပါးအကျိုးကို အင်မတန် သည်ပိုးတဲ့ပုဂ္ဂိုလ်၊ မင်း....ခဏကလေးမျှား မဆစောင့်နိုင်ဘူးလား ကဲ့သ၊ ခဏနေယင်တော့ ဒီနေရာ, ဒီအချိန် ရောက်လုပြီကဲ့.... (မှန်ပါ့)။

မင်း.... စောင့်စမ်းပါဦးဆိုတော့ မဘဂ္ဂီကလဲ ဒီနားမှာ စကြံ်သွားရင်း စောင့်နေတယ်.... (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ကုရုတိုင်း ဆွမ်းခံပြီး မနက်ဆွမ်းစားပြီး တောထဲမှာ ဝင်ပါးတည်းနေတယ်၊ နေရာက

နေပြီး ညနေပိုင်း ဖလသမာဘတ် ဝင်စားရာမှထပြီး ဒီဗွေသောတနားနဲ့ ထောင်လိုက်တော့ မာဂဏ္ဍိပရိုင်နဲ့ ခုနင်က ဘာရဒ္ဒါဇပုဏ္ဏားနဲ့ မြက်အခင်းအကြောင်းရင်းခံပြီး အချင်းမျှားနေကြတယ် (မှန်ပါ)။

ဒါကို တောထဲကနေ ကြားတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖျတ်ဆိုကြွလာတယ် ... (မှန်ပါ) ကြွလာပြီး ဒီမြက်ခင်းမှာဘဲ ထိုင်နေခဲ့ ခုနင်က မာဂဏ္ဍိကို မခမးဘဲနဲ့ကဲ.... ဘာဒ္ဒါဇပုဏ္ဏားကို မေးတယ်၊ ဘာရဒ္ဒါရပုဏ္ဏား မင်းတို့ ခုနင်တုန်းကကွာ ဒီမြက်အခင်းနဲ့ ပတ်သက်ပြီး ငါ့အကြောင်း ဘာတွေမျှား ပြောနေကြသတုံးတဲ့.... (မှန်ပါ) ဒါဘဲ တိုက်ရိုက်မေးလိုက်တာဘဲ...(မှန်ပါ့ဘုရား)။

သြော်.... ဟိုက တခါဘည်း ကိုးသိန်း- ကိုးသောင်းရှိတဲ့ အမေ့ဆွေးတွေဟာ လန့်ပြီးတော့ကို ဘာရဒ္ဒါဇပုဏ္ဏားဟာ ကြက်သီးမွေးညှင်း ထသွားတယ်....(မှန်ပါ)။

ဒို့အနားမှာ သုံးယောက်မရှိဘူး၊ နှစ်ယောက်တည်းပြောနေတာ တယောက်က ကြားတယ်ဆိုတော့ ဒီဥစ္စာ အင်မတန်ထက်တဲ့နားမို့ ကြားတာ....(မှန်ပါ) ဆိုပြီးသကာလ သူ့စိတ်ထဲ အံ့အားသင့်ပြီး သကာလနေတော့ မာဂဏ္ဍိကလဲ ဒီအနားစကြ်ံသွားနေတော့ မလာဘဲကလဲ မနေနိုင်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဆီ လာတာပေါ့ဗျာ....(မှန်ပါ)။

လာတဲ့အခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီ သူ- ခဏကလေး ထိုင်နေတဲ့အချိန်မှာ ဘုရားက မင်းတို့ငါ့အကြောင်းဘာ

ပြောနေသတုံးလို့ မမေးတော့ပါဘူး....(မှန်ပါ့) မာဂဏ္ဍိပရိုင်ဆိုပြီးသကာလ မင်းတို့သည်ကားလို့ ဆိုယင်ကာ... တဲ့ မျက်လုံးပေါက်က အဆင်းတခုကိုမြင်တယ် "စက္ခု ခေါ်ပန် မာဂဏ္ဍိယ ရူပါရုမံ ရူပရတံ ရူပသမ္မုဒိတံ" ဆိုတဲ့ အတိုင်းပေါ့ဗျာ .... (မှန်ပါ့)။

မျက်လုံးသည်ကားလို့ ဆိုယင် တကာတကာမတို့ အဆင်းဌ္ဌမ္ဘလျော်တယ်နော်.... (မှန်ပါ့)။

မျက်လုံးက ဘယ်မ္ဘလျော်သလဲ.... (အဆင်းဌ္ဌမ္ဘလျော်ပါတယ်ဘုရား)။

အဲ.... မျက်လုံးက မြင်ပြီဆိုမှဖြင့် တဏှာကမ္ဘလျော်တဲ့သဘောနဲ့ မကြိုက်ဘူးလား.... (ကြိုက်ပါတယ်ဘုရား) ကြိုက်တဲ့အခါ ဥပါဒါန်က စွဲလမ်းတယ်... (မှန်ပါ့) ဥပါဒါန်က စွဲလမ်းတဲ့အခါ ကာယကံ, ဝစီကံနဲ့ ဒီအဆင်းကို ပ္ပေ့လား, ပိုက်ဆံလား, ရှုလား, နမ်းလားဆိုတာ မလုပ်ပေဘူးလား.... (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် မြင်တယ်- ဟုတ်လား.... (မှန်ပါ့) ခင်တယ်- စွဲလမ်းတယ်, ပ္ပေ့ပိုက်တယ် ...(မှန်ပါ့) သုံးသပ်တယ် အတူတူပေါ့ဗျာ- (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ မာဂဏ္ဍိပရိုင်က မြင်တယ်ဆိုလို့ ရှိယင်ဖြင့်....တဲ့ မြင်တယ်ဆိုယင် ဒီသုံးခုပေါ်မှ သူတို့က ကျေနပ်တယ်....(မှန်ပါ့ဘုရား)။

မြင်ယင်စဲ့လမ်းရမယ်...၊ စဲ့သမ်းလို့ရှိယင် လွန်ကျူးအားထုတ်ရမယ်....(မှန်ပါ့) ဒါမှ ပွားစည်းတာ.... (မှန်ပါ့) သဒ္ဓာကျပလား....(ကျပါပြီ ဘုရား)။

ဒီသုံးခုပြတ်သွားမယ်ဆို သူတို့ပုဏ္ဏားက မကြိုက်ဘူး- (မှန်ပါ့ဘုရား)။

အဲဒီဗုဒ္ဓဘုရားသခင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍိပရိုင်မင်းတို့ကတော့ကျွာတဲ့ ရူပါရုံအဆင်းတခုကို မြင်တယ်ဆိုလို့ရှိယင်ဖြင့် မြင်သည်နဲ့ တပြိုင်နက်တည်း စဲ့သမ်းရမယ်၊ မြင်သည်နဲ့ တပြိုင်နက်တည်း ခင်မင်ရမယ်၊ စဲ့လမ်းရမယ်၊ လွန်ကျူးရမယ်။ ဒါ- မင့်အကြိုက်မဟုတ်သား... ဇဲ့၊ ဟုတ်ပါတယ်တဲ့ (မှန်ပါ့ဘုရား)။

ငါဘုရားကတော့ ဒီလိုမဟုတ်ဘူး... (မှန်ပါ့) မြင်တယ်ဆိုလို့ရှိယင်ဖြင့် မြင်ရုံတွင် ရပ်ပြီးကကာလ တဏှာဥာဏ် ဒါနိမလာအောင် ပင်နဲ့ပြတ်ရမယ်.... (မှန်ပါ့) ငါလေးဒီလိုပဲ.....၊ မင်းက ဘာဆိုချင်သေးသတုံး မေးတယ်.... (မှန်ပါ့)။

ဒီလိုဆိုလို့ရှိယင် ဘာမှုးဆိုချင်ပါဘူးတဲ့၊ တပည့်တော်တို့ကတော့ ပွားစည်းလွန်ကျူးရမယ်....(မှန်ပါ့)။

အရှင်ဘုရားကတော့ ဖြတ်ရမယ်လို့ ဟောထားတော့ ဘုရားက မေးလိုက်တယ်၊ မင်းက ငါဟောတာ ဘာဆိုချင်သေးသတုံး၊ ဖြတ်ရမယ်ဆိုတာ ဘာဆိုချင်သေးသတုံးမေးတော့ ဘာမှ မဆိုလိုပါဘူး....တဲ့၊ သို့သော် ကျုပ်တို့ စာကတော့ လွန်ကျူးရမယ်လို့ ဆိုထားတယ်... (မှန်ပါ့)။

မြင်တာကို ခင်ရမယ်၊ စဲ့လမ်းရမယ်.... (မှန်ပါ့) လွန်ကျူးရမယ်....(မှန်ပါ့) ကာယကံ,ဝစီကံနဲ့ လွန်ကျူးရမယ်....(မှန်ပါ့) ဒီလိုမှသာလျှင်... တဲ့ ပွားစည်းတဲ့သဘောရောက်တယ်.... (မှန်ပါ့ ဘုရား)။

ဘုရားကတော့ မြင်တာကို မြင်ရုံတွင်ရပ်ပြီးသကာလ တကာတကာမတို့ မြင်စိတ် ဖြစ်ပျက်ရှုယင်ရှု၊ အဆင်းကို.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ကြိုက်ရာရှု၊ နှိုင်ရာကို တကာကြွယ်ရှု... (မှန်ပါ့ ဘုရား) ဒီပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်မသွားဘူးလား.... (ပြတ်ပါတယ် ဘုရား) ဘုရားက မလွန်ကျူးရဘူး၊ ဖြတ်ပစ်ရမယ် ... (မှန်ပါ့ ဘုရား)။

ဒါကိုမင်းတို့က ငါ့ကို- ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်ကား ကြီးပွားခြင်းကို ဖြတ်တယ်ဆိုတာ ဒီလိုဟာဆိုတာ မဟုတ်ဘူးလား၊ နောက်က မလာတာဆိုတာ မဟုတ်ဘူးလားလို့ မေးလိုက်တယ်... (မှန်လှပါ) ဟုတ်ပါတယ်လို့ ဖြေတယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့လဲ မာဂဏ္ဍိ ဟောနေတယ်လို့ တကာ့ကြွယ်က အယူမရှိလိုက်ပါနဲ့....(မှန်ပါ့) တကာသစ် အယူမရှိနဲ့ နော်....(မှန်ပါ့)။

မိမိတို့လဲ မြင်တာကို မြင်စိတ်ဖြစ်ပျက်ရှုရမယ်၊ အဆင်းကို သော်ရင်း ဘာတုံး.... (ဖြစ်ပျက်ရှုရပါမယ်) နောက်က ပဋ္ဌိစ္စသမုပ္ပါဒ်ပွားစည်းခြင်းလာသေးရဲ့လား....(မလာပါဘုရား) လွန်ကျူးမှု လာသေးရဲ့လား... (မလာပါဘုရား)။

ဒီလိုဆိုတော့ သံသရာမှာ အနာဂတ်အကြောင်းသုံးခုပြတ်ပါတယ်....(ပြတ်ပါတယ်ဘုရား) အနာဂတ်အကြောင်းသုံးခုပြတ်ဘဲ့အတွက် အနာဂတ် အကျိုးတွေဆိုတဲ့ ဇာတိ,ဇရာ,မရဏ သုံးခုကော တကာတကာမတို့ လာသေးရဲ့လား....(မလာပါဘုရား)။

ကဲ....ဒါဖြင့် ဘုရားမရှိလို့ရှိယင် တကာတကာမတို့ ပွားစည်းခြင်းဘဲ ဖြစ်တယ်.... (မှန်ပါ့) ဘုရားသာသနာကလေးရှိနေယင်ဖြင့် ပွားစည်းခြင်းကို ဖြတ်တောက်တယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေက ဝိပဿနာနဲ့ဖြတ်မှုရမယ်....(မှန်ပါ့) မြင်တဲ့စိတ်ကလေးပေါ်လဲ မြင်တဲ့စိတ်ဖြစ်ပျက်ရှုပါ....(မှန်ပါ့) ကြားတဲ့စိတ်ကလေးပေါ်လဲ.... (ဖြစ်ပျက်ရှုရပါမယ်) ပွားစည်းခြင်း ဘာဖြစ်သတုံး....(ပြတ်ပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ သြော်....ဒို့-ဝိပဿနာသည် အလွန်ကျေးဇူးများပါကလား၊ ပွားစည်းခြင်းဖြတ်တာ ဒို့-ဝိပဿနာပါကလားဆိုတာ သေသေချာချာမှတ်ကြပါ... (မှန်လှပါဘုရား) ရှင်းပြီ... (ရှင်းပါပြီဘုရား)။

ကောင်းပြီ....တဲ့၊ ပွားစည်းခြင်းဆိုတာက ဦးဒေါဒင်တို့ မှတ်ရလိမ့်မယ်....နော်....(မှန်ပါ့) ဒုက္ခပွားတာကိုဆိုတာ.... (မှန်ပါ့) ဒုက္ခပွားတာများ ခင်ဗျားတို့ကြိုက်နှစ်သက်စရာပါကြရဲ့လား.... (မပါ-ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဒုက္ခဖြင့် မပွားစေပါနဲ့ဗျာ....လို့ဆိုတာ ဘုန်းကြီးများက ဒီကနေပြီး ကန့်ကွက်တယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ နားပေါက်က ကြားပြန်လဲ ကြားစိတ်ကို ဖြစ်ပျက်ရှုပါမှ....(မှန်ပါ့) မရှုလို့ရှိယင် ကြားဘာ ကလေး ခင်တယ်,စွဲလမ်းတယ်၊ ကြားတဲ့ဆိုသွားဦးမယ်-(မှန်ပါ့) ကံတွေ့ မလာခင်ဘူးလား (လာပါဘယ်ဘုရား)။

အဲဒီတော့ မပွားစည်းပေဘူးလား.... (ပွားစည်းပါတယ် ဘုရား) ဒါ-ကြားစိတ်ကလေး ဖြစ်ပျက်ရှုလိုက်လို့ရှိယင် ပွားစည်း သေးရဲ့လား (မပွားစည်းပါဘုရား)။

ဒါက ကြားစိတ်-ဒါက အသံ- ဒါကဖြစ်ပျက် ရှုတဲ့မင်ဆိုယင် ဒီ၂-ခုက်ကဟာတွေ ပွားသေးရဲ့လား... (မပွားပါဘုရား)မပွားလို့ ရှိယင် တကာတကာမတို့ ပစ္စုပ္ပန်အကြောင်းသုံးခုချုပ်၍ အနာ ဂတ် အကျိုးတွေ ဦးမာဒင် လာ-မလာ .... (မလာပါဘုရား)။

ဒါ-ခင်ဗျားတို့ ဒီပဋ္ဌိစ္စသမုပ္ပါဒ်တွေကို လည်လည်နားထောင် ပါ (မှန်ပါ) ဒါဟာ နားထောင်ဘော့မှ ကိုယ့် သံသရာလည် တာပဲ ကိုယ်သိပြီး ကိုယ့်သံသရာပြတ်တာလဲ ကိုယ်သိပါလိမ့်မယ် (မှန်ပါ့)။

အဲဒီ ခုနေ ပြတ်တာ, လည်တာသိပြီးတော့မှ ခင်ဗျားတို့ ပဋ္ဌိစ္ စသမုပ္ပ ဒ် ကိုးကွယ်ရာဖြစ်တဲ့ ခင်ဗျားတို့ ဓမ္မဟူဇာအဖြစ်နဲ့တဲ့ စာ ရွက်ကြီးတခုရှိယင်....(မှန်ပါ့) ဒီမှာ ဒါ....နားလည်ပြီးမှ ရမှာ.... (မှန်ပါ့)။

ကဲ... ဒါဖြင့် တကာတကာမတို့ ကြားလဲကြားစိတ်ဖြစ်ပျက်ရှု ပွားသေးရဲ့လား... (မပွားပါဘုရား) မရှုယင် ဘာဖြစ်မတုံး.... (ပွားပါမယ်ဘုရား)။

ပ္ဌားတာ ဘယ်သူတုံးမေးတော့မှ တကာသစ် ဒီကြည့်၊ တဏှာ ဥပါဒါန် ကံ....(မှန်ပါ့) မပ္ဌားလာဘူးလား.... (ပ္ဌားပါတယ် ဘုရား) ဇာတိ,ဇရာ,မရဏကော....(ပ္ဌားပါတယ် ဘုရား)။

ကဲ....တကာကြွယ် ရှင်းပလား....(ရှင်းပါပြီ) ဒါ-ကြားစိတ်ကို ဘာမလုပ်လိုက်လို့ပါလိမ့်.... (ဖြစ်ပျက်မရှုလို့ပါဘုရား)။

ဒါဖြင့် နံစိတ်ဖြစ်ပျက်မရှုယင် ဘာဖြစ်ကြမယ်....(ပ္ဌားမှာပါ ဘုရား) ပ္ဌားစည်းသွားမှာဘဲ.... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

စားစိတ်ကလေး ဖြစ်ပျက်မရှုလိုက်ယင်လဲ.... (ပ္ဌားစည်းသွားမှာပါဘုရား) ကိုယ်ပေါ်မှာ ယားစိတ်,ယံစိတ်ကလေး ဖြစ်ပျက်မရှုယင်ကော... (ပ္ဌားစည်းမှာပါဘုရား) ကိုယ်ပေါ်မှာ ကောင်းတဲ့စိတ်ကလေး သုခဿဟဂုတ်ကာယဝိညာဏ်စိတ်ကလေးကို မရှုလိုက်မိယင်ကော .. (ပ္ဌားစည်းသွားမှာပါဘုရား) ပ္ဌားစည်းမှာဘဲ ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဝမ်းထဲမှာ ကြုံတဲ့စိတ်ကလေးဟာ ပေါ်-ပေါ်ခြင်းရှိယင်ရှု၊ မရှုလို့ရှိယင် အိပ်မပျော်အောင် ပဋ္ဌိစ္စသမုပ္ပါဒ် တန်းပါတယ်.... (မှန်ပါ့)။

ခင်ဗျားတို့ ညများ အရင်တုန်းက တကာကြွယ်ဘို့ အကြုံကြီးသမား လုပ်နေတုန်းက တခုကလေး အကြုံပေါ်လာယင် အိပ်ပျော်သေးရဲ့လား....(မခေါ်ပါဘုရား) ဟာ... ဒါ-ပ္ဌားစည်းသွားလို့ဗျ....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်သွားလို့ပါလိမ့်.... (ပ္ဌားစည်းသွားလို့ပါဘုရား) အင်း .. ကြုံလုံးကလေးက ကာမဝိတက်ကနေပြီး ဗျာပါဒဝိတက်

(မှန်ပါ့) အင်း.... ဗျာပါဒဝိတက်ကနေပြီး ဝိဟိ သဝိတက်.... (မှန်ပါဘုရား) ဦးမာဒင် ဘယ်လောက် ပွားစည်းသွားသတုံ့.... (ပွားစည်းပါတယ်ဘုရား)။

ဒီလိုကြုံလိုက်တယ်၊ ဒီလိုကြုံလာလို့ရှိယင်ဖြင့် သူတပါးက ကိုယ်လုပ်ထားတာကလေး ဘယ်လိုဖျက်မှာဘဲ ဆိုတဲ့ ဗျာပါဒ ဝိတက်ကော မလာဘူးလား.... (လာပါတယ်ဘုရား) အဲဒါတွေ ဘယ်လိုချိုးနှိမ်ရမယ်... ဆိုတဲ့ ဝိဟိ သဝိတက်ကကော....(လာပါတယ်ဘုရား)။

ဟာ....ခင်ဗျားတို့ ဘယ်အိပ်ပျော်တော့မလဲ.. (မှန်ပါ့ဘုရား) တကာကြွယ် ပျော်သေးရဲ့လား.... (မပျော်ပါဘုရား) တကာသစ်ကော.... (မပျော်ပါဘုရား)။

ကာမဝိတက် ကိုယ်သာရချင်တဲ့ ဝိတက်လာလို့ရှိယင် ဗျာပါဒဝိတက် သူတို့ဘယ်လိုနှိမ်ရပါ့မလဲဆိုတာ မလာပေဘူးလား- (လာပါတယ်ဘုရား) သူတို့အတွက်ခက်တယ်ဆိုတာ မလာပေဘူးလား... (လာပါတယ်ဘုရား)။

ဒါဖြင့် ခက်လို့ရှိယင် ဘယ်လိုနှိမ်ချိုးမယ်ဆိုတဲ့ ဝိဟိ သဝိတက်ကော....(လာပါတယ်ဘုရား)ဘယ်အိပ်ပျော်တော့မတုံး.... (မပျော်ပါဘုရား)။

ပြီးတော့ ခင်ဗျားတို့က ပရိယာယ်များသုံးသေးတယ်၊လူကြီးတော့ အိပ်မပျော်ဘူးတဲ့.... (မှန်ပါ့) ဘယ်ဟုတ်လိမ့်မတုံးဗျ.... (မှန်ပါ့)။

တကာကြွယ် လူကြီးလို့ အိပ်မပျော်တာလား....၊ ဝိတက်သုံးပါး ဆက်သွားလို့လား.... (ဝိတက်သုံးပါး ဆက်သွားလို့ပါဘုရား)။

အဲဒါ ခင်ဗျားတို့က ကိုယ်က ညကဖြစ်ထားတာကလဲ ပွားစည်းခြင်း၊ မနက်ကျတော့ လိမ်မှုသင့်အောင် လုပ်သေးတယ်... (မှန်ပါ) မဆိုကြဘူးလား.... (ဆိုပါတယ်ဘုရား)။

ဒီအတိုင်းဘဲ အသက်ကြီးလာလို့ ထင်ပါရဲ့ကွာ၊ တယ်အိပ်မပျော်ဘူး၊ မျက်လုံးကို ကြောင်နေတာဘဲတဲ့....(မှန်ပါ) မျက်လုံးကကြောင်တာ ၃ဟုတ်ဘူး၊ မနောကကြောင်တာ ... (မှန်ပါ) ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဘယ်ကကြောင်နေတာတုံး ...(မနောကကြောင်နေတာပါဘုရား)မနောကဝိတက်တွေ မျှားနေလို့ မျက်လုံးက မှိတ်လို့မရတော့ဘူး... (မှန်ပါ)။

စင်စစ် မျက်လုံးက လိုရင်းလား....၊ မနောကလိုရင်းလား.... (မနောက လိုရင်းပါဘုရား)။

အဲ....အိပ်တဲ့ကခါ ဘဝင်စိတ်ဆိုတာ မနောထဲကအိပ်တာ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ အိပ်တဲ့အခါ ဘဝင်စိတ်ဆိုတာ မနောထဲက ရှုလိုက်- ရှုက်လိုက်၊ အဲဒီ ဘာင်စိတ် သန်လာလို့ ရှိယင် ဘဝင်စိတ်သည်ပင်လျှင်ရှုစိတ်,ဘဝင်စိတ်သည်ပင်လျှင် ရှုက်စိတ်ဆိုယင် အိပ်တာဘဲ.... (မှန်ပါ) ဇောစိတ်တွေလာနေယင် အိပ်ပါဦးမလား....(မအိပ်ပါဘုရား)။

အဲဒီတော့ ကာမဝိတက် ဇောလာလို့ မအိပ်ဘာ....(မှန်ပါ့) ဗျာပါဒဝိတက်ဆိုတဲ့ ဒေါသဇောလဲ စိတ်မချ, လက်မချရှိနေလို့ (မအိပ်ဘာပါဘုရား) ဝိဟိ'သဝိတက်ဆိုတဲ့ သူတပါးကို ဘယ်လို လုပ်မှ တော်မယ်ဆိုတဲ့ မကောင်းတဲ့အကြံတွေ ထုတ်ဒနလို့.... (မအိပ်ကာပါဘုရား)။

အဲဒါ တကာကြွယ် ဘယ့်နှယ်သုံးသလဲ....၊ လူကြီးလို့ အိပ်မပျော်ဘူးတဲ့၊ လူပေါ်လှည့်ချေနတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အလကားပါ၊ ဒီဥစ္စာတွေ ဘာမှမဟုတ်ဘူး.... (မှန်ပါ့) ဦးမာဒင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

လူကြီးလို့ အိပ်မပျော်တာ ဟုတ်ကြရဲ့လား.... (မဟုတ်ပါဘုရား) ဘာကြောင့်ပါလိမ့်.... (ဝိတက်လာနေလို့ပါဘုရား) ဝိတက်သုံးပါးဆက်လို့....၊ တလုံးတည်းမခြောနဲ့.... (မှန်ပါ့ ဘုရား)။

ဝိတက် ဘယ်နှစ်ပါး ဆက်သတုံး.... (သုံးပါးဆက်ပါတယ် ဘုရား)။

ကာမဝိတက်ဆိုတာ ကိုယ်ငဲ့ရလို့မှုဟာ ကာမဝိတက်(မှန်ပါ့) ကိုယ့်အထဲ နှောင့်ယှက်ဦးမယ် ထင်ပါရဲ့ဆိုတာ.... (ဗျာပါဒ ဝိတက်ပါဘုရား)။

ဟာ... နှောင့်ယှက်ယင် ဒီလိုဘဲ ထိုးချလိုက်မယ် ဆိုတာက.... (ဝိဟိ'သဝိတက်ပါဘုရား) အဲဒီသုံးခုဆက်နေလို့ မပျော်တာ.... (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

ဒီအထဲကနေပြီး အိပ်မပျော်တာနဲ့ ဆေးလိပ် ထဲသောက်ရတဲ့အခါလဲ တကာကြွယ် ပါသေးတယ်....(ပါ-ပါတယ်) မပါဘူးလား .. (ပါ-ပါတယ်)အင်း....ဆေးလိပ်ထဲသောက်ရတဲ့အခါကော ...(ပါ-ပါတယ်ဘုရား)။

ဟာ ဒါဘာတုံးလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ တကာတကာမတို့ အိပ်မပျော်တဲ့အဘူးတူးဖြင့် ဥပမာ ဆေးလိပ်သောက်တဲ့ပုဂ္ဂိုလ်ကလဲ ရသတဏှာနောက် လိုက်ဦးမယ်....(မှန်ပါ့ဘုရား)။

အင်း . အိပ်မပျော်တဲ့ဥစ္စာ ရသတဏှာနောက် လိုက်ပြန်တော့ ခင်ဗျားကိုဟာက ဒယ်အိုးဟဲ ဖြောင်းဘာ ပါနေတာယ်....(မှန်ပါ့ဘုရား) ဒီ.ဖြင်ဘာပါသေးသတုံး... (ဘာမှ မပါ-ပါဘူးဘုရား)။

ကဲ... တကာကြွယ် ဒီက ရှေ့.ကိုဖြင့် ဒီဟာဒတ္တလာယင် ကာမဝိတက်လာလဲ ဖြစ်ပျက်ရှုပေး... (မှန်ပါ့) ဗျာပါဒဝိတက် သူ-တပါးအတွက် စိုးရိမ်ကြောင့်ကြတာတွေ့ လာယင်ကော.... (ဖြစ်ပျက်ရှုရမှာပါဘုရား) ဝိဟိ.သဝိဘက်တွေ့ မဒေါ်ဘဆပေါ်လာယင် တကာသစ် ဘာလုပ်မယ် .... (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဟာ....ဒါဖြင့် ခင်ဗျားတို့ ဝိတက်ကလဲ ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်နိုင်သေးရဲ့.လား.... (မဆက်နိုင်ပါဘုရား) ဗျာပါဒဝိတက်က ဆက်နိုင်သေးရဲ့.လား.... (မဆက်နိုင်ပါဘုရား) ဝိဟိ.သဝိဘက်က ဆက်နိုင်သေးရဲ့.လား....(မဆက်နိုင်ပါဘုရား)။

အဲ... မဆက်လို့ရှိယင် ရှုလိုက်သည်နဲ့တပြိုင်နက်တည်း ပပ်ဝ-စည်းခြင်းပြတ်တယ်.... (မှန်ပါ့) မရှုယင်ဖြင့်.... (မပြတ်ပါ

ဘုရား) ပ္ဌားစည်းခြင်းလာလိမ့်မယ်ဆိုတာ သေချာပလား ~ (သေချာပါပြီဘုရား)။

အဲဒါကြောင့် လူကြီးအိပ်မပျော်လေလေ အကုသိုလ်ကြီးလေ လေဖြင့် တကာကြွယ်တို့,ဦးမာဒင်တို့ မတော်ဘူးနော်....(မှန်ပါ) ဒါ ဆုံးမ,ရမည့်အချက်ပါ....(မှန်ပါ) သဘောပါကြရဲ့လား.... (ပါ·ပါတယ်ဘုရား)။

ဘာဖြစ်လို့ ဒါလောက် ဆုံးမ,ပါလိမ့်မတုံးဆို လူကြီးယင် အိပ်မပျော်တာက သိပ်များတယ်.... (မှန်ပါ) သွေးလေများ ချောက်ချားလို့ထင်ပါရဲ့လို့ ဖုံးလိုက်, ဖိလိုက် သေးတယ်.... (မှန်ပါ) မဟုတ်ပါဘူးဗျ....(မှန်ပါ)ဘယ်သွေးလေမှ မချောက် ချားပါဘူး၊ ဝိတက်လွန်နေတာ.... (မှန်ပါ) သဘောပါကြပ လား... (ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အဲဒီဝိတက်ဆိုတွေလားလဲ တကာသစ်ကဘာလုပ် မလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ကာမဝိတက်ဆိုတာ လိုချင်တဲ့ ဝိတက်....(မှန်ပါ) ဒါလားယင် ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရမှာ ဘုရား)။

ဗျာပါဒဝိတက်ဆိုတာ စိတ်မချတာကလေး ပေါ့လာတယ်.... (မှန်ပါ့ဘုရား) အဲဒ,ါ ဘာလုပ်မလဲ (ဖြစ်ပျက်ရှုပေးရပါမယ် ဘုရား)။

ဝိဟိ ံသဝိတက်ဆိုလို့ရှိယင် သူက ဒီစျေးနဲ့ရောင်းတယ်ကွာ၊ ငါက ဟိုစျေးနဲ့ရောင်းပြီး သူကုန်မှ တက်တာပေါ့ဆိုတဲ့ ဝိဟိ ံသ ဝိတက်ဆိုတွကကော....(လာပါတယ်ဘုရား) လာယင်ဘာလုပ်မလဲ

(ဖြစ်ပျက်ရှုရပါမယ်ဘုရား) သဘောပါပလား... (ပါ-ပါပြီ ဘုရား)။

ကိုင်း... ဒါဖြင့် အဲဒီလိုရှုလိုက်တော့ ပွားစည်းခြင်းဘယ့်နှယ် နေသလဲ....(ပြတ်ထွက်သွားပါတယ်ဘုရား) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

သြော်... တကာကြွယ်ရေ ဘုရားက ပွားစည်းခြင်းကို သိပ် ရှောင်တယ်... (မှန်ပါ)မာဂဏ္ဍိကလဲ သူတို့စားကပွားစည်းခြင်းကို ဖြတ်တဲ့ပုဂ္ဂိုလ်မို့ မကောင်းသဖြင့် သူထိုင်နေတဲ့နေရာလို့ ပြော သေးတယ် .. (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတုန်းမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးလိုက် တယ်၊ ငါက ဒီလိုပွားစည်းခြင်းကို ဖြစ်ပျက်အရှုခိုင်းတယ်ကွ....၊ မင်းက ဒါဘာဆိုချင်သေးသတုံးဆိုတော့ ဘာမှမဆိုတော့ပါဘူး သို့သော်လဲ ကျုပ်တို့စာက ဒီလိုလာနေတယ်....(မှန်ပါ)။

တကာကြွယ် စာနဲ့ကိုင်ပေါက်ပြန်ပြီ.... (မှန်ပါ) ဒါ့ကြောင့် စာတိုင်းယုံကြည်ရမှာလားဆိုတာ ပေါ်ပလား... (ပေါ်ပါပြီ) မယုံကြည်နဲ့.နော်.... (မှန်ပါ)။

မယုံကြည်ပါနဲ့....တဲ့၊ သူတို့စာက ဒီလိုဘဲ လာနေတယ်လို့ တကာသစ်ရ,စာနဲ့.ကိုင်ပေါက်တယ် (မှန်ပါ)။

ဒီတုန်းမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဟာကွာ-တဲ့၊ သုဒ္ဓေါဒနမင်းကြီးရဲ.သားပါ၊ သိဒ္ဓတ္ထမင်းသားလို့ ခေါ်ပါ တယ်.... (မှန်ပါ)မာဂဏ္ဍိပရဗိုဇ်ကို ဖေါ်ပြရတယ်၊ သူ့ဇာတ် ထုပ်ကို....(မှန်ပါဘုရား)။

ငါသည် မောင်းမအပေါင်း လေးသောင်းခြောက်ထောင်နဲ့ ရှေနန်းသုံးဆောင်မှာ ဆောင်းမှာလဲ ဆောင်းနန်းတော်နဲ့,နွေမှာလဲ နွေနန်းတော်နဲ့, မိုးမှာလဲ မိုးနန်းတော်နဲ့ မောင်းမအပေါင်းလေးသောင်းခြောက်ထောင်နဲ့ နေခဲ့တယ်.... (မှန်ပါ) ကာမဂုဏ်ခံစားတဲ့နေရာမှာ ဒီလိုနေခဲ့ပါတယ်၊ သို့သော်လဲ အဲဒီ ကာမဂုဏ်တွေဟာ ဖြစ်ပြီးပျက်တာဘဲ- ဖြစ်ပြီးပျက်တာဘဲ မြင်တာနဲ့ တောထွက်ခဲ့တယ်ကွ .... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ကာမဂုဏ်၏ အပြစ်တွေ ဖြစ်ပျက်တွေမြင်လို့ ဘာတုံး .... (တောထွက်ခဲ့ပါတယ်) တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

မသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ဒီလိုစည်းစိမ်မျိုး ဘယ်တော့ ရပါ့မတုံးတဲ့- ပွားစည်းချင်တဲ့ပုဂ္ဂိုလ်က .... (မှန်ပါ) ခုနင်ကဟာ ဘုရားအလောင်းကတော့ကို ငါသည် ဘုရားအလောင်းဖြစ်စဉ် အခါတုန်းက ဒီကာမဂုဏ်တို့၏ ဖြစ်မှုပျက်မှု ကာမဂုဏ်ဆိုတာ လောဘပေါ့ဗျာ....(မှန်ပါ) ကာမအာရုံတို့၏ ဆိုလို့ရှိယင်ဖြင့် ခုနင်က သားမယားတွေ အာရုံကလဲ ဖြစ်ပျက်တွေမြင်လို့ .... (မှန်ပါဘုရား)။

ကာမဂုဏ်တို့၏ ဖြစ်မှုပျက်မှုဆိုယင်လဲ သူ့ဝမ်းထဲ ဖြစ်တဲ့ လောဘစိတ်တွေကို ဖြစ်မှု ပျက်မှုမြင်လို့.... (မှန်ပါ) ငါသည်တဲ့ ယခုတောထဲမှာထွက်ပြီးသကာလ ချမ်းသာဆိုတဲ့ ဘုရားအဖြစ်သို့ နိဗ္ဗာန်ကို အရယူခဲ့ပါတယ်တဲ့.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီ မင်းတို့ပွားစည်းခြင်းဟာ ကာမဂုဏ်ဆိုတာကိုးဗျ (မှန်ပါ့) အဲဒီ ကာမဂုဏ်တွေ၏ ဖြစ်ပျက်ကိုငါမြင်လို့. ကာမဂုဏ်တွေ၏ အခြောင်း ကောင်းကောင်းသိတဲ့ အတွက်သူပြီးငွေ့ပြီးသကာလ ဘုရားအဖြစ်ယူခဲ့ပါတယ်ကွဲ့လို့. သေသေချာချာ တကာကြွယ် ဖြေသဗျ... (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကာမဂုဏ်ဟာ လောဘစိတ်ပေါ်လာလဲ ဖြစ်ပျက်... (မှန်ပါ့)လောဘ၏ အာရုံတွေ ချစ်စရာ,ခင်စရာတွေ ခင်ဗျားတို့ စိတ်ထဲက ဖေါက်ပြန်ပြီးခင်ပြန်လဲ ဘယ်လိုဆိုကြမလဲ (ဖြစ်ပျက် ပါဘုရား)။

အဲဒါတွေ ပါဘုရားအဲလောင်း ဖြစ်စဉ်တုန်းက ရှေးနန်းသုံး ဆောင်မှာ စံစားနေကတည်းက ဒါတွေမြင်ပါတယ်ကွာတဲ့ .... (မှန်ပါ့ဘုရား)။

ဒါတွေမြင်လို့ ငါသည်ကားလို့ ဆိုယင် ဒီအာရုံဟာအလကား အာရုံဆိုပြီးသကာလ ငါတောင်ထွက်ပြီးသကာလ အခု ဒီ့ထက် ချမ်းသာတဲ့ နိဗ္ဗာန်အာရုံကြီးနဲ့ ငါနေတယ်ကွဲ့ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)ပွားစည်ခြင်း ပါဖြတ်ခဲ့ပါတယ် တဲ့.. (မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကဲ.. ကွာ မဘဂ္ဂေ်ပရဗိုင် မင်းနားယောင်စမ်းပါ။ ငါဥပမာ ကလေးတခုပြောမယ်၊ လူတယောက်ဟာ အင်မတန် ချမ်းသာ တယ်ကဲ့ (မှန်ပါ့) ချမ်းသာတော့ ငါးပါးအာရုံ ကာမဂုဏ်တွေ ခံစားတယ်ကွာတဲ့....(မှန်ပါ့) ခံစားပြီးတဲ့နောက် သူသည်ကား လို့ ဆိုယင် သုစရိုက်ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်တယ်ကွာ

တဲ့....(မှန်ပါ့) လုပ်ပြီးသကာလ သူနတ်ပြည် ရောက်သွားတယ်ကွာ....တဲ့၊ နတ်ပြည်ကျတော့ နတ်သမီးအပေါင်းတွေနဲ့ ဥယျာဉ်တွေနဲ့၊ နတ်ပြည်ရောက်သွားတဲ့အခါကျတော့ လူ့ပြည်မှာသူနဲ့ သူငယ်ချင်းဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ငါးပါးအာရုံ ကာမဂုဏ်ခံစားနေတာမြင်တော့ အားကျသေးသလား....တဲ့၊ သူ့စိတ်ထဲစက်ဆုပ်နေသလား....(စက်ဆုပ်နေပါတယ်ဘုရား)။

နတ်ပြည်နဲ့စာတော့ စက်ဆုပ်ရမယ်.... (မှန်ပါ့) ငါ့မှာလဲ အခုနိဗ္ဗာန်တည်းဟူသော အာရုံတွေ့ခံတော့ကိုဘဲ့ အဲဒီ့မောင်းမအပေါင်းနဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ နေခဲ့တာတွေ့ကို ငါသည်ကားလို့ဆိုယင်ဖြင့် စက်ဆုပ်ပါတယ်ကွာတဲ့....(မှန်ပါ့) ပွားစည်းခြင်းလုံးဝအလိုမရှိပါဘူးတဲ့...(မှန်ပါ့) ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ ခင်ဗျားတို့ နိဗ္ဗာန်မတွေ့သေးလို့သာ ကိုယ့်သားနဲ့, သမီးနဲ့,ပစ္စည်းနဲ့ ပျော်တာပါ .... တကယ်တွေ့ယင် မပျော်ဘူးလို့ဘုရားက သေသေချာချာဟောပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လောက် ခြားနားသတုံးဆိုတော့ လူ့ပြည်ကချမ်းသာနဲ့ နတ်ပြည်ကချမ်းသာနဲ့ ကွာခြားသလို ကွာခြားပါတယ်လို့ ဘုရားက ဥပမာပြလိုက်တယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ကလဲ ပြန်ကြည့်ပါ.... (မှန်ပါ့) ခွေးတွေ့ မစင်ပုံရပြီးသကာလ ပြုံးပြုံး ရွှင်ရွှင်နဲ့

စားနေတဲ့အခါကျတော့ဖြင့် ဒန်ပေါက်ထမင်း၊ ထောပတ်ထမင်း အစရှိသည် စားပြီးသကာလ ပျော်ရဘယ်... (မှန်ပါ့) သူတို့က ကျင်ကြီးစားပြီးပျော်ရတော့ အင်း... ဒီခွေးဘဝမျိုးဖြစ်ရကောင်း လေရဲ့လို့ ကိုယ့်စိတ်ထဲပေါ်ပါ့မလား.... (မပေါ်ပါ) ဘာဖြစ်လို့တုံး ယုတ်ညံ့လို့....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဖြစ်ပျက်ဆုံးတဲ့ နိုဗွာန်မြင်လို့ရှိယင် ကိုယ့်အခြေ ကိုယ့်အနေတွေဟာခွေးကျင်ကြီးစားသလို ကိုယ်မြင်လိမ့်မယ်... (မှန်ပါ့) ပြန်ချင်သေးတယ်၊ သွားချင်သေးတယ်လို့ လာပါ့မလား....(မလာပါ) ဒီဟာမျိုး ခံစားချင်သေးတယ်လို့ ကော....(မမြင်ပါဘုရား)။

အေး... ဒါဖြင့် တကာတကာမတို့တဲ့ အမြင်မှန်ရအောင် ကြိုးစားကြပါဦး....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်.... (အမြင်မှန်ရအောင် ကြိုးစားကြပါဦး) ကိုယ့်ဟာကလေးနဲ့ ကိုယ်ပျော်နေယင် တကာကြွယ် ဘယ့်နှယ်ဆိုပါ့မလဲ....အမြင်မှန်မရသေးဘူး... (မှန်းပါ့) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ကိုယ့်ဟာကလေးနဲ့ ကိုယ်ပျော်နေယင် .... (အမြင်မှန်မရသေးပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ပျော်နေကြတာဘဲ၊ ကျုပ်တို့ဆင်းရဲပေမဲ့လဲ ခပ်ပျော်ပျော်ပါဘဲတဲ့၊ ဘာ့ကြောင့်တုံးဆိုးတော့ ကြွေးမတင်-မြေမတင်မို့ .... (မှန်ပါ့) ဟော....ကြံဖန်ပြောတာ....(မှန်ပါ့ဘုရား)။

ကြွေးမတင် မြေမတင်မို့ ဆင်းရဲပေမဲ့လဲတဲ့၊ တကာကြွယ် ဒီလိုပြောသံကော ကြားဘူးရဲ့လား(ကြားဘူးပါတယ်ဘုရား)။

အင်း....သူမျှားအိမ် တိုက်ကြီးတာကြီးနဲ့ပေမဲ့ ကျုပ်အားမကျပါဘူးတဲ့၊ ကိုယ့်အိမ်နေရာကလေးဟာ မိုးတဖက်ဘဲလုံ အဲဒီခေါင်လျှိုးအိုင်ရတာ စိတ်ချမ်းသာတယ်တဲ့....(မှန်ပါ့)အံမာ ကိုယ့်ဟာနဲ့ကိုယ် သိပ်ဟုတ်နေတာ...(ဟုတ်ပါတယ်)ရိုပ်မိပလား (ရိုပ်မိပါပြီဘုရား)။

ကောင်းပြီ၊ တိုက်ကြီးပေါ်ကနေကြည့်တဲ့ ပုဂ္ဂိုလ်ကတော့ ကြောင် သူတို့ ဖြစ်ချင်ဟာ တယ်ကာမားဝစရ နည်းပါကလား၊ ဆိုးလိုက်တာ .လွန်လို့ပါကလား.. (မှန်ပါ့ဘုရား)။

ဒီမှာလဲ ငါဘုရားသည် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်မြင်တဲ့အခါ ကျတော့ကိုတဲ့ မင်းတို့ ငါးပါးအာရုံကာမဂုဏ်ခံစားပြီးပ,ားစည်းနေတဲ့ ပုဂ္ဂိုလ်တွေမြင်လိုက်တော့ ငါ့စိတ်ထဲမှာ နည်းနည်းမှ မခံတာင်းတ,ဘူးကွတဲ့.... (မှန်ပါ့) ဒီဟာမျိုးဖြစ်ချင်တယ်လို့ လာပါ့မလား... (မလာပါ) ကဲ.. ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒဲ .. ပ,ားဃည်းခြင်းဆိုတဲ့ဥစ္စာ မင်းတို့က မဟုတ်တာကို အားကျတာကို ဆိုပါတယ်ဟဲ့ (မှန်ပါ့) တကာသစ် နေရာကျပလား....(ကျပါပြီဘုရား)။

လောကီဥပမာတခု ငါပြောလိုက်ဦးမယ်ကွာတဲ့၊ နှစ်ခုပြောတယ် (မှန်ပါ့) ခုနင်က နတ်ပြည်နဲ.,လူ.ပြည်နဲ.ယှဉ်လိုက်တယ်-(မှန်ပါ့ဘုရား) လူဘဦးတယောက်ဟာ နှုနာစ,ဲနေတယ်ကွတဲ့.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့....(နှုနာစဲ့နေပါတယ်) နှုနာစဲ့နေတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုယင်ဖြင့် နှုနာစဲ့နေတုန်းကတော့ သူ့အနာ ကလေးတွေ ဟိုဖဲ့,ဒီဖဲ့နဲ့ ပိုးကိုက်လို့ဖဲ့ရတယ်....(မှန်ပါ့ဘုရား)။

နောက်ကျလာတဲ့အခါ ပိုးကိုက်လို့ဖဲ့ရတဲ့ အပြင်မှာ တကာ သစ်ရေ မီးကလေးလဲ ကင်ရသေးတယ်....(မှန်ပါ့)မီးကင်မှ ပိုးက အထဲဝင်သွားတာ....(မှန်ပါ့) အထဲဝင်သွားတဲ့အခါကျမှ သူနေ နိုင်- ထိုင်နိုင်တယ်....(မှန်ပါ့ဘုရား)။

နှုနာစဲ့တဲ့ပုဂ္ဂိုလ်မှာ ပိုးကိုက်လို့လဲ ဖဲ့ရ့ဲနေရသေးတယ်... (မှန်ပါ့)ဖဲ့ရ့ဲနေရမှ သူ့စိတ်ထဲချမ်းသာတာကိုး ... (မှန်ပါ့) နောက်မီးကလေးဟင်နေရမှ....(မျှမ်းသာပါတယ်ဘုရား)။

အဲဒီပုဂ္ဂိုလ်ကွာတဲ့ မာဂဏ္ဍိ သတိသားစမ်းပါတဲ့၊ သူ့အမေ မိဘ ဆွေမျိုး ဥာတကာတွေက ဆရာတယောက်ခေါ်ပြီးပျောက် အောင် ကုပေးလိုက်တယ်ကွာတဲ့....(မှန်ပါ့)ပျောက်အောင်ကု ပြီးတဲ့ အခါကျလို့ ရိုယင်ကွာတဲ့၊ အဲ .... သူ သွား တတ်ပြီ၊ သူ့ဟာသူ နေရာကျပြီ၊ သူ့ရောဂါ သူနိုင်ပြီ၊ ရောဂါရှင်းရှင်း ပျောက်သွားတဲ့အခါကျတော့ တယောက်သောပုဂ္ဂိုလ်က နှုနာ က ဆိတ်,ဆွ နေပြန်ပြီတဲ့၊ တယောက်သောပုဂ္ဂိုလ်က.... (မှန်ပါ့) မီးကင်နေတာမြင်တော့ အဲဒီ ဆိတ်,ဆွတဲ့အလုပ်ကော သူလုပ် ချင်သေးသလားတဲ့.... (မလုပ်ချင်ပါဘုရား) မီးကင်တဲ့အလုပ် ကော.... (မလုပ်ချင်ပါဘုရား)။

နို့- မင်းဘာဖြစ်လို့ စောစောကလုပ်နေသတုံး မေးလို့ ရှိယင် နှုနာရှိလို့ မီးကင်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

နူနာမရှိတော့ မီးနားကပ်စမ်းပါလားဆိုတော့.... (မကပ်တော့ပါဘုရား) မင်းအနာတွေ့ မင်း ဆိတ်,ဆွပါဦးလားဆိုတော့.... (မဆွပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် နူနာပိုးကိုက်တုန်းသာ တကာသစ်ရေ· ဆိတ်,ဆွပြီး မီးကင်ချင်တာ....(မှန်ပါ) နူနာမရှိတဲ့ပုဂ္ဂိုလ်ကျတော့ (မီးမကင်ချင်ပါဘုရား)။

ဒီမှာလဲတဲ့- သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ ပျော်ချင်တယ်ဆိုတာ ကိုလေသာပိုးကိုက်တဲ့ပုဂ္ဂိုလ်သာ ပျော်ချင်တာကွ .. တဲ့.... (မှန်ပါ) ကိုလေသာနူနာရှိလို့ ပျော်ချင်တာကွ....တဲ့ ... (မှန်ပါ ဘုရား)။

အဲဒီနူနာကို မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဆေးနဲ့ ကုသပြီးလဲ့ အခါ သားနား, သမီးနား, ဆွေနား, မျိုးနား သွားပါဦးမလား၊မီးဖိုနားကိုဆိုယင် ဘယ်သူမှမသွားဘူး.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အင်း....ဒါဖြင့် တကာကြွယ် ပိုးကိုက်ပျောက်အောင်လုပ်မှာဲ (မှန်ပါ)။

တကာကြွယ် ဘယ်နှယ်လုပ်ရမလဲ....(ပိုးကိုက်ပျောက်အောင်လုပ်ရပါမယ်ဘုရား)။

ပိုးကိုက်မပျောက်သေးယင် ဒီလမ်းပြန်နေဦးမှာဘဲ....၊ခင်ဗျားရှုပ်နေဦးမှာဘဲ.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) ဦးမာဒင်ကော ပိုးကိုက်ပျောက်မှာဲ....၊မပျောက်ယင်ပြန်ဦးမှာဘဲ (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီပိုးဟာ ကောင်းပိုးလား....ဆိုးပိုးလား .. (ဆိုးပိုးပါဘုရား) ရော....သူ့ကိုက်တဲ့အခါ အနာတွေ့ဆိတ်,ဆွပြီးနေရတယ် .. (မှန်ပါ့)။

နောက် ဒီပိုးပြေးအောင်လို့ မီးကင်ရတယ်(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရောဂါပျောက်တော့ သူမျှားလိုဘဲ ဆိတ်,ဆွချင်တဲ့ စိတ်လာသေးရဲ့လား.... (မလာပါဘုရား) မီးကင်ချင်တဲ့စိတ်ကော.... (မလာပါဘုရား)မီးဖိုမြင်လိုက်ယင်ဘဲပြေးပြီ....(မှန်ပါ့ဘုရား)တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အခုတော့ဖြင့် ကိုလေသာနှုနှာက မပျောက်သေးတော့ ငါ့မရှိ ဘာဖြစ်တော့မည့်ပုံ.... (မှန်ပါ့) အိမ်တည်းဟူသော မီးဖို၊ သားသမီးတည်းဟူသော မီးဖိုနားကို တကာတကာမတွေ့ကမသွားရလို့ ရှိယင်ဖြင့် မတော်သေးပါဘူးဆိုတဲ့ သဘော၊တကာကြွယ် ပေါ်- မပေါ်.... (ပေါ်ပါတယ်ဘုရား) စိမ်းကားရာရောက်သလို...(မှန်ပါ့)။

အမေမိဘ ဝတ္တရားပျက်သလိုလို....(မှန်ပါ့) ဘာမှုမဟုတ်ဘူးပိုးကိုက်လို့ သွားတာ....(မှန်ပါ့) ပိုးကိုက်လို့ မီးလှုံသွားတာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီပိုးမသေသ၍ ကာလပတ်လုံး ဒီမီးဖိုနဲ့ ခင်ဗျားတို့အရက်တက်တဲ့အကျိုးနည်းဖြစ်ရဦးမယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အခု မီးဖိုနားပြန်သွားလိုက်...၊ မီးဖိုနား ကပ်လိုက်ဆိုတော့ ဒါဟာ အခုနင်က ကိလေသာနှုနှာပိုးကိုက်လို့ မီးလှုံနေတာ... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ရောဂါပျောက်လို့လား....၊ မပျောက်သေးလို့လား (မပျောက်သေးလို့ပါဘုရား)။

မပျောက်သေးလို့ရှိယင်ဖြင့် ဒီမီးဖိုနားကို ကျုပ်တို့သည် ကပ်နေဦးမှာဘဲ....(မှန်ပါ) သားမီးဖို, သမီးမီးဖိုနား မကပ်ပေဘူးလား.... (ကပ်ရမှာပါဘုရား) ပျောက်တဲ့ပုဂ္ဂိုလ်တွေကျတော့ (မကပ်ပါဘုရား) ကပ်ပါဦးတော့လားဆိုတော့ ကပ်ပါ့မလား- (မကပ်ပါဘုရား)။

ဟ.... နဂိုရ်ကဘာဖြစ်လို့ ကပ်သတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ....(ကိလေသာနှုနှာပိုးကိုက်လို့ပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုယ့်အတွက် ကိုယ်ဆုံးဖြတ်ချက်ချ.... (မှန်ပါ) ငါ-နှုနှာရှိသေးသလား.... (မှန်ပါ) ငါ-မရှိတော့ဘူးလားဆိုတာ မီးဖိုကပ် - မကပ်နဲ့အကဲခတ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ....၊ နက်ဖြန်မှဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ဤတွင်အမှတ်စဉ် (၁၈)ပြီးဆုံးပါပြီ။

ရန်ကုန်ခရာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတွင် သေခစာအုပ်များကို အောက်ဖော်ပြပါ ခရာနများတွင် ရရှိနိုင်ပါသည်။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း
(၂) ဗုဒ္ဓမဟာလောက စာစောင်- ရွှေတိုဂုဏ်ဘုရားလမ်း
(၃) ဦးချစ်ထု၊ အမှတ် ၃၃-ဘုန်းကြီးလမ်း
(၄) ရွှေတိုဂုံဘုရားတောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ
(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း
(၆) တင်ဆွေအေး-စာအုပ်ဆိုင်၊ အမှတ် ၄၇၈-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
(၇) သစ်ဘုရားသားအယ်(လ်)ရုံ စျေးချိုတော်မန္တလေး
(၈) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းစျေးချို ၎င်း
(၉) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့
(၁၀) ဦးဘအုန်း-ဒေါ်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၁၁) အောင်နိုင် စာပေတိုက်၊ နဝရတ်သိုက်တိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့
(၁၂) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသ်ဝတမြို့
(၁၃) ဦး မောင် ရှန်၊ ၀-စကာ၀ါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၄) ဦးတင်အောင် ဒေါ်ခင်ကြည်၊စျေးအနီးဆင်ဖြူကျွန်း
(၁၅) ဦးအုန်းမောင်မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။
(၁၆) ဦးတင်၊ ဇမ္ဗူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၇) ဦးထွန်းလူ၊ အနော်မာလမ်းဒေါ်ခင်၊ ဖျာပုံမြို့။